# ပဋ္ဌာဘာဝသုတ္တန်တော် တရားတော်

သဲကုန်းဆရာတော် အရှင်ဉာဏိဿရ
(သပိတ်အိုင်)

# စစ်ကိုင်းတောင်ရိုး
# သဒ္ဓမ္မသီတဂူကျောင်းဆရာတော်



(သဲဘုနိုး)အရှင်ဉာဏိဿရ

၁၇၀၉၈

# ပရာဘဝသုတ္တန်

## တရားတော်

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
(သီတဂူမှပို့) ကမ္ဘာအေး၊ ရန်ကုန်

သံကုန်းဆရာတော် - အရှင်ဥာဏိဿရ
(သပိတ်အိုင်)

တန်ဘိုး ၁၆-ကျပ်

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ်— (၁၀၀၇)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်— (၂၄)


ပုံနှိပ်ခြင်း

ပထမအကြိမ် —၁၉၈၄ ခု၊ ဇူလိုင်လ· အုပ်ရေ·၂၀၀၀

မျက်နှာဖုံးပန်းချီ —စံတိုး

မျက်နှာဖုံးဘလောက် —အဝင်း

မျက်နှာဖုံးရိုက် —အောင်ချိုဌေး

စာအုပ်ချုပ် —ကိုလှကြည်(ယဉ်မျိုးမိသားစု)

ဦးအုန်းစိန် (၀၃၀၇·မြဲ) ရွှေပြည်စိုးပုံနှိပ်တိုက်- အမှတ်-၅၄/ ဇောတိကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန် က ရိုက်နှိပ်၍၊ ဒေါ်တင်မေ၊ ပိတောက်စာပေ (၀၁၅၁၇) ၁၁၆/၇·ရန်ကင်း က ထုတ်ဝေသည်။

သီတဂူစာအုပ်-အမှတ်စဉ်( [illegible] ၁၇)

## အမြတ်ဆုံးဒါန

ဤပရာဘဝသုတ္တန် တရားတော် စာအုပ်ကို ပိတောက်စာပေ ဒေါ်တင်မေက မတည်ထားသောအလှူတော်ငွေဖြင့်ရိုက်ထုတ်၍ ဤစာအုပ်မှ ဖြစ်ပေါ်လာသော ဓမ္မပူဇာများကို သီတဂူရေအလှူတော်၌ပါဝင်လှူဒါန်းမည်ဖြစ်ပါသည်။

စစ်ကိုင်းတောင်ရိုး - သဒ္ဓမ္မသိတဂူချောင်

# သဲကုန်းဆရာတော် အရှင်ဥာဏိဿရ၏

## သိတဂူ တရားစဉ် စာအုပ်များ


၁။ ဒါရုက္ခန္ဓောပမသုတ္တန် တရားတော်
(သီတဂူရေအလှူတော်) ၁၀—ကျပ်

၂။ အဘိဏှပစ္စဝေက္ခိတဗ္ဗသုတ္တန် တရားတော်
(သဲကုန်းမြို့သံဃဆေးရုံအလှူတော်) ၁၂—ကျပ်

၃။ အာနာပါန သတိပဋ္ဌာန်တရားတော်
(ရန်ကုန်မြို့ မျက်မမြင်ကျောင်းအလှူတော်) ၁၂—ကျပ်

၄။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်တရားတော်
(ရန်ကုန်မြို့ အနာကြီးရောဂါဆေးရုံအလှူတော်)၁၂—ကျပ်

၅။ သက္ကပဥှသုတ္တန်တရားတော်
(ရန်ကုန်မြို့ဆွံ့အ, နားမကြားကျောင်းအလှူတော်)
၂၀—ကျပ်

၆။ ဝိဇယသုတ္တန် တရားတော်
(သီတဂူ ရေအလှူတော်) ၂၅—ကျပ်

၇။ ပေဏပိဏ္ဍူပမသုတ္တန်တရားတော်
(မန္တလေးမြို့ မလွန် ဆန်လှူအသင်းကြီးအလှူတော်)
၃၀—ကျပ်

၈။ စူဠဝေဒလ္လသုတ္တန် တရားတော်
(သီတဂူ ရေအလှူတော်) ၂၅—ကျပ်

၉။ မေတ္တာသုတ္တန်တရားတော်
(သီတဂူ ဆရာတော်ရေးဟောကျမ်းသည့် အဘိဓမ္မာ) ဂ—ကျမ်း
၁၀။ ဗောဇ္ဈင်္ဂသုတ္တန်တရားတော်
(သီတဂူ ရေအာလျှူတော်) ၅—ကျပ်
၁၁။ နိယာမငါးပါးနှင့် အနတ္တာတရားတော်
(သီတဂူ ရေအာလျှူတော်) ၁၀—ကျပ်
၁၂။ သီဂံါလသုတ္တန်တရားတော်
(သီတဂူ ရေအာလျှူတော်) ၂၀—ကျပ်
၁၃။ ဘဝတန်ဖိုး တရားတော်
(သီတဂူ ရေအာလျှူတော်) ၄—ကျပ်
၁၄။ တိုရိုယပဗ္ဗတထေရ်အပါဒါန်
(သီတဂူ ရေအာလျှူတော်) ထွက်ပြီ ၆—ကျပ်
၁၅။ အသသနကြွယ်ကြောင်း တရားအစပါင်း
(သီတဂူရေအာလျှူတော်) ထွက်ပြီ ၆—ကျပ်
၁၆။ ဓာတုဝိဘင်္ဂသုတ္တန် တရားတော်
(ရန်ကုန်မြို့ မဟာဝိဇယစေတီအလှူတော်) ။
၁၇။ ပရာဘဝသုတ္တန် တရားတော်
(သီတဂူ ရေအာလျှူတော်)
၁၈။ သင်္ခတာသင်္ခတလက္ခဏာသုတ္တန် တရားတော်
(သီတဂူ ရေအာလျှူတော်) ထွက်ပြီ ၅—ကျပ်
၁၉။ အနှစ်ကိုးပါးတရားတော်
(သီတဂူ ရေအာလျှူတော်) မကြာမီထွက်မည်
၂၀။ အပ္ပမာဒ တရားတော်
(သီတဂူ ရေအာလျှူတော်) ထွက်ပြီ ၄—ကျပ်

# မာတိကာ

## ပထမပိုင်း


| ခေါင်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဘုရားရှိခိုး | ၂၅ |
| ၂။ | လောကကြီးပွားချမ်းသာကြောင်း တရားများ | ၂၇ |
| ၃။ | လောကပျက်စီးကြောင်းတရားတွေက ဘာတွေ ပါလိမ့်မလဲ | ၂၉ |
| ၄။ | ကိုယ်စားလှယ်နတ်သားလေး ဗုဒ္ဓထံ ရောက်ရှိလာခြင်း | ၃၁ |
| ၅။ | တိတ်ဆိတ်တဲ့ကာလမှာ ဝိပါက်တွေ ဖြစ်လာတတ်တယ် | ၃၃ |
| ၆။ | အခွင့်ကောင်း အခါကောင်း သန်းခေါင် ကျော်ကာလ | ၃၄ |
| ၇။ | နတ်များ ဘာ့ကြောင့် သန်းခေါင်ကျော်မှ လာရသလဲ | ၃၆ |
| ၈။ | နတ်တွေဘယ်လိုတရားနာကြသလဲ | ၃၉ |
| ၉။ | အပြစ်(၆)ပါး ကင်းတဲ့အရပ် | ၄၀ |
| ၁၀။ | နတ်ပြဿာ ပရိသတ်အနေအထား ဘယ်သို့ရှိ | ၄၁ |
| ၁၁။ | နတ်သားလေး မေးလျှောက်ပြီ | ၄၄ |

၁၂။ ပထမမြောက်ပျက်စီးခြင်းအကြောင်း
တရား(၁)ပါး ၄၆

၁၃။ သုစရိုက်တရား(၁၀)ပါး ၄၈

၁၄။ နတ္ထိက ဝါဒကြီး(၁၀)မျိုး ၅၁

၁၅။ နတ္ထိကဝါဒကြီးကို ထူထောင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီး ၅၄

၁၆။ ကောလာဟလ(၄)မျိုး ၅၇

၁၇။ လောကဗျူဟာ နတ်ကြီးများရဲ့ အပြုအမူ ၆၀

၁၈။ ပုဗ္ဗနိမိတ်ဖတ်ကြီးသူများ ၆၂

၁၉။ ကောလာဟလနှင့် အတုအရောင် ၆၄

၂၀။ တဆင့်ကြားနဲ့ ပတ်သက်လို့ ဗုဒ္ဓမိန့်ဆိုချက် ၆၆

၂၁။ နတ္ထိက ဝါဒကြီး မမိကြစေနဲ့ ၆၈

၂၂။ သတ္တဝါတယောက် သေတယ်ဆိုတာ ၇၁

၂၃။ ဗုဒ္ဓဝါဒနဲ့ အဇိတရဲ့ ရုပ်ကြွမ်းဝါဒ ၇၄

၂၄။ အမေ့ကို မြတ်နိုးကျင့်သုံး၍မေ့ကိုမုန်းတီးလျှင် ၇၆

၂၅။ ကြောက်စရာကောင်းတဲ့ဒိဋ္ဌုပါဒါန်မှ
ကင်းကြပါစေ ၇၇

၂၆။ ပထမဂါထာပြီးလို့ ဒုတိယမြောက်ဂါထာ
ဟောတော်မူပါ ၈၀

၂၇။ ဒုတိယမြောက်ပျက်စီးခြင်းအကြောင်းတရား(၃)ပါး ၈၁

၂၈။ အသဒ္ဓါဗာလနဲ့ဗာလလက္ခဏာ(၃)ချက် ၈၃

၂၉။ မကောင်းတာကြံ၊ မကောင်းဟာပြော
မကောင်းတာလုပ် ၈၇

၃၀။ မာက္ခလိ ဂေါသာလကြီး ၉၀

၃၁။ ဆီဝယ်ကြွအုံးမလား ဘျို့ ဆီ—ဆီ ၉၃

၃၂။ အဟောတုက ဝါဒကြီး ထူထောင်လိုက်ပြီ ၉၄

၃၃။ လူသားများရှိတဲ့ ခွန်အား(၅)မျိုး ၉၇

၃၄။ အသန္တ ပုဂ္ဂိုလ်တွေကို ဦးထိပ်ပန်ခဲ့လျှင် ၁၀၁

၃၅။ အစေလကောရက္ခတ္တိယကို သုနက္ခတ္တရဟန်း တွေ့ပြီ ၁၀၃

၃၆။ ဗုဒ္ဓကိုအထင်မှားတဲ့ သုနက္ခတ္တရဟန်း ၁၀၆

၃၇။ အစေလ ကောရက္ခတ္တိယ(၇)ရက် အမိဋ္ဌာန်ဝင်ပြီ ၁၀၇

၃၈။ အမှန်စကားကိုသာ မိန့်တော်မူတဲ့ မြတ်ဗုဒ္ဓ ၁၁၀

၃၉။ အနှစ်သာရ ဘာမှ မရရှာတဲ့ သုနက္ခတ္တ ရဟန်း ၁၁၃

၄၀။ ပျက်စီးခြင်းမှာအဆုံးသတ်ရရှာတဲ့ သုနက္ခတ္တ ရဟန်း ၁၁၅

၄၁။ အသင်လူသား သင်ဘာကို ရွေးချယ်မလဲ ၁၁၇


# ဒုတိယပိုင်း


၄၂။ တတိယပြောက်ပျက်စီးခြင်း အကြောင်းတရား(၅)ပါး ၁၂၀

၄၃။ အို—အသင်လူသား ထလော့ ၁၂၄

၄၄။ ဆန်တစိတ်နဲ့ [illegible]တ်တကောင် ကုန်အောင် စားသတဲ့လား ၁၂၈

၄၅။ ပျင်းရိတဲ့နေရာမှာ လူရည်ချွန်တပည့် ၁၃၁

၄၆။ ပျင်းရိသူတို့ရဲ့ဆင်ခြေပေးချက်များ ၁၃၄
၄၇။ အာဇီဝဋ္ဌမကသီလ သန့်ရှင်းဖို့ခက်တယ်။ ၁၃၈
၄၈။ စိတ်ကူးယဉ် အိပ်ရာထဲမှာ ၁၄၁
၄၉။ သူတော်ကောင်းဥစ္စာ(၇)ပါး ၁၄၃
၅၀။ လောကပါလတရား (၂)ပါး ၁၄၆
၅၁။ လူဆင်းရဲနဲ့လူချမ်းသာဆိုတာ ၁၄၈
၅၂။ သီလမညှိုးနွမ်းရလေအောင် ၁၅၁
၅၃။ ဒမြကြီး(၆)ယောက်ရောက်လို့လာ ၁၅၃
၅၄။ ဘုရားပွဲလား ကာမဂုဏ်ပွဲလား ၁၅၆
၅၅။ သဘင်သည် တဦးရဲ့အမေး ဗုဒ္ဓရဲ့အဖြေ ၁၆၀
၅၆။ ဒေါသကြီးယင်လည်း ပျက်စီးတတ်တယ် ၁၆၂
၅၇။ ဒူးနေရာဒူး တော်နေရာတော် ၁၆၄
၅၈။ လူမိုက်ဆိုလျှင် ရှောင်သွေလဲ့လို ၁၆၇
၅၉။ ထောက်လှမ်းရေးသမားကြီး၊သိကြားမင်း ၁၆၉
၆၀။ လူမိုက်ဆိုလျှင် မမြင်ရ မတွေ့ရ မကြားပါရစေနဲ့ ၁၇၂
၆၁။ သောဝစ္စဿဘာဂုဏ်နဲ့ပြည့်စုံကြပါစေ ၁၇၆
၆၂။ ရှင်မဟာကပဿရဲ့တပည့်ရဟန်းတပါး ၁၇၈
၆၃။ အလှူလက်ဖက်နဲ့ မျက်နှာလုပ်ဆိုတာလို ၁၈၀
၆၄။ တပည့်လူလယ် ဒုက္ခတွေ ၁၈၃
၆၅။ ရှင်မဟာကဿပ နေမကောင်းလို့ပါ ၁၈၆
၆၆။ သူတပါးကိုရောမိမိကိုယ်ပါ ပျက်စီးတတ်တဲ့ဒေါသ ၁၈၉

၆၇။ ဒေါသတရားလွှမ်းမိုးယင် ပျက်စီးတတ်တယ် ၁၉၃
၆၈။ စတုတ္ထမြောက်ပျက်စီးခြင်းအကြောင်း
တရား(၁)ပါး ၁၉၆
၆၉။ ပုတီးကိုချ မြေးကိုမ သောကမကင်းပြီ ၁၉၈
၆၀။ သိင်္ဂါလသင်္ဌေးသား ဗုဒ္ဓနဲ့တွေ့ဆုံခြင်း ၂၀၁
၇၁။ ဗုဒ္ဓပြောပြတဲ့အရပ်(၆)မျက်နှာဆိုတာ ၂၀၃
၇၂။ သူ့နေရာနှင့်သူရှိပစေ ၂၀၆
၇၃။ လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗစရိယမိနှင့်ဖ ၂၀၈
၇၄။ နည်းမှားလမ်းမှားကို မလိုက်ကြစေနဲ့ ၂၁၀
၇၅။ မိတ်ကောင်းဆွေကောင်းရှိဖို့ လိုအပ်တယ် ၂၁၂
၇၆။ အလုပ်သမားနဲ့အလုပ်ရှင် ၂၁၃
၇၇။ အမျိုးကြီး(၄)ပါးတဲ့ ၂၁၅
၇၈။ သမဏနဲ့ဗြဟ္မဏ ပုဂ္ဂိုလ်ဆိုတာ ၂၁၇
၇၉။ အမွေခံထိုက်တဲ့သားသမီးတို့ရဲ့ဝတ္တရား ၂၂၀
၇၀။ ဝတ္တရားနဲ့မျှော်လင့်ချက် ၂၂၂
၈၁။ မဆုံးမလျှင် မိဘတလည်း ရန်သူမည်၏ ၂၂၄
၈၂။ လုံခြုံမှုအပြည့်အဝရှိကြရဲ့လား ၂၂၇
၈၃။ ရှင်မောဂ္ဂလာန်ကို တိတ္ထိတို့ရန်ညိုးဖွဲ့ခြင်း
အကြောင်းရင်း ၂၂၉
၈၄။ ရှေးဝဋ်ကြွေးကံ—ပြေးမလွတ်အောင်ဖန် ၂၃၁
၈၅။ ဗုဒ္ဓကို နောက်ဆုံးဖူးမျှော်ကန်တော့ခြင်း ၂၃၄
၈၆။ မယားစကားနားယောင်မိလို့ ၂၃၆

# တတိယပိုင်း


| | | |
|---|---|---|
| ၈၇။ | ပဉ္စမမြောက်ဂါထာကို ဟောတော်မူပါ | ၂၄၁ |
| ၈၈။ | ပဉ္စမမြောက်ပျက်စီးခြင်းအကြောင်း တရား(၁)ပါး | ၂၄၃ |
| ၈၉။ | အယူဝါဒ တမျိုးစီတခြားစီ | ၂၄၅ |
| ၉၀။ | သမထဗြဟ္မကာဒအဓိပ္ပါယ် | ၂၄၇ |
| ၉၁။ | ပုဂ္ဂိုလ်(၃)မျိုးကိုလိမ်ညည်လည့်စားယင် | ၂၅၀ |
| ၉၂။ | ပစ္စုပ္ပါန်အခြေအနေကိုမြင်ပြီးလှည့်ဖြား | ၂၅၁ |
| ၉၃။ | အတိတ်နဲ့အနာဂတ်အခြေအနေကိုမြင်ပြီး လှည့်ဖြား | ၂၅၄ |
| ၉၄။ | ဆဋ္ဌမမြောက်ပရာဘဝကိုဟောတော်မူပါ | ၂၅၇ |
| ၉၅။ | ဆဋ္ဌမမြောက်ပျက်စီးခြင်းအကြောင်း တရား(၁)ပါး | ၂၅၈ |
| ၉၆။ | နှစ်သက်စရာထုံးတမ်းဓလေ့ဟာ | ၂၆၀ |
| ၉၇။ | ဒါနဥမင်္ဂလာနဲ့လည်းပြည့်စုံတယ် | ၂၆၂ |
| ၉၈။ | ပေးကမ်းခြင်းသည်အောင်မြင်ရာ | ၂၆၅ |
| ၉၉။ | ချစ်ခင်ဖွယ်ရာ စကားများကိုပဲ သုံးပါ | ၂၆၆ |
| ၁၀၀။ | လောကကြီးကို ပိတ်ပုံးထားတဲ့ တရား | ၂၆၉ |
| ၁၀၁။ | မြတ်ဗုဒ္ဓ၏အဖြေ | ၂၇၁ |
| ၁၀၂။ | မစ္ဆရိယတရား ခေါင်းပါးကြပါစေ | ၂၇၃ |
| ၁၀၃။ | တိုက်(၇)သပ်ပေါက မုန့်ဆီကြော် | ၂၇၅ |

၁၀၄။ မုန့်ဆီကြော် အလှူခံရန် ရှင်မောဂ္ဂလာန် ကြွလာပြီ ၂၇၇
၁၀၅။ ခုံတော်မောင်ကျဘမ်းနဲ့ ရှင်ဥတ္တမကျော် ၂၇၉
၁၀၆။ ရှင်ဥတ္တမကျော်ကို ရုံးတင်တရားစွဲပြီ ၂၈၂
၁၀၇။ ရှင်မောဂ္ဂလာန်တန်ခိုးနဲ့မုန့်ဆီကြော် နှစ်ဆတိုး ၂၈၄
၁၀၈။ မြတ်စွာဘုရားကို ဖူးချင်လိုက်တာ ၂၈၆
၁၀၉။ မစ္ဆရိယကို အနိုင်ရအောင်ယူ ၂၈၈
၁၁၀။ သတ္တမမြောက်ပျက်စီးခြင်း အကြောင်းတရား(၃)ပါး ၂၉၀
၁၁၁။ အဲဒါပညာတတ် လူတန်းစားတွေတဲ့ ၂၉၃
၁၁၂။ ဇာတ်စနစ်ကြောင့်သားကောင်းရတနာများ ဆုံးရှုံးခဲ့ ၂၉၄
၁၁၃။ မာန်ခက်ထန်ခြင်းကြောင့်လဲပျက်စီးတတ်တယ် ၂၉၇
၁၁၄။ ဒိဗ္ဗစက္ခုအဘိညာဉ်တေဒဂ်ရ ရှင်အနုရုဒ္ဓါ ၂၉၈
၁၁၅။ ရှင်အနုရုဒ္ဓါ သောင်တင်နေတာတဲ့ ၃၀၁
၁၁၆။ ဗုဒ္ဓနဲ့ အလှန်ရင်းနှီးချင်တဲ့ ကောသလဘုရင်ကြီး ၃၀၃
၁၁၇။ ဆွမ်းလုပ်ကျွေးရန်မေ့နေတဲ့ ကောသလဘုရင်ကြီး ၃၀၆
၁၁၈။ သံဃာတော်များ မကြွလိုတဲ့ အကြောင်း(၉)ချက် ၃၀၈

၁၁၉။ အကောင်းဆုံးသောအရသာစားသုံး
နိုင်ဖို့ရန် ၃၁၂
၁၂၀။ နည်းလွဲနည်းများကြီးကို ကျင့်သုံးတဲ့အခါ ၃၁၄
၁၂၁။ ဝိဋူဍဘ မင်းသားကလေး ၃၁၇
၁၂၂။ လည်ချောင်းသွေးနဲ့ဆေးမယ် ၃၁၉
၁၂၃။ စစ်သူကြီး မဟာဗန္ဓုလလုပ်ကြံခံရပြီ ၃၂၁
၁၂၄။ အာဏာသိမ်းကြပြီ ၃၂၄
၁၂၅။ သမုဒ္ဒရာထက် ခဏာတက်သည့်ရေပွက်ပမာ ၃၂၆
၁၂၆။ ဇရပ်သို့ပြေးရပေ— ခွေးသေသို့သေရခြား ၃၂၈
၁၂၇။ သာကီယမျိုးဆိုတာ ၃၃၀
၁၂၈။ မဟာနန်မင်းကြီးရဲ့ဇာတိမာန် ၃၃၃
၁၂၉။ ပျက်စီးချိန်ရောက်ပြီ ၃၃၆

# စတုတ္ထပိုင်း

၁၃၀။ မာန်ခက်ထန်ခြင်း၏အကြောင်း(၃)ရပ် ၃၄၂
၁၃၁။ အဌမပြောက်ပျက်စီးခြင်း
အကြောင်းတရား(၃)ပါး ၃၄၄
၁၃၂။ ကောသလဘုရင်ကြီးရဲ့ဂုဏ်ပုဒ်ပသေနဒီဆိုတာ ၃၄၆
၁၃၃။ မြင်လျှင်မြင်ခြင်းတပ်မက်ခြင်း ၃၄၈
၁၃၄။ သူ့မယားလိုချင် ၃၅၁
၁၃၅။ အားကိုးစရာတော့ရှာမှ ၃၅၃
၁၃၆။ အလာကောင်းသော်လဲ ၃၅၅
၁၃၇။ ဆင်းရဲလေခလေ သံဝေဂရရ ၃၅၇

၁၃၈။ ကွန်းခိုရိပ်သာ ကျောင်းတော်မှာ ၃၅၉
၁၃၉။ ကာမတရား(၂)မျိုး ၃၆၂
၁၄၀။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ မလုပ်ခဲ့နိုင်ဘူး ၃၆၄
၁၄၁။ အိပ်လို့မပျော်နိုင်ကြတော့ပြီ ၃၆၆
၁၄၂။ ကောသလဘုရင်ကြီးကြားရတဲ့အသံကြီး
လေးမျိုး ၃၆၈
၁၄၃။ အခြံအရံ ပရိသတ်(၄)မျိုး ၃၇၀
၁၄၄။ ယဇ်ပူဇော်ရန်ပြင်ကြပြီ ၃၇၃
၁၄၅။ ဗုဒ္ဓရှဲ့ချစ်သမီး မလ္လိကာ ၃၇၅
၁၄၆။ ဗုဒ္ဓရှင်တော်မြတ် ဟောပြောရှင်းပြ ၃၇၇
၁၄၇။ ဒု ဆိုတဲ့အသံရဲ့အဓိပ္ပါယ် ၃၈၀
၁၄၈။ သ ဆိုတဲ့အသံရဲ့အဓိပ္ပါယ် ၃၈၁
၁၄၉။ န ဆိုတဲ့အသံရဲ့အဓိပ္ပါယ် ၃၈၂
၁၅၀။ သော ဆိုတဲ့အသံရဲ့ အဓိပ္ပါယ် ၃၈၄
၁၅၁။ ကလျာဏမိတ္တသမ္ပဒါရဲ့ ကျေးဇူး ၃၈၅
၁၅၂။ သေရည် သေရက် သောက်စားခြင်းမှ
ရရှိသော အကျိုးတရား ၃၈၇
၁၅၃။ ဘိန်းစစ်မှ သည့်ဟီရိုးအင်းစစ်သို့ ၃၉၀
၁၅၄။ တရုတ်ပြည်ဘိန်းစစ်ပွဲ ၃၉၂
၁၅၅။ ဥယျာဉ်ထဲမှာ မိန်းကလေးတွေ
အရက်သောက်နေကြတယ် ၃၉၅
၁၅၆။ လောင်းကစားလိုက်စားခြင်းမှ ရရှိသော
အကျိုးတရားများ ၃၉၇

၁၅၇။ ဓုတ်သုံးဓုတ်ကို ရှောင်ပါလေ ၄၀၀

၁၅၈။ နဝမမြောက် ပျက်စီးခြင်း
အကြောင်းတရား(၁)ပါး ၄၀၂

၁၅၉။ ဒသမမြောက်ပျက်စီးခြင်
အကြောင်တားရား(၁)ပါး ၄၀၃

၁၆၀။ ဧကဒသမမြောက်ပျက်စီးခြင်း
အကြောင်းတရား(၁)ပါး ၄၀၆

၁၆၁။ စည်းမရှိ ကမ်းမရှိ ၄၀၉

၁၆၂။ ဒွါဒသမြောက်ပျက်စီးခြင်း
အကြောင်းတရား(၁)ပါး ၄၁၃

၁၆၃။ မာန်မာန မခက်ထန် မထောင်လွှားကြပါနဲ့ ၄၁၅

၁၆၄။ နတ်သားကလေး ဆက်လက်
မလျှောက်ထားနိုင်တော့ပြီ ၄၁၇

၁၆၅။ ပရာဘဝတရားနဲ့ မင်္ဂလာတရား
အပြန်အလှန်ကျေးဇူးပြု ၄၂၁

၁၆၆။ တရားသိမ်းနိဂုံးဂါထာ ၄၂၄

# စာဖတ်သူများသို့

သံကုန်းဆရာတော် အရှင်ဉာဏိဿရ ဟောကြားသော ဤပရာဘဝသုတ္တန် တရားတော်သည် ခုဒ္ဒကနိကာယ် သုတ္တနိပါဠိတော်မှလာရှိသော သုတ္တန်တခုဖြစ်ပါသည်။

# ထိုသုတ္တနိပါဠိတော်တွင်

(၁) ဥရဂဝဂ်
(၂) စူဠဝဂ်
(၃) မဟာဝဂ်
(၄) အဋ္ဌကဝဂ်

ဟူ၍ ငါးခုရှိရာ ပရာဘဝသုတ္တန်သည် ဥရဂဝဂ်၌ ပါဝင်ပြီး ခြောက်ကြိမ်တိုင်တိုင် သင်္ဂါယနာ တင်ထားခြင်းခံရသော သုတ္တန် တခုဖြစ်ပါသည်၊

သဲကုန်းဆရာတော် အရှင်ဉာဏိဿရသည် ဤပရာဘဝသုတ္တန်ကို ရန်ကုန်မြို့ ပုဇွန်တောင်ရပ်ကွက် ကျိတော်လမ်းရှိ ကျိတော်ဓမ္မာရုံတွင် (၃) ည၊ ထိုရပ်ကွက်ရှိ ငွေကျင်ကျောင်းတိုက် ဓမ္မာရုံတွင် (၂) ည၊ စုစုပေါင်း (၅) ည တိုင်တိုင် ဟောကြားခဲ့ပါသည်။

လောကကြီးပွားကြောင်း၊ ချမ်းသာကြောင်းတရားများကို ဟောထားသော၊ သုတ္တန်ကို မင်္ဂလသုတ္တန်ဟုခေါ်ဆိုပြီး၊ ထိုမင်္ဂလာတရားတို့သည် (၃၈) ပါးရှိပါသည်။ မင်္ဂလာတရားများ၏ဆန့်ကျင်ဘက် အပြန်အလှန်ဟောထားသော သုတ္တန်ကို ပရာဘဝ သုတ္တန်ဟုခေါ်ဆိုသည်။

ပရာဘဝ ဆိုသောစကား၏ အဓိပ္ပါယ်သည် ပျက်စီးခြင်းရဲ့ အကြောင်းတရားများဟုဆိုပါသည်၊ ထိုပျက်စီးခြင်းအကြောင်း တရားများကား (၂၂) ပါးရှိပေသည်။

သဲကုန်းဆရာတော် အရှင်ဉာဏိဿရသည် ဤပရာဘဝ သုတ္တန်ကို ဟောကြားရာ၌ တခုခြင်း တခုခြင်း နားလည်လွယ်အောင်၊ သဘောပေါက်အောင်၊ လိုက်နာဖွယ်၊ ပြုကျင့်ဖွယ်၊ ရှောင်ကြဉ်ဖွယ်ဖြစ်အောင်၊ ဝေါဟာရ ကြွယ်ဝစွာဖြင့် သိပ်သိပ်သည်းသည်း၊ ဟောကြားထားသဖြင့် မှတ်သားဖွယ်ရာ ကောင်းလှပါတော့သည်။

စာဖတ်သူများ အလွယ်တကူ ဖတ်ရှုနိုင်စေရန် စကားပြောဟန်ကို မူသား၍ စာအုပ်အဖြစ်၊ ရေးသား ထုတ်ဝေလိုက်ပါသည်။ ယခု ဤစာအုပ်တွင် အပိုင်း (၄) ပိုင်း ခွဲခြားထားရှိပါ

သည်။ ပရာဘဝတရားများကိုလည်း၊ စာဖတ်သူများအတွက်၊ အောက်ပါအတိုင်းဖော်ပြလိုက်ပါသည်။

( ၁) ဓမ္မဒေဿီ—တရားကို မုန်းတီးခြင်း။
( ၂) အသန္တသာပိယာ—သူယုတ်မာကိုချစ်ခင်ခြင်း။
( ၃) သန္တေနကုရုသေပိယံ—သူတော်ကောင်းကို မုန်းတီးခြင်း။
( ၄) အသဘံဓမ္မံရောစေတိ—သူယုတ်မာတို့၏ တရားကို နှစ်သက်ခြင်း။
( ၅) နိဒ္ဒါသီလီ—အအိပ်ကျူးခြင်း။
( ၆) သဘာသီလီ—ပွဲလမ်းသဘင်လိုက်စားခြင်း။
( ၇) အနုဋ္ဌာတာ—သကြွလုံးလဝီရိယမရှိခြင်း။
( ၈) အလသ—ပျင်းရိခြင်း။
( ၉) ကောဓပညာနော—ဒေါသကြီးခြင်း။
(၁၀) ပဟူသန္တောနဘရတိ—မိအို ဖအို တို့အား မလုပ်ကျွေးခြင်း။
(၁၁) ဝဥ္စန—လိမ်လည်သော မုသား စကားဖြင့် လှည့်ဖြားပြောဆိုခြင်း။
(၁၂) ဧကောဘုဥ္ဇတိ—ပေးကမ်းဝေငှခြင်းမရှိဘဲ မိမိတဦးတည်း သုံးဆောင်စားသောက်ခြင်း။
(၁၃) ဇာတိတ္ထဒ္ဓ—ဇာတ်ကိုအကြောင်းပြု၍မာန်မာနကြီးခြင်း။
(၁၄) ဓနတ္ထဒ္ဓ—ပစ္စည်း ဥစ္စာ ပေါများမှုကို အကြောင်းပြု၍ မာန်မာနကြီးခြင်း။
(၁၅) ဂေါတ္တတ္ထဒ္ဓ—အမျိုးအနွယ် မြတ်တာကို အကြောင်းပြု၍ မာန်မာနကြီးခြင်း။

(၁၆) ဉတ္တိဝုဒ္ဓိ—အမျိုးသမီးတို့၌ လွန်ကျူးလိုက်စားခြင်း။
(၁၇) သုရာဝုတ္တ—သေရည်သေရက်သောက်စားမှု၌ လွန်ကျူးလိုက်စားခြင်း။
(၁၈) အက္ခဝုတ္တ—လောင်းကစားမှု၌ လွန်ကျူးလိုက်စားခြင်း။
(၁၉) ဝေသိယာသုပဒုဿတိ—ပြည့်တန်ဆာမတို့၌ ပြစ်မှားကျူးလွန်ခြင်း။
(၂၀) အာနေ့တိတိမ္ဗရုတ္တနိ—အရွယ်လွန်သော အမျိုးသားက အရွယ်နုပျိုသော အမျိုးသမီးကိုသိမ်းပိုက်ခြင်း။
(၂၁) ဣဿရိယသ္မိံဌပေသိ—ထိန်းသိမ်းမှုမတတ်သော အမျိုးသား၊ (သို့) အမျိုးသမီးကို အိမ်ထောင်ဦးစီး အရာ၌ ထားခြင်း။
(၂၂) အပ္ပဘောဂေါမဟာတဏှာ—စည်းစိမ်နည်းပြီး တဏှာရမက်ကြီးခြင်း။

အထက်ဖော်ပြပါ ပရာဘဝ တရားများကို သဲကုန်းဆရာတော် အရှင်ဥာဏိဿရ ဟောကြားရာ၌ အောက်ဖော်ပြပါ ကျမ်းများကို ပရာဘဝ သုတ္တန်တရားတော်၏ အခြံအရံအဖြစ် ယူထားကြောင်း သိရပါသည်။

# ထိုကျမ်းများမှာ

( ၁) သုတ္တန်နိပါတ် ပါဠိတော်
( ၂) ၎င်းအဋ္ဌကထာ

(၃) ထေရဂါထာပါဠိတော်
(၄) ဗြဟ္မဇာလသုတ္တန်ပါဠိတော်
(၅) သာမညဖလ သုတ္တန်ပါဠိတော်
(၆) သာမညဖလသုတ္တန်အဋ္ဌကထာ (သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ)
(၇) မောနေယျသုတ္တန်ပါဠိတော်
(၈) ကေသမုတ္တိသုတ္တန်ပါဠိတော်
(၉) မင်္ဂလသုတ္တန်ပါဠိတော်
(၁၀) ဗာလပဏ္ဍိတသုတ္တန်ပါဠိတော်
(၁၁) ပါထိကသုတ္တန် ပါဠိတော် (ဒီဃနိကာယ်)
(၁၂) ၎င်းအဋ္ဌကထာ
(၁၃) ဓမ္မပဒပါဠိတော် (ပ×ဒ)
(၁၄) သာရောပမသုတ္တန်ပါဠိတော်
(၁၅) သိင်္ဂါလောဝါဒ (သိင်္ဂါလ) သုတ္တန်ပါဠိတော်
(၁၆) အင်္ဂုတ္တိုရ်ပါဠိတော်
(၁၇) ၎င်းအဋ္ဌကထာ
(၁၈) အာသီဝိသောပမသုတ္တန်ပါဠိတော်
(၁၉) သဒ္ဓမ္မပဋိရူပကသုတ္တန်ပါဠိတော်
(၂၀) သံယုတ္တပါဠိတော်
(၂၁) အကိတ္တိဇာတက ပါဠိတော်
(၂၂) ဥရဂ သုတ္တန်ပါဠိတော်
(၂၃) နာဠိကိရဇာတကပါဠိတော်
(၂၄) ဝသလသုတ္တန်ပါဠိတော်

သာသနာရေးဦးစီး
စာကြည့်တိုက်
ကမ္ဘာအေးရန်ကုန်
၁၇၀၉၈

(၂၅) အမ္ဗတ္ထသုတ္တန်ပါဠိတော်
(၂၆) မဃဒေဝလင်္ကာသစ်
(၂၇) စလေဦးပုည စာများ
(၂၈) စူဠနိဒ္ဒေသပါဠိတော်
(၂၉) ဂုဏ်းအဋ္ဌကထာ
(၃၀) နေတ္တိပါဠိတော်
(၃၁) ဂုဏ်းအဋ္ဌကထာ
(၃၂) ကဝိသေနဂ်ဗျူဟာကျမ်း
(၃၃) ဖေဏပိဏ္ဍူပမ သုတ္တန်ပါဠိတော်
(၃၄) ဒါရုက္ခန္ဓောပမသုတ္တန်ပါဠိတော်
(၃၅) အဂ္ဂိညသုတ္တန်ပါဠိတော် (ဒီဃနိကာယ်)
(၃၆) ကေသဝ ဇာတက ပါဠိတော်
(၃၇) မဟာဗုဒ္ဓဝင်ကျမ်းများ (အရှင်ဝိစိတ္တာသာရာဘိဝံသ–တိပိဋက)

(၃၈) ဘာသန္တရကျမ်းများ စသော ကျမ်းပေါင်းများစွာ တို့ကိုအခြံအရံယူ၍ ဟောကြားထားသော ဤပရာဘဝသုတ္တန် တရားတော်စာအုပ်သည် လူတိုင်းဆောင်ထားသင့်သော စာအုပ် တအုပ်ဖြစ်ကြောင်း အထူးညွှန်းစရာ မလိုတော့ပါ။

ဤစာအုပ်တွင် ချို့ယွင်းချက်များ တွေ့ရှိခဲ့ပါလျှင် သည်းခံခွင့်လွှတ်ကြပါရန်နှင့်

(၁) ဤစာအုပ် ဖြစ်မြောက်ရေးအတွက် ပစ္စယာနုဂ္ဂဟ တာဝန်ကိုယူသော ဒေါ်တင်မေပိတောက်စာပေတိုက် ရန်ကင်းအား လည်းကောင်း၊

(၂) ဤစာအုပ် ဖြစ်မြောက်ရေးတွင် တရားတိတ်ခွေများ ထောက်ပံ့ပေးပို့ ကူညီသော ဦးထွေးမောင်နှင့် ဦးကြည်စိန် ဓမ္မအောင်လံတော် အသံကူးဌာန အမှတ် ၆၂ ကျိုတော်လမ်း ကျိုတော်ရပ်ကွက် ပုဇွန်တောင် ရန်ကုန်မြို့အားလည်းကောင်း။

အထူးကျေးဇူးတင်ရှိကြောင်း
မှတ်တမ်းတင်အပ်ပါသည်။

အရှင်သစ္စာပံသ (ဓမ္မာစရိယ) B Sc.
မိုးညှင်းစံကျောင်း
အရှေ့ပိန္နဲကုန်းတိုက်–ကန်တော်ကလေး
ရန်ကုန်မြို့
၁၄-၅-၀၃

# (ပထမပိုင်း)

၁၃၃၉-ခုနှစ်၊ နယုန်လဆန်း (၁)ရက်နေ့၊ ရန်ကုန်မြို့ အရှေ့ပိုင်း၊ ကျိုက်ခေါက်ရပ်၊ ကျိုက်ခေါက် ဓမ္မာရုံ၌ ဟောကြားအပ်သည့် ခုဒ္ဒကနိကာယ် သုတ္တနိပါတ ပါဠိတော်လာ ပရာဘဝ သုတ္တန်တရားဒေသနာ။

ပရာဘဝ သုတ္တန်လို့ ဒီလိုမှတ်ကြရမယ်။

## ဘုရားရှိခိုး

ဗုဒ္ဓေါလောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ
ဓမ္မောလောကေ သမုပ္ပန္နော၊သုခါယ သဗ္ဗပါဏိနံ။
သံဃောလောကေ သမုပ္ပန္နော၊ ပုညခေတ္တံ အနုတ္တရံ။
ဧတေနသစ္စဝဇ္ဇေန၊ သုခိတာ ဟောန္တုသာဓဝေါ။

ဗုဒ္ဓေါ၊ အရဟံတဆူ သယမ္ဘူခိုင် တန်ခိုင်းမြင် ဂေါတမ ဘုရားရှင်သည်။ သဗ္ဗပါဏိနံ၊ ခပ်သိမ်း များစွာ သတ္တဝါ အပေါင်းတို့၏။ ဟိတာယ၊ သေ ကီ လောကုတ္တရာ နှစ်ဖြာ သော အစီးအပွါး အလို့ငှါ။ လောကေ၊ လူ့ပြည်နတ်ရပ် လောကဓာတ်အတွင်း၌၊ သမုပ္ပန္နော၊ကောင်းစွာမသေ့ ပွင့်ထွန်း ပေါ်ပေါက်တော် မူခဲ့ပါပေ၏။

ဓမ္မော၊ မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်တို့သည်။ သဗ္ဗ ပါဏိနံ၊ ခပ်သိမ်းများစွာ သတ္တဝါအပေါင်းတို့၏။ သုခါယ၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာအလို့ငှါ။ လောကေ၊ လူ့ပြည် နတ်ရပ် လောကဓာတ်တွင်။ သမုပ္ပန္နော၊ ကောင်းစွာ မသေ့ ဖြစ်ထွန်း ပေါ်ပေါက်တော် မူခဲ့ပါပေ၏။

သံဃော၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်အပေါင်း နှင့်တကွ အလုံးစုံသော သမုတိနွယ်ဝင် သံဃာတော်အပေါင်း သည်။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းများစွာ သတ္တဝါအပေါင်း တို့၏။ အနုတ္တရံ၊ အတုမရှိ မြတ်လှစွာသော။ ပုညခေတ္တံ၊ ကောင်းမှုမျိုးစေ့တို့၏ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်း သဖွယ်အလို့ငှါ။ လောကေ၊ လူ့ပြည်နတ်ရပ် လောကဓာတ် အတွင်း၌။ သမုပ္ပန္နော၊ ကောင်းစွာမသေ့ ဖြစ်ထွန်းပေါ်ပေါက် တော်မူပါပေ၏။

တေနသစ္စဝဇ္ဇေန၊ ဤသို့နှုတ်သံ ဖေါ်ထုတ်ပြန်၍ ဟုတ်မှန် သောသစ္စာစကားကို ပြောဆိုရလေသောကြောင့်။ သာဓဝေါ၊

တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သင်သူတော်စင် ပရိသတ် အပေါင်းတို့သည်။ သုခိဘာ၊ ဘေးရန်ကင်းကွာ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည်။ ဟောဒ္ဒျ၊ ဖြစ်ကြပါစေကုန်သတည်း။

နိဒ္ဒုက္ခာစ၊ ဆင်းရဲခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်။ ဟောဒ္ဒျ၊ ဖြစ်ကြပါစေကုန်သတည်း။ နိဗ္ဗယာစ၊ ဘေးရန်ခပ်သိမ်းမှလည်း ကင်းငြိမ်းစေကြကုန်သည်။ ဟောဒ္ဒျ၊ ဖြစ်ကြပါစေကုန်သတည်း။ အသောကာစ၊ မငြိုး မမိုန် တန်ခိုးရှိန်၍ စိုးရိမ်မနှောင့် ကြောင့်ကြပူဆွေး ငိုကြွေးခြင်းမှလည်း ကင်းဝေးကြကုန်သည်။ ဟောဒ္ဒျ၊ ဖြစ်ကြပါစေကုန်သတည်း။

ဟောဒ္ဒျ၊ယခုဆိုအပ်သော သစ္စာစကားနှင့် ပို့လွှတ်အပ်သော မေတ္တာဓာတ် အရှိန်အဝါကြောင့် အချိန်မကြာ ကိုယ်စီကိုယ်ငှ ဖြစ်တော်မူကြပါစေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား"

## လောက ကြီးပွားချမ်းသာကြောင်း တရားများ

ပရာဘဝ သုတ္တန်ဆိုတာ မင်္ဂလသုတ္တန်ရဲ့ ဆန့်ကျင်ဘက်၊ မင်္ဂလ သုတ္တန်ကို ဟောပြီးတဲ့ နောက် တရက်မှာ ပရာဘဝ သုတ္တန်ကို မြတ်စွာဘုရားဟောတော်မူပါတယ်။

လောကရဲ့ကြီးပွားကြောင်း ချမ်းသာကြောင်းတရားတွေကို စုပေါင်းပြီးတော့ဟောထားတဲ့ သုတ္တန်ကို မင်္ဂလသုတ္တန်လို့ခေါ်တယ်။သတ္တဝါတို့ရဲ့ ကြီးပွားခြင်း ချမ်းသာခြင်းရဲ့ အကြောင်းများကို မင်္ဂလာလို့ခေါ်တယ်။

အဲဒီမင်္ဂလာရဲ့ဆန့်ကျင်ဘက် အပြန်တရားများ ဟောထားတဲ့ သုတ်ကိုတော့ ပရာဘဝသုတ်လို့ ခေါ်ပါတယ်။ ပရာဘဝ ဆိုတဲ့ စကားရဲ့အဓိပ္ပါယ်က ပျက်စီးခြင်းရဲ့ အကြောင်းတရား များလို့ ဒီလို အဓိပ္ပါယ်ရတယ်။

လောက ကြီးပွားကြောင်း ချမ်းသာကြောင်း၊ သံသရာ ကြီးပွားကြောင်း ချမ်းသာကြောင်း ဆိုတဲ့ မင်္ဂလာဟာ ဘာ ပါလိမ့်မလဲလို့ လောကမှာရှိကြတဲ့ လူတွေ နတ်တွေ၊ဗြဟ္မာတွေ တွေးခေါ်ကြံစည်ပြီးတော့ လာခဲ့တာ (၁၂)နှစ်ကြာခဲ့တယ်။

(၁၂)နှစ်တိတိ စဉ်းစားလို့မရတဲ့ မင်္ဂလာတရားကို ဗုဒ္ဓ ဂေါတမ ပွင့်တော်မူတဲ့အချိန်ကျတော့မှ ဘုရားထံ နတ်များ လာရောက်ပြီး မေးလျှောက်တဲ့အခါမှာ မြတ်စွာဘုရားက ပြန်ပြီးတော့ဖြေလို့—

အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊
အဲဒီကစပြီးတော့ မြတ်စွာဘုရား ဟောလိုက်တာ မင်္ဂလာ တရား(၃၈)ပါး—

အဲဒီလို လောက ကြီးပွားရာ ကြီးပွားကြောင်း မင်္ဂလာ တရားကောင်းတွေကို မြတ်စွာဘုရား ဟောလို့ နာကြား ပြီးတော့ နတ်ပြည် ဗြဟ္မာ့ပြည် ပြန်သွားကြတဲ့ စကြဝဠာ တိုက်တသောင်းက နတ်ဗြဟ္မာအပေါင်းတို့သည် သူတို့နတ်ပြည် ဗြဟ္မာ့ပြည်ပြန်ရောက်တဲ့အခါမှာ စည်းဝေးပြီးတော့ ဆွေးနွေး ကြပြန်တယ်။

## လောကပျက်စီးကြောင်း တရားတွေက ဘာပါလိမ့်မလဲ

လောက ကြီးပွားကြောင်း ချမ်းသာကြောင်း သံသရာ ကြီးပွားကြောင်း ချမ်းသာကြောင်းဆိုတဲ့ မင်္ဂလာတရားတွေကို မြတ်စွာဘုရားဟောလို့ တို့သိရတယ်၊ ကြီးပွားခြင်းဆိုတာရှိယင် ပျက်စီးခြင်းဆိုတာ ရှိရမယ်၊ ကြီး ပွား ခြင်း ရဲ့ အကြောင်း တရားတွေရှိလို့ရှိယင် ပျက်စီးခြင်းရဲ့ အကြောင်း တရားတွေလဲ ရှိမှာပဲ—

ဒါကြောင့် လောကကြီး ပျက်စီးရာပျက်စီးကြောင်း တရား တွေဟာ ဘယ်လိုဥစ္စာတွေပါလိမ့်မလဲ၊ တို့သိရအောင် သွားမေး ဦးမှပဲလို့ တာဝတိံသာ နတ်ပြည် သုဓမ္မာ နတ်သဘင်ကြီးရဲ့ အစည်းအဝေးမှာ နတ်များ စည်းဝေးကြပြီးတော့ အဲဒါတွေ ဆွေးနွေး ကြတယ်။

အဲဒီ နတ်သဘင် အစည်းအဝေးကြီးက ဆုံးဖြတ်ချက်ချပြီး တော့ ကိုင်း— မြတ်စွာဘုရားဆီကို အဲဒီ လောက ပျက်စီးရာ ပျက်စီးကြောင်းတွေ နောက် တခေါက် သွားပြီးတော့ မေး လျှောက်ကြဦးစို့ လို့ နတ်သဘင် အစည်းအဝေး ကြီး က သဘောတူညီချက်ရတော့—

အဲဒီမှာ စကြဝဠာ တိုက်တသောင်းက နတ် ဗြဟ္မာတွေ မင်္ဂလာတရားကို နာကြားပြီးတဲ့နောက်တရက်ရဲ့ည၊ ညဉ့်ဦးယံ လွန်ပြီးတဲ့ သန်းခေါင်ယံအချိန်မှာ နတ်တွေဟာ ဇေတဝန် ကျောင်းတိုက်ကို နောက်တခါ စည်းဝေး ညီညာ ရောက်လာ ကြပြန်တယ်။

ရောက်လာပြီးတော့ သိကြားမင်းကြီးက သူကိုယ်တိုင်တော့ မမေးဘူး၊ အညီ နာမအားဖြင့် အဘိအကျ သတ်မှတ်ချက် ထင်ရှားချက်မရှိတဲ့ နတ်သားတယောက်အား မြတ်စွာဘုရားထံ လွှတ်ပြီးတော့—

လောက ပျက်စီးရာ ပျက်စီးကြောင်းတရားတွေ ဘာလဲ ဆိုတာ မြတ်စွာဘုရားကို မေးစမ်းပါကွယ်လို့ လွှတ်လိုက်တော့- စေခိုင်းလိုက်တော့ အဲဒီနတ်သားက မြတ်စွာဘုရားထံချဉ်းကပ်ပြီး လောက ပျက်စီးရာ ပျက်စီးကြောင်း တရား တွေကို မေး ပါတယ်။

တရားဓမ္မဆိုတာဒီအတိုင်းပဲ၊ အစုံလိုက်အစုံလိုက် အမြဲတန်း နေပါတယ်၊ သုခနှင့် ဒုက္ခ၊ ဒုက္ခဆိုလို့ရှိရင် ဒုက္ခဘာကြောင့် ဖြစ်သလဲ၊ သုခ ဆိုလို့ရှိရင် အဲဒီ သုခ ဘာကြောင့်ဖြစ်သလဲ၊ အပူနှင့်အအေး၊ အပူဘာကြောင့်ဖြစ်သလဲ၊ အအေးဘာကြောင့် ဖြစ်သလဲ၊ အဲဒီလိုတရားဓမ္မတွေ အစုံလိုက်အစုံလိုက် အတွဲလိုက် အတွဲလိုက် ဒီလိုပဲနေကြရတယ်။

ယခု လောက ကြီးပွားရာ ကြီးပွားကြောင်း တရား အပေါင်းကို နာကြားပြီးတဲ့ အခါမှာ စကြဝဠာ တိုက်တ သောင်းက နတ် ဗြဟ္မာတို့သည် လောက ပျက်စီးရာ ပျက်စီး ကြောင်းဆိုတဲ့ ပရာဘဝ ဒေသနာတော်တွေကို ဟို့ သွားပြီး တော့ မေးလေဦးမှပဲဆိုပြီးတော့—

## ကိုယ်ဝေးလှယ်နတ်သားလေး ဗုဒ္ဓထံရောက်ရှိလာခြင်း

ဘုရားရှင်ကိုယ်တော်မြတ် ကိန်းအောင်းရာဖြစ်တဲ့ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတိုက် ဘုရားထံမှောက် လာရောက်ပြီးတော့ မေးလျှောက်တယ် ဆိုတဲ့အကြောင်းကို သင်္ဂါယနာခြောက်တန်တင်တဲ့ ပါဠိတော်မှာ

ဧကံသမယံ ဘဂဝါသာဝတ္ထိယံ ဝိဟရတိဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊

ဧကံသမယံ၊ အခါတပါး၌ (ဝါ) တခုသောကာလ၌ဝိဟာရသမယပတ်လုံး။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင်သဗ္ဗညုရှင်တော်မြတ်ဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိမြို့အနီး၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေးကြီး၏။ အာရာမေ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ကောင်းလှပေသော။ ဇေတဝနေ၊ ဇေတမင်းသားရဲ့ ဥယျာဉ်ဝယ် ဆောက်လုပ်အပ်သောကြောင့် ဇေတဝနအမည်ရတဲ့ ကျောင်းတိုက်ကြီး၌။

မဟာဘာ၊ ဂုဏ်အားဖြင့်မြတ်သော (ဝါ) အရေအတွက်အားဖြင့် များပြားလှစွာသော။ ဘိက္ခုသံဃေန၊ ရဟန်းသံဃာတော်အပေါင်းနှင့်။ သဒ္ဓိံ၊အတူတကွ။ ဝိဟရတိ၊ ဣရိယာပထ မျှတရွှင်ပြုံး သီတင်းသုံးလျက် ရှိနေတော်မူ၏။

ဘုရားမြတ်စွာ သာဝတ္ထိမြို့ အနောက် တောင်ယွန်းယွန်းမှာရှိတဲ့ ဇေတမင်းသားရဲ့ ဥယျာဉ်ကြီးအတွင်း၊ အနာထပိဏ်ကတ အမည်ရတဲ့ကျောင်းဒါယကာကြီးသည် ၅၄—ကုဋေအကုန်အကျခံပြီးတော့ ဆောက်လုပ်ခဲ့တဲ့ ဇေတဝန် ကျောင်းတိုက်ကြီးမှာ

သံဃာတော်များစွာ ခြံရံပြီးတော့ ကိန်းအောင်းစံပျော် မွေ့လျော်တော်မူတဲ့အခါမှာ—

အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ သြဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ—

အသခေါ၊ ထိုကဲ့သို့ ဘုရားမြတ်စွာ သာဝတ္ထိပြည်မှန် ဇေတဝန်ရောင်မောင်း သင်္ဘေးကျောင်း၌ ကိန်းအောင်းစံပျော် မွေ့လျော်တော်မူသောအခါ၌။ အညတရာ၊ အမည်နာမ မထင်ရှားသော။ ဒေဝတာ၊ သိကြားမင်း စေခိုင်း တိုက်တွန်းအပ်သော နတ်သားတယောက်သည်—

ယေန၊ အကြင်အရပ်၌ ဘဂဝါ ဘုန်းတော် ခြောက်ပါးသခင်ဘုရားရှင် ကိုယ်တော်မြတ်သည်။ အတ္ထိ၊ ရှိပါ၏။ တန၊ ထိုဘုရားရှင်ရှိရာသို့။ ဥပသင်္ကမိ၊ အနီး အစပ် ချဉ်းကပ်၍ လာခဲ့လေပြီ။ ဥပသင်္ကမိတွာ၊ အနီး အစပ် ချဉ်းကပ်ပြီး၍။

ကေဝလကပ္ပံ၊ အလုံးစုံသော။ ဇေတဝနံ၊ ဇေတဝန်ကျောင်းတိုက်ကြီးကို (ဝါ) ကေဝလကပ္ပံ ဇေတဝနံ၊ ဇေတဝန်ကျောင်းတိုက်ကြီး တခုလုံးကို။ သြဘာသေတွာ၊ နတ်တို့ရဲ့ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပြောင်စေ၍။

ယေနဘဂဝါ တေနုပသင်္ကမိ၊ ဘုရားရှိရာချဉ်းကပ်၍ လာခဲ့လေပြီ၊ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။

တိတ်ဆိတ်တဲ့ကာလမှာ ဝိတက်တွေဖြစ်လာတတ်တယ်

ဘယ်အချိန်လဲဆိုတော့
အဘိက္ကန္တာယရတ္တိယာ
အဘိက္ကန္တာယ၊ ညည့်ဦးယံကိုလွန်ခဲ့ပြီးသော။ ရတ္တိယာ၊ သန်းခေါင်ယံအခါ၌ (ဝ၊) ရတ္တိယာ၊ ညည့်၏။ အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်သက်ဖွယ်ရာ ကောင်းလှစွာ သောအခါ၌။
ညည်ဦးယံလွန်လို့ သန်းခေါင်တွင်း ဝင်ရောက်လာပြီပေါ့။ အဲဒီအချိန့်ကောင်းကင်ကို ကြည့်လိုက်မယ်ဆိုလို့ရှိယင် နက္ခတ္တာ တာယာ ဂြိုလ်တကာတွေကလဲပဲ မိုးသားတိမ်တိုက်တွေ ကင်းစင်ပြီး တဝင်းဝင်း တလက်လက်နှင့် သွားနေကြတော့၊ ကြယ်တွေ လတွေ နက္ခတ်တာယာတွေ လက်လက်တောက်ပြီးတော့ နေတဲ့အတွက်ကြောင့် —
အဘိက္ကန္တာယ၊ အလွန်နှစ်သက်ဖွယ်ရာကောင်းတဲ့။ ရတ္တိယာ၊ ညအခါကြီးပါပဲ။
ညအခါမျှား သန်းခေါင်ကျော် တရေးနိုးတဲ့ အချိန် ဘုန်းကြီးတို့ တရားနာပရိသတ်များ မိမိတို့အိမ်တံခါးလေး ဖွင့်ပြီတော့ ကောင်းကင်မော့ကြည့်လိုက်စမ်း။
မိုးသား တိမ်တိုက်တွေ ကင်းစင်ပြီးတော့ အဲဒီလိုကြည်လင်းပြီးတော့ ကြယ်တွေ လတွေ နက္ခတ်တာယာတွေနှင့် ဝင်းဝင်းတောက်နေတဲ့ ကောင်းကင်ကြီးကြည့်ပြီး—
ဘုန်းကြီးတို့ ပရိသတ်များ ဘယ်လိုစိတ်ကူးမိသလဲ—
ဘယ်လိုမှစိတ်မကူး မိဘူး ပေါ့နော်—

ဒီပြင် စိတ်ကူး တမျိုးမျိုး ပေါ်ခြင်လဲ ပေါ်မယ်ပေါ့လေ၊ ဝိတက်ဆိုတာ အမျိုးမျိုးရှိတာပဲ—

(၁) ကာမဝိတက်
(၂) ဗျာပါဒဝိတက်
(၃) ဝိဟိံသဝိတက်

ဆိုတဲ့ မိစ္ဆာဝိတက်သုံးခု၊ အဲဒါကိုပြောင်းပြန်ပြန်လိုက်မယ် ဆိုလို့ရှိယင်—

(၁) နေက္ခမ္မဝိတက်
(၂) အဗျာပါဒဝိတက်
(၃) အဝိဟိံသဝိတက်

ဆိုတဲ့ ကောင်းတဲ့ဝိတက်က အကြံအစိသုံးခု၊ မကောင်းတဲ့ ဝိတက်က အကြံအစိနှင့် ကောင်းတဲ့ဝိတက်က အကြံအစိ၊

သာမန်အားဖြင့် ငါတို့ရဲ့ စိတ်နှလုံးကို တရားနှင့်မထုံမွမ်း ထားကြရင် အဲဒီလိုဘိတ်ယိတ်တဲ့အခါမှာ မကောင်းတဲ့ ဝိတက် တွေသာ လျှင် ဖြစ်တတ်တယ် ယေရာဂါထာပါဠိတော်များက ဘာပြောထားသလဲဆိုယင်—

အခွင့်ကောင်း အခါကောင်း သန့်ဝေါဒ်ကျော် ကာလ

နဘာဝသုပ္ပိတုံဟောတိ၊ ရတ္တိံနက္ခတ္တမာလိနိံ။
ပဋိဇဂ္ဂိတုမေဝေတာ၊ သောဟောတိဝိဇာနတံ။

ရတ္တိံနက္ခတ္တမာလိနိံ၊ အဲဒီညိုနက္ခတ်ပန်းတို့ဖြင့် အဆန်း တကျယ် တင့်တယ်ပြီးတော့ သာယာနေတဲ့ ညအခါဟာ။

သုပိတုံ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းငှါ။ နတာဝဟောတိ၊ မဟုတ်သည်သာလျှင်တည်း။

အဲဒီလို နက္ခတ်တာယာ ဂြိုဟ်တာကာတို့ဖြင့် တင့်တယ်ဆန်းကျက်ပြီးတော့ လှပနေတဲ့ ညဆိုတာ နှစ်နှစ်ခြိုက်ခြိုက်နှင့် တခါထဲ မောဟဖိစီးပြီးတော့ ကိလေသာတွေနှင့် အိပ်ဖို့အချိန် မဟုတ်ဘူးတဲ၊ ဒါဖြင့်အဲဒီလို ကိလေသာတွေ ဖိစီးပြီးတော့ အိပ်ဖို့အချိန်မဟုတ်ယင် ထိုအချိန် ဘာလုပ်ရမှာလဲ—

ပတိဇဂ္ဂိတုမေဝေတာ၊ သောဟောတိဝိဇာနတံ။

သောရတ္တိ၊ ထိုကဲ့သို့သော ညဉ့်မျိုးသည်၊ ဝိဇာနတံ၊ ကြောင်းကျိုးသိမြင် ပညာရှင် ဖြစ်ကြကုန်သော ပုဂ္ဂိုလ်တို့အဘွက်၊ ပတိဇဂ္ဂိတုံ၊ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းဖို့ရန်။ ရတ္တိ၊ ညဉ့်အခါသည်၊ ဟောတိ၊ ဖြစ်လေတော့သည်။

ပညာရှင် ပုဂ္ဂိုလ်များအတွက် ဆိုလို့ရှိယင် အဲဒီလို သန်းခေါင်ကျော် နက္ခတ်တာယာ ဂြိုဟ်တာယာတို့ဖြင့် တင့်တယ်နေတဲ့ညဆိုတာဟာ ကမ္မဋ္ဌာန်းအားထုတ်ဖို့ အချိန်ပဲတဲ့—

သူများတွေ ကိလေသာတွေနှင့်အိပ်ပျော်ပြီးတော့ ကိတ်ဆိတ်နေတဲ့အချိန်မှာ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားလိုတဲ့ ပုဂ္ဂိုလ်များအတွက်သိုကဲ့သို့ တိတ်ဆိတ်သာယာနေတဲ့ညအချိန်ကြီးဟာ အဲဒါအခွင့်အရေးပဲ-

အလွန်ဘရာဆူညံပြီးတော့နေတဲ့ တုန်းကြီးဘို့ ရန်ကုန်မြို့မှာ နေကြတဲ့ အမျိုးကောင်းသားများ အမျိုးကောင်း သမီးများ အတွက် ဆိုလို့ရှိယင် ထိုကဲ့သို့သော ညအခါဟာ ပိုပြီးတော့ တန်ဖိုးရှိတဲ့ညပါပဲ—

အကယ်၍ ညအခါများမှာ မနိုးဘူးဆိုလို့ရှိယင်လဲပဲ မနက်စောစော လေးနာရီလောက်ကနေပြီး အာရုံမပေါက်မီ ကလေးခပ်စောစောထယင် အဲဒီလိုသာယာတဲ့ အရှေ့လောကဓာတ်က နေလုလင် ထွက်လုလု အချိန်ဆိုတာ သိပ်အဖိုးတန်တဲ့ အချိန်ပေါ့—

နေလုလင်လေး ထွက်လုလု အချိန်၊ တလောကလုံးကလည်း အိပ်မော ကျနေတဲ့အချိန် ကိုယ်က စောစော ထပြီးတော့ ဒီအချိန်ကို အခွင့်အရေးယူရမှာပဲ၊ ဒါပေမယ့် ရန်ကုန်မြို့ကတော့ (၈)နာရီမှ အိမ်တွေတံခါးဖွင့်ကျတာများတယ်၊ အလွန် အဖိုးတန်တဲ့အချိန်တွေဟာ အချိုးနှိုးဖြစ်ကုန်တယ်။

နတ်များဘာကြောင့် သန်းကျော်မှလာရသလဲ

ယခုနတ်များကြတော့ဘယ်လိုလဲ
အဘိက္ကန္တာယ ရတ္တိယာ—

အဘိက္ကန္တာယ၊ ညဉ့်ဦးယံ လွန်ခဲ့ပြီးသော။ ရတ္တိယာ၊ ညဉ့်သန်းခေါင်အခါကျတော့မှ။ ကေဝလကပ္ပံ ဇေတဝနံ၊ဇေတဝန်ကျောင်းတိုက်ကြီး တခုလုံးကို။ ဩဘာသေတွာ၊ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပြောင်စေ၍။

သန်းခေါင်ကျော် အချိန်ကြတော့ ဇေတဝန်ကျောင်းတိုက်ကြီးကို အရောင် အဝါတွေ တလက်လက် တထိန်ထိန် ညီးညီးထိန်အောင် တောက်ပြောင်စေပြီးတဲ့ အခါကျတော့မှ နတ်တွေစည်းဝေး ညီညာစွာနှင့် ဇေတဝန်ကျောင်းတိုက်ကြီး ရောက်

လာပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ် ရှိရာ ချဉ်းကပ်ကြတယ်....

ဘာပြုလို့ အဲဒီလိုသန်းခေါင်ကျော်တဲ့အခါမှာ နတ်တွေလာပြီးတော့ ချဉ်းကပ်ကြရသတဲ့လဲ၊ ခပ်စောစောလေးနေမထွက်ခင် လာပြီးတော့ တရားနာဖို့ကောင်းတယ်လို့ တဘက်ကစဉ်းစားစရာရှိတယ်။

အဋ္ဌကထာက ဘာဖွင့်ထားသလဲ ဆိုလို့ရှိယင် နတ်များဟာ နေ့အခါ လူတွေနှင့်ရောရောနှောနှော တယ်မလာချင်ကြဘူးတဲ့၊ ည လူခြေတိတ်တော့မှ နတ်တွေလာကြတယ်၊ ဘာဖြစ်လို့လည်း၊ အဲဒီနတ်များဟာ လူတွေနဲ့ရောနှောပြီးတော့ တရားမနာနိုင်ဘူး ဆိုပဲ....

နတ်တွေရဲ့ ခန္ဓာကိုယ် နတ်တို့ရဲ့ ရူပကာယ ဘာကြောင့်ရသလဲဆိုလို့ရှိယင် လူတို့၏ ကုသိုလ်တရားများထက် ထူးကဲလွန်မြတ်တဲ့ ကုသိုလ်ကြောင့် ရရှိထားကြတယ်၊ အဲဒါကြောင့်မို့လို့ သူတို့နဲ့ရူပကာယမှာရှိနေတဲ့ ရုပ်တရားတို့ဟာ အလွန်နူးညံ့တယ်၊ အလွန်သိမ်မွေ့တယ်။

အလွန် ထက်မြက် အားကောင်းတဲ့ ကုသိုလ်ကြောင့် ရထားတဲ့ပသာဒရုပ်ရှိကြတဲ့နတ်များ၊ဃာနပသာဒတခုဆိုပါစို့၊ နှာခေါင်းထဲမှာ အနံ့ကိုယူဆောင်နိုင်တဲ့ ဃာနပသာဒ....

အဲဒီလို နတ်တို့ရဲ့ ဃာန ပသာဒရုပ်ဟာ ဘယ်လောက်အားကောင်းသလဲ ဆိုလို့ရှိယင် ယူဇနာ တရာကနေပြီးတော့ နံနေတဲ့ အနံ့ဟာ အဲဒီနတ်တို့ရဲ့ ဃာနပသာဒမှာ လာပြီးတော့ထိခိုက်တယ်....

ယူဇနာတစ်ရာဆိုတာ မိုင်နှင့်တွက်မယ်ဆိုလို့ရှိယင်—
"တစ်ယူဇနာ (၁၂) မိုင်နှုန်းနဲ့ တွက်လိုက်စမ်းပါ——ဘုန်းကြီးတို့ ပရိသတ်များ——ဘယ်လောက်ရှိမလဲ"
"မိုင်ပေါင်း ၁၂၀၀ ရှိပါတယ်ဘုရား"
"အေး——မိုင်ပေါင်း ၁၂၀၀"
ဒီတော့——မိုင်ပေါင်း ၁၂၀၀ လောက်ကွာဝေးတဲ့ နေရာ၊က ယန့်ဟာ ကောင်းသောယန့်ပဲဖြစ်ဖြစ် မကောင်းသောယန့်ပဲဖြစ်ဖြစ် နတ်တို့ရဲ့ နှာခေါင်းထဲကို ရောက်တတ်တဲ့၊ အဲဒီလောက် ဃာနပသာဒရုပ်အား ကောင်းပါတယ်၊ ကုသိုလ်များ ဘယ်လောက်ထူးခြား လိုက်သလဲဆိုတာ—
ဘုန်းကြီးတို့တရားနာ ပရိသတ်ရဲ့ နှာခေါင်း ဆိုလို့ရှိယင် တော့ယူဇနာ တစ်ရာမပြောနှင့် တမိုင်လောက်က အန့်တောင်မှတယ်မရခြင်တော့ဘူး၊ မရတော့ဘူး၊ ဟို ဗိုလ်ချုပ်ဈေးတို့ လဟာပြင်ဈေးတို့က ကြော်လှော်နေတဲ့ အန့်တွေ ဒီကဘယ်သူမှ မရကြဘူး။
အကယ်၍ ရများရယင်လဲပဲ ဒါဟာ တော်မတော် ခက်ကုန်မယ်၊ ဘယ့်နှယ် ခက်ကုန်မလဲဆိုတော့၊ အဲဒီ ယန့်တွေကြောင့် ကိလေသာတွေ တိုးပွားပြီးတော့ ဒုက္ခဖြစ်ကုန်မယ်။
နတ်များကြတော့ ဒီလိုမဟုတ်ဘူး၊ လူ့ပြည်ကလွှတ်လိုက်တဲ့ ယန့်ဟာ ဘာယန့်ပဲဖြစ်ဖြစ် သူတို့အနေနှင့်မခံနိုင်ဘူး၊ အလွန်ကြမ်းတမ်းတဲ့ အန့်ကြီးတွေဆိုပဲ၊ ယူဇနာ တရာလောက်ကနေပြီးတော့ လူတို့ရဲ့ အန့်ကို နတ်များရဲ့နှာခေါင်းမှာ သိပ်ပြီးတော့ ထိခိုက်လွန်းလို့ မခံနိုင်ဘူးတဲ့။

ဒါ့ကြောင့်လူတွေ တိတ်ဆိတ်ပြီး ကိုယ့်အိမ် ကိုယ့်တံခါး ပိတ်လို့ အိပ်တဲ့အချိန်ကျတော့မှ နတ်တွေဟာ လူ့ပြည်ကိုဆင်း လာကြတယ်။

## နတ်တွေဘယ်သို့တရားနာကြသလဲ

အဲဒါကြောင့်မို့လို့ ဘုရားထံမှောက် ရောက်ပြီဆိုတော့လဲ တရားနာတာတောင် ထိုင်ပြီးတော့ နာဟာမဟုတ်ဘူး၊ ဒီလူ့ ပြည်ကြီး လာရတာ နံလှန်းလို့တဲ့ ခပ်မြန်မြန် ပြန်ချင်တာနှင့် မတ်တတ်ပဲ တရားနာတယ်။

ဒီလူ့ပြည်ကြီး လာရတာတယ်ပြီးတော့ နံလှန်းတဲ့အတွက် ကြောင့် မစင်တွေ ကျင်ကြီးတွေ ကျင်ငယ်တွေနှင့် လူတွေရဲ့ ခန္ဓာကိုယ်က ယနံ့တွေကအလွန်ရှိပ်ပက်လှန်းတဲ့အတွက်ကြောင့် တရားနာတာတောင်မှမတ်တတ်ပဲ၊ ခပ်မြန်မြန်ပြန်ချင်လို့ပါတဲ့။

ထိုင်ပြီးတော့ တရားနာမယ်ဆိုလို့ ရှိယင်လဲပဲ ဟောဒီမဟာ ပထဝီ မြေကြီးထဲကို နတ်တို့ရဲ့ ခန္ဓာကိုယ်ဟာ အလွန်နူညံ့ လှန်းလို့ တဖြည်းဖြည်းနှင့် စိမ့်ပြီးတော့ ဝင်သွားတတ်တယ်ဆို ပဲ၊ အဲဒါကြောင့်မို့လို့ နတ်များဟာ မတ်တက်ရပ်ပဲတရားနာ တယ်။

ဒါပေမယ့်လည်း ဒီကနေ့ခေတ် ဘုန်းကြီးတို့တရားနာ ပရိ သတ်များ ခဏခဏ နတ်တွေပူးပူးပြီးတော့ နေဟာတွေ့ရတယ်။

"ဒီလောကနံတဲ့ ခန္ဓာကိုယ်ကြီးထဲကို ဘယ်ကနတ်တွေ ပူး သလဲမသိဘူးနော်"

"မှန်လှပါဘုရား"

"အဲဒါ ပူး ပူးပြီးနေတာတော့ တွေ့တွေ့နေရတယ်"

ပြီးတော့လဲ အဲဒီပူးတဲ့နေရာ ကြည့်လိုက်ပြန်လို့ရှိယင် အမဲသား အစိမ်းလိုက်ဝါး စားသွားတာတို့၊ ကြက်ဥ ဘဲဥစားသွားတာတို့၊ အရက်ပုလင်းသောက်သွားတာတို့ ဆိုတဲ့ အဲဒီနတ်တွေကလဲပဲ လာသေးတယ်။

လူ့ပြည်ကပေးတဲ့ အမဲသားနှင့် အရက်သောက်ရမယ့် နတ်မျိုးဟာ ဘယ်လိုနတ်မျိုးလဲ့ ဆိုတာ တို့ ငရိသတ် အနေနှင့် ဝေဖန်ဖို့ကောင်းတယ်။

ဟိုမှာတော့အနံ့နံ့လှန်းလို့ တခါထဲ ယူဇနာ တစ်ရာကနေ ယနံ့ မခံနိုင်ဘူး၊ ခပ်မြန်မြန် ပြန်ချင်တာနှင့်ပဲ မတ်တတ်ကလေး ရပ်ပြီးတော့ တရားနာတယ်၊ ညကြီးသန်းခေါင် လူခြေတိတ်မှ လူ့ပြည်ဆင်းလာတယ်၊ ဒါကြောင့်

အဘိက္ကန္တာယ၊ ညဉ့်ဦးယံလွန်ခဲ့ပြီးသော။ ရတ္တိယာ၊ သန်းခေါင်အခါ၌။ ကေဝလကပ္ပံ ဇေတဝနံ၊ ဇေတဝန်ကျောင်းတိုက်ကြီးတခုလုံးကို။ ဩဘာသေတွာ၊ ကိုယ်ရောင်ကိုယ်ဝါဖြင့် တွန်းလင်းတောက်ပြောင်စေ၍။

## အပြစ်( ၆ )ပါးကင်းတဲ့အရပ်

ယေနဘဂဝါ တေနုပသင်္ကမိ၊ ဘုရားရှိရာ ချဉ်းကပ်ပါတယ်။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ ဧကမန္တံ၊ အပြစ်ခြောက်ပါးကင်း သင့်တင့် လျောက်ပတ်လောင်းမြတ်တဲ့နေရာ၌။ အဋ္ဌာသိ၊ ရပ်ခဲ့လေပြီ။

လေးစားရမယ့် ပုဂ္ဂိုလ်ကြီးတွေရဲ့အနီး အစပ် ချဉ်းကပ်တဲ့ အခါမှာ အပြစ်ခြောက်ပါးကင်းတဲ့ အရပ်ဌာနမှာ နေရာယူ တတ်ရမယ်

ကေမန္တ အပြစ်ခြောက်ပါးကင်းသောအရပ်ဌာနဆိုတာ

(၁) ဝေးလွန်းသောအရပ်
(၂) နီးလွန်းသောအရပ်
(၃) မြင့်သောအရပ်
(၄) မျက်နှာချင်းဆိုင်ရှေ့တဲ့တဲ့အရပ်
(၅) နောက်တဲ့တဲ့အရပ်
(၆) လေဆံလေညာအရပ်

လေးစားရမယ့် ပုဂ္ဂိုလ်ကြီးတွေရဲ့ အနီးအနားကို အခုလို တယောက်ခြင်း နှစ်ယောက်ခြင်း ချဉ်းကပ်တဲ့အခါမှာ အဲဒီ ခြောက်ခုသော အရပ်ဌာနကို ရှောင်ရမယ်တဲ့၊ အဲဒါ မနေ ကောင်းသော အရပ်ဌာန ခြောက်ခုလို့ဆိုပါတယ်။

အဲဒီလို ကေမန္တ -အပြစ်ခြောက်ပါးမှကင်း သင့်တင့်လျောက် ပတ်ကောင်းမြတ်သော အရပ်မှာ သိကြားမင်းစေလွှတ်လိုက်တဲ့ နတ်သားဟာ ဇေတဝန်ကျောင်း ဂန္ဓကုဋိဆောင် ဘုရားရှင်ရှိရာ အနီးအစပ် ချဉ်းကပ်လက်အုပ်ချီပြီးတော့ မတ်တတ်ကလေး ရပ် နေတယ်—

## နတ်ဗြဟ္မာပရိသတ်အနေအထားဘယ်လိုရှိ

ကျန်ရှိနေတဲ့ စကြဝဠာတိုက်တသောင်းက နတ် ဗြဟ္မာ အပေါင်းတို့ကလည်း စည်းဝေးပြီးတော့ အဲဒီဇေတဝန်ကျောင်း

တိုက်ကြီးထဲမှာ ကောင်းကင်ကရော၊ မြေပြင်ကရော တခါထဲ စည်းဝေးညီညာပြီးတော့ နေလိုက်ကြတာ၊ နတ်တွေ ဗြဟ္မာတွေဟာ စကြဝဠာ တိုက်တသောင်းကဆိုတော့ ဘယ်နည်းတော့မှာလည်း—

အဲဒါကို အဋ္ဌကထာဆရာတော်ကြီးက ဘယ်လိုဖွင့်ပြသလည်းဆိုလို့ရှိယင်၊ ကျည်တောက်ထဲမှာ မှုန့်မှုန့်ကလေးတွေ ထည့်ပြီးတော့ သိပ်ထားသလိုပါပဲတဲ့၊ နတ်တွေဟာ တရားနာချင်လွန်းလို့ အဲဒီမှာ ကြပ်ပြီးတော့ နေကြတယ်တဲ့။

"တို့ကျော်က အခုပရိသတ်... ဓမ္မာရုံ ကျဉ်းကျဉ်းလေးထဲမှာ ကြိတ်ကြိတ်တိုးပြီးတော့ ထိုင်နေသလို ပေါ့ဗျာ—နော်"

"မှန်ပါဘုရား"

အဲဒီမှာလည်း ကြပ်သိပ်ပြီးတော့ နေလိုက်ကြတာ၊ သားမြီးဖျား တထောက်စာလောက်မျှသာ နေရာမှာပင်လျှင် နတ်တွေ သုံးလေးငါးဆယ် ဒီလိုနေကြဆိုပဲ၊ သားမြီးဖျားတထောက်စာလောက်မျှသော နေရာလေးမှာ နတ်တွေ နှစ်ဆယ်၊ သုံးဆယ် လေးဆယ်စုပြီး နေတယ်ဆိုတော့ ဘယ်လိုလုပ်ပြီးတော့ နေကြမလည်း။

တယောက်နဲ့တယောက် တခါထဲ တိုးကြိတ်ပြီး နေကြလို့ သေကုန်ရောပေါ့လို့ ဒီလိုမတွေးလိုက်နှင့်၊ အလွန်သေးငယ်သော ခန္ဓာကိုယ်ကလေးတွေ ဖန်ဆင်းပြီးတော့ အဲဒီမှာနေကြတာ၊ တယောက်နှင့်တယောက် ပွန်းကြိတ်ပြီးတော့ ထိခိုက်မနေကြပါဘူးတဲ့၊ သက်သက်သာသာ ချောင်ချောင်ချိချိပဲ နေနိုင်တယ်။

ဒါကြောင့် ကမ္မဇက္ကာဒ္ဒိဆိုတာ အလွန်ဆန်းကျယ်တယ်။ ဣဒ္ဓိဝိသယအစိန္တေယျတဲ့— တန်ခိုးရဲ့အရာဆိုတာ မကြံနိုင်လောက်အောင်ကို ဆန်းကျယ်ပါတယ်၊ အလွန်ဆန်းကျယ်တဲ့ တန်ခိုးတွေ—

အဲဒီလို စကြဝဠာ တိုက် တသောင်းက နတ်ဗြဟ္မာတွေဟာ စည်းဝေးညီညာပြီး အထက်ကောင်းကင်မှာ စုဝေး၍ လည်းကောင်း၊ မြေပြင်ပေါ်မှာ မတ်တတ်ရပ်၍ လည်းကောင်း စုဝေးညီညာစွာနှင့် ဇေတဝန်ကျောင်းတိုက်ရောက်လာပြီးတော့ နေတဲ့ပုံကိုလည်းပဲ အာရုံရအောင်ယူပြီး ထားကြပါ။

သိကြားမင်း စေခိုင်းအပ်တဲ့နတ်သားတယောက်ကလည်း ဘုရားထံမှောက် အပြစ်(၆) ပါးကင်းတဲ့ အရပ်ကနေ လက်အုပ်ချီပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရှေ့နားမှာရပ်နေပါတယ်။

ကေမန္တံ ဌိတာခေါ သာဒေဝတာ
ဘဂဝန္တံ ဂါထာယအဇ္ဈဘာသိ။

ကေမန္တံ၊ အပြစ်ခြောက်ပါးကင်း သင့်တင့် လျောက်ပတ်ကောင်းမြတ်တဲ့နေရာ၌။ ဌိတာ၊ ရပ်တည်၍ နေခဲ့လေပြီးသော။ သာဒေဝတာ၊ ထိုနတ်သား ကလေးသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါး သခင် သဗ္ဗညုရှင်တော်မြတ်ဘုရားကို။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ ရှေ့နားတော်ကြား အောင် လျှောက်ထားရှာလေတော့၏။

အဲဒီမှာ နတ်သားလေးဟာ ဘုရားရှင်ကိုယ်တော်မြတ်အား ဂါထာပုဒ်ဖြင့် စတင်ပြီးတော့ လျှောက်ထားတယ်။

## နတ်သားလေးမေးလျှောက်ပြီ

ပရာဘဝန္တံ ပုရိသံ၊ မယံပုစ္ဆာမ ဂေါတမ။
ဘဝန္တံ ပုဋ္ဌုမာဂမ္မ၊ ကိံ ပရာဘဝတောမုခံ။

ဂေါတမ၊ ဂေါတမနွယ်ဖွားအို — ရှင်တော်မြတ်ဘုရား။ ပရာဘဝန္တံ၊ ပစ္စုပ္ပန် သံသရာနှစ်ဖြာ ပျက်စီးတတ်သော။ ပုရိသံ၊ သတ္တဝါတယောက်ကို။ ပုဋ္ဌုံ၊ မေးခြင်းငှါ။ မယံ၊ ဘုရားတပည့်တော်တို့သည်။ အာဂမ္မ၊ စည်းဝေးညီညာ ရောက်လာကြကုန်သည်ဖြစ်၍။

မယံ၊ ဘုရားတပည့်ကော်တို့သည်။ တံဘဂဝန္တံ၊ ထိုဘုန်းတော်ခြောက်ပါး သခင်ဘုရားရှင် ကိုယ်တော်မြတ်ကို။ ပုစ္ဆာမ သိလိုရေးနှင့်မေးလျှောက်လိုကြပါကုန်၏ မြတ်စွာဘုရား။ ပရာဘဝတော၊ ပျက်စီးခြင်းရဲ့။ မုခံ၊ အကြောင်းတရားသည်ကား။ ကိံ၊ အဘယ်တရားပင်ဖြစ်ပါခဲတော့သနည်း အရှင်ဘုရား။

ဣတိ၊ ဤသို့။ အညတရာ၊ အမျိုးအမည်အားဖြင့် မထင်ရှားသော။ ဒေဝတာ၊ သိကြားမင်းစေခိုင်း တိုက်တွန်းအပ်တဲ့ နတ်သားတယောက်သည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါး သခင်ဘုရားရှင်ကို။ ဂါထာယ၊ ဂါထာပုဒ်ဖြင့်။ အဇ္ဈဘာသိ၊ ရှေ့နားတော်ကြားအောင် လျှောက်ထားရှာလေတော့သတည်း။

"သာဓု....သာဓု....သာဓု ပါဘုရား"

ပျက်စီးတတ်တယ်ဆိုတဲ့ အကြောင်းတရားတွေကို မေးလိုတဲ့ အတွက်ကြောင့် ဘုရားတပည့်တော်များအရှင်ဘုရား၏ ထံမှောက် စည်းဝေးညီညာ ရောက်လာကြပါတော့သည် မြတ်စွာဘုရား—

သတ္တဝါတယောက်ရဲ့ ပစ္စုပ္ပန်သံသရာနှစ်ဖြာ ပျက်စီးခြင်းရဲ့ အကြောင်းတရားတွေက အဘယ် တရားများပင် ဖြစ်ပါတော့ သနည်းအရှင်ဘုရား၊ ပစ္စုပ္ပန်ရော သံသရာရောပါ သတ္တဝါ တို့ရဲ့ ပျက်စီးခြင်းအကြောင်းတရားဟာ ဘာပါလိမ့်မလည်း။

အဲဒါသိခြင်လို့ တပည့်တော်များ စည်းဝေးညီညာရောက် လာပြီးတော့ မေးကြပါတယ်၊ မိန့်တော်မူပါ မြတ်စွာဘုရား၊ သူက ရှေ့နေ ကိုယ်စားလှယ် လုပ်ပြီးတော့ ကျန်တဲ့ နတ် ပရိသတ်အတွက် မေးပေးရတယ်။

အဲဒီအခါမှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် နတ်ဗြဟ္မာ များနှင့် ကျင်းပနေတဲ့ တရားပွဲကြီးဟာ သန်းခေါင်ကျော် တရားပွဲကြီး။

ဘုန်းကြီးတို့ တရားနာပရိသတ် အခုကျင်းပနေတဲ့ တရားပွဲ ကတော့ ညဦးယံ တရားပွဲ ဖြစ်နေဘယ်၊ ဘုန်းကြီးတို့ကလဲ ဒီကနေ့ သန်းခေါင်ကျော်အောင် သွားရမလားမသိဘူး....

"ဘယ်လိုတုန်း တို့ပရိသတ် .... သန်း ခေါင် ကျော် အောင် သွားယင်ရပါ့မလား"

"ရပါတယ်ဘုရား"

"အေး .... စာချုပ်တော့ မိထားပြီ .... ရပါ့မလားလို့ ပရိ သတ်ကိုဘုန်းကြီးက မေးတာနော် .... ဘုန်းကြီးက သန်းခေါင် ကျော်အောင် ဟောမယ်လို့အာမ မခံသေးဘူးပရိသတ်ကသာ၊ အာမခံထားတာ"

အဲဒီလို သန်းခေါင်ကျော် တရားပွဲကြီး ကျင်းပနေတော့ ဘုရားရှင်ကိုယ်တော်မြတ်က—

ပထမပြောက်ပျက်စီးခြင်း အကြောင်းတရား (၁) ပါး

(၁) သုဝိဇာနော ဘဝံ ဟောတိ၊ သုဝိဇာနော ပရာဘဝေါ။
ဓမ္မကာမော ဘဝံ ဟောတိ၊ ဓမ္မဒေဿီ ပရာဘဝေါ။

ဘောဒေဝပုတ္တ၊ အိုနတ်သား။ သတ္တာနံ၊ သတ္တဝါတို့ရဲ့။ ဘဝံ၊ ကြီးပွားခြင်းရဲ့အကြောင်းသည်။ သုဝိဇာနော၊ သိလွယ် မြင်လွယ် မှတ်သားလွယ်ပါ၏။ သတ္တာနံ၊ သတ္တဝါတို့ရဲ့။ ပရာဘဝေါ၊ ပျက်စီးခြင်းရဲ့ အကြောင်းတရားသည်။ သုဝိဇာနော၊ သိလွယ် မြင်လွယ် မှတ်သားလွယ်ပါ၏။

ဟောဒေဝပုတ္တ၊ အိုနတ်သား။ သတ္တာနံ၊ သတ္တဝါတို့၏။ ဘဝံ၊ ကြီးပွားတယ်ဆိုတာ။ ဓမ္မကာမော၊ တရားကို မြတ်နိုးသည်။ ဟောတိ၊ ဖြစ်၏။ (ဝါ) ဓမ္မကာမော၊ တရားကို မြတ်နိုးသောပုဂ္ဂိုလ်သည်၊ ဘဝံ၊ ကြီးပွားခြင်းရဲ့ အကြောင်းသည်၊ ဟောတိ၊ ဖြစ်လေတော့၏။

ဓမ္မဒေဿီပရာဘဝေါ၊

ဓမ္မဒေဿီ၊ တရားကိုမုန်းတယ်ဆိုလို့ရှိယင်။ ပရာဘဝေါ၊ ပျက်စီးခြင်းရဲ့ အကြောင်းသည်၊ ဟောတိ၊ ဖြစ်လေတော့၏။

ရှေးဦးစွာ မြတ်စွာဘုရားသခင် ဟောတော်မူလိုက်တဲ့ ပရာဘဝမှာ— သောတာကြီး ပျက်စီးခြင်းရဲ့ အကြောင်းဆိုတာ ဘာမှ မခက်ပါဘူး၊ သိဘို့ မှတ်ဘို့ နားလည်ဘို့ လွယ်ပါ တယ်....

လောကကြီး ကြီးပွားခြင်းရဲ့ အကြောင်းဆိုတာဟာ ဘာ မမှတ်ပါဘူး သိဘို့တိုက်တိုက်နားလည်ဘို့လွယ်ပါတယ်၊ ဘယ်လို လွယ်သလဲဆိုလို့ရှိယင်....

ဓမ္မာဘော ဘဝံဟောတိ၊ ဓမ္မဒေသိပဌာနဝေါ

ဓမ္မာဘာဆိုတဲ့ပုဂ္ဂိုလ်သည် ဘဝလို့ခေါ်တဲ့ ကြီးပွားခြင်းရဲ့ အကြောင်းဖြစ်တယ်၊ ဓမ္မဒေသီ- တရားကို မုန်းတည်းတယ်ဆိုတဲ့ ပုဂ္ဂိုလ်သည်၊ ပဌာနဝမုခါ- ပျက်စီးခြင်းရဲ့ အကြောင်းတရားပါပေ။

ပါဠိတော် ဘောစဉ်အတိုင်း အဋ္ဌကထာဋီကာ အဓိပ္ပါယ် ဘာမှမထည့်ပဲနှင့် ပါဠိတော်အတိုင်း ဟောမယ်ဆိုလို့ရှိယင် ဘုန်းကြီးတရားပွဲဟာ ၁၅-မိနစ်လောက်နှင့်ပြီးမယ်၊ ပဌာန သုတ် တသုတ်လုံးပြီးသွားမှာ၊ ပါဠိတော်အတိုင်း အခု တ ဂါထာပြီးနေပြီ။

ကြီးပွားပုံ ဘိုဟာ သိလွယ်ပါတယ်တဲ့၊ ဓမ္မကာမ- တရား မြတ်နိုးတဲ့ ပုဂ္ဂိုလ်တွေ ကြီးပွားပါတယ်တဲ့၊ ဒါဟာ ပထမ အကြောင်း ဟုပါး၊ အဲဒါကြီးပွားဖို့ကို မြတ်စွာဘုရားရှေ့က အခြေခံလိုက်တယ်။

မေးတာက ပျက်စီးခြင်းရဲ့ အကြောင်းကို မေးပါတယ်၊ အဲဒါကို ပြောင်းပြန် ပြန်လိုက်လို့ရှိယင်၊ နောက်ကပျက်စီးခြင်း အကြောင်းဟာ အပြေထွက်သွားတယ်—

မေ့ပဒေသိပဌာနဝေါ

သူတော်ကောင်း တရား မုန်းတည်းတဲ့ ပုဂ္ဂိုလ် တွေဟာ ပစ္စုပ္ပန်ချော သံသရာမှာပါ ပျက်စီးတတ်တယ်၊ ဆုတ်ယုတ်တတ်

တယ်လို့ ပျက်စီးခြင်းရဲ့ အကြောင်းတပါး အဲဒီမှာထုတ်ပါတယ်။

၂၄-ဂါထာ တို့ဖြင့် တန်ထာ ဆင်အပ်သော ပရာဘဝသုတ္တန်၊ နဘ်သား လျှောက်ဘဲ့ ဂါသာနှင့် မြတ်စွာဘုရားပြန်ပြီး တော့ဖြေ ကြား တဲ့ ဂါထာ အားလုံးပေါင်း ၂၄-ဂါထာရှိတယ်။

အခုမြတ်စွာဘုရားရှင် ဖြေလိုက်တဲ့ ပျက်စီးခြင်းရဲ့အကြောင်းနံပါတ် (၁)ဘာထုတ်လိုက်သလဲဆိုလို့ရှိယင်-

ဓမ္မဒေဿီ တရားမုန်းတဲ့ပုဂ္ဂိုလ်တွေ ပျက်စီးတတ်တယ်လို့ဒီလိုထုတ်တယ်—

ဒီတော့ ဓမ္မဒေဿီ တရားမုန်းတယ်ဆိုတဲ့ နေရာမှာ၊ ဝမ္မဆိုတဲ့ ပုဒ်အရတရားဆိုတာ ဘာတဲ့လည်းဆိုတဲ့ အဓိပ္ပာယ်ကို အဋ္ဌကထာက ဖွင့်ပြထားတယ်၊ ဓမ္မဆိုတာ ဘာတဲ့လည်း ဆိုလို့ရှိယင်....

သူတော်ကောင်းတို့၏တရား၊ သူစရိတ တရားဆယ်ပါးသည် ဒီနေရာမှာ ဓမ္မပါပဲတဲ့၊ သူတော်ကောင်းတို့ကျင့်သုံးအပ်တဲ့ သူစရိတ တရားဆယ်ပါးသည် ဓမ္မ....

### သုစရိုက်တရား (၁၀) ပါး

ဘာတွေတဲ့လည်းဆိုလို့ရှိယင်....
ကာယဒုစရိုက် (၃) ပါးကိုရှောင်ကြဉ်မှု
ဝစီဒုစရိုက် (၄) ပါးကိုရှောင်ကြဉ်မှု
မနောဒုစရိုက် (၃) ပါးကိုရှောင်ကြဉ်မှု

အဲဒီဒုစရိုက် (၁၀) ပါးရှောင်ကြဉ်ဘာကို ဘယ့်နှယ်ခေါ်သလည်း ဆိုလို့ရှိယင် သုစရိတ တရား၊ အဲဒါ ကောင်းစွာ ကျင့်သုံးအပ်သော တရားလို့ခေါ်တယ်၊ ဝေရာမဏီ ပုဒ် ထည့်လိုက်မယ်ဆိုလို့ရှိယင်....

(၁) ပါဏာတိပါတာ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိ။

သူ့ဘပါး၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှု

(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိ်ယာမိ။

သူ့ဘပါးဥစ္စာကို မတရားယူခြင်းမှ ရှောင်ကြဉ်မှု

(၃) ကာမေသု မိစ္ဆာစာရာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။

ကာမဂုဏ်ဘရားတို့၌ မှားယွင်းတဲ့အကျင့်တို့မှ ရှောင်ကြဉ်မှု

အဲဒါ ကာယဒုစရိုက် (၃) ပါးမှ ရှောင်ကြဉ်မှု၊ နောက်တခါ ဘာတဲ့လည်း....

(၁) မုသာဝါဒါ ဝေရာမဏီ—

မမှန်တဲ့၊ လိမ်လည်တဲ့စကားကို ပြောကြားခြင်းမှ ရှောင်ကြဉ်မှု

(၂) ပိသုဏာဝါစာ ဝေရာမဏီ—

တဘက်နှင့်တဘက် ရန်ဘိုက်ပေးတဲ့စကားတွေကို ပြောကြားခြင်းမှ ရှောင်ကြဉ်မှု

(၃) ဖရုသဝါစာ ဝေရာမဏီ—

တဘက်နှင့်တဘက် နားမခံသာအောင် ကြမ်းတမ်းရိုင်းစိုင်းတဲ့ စကားတွေကို ပြောကြားခြင်းမှ ရှောင်ကြဉ်မှု
(၄) သမ္ဖပ္ပလာပါ ဝေရမဏီ–
ပြောသူနာသူအကျိုးမရှိ သိမ်ဖျင်းတဲ့စကားတွေ အတင်းစကားတွေ ပြောကြားခြင်းမှ ရှောင်ကြဉ်မှု
အဲဒါ ဝစီဒုစရိုက် (၄) ပါးမှ ရှောင်ကြဉ်မှု၊ နောက်တခါ မနောဒုစရိုက် (၃) ပါးက ဘာတွဲလည်းဆိုယင်....
အဘိဇ္ဈာဗျာပါဒ မိစ္ဆာဒိဋ္ဌိ–တဲ့
(၁) အဘိဇ္ဈာ....
သူတပါး၏ စည်းစိမ်ဥစ္စာကို မတရားသဖြင့် ရယူလိုမှု
(၂) ဗျာပါဒ
သူတပါး၏ စည်းစိမ်ဥစ္စာကို ဖျက်ဆီးပြစ်လိုမှု
(၃) မိစ္ဆာဒိဋ္ဌိ
မှားယွင်းတဲ့ အယူဝါဒရှိမှု–

သူတပါးရဲ့ စည်းစိမ်ဥစ္စာကို မတရား လိုချင်သောအားဖြင့် ရှေ့ရှုကြံစည်မှုသည် အဘိဇ္ဈာ။

သူတပါး စည်းစိမ်ဥစ္စာတွေကို မတရားသဖြင့် ရအောင်ယူမယ်ဆိုပြီးတော့ ကြံစည်နေတဲ့ပုဂ္ဂိုလ်သည် ကြံစည်တိုင်း မအောင်မြင်တော့ ဖျက်ဆီးပြစ်လိုက်မယ်ဟု ဆိုပြီးတော့ ကြံစည်နေတာကို ဗျာပါဒ–

မိစ္ဆာဒိဋ္ဌိကျတော့ ဘယ်လိုလည်း

## နတ္ထိကဝါဒကြီး (၁၀) မျိုး

နတ္ထိဒိန္နံ နတ္ထိယိဋ္ဌံ နတ္ထိဟုတံ

နတ္ထိသုကတ ဒုက္ကတာနံ ကမ္မာနံ ဖလံဝိပါကော၊ နတ္ထိအယံ လောကော နတ္ထိပရောလောကော နတ္ထိမာတာ နတ္ထိပိတာ နတ္ထိ သာတာ ဩပပါတိကာ နတ္ထိလောကာ သမဏ ဗြဟ္မဏာ ယေ သမဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စလောကံ ပရဉ္စလောကံ သယံ အဘိညာသစ္ဆိကတွာ ပဝေဒေန္တိ၊

နတ္ထိကဒိဋ္ဌိ (၁၀) ပါး

နတ္ထိဒိန္နံ

ဒိန္နံ—ဒိန္နဖလံ၊ လှူတဲ့အကျိုးတရားသည်။ နတ္ထိ မရှိပါ။ ယိဋ္ဌံ ၊ ပူဇော်ခြင်းရဲ့ အကျိုးတရားသည်။ နတ္ထိ၊ မရှိပါ။ ဟုတံ၊ လက်ဆောင်ပေး၍ ချီးမြှောက်ခြင်းရဲ့ အကျိုးတရား သည်။ နတ္ထိမရှိပါ။

သုကတဒုက္ကတာနံ၊ကောင်းစွာပြုအပ် မကောင်းသဖြင့်ပြုအပ် ကုန်သောကမ္မာနံ ကံတို့ရဲ့။ ဖလံ၊ ပစ္စုပ္ပန်အကျိုးသည်လည်း ကောင်း၊ ဝိပါကော၊ ပဝတ္တိအကျိုးသည် လည်းကောင်း။ နတ္ထိ၊ မရှိပါ။

အယံလောကော၊ တခြားလောကက သတ္တဝါတွေ ဤ လောကရောက်လာကြတယ်ဆိုတာ။ နတ္ထိ၊ မရှိပါ။ ပရောလော ကော၊ ဤလောကက သတ္တဝါတွေ တခြားလောကာ ပြောင်း သွားကြတယ်ဆိုတာ။ နတ္ထိ၊ မရှိပါ။

ထိုလောကက သတ္တဝါတွေ ထိုလောကမှာပဲ ပြတ်ကြ၊ တိရစ္ဆာန်ဘဝက သတ္တဝါတွေ တိရစ္ဆာန်ဘဝမှာပဲသေပြီး ပြတ်

စဲကြ၊ လူ့လောကက သတ္တဝါတွေကလည်းပဲ လူ့လောကမှာပဲ သေပြီး ပြတ်စဲကြ....

ဒီတော့ တခြားဘဝက သတ္တဝါတွေ ဒီလောကကို မလာကြဘူး၊ ဒီလောကက သတ္တဝါတွေလည်းပဲ တခြားလောကကို မသွားကြဘူး၊ ဒါကြောင့် ဒီလောကမရှိ၊ ဟိုလောက (ဝါ) တမလွန်လောကဆိုတာလည်း မရှိ....

ဒီလောကမရှိဆိုတာက အခုပြောခဲ့တဲ့အတိုင်းပါ၊ ဒိပြင်ဒိပြင် တခြားလောကမှာရှိနေတဲ့ သတ္တဝါများအတွက် ဒီလောကကို လာစရာမရှိ၊ အဲဒါကို....

> အယံလောကော နတ္ထိ
> ဒီလောကဆိုတာ မရှိဘူးလို့ဆိုတယ်
> နတ္ထိပရောလောကော

ဆိုတာက ဒီလောကမှာရှိနေကြတဲ့ သတ္တဝါတွေ သေပြီးတဲ့အခါ သွားရမယ့် နောက်ဘဝတခုဆိုတာ မရှိဘူးတဲ့။

ကုသိုလ်ဆိုတာမရှိဘူး၊ အကုသိုလ်ဆိုတာလဲမရှိဘူး၊ ကုသိုလ် အကုသိုလ်ရဲ့ အကျိုးတွေပေးလိမ့်မယ်ဆိုတာ ကောင်းကျိုး မကောင်းကျိုးပေးလိမ့်မယ်ဆိုတာ မရှိပါဘူး။

ဒီတော့ အခုဘုန်းကြီး ပြောပြထားခဲ့တဲ့ အချက်တွေဟာ ဘယ်လောက်ရှိသွားပြီလည်းဆိုလို့ရှိယင် (၉)ချက်ရှိသွားပြီ

(၁) လှူခြင်းသည်အကျိုးမရှိ
(၂) ပူဇော်ခြင်းသည်အကျိုးမရှိ
(၃) တယောက်နှင့် တယောက် လက်ဆောင်ပစ္စည်းများပေး

ကမ်းဝေ၄ပြီးတော့ ချီးမြှောက်ခြင်းသည် ဘာမှအကျိုး မရှိ
(၄) ကုသိုလ်ဆိုတာမရှိ၊ အကုသိုလ်ဆိုတာမရှိ
(၅) ကုသိုလ်ရဲ့အကျိုးမရှိ၊အကုသိုလ်ရဲ့အကျိုးဆိုတာလည်းမရှိ
(၆) ဒီလောကဆိုတာမရှိ
(၇) တမလွန်လောကဆိုတာမရှိ
(၈) အမေဆိုတာမရှိဘူး
(၉) အဖေဆိုတာမရှိဘူး

အဲဒီ(၉)ခုသောဝါဒကို ပြောင်းပြန်ပြန်၊ ရှိတယ် ရှိတယ်လို့ ဟောတာက ဘယ်သူဟောသလည်းဆိုတော့ မြတ်စွာဘုရားဟော တာ၊ မြတ်စွာဘုရားဟောတေ ၁ မြတ်စွာဘုရားဟောတာဖြစ်ခြင်း ကြောင့် နောက်ဆုံးပိတ်ပြီးတော့ ဘယ့်နှယ်ပယ်ချလိုက်သလည်း ဆိုတော့၊

နတ္ထိ လော ကေသမဏာ ဗြဟ္မဏာ ယေ တေသမဂ္ဂတာသမ္မာ ပဋိပန္နာတေ ဣမဉ္စ လောကံ ပရဉ္စ လောကံသယံ အဘိညာ သစ္ဆိကတွာပဝေဒေန္တိ၊

အဲဒီလို ကုသိုလ် အကုသိုလ်ဆိုတာတွေကိုသိပြီးတော့၊ ဟို လောကဒီလောက တွေကိုသိပြီးတော့ ဟောကြားတယ်ဆိုတဲ့ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတွေ ဆိုတာလည်းပဲမရှိပါဘူး

ဘုရားကိုလည်းပယ်လိုက်တယ်၊ ပစ္စေကဗုဒ္ဓါရဟန္တာတွေဆို တာလည်းမရှိဘူး ဆိုပြီး ပယ်လိုက်တယ်၊ ဒီတော့ ဘုရားမရှိဆို တဲ့ စကားရပ်ကို ထင်မံထည့်ခြင်းဖြင့်မရှိ မရှိဆိုတဲ့ဝါဒဟာ ဘယ်လောက်ဖြစ်သွားသလည်း ဆိုလို့ရှိယင် ဆယ်ခုရှိသွားတယ်

(၁၀) ဘုရားမရှိ

အဲဒီ(၁၀) ချက်သော ဝါဒကို ဘုန်းကြီးတို့စာပေနယ်က "နတ္ထိကဝါဒ"လို့ ဒီလိုခေါ်တယ်

"ဘုန်းကြီးတို့ပရိသတ်များ မရှိ မရှိဆိုတဲ့ဝါဒကို စာပေစကားနဲ့ ဘာဝါဒလို့ခေါ်မလည်း"

"နတ္ထိကဝါဒလို့ခေါ်ပါမယ်ဘုရား"

အဲဒါနတ္ထိကဒိဋ္ဌိဆယ်ပါး၊ နတ္ထိကဝါဒဆယ်ချက်လို့ဒီလိုမှတ်ထားကြ၊ အဲဒါကို ယခုအဘိဓမ္မာဗျာပါဒ မိစ္ဆာဒိဋ္ဌိဆိုတဲ့အထဲမှာ မိစ္ဆာဒိဋ္ဌိဆိုတာ ဘာတဲ့လည်း ဆိုလို့ရှိယင် အဲဒီနတ္ထိကဒိဋ္ဌိဆယ်ခုကို ပြောတာလို့မှတ်ပါ

## နတ္ထိကဝါဒကြီးကိုထူထောင်ခဲ့တဲ့ပုဂ္ဂိုလ်ကြီး

အဲဒီမိစ္ဆာဒိဋ္ဌိဝါဒကြီးကို ဘယ်သူတူထောင်သွားသလည်းဆိုလို့ရှိယင်၊ မြတ်စွာဘုရား မပွင့်ခင်ကတည်းက "အဇိတ" အမည်ရတဲ့မိစ္ဆာဒိဋ္ဌိ ဆရာကြီး တယောက်တူထောင်သွားတာ

"ဘယ်သူတဲ့ဗျာ"

"အဇိတပါဘုရား"

လူတွေရဲ့ ခေါင်းကဆံပင်ကို ယက်ကန်းစင် တင်ပြီးတော့အဝတ်ရက်သလို ရက်ပြီးတော့ အဝတ်လိုဝတ်ဆင်ထားတဲ့အတွက်ကြောင့်သူ့ကို ကေသကမ္ဗလလို့လည်း ခေါ်သေးတယ်။

အဇိတဆိုတာက မူလနာမည်၊ လူတို့ရဲ့ဆံပင်ဖြင့် ယက်အပ်သောအဝတ်ကို ဝတ်သောကြောင့် ကေသကမ္ဗလလို့ ခေါ်တယ်၊ နှစ်ရပ်ပေါင်းရင် အဇိတကေသကမ္ဗလ

"အဲဒီဒိဋ္ဌိကြီးရဲ့နာမည်....ဘယ်နှယ်ခေါ်တုံး"

"အဇိတကေသကမ္ဗလလို့ခေါ်ပါတယ်ဘုရား"

အေး အဇိတကေသကမ္ဗလလို့ ခေါ်တဲ့ မိစ္ဆာဒိဋ္ဌိ ဆရာကြီး ဟာဘုရားမပွင့်ခင် ကတည်းကိုက သူ့ကိုယ်သူ ဘုရားလို့ဆိုပြီး တော့ လောကမှာ ကြွေးကြော်နေတာ၊ မိစ္ဆာဒိဋ္ဌိဝါဒကြီး ထူ ထောင်ပြီးတော့ ကြွေးကြော်နေတာ အဇိတကေသကမ္ဗလကြီး၊

"နတ္ထိကဒိဋ္ဌိဝါဒဆယ်ချက်ဟာ မှတ်ထားနော် အဇိတ ကေသကမ္ဗလရဲ့ဝါဒ"

"မှန်ပါဘုရား"

မြတ်စွာဘုရား မပွင့်ခင်ကတည်းက သူပေါ်နေတယ်၊ သူ့ ကိုယ်သူဘုရားလို့ ကြွေးကြော်ပြီး လောကမှာ အဲဒီဝါဒတွေ ဟောနေလိုက်တာ၊ သိမ်းသွင်းနေလိုက်တာ၊ ဒီဝါဒလက်ခံပြီး တော့ သူ့နောက် လိုက်ကျင့်သုံးတဲ့ ပုဂ္ဂိုလ်တွေ အများကြီး၊ အဲဒီအထဲမှာသိင်္ဂါလသူဌေးသားတို့လည်းပါတယ်"

အဖေဖြစ်သူ သိင်္ဂါလသူဌေးကြီးက သောတပန်၊ အဲဒီ သိင်္ဂါလသူဌေးသားကို အဖေလုပ်သူကပြောတယ်၊ "ဟဲ့ ငါ့ သား ဘုရားကျောင်းကိုသွားပါဟ၊ မြတ်စွာဘုရားရဲ့တရား တော်ကိုနာပါဟ၊ သံဃာတော်ကို ဖူးမျှော်ကန်တော့ ပူဇော်လုပ် ကျွေးပါဟ"

ဘုရားနဲ့တကွ သံဃာတော်တွေ အိမ်ကို ကြွလာယင်ငါ့သား အရိုအသေပေး ပူဇော်လုပ်ကျွေးပြီးတော့ ရှိခိုးဝမ်းပါလို့ သိင်္ဂါ လသူဌေးသားကို အဖေဖြစ်တဲ့ သိင်္ဂါလသူဌေးကြီးက အဲဒီလို ခိုင်းတယ်။

ဒါပေမယ့် ဘယ်လိုပဲသူ့သားဖြစ်တဲ့ သူကိုခိုင်းပေမယ့်တိုက်တွန်းပေမယ့် သိင်္ဂါလသတို့သားဟာ ကျောင်းလည်းမသွားဘူး၊ တရားလည်းမနာဘူး၊ အိမ်လာတဲ့ ကိုယ်တော်တွေကိုလည်း အရိုအသေမပေးဘူး၊ ရှိလည်းမခိုးဘူး၊ ဘာတွေသက်ဝင်နေလို့လည်းဆိုယင် အခုနကပြောခဲ့တဲ့ အဇိတကေသကမ္ဗလရဲ့ဝါဒတွေသက်ဝင်နေတယ်။

သူကဘယ့်နှယ် ပြောသလည်းဆိုတော့ ဘုရားနဲ့တကွသံဃာတော်တွေအိမ်ကြွလာလို့ ရှိခိုးရလို့ရှိယင် သူ့အတွေအခေါ်က၊

"နဖူး နဲ့ကြမ်းနဲ့ထိပြီးတော့ ရှိခိုးရတဲ့ အတွက်ကြောင့်နဖူးပွန်းတယ်၊

ဒူးထောက်ပြီးတော့ ရှိခိုးလိုက်ရတဲ့ အတွက်ကြောင့် ဒူးပွန်းတယ် ၊

ကိုယ်ကကြမ်းပေါ်၊ မြေကြီးပေါ်ကနေဦးချရဘာ၊ သူတို့ကမြင့်မြတ်တဲ့ နေရာကထိုင်တယ်၊ အဲဒီလို ကြမ်းပေါ် မြေကြီးပေါ်မှာထိုင်လိုက်ရတဲ့အတွက်ကြောင့် ပုဆိုးနွမ်းတယ်၊

ဒါ့ကြောင့် အဲဒီ ဂေါတမကို မရှိခိုးနိုင်ဘူး၊ နဖူးပွန်းတယ်၊ ဒူးပွန်းတယ်၊ ပုဆိုးနွမ်းတယ်ဆိုပြီးတော့ ရှိမခိုးပဲနဲ့နေလာခဲ့တဲ့ သိင်္ဂါလပါ၊

"ဘယ့်နှယ်လည်း ဘုရားလက်ထက်က ရှိခဲ့တဲ့ သိင်္ဂါလရဲ့အတွေးအခေါ်တွေ ဒီကနေ့ ဘုန်းကြီးတို့တရားနာ ပရိသတ်ရဲ့သားသမီးတွေ ဆီမရောက်သေးဘူးလား"

" "

"စဉ်းစားရမယ်"

အဖေမရှိ၊ အမေမရှိ၊ သတ္တဝါမရှိ၊ မရှိ....မရှိဆိုတဲ့ ဝါဒ ဘယ်တိုင်အောင်ရောက်ပြီးတော့ လာခဲ့ပြီလဲဆိုတာကြောင့်လေ၊ ဘုရားရှင်ရဲ့လက်ထက်တော် ကတည်းက သိဂ်္ဂါလ သဋ္ဌေးသား ရဲ့ထံရောက်ပြီးတော့ နေခဲ့တယ်။

ဘုရားမပွင့်ခင်က ပေါ်နေတဲ့ဝါဒ၊ ဒါဟာ သိပ်ပြီးတော့ မဆန်းဘူး ၊ အဖေ အမေဆိုတာမရှိဘူး၊ ရှိသေဖို့မလိုဘူး ဆိုတဲ့ ဝါဒ ဟိုတုံးကတည်းက ရှိတယ်။

## ကောလာဟလ(၄)မျိုး

မြတ်စွာဘုရား ပွင့်တော့မယ်ဆိုလို့ရှိယင်၊ လောကကြီးမှာ ဘုရားပွင့်လိမ့်မယ် ဘုရားပွင့်လိမ့်မယ်ဆိုတဲ့ ကောလာဟလ ဟာ အနှစ်တထောင်ကနေ သုဒ္ဓါဝါသ ဗြဟ္မာကြီးတွေ ကြွေးကြော် ကြတယ်။

အဲဒါ ဗုဒ္ဓကောလာဟလ

ယခုနက ဘုန်းကြီးပြောခဲ့တဲ့ မင်္ဂလာတွေ ပေါ်တော့မယ် မင်္ဂလာတွေ ပေါ်တော့မယ်ဆိုတဲ့ ကောလာဟလ၊

"အဲဒီမင်္ဂလာ ကောလာဟလက ဘယ်နှစ်နှစ်က ကြိုတင်ဖြစ် သလဲ"

"၁၂ နှစ်ကပါဘုရား"

မင်္ဂလ ကောလာဟလက (၁၂) နှစ်ကကြိုတင်ပြီးတော့ဖြစ် တယ်၊ ဗုဒ္ဓကောလာဟလက အနှစ်တထောင်ကကြိုတင်ပြီးတော့ ဖြစ်တယ်။

"ဘုန်းကြီးတို့ပရိသတ်များ ကောလာဟလ ဘယ်နှစ်ခါရှိတယ်လို့ကြားဘူးတုန်းဗျာ"

" "

"ကိုင်း သဘောကြီး (၇) ဝင်း ဆိုက်မယ်ဆိုတဲ့ ကောလာဟလကောမကြားဖူးဘူးလား"

" "

"ကျမ်းဂန်မှာလာတဲ့ ကောလာဟလတွေကို ဘုန်းကြီးပြောဦးမယ်၊ ဗုဒ္ဓကောလာဟလတဲ့ ဘာကောလာဟလလဲဗျာ"

"ဗုဒ္ဓကောလာဟလပါဘုရား"

"စက္ကဝတ္တိကောလာဟလတဲ့- ဘာကောလာဟလလဲ"

"စက္ကဝတ္တိ ကောလာဟလပါဘုရား"

လောကမှာ စကြာမင်း ပေါ်လိမ့်မယ်၊ စကြာရတနာပိုင်တဲ့ တရားသပြင့် အုပ်ချုပ်တဲ့ တကယ့် မင်းကောင်းတွေပေါ်လိမ့်မယ်၊ စက္ကဝတ္တိ ကောလာဟလ ဒီနှစ်တရာက ကြိုတင်ဖြစ်တယ်၊ အဲဒါကိုတော့ ကာမာဝစရ နတ်တွေကကြွေးကြော်ကြတယ်။

နောက်တခါ....မောနေယ ကောလာဟလ။

မောနေယ ရဟန်းဆိုတာ ပေါ်လိမ့်မယ်၊ မောနေယရဟန်းဆိုတာပေါ်လိမ့်မယ်ဆိုပြီးတော့ ကြွေးကြော်လာတဲ့ မောနေယ ကောလာဟလ၊ သူကား (၇) နှစ်ကြိုတင်ပြီးတော့ ဖြစ်တယ်။

မောနေယ ရဟန်းဆိုတာ အတိုချုပ်ကလေး တို့ပရိတ်သတ်သိလွယ်တာလေး ပြောကြစို့ ဆိုယင်-

မောနေယ ရဟန်း ဆိုတာဟာ အမေရော၊ အဖေရော ဘုရားရော၊ အကုန်လုံး သံယောစဉ် အပြတ်ကျင့်တဲ့ကိုယ်တော်၊ သာသနာ့တခေတ်မှာ တပါးတည်း ပေါ်တယ်၊ (၂) ပါး မပေါ်ဘူး၊ ရဟန်းဖြစ်ပြီဆိုတဲ့ နေ့ကစပြီး အဖေရော၊ အမေရော၊ အကုန်လုံး ဆွေတွေမျိုးတွေကို နောက်ထပ်ဘယ်တော့မှ အတွေ့မခံတော့ဘူး။

မြတ်စွာဘုရားကို တကြိမ်တည်းဖူးပြီးတော့ မြတ်စွာဘုရားထံက တကြိမ်တည်း တရားနာ၊ ကမ္မဋ္ဌာန်းတောင်းပြီး အဲဒီ တောင်းထား၊ နာထားတဲ့ ကမ္မဋ္ဌာန်းတရားလေးကို သစ်ပင်တပင်ရင်း တပင်ရင်းမှာ တညတညသာ ကျိန်းပြီးတော့ ရွာတရွာကို တကြိမ်တကြိမ်ပဲ ဆွမ်းခံပြီးတော့ နောက်ထပ်ဆွမ်းမခံတော့ဘူး။

အဲဒီလို တခါတည်း ပြောင်းပြောင်း - ပြောင်းပြောင်းပြီးတော့ ရှေ့ရှေ့ပြီး ကျင့်သုံးတာ၊ အဲဒီလောက် ပြတ်ပြတ်တောက်တောက် ကျင့်သုံးတဲ့အကျင့်မျိုးကို မောနေယအကျင့်လို့ ခေါ်တယ်။

မောနေယပုဂ္ဂိုလ်ရဲ့အကျင့်တွေ သုတ္တနိပါတ်က မောနေယသုတ္တန်မှာ အများကြီးရှိတယ်။

အဲဒီမောနေယရဟန်း ပေါ်လိမ့်မယ်ဆိုတဲ့ ကောလာဟလတွေဟာ လေးကမ္ဘာ (၇) နှစ်ကြိုတင်ပြီးတော့ ဖြစ်ပါတယ်၊ အဲဒါ မောနေယ ကောလာဟလ။

"တို့ ပရိသတ် - မောနေယ ကောလာဟလ ဘယ်နှစ်နှစ်ကဖြစ်"

"(၇) နှစ်က ဖြစ်ပါတယ်ဘုရား"

"အေး-ကောလာဟလ ဘယ်နှစ်ပါးရပြီလဲ"

"သုံးပါးရပါပြီဘုရား"

"ဗုဒ္ဓ ကောလာဟလရယ်- စက္ကဝတ္တိ ကောလာဟလရယ်- မောနေယကောလာဟလရယ် ခုနက မင်္ဂလာကောလာဟလ ထည့်လိုက်"

"လေးပါးပါဘုရား"

"ကိုင်း နောက်တခုထည့်လိုက်- ကပ္ပ ကောလာဟလတဲ့- ဘာ ကောလာဟလပါလိမ့်"

"ကပ္ပ ကောလာဟလပါဘုရား"

## လောကဗျူဟာ နတ်ကြီးများ၏ အပြုအမူ

ဒီကမ္ဘာကြီး ပျက်စီးမယ်တဲ့ - ဒီကမ္ဘာကြီး ပျက်စီးမယ်တဲ့၊ ရေကြောင့် ဖြစ်စေ၊ လေကြောင့် ဖြစ်စေ၊ မီးကြောင့် ဖြစ်စေ၊ ဤကမ္ဘာလောကကြီး ပျက်စီးလိမ့်မယ်ဆိုတဲ့ ကောလာဟလ၊ အဲဒါ ကပ္ပ ကောလာဟလ၊ အဲဒီ ကပ္ပ ကောလာဟလ ဟာ အနှစ် တသိန်းက ကြိုတင်ပြီးတော့ ပေါ်တယ် -

"ကပ္ပကောလာဟလ ဘယ်လောက်ဖြစ်တယ်"

"အနှစ် တသိန်းကပါဘုရား"

အဲဒီလိုကမ္ဘာကြီးဟာ ရေကြောင့်၊လေကြောင့်၊ မီးကြောင့် ဆိုတဲ့ အကြောင်း (၃)ပါး၊ တပါးပါးနဲ့ ပျက်မယ်ဆိုတဲ့

ကောလာဟလဟာ အနှစ်တသိန်းက ဘယ်သူတွေ ကြွေးကြော်သလဲဆိုယင် စတုမဟာရာဇ် နတ်မင်းကြီးတွေ၊ လောကဗျူဟာနတ်လို့လည်းခေါ်တယ်ပေါ့။

အဲဒီ လောကဗျူဟာနတ်မင်းကြီးတွေ ကမ္ဘာလောကကြီးရဲ့ အရပ်လေးမျက်နှာ လှည့်လှည့်ပြီးတော့ ကြွေးကြော်ကြတယ်။

အဲဒါနဲ့ ပတ်သက်ပြီးတော့ တို့ပရိသတ်ကို နည်းနည်းတိုးချဲ့ပြီးတော့ ဗဟုသုတပေးစမ်းပါရစေ။

လောကဗျူဟာနတ်ကြီးတွေ ဤကမ္ဘာ လောကကြီး ပျက်တော့မယ်ဆိုပြီးတော့ ကြွေးကြော်တဲ့ အခါကျယင် တကိုယ်လုံး နီရဲနေတဲ့ အဝတ်တွေကိုဝတ်ပါတယ်။

"ဘယ်လိုအဝတ်တွေ ဝတ်သလဲ"

"နီရဲနေတဲ့ အဝတ်တွေကို ဝတ်ပါတယ်ဘုရား"

နီနီရဲရဲဖြစ်နေတဲ့ အဝတ်တွေကိုဝတ်တယ်"

"မှန်လှပါဘုရား"

သွေးကဲ့သို့ နီရဲနေသော အဆင်း၊ သွေးရောင်ဆိုတာ ဘာမှ မင်္ဂလာမရှိတဲ့အရောင်၊ အဲဒီလို နီပြန်းစွာသော အဆင်းရှိတဲ့ အဝတ်တွေကို ဝတ်ပြီး နီမြန်းသော အဆင်းရှိတဲ့ ပန်းတွေကို လက်မှာကိုင်၍ ခေါင်းက ဆံပင်တွေအကုန်လုံး ကျောပေါ်မှာ ဖြန့်ကြဲ၍ ဖြန့်ခြင်းတော့ချထားကြပြီ။

ကမ္ဘာလောကကြီး ပျက်စီးတော့မယ်ဆိုတဲ့ အတွက်ကြောင့် မျက်ရည် မဆည်နိုင် ကြတော့ဘူး၊ ခေါင်းပေါ်က ဆံပင်တွေကိုတောင် မသိမ်း နိုင်ကြတော့ဘူးတဲ့၊ သောက ဖြစ်လွန်းလို့ ပရိဒေဝတွေဖြစ်လွန်းလို့။

"လောကဗျူဟာ နတ်မင်းကြီးတွေကို ပြောတာပါနော်"

"မှန်ပါဘုရား"

လောကဗျူဟာ နတ်မင်းကြီးတွေဟာ အဲဒီမှာ ကမ္ဘာပျက်တော့မယ်ဆိုလို့ရှိယင် ခေါင်းကဆံပင်တွေ မသိမ်းနိုင်ကြတော့ဘူးတဲ့၊ ခေါင်းကဆံပင်တွေ မသိမ်းပဲထားကြတာဟာ ကမ္ဘာပျက်မယ့်နိမိတ်တဲ့၊ အဲဒါမှတ်ထား၊ ကောလာဟလ ဆိုတာကြိုတင်ပြီးတော့ဖြစ်တယ်။

## ပုဗ္ဗနိမိတ်ကြီး ပတ်သူပျား

နတ်က ထွက်လာတဲ့ ကောလာဟလ ဆိုတဲ့ ဒီစကားတွေဟာလဲ....

(၁) ကလေး

(၂) သဘင်သည်

(၃) အရူး

အဲဒီသုံးယောက်ရဲ့ စကားတွေကို သတိထားပြီးတော့ကြည့်၊ ကြိုတင် ကြိုတင်ပြီးတော့ နိမိတ်တွေလို့ခေါ်တယ်။

ဘာတွေဖြစ်တော့မယ်ဆိုယင် ကလေးတွေနှုတ်က ပြောလာကြတယ်၊ သဘင်သည်တွေ နှုတ်က ထွက်လာကြတယ်၊ အရူးတွေ ပြောလာကြတယ်၊ အဲဒီလိုဆိုယင် သူတို့သုံးဦးပြောလာကြတဲ့ စကားတွေကို သတိထားပြီးတော့ ကြည့်၊ တော်တော်ကြာ အဲဒါဖြစ်ဖြစ်လာတယ်။

ဘုတာရုံမှာ သဘော်ာတွေ ဆိုက်မယ်တဲ့၊ ဆိုက်မယ်ဆိုတဲ့ သီချင်းတွေ ပေါ်တော့ဟာ- အကုန်လုံး ဆိုက်ကုန်ကြတာပဲ မဟုတ်လား။

ဘုတာရုံမှာ သဘော်ာကြီးတွေ ဆိုက်လို့တဲ့ ဆိုပြီး သူတို့က အော်နေ၊ ဟာ-တော်တော်ကြာ ဘုန်းကြီးတို့ ပြည်မြို့ဆိုက်လိုက်တာ ရွှေဆံတော် ခြေရင်းထည့်အောင် အကုန်လုံး လှေတွေ လှော်ကုန်ရော။

အဲဒါမျိုးတွေ ပေါ်လေ၊ ဒါမျိုး ရှောက်ပြောနေယင် မနည်း ဘူးကြီး ဖြစ်နေလိမ့်မယ်၊ အဲဒီလိုပဲ နှုတ်ကထွက်လာတဲ့ စကားတွေဟာ ပုဗ္ဗနိမိတ်လို့ ခေါ်တယ်။

ကမ္ဘာလောကကြီး ပျက်စီးမယ်ဆိုလို့ရှိယင် လောကဗျူဟာ နတ်မင်းကြီးများဟာ ဆံပင်တွေ မသိမ်းနိုင်ကြတော့ပဲနဲ့ နီရဲနေတဲ့ အဝတ်တွေ ဝတ်လာကြတယ်လို့ ကျမ်းဂန်မှာဆိုထားတော့ယင်....

ဒီကနေ့ခေတ် လောကဖြစ်နေတာတွေနဲ့ အခု ကောလာဟလနဲ့ ယှဉ်ပြီးတော့ ကြည့်လိုက်၊ ဘယ်လောက် နီးစပ်လာပြီလဲ ဆိုတာကို။

ဒါကြောင့် တို့တရားနာပရိသတ်များ .... ဆံပင်လေးတွေ များသိမ်းကြစမ်းပါလို့ ပြောချင်တယ်ပေါ့၊ ဟုတ်လား။

"တိုးတိုးပဲ ဘုန်းကြီးတို့ပြောပါရစေနော်"

"မှန်ပါဘုရား"

အဲဒီမှာ စက္ကဝတ္တိကောလာဟလ၊ ကြောမင်းပေါ်လိမ့်မယ်၊ ပေါ်လိမ့်မယ်ဆိုတဲ့ ကောလာဟလက အနှစ်တရာကနေ ကြို

တင်ပြီးဖြစ်တဲ့ အခါကျတော့၊ လူတွေဟာ စကြာမင်းရှာလိုက်တာ၊ဘယ်ကပေါ်လာမလည်းဘယ်ကပေါ်လာမလည်းလို့ရှာကြတော့....

အဲဒီအထဲ ရှုးတူးတူး နှမ်းတမ်းတမ်း လူထွေက စကြာမင်း ဆိုပြီး သူ့ကိုယ်သူ တံဆာသင်ပြီးတော့ သံလျက်တွေဘာတွေ စွဲကိုင်ပြီးတော့ ဟိုကထလာ၊ ဒီကထလာ လုပ်ကြသေး။

"အဲဒါအဟုတ်ထင်ပြီးတော့မိဖုရားဆက်တဲ့ လူတွေကလည်း ဆက်ကြစို့ဆိုတော့ တော်တော်ခက်ကုန်တယ်နော်"

"မှန်ပါဘုရား"

"ရန်ကုန်မြို့မှာ တချိန်က ပေါ်ခဲ့ဖူးဆို မဟုတ်လား"

"မှန်ပါဘုရား"

"အဲဒါ ကောလာဟလနဲ့ ရောပြီးချကြတာ။

## ကောလာဟလနှင့်အတုအယောင်

ဗုဒ္ဓ ကောလာဟလ - ဘုရားပွင့်လိမ့်မယ်တဲ့ .... ဆိုတဲ့ ကောလာဟလကြီးကလဲ ရှိနေတော့ ကိုယ့်ကိုကိုယ် ဘုရားအလောင်း ဆိုပြီး ကြွေကြော်တဲ့ ပုဂ္ဂိုလ်တွေကလဲ ဒီကနေ့ ခေတ်မှာလည်း မရှားဘူး ဖြစ်နေတယ်။

"ကောလာဟလ ပေါ်လာယင် တို့ပရိသတ် သတိထား၊ အဲဒါ အလိမ်တွေ လာတတ်တယ်"

"မှန်ပါဘုရား"

ဘုရားပွင့်လိမ့်မယ်တဲ့- ဘုရားပွင့်လိမ့်မယ်ဆိုတဲ့ ဗုဒ္ဓကောလာဟလကြီး ဖြစ်နေတဲ့ အချိန်၊ အခု ပြောပြထားတဲ့ အဇိတ

အမည်ရတဲ့ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်ကြီးက သူကျင့်ချင်တာတွေ ဘော ရောက် တောင်ရောက် ကျင့်နေပြီးတော့မှ....

ဘုရားတဲ့ ဟလည်းဆိုရော၊ သူ့ကိုယ်သူ ငါဘုရားပဲလို့ ဆိုပြီး ဘယ်သူနဲ့မှ မတူအောင် လူတွေရဲ့ ဆံပင်တွေကို အဝတ်သဖွယ် ယက်ပြီးတော့ အဲဒါကြီးဝတ်ပြီး ဘုရားလုပ်ထွက်လာတာသူက။

အဲဒီလို ဘုရား လုပ်ထွက်လာတဲ့ အချိန်၊ လူတွေကလည်း ဘုရားပွင့်မယ်တဲ့ ဘယ်လိုနေရာကဘုရား ဘယ်လိုပေါ်လာလိမ့် မလည်းလို့ မျှော်လင့်နေကြတုန်း၊ အဇိတနဲ့တွေ့ကြတဲ့ အခါ ကျတော့ဟာ ဒါဘုရားပဲလို့ဝိုင်းပြီးတော့ ကိုးကွယ်ကြတယ်။

အဲဒီမှာ အဇိတကြီး ဟောလိုက်တဲ့တရားက
အဒမဆိုတာမရှိဘူးကွ၊ မင်းတို့ရှိသေဖို့မလိုဘူး။
အဲဒါအဇိတ ဘုရားကဟောလိုက်တာ။
အဖေဆိုတာမရှိဘူးကွ၊ ရှိသေဖို့မလိုဘူး။

ဆိုပြီးတော့လျှောက်ဟောတော့ ခုနကနတ္ထိကဒိဋ္ဌိကြီးပေါ် လာတယ်။ အဲဒီလို အတုအယောင်ဆိုတာဟာ ကောလာဟလ တခုခုဖြစ်ယင် ပေါ်လာတတ်တယ်ဆိုတာကို တို့ပရိသတ် သတိ ချပ်ဖို့ပဲ။

အဲဒီ ကောလာဟလတွေကို အသိဉာဏ်မရှိတဲ့ လူတွေက တခါတည်း မျက်စိမှိတ်ပြီး ယုံကြည်လိုက်တဲ့အခါကျတော့ အဲဒီ ပုဂ္ဂိုလ်တွေ အလိမ်ခံကြရတယ်တဲ့၊ ဒုက္ခဖြစ်ကုန်ကြရော။

"ဖြစ်ကုန်ကြပြီမဟုတ်လား တို့ပရိသတ်"

ဘာတဲ့ ဘာတဲ့ဆိုလိုရှိယင်ရမ်းရမ်း ပြီး တော့ ယုံတဲ့လူတွေ၊ သတော်ကြီး (၇)စင်း တိုက်မယ်ဆိုပြီးတော့၊ အဲဒါဒုက္ခဖြစ်လိုက်ကြတဲ့ဖြစ်ခြင်း။

"အကုန်လုံး ခွက်ခွက်လန်အောင် ရှုံးကုန်ကြတယ်မဟုတ်လား"

"မှန်ပါဘုရား"

"အဲဒါ တချို့က ပြောသေးတယ်၊ မြန်မာပြည်နားရောက်မှ ပြန်လှည့်သွားတယ်ဆိုပြီးတော့ ပြောတဲ့လူက ပြောသေးတယ်ဟုတ်လား"

"မှန်ပါဘုရား"

"ဒါလည်းယုံတာပဲနော်"

"မှန်ပါဘုရား"

တဆင့်ကြားနဲ့ပတ်သက်လို့ဗုဒ္ဓမိန့်ဆိုချက်

ကေသမုတ္တိသုတ္တန်မှာ မြတ်စွာဘုရား ဟောထားတယ်

မာအနုဿဝေန မာပရမ္ပရာယ မာ ဣတိကိရိယာယ မာပိဋကသမ္ပဒါနေန-

အစရှိသဖြင့် ဆယ်ချက်ဟောထားတယ်။

ကာလာမာ၊ ကာလာမ မင်းတို့၊ အနုဿဝေနပိ၊ တဆင့်ပြောသံ ကြားကာမျှဖြင့်လည်း။ မာဂဏှိတ္ထ၊ ဟုတ်ပြီမှန်ပြီလို့ အတည်တကျ မယူလိုက်ကြပါကုန်လင့်။

ပရိပရာယ၊ အစဉ် အဆက်က လာခဲ့တဲ့ စကားဟူ၍လည်း။ မာဂဏှုတ္ထ၊ ဟုတ်ပြီမှန်ပြီလို့ အတည်တကျ မယူလိုက်ကြပါ ကုန်လင့်။

ဣတိကိရိယာယ၊ဤသိုဖြစ်သတဲ့ဤလိုဖြစ်သတဲ့ဆိုတဲ့စကားမျှ ဖြင့်လည်း။မာဂဏှုတ္ထ။ ဟုတ်ပြီမှန်ပြီလို့ အတည်တကျ မယူလိုက် ကြပါကုန်လင့်။

ဆယ်ချက် ဟောထားတဲ့အထဲက ရှေးဦးစွာ ပြောထားတဲ့ စကားက ဘာတဲ့လဲဆိုယင် "တဆင့်ကြား"၊ကေသမုတ္တိရွာသား တွေကို မြတ်စွာဘုရားက တဆင့်ကြားတဲ့ စကားကိုလည်း မင်းတို့ မယုံကြည်ကြနဲ့ကွာ။

အဲဒီ "တဆင့်ကြား" ဆိုတဲ့ စကားနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ အင်္ဂလိပ်ရဲ့ ပါဠိတော် တိကနိပါတ်မှာ မြတ်စွာ ဘုရား ဟောထားတာရှိတယ်၊ ကေသမုတ္တိရွာကြီး ရောက်တော့ အဲဒါဟောတာ။

အဲဒီ"အနုဿဝ" ဆိုတဲ့ပုဒ်ကို အင်္ဂလိပ်ဘာသာပြန်ထားတာ ဘုန်းကြီးတို့ ဖတ်ကြည့်တော့ ဘယ်နှယ် ဘာသာပြန်ထားသလဲ ဆိုယင် သူက တော်တော်လေး ကောင်းတယ်၊ အနုဿဝဆိုတဲ့ ပုဒ်ကို သူက report (ရပို့)လို့ ဘာသာပြန်ထားတယ်။

မာအနုဿဝေနဂဏှုတ္ထ

Be ye not messless by near report လို့ဘာသာ ပြန်ထားတယ်။

"report ဆိုတဲ့ ဥစ္စာကိုလည်း မင်းတို့မယုံကြနဲ့ဆိုတဲ့ အဓိပ္ပါယ်ပေါ်တယ်နော်"

"မှန်ပါ....ပေါ်ပါတယ်ဘုရား"

"ဒါကို ရှုံးအလုပ် လုပ်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ သိနား လည်သွားပြီဆိုတာ အောက်ကနေအထက်ကို အစီရင်ခံပြီးတော့ ရေးတင်လိုက်တာ မဟုတ်လား"

"မှန်ပါတယ်ဘုရား"

အဲဒါမဟုတ်ဘူးတဲ့၊ မြတ်စွာဘုရားက မယုံကြနဲ့တဲ့ဗျာ၊ ကေသမုတ္တိရွာသားတွေကို ပြောသွားတာ။

## နတ္ထိကဝါဒကြီး မမိကြစေနဲ့

ဒီတော့ - မြတ်စွာဘုရားရဲ့ ဒေသနာတွေဟာ ဘယ်လောက် နယ်နှံ့သလဲ ကြည့်ပါ။

သံသရာရေး....

ပစ္စုပ္ပန်ရေး....

လောကရေး....

အကုန်လုံးနှံ့တဲ့ဒေသနာ

အဲဒါ တို့ ပရိသတ်က ဘာတဲ့- ဘာတဲ့ဆိုယင် အကုန်လုံး မျက်စိမှိတ်ပြီးယုံကြတော့ ဒုက္ခဖြစ်ကုန်ကြရော။

အခုဘုရားအလိမ်နဲ့တွေ့ပြီ၊ အဇိတကေသကမ္ဗလက ဘုရား လုပ်ထွက်လာတော့ နတ္ထိကဝါဒကြီးနဲ့ မိကြရော၊ နတ္ထိက ဝါဒ ကြီးမိလိုက်တဲ့အခါကျတော့ ကိုင်း ကြည့်လိုက်ကြစမ်း။

အမေဆိုတာမရှိဘူးဟေ့

အဖေဆိုတာလဲမရှိဘူးကွ

မင်းတို့ရှိသေဖို့မလိုဘူး၊ ဆိုတဲ့ ဝါဒ

အဇိတကဟော ခဲ့တာ။

နောက်အဆက်ဆက် ကမ္ဘာကျော်တဲ့ နိုင်ငံရေးဆရာကြီး တွေကလည်း အဲဒီဥစ္စာ အဟုတ်လုပ်ပြီး ဟောပြောပြီးတော့ လာလိုက်ကြတာ၊ ကျမ်း ဂန်တွေမှာ ပါတယ်၊ ကမ္ဘာကျော် နိုင်ငံရေး ဆရာကြီးတွေကလည်း အဲဒါဖတ်ပြီးတော့ ကျင့်သုံး ပြတယ်။

အမေဆိုတာ ရှိသေဖို့မလိုဘူး

အဖေဆိုတာ ရှိသေဖို့မလိုဘူး။

သေပြီးယင် နောက်ဘဝဆိုတာ မရှိဘူး။

နောက်ဘဝလည်း စဉ်းစားဖို့ မလိုဘူး၊

တို့ နိုင်ငံရေးလုပ်တယ်ဆိုတာက ဘဝကောင်းစားဖို့အတွက် ပဲ၊ ဟိုဘဝမကြည့်နိုင်ဘူး ဆိုပြီးတော့ ရေးပြီးထုတ်လိုက်ကြတာ ပလေတိုနဲ့ကျမ်းတွေမှာ ဘုန်းကြီးတွေ့ပါတယ်။

အဲဒီလိုလုပ်ပြီးတော့ လာကြတာ အဲဒီ မြှုံးထဲကို ဝင်မိတဲ့ အခါကျယင်ဖြင့် မြစ်ထဲချောင်းထဲမှာ မြှုံးကြီးတွေ ထောင်တဲ့ အခါကျတော့ အဲဒီ မြှုံးထဲဝင်ဟဲ့ငါးတွေဟာ ကံငါသယ်ရဲ့ လက်ထဲရောက် အကုန်သေကြသလိုပဲ၊ အဲဒီ မိစ္ဆာဒိဋ္ဌိမြှုံးကြီးထဲ ဝင်မိကြတဲ့ အမျိုးသားတွေ အမျိုးသမီးတွေ ဒီကနေ့ ဒုက္ခဖြစ် ကုန်ကြတယ်။

ဓမ္မကာမာဘဝံဟောတိ၊ ဓမ္မဒေဿီပရာဘဝေါ ဆိုတဲ့ ပုဒ်ရဲ့ အဓိပ္ပာယ်—

ဘယ်လိုဓမ္မတွေကို ဒီကနေ့ မြတ်နိုးကြသလဲ၊ ဘယ်လိုဓမ္မတွေကို မမြတ်နိုးကြဘူး ဆိုတဲ့ အဓိပ္ပာယ်၊ လောကမှာ ဒီကနေ့ဖြစ်နေတာတွေကို တို့ ပရိသတ် လှမ်းပြီးတော့ ကြည့်လိုက်ကြစမ်း။

သူတော်ကောင်းတရားကို မြတ်နိုးယင်တော့ ကြီးပွားကြမှာပဲ။ သူတော်ကောင်းတရား မမြတ်နိုးပဲနဲ့ အဇိတကေသကမ္ဗလလို ခေါ်တဲ့ မိစ္ဆာဒိဋ္ဌိ ဆရာတွေရဲ့တရားမျိုးကို မြတ်နိုးပြီး မြတ်စွာဘုရားဟောတဲ့သူတော်ကောင်းတရားကိုမုန်းတီးကြသည့်အတွက်ကြောင့် ဒီကနေ့ ပျက်စီးချင်တိုင်း ပျက်စီးကုန်ကြမယ်။ ဒါကြောင့်—

ဓမ္မဒေဿီ၊ သူတော်ကောင်းတရား မုန်းတီးတဲ့ပုဂ္ဂိုလ်အား။ ပရာဘဝေါ၊ ပျက်စီးတတ်သည်။ ဟောတိ၊ ဖြစ်၏။

အမေမရှိ၊ အဖေမရှိ၊ တမလွန်လောကမရှိ ဆိုတဲ့ ဝါဒကြီးလဲ လက်ခံမိရော သွားလေရော၊ အဲဒါ အဝိစိထိအောင် ပျက်စီးကုန်တယ်။

ပစ္စုပ္ပန်မှာလဲ အဖေနဲ့အမေဆိုတာ အလွန်ကို တန်ဘိုးထားရမယ့် ဥစ္စာ။ အမေနဲ့အဖေကို သားသမီးက တန်ဖိုးမထားကြဘူးဆိုယင် သားသမီးနဲ့မိဘ အကုန်လုံး အဲဒီမှာ မေတ္တာပြတ်စဲကြပြီဆိုလို့ရှိယင် လူ့လောကကြီးဟာ တိရစ္ဆာန်လောကနဲ့ မခြားတော့ဘူး။ တဖြည်းဖြည်း ရှိုင်းစိုင်းတဲ့ ဘဝကို ကူးသွားပြီး တိရစ္ဆာန်ဖြစ်ကုန်ရော။

ဘုန်းကြီးတို့ ကျေးဇူးရှင် အနီးစခန်း ဆရာတော်ဘုရားကတော့ မကြာမကြာ ပြောတယ်။ လူစင်စစ်က တိရစ္ဆာန်ဖြစ်ဆိုတာ အဲဒါပဲတဲ့။

ဒါကြောင့် မန္တလေးမှာ တရားတခါဟောတော့ ဆရာတော်က ဘာပြောသလဲဆိုယင် "လူနဲ့တိရစ္ဆာန် လမ်းခွဲတဲ့တရား" ငါဟောမယ်ဆိုပြီး ဆရာတော်က ကြေငြာပြီးတော့ ဟောသေးတယ်။

ဘယ်နှယ်ဟောသလဲဆိုတော့ အကျဉ်းချုပ်ကတော့ အနန္တငါးပါးပါပဲ၊ လူဆိုတာ အနန္တငါးပါးရှိတယ်ဟော့၊ တိရစ္ဆာန်ဆိုတာ အနန္တငါးပါး မရှိဘူး။ ဒါကြောင့် အနန္တငါးပါးမရှိတဲ့ ဝါဒသည် တိရစ္ဆာန်ဝါဒ ဆိုပြီးတော့ ဆရာတော်က ဟောတော့တာပဲ၊ အဲဒါ လူနဲ့တိရစ္ဆာန် လမ်းခွဲတဲ့တရားတဲ့။

## သတ္တဝါဘယောက်သေတယ်ဆိုတာ

(အဇိတကေသကမ္ဗလကြီး—ယူဆချက်)

အဲဒီ အဇိတကေသကမ္ဗလကြီးရဲ့ ဝါဒထဲမှာ နောက်တခုကျန်တာ ရှိသေးတယ်။ အဲဒါကြီးက ဘာပြောထားသလဲ ဆိုလို့ရှိယင်—

စတုမဟာဘူတိတော အယံကာယော၊

အယံကာယော၊ ဤသတ္တဝါတို့ရဲ့ ခန္ဓာကိုယ်ကြီးသည်။ စတုမဟာဘူတိတော၊ ပထဝီ အာပေါ တေဇော ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါးဖြင့်သာလျှင် ပြီး၏။

နာမ်တရားကို သူ မစဉ် စားဘူး။

သတ္တဝါတွေရဲ့ ဓာတ်လေးပါနဲ့ တည်ဆောက်ထားတာတဲ့၊ ကျန်တဲ့ ဥပါဒါရုပ်တွေလဲ သူမစဉ်းစားဘူး၊ မဟာဘုတ်ကြီးလေးပါးတခုပဲ သူ စဉ်းစားတယ်။

အဲဒီ မဟာဘုတ်၊ ဥပါဒါရုပ်တွေကို မှီပြီးတော့ နေကြတဲ့ နာမ် ရေးတွေကိုလည်းပဲသူ ဘာမှမစဉ်းစားပဲနဲ့ ဓာတ်လေးပါး ၊ တဲ့ ရုပ်ကြမ်းဝါဒဆိုတာ သူပဲ။ အဲဒီလေးပါးကိုသာလျှင် မှီ ၊ ့ သတ္တဝါတွေဖြစ်ပြီးတော့ နေကြတာလို့ ဆိုပြီး—

ယ ၊ ကာလံကရောတိ၊ အကြင်အခါမှာ သတ္တဝါတွေ သေကြတယ်။

အဲဒီလို သတ္တဝါတွေ သေပြီဆိုလို့ရှိယင်တဲ့ ဘာဖြစ်သွားသလဲ။

ပထဝိပထဝီကာယံ အနုပေတိ အနုပဂစ္ဆတိ။

ပထဝီ၊ ပထဝီဆိုတဲ့ ဓာတ်သည်။ ပထဝီကာယံ၊ ပထဝီဓာတ်သို့။ အနုပေတိအနုပဂစ္ဆတိ၊ ကပ်ရောက်ပူးပေါင်းလေတော့၏။

သတ္တဝါတယောက် သေသွားလို့ရှိယင် ဟောဒီ ခန္ဓာကိုယ်ထဲမှာရှိနေတဲ့ ပထဝီဓာတ်တွေဟာ ပထဝီ ပထဝီချင်း ပေါင်းသွားတယ်။

အာပေါ အာပေါကာယံ အနုပေတိအနုပဂစ္ဆတိ၊

အာပေါ၊ အာပေါဆိုတဲ့ဓာတ်သည်။ အာပေါကာယံ၊ အာပေါဓာတ်သို့၊ အနုပေတိအနုပဂစ္ဆတိ၊ ကပ်ရောက်ပူးပေါင်းလေတော့၏။

အာပေါဓာတ်များဟာ အာပေါဓာတ်အချင်းချင်း ပေါင်းသွားတယ်။

အဲဒီလိုပဲ တေဇောဓာတ်သည် တေဇောဓာတ်အချင်းချင်း ပေါင်းသွားတယ်။ ဝါယောဓာတ်သည် ဝါယောဓာတ် အချင်းချင်း ပေါင်းသွားတယ်။

သတ္တဝါတွေရဲ့ ခန္ဓာကိုယ်ထဲက ရှိတဲ့ ဓာတ်လေးပါးသည် တူရာတူရာ ပြန်ပြီးတော့ ပေါင်းသွားကြတယ် ဆိုတော့ သတ္တဝါ ဟာ နောက်ထပ် ဖြစ်စရာမရှိတော့ဘူး။

သတ္တဝါတယောက် ပြတ်စဲသွားပုံကို သူက အဲဒီလို တွေး ခေါ်ကြံဆတယ်။ ဒါဖြင့် စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ အဲဒါတွေဟော မရှိဘူးလားလို့ ဆိုတော့ သူက အဲဒါတွေတော့ ရှိတယ်တဲ့။

အာကာသံဣန္ဒြိယာနိသင်္ကမန္တိ—တဲ့။

အဲဒီ ဣန္ဒြေတွေက ဘယ်ရောက်သွားသလဲဆိုတော့—

ဣန္ဒြိယာနိ၊ စက္ခုန္ဒြေဆိုတဲ့ မျက်စိမှာရှိနေတဲ့ အကြည်ဓာတ် အစရှိသော ဣန္ဒြေငါးပါးတို့သည်။ အာကာသံ၊ ကောင်းကင်သို့။ သင်္ကမန္တိ၊ ပျံ့သွားကြလေကုန်၏။

စက္ခုန္ဒြေ အစရှိတဲ့ ဣန္ဒြေငါးပါးကတော့ ကောင်းကင်ပျံ တက်သွားရောတဲ့၊ အဲဒါ သတ္တဝါတယောက် ပြတ်စဲသွားတာ နောက်ထပ် ဘာမှမဖြစ်တော့ဘူး။

ပထဝီ ပထဝီချင်း ပေါင်းသွားတယ်၊ တေဇော အာပေါ ဝါယော တူရာတူရာ ပြန်ပေါင်းပြီးတော့သွားတယ်။ ဣန္ဒြေ ငါးပါးကတော့ ကောင်းကင်ပျံတက်သွားတယ်။ အဲဒါကို သတ္တဝါတယောက် သေဘယ်လို ခေါ်တယ်—တဲ့။

သတ္တဝါတယောက်သေပုံကို သူ ဒီလိုကြံဆထားတယ်။

## ဗုဒ္ဓဝါဒနဲ့ အဇိတရဲ့ ရုပ်ကြမ်းဝါဒ

ဒေသနာတော် နည်းကတော့ ကံ စိတ် ဥတု အာဟာရ အကြောင်းတရားလေးပါးတို့ဖြင့် ပေါင်းရဖြစ်နေတဲ့ ဤသတ္တဝါတို့ရဲ့ ခန္ဓာကိုယ်ကြီးသည်—

အာယုဥသမာစ ဝိညာဏံ၊ ယဒါကာယံဇဟန္တိမံ။
အပဝိဒ္ဓါတဒါသေတိ၊ ပရဘတ္တံ အစေတနံ။

လို ဟောတဲ့ ပါဠိတော်များအရ သေတယ်ဆိုတာဟာ—

(၁) အာယုရယ်
(၂) ဥသ္မရယ်
(၃) ဝိညာဉ်ရယ်

ဒီသုံးခုပြတ်စဲသွားတာကို သေတယ်လို့ခေါ်တယ်—တဲ့။ ဒေသနာတော်နည်းက ဒီလိုပြောတယ်။

အဲဒီ သူကတော့ ပထဝီ-ပထဝီအစုဓာတ်ခိုင်းအရှိသဖြင့် ဓာတ်လေးပါး သူ့ဟာသူ ပြန်ပေါင်းသွား၊ ဣန္ဒြေတွေ ကောင်းကင်ပျံ့တက်သွား၊ အဲဒါပြီးရော၊ နောက်ထပ် ဘာမှ မရှိတော့ဘူး။

နောက်တခါ ဘာလာပြန်သေးသလဲ ဆိုယင်—

ဒတ္တုံ ပညတ္တံ ယဒိဒံ ဒါနံတေသံ တုစ္ဆာမုသာဝိလာပေါ၊ ယေ ကေစိအတ္ထိကဝါဒံ ဝဒန္တိ၊

ယဒိဒံ ဒါနံ၊ အကြင်ဒါနဆိုတဲ့လုပ်ငန်းဟာ။ ဒတ္တုပညတ္တံ၊ လူမိုက်တွေက သမုတ်ထားတာ၊ ပညတ်ထားတာ၊ ဟောထားတာ—တဲ့။

အဇိတကေသကမ္ဗလက ဟောပြောနေတာ—

လှူဘယ် တန်းတယ် ဆိုတဲ့ ဒါနမှုကို ဟောပြောပြီးတော့နေကြတာဟာ လူမိုက်တွေ ဟောနေတာတဲ့၊ လူမိုက်တွေ ဟောနေတာဆိုပြီးတော့ နောက်နားက ဘာပြောပြန်သေးသလဲဆိုယင်—

အဲဒီ လှူနေတဲ့ တန်းနေတဲ့ လူတွေက အလှန် အသိဉာဏ်နည်း မိုက်မဲတဲ့လူတွေ၊ လူပါးလူနပ်တွေက အလှူခံပြီးတော့ သွားတာတဲ့။ အဲဒါကြောင့် ဒါနလုပ်ငန်းဆိုတာဟာလဲ ဘာမှ အကျိုးမရှိတဲ့ လုပ်ငန်းတဲ့။

တေသံတုစ္ဆံမုသာဝိလာပေါ ယေကေစိအတ္ထိကဝါဒံ ဝဒန္တိ။

တေသံ၊ လှူတာအကျိုးရှိတယ်လို့ဆိုပြီးတော့ ဟောနေတဲ့ စကားသည်။ တုစ္ဆံ၊ အချည်းနှီးပဲပါပဲ။ မုသာ၊ အဲဒါ လိမ်ပြီးတော့နေတာတဲ့။

အဇိတကေသကမ္ဗလကြီး ပြောလိုက်တာ၊ ပြီးတော့ တခါ ဘာပြောပြန်သလဲဆိုတော့—

ကာယဿဘေဒါပဏ္ဍိတေစ ဗာလေစ ဥစ္ဆိဇ္ဇန္တိ ဝိနဿန္တိ၊

တေ၊ ထိုသတ္တဝါတို့သည်။ ကာယဿ၊ ခန္ဓာကိုယ်ကြီး၏။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ ပရံမရဏာ၊ သေသည်မှနောက်ကာလ၌။ ဥစ္ဆိဇ္ဇန္တိ၊ ပြတ်စဲကုန်၏။ ဝိနဿန္တိ၊ ပျက်စီးကုန်၏။

သတ္တဝါတယောက်ဟာ သေပြီးပြီဆိုလို့ရှိယင် ဘဝဟာ ပြတ်စဲသွားတာပဲ၊ နောက်ထပ် ဘာမှမဖြစ်တော့ဘူး။

အဲဒီလို အဇိတကေသကမ္ဗလ ထူထောင်သွားခဲ့တဲ့ နတ္ထိကဝါဒနဲ့ အလွန်ကြပ်းတမ်းတဲ့ ရုပ်ဝါဒလို့ အဲဒါမှတ်ထား၊ အဇိတရဲ့ ဝါဒပဲ။

## အစမှကို မြတ်နိုးကျင့်သုံး၍ ဓမ္မကို မှန်းတီးလျှင်

အဲဒီလို အစမှလို့ခေါ်တဲ့ မိစ္ဆာဒိဋ္ဌိတရား၊ ဒုစရိုက်တရား ဆယ်ပါးပေါ့—

(၁) ကာယဒုစရိုက် ၃—ပါး
(၂) ဝစီဒုစရိုက် ၄—ပါး
(၃) မနောဒုစရိုက် ၃—ပါး

မနောဒုစရိုက်သုံးပါးမှာ အခု ဘုန်းကြီး အကျယ်ချဲ့ပြီး တော့ ပြောသွားတာဟာ မိစ္ဆာဒိဋ္ဌိအကြောင်းကို အကျယ်ချဲ့ပြီး တော့ သွားပါတယ်။

ရှေ့ပိုင်းက ကာယ ဒုစရိုက်သုံးပါးဆိုတာ တို့ပရိသတ်အတွက် အကျယ်ချဲ့ ပြောစရာမလိုပါဘူး။ ပါဏာတိပါတ အကြောင်း လူတိုင်းသိတယ်။ အဒိန္နာဒါနအကြောင်း လူတိုင်းသိတယ်။ ဒါကြောင့် ဒါတွေကို အကျယ်ချဲ့ပြီးတော့ ပြောစရာမလိုဘူး။ မိစ္ဆာဒိဋ္ဌိအကြောင်းကိုတော့ အကျယ်ချဲ့ပြီး ပြောမှပဲဆိုပြီး အဇိတရဲ့ဝါဒကို သမိုင်းနဲ့ဘက္ကု အကျယ်ပြောလိုက်တော့ ဗုဒ္ဓ ကောလာဟလဖြစ်တဲ့ အချိန်ကစပြီးတော့ ဒိဝါဒကြီးပေါ်လာ တယ်လို့မှတ်ထား။

ဓမ္မဒေသိ၊ သူတော်ကောင်းတရားမှန်းတီးတဲ့ ပုဂ္ဂိုလ်သည်။ ပရာဘဝေါ၊ ပျက်စီးတတ်သည်။ ဟောတိ၊ ဖြစ်၏။

အဲဒီ အခုပြောပြထားတဲ့ ဒုစရိုက်ဆယ်ပါးကို ပြောင်းပြန် ပြန်ခဲ့ယင် သုစရိုက (သုစရိုက်)တရား ဆယ်ပါးလို့ခေါ်တယ်။

ကာယကံသုံးပါးရှောင်ကြဉ်ခြင်း၊ ဝစီကံလေးပါးကို ရှောင်ကြဉ်ခြင်း၊ မနောကံဖြစ်တဲ့ အဘိဇ္ဈာကိုရှောင်ကြဉ်ခြင်း၊ ဗျာပါဒကိုရှောင်ကြဉ်ခြင်း၊ ယခုပြောပြထားခဲ့တဲ့ မိစ္ဆာဒိဋ္ဌိတရားတွေကို ရှောင်ကြဉ်ခြင်း ဆိုတဲ့ ရှောင်ကြဉ်မှု ဆယ်ခုသည် သုစရိတ တရား ဆယ်ပါး ကောင်းစွာကျင့်သုံးအပ်တဲ့တရား—

အဲဒီလို ကောင်းစွာ ကျင့်သုံးအပ်တဲ့ တရားဆယ်ပါးကို—

ဓမ္မဒေဿီ၊ မုန်းတယ်ဆိုတဲ့ ပုဂ္ဂိုလ်သည်။ ပရာဘဝေါ၊ ပျက်စီးတတ်သည်။ ဟောတိ၊ ဖြစ်၏။

အဲဒီလို မိစ္ဆာဒိဋ္ဌိ အစရှိတဲ့တရားတွေ၊ ခုကန ပြောပြထားခဲ့တဲ့ ဒုစရိုက်ဆယ်ပါးကို ချစ်မြတ်နိုးပြီးတော့ သူတော်ကောင်းတရားကို မုန်းပြီး ဆိုလို့ရှိယင် အဲဒီ ပုဂ္ဂိုလ်တွေ ပစ္စုပ္ပန်ရော သံသရာပါ ဘယ်တော့မှ မကြီးပွားနိုင်ဘူး၊ ပျက်စီး တတ်ပါတယ် တဲ့။

ပျက်စီးခြင်းရဲ့ အကြောင်း တရားသည် အဲဒီလိုပဲမှတ်၊ သူတော်ကောင်းတရား မုန်းခြင်း၊ သူယုတ်မာ တရားကို မြတ်နိုးခြင်းသည် လောကပျက်စီးခြင်းရဲ့ အကြောင်း၊ သံသရာပျက်စီးခြင်းရဲ့ အကြောင်း တပါးပဲ ဆိုတာကို တို့ပရိသတ် အဲဒါ မှတ်ထားလိုက်ကြ။

ကြောက်စရာကောင်းတဲ့ ဒိဋ္ဌိပါဒါန်မှ ကင်းကြပါစေ

ဤမျှလောက်ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ အဇိတကေသကမ္ဗလရဲ့ မိစ္ဆာဒိဋ္ဌိဝါဒကို လက်ခံမိယင် ဘုန်းကြီးတို့ ပရိသတ်

သေသည်၏ အခြားမဲ့၌ အဲဒီပုဂ္ဂိုလ်ဟာ အပ္ပါယ်လေးပါးက မတက်တော့ဘူး။

ဤပစ္စက္ခဘဝမှာလဲ ကြည့်ပါ၊ အမေအဖေကို ရှိသေဖို့ မလိုဘူးဆိုတဲ့ မိစ္ဆာဒိဋ္ဌိ ဝါဒကြီးကို လက်ခံသွားခဲ့ယင်၊ မင်္ဂလသုတ္တန်ကို ပြန်ပြီးတော့ စဉ်းစားကြည့်—

မာတာပိတု ဥပဋ္ဌာနံ ပုတ္တဒါရဿသင်္ဂဟော၊

အဲဒီမင်္ဂလာတရားတွေ သူ့မှာ အကုန် ပျက်စီး သွားတယ်၊ ပရာဘဝနဲ့ မင်္ဂလာဆိုတာ အဲဒီလို ပြန်ပြောင်း ဆန့်ကျင့်ဘက်တွေ သွားကြတယ်၊ မင်္ဂလာသုတ္တန်မှာရှိတဲ့ ကြီးပွား ချမ်းသာကြောင်း မင်္ဂလာတွေကို သူဖျက်ဆီးပြီးတော့ ပစ်လိုက်တာ ဖြစ်ပါတယ်၊

မင်္ဂလာတရားတွေကို ဖျက်ဆီးပစ်လို့ ပရာဘဝခေါ်တဲ့ အဲဒီ ပျက်စီးကြောင်း တရားတွေကို လက်ခံမိယင်၊ အမေကို မရိုသေ၊ အဖေကို မရိုသေ၊ တမလွန် လောကကို မယုံကြည်ယင် အဲဒီ အဲဒီပုဂ္ဂိုလ်ရဲ့ ကျင့်နည်း၊ ကြံနည်း၊ နေနည်း၊ ထိုင်နည်းကို ဘုန်းကြီးတို့ ပရိသတ် စဉ်းစားကြည့်စမ်းပါ၊

အမေကိုလဲ မရိုသေ၊ အဖေကိုလဲ မရိုသေ၊ ဘုရား တရား သံဃာ ရတနာ သုံးပါးတို့လဲ ရိုသေခြင်းမရှိ၊ အဲဒါတွေလည်းမယုံကြည်၊ ငရဲ မယုံကြည်၊ နတ်ပြည် မယုံကြည် ဆိုပြီးတော့ ဘာဖြစ်ကုန်သလဲ ဆိုလို့ရှိယင်—

သေပြီး ဘာမှ ဖြစ်တော့မှာ မဟုတ်ပဲ၊ တဘဝကောင်းစားရေးအတွက် ဘယ်လိုပဲလုပ်လုပ်၊ ငါကောင်းစားအောင် လုပ်တော့မယ် ဆိုယင် အဲဒီပုဂ္ဂိုလ်ဟာ မိုက်တွင်းနက်လှပါပြီ၊ တဘဝ

ချမ်းသာခြင်း ကောင်းစားရေး အတွက်ပဲ သူ စဉ်းစားတော့တယ်။

အဲဒီပုဂ္ဂိုလ်ဘက် မိုက်ဘာ မရှိတော့ဘူး၊ ဒါကြောင့်ထိုပုဂ္ဂိုလ်သည် ပစ္စုပ္ပန်အတွက်ကျပြန်တော့လဲ ဘယ်နည်းနဲ့ ကြည့်ကြည့်၊ ဘယ်ဘက်က ကြည့်ကြည့်၊ သူ့မှာကောင်းတဲ့ အကျင့်ရယ်လို့ ကြည့်လို့မရတဲ့ အတွက်ကြောင့်၊ အဲဒါဟာ ပရာဘဝခေါ်တယ်၊ ပျက်စီးတယ်—

သာသနာမှာ ဖြင့်ယင်လည်းပဲ ထိုကဲ့သို့ မိစ္ဆာဝါဒဝင်ပြီးသေသွားယင် အဲဒါ အဝီစိငရဲပဲ—

"သတ္တဝါတယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လွန်သော အားဖြင့်၊ ဟောကြား ချွေချွတ်၊ ဖြေမလွတ်ဘူး၊ အချွတ်ခရ၊ နိယတဖြင့်၊ ဝါဒ လို၊ မြေကြီးမျိုလဲ ယူကို အမြဲ၊ စွန့်နိုင် ခဲ့သည်၊ ငရဲ ခံလိမ်မည် သောကြောင့်"

မဃဒေဝလင်္ကာမှာ ဆရာတော် ရေးထားခဲ့တယ်။

ဒိဋ္ဌုပါဒါန်ဆိုတာ သိပ်ပြီးတော့ ကြောက်စရာ ကောင်းတယ်၊ ဒီပြင် ဥပါဒါန်တွေထက် သူကပိုဆိုးတယ်၊ ကာမုပါဒါန်ကာမဂုဏ် ငါးပါးစွဲတဲ့ ဥပါဒါန်က တော်သေးတယ်၊ ထိုကာမဂုဏ်တွေ ပျက်စီးသွားတဲ့ နေ့ကျယင် ထိုဥပါဒါန်ဟာ လျော့သွားတယ်။

ဒိဋ္ဌုပါဒါန်များ ခွဲမိပြီဆိုသို့ ရှိယင်သွားရော၊ ဘုရားအဆူဆူပွင့်လို့ ဟောကြား ချွေချွတ်ပေမယ့် မကျွတ်တော့ဘူး၊ ဘဝအဆက်ဆက်၊ ကမ္ဘာအဆက်ဆက် ခံရရောပဲ။

ပထမ ဂါထာပြီးလို့ ဒုတိယမြောက် ဂါထာ ဟောတော်မူပါ

ကိုင်း - ပရာဘဝ အကြောင်း (၁)ပါးပြီးပြီ ဆိုကြပါစို့ဗျာ၊ နောက်တခု သွားကြဦးစို့။

ဣတိဟေတံဝိဇာနာမ၊ ပထမောသော ပရာပဝေါ။

ဒုတိယံဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတောမုခံ။

ဂေါတမ၊ ဂေါတမနွယ်ဖွား အို - ရှင်တော်မြတ် ဘုရား။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုရားရှင်ကိုယ်တော် မြတ်သည်။ ယထာယေန အာကာရေန၊ အကြင်သို့သော အခြင်းအရာအားအားဖြင့်။ ပရာဘဝမုခံ၊ သူတော်ကောင်းတရား မုန်းတီး၍ သူယုတ်မာတရား ချစ်ခင် မြတ်နိုးတဲ့ ပုဂ္ဂိုလ် ပျက်စီးခြင်းဆိုတဲ့ အကြောင်းကိုဖြင့်။ဘဂဝတာ၊ ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပါ၏။

တံ၊ ဤလောက ပျက်စီးခြင်းရဲ့ အကြောင်းဆိုတဲ့ ပထမ အကြောင်းကဖြင့်။ မယံ၊ ဘုရားတပည့်တော် တို့သည်။ ဝိဇာနာမ၊ သိကြရပါကုန်တော့သည်။ မြတ်စွာဘုရား။ သော၊ ထိုတရားမုန်းတီးတယ်ဆိုတဲ့ အချက်သည်။ ပထမော၊ ရှေးဦးစွာသော။ ပရာဘဝေါ၊ ပျက်စီးခြင်းရဲ့ အကြောင်းပါ မြတ်စွာဘုရား။

ဒုတိယံဘဂဝါဗြူဟိ၊ ကိံ ပရာဘဝတောမုခံ။

ဒုတိယံ၊ နှစ်ခုမြောက် ပျက်စီးခြင်းရဲ့ အကြောင်းတရားကို။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဗြူဟိ၊ ဟောကြားတော်မူပါ မြတ်စွာဘုရား။

ပရာဘဝတော၊နှစ်ခုမြောက်ပျက်စီးခြင်းရဲ့။ မုခံ၊အကြောင်း တရားသည်ကား။ ကိံ၊ အဘယ်တရားပင် ဖြစ်ပါတော့သနည်း အရှင်ဘုရား။

ဣတိ၊ ဤသို့။ ဒေဝပုတ္တော၊ နတ်သားသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ ဒုတိယံ၊ နှစ်ခုမြောက်သော။ ပရာဘဝမုခံ၊ ပျက်စီးခြင်းရဲ့အကြောင်း တရားကို။ အပုစ္ဆိ၊သိလိုရေးနှင့် မေးမြန်းရှာလေတော့သတည်း။

"သာဓု...သာဓု သာဓုပါဘုရား"

ဒုတိယမြောက် ပျက်စီးခြင်းရဲ့အကြောင်းကို ထပ်ပြီးတော့ မေးလျှောက်တဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က—

ဒုတိယမြောက်ပျက်စီးခြင်း အကြောင်းတရား ၃(ပါး)

(၂) အသန္တဿ ပိယာ ဟောန္တိ၊ သန္တေ နကုရုတေ ပိယံ။
အသတံ ဓမ္မံ ရောစေတိ၊ တံ ပရာဘဝတော မုခံ။
ဘောဒေဝပုတ္တ၊ အို—နတ်သား။

အသဿ၊ ထိုပုဂ္ဂိုလ်သည်။ အသန္တေ၊ သူတော်မဟုတ် သူယုတ်မာတို့ကို။ ပိယာ၊ ချစ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်တော့၏။ သန္တေ၊ သူတော်ကောင်းတို့ကို။ ပိယံ၊ ချစ်ခြင်းကို။ နကုရုတေ၊ မပြုပါ။

အသတံ၊ သူတော်မဟုတ် သူယုတ်မာတို့ရဲ့။ ဓမ္မံ၊ တရားကို။ ရောစေတိ၊ နှစ်သက်၏။ သတံ၊ သူတော်ကောင်းတို့ရဲ့၊ ဓမ္မံ၊ တရားကို။ နရောစေတိ၊ မနှစ်သက်ပါ။

တံ၊ ထိုသူယုတ်မာကို ချစ်ခင်၍ သူတော်ကောင်းကို မုန်းတီးခြင်း၊ သူယုတ်မာတရားကိုချစ်ခင်၍ သူတော်ကောင်းတရားကို မုန်းတီးခြင်းသည်။ ပရာဘဝတော၊ ပျက်စီးခြင်းရဲ့။ မုခံ၊ အကြောင်းတရားပါပေတည်း။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဒုတိယံ၊ နှစ်ခုမြောက်ဖြစ်တဲ့။ ပရာဘဝမုခံ၊ ပျက်စီးခြင်းရဲ့အကြောင်းတရားကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြား တော် မူလိုက်ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါဘုရား"

အသန္တဿပိယာဟောန္တိ အစရှိတဲ့ ဒုတိယ ဂါထာပုဒ်ကို ဘုရားရှင် ထပ်ပြီးတော့ မိန့်တော်မူလိုက်ပါတယ်။

အသန္တဿပိယာဟောန္တိ အဲဒါက အကြောင်းတပါး။

မာတိကာလေးများကို ဘုန်းကြီးတို့ပရိသတ်များ မှတ်မိအောင် လွယ်လွယ်လေး ဘာသာပြန်ပြီးတော့ ကြည့်လိုက်။

(၁) အသန္တဿပိယာဟောန္တိ—သူယုတ်မာကို ချစ်ခင်ခြင်း၊

(၂) သန္တေ နကုရုတေ ပိယံ—သူတော်ကောင်းကို မုန်းတီးခြင်း၊

(၃) အသတံ ဓမ္မံ ရောစေတိ၊ သူယုတ်မာတို့ရဲ့ တရားကို နှစ်သက်ခြင်း၊

"အခု ဒီဂါထာမှာ ဘယ်နှစ်ပါးလဲ တို့ ပရိသတ်"

"သုံးပါးပါဘုရား"

လောကပျက်စီးခြင်းရဲ့ အကြောင်းတရားဟာ—

သူယုတ်မာကိုချစ်ခင်ခြင်း၊
သူတော်ကောင်းကို မုန်းတီးခြင်း၊
သူယုတ်မာတရားကိုမြတ်နိုးခြင်း၊
ဆိုပြီးတော့ (၃) ပါး၊ ယခုနက ရှေးဦးစွာ ပြောပြထားခဲ့တာက သူတော်ကောင်းတရားကို မုန်းတီးခြင်း၊
ဒီတော့ ပြန်ပြီးကြည့်လိုက်မယ်ဆိုလို့ရှိယင်—
"ပရာဘဝတရား ပျက်စီးခြင်းရဲ့အကြောင်းတရား ဘယ်နှစ်ပါးရှိပြီလဲ"
"လေးပါးရှိပါပြီ ဘုရား"
"လေးပါး၊ မှတ်ပြီးတော့ထား။ သုတ္တန်ဆုံးပြီးတော့သွားတဲ့အခါကျယင် ဘယ်လောက်ရပြီးတော့သွားပြီလဲဟေ့ ဆိုလို့ရှိယင် သင်္ချာရေတွက်တတ်အောင်လို့ နော်"
"မှန်ပါဘုရား"
မင်္ဂလာတရား(၃၈)ပါး ဆိုတာကတော့ လူတိုင်းရဲ့နှုတ်ဖျားမှာ တစ်ဘာလဲ၊ နှစ်ဘာလဲဆိုလို့ရှိယင်တော့ အဲဒါတော်တော်ခက်သွားလိမ့်မယ် ထင်တယ်။ ယခုလဲပဲ ပရာဘဝတရားတွေ ဘုန်းကြီး ဟောပြီးနေတော့ နာမည်လေးလောက်တော့ တို့ပရိသတ် မှတ်ပြီးတော့ထား။

အသန္တ ဗာလနဲ့ ဗာလလက္ခဏာ(၃)ချက်

အသန္တဿ ပိယာ ဟောန္တိ
အသန္တဆိုတဲ့ ပုဂ္ဂိုလ်တွေကို ချစ်မြတ်နိုးတယ်၊ အသန္တဆို

တာ သူယုတ်မာကို ပြောတာ၊ အဲဒီ သူယုတ်မာဆိုတဲ့ ပုဂ္ဂိုလ်ကို မင်္ဂလာသုတ္တန်ကတော့ "ဗာလ"သဒ္ဒါနဲ့သုံးထားတယ်။

အသေဝနာစ ဗာလာနံ၊

ဆိုပြီးတော့ ဗာလသဒ္ဒါနဲ့ သုံးထားတယ်၊ လူမိုက်လို့ မင်္ဂလသုတ္တန်မှာ သုံးထားတယ်၊ ဒီပရာဘဝသုတ္တန်ကတော့ ဗာလဆိုတဲ့ ပုဒ်ရဲ့အဓိပ္ပာယ်ကို "အသန္တ"ဆိုတဲ့ ပါဠိပုဒ်ဖြင့် တမျိုးပြောင်းပြီး သုံးတယ်။

"သန္တ"ဆိုတာက သူတော်ကောင်း၊ အဲဒီသန္တရဲ့ ရှေ့နားမှာ "အ" လေးထည့်လိုက်တဲ့ အခါကျတော့ "အသန္တ" သူတော်ကောင်း မဟုတ်တော့ဘူး၊ သူယုတ်မာ၊ အဲဒါ "ဗာလ"နဲ့အတူတူပဲ။

ဒီတော့၊ ဗာလဆိုတဲ့ အသန္တဆိုတဲ့ သူတော်မဟုတ် သူယုတ်မာ၊ အဲဒီပုဂ္ဂိုလ်များကို ကျမ်းဂန်များက လက္ခဏာဖြင့်ဘယ်နှယ်ပြသလဲ ဆိုယင်၊ ဟို-မဇ္ဈိမနိကာယ်မှာ "ဗာလပဏ္ဍိတ" သုတ္တန်ဆိုပြီးတော့ ဗာလနဲ့ ပဏ္ဍိတကို ခွဲခြားပြတဲ့ သုတ္တန်တခု ရှိတယ်။

အဲဒီ ဗာလပဏ္ဍိတ သုတ္တန်မှာ ဗာလဆိုတဲ့ လူမိုက်ရဲ့အဓိပ္ပာယ်၊ အသန္တဆိုတဲ့ လူယုတ်မာရဲ့ အဓိပ္ပာယ်ကို ဘယ်လို ဖော်ပြထားသလဲဆိုယင် တိုတိုလေးရယ်၊ အဓိပ္ပာယ်မိတယ်။

ဒုစ္စိန္တိတစိန္တီစ ဟောတိ ဒုဗ္ဘာသိတဘာသီ ဘိက္ခဝေ ဗာလဿ ဗာလလက္ခဏာနိ၊

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ဗာလဿ၊ လူမိုက်ဆိုတဲ့ သူတော်ကောင်းမဟုတ် သူယုတ်မာရဲ့။ ဗာလ

လက္ခဏာနှိ၊ သူယုတ်မာ ဖြစ်ကြောင်း မကောင်းတဲ့ လက္ခဏာတို့ သည်။ ကတမာနိ တီဏိ၊ ဤသုံးပါးတို့ ပါပေတည်း။

သူယုတ်မာရဲ့ လက္ခဏာသုံးပါး—

"ဘုန်းကြီးတို့ ပရိသတ်များ၊ သူယုတ်မာရဲ့ လက္ခဏာ ဘယ်လောက်ရှိ"

"သုံးပါးရှိပါတယ် ဘုရား"

(က) ဒုစိန္တိတစိန္တီ — မကောင်းတာမှန်သမျှ သူ အကုန်လုံး ကြံစည်တယ်။

အဲဒီ လူယုတ်မာဖြစ်တဲ့ ပုဂ္ဂိုလ် ကြံစည်လိုက်ပြီ ဆိုမှဖြင့် မကောင်းတာတွေချည်း အကုန်ကြံစည်တယ်၊ ဘာတွေ ကြံစည် သလဲဆိုလို့ရှိယင် အခုနက ပြောခဲ့တဲ့ ဒုစရိုက်ဆယ်ပါး။

သူတပါးရဲ့ ပစ္စည်းကို ငါဘယ်လိုနည်းနဲ့ရအောင် ယူလိုက်ရပါ့မလဲဆိုတာ ကြံစည် နေတယ်၊ အဲဒါသူယုတ်မာရဲ့ အကြံ အစည်၊ အဲဒါ အဘိဇ္ဈာ။

ယူလို့ မဖြစ်တော့ဘူး၊ မရတော့ဘူးဆိုယင် အဲဒါတွေ ပျက်စီးကုန်အောင် ဘယ်လိုလုပ်ပြီး ဖျက်ဆီး လိုက်ရပါ့မလဲလို့ ကြံစည်တယ်၊ အဲဒါဗျာပါဒ။

အခုနက ဘုန်းကြီးပြောခဲ့တဲ့ လူ့တာအကျိုးမရှိ အစရှိတဲ့ ဆယ်ချက်သော မိစ္ဆာဒိဋ္ဌိတရားတွေကို အမြဲမပြတ် တွေးခေါ် စဉ်းစားပြီးတော့ နေတာက မိစ္ဆာဒိဋ္ဌိ—

မကောင်းသော ကြံစည်မှု သုံးပါး။

(၁) အဘိဇ္ဈာ

(၂) ဗျာပါဒ

(၃) မိစ္ဆာဒိဋ္ဌိ

"အဲဒီသုံးခုကို မပြတ် တရစပ်ကြံစည်တွေးခေါ် နေခြင်းသည် ဘာတဲ့တုန်းဗျာ"

"မိစ္ဆာဒိဋ္ဌိပါဘုရား"

"အဘိဇ္ဈာရယ်၊ ဗျာပါဒရယ်၊ မိစ္ဆာဒိဋ္ဌိရယ် အဲဒီသုံးခုကို ကြံစည်ပြီးတော့ နေခြင်းသည် တို့ပရိသတ် ဗာလလား၊ ပဏ္ဍိတ လား"

"ဗာလပါဘုရား"

"သန္တလား၊ အသန္တလား"

"အသန္တပါဘုရား"

"အသန္တ သူယုတ်မာတဲ့၊ အဲဒီသုံးခုကိုဘုန်းကြီးတို့ ပရိသတ် များ မကြံစည်ကြနဲ့"

"မှန်ပါဘုရား"

ဒုစိန္တိတစိန္တိ၊ မကောင်းတဲ့ အဲဒီမနောဒုစရိုက် သုံးပါးကို သာလျှင် အမြဲမပြတ် ကြံစည်၍ နေသည်လည်း။ ဟောတိ၊ ဖြစ် ၏။ တဲ့

ဒုစရိုက်သုံးပါး၊ မကောင်းတဲ့ မနောဒုစရိုက် သုံးပါးကို ကြံစည်၍ နေခြင်း—

အဲဒါ ဗာလရဲ့ လက္ခဏာတပါး။

နောက်တခါ—

## မကောင်းတာကြံ မကောင်းတာပြော မကောင်းတာလုပ်

### (ခ) ဒုဗ္ဘာသိတဘာသီစ ဟောတိ

ဒုဗ္ဘာသိတဘာသီစ၊ မကောင်းသဖြင့် မကောင်းတာ တွေကို သာလျှင် ပြောဆို၍ နေတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

မကောင်းတာတွေကိုပဲ အမြဲမပြတ် သူ့ပါးစပ်ကပြောတတ်တယ် တဲ့၊ ဘာတဲ့လဲဆိုယင် ဝစီဒုစရိုက်လေးပါး။

(၁) မုသာဝါဒ–အဲဒီပုဂ္ဂိုလ်ကြီး ပြောလိုက်သမျှ၊ ပြောပြောနေသမျှ စကားတွေဟာ တခုမှ မမှန်ဘူး၊ အကုန်လုံးလိမ်တာတွေချည်း ပြောနေတယ်၊ ဗာလဆိုတဲ့ ပုဂ္ဂိုလ်ကြီး တဲ့။

(၂) ပိသုဏဝါစာ–တဖွဲ့နဲ့ တဖွဲ့၊ တသင်းနဲ့ တသင်း၊ တယောက်နဲ့ တယောက်၊ တရပ်ကွက်နဲ့ တရပ်ကွက်၊ တအိမ်နဲ့ တအိမ် ရန်ဖြစ်မယ့်စကားတွေချည်း သူ တိုက်ပြီးတော့ ပေးနေတယ် တဲ့။

(၃) သမ္ဖပ္ပလာပဝါစာ–ပြောလိုက် သမျှ ဘာအကျိုးမှ မရှိတဲ့စကားတွေ၊ သက်သက်မယ့် အဖျင်းတွေအတင်းတွေချည်း သူ လျှောက်ပြီးတော့ ပြောတယ် တဲ့။

(၄) ဖရုသဝါစာ–ပြောလိုက်သမျှ တဘက်ကလူ နားထဲ ချမ်းကို မချမ်းသာဘူး။ နင်လားဟဲ့၊ ငါလားဟဲ့၊ တုတ်နဲ့ဓားနဲ့ ဆဲပြီးတော့ သတ်မယ် ဖြတ်မယ် ညှင်းဆဲမယ်၊ နားမချမ်းသာအောင် ကြိမ်းမောင်း ဆဲရေးတိုင်းထွာတဲ့ စကားကိုပဲ သူ မပြတ် ပြောတတ်တယ်၊ ကြမ်းတမ်းတဲ့စကား။

အဲဒီလို မကောင်းတဲ့ စကား (၄)မျိုးကို မပြတ် ပြောပြီး တော့နေခြင်း....

အဲဒါကိုလူမိုက် လူယုတ်မာတို့ရဲ့ လက္ခဏာတပါး။

နောက်တခါ....

(၈) ဒုက္ကတကမ္မကာရီစဟောတိ၊

ဒုက္ကတကမ္မကာရီစ၊ မကောင်းတဲ့လုပ်ငန်းတွေကို ပြုလုပ်တတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

အလုပ်ကျပြန်တော့လဲ မကောင်းတာတွေကိုပဲ အမြဲမပြတ်လုပ်တတ်တယ်၊ ဘာတွေတဲ့လဲဆိုယင် ကာယဒုစရိုက် (၃)ပါး။

(၁) ပါဏာတိပါတ—မိမိမှ တပါး သူ တ ပါး တို့အား ညှဉ်းဆဲမယ်၊သတ်ဖြတ်မယ်၊နှိပ်စက်မယ် ဒါတွေကိုပဲ သူ လုပ်နေတယ်တဲ့၊ ပါဏာတိပါတနဲ့ပတ်သက်လို့....

(၂) အဒိန္နာဒါနာ—သူတပါးပစ္စည်းကိုအတင်းယူ၊မတရားယူ၊ အဲဒီလို လူတပါးပစ္စည်းတွေကို တခါတည်း ခိုးခြင်း၊ ဝှက်ခြင်း လုခြင်း တိုက်ခိုက်ခြင်းဖြင့် မတရားယူတဲ့ အလုပ်ကိုပဲ သူ လုပ်ပါတယ် တဲ့။

(၃) ကာမေသုမိစ္ဆာစာရ—ကာမဂုဏ်ငါးပါးမှာ မှားမှားယွင်းယွင်း၊ လွန်လွန်ကျူးကျူး၊ ဖောက်ဖောက်ပြန်ပြန် အဲဒါတွေကိုပဲ သူ လျှောက်ပြီးတော့ ကျင့်သုံးနေတယ်တဲ့။

အဲဒီလို မကောင်းတဲ့ အလုပ်(၃)မျိုးကို အမြဲမပြတ် ပြုလုပ်နေခြင်း။

အဲဒါ လူယုတ်မာတို့ရဲ့ လက္ခဏာတပါး။

အဲဒီလို ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တွေကို ပြုလုပ်တယ်၊ ပြောဆိုတယ်၊ ကြံစည်နေတယ်ဆိုယင် ထိုပုဂ္ဂိုလ်သည် ဗာလ အသန္တပဲလို့ ဤသုတ္တန်မှာ ဖွင့်ဆိုပြထားတယ်။

ဒီတော့ မိစ္ဆာဒိဋ္ဌိအပိုင်းများ ကြည့်စမ်းပါဦး၊ စဉ်းစားတွေးခေါ်လိုက်ပုံက အဘိဇ္ဈာရယ်၊ ဗျာပါဒရယ် မိစ္ဆာဒိဋ္ဌိရယ်၊ ဒီသုံးခုကို ကြံစည်နေတယ်ဆိုတော့ အဲဒါ ဗာလထဲ ထည့်ထားတယ်။

အဘိဇ္ဈာဆိုတာက သူတပါး၏ စည်းစိမ် မရရအောင် အတင်းယူဖို့ ရှေ့ရှုပြီးတော့ ကြံစည်နေတာ။

ဗျာပါဒက အဲဒီစည်းစိမ်ဥစ္စာတွေကို ဖျက်စီးပစ်လိုက်မယ်လို့ ကြံစည်နေတာ။

မိစ္ဆာဒိဋ္ဌိက ငရဲမရှိ၊ နတ်ပြည်မရှိ စသည် မရှိတာတွေကို ကြံစည်နေတာ၊ လှူတာ အကျိုးမရှိ စသည် ကြံစည်နေတာကို မိစ္ဆာဒိဋ္ဌိလို့ဆိုတော့....

ဘယ်လိုလဲ—

ဘုန်းကြီးတို့ ဒီသုတ္တန်အရဆိုလို့ရှိယင် သူသည် အသန္တ—လူယုတ်မာ၊ မင်္ဂလသုတ္တန်အရဆိုလို့ရှိယင် သူသည် ဗာလဆိုတဲ့ လူမိုက်ဖြစ်သွားတယ်။

အဲဒါ ဒီကနေ့တော့ ဘယ့်နှယ်ဖြစ်လာသလဲဆိုတော့ အဲဒါတွေကို တွေးခေါ်စဉ်းစားနိုင်မှ လူလိမ္မာ ပညာရှိဖြစ်နေတယ်တဲ့၊ ကမ္ဘာအရပ်ရပ်မှာ ခေတ်စားလာတယ်။

အဲဒါတွေကို လူလိမ္မာပညာရှိ ထင်ပြီးတော့ ချစ်ခင်မြတ်နိုး ကိုးကွယ်မိယင်တော့ တို့ပရိသတ် အဲဒါ ပျက်စီးပြီဆိုတာ မှတ်ပေတော့။

အသန္တဿပယိယာ—သူယုတ်မာကို ချစ်ခင်မြတ်နိုးပြီ ဆိုယင်လဲ အဲဒီလို ဒုစရိုက်တွေကို ကျင့်သုံးပြီးတော့နေတဲ့ ပုဂ္ဂိုလ်တွေကို ဦးထိပ်ရွက်ပန်ဆင်ပြီးတော့ တို့ပရိသတ် ကိုးကွယ်ရပြီ ဆိုယင် အဲဒါ ပျက်စီးတော့တာပါပဲ။

## ပါကွလိငေါသာလကြီး

နောက်တခါ အဋ္ဌကထာက ဘယ့်နှယ် အဓိပ္ပာယ်တမျိုး ဖော်ပြန်သလဲဆိုလို့ ရှိယင် "ဆသာတ္ထာရ" ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေကိုလဲပဲ အသန္တလို့ ခေါ်တယ် တဲ့၊ လူယုတ်မာထဲမှာ ပါတယ်တဲ့၊ ဆသတ္ထာရဆိုတာ ဒိဋ္ဌိဆရာကြီးခြောက်ယောက်ကိုခေါ်တာ။

ယခုလို ဒုစရိုက်ဆယ်ပါးကို ပြောဆိုပြုလုပ် ကြံစည်နေတဲ့ ပုဂ္ဂိုလ်လဲပဲ အသန္တပါလ။

နောက်တမျိုး....မိစ္ဆာဒိဋ္ဌိဆရာကြီး(၆)ယောက်လဲပဲ အသန္တပါလ။

အဲဒီလို မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တွေကို ဆရာအဖြစ်နဲ့တင် ကိုးကွယ်ချစ်ခင်ပြီး သူတို့ရဲ့ ဝါဒတွေကို နှစ်သက်မြတ်နိုး၊ ဒုစရိုက်တွေကို ကျင့်သုံးပြီး မိုက်တူးနေတဲ့ ပုဂ္ဂိုလ်တွေကို ဆရာတင် ကိုးကွယ်မိယင် ပျက်စီးတော့တာပါပဲလို့၊ ပစ္စုပ္ပာန်သံသရာမှာ မကြီးပွားတော့ဘူးလို့ ဤသုတ္တန်မှာ မြတ်စွာဘုရား ပြတယ်။

တိတ္ထိဆရာကြီး (၆)ယောက်တို့အနက်ဘုန်းကြီးတို့ ပရိသတ်ကို အဇိတကေသကမ္ဗလ တယောက်သာ ဘုန်းကြီး ပြောခဲ့ပြီးပြီ၊ မာက္ခလိဂေါသာလတယောက်ကို ဒီနေရာ ပြောကြဦးစို့ပေါ့၊ အကုန်တော့ မပြောနိုင်ဘူး၊ တယောက်လောက်ပဲ ပြောကြဦးစို့။

"ဆသတ္ထာရ"ဆိုတဲ့ တိတ္ထိဆရာကြီး (၆)ယောက် ထဲ က မာက္ခလိ ဂေါသာလဆိုတဲ့ တိတ္ထိဆရာကြီး တဲ့။

"တို့ပရိသတ်၊ ဘယ်သူတုန်းဗျာ"

"မာက္ခလိ ဂေါသာလပါဘုရား"

မာက္ခလိဂေါသာလဆိုတာက မ ရေးချလေးနဲ့ ဟိုဘက်ကကြီးနဲ့ ခရွေးဆင့်ပြီးတော့ လကို လုံးကြီး တင်ထားတယ်၊ အဲဒါ မာက္ခလိ၊ ကကြီးနဲ့ ခရွေးဆင့်ထားတဲ့နေရာမှာ ကကြီးကို ဖယ်ထားမယ်ဆိုလို့ရှိယင် မာခလိလို့ ဖြစ်လာတယ်။

အဲဒီ မာခလိကနေ ကကြီးထပ်တိုးလာတော့ မာက္ခလိ၊ အဲဒီ ပါဠိပုဒ်တပုဒ်ဟာ အဓိပ္ပာယ်တခုရတယ်၊ ဂေါသာလ ဆိုတဲ့ ပုဒ်က အဓိပ္ပာယ်တခု ရတယ်၊ ဂေါသာလဆိုတာကဘာတဲ့လဲ။

ဂေါသာလေဇာတတ္တာ ဂေါသာလောတိဝုစ္စတိ တဲ့။

ဂေါသာလေ၊ နွားခြံထဲ၌။ ဇာတတ္တာ၊ မွေးတဲ့ အတွက်ကြောင့်။ ဂေါသာလောတိ၊ ဂေါသာလ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

နွားခြံထဲမှာ မွေးလာတဲ့ အတွက်ကြောင့် အဲဒီပုဂ္ဂိုလ်ကြီးကို ဂေါသာလလို့ ခေါ်ပါတယ် တဲ့၊ နွားခြံထဲမှာ မွေးလာတဲ့ ပုဂ္ဂိုလ်ကြီး တဲ့။

တိတ္တိဂိုဏ်းဆရာကြီး တွေထဲမှာ ဘုန်းကြီးတို့ ပရိသတ်များ စဉ်းစားပြီးတော့ ကြည့်လိုက်စမ်းပါ။

"နွားခြံထဲ မွေးလာတဲ့ ပုဂ္ဂိုလ်ကြီးကို ဘယ်လို ခေါ်သတဲ့လဲ"

"မက္ခလိဂေါသာလလို့ ခေါ်ပါတယ်ဘုရား"

"မက္ခလိ မထည့်ကြပါနဲ့ဦး၊ တို့ပရိသတ်ဂေါသာလနော်၊ မက္ခလိအဓိပ္ပာယ် မပြောရသေးဘူး"

"မှန်ပါဘုရား"

နွားခြံထဲ နွားတင်းကုတ်ထဲမွေးလို့ ဂေါသာလ ခေါ်တဲ့ ပုဂ္ဂိုလ်ကြီးက အလွန်ဆင်းရဲပြီးတော့ နေတဲ့အမျိုး။

အရွယ်လေးတော်တော်ကြီးပြင်းလာတော့ စားရေး နေရေး ဝတ်ရေး ကျပ်တည်း ဆင်းရဲလွန်းအားကြီးလို့ သူကဘာလုပ်သလဲဆိုတော့ သဌေးတယောက်အိမ် သွားပြီးတော့ အမှုထမ်းတယ်။

## ဆိဝယ်ကြဉ်းမလားဗျို့ ဆိ–ဆိ

ရှေးတုန်းကတော့ အဲဒါကို"ကျွန်"လို့ခေါ်တယ်၊ သဌေးအိမ်မှာ ကျွန်အဖြစ်နဲ့သွားပြီး အလုပ်လုပ် လုပ်တော့ ဘာလုပ်ရသလဲဆိုလို့ရှိယင် အဲဒီသဌေးက ဆီရောင်းတဲ့ သဌေး ဆိုပဲ၊ ဆီရောင်းတဲ့ သဌေးဆိုတော့ ဂေါသာလကို ဆီအိုးကြီးတွေ ထမ်းခိုင်းပြီးတော့ အရပ်တကာ၊ နယ်တကာ မြို့တကာလှည့်ပြီးတော့ ဆီရောင်းရတယ်။

အဲဒီလို ဆီလှည့်ပြီးတော့ ရောင်းနေတဲ့ဂေါ်သာလကိုမိုးရာသီကလည်း ဖြစ်တော့ မိုးတွေကရွာ၊ လမ်းတွေမှာ ရေတွေရှိပြီး ရွှံ့တွေဗွက်တွေထပြီးတော့ချော်နေတဲ့အခါ ဆီသဌေးကနောက်ကနေပြီးတော့ ဂေါ်သာလကိုပြောတယ်။

မာခလိဂေါ်သာလ

ဂေါ်သာလ၊နွားခြံထဲမှာမွေးတဲ့အတွက်ကြောင့် ဂေါ်သာလအမည်ရတဲ့ အမောင်။ မာခလိ၊ ချော်မလဲစေနဲ့။

မာခလိဆိုတာ ချော်မလဲစေနဲ့ဆိုတဲ့ အဓိပ္ပာယ်ရတယ်။

ဟဲ့—နွားခြံထဲမွေးတဲ့အမောင်၊ဆီအိုးထမ်းပြီးတော့ရောင်း၊မင်း ချော်မလဲစေနဲ့၊ မာခလိ ချော်မလဲ့ စေနဲ့၊ နောက်ကနေတတွတ်တွတ်ပြော၊ အဲဒီလို ကြပ်ကြပ် သတိပေးပါ မျှားယင်ချော်တတ်တယ်။

အဲဒီလို ချော်မလဲစေနဲ့၊ ချော်မလဲစေနဲ့လို့ ပြောယင်းပြောယင်းနဲ့ အရပ်တကာ နယ်တကာ လှည့်ပြီး ဆီရောင်းတော့ တော်တော်လေးလည်းကြာရော ဘာဖြစ်သလဲဆိုတော့ တနေ့ရာမှာ မိုးတွေရွှဲစို ရွှံ့တွေကလဲမြေစေးတွေဖြစ် ဗွက်ပေါက်နေတဲ့ နေရာဆိုတော့ ဆီအိုးကြီးနဲ့ ချော်လဲပါလေရော၊ အဲဒီမှာ ဆီအိုးတွေ အကုန်မှောက်ပြီး ကွဲကုန်တယ်။

အဲဒီတော့ သဌေးဖြစ်သူက ဒါလောက်တောင် နောက်ကနေ တတွတ်တွတ်နဲ့ သတိပေးနေလျက်သားနဲ့ဒီကောင်ချော်လဲပြီးတော့ ဆီအိုးကွဲရကောင်းလားဆိုပြီးစိတ်ဆိုးဆိုးနဲ့ ရိုက်မလို့နောက်ကနေ ဖမ်းပြီး ဆွဲမိဆွဲရာ ဆွဲလိုက်တာ ပုဆိုးစဆွဲမိတယ်။

ပုဆိုးစ ဆွဲမိတော့ ဂေါသာလဆိုတဲ့ပုဂ္ဂိုလ်ကြီးဟာအရိုက် ခံရမှာစိုးလို့ ကြောက်ကြောက်လန့်လန့် ပုဆိုး ချွတ်ထားခဲ့ပြီး တော့ ထွက်ပြေးတယ်၊ သဋ္ဌေးက နောက်ကနေလိုက် သူက ပုဆိုးမပါပဲနဲ့ ရှေ့ကနေ တအားပြေးရော။

ကြောက်လို့ပြေးတာ၊ ပြေးတဲ့လူဆိုတာ လိုက်တဲ့လူထက် ပိုပြီးတော့ မြန်တယ်၊ လိုက်တဲ့လူက သဋ္ဌေးလဲ ဖြစ်နေတော့ မှီအောင် မလိုက်နိုင်ဘူး၊ ရေတွေကလည်း ရွှဲ၊ လမ်းတွေကလည်း ချော်နေတယ်။

ဂေါသာလကြီးဟာရှေ့ကနေပြေးယင်း ပြေးယင်း တဖြည်း ဖြည်းနဲ့ မြို့စွန် ရွာစွန် တောစွန်ဇနပုဒ်ကလေး၊ ပစ္စန္တရာစ်အရပ် ကလေး ရောက်သွားတယ်၊ ရောက်သွား ပြီးတော့ သစ်ပင်ရိပ် တခုမှာ ခပ်မောမောရှိတာနဲ့ လှဲပြီးတော့ အိပ်လိုက်တယ်၊ ခါး အဝတ်မရှိရှာဘူး။

ဂေါသာလကြီး မောမောနဲ့ လှဲပြီးတော့ အိပ်နေတုန်း အဲဒီ ကျေးရွာ ဇနပုဒ်က လူတွေကလဲပဲ၊ ဘုန်းကြီး အခုနက ပြောခဲ့ တဲ့ ဗုဒ္ဓကောလာဟလ ဘုရား ပွင့်မယ်ဘုရား ပွင့်မယ်ဆိုတဲ့ ဗုဒ္ဓ ကောလာဟလ ဖြစ်နေလို့ ဘုရားရှာနေတဲ့အချိန် အဝတ်မရှိ တဲ့ ဂေါသာလကလဲ သစ်ပင်ရင်း အိပ်နေတာ တွေ့ကြရော—

## အဟောဘုက ဝါဒကြီး ထူထောင်လိုက်ပြီ

အဲဒီကျေးရွာ ဇနပုဒ်က လူတွေက လယ်တော ယာတော သွားမလို့ ထမင်းချိုင့် ဟင်းချိုင့် ကလေးတွေနဲ့ ထွက်ပြီးတော့ အလာမှာ ဂေါသာလကြီးကို သစ်ပင်ရင်းမှာ တွေ့တော့၊ ဟာ

တကယ့်ကို ပရမတ္ထ အလွန်မြတ်တဲ့ အကျင့်ကိုကျင့်တဲ့ ပုဂ္ဂိုလ်ကြီးပဲ၊ ကိလေသာများ ခေါင်းပါးလိုက်ပုံက အဝတ်တောင် မဆောင်တော့ဘူး၊ ဒီလို တွေးကြတာ။

ကိလေသာ ခေါင်းပါးပြီးတော့ အလိုနည်းလိုက်တာ၊ ပရမ အပိစ္ဆ—အလွန် အလိုနည်းတဲ့ ပုဂ္ဂိုလ်ကြီးပဲ၊ ခါးအဝတ်တောင် မဝတ်ဘူး၊ လောကမှာ ဘုရားပွင့်လိမ့်မယ်လို့ ဆိုတယ်၊ ဒီပုဂ္ဂိုလ်ကြီးဟာ ဘုရား ဖြစ်လေရော့ သလား ဆို ပြီးတော့၊ အဲဒီမှာ ထမင်းချိုင့် ဟင်းချိုင့်ကလေးတွေချ၊ ထိုင်ပြီးတော့ ရှိခိုးကြတာ ကိုး—

အဲဒီလို ထိုင်ပြီးတော့ ရှိခိုးနေကြတုန်း၊ ဟိုပုဂ္ဂိုလ်ကြီးကလဲ မောမောရှိတာနဲ့ သစ်ပင်ရိပ်မှာ အိပ်ပျော်နေရာက တရေးနိုးလို့ ကြည့်လိုက်တော့ လူတွေ သူ့ ဘေးဝိုင်းနေတာ တွေ့ရတယ်။

အဲဒီတော့ ဒီလူတွေ ဘာပြုလို့ ငါ့ကိုဝိုင်းပြီးတော့ ကြည်ညိုပြီးတော့ ရှိခိုး၊ ထမင်းပွဲတွေနဲ့ ကိုးကွယ်နေကြပါလိမ့်မလဲလို့ တွေးပြီး သူ့ကိုသူ ကြည့်လိုက်တော့ ငါအဝတ် မဝတ်လို့ ငါ့ကို အပိစ္ဆာ—အလွန်အလို နည်းတဲ့ ပုဂ္ဂိုလ်ကြီး တယောက်လို့ အထင်ကြီးပြီး ကိုးကွယ်နေကြတာပဲ။

ဒီလို ပစ္စည်းလေးဖြာ လာဘ်လာဘပေါ်အောင် ဒီအကျင့် ဆက်ပြီး ကျင့်သုံးတာ ကောင်းပါတယ် ဆိုပြီးတော့ အဲဒီနေ့ကစပြီး အဝတ်မဝတ်တော့ပဲနဲ့ ဘုရားလုပ်တော့တာပါပဲ၊ သူ့ကိုယ်သူ ဘုရားလို့ ကြွေးကြော်ပြီးတော့ သူကလည်းအဲဒီမှာ မိစ္ဆာ ဒိဋ္ဌိဝါဒတရပ် ထူထောင်လိုက်တယ်။

ဂေါသာလကြီးဟာ ဂိုဏ်းဆရာကြီးလုပ်ပြီးတော့ ဝါဒတွေ ဟောပါတယ် တဲ့၊အဲဒီမက္ခလိဂေါသာလကြီးဟောတဲ့ဝါဒ က ဘာတဲ့လဲ ဆိုလို့ရှိယင်—

•နတ္ထိဟေတု နတ္ထိပစ္စယော သတ္တာနံ သံကိလေသာယ၊ အဟေတု အပစ္စယာ သတ္တာသံကိလိဿန္တိ၊ နတ္ထိဟေတု နတ္ထိပစ္စယော သတ္တာနံဝိသုဒ္ဓိယာ အဟေတုအပစ္စယာ သတ္တာဝိသုဇ္ဈန္တိ။

သူ့ဝါဒကို ပါဠိတွေထဲကနေ အတိုချုပ်လိုက်ယင် အဲဒါလို ရင်းပါပဲ။

ဒီတော့ သူ့နာမည်သည် နွားခြံထဲမှာ မွေးတဲ့ အတွက် ကြောင့် ဂေါသာလ ခေါ်တယ်လို့စောစောက ပြောခဲ့ပြီးပြီ။

မာခလိ ချော်မလဲစေနဲ့၊ ချော်မလဲစေနဲ့လို့ ပြောယင်းပြောယင်းနဲ့ ချော်လဲတဲ့အတွက်ကြောင့် အဲဒီစကားလေးပါးပေါင်းလိုက်တော့ မာခလိ ဂေါသာလ၊ ကကြီးလေးကို ခခွေးအပေါ် ဆင့်လိုက်တော့ မက္ခလိဂေါသာလ ဖြစ်လာတယ်။

အဲဒါသူလဲပဲ သူ့ကိုယ်သူဘုရားဆိုပြီးတော့ ကြွေးကြော်ကာ အခုပြောခဲ့တဲ့ ဝါဒတွေ ထူထောင်ပြီး ဟောခဲ့တာပဲ။

သတ္တာနံ၊ သတ္တဝါတို့ရဲ့။ သံကိလေသာယ၊ ညစ်နွမ်းဖို့ရန် အတွက်။ အ—ဟေတု၊ အကြောင်းဆိုတာလဲ မရှိ၊ အ—ပစ္စယာ၊ အထောက်အပံ့ဆိုတာလည်း မရှိပါ။

သတ္တဝါတွေမှာ လောကဆင်းရဲကြောင်း၊ညစ်နွမ်းကြောင်း ဆိုတာတွေဟာ ဘာအကြောင်းမှ မရှိပဲနဲ့ သတ္တဝါတွေ ဆင်းရဲကြတယ်၊ အကုသိုလ် ဆိုတဲ့ အကြောင်း မရှိဘူးပေါ့၊ အဲဒီ

အကုသိုလ်ကို ပယ်လိုက်တယ်၊ အကြောင်းမဲ့ သက်သက်သတ္တဝါ တွေ ဆင်းရဲကြတယ်။

သတ္တာနံဝိသုဒ္ဓိယာ အဟေတု အပစ္စယာ၊

သတ္တာနံ၊ သတ္တဝါတို့ရဲ့။ ဝိသုဒ္ဓိယာ သန့်ရှင်းစင်ကြယ်ဖို့ ရန်အတွက်။ အ - ဟေတု၊ အကြောင်း ဆိုတာလဲ မရှိပါ၊ အ - ပစ္စယာ၊ အထောက်အပံ့ဆိုတာလဲ မရှိကြပါ။

သတ္တဝါတွေ ကိလေသာ သန့်ရှင်းစင်ကြယ်တယ်၊ ချမ်းသာ တယ်ဆိုတာလဲ ဘာအကြောင်းမှ မရှိဘူး၊ အကြောင်းမဲ့ သက် သက် သတ္တဝါတွေဟာ ကိလေသာမှ သန့်ရှင်းပြီးတော့ ချမ်းသာ ကြတယ်လို့—

အဲဒီမှာ "အဟေတုကဝါဒ"ကြီး ယူထောင် လိုက်တာ။

သတ္တဝါများရဲ့ ချမ်းသာကြောင်း၊ သတ္တဝါများရဲ့ ဆင်းရဲ ကြောင်းဆိုတာ ဘာအကြောင်းမှ မရှိပဲနဲ့ ဆင်းရဲချမ်းသာတယ် လို့ အဲဒီဝါဒကြီးကို သူဟောတော့တာပါပဲ။

## လူသားများမှာ ရှိတဲ့ ခွန်အား (၅)မျိုး

အဲဒီသူဟောတဲ့ အထဲမှာ ဘာပါသေး သလဲဆိုယင်—

နတ္ထိဗလံ နတ္ထိဝီရိယံ နတ္ထိ ပုရိသထာမော နတ္ထိ ပုရိသ ပရက္ကမော၊

အဲဒါလေးလဲ ပါသေးတယ်၊ အဲဒါလေးနဲ့ တို့ပရိသတ်ကို ဖောက်သည် ပြန်ချချင်လို့—

နတ္ထိဗလံ နတ္ထိဝီရိယံ

သတ္တာနံ၊ သတ္တဝါတို့ရဲ့။ ဗလ၊ ခွန်အား စွမ်းအား ဆိုတာ လဲပဲ။ နတ္ထိ၊ မရှိပါဘူး။

"ဘုန်းကြီးတို့ ပရိသတ်များ မြတ်စွာဘုရားရှင်ရဲ့ ဒေသနာ တော် နည်းအရ၊ ဒီကနေ့ တို့ပရိသတ်မှာ ခွန်အားဆိုတာ မရှိ ဘူးလား၊ ရှိသလား"

"ရှိပါတယ် ဘုရား"

"ခွန်အားရှိတယ်၊ ဒါဖြင့်ယင် တို့ပရိသတ် ခွန်အားဘယ်နှစ် ပါး ရှိသလဲ"

"ငါးပါး ရှိပါတယ်ဘုရား"

"ငါးပါး၊ အဲဒီငါးပါးက ဘာတွေ ဘာတွေတဲ့လဲ"

"........"

"ကိုင်း၊ တရေးလောက်အိပ်ပြီး စဉ်းစားကြ ဦးစို့လား"

သဒ္ဒါဗလံ ဝီရိယဗလံ သတိဗလံ သမာဓိဗလံ ပညာဗလံ—

"ဘယ်နှစ်ပါးတုန်းဗျာ"

"ငါးပါးပါ ဘုရား"

သဒ္ဒါဆိုတာ ခွန်အား—

ဝီရိယဆိုတာ ခွန်အား—

သတိဆိုတာ ခွန်အား—

သမာဓိဆိုတာ ခွန်အား—

ပညာဆိုတာ ခွန်အား—

"ခွန်အား ဘယ်နှစ်ပါးလဲ"

"ငါးပါးပါ ဘုရား"

သူတော်ကောင်းတရား ကြိုးစားပွားများ အားထုတ်မယ် ဆိုတဲ့ တို့တရားနာ ပရိသတ်မှာ အဲဒီ ခွန်အား ငါးမျိုးဆိုတာ ရှိတယ် တဲ့။

သဒ္ဓါတရားရှိမှ အလုပ်လုပ်လို့ ဖြစ်တယ်၊ ဒါန ကောင်းမှုပြုမယ်၊ သီလဆောက်တည်မယ်၊ သမထဝိပဿနာ ဘာဝနာ ပွားများမယ်၊ ဘာပဲလုပ်လုပ် သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဒီခွန်အား ငါးမျိုးရှိမှ အလုပ်လုပ်လို့ ဖြစ်ဘယ်။

အဲဒါ မာဂဓလိ ဂေါသာလကြီးက ဘာပြော လိုက်သလဲ နတ္ထိဗလံ တဲ့၊တို့တရားနာ ပရိသတ်မှာ ဗလဆိုတဲ့ အဲဒီဗိုလ် ငါးပါး အားငါးပါးရှိကို မရှိဘူး တဲ့။

"တို့ပရိသတ် ကြိုက်သလား မကြိုက်ဘူးလား"

"မကြိုက်ပါဘုရား"

"အမယ်၊ ကြိုက်တဲ့လူများပုံရတယ်၊ နောက်နားက ငြိမ်နေတာပဲ၊ ခွန်အား ငါးပါးရှိဘယ်ဆိုယင် အလုပ်လုပ်ရတော့မှာ နော်"

"မှန်ပါဘုရား"

ခွန်အားမရှိဘူးဆိုယင်လုပ်စရာမလိုဘူး၊ခွန်အားရှိယင်အလုပ်လုပ်ရမှာပဲ ကြောက်တဲ့လူတွေက ခွန်အားမလိုဘူးတဲ့၊ မာဂဓလိ ဂေါသာလကြီး ဟောတာ—

သဒ္ဓါဗလံ၊ သဒ္ဓါတရားဆိုတာ ခွန်အားရှိတယ်၊ သဒ္ဓါခွန်အားရှိယင် အဲဒီခွန်အားနဲ့ အလုပ်လုပ်။

ဝီရိယဗလံ၊ ဝီရိယဆိုတာ ခွန်အားရှိတယ်၊ ဝီရိယကို စွမ်းအားထုတ်ပြီးတော့ အလုပ်လုပ်ပါ။

သတိဗလံ သတိဆိုတာ ခွန်အား တဲ့၊
သမာဓိဗလံ သမာဓိဆိုတာ ခွန်အားပဲ၊
ပညာဗလံ ပညာဆိုတာ ခွန်အား၊

ဗလ ဗိုလ်ဆိုတာ အားတွေပါ၊ ဗုဒ္ဓဂေါတမက အဲဒီအား ငါးမျိုးရှိတယ်လို့ ဆိုတယ်၊ မာက္ခလိ ဂေါသာလကြီးက ဗလ ဆိုတာ မရှိဘူး၊ ဒီဗိုလ်တွေ အားတွေဆိုတာ ဘာမှမရှိဘူးတဲ့။

ဌာန အဲဒီအားငါးမျိုးကို အစွဲပြုပြီးတော့ အားထုတ်ရ တယ်ဆိုတဲ့ လုပ်ငန်းဆိုတာလဲ မရှိဘူး။

နတ္ထိဝီရိယံ၊ သီခြားထုတ်လိုက်ရတဲ့ ဝီရိယ စွမ်းရည်နဲ့အလုပ် လုပ်တယ်ဆိုတာ မရှိပါဘူးတဲ့။

'ကိုင်း၊ တို့ပရိသတ် လုပ်စရာလိုသေးလား"

"မလိုပါဘုရား"

"ခွန်အား ငါးမျိုးမရှိဘူးဆိုယင် ဘာလုပ်ဖို့ လိုတော့လဲ၊ ဘာမှလုပ်ဖို့ မလိုတော့ဘူး"

ဒါကြောင့်မို့လို့ အဲဒီအားတွေ မရှိဘူး၊ ဗလဝီရိယ ဒါတွေ မရှိဘူး၊ မလိုဘူးဆိုတဲ့ ဝါဒတွေ ဘယ်သူ ဟောသွားတာလဲ ဆိုယင် တို့ပရိသတ် မှတ်ပြီးတော့သာ ထားလိုက်ကြ၊ မာက္ခလိ ဂေါသာလကြီး ဟောသွားတာ။

နွားခြံထဲက ဘုရားကြီး ဟောသွားတာလို့မှတ်ထားနော်"

"မှန်ပါဘုရား"

"အဲဒါ ကြိုက်ယင်လဲ ကျင့်သုံးကြ"

## အသန္တ ပုဂ္ဂိုလ်တွေကို ဦးထိပ်ပန်ဆင်ခဲ့လျှင်

အသန္တသြပိယာဟောနိုတဲ့၊ အဲဒီလို အသန္တခေါ်တဲ့မာကွလို ဂေါသာလတို့လို မိစ္ဆာဒိဋ္ဌိ လူယုတ်မာကြီးတွေကို မိစ္ဆာဒိဋ္ဌိ ဂိုဏ်းဆရာကြီးတွေကို ချစ်ခင်ခဲ့မယ်၊ မြတ်နိုးခဲ့မယ်ဆိုယင်—

"တို့ပရိသတ် ကြီးပွားဦးမလား"

"မကြီးပွားပါဘုရား"

"ဘာဖြစ်ကုန်ကြမလဲ"

"ပျက်စီးကုန်မှာပါ ဘုရား"

"ပျက်စီးကုန်ကြမယ်"

ပျက်စီးခြင်းရဲ့ အကြောင်းဆိုတာ အဲဒါကိုပြောတာ၊သူတော်ကောင်းတရားမှ ဆုတ်ယုတ် ပျက်စီးတယ်၊ ပစ္စုပ္ပန်ကြီးပွားကြောင်း ချမ်းသာကြောင်းမှ ဆုတ်ယုတ်တယ်၊ ပျက်စီးတယ်၊ ဂုဏ်သတင်းတွေ ဆုတ်ယုတ်တယ် ပျက်စီးတယ်။

အဲဒီမာကွလိ ဂေါသာလကြီးတို့လို မိစ္ဆာဒိဋ္ဌိ ဂိုဏ်းဆရာကြီးတွေကို ဆရာတင်၊ ဘုရားလုပ်ပြီးတော့ ကိုးကွယ်မိယင် လောကမှာလည်းပဲဂုဏ်သတင်းတွေ ကျဆင်း အရှိန် အစော် အကျော် အစောတွေလဲအကုန်ကျဆင်းပြီးတော့ သံသရာ ကျပြန်တော့လဲ အပါယ်လေးပါးဘေး နော်။

ဒါကြောင့်မို့လို့ ပျက်စီး ခြင်းရဲ့ အကြောင်းဟာ ဒါပဲ၊ မာကွလိဂေါသာလရဲ့ဝါဒ အဲဒါ မှတ်ပြီးတော့ ထားလိုက်။

ဒီတော့အသန္တဆိုတဲ့ သူယုတ်မာဆိုတာ ဘုန်းကြီး အခုနက ပြောခဲ့ပြီးပြီ (၂)မျိုးရှိတယ်။

(၁) ဒုစရိုက်ဆယ်ပါး ကျင်သုံးပြီးတော့ မကောင်းတာကြံစည်၊ မကောင်းတာပြော၊ မကောင်းတာလုပ်နေတဲ့ ပုဂ္ဂိုလ်ဟာလည်းပဲအသန္တလို့ခေါ်တဲ့ သူယုတ်မာမျိုး၊
(၂) မိစ္ဆာဒိဋ္ဌိဂိုဏ်းဆရာကြီး (၆)ယောက်ဟာလဲပဲအသန္တလို့ခေါ်တဲ့ လူယုတ်မာတမျိုး၊

"အဲဒီ ပုဂ္ဂိုလ်ကြီးတွေကို ချစ်ခင်မြတ်နိုး အားကိုးခြင်း၊ ကိုးကွယ်ခြင်း လုပ်ခဲ့ယင်၊အဲဒီပုဂ္ဂိုလ် တွေဟာ ကြီးပွားမလား"

"မကြီးပွားပါဘုရား"

"မကြီးပွားဘူး၊ မကြီးပွားယင် ဘာဖြစ်မလဲ"

"ပျက်စီးမှာပါ ဘုရား"

"ပျက်စီးတတ်ပါတယ် တဲ့"

အသန္တေဿပိယာဟောန္တိ—

အသန္တဿ၊ သူတော်မဟုတ် သူယုတ်မာတွေကို၊ ပိယာ၊ချစ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သန္တေ၊ သူတော်ကောင်းတို့ကို။ ပိယာ၊ ချစ်ခြင်းကို။ နကုရုတေ၊ မပြုပါ။

သူယုတ်မာတွေကိုတော့ ချစ်ခင်မြတ်နိုးပြီးတော့ သူတော်ကောင်းတွေကို ချစ်ခင်မြတ်နိုးခြင်း မပြုဘူး—

အသတံဓမ္မံရောစေတိ—

အသတံ၊ သူတော်မဟုတ် သူယုတ်မာတို့ရဲ့၊ဓမ္မံ၊တရားကို၊ ရောစေတိ၊ နှစ်သက်၏။

သူယုတ်မာတို့ရဲ့ တရားကို နှစ်သက်တယ်ဆိုယင် အဲဒီပုဂ္ဂိုလ်ဟာ ပျက်စီးပါပြီလို့မှတ် ဒီလိုရှင်းပြပါတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဇနပုဒ်တခုမှာ သီဘင်းသုံးပြီးတော့နေတဲ့ အခါတုန်းက ဘုရားရှင် ကိုယ်တော်မြတ်ရဲ့နောက်တော်ပါးက သပိတ်ကမ်းပြီးတော့ လိုက်နေတဲ့ အလုပ်အကျွေးရဟန်းတပါးရှိခဲ့တယ်၊ လိစ္ဆဝီမင်းမျိုးက ရဟန်းပြုပြီးတော့လာခဲ့တဲ့ သုနက္ခတ္တဆိုတဲ့ ရဟန်းတပါး ရှိခဲ့ဘယ်။

အစေလကောရက္ခဘိုယကိုသုနက္ခတ္တရဟန်းတွေ့ပြီ

ဒီပရာဘဝသုတ္တန်ကလည်း အဲဒီသုနက္ခတ္တရဟန်းကိုသာဓကပြတယ်၊ ဒေဝဒတ်နဲ့ အဇာဘသတ် တို့ကိုလဲ သာဓကပြတယ်၊ ဒိပြင် ဇတ်ဘော်တွေမှာလဲ ကြည့်မယ်ဆိုလို့ရှိယင် အများကြီးပဲ၊ ကျေးသားများရဲ့ ဇာတ်ဘို့၊ နောက် ဇင္ဃဝါဟနဇာတ်တို့ဆိုပြီးတော့ အဋ္ဌကထာက ဇာတ်ပေါင်းမြောက်မြားစွာ သာဓကတွေ အများကြီး ထုတ်ပြတယ်။

အဲဒီအများကြီးထုတ်တဲ့ အထဲက ဘုန်းကြီးအနေနဲ့ တခုပဲတင်ပြီးတော့ ပြခဲ့မယ်။

လိစ္ဆဝီမင်းမျိုးက ရဟန်းပြုလာတဲ့ သုနက္ခတ္တဆိုတဲ့ ရဟန်းတပါး၊ မြတ်စွာဘုရားအား အလုပ်အကျွေးပြုစုယင်း ဘုရားရှင် ကိုယ်တော်မြတ် အဲဒီကျေးရွာထဲ ဆွမ်းခံကြွသွားတဲ့ အခါကျတော့ သပိတ်သကန်းထမ်းပြီးတော့ နောက်တော်က လိုက်ပါလာတယ်။

အဲဒီလို ဆွမ်းခံကြွပြီးလာတော့ လမ်းခွတ်လပ် တနေရာမှာ "အစေလ ကောရက္ခတ္တိယ" ခေါ်တဲ့ မိစ္ဆာဒိဋ္ဌိ တက္ကဒွန်းကြီး တယောက်ကို တွေ့ပါလေရော။

အစေလဆိုတာက အဝတ်မဝတ်ဘူး၊

ကောရက္ခတ္တိယဆိုတာက သူ့ရဲ့နာမည်၊

အစေလ ကောရက္ခတ္တိယလို့ခေါ်တဲ့အဝတ်မဝတ်တဲ့တက္ကဒွန်းကြီးတယောက် သစ်တုံးတွေကြား ပြာပုံလေးထဲမှာ ခွေပြီးတော့ အိပ်နေတာကို သုနက္ခတ္တ ကိုယ်တော်က မြင်ပါလေရော။

ဆွမ်းခံသွားရင်းနဲ့ လမ်းခွတ်လပ်မှာ အဲဒီလို မြင်တွေ့ရတဲ့ အခါကျတော့ ဘုရားရှင်ရဲ့ နောက်ကနေ သူဘယ့်နှယ် စဉ်းစားသလည်း ဆိုလို့ရှိယင်—

ဩော်—ဟောဟို သစ်တုံးကြားက အဝတ်မဝတ်ပဲ နေတဲ့ ကိုယ်တော်ကြီးဟာ—

ပရမအပ္ပိစ္ဆောဝတာယံပုရိသော တဲ့။

အလွန့်အလွန်ကိုပဲ အလိုနည်းပြီးတော့ ခေါင်းပါးတဲ့ အကျင့်ကိုကျင့်တဲ့ ယောကျ်ားမြတ်ကြီးပါတကား—

သုနက္ခတ္တ ကိုယ်တော်က ဒီလိုတွေးတာ—

မြတ်စွာဘုရားကို လှမ်းကြည့်လိုက်တဲ့အခါကျတော့ သင်္ဃေး သူကြွယ်များ၊ မင်းများ လှူဒါန်းထားတဲ့ သင်္ကန်းတွေ ဆင်မြန်းပြီးတော့ တင့်တင့်တယ်တယ် သပ်သပ်ပါယ်ပါယ်ကြီး ဖြစ်ပြီးတော့၊ သင်္ဃေး သူကြွယ် မင်း ပုဏ္ဏားတွေ လှူဒါန်း ပေးကမ်းတဲ့ ဆွမ်းတွေကို ဘုဉ်းပေးပြီးတော့ နေတာ—

ရဟန်း ဂေါတမဟာ ကိလေသာ လောဘ တဏှာကုန်ဆိုတာ ဟုတ်မယ် မထင်ပါဘူး၊ ယခုနက ဟိုသစ်တုံးကြားက အဝတ်မဝတ်တဲ့ ကိုယ်တော်ကြီးကသာတကယ့်ကိလေသာကုန်တဲ့ ပရမအပိစ္ဆ ကိုယ်တော်ကြီး ဖြစ်ပေလိမ့်မယ် တဲ့။

ဘုရားနောက်ကနေ သပိတ်ထမ်းပြီးတော့ လိုက်ယင်း သူက အဲဒီလို အတွေးအခေါ်၊ ဒီကဲ့သို့ စဉ်းစားဉာဏ်တွေ ဖြစ်ပေါ်ပြီးတော့လာတယ်၊ အဲဒီလို ပေါ်လာတဲ့ အခါကျတော့ဘုရားရှင် ကိုယ်တော်မြတ်က သုနက္ခတ္တ ရဟန်းနောက်ကနေ သပိတ်ထမ်းလာယင်းနဲ့ ဒါတွေစဉ်းစားနေတယ်ဆိုတာစေတောပရိယအဘိညာဉ်နဲ့ သိတယ်။

အဲဒီလို သိတော့ယင် သုက္ခတ္တရဟန်းကို ဘုရားရှင်က ပြန်ပြီးတော့မေးတယ်၊ ချစ်သားသုနက္ခတ္တ မင်းလို ကြံစည်နေတယ်ဆိုတာငါဘုရားးသိတယ်၊ မင်းဒါတွေ ကြံစည်နေတယ် မဟုတ်လား၊ မှန်ပါ တပည့်တော်ဒီလို စဉ်းစားနေမိပါတယ်ဘုရား။

မင်းဟာ ဘုရားရဲ့ သာသနာမှာ သင်္ကန်းဝတ်ပြီးတော့ နေလျက်သားနဲ့များ ဒီလိုတုံးကြားထဲက အဝတ်မရှိတဲ့ ပုဂ္ဂိုလ်ကြီးကို ဘုရားလို့ ထင်ပြီးတော့ ငါဘုရားကိုတော့ ဘုရားလို့ မထင်ပဲနဲ့နေတာ၊ ဒီသာသနာ ဒီလို သင်္ကန်းဝတ်ပြီးတော့ မင်းကိုယ်မင်း ရဟန်းလို့ ဝန်ခံနေတာများ အံ့သြစရာ ကောင်းလိုက်တာ၊ မင်းမရှက်ဘူးလား၊ ဘုရားကပြောတယ်။

မြတ်စွာဘုရားကို ဘုရားမဟုတ်ဘူး၊ ကိလေသာမကုန်သေးဘူးလို့ ထင်ပြီးတော့ အခုနက အဝတ်မဝတ်တဲ့ အစေလက တက္ကဒွန်းကြီးကို ဘုရားလို့ ထင်ခဲ့ယင် သူကိုယ်တိုင် အဲဒီလို

အဝတ်မဝတ်ပဲနဲ့ ကျင့်သုံးပြဖို့ကောင်းတယ်၊ သက်နှင်း ချွတ်လိုက်ဖို့ ကောင်းတယ်၊ အဲဒီလို မဟုတ်ဘူး။

## ဗုဒ္ဓကို အထင်မှားတဲ့ သုနက္ခတ္တရဟန်း

အဲဒီတော့ သူက မြတ်စွာဘုရားကို ဘာပြန် ပြောသလဲဆိုလို့ရှိယင်၊ အရှင်ဘုရား....ယခုနက သစ်တုံးကြားထဲက အစေလကောရက္ခတ္တိယကြီးဟာလဲပဲ အာသဝေါကင်းကုန်တဲ့ ရဟန္တာတပါး၊ အရှင်ဘုရားလဲ ရဟန္တာ တပါးဖြစ်ခဲ့ယင် ဟိုပုဂ္ဂိုလ်တွေ အရဟတ္တဖိုလ်ဆိုက်တာကို ဘာပြုလို့ အရှင်ဘုရားက သက်သက်မဲ့ မနာလို ဝန်တို ဖြစ်နေရတာလဲ ဘုရားတဲ့။

ဘုရားကို သူက အဲဒီလိုပြန်ပြောတာ၊ဘယ်နှယ်ကြောင့် အရှင်ဘုရား မနာလို ဝန်တိုတွေဖြစ်ပြီးတော့ ဟိုပုဂ္ဂိုလ်ကြီးကို ရဟန္တာမဟုတ်ဘူးလို့ ပြောရတာလဲဆိုပြီး မြတ်စွာဘုရားအပေါ် အထင်တွေလွဲတယ်၊ အဲဒီအခါမှာ ဘုရားရှင်က ဆက်ပြီးတော့ အမိန့်ရှိတယ်—

သော သတ္တမိဒိဝသံ အလသကေန ကာလင်္ကရိဿတိ

သော၊ ထိုအစေလကောရက္ခတ္တိယကြီးသည်။ သတ္တမိဒိဝသံ၊ ခုနစ်ရက်မြောက်သော နေ့၌၊ အလသကေန၊ အစာမကြေတဲ့ ရောဂါဖြင့်။ ကာလင်္ကရိဿတိ၊ ကွယ်လွန်လိမ့်မည်။

ဒီမှာ နောက်(၇)ရက် ကြာတဲ့အခါ သေလိမ့်မယ်ကွ၊ အစာမကြေရောဂါနဲ့ သေပြီးယင် အဲဒီ ပုဂ္ဂိုလ်ကြီးကို။

ဗီရဏတ္ထမ္ဘကေသုသာနေဆဍ္ဍေဿန္တိ—

မြက်တွေ အလွန်တရာ ထူထပ်ပြီးတော့နေတဲ့ သုသာန်ကြီးမှာ အဲဒီတိတ္ထိကြီးရဲ့ အလောင်းကို ပစ်ရလိမ့်မယ်။

သုသာန်ထဲ ရောက်ပြီဆိုတဲ့အခါကျတော့ သူ့ရဲ့ ကျောကုန်းကို—

ပါဏိနာ တိက္ခတ္တုံ ပိဋ္ဌိံ အာကောဋေသိ—

ကျောကုန်းကို လက်နဲ့ သုံးကြိမ်ပုတ်လိုက်၊ တပြီးတော့ ထိုင်လိမ့်မယ်၊ အဲဒီလို လက်နဲ့ပုတ်လို့ထထိုင်လာတဲ့ အလောင်းကောင်ကြီးကို "သင်ဘယ်ဘဝ ရောက်နေသလဲ" လို့မေး—

အဟံကာလကဉ္စိကပေတ္တိဝိသယံဥပပန္နောမိ—

အကျွန်ုပ် ကာယကဉ္စိက အမည်ရတဲ့ ပြိတ္တာဘုံ ရောက်နေတယ်လို့ ဖြေလိမ့်မယ်။

မြတ်စွာဘုရား ဗျာဒိတ်ကြားလိုက်တယ်။

## အစေလကောရက္ခတ္တိယ (၇)ရက် အမိဋ္ဌာန်ဝင်ပြီ

အဲဒီလိုမြတ်စွာဘုရားက ပြောလည်းပြောလိုက်ရော သုနက္ခတ္တကိုယ်တော်ဟာ တခါတည်း ကျောင်းခပ်မြန်မြန် ပြန်လာပြီးဆွမ်းခပ်မြန်မြန် ဘုဉ်းပေးပြီးတော့ သပိတ်သိုမှီထားခဲ့ပြီးတော့ သစ်တုံးကြားထဲက အစေလ ကောရက္ခတ္တိယကြီးထံ ပြန်သွားရော။

ပြန်သွားပြီးတော့ သူ့ဆရာကို သူဘာပြန်ပြောသလည်း ဆိုတော့၊ ရဟန်းဂေါတမက ဒီလိုပြောပါတယ် တဲ့၊ ဒါကြောင့်မို့လို့—

မတ္တံ မတ္တ ဘုဉ္ဇေယျာသိ

မတ္တံ မတ္တံ၊ နိုင်းနိုင်းချိန်ချိန်။ ဘုံဇ္ဇေယျာသိ၊ ထမင်းကို ကြည့်ပြီးတော့စားပါ။

မတ္တံ မတ္တံ ပိဝေယျာသိ

မတ္တံ မတ္တံ၊ နိုင်းနိုင်းချိန်ချိန်။ ပိဝေယျာသိ၊ရေကိုလည်း ချိန်းဆပြီးတော့သောက်ပါ။

နိုင်းနိုင်းချိန်ချိန်စားပြီးတော့ နိုင်းနိုင်းချိန်ချိန် သောက်ပါ ဆရာကြီး–တဲ့၊ အလွန်အကျွံ မစားလိုက်ပါနဲ့၊ အလွန်အကျွံ မသောက်လိုက်ပါနဲ့၊ (၇) ရက်မြောက်ယင် သေလိမ့်မယ်လို့ ရဟန်းဂေါတမ ပြောတယ်၊ ချိန်ချိန်ဆဆစားပြီးတော့ ချိန်ချိန် ဆဆသောက်ပါ။

"သူ့ဆရာကြီးသူ စိုးရိမ်မိတဲ့ အတွက်ကြောင့် သူသွားပြီး ခတော့ ပြောတယ်နော်"

"မှန်ပါဘုရား"

အဲဒီတော့၊ အဲဒီ အစေလ ကောရက္ခတ္တိယကလည်း ဘယ့် နှယ်ပြောသလည်း ဆိုတော့–

အဒ္ဓေစ ဝစနာဗုဒ္ဓါ၊ ရဟန်းဂေါတမရဲ့ စကားတွေဟာမှန် တတ်တယ်ကွ–

ရဟန်းဂေါတမရဲ့ စကားတွေဟာ မှန်တတ်လွန်းလို့ရဟန်း ဂေါတမရဲ့ စကားတွေ ကွဲလွဲသွားအောင် ဘယ့်နှယ်လုပ် ကြံရ မလဲ ဆိုလို့ရှိယင်–

အဲဒီ အစေလ ကောရက္ခတ္တိယကြီးဟာ သုနက္ခတ္တ ရဟန်းလာ ပြောတဲ့ နေ့ကစပြီး ထမင်းလည်း မစားတော့ဘူး၊ ရေလည်း

မသောက်တော့ဘူး၊ တခါတည်း အစာအငတ်ခံပြီးတော့(၇) ရက် အဓိဋ္ဌာန်ဝင်ရော။

(၇)ရက် အဓိဋ္ဌာန်ဝင်ပြီးတော့ တခါတည်းကျင့်သုံးတယ်၊ ထမင်းလည်း မစားဘူး ရေလည်းမသောက်ဘူးဆိုပြီး (၇)ရက် စိတ်ကိုအဓိဋ္ဌာန်ထားလိုက်တယ်၊(၇)ရက်အတွင်းစားယင်အစား လွန်ပြီ သေသွားမှာ စိုးလို့။

အဲဒီလို အဓိဋ္ဌာန်ဝင်ပြီး ကျင့်သုံးနေတော့ သုနက္ခတ္တရဟန်း ကလည်း ငါ့ဆရာဘယ်လိုလည်းဟ၊ ငါ့ဆရာ ဘယ်လိုလည်းဟနဲ့ စိုးရိမ်လို့ ခဏခဏလာကြည့်တယ်။

(၆)ရက်လွန်လို့ (၇)ရက် ရောက်ပြီးဆိုတဲ့ နေ့ကျတော့ အာဟာရအသက်ဟာ (၇)ရက်ပဲရှိတယ်၊ (၇)ရက်တိတိ အစာ မစားပဲနေတဲ့ ဒီကိုယ်ကာယဟာ မြော့ပြီးတော့နေပြီ၊ ဆာလဲ ဆာလှပြီ သည်းမခံနိုင်တော့ဘူး။

အဲဒီတော့ စိတ်ထဲ ဘယ့်နှယ်ဖြစ်လာသလဲဆိုယင်၊ ဂေါတမ စကား မှန်ချင်မှန် မမှန်ချင်နေ၊ ငတ်ပြီးတော့ သေရတာနဲ့ ဝဝ ကြီးစားပြီးတော့ သေရတာက ကောင်းသေးတယ်၊ ဒီကနေ့ လာသာကျွေးမယ်ဆိုယင်တော့ ငါစားမှာပဲလို့ စိတ်ထဲ ဒီလိုဖြစ် လာတယ်။

အဲဒီနေ့မှာပဲ သဋ္ဌေးတယောက်က ငါ့ဆရာကြီး အစေလ ကောရက္ခတ္တိယ အစာမစားပဲနဲ့ ကျင့်သုံးပြီးတော့နေတာဒီကနေ့ ဆိုယင် (၇)ရက်စေ့တဲ့နေ့ပဲ။

ကိုင်းလေ (၇)ရက်စေ့ အဓိဋ္ဌာန်ပြည့်တဲ့နေ့ ငါသွားပြီး တော့ ကျွေးဦးမှပဲ ဆိုပြီးတော့ ဝက်သားအိုးကြီး တလုံးနဲ့

ထမင်းအိုးကြီးတလုံး ထမ်းပြီးတော့ အစေလ ကျောရက္ခတ္တိယ ဆီရောက်လာတယ်။

ရောက်လာပြီးတော့ သစ်တုံးကြားထဲက ပြာပုံပေါ်ထမင်းတွေ သွန်ချလိုက်တယ်၊ အပေါ်ကနေပြီး ဝက်သားတွေ သွန်ချလိုက်ပြီးတော့ အဲဒီမှာ ကျွေးပါလေရော။

အဲဒီလို ကျွေးရော ပြာပုံထဲ ခွေအိပ်နေတဲ့ ပုဂ္ဂိုလ်ကြီးဟာ ခေါင်းကလေး ဆန့်ပြီးတော့ ထလာတယ်၊ ဒူးနှစ်ဘက်နဲ့ လက်နှစ်ဘက် မြေကြီးပေါ် ထောက်ပြီးတော့ အဲဒီမှာ ခွေးကဲ့သို့ လေးဘက်ထောက်ပြီး ပါးစပ်နဲ့ ကုန်းပြီးတော့ တခါတည်းစားပစ်လိုက်တာ ဝက်သားတအိုး ထမင်းတအိုး အကုန်လုံး ကုန်သွားရောတဲ့။

## အပုန်စကားကိုသာ မိန့်တော်မူတဲ့မြတ်ဗုဒ္ဓ

အဲဒီအခါကျတော့မှ ဗိုက်ကြီးကယ်ပြီးတော့—

အလသကေန ရောကန မရဏံ ဘဝိဿတိ–

ဆိုတဲ့ မြတ်စွာဘုရားရဲ့ စကားအတိုင်း အစာမကြေ ရောဂါဖြင့်မရှုနိုင် မကယ်နိုင်ဖြစ်ပြီးတော့ အဲဒီပုဂ္ဂိုလ်ကြီး တအင့်အင့်တအုအုနဲ့တခါတည်းသေသွားရော။

တအိုးအို တအင့်အင့်နဲ့ညည်းညူပြီး တော့သေလဲ သွားရော တိတ္ထိတွေ ဝိုင်းအုံပြီးတော့ လာကြတယ်၊ သုနက္ခတ္တရဟန်းကလည်း ရောက်လာတယ်၊ ဟာ ဂေါတမစကားတော့ မှန်ပြီဟ၊ အစာမကြေရောဂါနဲ့သေတယ်၊ (၇)ရက် မြောက်နေ့မှာ သေတယ်။

ရဟန်းဂေါတမရဲ့စကားတွေ (၂) ခွန်းတော့ မှန်ပြီ၊ ကျန်တဲ့ စကားတွေ မှားအောင် ဘယ့်နှယ်လုပ်ပါ့မလဲ ဆိုပြီးတော့ အဲဒီမှာ သုနက္ခတ္တ ရဟန်းနဲ့ အစေလ တက္ကဒ္ဒန်းတွေ လူစုပြီး အစေလ ကောရက္ခတ္တိယ အလောင်းကြီးကို ကြိုးနဲ့ တပ်ပြီးတော့ ထမ်းကြတယ်။

မြက်တွေထူထပ်တဲ့ သုသာန်ကြီးမှာ မြှုပ်နှံ ရလိမ့်မယ်လို့ ဂေါတမ ဆိုထားတယ်။

ဝေသာလီမြို့ကြီးမှာ မြက်မရှိတဲ့ သန့်ရှင်းပြီးတော့ တကယ့် ပုဂ္ဂိုလ်တွေ မြှုပ်နှံတဲ့ သုသာန်တွေ လိုက်ပြီးတော့ ရှာလိုက်ကြတာ၊ ဘယ်သုသာန်သွားသွား သုသာန်တခု ဝင်လိုက်တိုင်း မြက်တောကြီးနဲ့ ဒီလိုချည်း ဖြစ်နေတယ်။

တနေကုန် တနေခန်း အလောင်းကြီး ထမ်းပြီးတော့ ရှာနေလိုက်ကြတာ တော်တော်လေးလဲ ကြာတော့ မောပန်း လာကြတယ်၊ အဲဒီ အဝတ်မဝတ်တဲ့ တက္ကဒ္ဒန်းတွေရဲ့ အကြားမှာ သင်္ကန်းဝတ် သုနက္ခတ္တ ကိုယ်တော်ကလဲ ပါလာသေးတယ်။

အဲဒီလို ရှာယင်းရှာယင်းနဲ့ ညနေလေး တော်တော်စောင်းလာရော သုသာန်ဆိုးကြီး တခုအတွင်း ရောက်သွားပြီးတော့ အလောင်းထမ်းလာတဲ့ ကြိုးကြီး ပြတ်ကျသွားတယ် တဲ့။

သုနက္ခတ္တရဟန်းရဲ့ အစီအစဉ်နဲ့ လိုက်ပြီးတော့ ရှာပင် ရှာငြားသော်လဲပဲ သန့်ရှင်းတဲ့ သုသာန်ရယ်လို့ မတွေ့ဘူး၊ မြက်တွေထူထပ်တဲ့ သုသာန်ဆိုးကြီး တခုအတွင်း ရောက်လဲသွားရောအလောင်းထမ်းလာတဲ့ ကြိုးပြတ်ကျသွားလို့ အဲဒါ ဘယ်လို

မှ ဆဲ့လိုလဲ့လို မရတော့ဘူး သုသာန်မြေကြီးမှာ အဲဒီအလောင်း ကြီးကပ်ပြီးတော့နေလိုက်တာ ရွှေ့လို့ကို မရတော့ဘူး။

ဂေါတမရဲ့ စကားတွေ မှန်လိုက်တာ—

"ဘယ်နှစ်ခွန်းမှန်သွားပြီးလဲ တို့ပရိသတ်"

"သုံးခွန်းပါ ဘုရား"

"သုံးခွန်း မှန်သွားပြီ"

ကိုင်း—နောက်တခွန်း ကျန်သေးတယ်ဟ ဆိုပြီးတော့ အဲဒီ အလောင်းကြီးကို—

ပါဏိနာ ပိဋ္ဌိံ တိက္ခတ္တုံ အာကောဋေသိ

ပါဏိနာ၊ လက်ဖြင့်။ တိက္ခတ္တုံ၊ သုံးကြိမ်။ ပိဋ္ဌိံ၊ ကျော ကုန်းကို။ အာကောဋေသိ၊ ပုတ်လိုက်လေပြီ။

ကျောကုန်းကို လက်နဲ့ သုံးကြိမ် ဖုန်းကနဲ ဖုန်းကနဲပုတ်လိုက် တော့ အဲဒီအလောင်းကြီးက ဝေါက်ကနဲထပြီးတော့ ထိုင်တယ်၊ အဲဒီလို ထပြီးထိုင်လည်းလာရော သုနက္ခတ္တ ရဟန်းကမေးလိုက် တယ်၊ သင်သည် ဘယ်ဘဝ ရောက်နေသလဲ ပြောစမ်းပါဦးလဲ ဆိုရော အဲဒီအလောင်းကြီးက—

အဟံကာလကဉ္စိကပေတ္တိဝိသယံဥပပန္နာမိ၊

အကျွန်ုပ် ကာလကဉ္စိကခေါ်တဲ့ ပြိတ္တာဘုံ ရောက်နေပါ တယ်လို့ ပြောပြီး ဖုန်းကနဲ ပြန်လဲကျသွားရော—

"ဘယ်နှစ်ခွန်း မှန်သွားပြီလဲ"

"ငါးခွန်း မှန်သွားပါပြီဘုရား"

"ထပြီးတော့ ထိုင်လိုက်တယ်ဆိုတဲ့ စကားတခွန်းရယ်၊ ပြိတ္တာဘုံ ရောက်နေပါတယ် ဆိုတဲ့ စကားတခွန်းရယ်၊ ဘယ်နှစ်ခွန်းရှိသွားပြီလဲ"

ငါးခွန်းပါ ဘုရား"

"မြတ်စွာဘုရားရဲ့ စကားတွေဟာ အားလုံး မှန်တယ်နော်"

"မှန်ပါဘုရား"

"တို့ ပရိသတ် သုနက္ခတ္တရဟန်း ဘုရား ထင်ထားတဲ့ ပုဂ္ဂိုလ်ကြီး ခုတော့ ဘယ်ရောက်နေတုန်းဗျာ"

"ပြိတ္တာဘုံ ရောက်နေပါတယ်ဘုရား"

သုနက္ခတ္တရဟန်း ဘုရားထင်ထားတဲ့ အစေလကကာရက္ခတ္တိယကြီး ပြိတ္တာ ဖြစ်နေတယ်။

## အနှစ်သာရ ဘာမှ မရရှာတဲ့ သုနက္ခတ္တရဟန်း

ဒီတော့ သတ္တဝါတွေဟာ ဒီလိုပဲ တခါတခါကျလို့ ရှိယင် အယူမှားကြပြီ အကြံအစည်မှားကြပြီဆိုယင်တကယ်အနှစ်ရှိတာကို အနှစ်မရှိဘူးလို့ ထင်ကြတယ်၊၊ အကာကို အနှစ်ထင် အနှစ်ကို အကာထင်ပြီးတော့ ပြောင်းပြန်မြင်တတ်ကြတယ်။

အဲဒီလိုဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ မိစ္ဆာသက်ပ္ပ တရားတွေ လွှမ်းမိုးပြီးတော့မိစ္ဆာဒိဋ္ဌိနောက် လိုက်ပြီးတော့တကယ့်အနှစ်စစ် အနှစ်မှန်ကို ဘယ်တော့မှ မရဘူးဆိုတဲ့ သာရောပမာသုတ္တန် ဒေသနာတော်အရ—

အသာရေ သာရမတိနော၊ သာရေစ သာရဒဿိနော။
တေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပဂေါစရာ။

ယေ၊ အမှတ်မထင် အကြင်တစုံတယောက်သော ပုဂ္ဂိုလ်တို့သည်။ အသာရေစ၊ အနှစ်သာရမရှိတဲ့ တရား၌လည်း။ သာရမတိနော၊ အနှစ်သာရရှိဘယ်လို့ မှတ်ထင်ကြလေကုန်၏။
အနှစ်မရှိတဲ့ အကာတွေကို အနှစ်ရှိတယ်လို့ ထင်ကြတယ်။
သာရေစ၊ တကယ့် အနှစ်သာရ တရား၌လည်း။ အသာရဒဿိနော၊ အနှစ်မရှိ အကာတွေသာလျှင် ဖြစ်၏ဟု ယူဆကြလေကုန်၏။
တေ၊ ထိုအနှစ်ကို အကာထင် အကာကို အနှစ်ထင်ကြတဲ့ ပုဂ္ဂိုလ်တို့သည်။မိစ္ဆာသင်္ကပ္ပဂေါစရာ၊မှားယွင်းတဲ့အကြံအစည်လျှင် ကျက်စားရာ အာရုံရှိကြကုန်သည်ဖြစ်၍။ သာရံ၊တကယ့်အနှစ်စစ် အနှစ်မှန်ဆိုတဲ့ တရားကို။ နာဓိဂစ္ဆန္တိ၊ ဘယ်လိုနည်းနှင့်မှ မရှိနိုင်ကြလေ ကုန်သတည်း။
"သာဓု....သာဓု....သာဓုပ ၊ ဘုရား"
အဲဒါ တို့ တရားနာ ပရိသတ် သတိထားကြ၊
အနှစ်နဲ့ အကာ ခွဲခြမ်းပြီးတော့ သိတတ်ရမယ်၊ မိစ္ဆာသင်္ကပ္ပ လွှမ်းမိုးယင် တခါဘခါ တကယ့်အနှစ်ရှိတဲ့ ဥစ္စာကိုအကာထင်တတ်ကြတယ်၊ ဒီလို ဖြစ်တတ်တယ်။
မဂ္ဂင်တရား (၈)ပါးမှာ မိစ္ဆာဒိဋ္ဌိနဲ့ မိစ္ဆာသင်္ကပ္ပ ရှိတော့၊ မိစ္ဆာသင်္ကပ္ပဆိုတာက မှားမှားယွင်းယွင်း ကြံစည်ကြပြီးဆိုယင် မိစ္ဆာသင်္ကပ္ပခေါ်။
အဲဒီ မိစ္ဆာသင်္ကပ္ပအကြံအစည်တွေအခေါ်တွေမှားလာကြတဲ့အချိန်မှာ အနှစ်ကို အကာထင်တယ်၊ အကာကိုအနှစ်

ထင်တယ်ဆိုတာတွေ ဖြစ်တယ်၊ အဲဒီအခါမှာ မိစ္ဆာဒိဋ္ဌိသက်ဝင်သွားပြီးတော့ အနှစ်စစ်အနှစ်မှန်ကို မရနိုင်ပဲ ရှိတတ်ပါတယ်။

ယခု သုနက္ခတ္တရဟန်းဟာ ထိုကဲ့သို့ မိစ္ဆာသက်ပ္ပ မှားယွင်းတဲ့ အကြံအစည်လွှမ်းမိုးမိလို့မိစ္ဆာဒိဋ္ဌိလမ်းကြောင်းကြီးကို လိုက်ပြီးတော့ တကယ့်အနှစ်သာရရှိတဲ့ မြတ်စွာဘုရားကိုတော့ အနှစ်မရှိဘူး ထင်တယ်၊ ဘာအနှစ်မှ မရှိတဲ့ အစေလ တက္ကဒ္ဒန်းကြီးကိုတော့ အနှစ်ရှိတဲ့ ပုဂ္ဂိုလ်ကြီးလို့ ထင်ခဲ့မိတယ်။

သူအနှစ်ရှိတယ်လို့ထင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးက သူ့ဟာသူ ဖြောင့်ချက်ပေးသွားတယ်၊ အကျွန်ုပ် ပြိတ္တာဘုံ ရောက်နေ ပါတယ်တဲ့၊ ဒါတောင်မှ သူ့ရဲ့မိစ္ဆာသက်ပ္ပနဲ့ မိစ္ဆာဒိဋ္ဌိကို သူစွန့်ပြီးလားဆိုတော့ မစွန့်ဘူး၊ ဒီသံပဲသက်နိုးဝတ်နဲ့ ဒီအတိုင်းနေပြီးတော့ ဒီဝါဒလည်း မစွန့်ဘူး။

ဒါကြောင့် ဒိဋ္ဌုပါဒါန်ဟာ သိပ်ကြောက်စရာကောင်းတယ်လို့ ပြောပါတယ်၊ အဲဒီလို အယူမှားစွဲမိတဲ့ ဒိဋ္ဌုပါဒါန်ကြောင့် ဒုက္ခဖြစ်တတ်တယ်။

### ပျက်စီးခြင်းမှာ အဆုံးသတ်ရရှာတဲ့သုနက္ခတ္တရဟန်း

ဒီတော့ယင် အဲဒီ သုနက္ခတ္တရဟန်း မြတ်စွာဘုရားထံမှောက်ရောက်သွားတဲ့ အခါကျတော့ မြတ်စွာ ဘုရားက "ချစ်သား သုနက္ခတ္တ ငါဘုရားပြောတဲ့ စကား ငါခွန်းအကုန်မှန်ရဲ့လား" လို့ဆိုတော့—

"တို့ ပရိသတ် ဘယ့်နှယ် ပြော[illegible]မလဲ"

"မှန်ပါတယ် ဘုရား"

"မှန်နေပြီ"

မှန်နေလို့ရှိယင် သုနက္ခတ္တ ရဟန်းဟာ သူ့အယူကို စွန့်ဖို့ကောင်းတယ်၊ မြတ်စွာဘုရားကိုတောင်းပန်ဖို့ကောင်းတယ်၊ အယူကိုလည်းမစွန့်ဘူး၊ ဘုရားကိုလည်းမတောင်းပန်ဘူး၊ သက်နိလည်းမချွတ်ဘူး၊ ဒီအတိုင်းပဲနေတယ်။

နောက်တခါ အစေလ ပါထိက ပုတ္တကြီးနဲ့တွေ့ကြပြန်တော့လည်း ဒီအတိုင်းပဲ၊ အစေလ ပါထိကပုတ္တကြီးနဲ့ သူနဲ့ အဖြစ်အပျက် ဝတ္ထုတပုဒ် နောက်ထပ် ရှိသေးတယ်၊ အဲဒါကိုတော့ထားတော့ အချိန်သိပ်ပြီးတော့ ကြာသွားလိမ့်မယ်။

အစေလ ပါထိက ပုတ္တနဲ့ ဖြစ်ပျက်တဲ့ အဖြစ်အပျက်ကျပြန်တော့လည်း ဒီအတိုင်းပဲ၊ အစေလ ပါထိက ပုတ္တကြီးကို ဘုရားလို့ ထင်ခဲ့မိတယ်၊ ဘုရားက ဘယ်လိုပြောပြော ချွတ်လို့မရဘူး၊ နောက်ဆုံးတော့ မြတ်စွာဘုရားပြောတဲ့ စကားတွေ အကုန်မှန်တယ်။

ဒီတော့ သူ့အယူအဆတွေ စွန့်ပြီးတော့ မြတ်စွာဘုရားကိုတောင်းပန်ဝန်ချ ကန်တော့၊ မှန်မှန်ကန်ကန်များ တရားအားထုတ်မလား အောက်မေ့တယ်၊ မဟုတ်ဘူး ဘုရားကိုလည်းမတောင်းပန်ဘူး။

နောက်ဆုံးတော့ ဘယ်လိုဖြစ်သွားသလည်းဆိုယင် သူ့ အယူအဆတွေ လုံးလုံး မစွန့်ပဲနဲ့ မြတ်စွာဘုရားအပေါ် မကျေနပ်တဲ့ စိတ်တွေနဲ့ သာသနာတော်က လူဝတ် လဲသွားတယ်၊ ဘာတရားထူးမှ ရမသွားဘူး၊ အဲဒီ အစေလ ပါထိက ပုတ္တကြီးနဲ့ အတူတူ ဒီကနေ့ အပါယ်ဘုံမှာ ရှိတယ်။

အဲဒါ ဘာဖြစ်လို့လဲ—

အသန္တေသ ပိယာ ဟောန္တိ၊ သန္တေ နကုရုတေ ပိယံ။

အသ၊ ထိုပုဂ္ဂိုလ်သည်။ အသန္တေသ၊ သူတော်မဟုတ် သူယုတ်မာဆိုတဲ့ ဒိဋ္ဌိဆရာတွေကို (၀ါ)ဒုစရိုက်တရား ကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်တွေကို။ ပိယာ၊ ချစ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သူယုတ်မာတွေကို ချစ်တယ်ဆိုတဲ့ အတွက်ကြောင့် သူပျက်စီးသွားတာ။

သန္တေ၊ တကယ့် သူတော်ကောင်း စင်စစ်ဖြစ်နေတဲ့ ဘုရားရှင် ကိုယ်တော်မြတ်နှင့် တကွ သာသနာ တော်ထမ်း ရဟန်း ပစ္စေကဗုဒ္ဓါ အရှင်သူမြတ် တို့ကိုဖြင့်။ ပိယံ ချစ်ခြင်းကို။ နကုရုတေ၊ မပြုပါလေ။

တကယ့် သူတော်ကောင်း တွေကိုတော့ မချစ်ဘူး၊ ဘုရားနောက်လိုက် နေပေမယ့် ဘုရားကို မချစ်ပဲနဲ့ အစေလကောရက္ခတ္တိယခေါ်တဲ့ တိတ္ထိဆရာကြီးကို ချစ်ခဲ့မိတဲ့အတွက်ကြောင့် ပျက်စီးခြင်းရဲ့ အကြောင်းတပါးကို သူရရှိသွားတယ်။

အသင်လူသား သင်ဘာကို ရွေးချယ်မလဲ

အသတံ ဓမ္မံ ရောစေတိ။

အသတံဓမ္မံ၊ သူတော်မဟုတ် သူယုတ်မာတို့ရဲ့ တရားကို။ ရောစေတိ၊ နှစ်သက်ပါ၏။

ဒုစရိုက်တရား ဆယ်ပါးကို နှစ်သက်တယ်၊ မိစ္ဆာဒိဋ္ဌိဝါဒတွေကို နှစ်သက်တယ်တဲ့၊ သူယုတ်မာတို့ရဲ့ တရားကို နှစ်သက်တယ်ဆိုတာ ဒါပဲ။

ဒီတော့ သူတော်ကောင်းကို မုန်းတီးတယ်၊ သူယုတ်မာကို ချစ်ခင်တယ်၊ သူတော်ကောင်း တို့ရဲ့ စကားကို မုန်းတီး ပြီးတော့သူယုတ်မာတို့ရဲ့ တရားကို ချစ်ခင်တယ်ဆိုယင် အဲဒါ ပျက်စီးခြင်းရဲ့ အကြောင်းတရားပါပဲ။

ဒါကြောင့် တို့တရားနာ ပရိသတ်များ ဒီကနေ့ စဉ်းစားဖို့ တယ်ပြီးတော့ ကောင်းလာပြီ—

သူတော်ကောင်းနဲ့ သူယုတ်မာတွေ ပေါလာသလည်း ဆို တာ တို့တရားနာ ပရိသတ်များ ဒီကနေ့ ကမ္ဘာလောကကြီးကို ဖြန့်ပြီးတော့ကြည့်၊ ဘာသာရေးအနေနဲ့ပဲ ကြည့်ကြည့်၊ လူမှုရေး အနေနဲ့ပဲကြည့်ကြည့်၊ ကြည့်ချင်တဲ့နည်းနဲ့ကြည့်။

အသန္တလို့ ဆိုတဲ့ သူယုတ်မာတွေ တနေ့တခြားလွှမ်းမိုး လာ ခဲ့လို့ရှိယင် အဲဒီ သူယုတ်မာတွေကို ချစ်ခင် မြတ်နိုးမိယင်၊ ကိုး ကွယ်မိယင် အဲဒါ တို့တရားနာ ပရိသတ်ရဲ့ ပျက်စီးရာ ပျက်စီး ကြောင်းပါပဲ။

အဲဒီသူယုတ်မာတို့ရဲ့ တရားတွေ ဩဝါဒတွေကို 'ကိုးကွယ် မိယင် ကျင့်သုံးမိယင် တို့တရားနာ ပရိသတ်အတွက် ပျက်စီး ဖို့ပါပဲဆိုတာ မှတ်ပါ။

ဠတိ၊ ဤသို့။ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရား ရှင်ကိုယ်တော်မြတ်သည်။ ဒုတိယံ၊ နှစ်ခုမြောက်ဖြစ်တဲ့။ ပရာ ဘဝမုခံ၊ ပျက်စီးခြင်းရဲ့ အကြောင်း တရားကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော် မူခဲ့ပေ သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား"

ဣတိ ဟေတံ ဝိဇာနာမ၊ ဒုတိယော သော ပရာဘဝေါ။
တတိယံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတောမုခံ။

ဂေါတမ၊ ဂေါတမနွယ်ဖွား အို—ရှင်တော်မြတ် ဘုရား။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုရားရှင်ကိုယ်တော် မြတ်သည်၊ ယထာယေနအာကာရေ၊ အကြင်သို့သော အခြင်းအရာအား ဖြင့်။ ပရာဘဝမုခံ၊ ပျက်စီးခြင်း ဆိုတဲ့ အကြောင်း ကိုဖြင့်။ ဘဂဝတာ၊ ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပါ၏။

တေ၊ ဤလောက ပျက်စီးခြင်းရဲ့ ဒုတိယအကြောင်းကိုဖြင့်။ မယံ၊ ဘုရားတပည့်တော် တို့သည်။ ဝိဇာနာမ၊ သိကြရပါကုန်တော့သည် မြတ်စွာဘုရား။ သော၊ ထိုသူတော်ကောင်း တို့အား မုန်းတီးတယ်ဆိုတဲ့ အချက်သည်၊ ဒုတိယော၊ နှစ်ခုမြောက် ဖြစ်သော၊ ပရာဘဝေါ၊ ပျက်စီးခြင်းရဲ့ အကြောင်းပါ မြတ်စွာဘုရား။

တတိယံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတောမုခံ။

တတိယံ၊ သုံးခုမြောက် ပျက်စီးခြင်းရဲ့ အကြောင်းတရားကို။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဗြူဟိ၊ ဟောတော်မူပါ မြတ်စွာဘုရား။

ပရာဘဝတော၊ သုံး ခုမြောက်ဖြစ်တဲ့ ပျက်စီးခြင်းရဲ့။ မုခံ၊ အကြောင်းတရားသည်ကား။ ကိံ၊ အဘယ်တရားပင် ဖြစ်ပါတော့သနည်း၊ အရှင်ဘုရား။

ဣတိ၊ ဤသို့။ ဒေဝပုတ္တော၊ နတ်သား တလျှောက်သည်။ ဘဂဝန္တံ၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်

မြတ်ကို။ တတိယ၊ သုံးခုမြောက်ဖြစ်တဲ့။ ပရာဘဝမုခံ၊ ပျက်စီးခြင်းရဲ့ အကြောင်းတရားကိုဖြင့်။ အပုစ္ဆိ၊ သိလိုရေးနှင့်မေးလျှောက်ရှာလေတော့သတည်း။

"သာဓု....သာဓု....သာဓုပေါ ဘုရား"

တတိယမြောက် ဂါထာပုဒ်ကို ဘုရားရှင် ဘယ်လို ဘယ်လို ဆက်သလဲ ဆိုလို့ရှိယင်—

## ဒုတိယပိုင်း

### တတိယမြောက် ပျက်စီးခြင်းအကြောင်းတရား (၅)

(၃) နိဒ္ဒါသီလီ သဘာသီလီစ၊ အနုဋ္ဌာတာ စ ယောနရော။
အလသော ကောဓပညာဏော၊ တံပရာဘဝတောမုခံ။
ဘောဒေဝပုတ္တ၊ အို—နတ်သား။

ယောနရော၊ အကြင်သတ္တဝါသည်။ နိဒ္ဒါသီလီစ၊ အိပ်ခြင်ငိုက်မျှဉ်းတဲ့ အလေ့အလာ ရှိသည်လည်း။ (ဝါ)အအိပ်ကျူးတဲ့ အလေ့အလာရှိသည်လည်း။ဟောတိ၊ဖြစ်၏။ သဘာသီလီစ၊ ပွဲလမ်းသဘင် မြူးထူးပျော်ပါး လိုက်စား လွန်ကျူးလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ အနုဋ္ဌာတာစ၊ ထကြွ လုံ့လဝီရိယ မရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

အလသောစ၊ ပျင်းရိသောသဘောရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ကောဓပညာဏောစ၊ အမျက်ဒေါသတချောင်းချောင်းထွက်တတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုဆိုခဲ့ပြီတဲ့

လက္ခဏာငါးချက်သည်။ ပရာဘဝတော၊ ပျက်စီးခြင်းရဲ့။ မုခံ၊ အကြောင်းတရားပင် ဖြစ်ပါပေ၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါး သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ တတိယံ၊ သုံးခုမြောက်ဖြစ်သော။ ပရာဘဝမုခံ၊ ပျက်စီးခြင်းရဲ့ အကြောင်းပြတဲ့ ဂါထာပုဒ်ကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟော ကြားတော် မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား"

ဒီဂါထာပုဒ်မှာ လက္ခဏာ ငါးချက်ပြတယ်။

(၁) နိဒ္ဒါသီလီ အအိပ်ကျူးခြင်း။

အအိပ်ကျူးတဲ့ ပုဂ္ဂိုလ်တယောက်ဟာလည်းပဲ လောကမှာ ဘယ်တော့မှ မကြီးပွားဘူး၊ အဲဒါ ပျက်စီးဖို့ချည်းပဲ၊ အိပ်ယင် အိပ် မအိပ်ယင် ငိုက်ပေါ့ဗျာ၊ အဲဒါ ပျက်စီးတတ်တယ်။

ပျက်စီးတယ်ဆိုတဲ့ဥစ္စာကို မကြိုက်ဘူးဆိုလို့ရှိယင်၊အဲဒီအအိပ် ကျူးတဲ့လူ ငိုက်မျဉ်းနေတဲ့လူအဖို့ အကျိုးတရားတွေ ဆုံးရှုံး နစ်နာတတ်တယ်၊ အဲဒါ ဒီဂါထာမှာ ပါဝင်လာတဲ့ အချက် တွေထဲက ပထမအချက်ပဲ။

နောက်တခါ ဒုတိယအချက်က၊

(၂) သဘာသီလီ ပွဲလမ်းသဘင် လိုက်စားခြင်း။

ပွဲလမ်းသဘင်ကို လိုက်စားတတ်တဲ့ ပုဂ္ဂိုလ်တယောက်ဟာ မြူးထူးပျော်ပါးလွန်ကျူးလိုက်စားခဲ့ယင် စိတ်ဓာတ်လည်းပျက် စီးတယ်၊ အကျင့်စာရိတ္တလည်း ပျက်စီးတယ်၊ဂုဏ်သတင်းလည်း ပျက်စီးတယ်၊ စီးပွားရေးလည်း ပျက်စီးတယ် တဲ့။

နောက်တခါ တတိယအချက်က၊
(၃) အနုဋ္ဌာတာ—သက်လုံ့လ ဝီရိယ မရှိခြင်း။
စတုတ္ထအချက်က၊
(၄) အလသ—ပျင်းရိခြင်း။
ပျင်းရိတယ်၊ ပျင်းတယ်ဆိုတာနဲ့ လုံ့လမရှိဘူးဆိုတာ သိပ်တော့ မတူးလှပါဘူး။
လုံ့လ ဝီရိယမရှိဘူးဆိုတာက ကြိုးစားမယ်ဆိုတဲ့ သမ္မပ္ပဓါန် လုံ့လ ဝီရိယမရှိတာ။
ဘာသာတရား၊ ကုသိုလ်ရေးနဲ့ ပတ်သက်လို့ ရှိယင်တော့ သမ္မပ္ပဓါန်တရား လေးပါး၊ စီးပွားရေးနဲ့ ပတ်သက်လို့ ရှိယင် လည်းပဲ၊ ပညာရေးနဲ့ ပတ်သက်ခဲ့ယင်လဲပဲ သမ္ပဒါလေးချက် ပြန်ကြည့်ပေါ့။
ဥဋ္ဌာန သမ္ပဒါ
အာရက္ခ သမ္ပဒါ
ကလျာဏမိတ္တ သမ္ပဒါ
သမဇီဝိတ သမ္ပဒါ
လောက ကြီးပွားကြောင်းအဖြစ် အင်္ဂုတ္တိုရ် ပါဠိတော်မှာ သမ္ပဒါတရားလေးပါးကို မြတ်စွာဘုရားဟောထားတာရှိတယ်၊ အဲဒီ သမ္ပဒါတွေ ပျက်ယွင်းခဲ့တယ်ဆိုယင်၊ ဥဋ္ဌာနသမ္ပဒါ ပျက်ခဲ့တယ်ဆိုလို့ရှိယင် ထိုပုဂ္ဂိုလ်မကြီးပွားတော့ဘူး။
'အလသ ဇာတိက' ဆိုတာက ငင်ကိုယ် သဘောအားဖြင့် မွေးလာကတည်းကိုက ဒီပုဂ္ဂိုလ်ဟာ ပျင်းတတ်တဲ့ သဘောရှိတယ်၊ ဘာမှ လုပ်ကိုင်ချင်တဲ့ သဘောမရှိဘူး။

ဒီတော့ ပျင်းတာနဲ့ လုံ့လမရှိတာ၊ ဒီနှစ်ခု သိပ်ပြီးတော့ ဘာမှ မထူးလှပါဘူး၊ အဲဒါအကြောင်းတပါး။ ဒီပါဠိတော်မှာတော့ နှစ်ခုခွဲပြီးတော့ ဟောထားတယ်၊ နောက်ပဋ္ဌမအချက်က ဘာတဲ့လည်း ဆိုလို့ရှိယင်—

(၁) ကောဓပညာဏော ဒေါသကြီးခြင်း။

ဒေါသကြီးလိုက်သမှ ဘယ်လောက်ကြီးလိုက်လည်း ဆိုလို့ရှိယင် မြွေဟောက်ခေါင်းကိုတုတ်နဲ့ ခေါက်ကြည့် လိုက်တဲ့အခါ ရှူး ရှူး—ရှူး ရှူးနဲ့ ပါးပျဉ်း ထလာသလိုပဲ၊ အနည်းငယ်မျှသော အကြောင်းကလေးကိုပင် အကြီးအကျယ်ချဲ့ ပြီးတော့ ဒေါသကြီးတတ်တယ် တဲ့။

အနာဂါမ်မှ မဟုတ်သေးပဲနဲ့ ဒေါသတော့ မပယ်သေးဘူးပေါ့၊ သို့သော်သည်း အဲဒီ ဒေါသဟာ စည်းလေးကမ်းလေးနဲ့ဆိုယင် တော်တယ်၊ ဘာပဲဖြစ်ဖြစ် ထစ်ကနဲဆိုနည်းနည်းလေးမှ အလွှဲမခံနိုင်ဘူးဆိုတဲ့ ဒေါသမျိုးကျတော့လည်း တယ်ပြီးတော့ မကောင်းဘူး၊ လောကရေးမှာ လူမှုဆက်ဆံရေးမှာ နေလို့ ထိုင်လို့ကို မဖြစ်တော့ဘူး။

ဘယ်သူ့ချိုယွင်းချက်မှ သည်းမခံနိုင်ဘူးဟာ ဆိုတဲ့ ဒေါသမျိုးဟာ လွန်ကဲလာတဲ့ ဒေါသ၊ အဲဒီပုဂ္ဂိုလ်လည်း ပျက်စီးတော့တာပဲ၊ စီးပွားရေး မပျက်စီးဘူး၊ ဘာသာရေး အကျင့် စာရိတ္တ မပျက်စီးဘူးပဲ ထားဦးတော့၊ အဲဒီ ဒေါသကြီးတဲ့ ပုဂ္ဂိုလ်ဟာ အနည်းဆုံး ဂုဏ်သတင်းကတော့ ပျက်စီးသွားတယ်၊ ဒီလူဟာကွာ တယ်ဒေါသကြီးတဲ့လူပဲ ဆိုပြီးတော့ လူတကာ မေးငေါ့ခံရတဲ့ ဘဝရောက်တယ်။

ဒါကြောင့် ယခုပြောခဲ့တဲ့ အချက်ငါးခု၊

နိဒ္ဒါသီလီစ၊ အိပ်ခြင်မိုက်မျဉ်းတဲ့ အလေ့အလာ ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ သဘာသီလီစ၊ ပွဲလမ်းသဘင်လိုက်စားတဲ့ အလေ့အလာ ရှိသည်လည်း။ ဟောတိဖြစ်၏။ အနုဋ္ဌာတာစ၊ ထကြွလုံ့လ ဝိရိယ မရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ အလသောစ၊ ပျင်းရိတဲ့ သဘောရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ကောဓပညာဏောစ၊ ဒေါသအမျက် ရှူးရှူးရှဲရှဲနဲ့ ထွက်တတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

တံ၊ ထိုဆိုခဲ့ပြီးတဲ့လက္ခဏာ ငါးချက်သည်။ ပရာဘဝတော၊ ပျက်စီးခြင်းရဲ့။ မုခံ၊ အကြောင်းတရားပါပေတည်း။

အို—အသင်လူသား၊ ထလော့

စီးပွားရေးနဲ့ ဆိုလို့ ရှိယင်လဲပဲ ဘုန်းကြီးတို့ တရားနာပရိသတ်များ ကြည့်ပေါ့၊ တချို့များဆိုယင် နေဝင်တာနဲ့တပြိုင်နက်တည်း၊ မှောင်လာတာနဲ့ တပြိုင်နက်တည်း သူရဲ့ မျက်စိကတခါတည်း မှိတ်သွားတယ်၊ မနက်နေက ထွက်လာပြီး သူကအိပ်ရာက မနိုးသေးဘူး၊ မထသေးဘူး။

တရားနှလုံးသွင်းတဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့ ဆိုလို့ရှိယင်လဲ အဲဒီလိုသာ အိပ်နေခဲ့ယင် မနေ့က ပြောခဲ့တဲ့ အတိုင်း—

နတာဝ သုပိတုံ ဟောတိ၊ ရတ္တိ နက္ခတ္တ မာလိနီ။

ပတိဇဂ္ဂိတု မေဝေသာ၊ ရတ္တိ ဟောတိ ဝိဇာနတံ။

နက္ခတ်ပန်းတို့ဖြင့်အဆန်းတကျယ် တင့်တယ်သာယာကြည်နူးဖွယ်ကောင်းတဲ့ ညအခါဆိုတာ ကမ္မဋ္ဌာန်းအလုပ် အားထုတ်မယ်ဆိုတဲ့ ပုဂ္ဂိုလ်များအတွက် အဲဒါဟာ အခွင့်ကောင်းပဲ။

တလောကလုံးတိတ်ဆိတ်ပြီးတော့ကိလေသာတို့ဖြင့်လူတကာအိပ်ပျော်ပြီးတော့ နေကြတဲ့အချိန်မှာ၊ သံသရာမှ ထွက်မြောက်ချင်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တယောက်အတွက် ထိုကဲ့သို့သော တိတ်ဆိတ်ငြိမ်သက်နေတဲ့ ညအခါကြီးဟာ အဖိုးတန်တဲ့အချိန်အခါ အခွင့်ကောင်းပဲ။

အဲဒီလို အချိန်ကျမှ ဒီပုဂ္ဂိုလ်က အိပ်ပျော်သွားတယ်၊ နေ့အခါကျတော့လဲ ဆူညံဆူညံနဲ့မို့ အလုပ်မဖြစ်ဘူး၊ တလောကလုံး နိုးကြားလာတဲ့ အချိန်ကျတော့လဲ ဘာမှ လုပ်လို့မဖြစ်တော့ဘူး။

သဒ္ဒေါ၊ သဒ္ဒဆိုတဲ့ အသံတရားသည်။ ဈာနဿကဏ္ဍကော၊ ဈာန်ရဲ့ ဆူးညှောင့် ခလုတ်တွေ တဲ့။

ဈာန်ဆိုတာဟာ သမာဓိတရားပါပဲ၊ သဒ္ဒရုပ်ဆိုတဲ့ အသံတွေဟာ ဈာန်ဆိုတဲ့ သမာဓိရဲ့ ဆူးညှောင့်ခလုတ်ဖြစ်တယ်။

နေ့အခါများ ဆိုလိုရှိယင် အသံတွေဟာ တယ်ပြီးတော့ဆူညံတာကို၊ နေ့အခါဆူညံတဲ့ အတွက်ကြောင့် ထိုအသံများတိတ်ဆိတ်သွားတဲ့ ညအချိန်ကျတော့မှကမ္မဋ္ဌာန်း အားထုတ်ပါမယ်ဆိုပြီး နှလုံးသွင်းပြီးတော့ထား။

အဲဒါ နေဝင်ကစပြီး အိပ်လိုက်တာ မိုးလင်းတောင် အိပ်ရာက မထသေးဘူးဆိုတော့ အဲဒီပုဂ္ဂိုလ်အတွက် တညလုံး လုပ်ရမယ့် အခွင့်အရေးတွေဟာ အကုန်လုံး ဆုံးရှုံး နစ်နာသွား

ရော၊ မနက် နေထွက်လာပြန်တော့လည်း အိပ်ရာက တော်တော်နဲ့ မထနိုင်သေးဘူး၊ တလူးလူး ဟလိမ့်လိမ့်နဲ့။

စားတာကလည်း ဝတင်းပြီးတော့ နေအောင်စား၊ အဲဒီလို အစာတွေက လွန်ပြီးတော့ အဆီရစ်ပြီး ဘာဖြစ်နေ သလည်း ဆိုတော့ ထိုပုဂ္ဂိုလ်ဟာ တော်တော်နဲ့အိပ်ရာက မထနိုင်၊ ကျောကုန်းနဲ့ အိပ်ရာခင်းနဲ့ တလူးလူးတလိမ့်လိမ့်နဲ့ အဲဒါလိမ့်နေရတဲ့ အရသာလေးပေါ့။

မျက်စိလေးက အိပ်ချင်သလိုလို မအိပ်ချင်သလိုလိုနဲ့မှိန်းမှိန်းပြီးတော့နေရတဲ့ အရသာအဲဒါကို မိဒ္ဓသုခ သေယျသုခလို့ ဒီလိုဆိုတယ်။

ကျောကုန်းနဲ့ အိပ်ရာခင်းနဲ့ ကပ်ပြီးတော့ လိမ့်နေရတဲ့ ချမ်းသာ၊ အဲဒါကို သေယျသုခ—

အိပ်ချင်သလိုလိုမအိပ်ချင်သလိုလိုနဲ့ အိပ်ရာထဲ မှိန်းပြီးတော့ နေရတဲ့ ချမ်းသာကိုတော့ မိဒ္ဓသုခလို့ ခေါ်တယ်။

အဲဒီ သေယျသုခ မိဒ္ဓသုခနဲ့ အိပ်ရာထဲ လူးလိမ့် ပြီးတော့ နေဘာဟာ ကိလေသာ ဟူပြောတဲ့ ပုဂ္ဂိုလ်တို့ရဲ့ အကျင့်၊ မနက် (၇)နာရီလည်း မထသေး၊ (၈)နာရီလည်း မထသေး (၉)နာရီခလာကျမှ အိပ်ရာက ထလာတယ်။

ထလာပြန်တော့လည်း အအိပ်ကြီးတဲ့ ပုဂ္ဂိုလ်ရဲ့ မျက်နှာကို ကြည့်လိုက်ယင် ကိုယ့်ရုပ်သင့် မျက်ခုံးပြီး ကျွတ်ဖို့လို့၊ တခါတည်း မျက်နှာကြီးက မကြည်မလင် မရွှင်မပြနဲ့၊ ဘာပြုလို့လဲ ဆိုတော့ ထိုပုဂ္ဂိုလ်ပိုက်ပြီးတော့နေတဲ့ အတွက်ကြောင့် ကြည်လင်ရွှင်လန်းတဲ့ လက္ခဏာ ရုပ်မှာ ဘာတွေမှ မရှိဘူး။

အဲဒီလိုနဲ့ပဲ အချိန်က တော်တော်လေး လွန်လာတော့ ကိုင်း လေ (၈)နာရီခွဲ (၉)နာရီလောက်၊ ရောက်နေမှပဲ ကိုယ်လက်သုတ်သင်ဦးမှဆိုပြီး ကိုယ်လက်သုတ်သင် ရေမိုးချိုး အဲဒီလိုနဲ့ပဲ (၁၀)နာရီ (၁၁)နာရီ စားချိန်သောက်ချိန် ရောက်သွားရော။

စားချိန်သောက်ချိန် ရောက်လာတော့ ဒီအချိန်ဟာ စားတဲ့အချိန်ဆိုပြီး စားခန်းသောက်ခန်းထဲ ဝင်ပြီးတော့ စားလိုက်သောက်လိုက်ပြန်တယ်၊ အဲဒီလိုနဲ့ပဲ နေမွန်းလွဲကာနီးရောက်သွားပြန်ရော။

နေကလည်း ပြင်းပြင်းပူ၊ နေမွန်းတည့်တဲ့ အချိန်လည်းရောက်ပြီးတော့ လာပြန်တယ်၊ အစားကျပြန်တော့လည်း သူကဘောဇနမတ္တညုတဂုဏ်နဲ့ မပြည့်စုံဘူး၊ အအိပ်ကြီးတဲ့ လူဆိုတာ အအိပ်ကြီးတတ်တယ်။

အစားကလည်းအလွန်အကျွံစားမိထားတဲ အတွက်ကြောင့် နေမွန်းတည့်ပြီးပြီလည်းဆိုရော ထိုပုဂ္ဂိုလ်ရဲ့ မျက်စိတွေဟာ ပြန်ပြီးတော့ မှေးလာပြန်ရော၊ အဲဒီတော့ ခုနက မိဒ္ဓသုခ၊ သေယျသုခ ပဿသုခနဲ့ အိပ်ရာထဲ ကခါပြန်ပြီးတော့ မှိန်းလိုက်ပြန်တယ်။

အဲဒီလို တပြည်း တပြည်း မှိန်းယင်းမှိန်းယင်းနဲ့ ညနေလေး စောင်းပြီးတော့ ရေလေးဘာလေး ယပြီးတော့ချိုး၊ ချိုးပြီးတော့၊ ကိုင်း ညနေပါ စာ ဦးမှာပဲဆိုပြီး ကာခါစား၊ စားပြီးတော့တခါ မျက်စိလေး ပြန်မှေးသွားပြန်ရော။

## ဆန်တစိတ်နဲ့ ဆိတ်တကောင် ကုန်အောင် စားသတဲ့လား

ကောသလ ရှင်ဘုရင်ကြီးဆိုတာ ဘုန်းကြီးတို့ပရိသတ်ကြား ဖူးလိမ့်မယ်၊ စားလိုက်တာမှ "ဆန်တစိတ်နဲ့ ဆိတ်တကောင်ကုန် တယ်" ဆိုရာမှာ ဆန်တစိတ်ကုန်တယ် ဆိုတာတော့ စာထဲပါ တယ်၊ ဆိတ်တကောင် ကုန်တယ်ဆိုတာတော့ မပါဘူး။

အဲဒီလို ဆန်တစိပ်၊ သူနဲ့မျှတဲ့ ဟင်းလျာစားပြီး ဇေတဝန် ကျောင်းတော် မြတ်စွာဘုရား တရားဟောတဲ့နေရာ တရားနာ ရအောင်ဆိုပြီးသွားတော့ အဲဒီကောသလဘုရင်ကြီး နေ့ခင်းပိုင်း တရားပွဲမှာ ဘယ်လိုဖြစ်နေသလည်း ဆိုတော့—

မြတ်စွာဘုရား ရှေ့မှာ ထိုင်လို့ကလည်း ကောင်းကောင်း မထိုင်နိုင်ဘူး၊ အစားတွေက အင့်ပြီးတော့နေအောင် စားထား လို့ အဲဒီအစားတွေက လွန်ကျူး၊ ဟမင်းဆီ ရစ်ပြီးတော့ နေ တဲ့အတွက်ကြောင့် မျက်စိ ၊လည်းမဖွင့်နိုင်၊ထိနမိဒ္ဓတွေကလည်း နှိပ်စက်၊ လူကလည်း ဆန့်ဆန့်မတ်မတ် မထိုင်နိုင် တော့ပဲနဲ့ တလူးလူး တလိမ့်လိမ့်ဟိုဘက်ပြောင်း၊လိုက်ဒီဘက်ပြောင်းလိုက်နဲ့ မျက်စိကလည်းမှေးလို့ တရားနာနေတာ။

အဲဒီမှာ မြတ်စွာ ဘုရားက ကောသလ ရှင်ဘုရင်ကြီးကို အစားနဲ့ ပတ်သက်ပြီး တရားဟောယူရတယ်၊ ဒကာတော်မင်း ကြီး—ဒကာတော်မင်းကြီးဟာ အအိပ်ကလည်းကြီး၊ အစား ကလည်းကြီး၊ ဘယ်လိုလည်း ဆိုလို့ရှိရင် အလွန် အစားကျူး ပြီးတော့အိပ်နေတဲ့ ဝက်ကြီးတကောင်လိုပဲ၊ တလူးလူး တလိမ့်

လိမ့်နဲ့ ငါ့ဘုရားရှေ့လာပြီးတော့ ငိုက်နေလိုက်တာ၊ အဲဒီလိုကို ပြောယူရတယ်။

အဲဒီစကားရပ်တွေ ဓမ္မပဒမှာ အပြည့်အစုံ ပါပါတယ်၊ အဲဒီ နောက်တော့ မြတ်စွာဘုရားက တနေ့နည်းနည်း နည်းနည်းနဲ့ အစာကို လျှော့စားခိုင်းတယ်၊ မြတ်စွာဘုရားစကားတော့လည်း သူနားထောင်တယ်၊ တနေ့နည်းနည်း နည်းနည်းလျှော့ပြီးတော့ စားလိုက်တာ ခန္ဓာကိုယ်ဟာ တဖြည်းဖြည်းစစ်စစ် စင်စစ်သွား ပြီးနောက်ကျတော့ အနေတော်လေး ဖြစ်သွားဘယ်၊ တရားနာ တော့လည်း မငိုက်တော့ဘူး။

အဲဒီလို ငိုက်ငိုက်ပြီးတော့ နေတဲ့ အတွက်ကြောင့် မြတ်စွာ ဘုရားဟောတဲ့ တရားတွေကို ကောသလ ရှင်ဘုရင်ကြီး ဘာမှ မသိဘူး၊ နေ့ခင်းတရားပွဲသာ ဆိုလို့ရှိရင်၊ ကောသလရှင်ဘုရင် ကြီး လာလာပြီးတော့ ငိုက်နေတာပဲ၊ သာဓု—သာဓုဆို ထပြီး တော့ပြန်၊ အဲဒါ သာဓုတောင် တခါတခါ သာဓု ရှေ့က နှစ် ခွန်း မမီလိုက်ဘူး၊ နောက်ဆုံးတခွန်းပဲ မီလိုက်တယ်။

"ကောသလရှင်ဘုရင်ကို ပြောတာ တို့ပရိသတ်ကို ပြောတာ မဟုတ်ပါဘူးနော်"

သာဓု—သာဓုဆို နောက်တခွန်း လေကပဲ မှီလိုက်ဘာ။

အဲဒါ တချို့များ ရှိသေးတယ်၊ နောက်တခွန်း လေးကပဲမှီ လိုက်တယ်၊ သာဓု နောက်ထပ်သာဓု ကျန်သေးတယ် မှတ်ပြီး သူက ဆက်ခေါ်နေတာ၊ သူများတွေ ထသွားကြလို့ မရှိတော့ ဘူး၊ နောက်ထပ်သာဓု ကျန်လိမ့်ဦးမယ်၊ ထင်ပြီးတော့ သူက

ထက်ခေါ်နေတယ်၊ ပရိသတ်က တိတ်သွားပြီး သူ့ သာခုကြီး နှစ်ခွန်းတည်း တင်းထင်းကြီး ပေါ်နေတယ်။

အဲဒီတော့ ဘာဖြစ်သွားသလည်းဆိုတော့ တရားနာလာကြ တဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ မျက်လုံး အစုံက သူ့ကို ဝိုင်းကြည့်ပြီးတော့ ပြုံးပြီးထသွားကြတယ်။

ပရိသတ်ရဲ့ အလယ်မှာ မျက်နှာငယ်ပြီးတော့ အဲဒီလိုအထင် သေးခံရတဲ့ ဘဝ၊ ပြောင်လှောင်သရော် ပြုခြင်းကို ခံရတဲ့ဘဝ မျိုး ဘာကြောင့် ရောက်ရသလည်း ဆိုလို့ရှိယင် အအိပ်ကြီးတဲ့ ပုဂ္ဂိုလ်တို့ရဲ့ အအိပ်မှာ လွန်ကျူးလိုက်စားမိလို့၊ အအိပ်ကြီးတဲ့ လူတွေရဲ့ သဘောဟာ ဒီအဖြစ်မျိုးကို ရောက်တတ်တယ်။

အဲဒါနိဒ္ဒါသီလီ တဲ့၊ ဘုန်းကြီးတို့ အဲဒါအကျယ် ပြောရမယ် ဆိုလို့ရှိယင်လည်း ဒီနေရာမှာ ဇာတ်တော်အခု သွင်းဖို့တော့ ကောင်းဘယ် ပေါ့ခလ။ ဘုန်းကြီးပြောချင်တဲ့ ကဏ္ဍရောက် အောင် နိဒ္ဒါသီလီ စာပုဒ်ကို ဒါလောက်ပဲ ပြောချင်တယ်၊ ဂါထာ ၂၀ ကုန်မှာတော့မဟုတ်ဘာသေချာတယ်။ သို့သော် လည်း ပြောချင်တဲ့အသိတော့ရောက်အောင် ပြောမယ်ပေါ့။

သဘာသီလီ၊ ပွဲလမ်းသဘင် မြူးထူးပျော်ပါး လိုက်စား တဲ့ အလေ့အလာ ရှိသည်သည်း။ ဟောဘိ၊ ဖြစ်၏။

သဘာသီလီ မပြောဖူးပါဘူး ဆိုတဲ့ အထဲက ဇာတ်ဘော် လေးတခု ပေါ်လာပြန်တယ်၊ ဇာတ်ဘော်လေးတခု ခပ်ကိုတို ပေါ့ဗျာ။

## ပျင်းရိတဲ့နေရာမှာ လူရည်ချွန်တပည့်

ဒိသာပါမောက္ခ ဆရာကြီးမှာ တပည့်တွေ မြောက်မြားစွာ ရှိတဲ့အထဲက ယခုလို ပျင်းရိတဲ့ သဘောလည်းရှိတယ်၊ အအိပ်ကျူးတဲ့ သဘောလည်း ရှိတယ် ဆိုတဲ့တပည့်တယောက်ရှိတယ်။

ဒိသာပါမောက္ခဆရာကြီးက တပည့်ပေါင်း မြောက်မြားစွာကို "ငါ့တပည့်တို့ — တို့တက္ကသိုလ်ကျောင်းတိုက်ကြီးမှာ ထင်းအလိုရှိတယ်။ တောထဲသွားပြီးတော့ ထင်းခွေချေကြ" ဆိုပြီးတော့ တပည့်တွေကို တောထဲထင်ခွေ အခွေခိုင်းလိုက်တယ်။

အဲဒီ အအိပ်ကျူးတဲ့ တပည့်တယောက်က ဆရာကြီးကအဲဒီလို ပြောတဲ့အခါမှာလည်း ငိုက်နေတာပဲ၊ အတန်းထဲမှာလည်း ငိုက်နေတာပဲ၊ ထင်းခွေခိုင်းလိုက်တဲ့အခါကျတော့အခြားအခြား တပည့်တွေနဲ့တောကြီးထဲ ထင်းခွေရအောင်ထွက်သွားကြတယ်။

တောထဲ ရောက်တဲ့အခါကျတော့ ဒိပြင် ဒိပြင်တပည့်တွေက ထင်းခွေမယ်ဆိုပြီး၊ အသီးသီးအလျှိုအလျှိုတောကြိုး တောင်ကြား လျှိုကြား ထွက်သွားကြတော့သူက လှမ်းပြီးတော့ကြည့်လိုက်တယ်၊ ရာသီက ဘယ်ရာသီသည်းဆိုတော့တပေါင်းလရာသီကြီး၊ သစ်ပင်တွေက သစ်ရွက်တွေ ကြွေနေတယ်။

အဲဒီလို ကြွေနေတော့ သစ်ပင်တပင်ကို လှမ်းကြည့်လိုက်တဲ့အခါ အဲဒီသစ်ပင်ကြီးမှာ သစ်ရွက်က တရွက်မှ မရှိဘူး၊ အိပ်မှုန်စုံဖွားနဲ့ လှမ်းကြည့်လိုက်တော့ ဟာ—သစ်ပင် ခြောက်ကြီးကိုဟ ဆိုပြီး ဒီအပင် ငါ့အပင်ဆိုပြီးတော့ အဲဒီ သစ်ပင်ကြီးရဲ့ ခြေရင်း ခေါင်းစိုက်ပြီး သူက အိပ်လိုက်တယ်။

သစ်ပင်ကို သေသေချာချာ မကြည့်ဘူး၊ ခေါင်းစိုက်ပြီး တော့သာ အိပ်နေတယ်၊ သူများတွေက တောထဲ သွားပြီးတော့ ထင်းတွေ ရှာလိုက်ကြတာ တပွေ့တပိုက်ကြီးနဲ့ ပြန်လာကြ တယ်၊ သစ်ပင်နားရောက်လို့ ကြည့်လိုက်သော့အခုနကအကောင် သစ်ပင် ခေါင်းစိုက်ပြီးတော့ အိပ်နေတုန်းပဲ။

အဲဒါနဲ့ပဲ ထင်းသယ်ရာက ပြန်လာကြတဲ့ လူတွေက ခြေ ထောက်နဲ့ တယောက်တချက် ကန်ပြီးတော့ သွားကြတယ်၊ နောက်ဆုံးလူကခပ်ပြင်းပြင်းကလေး ကန်ပစ်ခဲ့တဲ့အတွက်ကြောင့် အဲဒီတော့မှ သူနိုးတယ်၊ နိုးလို့တပြီး ကြည့်လိုက်တော့ အခုနက အကောင် သစ်ပင်ခေါင်းစိုက်ပြီး အိပ်နေတုန်းပဲ။

သူများတွေ ထင်းတွေ အသီးသီးရှက်ပြီးတော့ ပြန်သွားကြ တယ်၊ သူတယောက်တည်းကျန်ရစ်တယ်၊ ဒီတော့မှ ကိုင်းလေ—ငါ အပိုင်စီးထားတဲ့ ဒီသစ်ပင်ကြီးတက်ပြီးတော့ ချိုင်လေမှပဲဆိုပြီး သစ်ပင်ပေါ် တက်ရရာ အကိုင်း ဖမ်းပြီးတော့ ချိုးလိုက်တာ အခြောက်လို့ ထင်နေတာ အကုန်လုံးအစိုတွေချည်းဖြစ်နေတယ်။

သစ်ရွက်တွေကြွေနေတဲ့ အပင်ကြီးကိုသူကအခြောက်လို့ မှတ် တာ မျက်လုံးလေးဘာလေး ပွတ်ကြည့်ဖို့ ကောင်းတယ်၊ အဲဒါ အခြောက်လို့ထင်မှတ်ပြီး သစ်ကိုင်းတွေကွဲဆွဲ ဆွဲဆွဲပြီးတော့ချိုး လိုက်တာ အကိုင်းတကိုင်းကျတော့ တော်တော်လေး အချိုးရ ခက်နေတယ်၊ အစိုဆိုတော့ အခြောက်လိုမလွယ်ဘူးပေါ့။

အကိုင်းက မျှင်းပြီးတော့ ပါလာတာ ချိုးလည်း ချိုးလိုက် ရော တော်တော်ကြာတော့ မကျိုးချင် ကျိုးချင်နဲ့ကွေးပြီးတော့ ကျိုးသွားလိုက်တာပြန်လဲ ဆန့်လိုက်ရော အဲဒီ အကိုင်းတကိုင်း

က သူ့မျက်နှာတည့်တည့် ထိုးမိလို့ မျက်စိတဘက် ကန်းသွားတယ် တဲ့။

ရတဲ့ထင်းတွေကလည်း ဘယ်လို ဖြစ်နေသလည်း ဆိုတော့ ထင်းအစိုတွေချည်း သူရတယ်၊ အဲဒါ မျက်စိ တဘက်ကန်းလေးနဲ့ ထင်းအစိုတွေ ထမ်းပြီးတော့ တက္ကသိုလ်ဆရာကြီးထံ သူပြန်သွားတယ်။

အခြား အခြားသောတပည့်တွေတော့ မျက်နှာလှပြီးတော့ ဆုကောင်း လာဘ်ကောင်းများရတယ်၊ သူ့ကျတော့ ဘာဖြစ်သွားသလည်းဆိုတော့ ဆရာကြီးကဟဲ့—ထင်းယူခဲ့ ဆိုတာ မင်း ဘယ့်နှယ်ဟာတွေ ယူလာရတာလည်း သစ်ကိုင်းအစိုတွေ ဘယ်က ကောက်လာတုန်းဆိုတော့—

သစ်ပင်ဘပင်ရင်းမှာ အဲဒီသစ်ပင်ကို အခြောက်ထင်ပြီးတော့ အိပ်နေမိပါတယ်၊ အဲဒါသူများတွေ ပြန်သွားကျတော့မှ အပင်ပေါ်တက်ပြီးတော့ ချိုးလိုက်တာ သစ်ကိုင်းတကိုင်း ချိုးလိုက်တာ ကွေးပြီးတော့ပါလာတယ်၊ ပြန်ပြီးတော့ ဆန့်သွားရော မျက်လုံးခတ်သွားလို့ ကျွန်ုပ်မျက်လုံးတဘက်လည်း ကမ်းသွားပါတယ်၊ ထင်းတွေကလည်း ဒါပါပဲဆိုပြီးတော့ သစ်ကိုင်းစိုတွေကို ပေးလိုက်တယ်။

အဲဒီမှာ ဆရာကြီးက ဒီလောက်တောင်မှ ထကြွ လုံ့လ ဝီရိယမရှိ အအိပ်ကျူးတဲ့ ပုဂ္ဂိုလ်တယောက် မင်းလို ပုဂ္ဂိုလ်တယောက်ဒါ တက္ကသိုလ်မှာပညာသင်နေလို့အပိုပါပဲ ဆိုပြီးတော့ အဲဒီမျက်စိကန်း အလှန်အပျင်းထူတဲ့ ထိုတပည့်အား တက္ကသိုလ်မှနေပြီး ထုတ်ပစ်လိုက်တယ်၊ ကျောင်းထုတ်ပစ် လိုက်တယ်။

အဲဒီကနေ မိဘရပ်ထံ ပြန်သွားတော့လည်း ဒီအတိုင်းပဲ ဘာမှ မလုပ်ချင် မကိုင်ချင်၊ ပညာကလည်း မတတ်၊ မျက်စိကလည်း တဘက်ကန်း၊ အိပ်ရာထပြန်တော့လည်း နေမြင့်မှ ထတယ်။ အခုနက ဘုန်းကြီး ပြောခဲ့တဲ့ အတိုင်းပဲ သိင်္ဂါလ သုတ္တန် အတိုင်းပဲ—

## ပျင်းရိသူတို့ရဲ့ ဆင်ခြေပေးချက်များ

အတိသီတန္တိ ကမ္မံ နကရောတိ အတိဥဏှန္တိ တမ္မံ နကရောတိ အတိပါတောတိ ကမ္မံ နကရောတိ အတိသာယန္တိ ကမ္မံ နကရောတိ အတိဆာတောသ္မိတိ ကမ္မံ နကရောတိ အတိဓာတောသ္မိတိ ကမ္မံ နကရောတိ—

ပျင်းရိတဲ့ပုဂ္ဂိုလ်ရဲ့ ဆင်ခြေတွေကို သိင်္ဂါလသုတ္တန်မှာဘုရား ဟောထားတယ်၊

အတိပါတော၊ အလွန်စောသေး၏။ ဣတိ၊ ဤသို့။ ကမ္မံ၊ အမှုကို။ နကရောတိ၊ မပြုသေး။

အကယ်၍များ တခါတလေ ယောင်လို့ မနက် စောစော အိပ်ရာကတလာပြန်လဲပဲပျင်းရိတဲ့ လူအအိပ်ကြီးတဲ့ လူ့ရဲ့ဆင်ခြေ က ကိုင်းကွာ—အလွန် စောပါတယ်။ အလုပ်လုပ်ဖို့ အချိန်မကျ သေးပါဘူး၊ စောသေးတယ် ဆိုပြီးတော့ လုပ်ရမယ့် လုပ်ငန်း ခွင် မဝင်သေးဘူး တဲ့။

စောသေးတယ်ဆိုပြီး လုပ်ငန်းခွင် မဝင်သေးပဲနဲ့ မှေးပြီး တော့ အိပ်နေတုန်း အချိန်ကလွန်သွားပြန်ရော၊ အဲဒီလိုအချိန် လွန်သွားပြန်တော့ ဘာဖြစ်လာသလည်း—

အတိသာယန္တိ ကမ္မံ နကရောတိ၊

အတိသာယံ၊ အလွန် နောက်ကျခဲ့လေပြီ။ ဣတိ၊ ဤသို့။ ကမ္မံ၊ အမှုကို။ နကရောတိ၊ မလုပ်တော့ဘူး။

စောပြန်တော့လည်း စောသေးတယ် ဆိုပြီးမလုပ်သေးဘူး၊ နောက်ကျသွားပြန်တော့လည်းနောက်ကျပါပြီကွာ မထူးတော့ပါဘူးဆိုပြီး မလုပ်တော့ပြန်ဘူး၊ အဲ—နောက်တော့ဘာဖြစ်လာပြန်သလည်း—

အတိသီတန္တိ ကမ္မံ နကရောတိ

အတိသီတံ၊ အလွန် အေးလှပါ၏။ ဣတိ၊ ဤသို့။ ကမ္မံ၊ အမှုကို၊ နကရောတိ၊ မပြုလုပ်သေး။

အခုလို မိုးလေးစိမ့်စိမ့် စိမ့်စိမ့်နဲ့ ချမ်းအေး ရာသီ၊ဆောင်းရာသီ ကျပြန်တော့လည်း နှင်းတွေဖွဲဖွဲ ဖွဲဖွဲနဲ့ ချမ်းအေးတဲ့ရာသီ အဲဒီလို အေးတဲ့ ချမ်းတဲ့ရာသီ မိုးတွေ စိုစွတ်ပြီးတော့ နှင်းတွေကျ ချမ်းအေးတဲ့ ရာသီကျပြန်တော့လဲပဲ အလွန် အေးချမ်းပါတယ်ကွာ၊ ချမ်းတယ် အေးတယ်ဆိုပြီးတော့ အလုပ်မလုပ်ဘူး၊ တလူးလူး တလိမ့်လိမ့်နေပြန်ဘယ်။

ကိုင်—ပူပြင်းတဲ့ ရာသီကျပြန်တော့ကော ဘယ်လိုလဲ—

အတိဥဏှန္တိ ကမ္မံ နကရောတိ

အတိဥဏှန္တိ၊ အလွန်ပူအိုက်၏ ဟူ၍။ကမ္မံ၊ အမှုကို၊ နကရောတိ၊ မလုပ်ပါ။

အိုက်ဘဲ့ ရာသီ ကျပြန်တော့လည်း အိုက်တယ်ဆိုလို့ပြီးတော့ အလုပ်မလုပ်ဘူး တဲ့၊ အေးတဲ့ရာသီကျပြန်တော့ အေးလွန်းလို့

ဆိုပြီးတော့ အလုပ်မလုပ်ပြန်ဘူး၊ အဲဒါ ပူတာ အေးတာနဲ့ တစုံ၊ နောက်ပြီးတော့ ဘာဖြစ်လာပြန်သလည်း ဆိုလို့ရှိယင်—

အတိဆာတောသိ့တိကမ္မံ နကရောတိ

အဟံ၊ ငါသည်။ အတိဆာတော၊ အလွန်ဆာလောင် မွတ်သိပ်သည်။ အသမိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ကမ္မံ၊ အမှုကို။ နကရောတိ၊ မလုပ်ပ၊။

အဲဒါက ဘာပြောတာလည်း ဆိုလို့ရှိယင်၊ အလွန်ဆာတယ်၊ ထမင်း မစားရသေးလို့၊ ရေမသောက်ရသေးလို့၊ မနက်အိပ်ရာကထလာ ဗိုက်ထဲ ကော်ဖီလေး တခွက်လောက်မှ မထည့်လိုက်ရသေးလို့ဟာဆိုပြီးတော့ အဲဒါဘာမှမလုပ်ဘူး တဲ့။

ဆာလွန်းတယ် ဆိုပြီးတော့လည်း အလုပ် မလုပ်ဘူးပေါ့၊ အဲဒါ ဆင်ခြေပေးနေတာ၊ သူ့ဟာသူ မလုပ်ခြင်လို့ အကြောင်းတွေ အမျိုးမျိုး ပြနေတာ၊ အလွန် ဆာတယ်ဆိုပြီးတော့ အလုပ်မလုပ်တဲ့လူတွေ မနက်အိပ်ရာကထ ဘာမှ မစားရသေးဘူး ဆိုပြီးတော့ ဘာလုပ်သလည်း—

လက်ဖက်ရည်ဆိုင် သွားပြီးတော့ထိုင် အဲဒီမှာ ကိုယ်လိုပဲ အပြင်းထူးတဲ့လူတွေ့စုပြီးတော့ တမနက်လုံးလက်ဖက်ရည်လေး တခွက် ဝယ်သောက်၊ ရေနွေးကြမ်းအိုး တလုံးနဲ့ သောက်ယင်းဟိုအကြောင်း ဒီအကြောင်း အတင်းတွေ အဖျင်းတွေ စုထိုင်ပြီး ပြောနေကြတာပဲ၊ အဲဒါ အလုပ်မရှိတဲ့ အဘိုးကြီးတွေက ပိုဆိုးတယ်။

အဲဒီလိုပဲ ဆာတယ်ဆိုပြီး အလုပ် မလုပ်သေးဘူး၊ တရားအလုပ်အားထုတ်မယ့် ယောဂီများ ဆိုလည်း ဒီအတိုင်းပဲ၊ ဝမ်း

ထဲက တကျိကျိနဲ့ ထမင်းဆာလှန်းတယ် အားထုတ်လို့မဖြစ်သေး ပါဘူးဆိုတော့ အားမထုတ်ဘူး။

ဆာလောင်မွတ်သိပ်ယင်လည်း အဲဒါ ဆာတယ်၊ ငါထမင်း ဆာတယ်လို့ နှလုံးမသွင်းပဲနဲ့ ဝမ်းခေါင်းထဲမှာ ရှိနေတဲ့ ပါ စကတေဇောလို့ ခေါ်တဲ့ တေဇောဓာတ်ရဲ့ ပူလောင် နှိပ်စက် နေပုံကို နှလုံးသွင်းနေယင် အဲဒါ ကမ္မဋ္ဌာန်း ဖြစ်နေတာပဲ။

အဲဒီလို နှလုံးမသွင်းတတ်တဲ့ယောဂီပုဂ္ဂိုလ်များ အနေနဲ့တော့ ဘယ်လို ဖြစ်သွားသလဲ၊ ဆာတယ် ဆာတယ် ဆိုပြီးတော့ အားမထုတ်ပဲနဲ့ အဲဒါစားရဖို့အရေးကိုသာ အားခဲပြီးတော့ နေ ခဲ့ယင် အဲဒီမှာ ရသတဏှာ တဲ့၊ အဲဒီဘက်ကို ရောက်သွားတယ်၊ ဆာယင်လည်းပဲ ဆားတဲ့ဥစ္စာ ကမ္မဋ္ဌာန်းအဖြစ် နှလုံးသွင်းလိုက် ရုံပဲရှိတယ်။

တေဇောဓာတ် နှိပ်စက်လို့ အစာအိမ်မှာ ပူလောင်ပြီးတော့ လာတဲ့သဘောကို ကျကျနန နှလုံးသွင်းပြီးတော့ တေဇော ဆို တဲ့ ရုပ်ဘရားတခုသည် အစာတို့၏ သိုလှောင်ရာ ဖြစ်တဲ့အစာ အိမ်ဆိုတဲ့ အဋ္ဌကလာပ် ရုပ်ရှစ်ခု—

အဋ္ဌကလာပ် ရုပ်(၈)ခု၊ ဇီဝိတကို ထည့်ပြီးတော့ ပေါင်း မယ်ဆိုယင် အဲဒါ (၉)ခုပေါ့။

အဲဒီရုပ်တွေကို တေဇောဓာတ်က လောင်မြိုက်နေတာ၊ ရုပ် ရုပ်ခြင်း အဲဒီမှာ အချင်းချင်း နှိပ်စက်နေပုံကို တို့ယောဂီများ နှလုံးသွင်းလိုက်မယ် ဆိုလို့ရှိယင် ထမင်းဆာတယ် ဆိုတဲ့ ဥစ္စာ ဟာ ကမ္မဋ္ဌာန်း ဖြစ်လာတယ်၊ အဲဒီလို နှလုံးသွင်း၊ အသုံးချ တတ်လို့ရှိယင် အခွင့်အရေးဟာ အလိုလိုပါလာတယ်။

ဟို—သိင်္ဂါလသုတ္တန် ပါဠိတော်ကတော့—

အတိသာတတော သွိတိ ကမ္မံ နကရောတိ

အတိသာတတော၊ အလွန်ဆာလောင်မွတ်သိပ်သည်။ အသမိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ကမ္မံ၊ အလုပ်ကို။ နကရောတိ၊ မလုပ်ပါ။

ဆာလောင်တယ်ဆိုပြီး အလုပ်မလုပ်ဘူး တဲ့၊ ဒါကတမျိုး၊ ဆာလောင်မွတ်သိပ်တဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့ဆာလွန်းအားကြီးတော့ ထမင်းပွဲဝင်ထိုင်ပြီးတော့ အားကုန်စား၊ ဘောဇနမတ္တညုဂုဏ်နဲ့ မပြည့်ပဲနဲ့၊ တအားကုန် စားလိုက်တော့ ဘာဖြစ်သလည်း၊ ဝသွားပြန်တယ်။

အဲဒီလို ဝသွားပြန်တော့လဲ ဘာဖြစ်လာပြန်တုန်းဆိုတော့ —

အတိဓာတတော သွိတိ ကမ္မံ နကရောတိ၊

အတိဓာတတော၊ အလွန် ဝလွန်းသည်။ အသမိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ကမ္မံ၊ အမှုကို။ နကရောတိ၊ မလုပ်သေး။

ကျောလေး နည်းနည်း ဆန့်လိုက်ဦးမှပဲ ဆိုပြီးတော့ဝလွန်းတဲ့ စားပြီးသား ပုဂ္ဂိုလ်တယောက် အနေနဲ့လဲပဲ နေ့တွအခိုက်အတန့် ပက်လက်ကလေး လှဲပြီးတော့ နေလိုက်တယ်၊ အဲဒါနဲ့ပဲ အချိန်ကုန်သွားပြန်တယ်။

## အာဇီဝဌမကသိလသန့်ရှင်-ဖို ခက်တယ်

အိပ်ခြင်း ငိုက်မျဉ်းခြင်းနဲ့ ထကြွလို့လမရှိခြင်း၊ ပျင်းရိခြင်းဆိုတာ မိတ်ဖက်အနေနဲ့ အဲဒါ တွဲပြီးတော့သွားကြတယ်၊ အေးလွန်းတယ်လို့ အကြောင်းပြပြီး အလုပ်မလုပ်ဘူး၊ ပူလွန်း

တယ်လို့ အကြောင်းပြပြီး အလုပ်မလုပ်ဘူး၊အလွန် စောသေး တယ်ဆိုပြီး အလုပ်မလုပ်ဘူး၊ နောက်ကျသွားပြီ ဆိုတော့လည်း အလုပ်ခွင် မဝင်ဘူး။

"တို့–ရုံးသွားတဲ့ ဒကာကြီးတွေ ဒီအတိုင်းပဲ မဟုတ်လား"

" "

........

နောက်ကျသွားပြီကွာ၊ ဒီကနေ့တော့မတက် သေးဘူးပေါ့၊ စောသေးတယ်ကွာ ဆိုပြီးတော့ ဆယ်နာရီလောက်မှ ရုံးသွား၊ ရုံးတက်ရမှာက (၉)နာရီခွဲ၊ ကိုယ်က(၁၀)နာရီ (၁၁)နာရီ မှ သွားတော့ ဘယ်လို ဖြစ်သွားသလဲ အချိန်တွေ နောက် ကျကုန်တယ်။

ဆိုကြပါစို့ (၉)နာရီခွဲ ရုံးတက်ရမယ်၊ ကိုယ်က (၁၀) နာရီခွဲမှ ရောက်တယ်ဆိုယင်–

"တို့ ပရိသတ် အဲဒီပုဂ္ဂိုလ် ဘယ်နှစ်နာရီ နောက်ကျသွား သလဲ"

"တနာရီ နောက်ကျသွားပါတယ် ဘုရား"

"တနာရီ နောက်ကျသွားတယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ အဲဒီပုဂ္ဂိုလ် (၁)နာရီ အလုပ်မလုပ်ဘူးပေါ့ဗျာ၊ တိုင်းပြည်အစိုးရ သတ်မှတ်ထားတဲ့ ဥပဒေက တနေ့ဘယ်နှစ်နာရီ အလုပ်လုပ်ရမတဲ့လဲ"

"(၈) နာရီပါ ဘုရား"

"(၈) နာရီ အလုပ်လုပ်ရမယ်"

ထိုအလုပ်သမား တယောက်ဟာ၊ ထိုအမှုထမ်း တယောက်ဟာ (၁)နာရီ အလုပ်မလုပ်ခဲ့တဲ့ အတွက်ကြောင့် အဲဒီ(၁)နာရီအတွက် ရသင့်ရထိုက်တဲ့ တန်ဖိုးကျတော့ကော ဘယ်လိုလဲ—

"သူလျော့ပြီးယူရဲ့လား"

"မယူပါ ဘုရား"

"ဒါဖြင့်အဒိန္နာဒါန သိက္ခာပုဒ်အရ၊တိုင်းပြည်ရဲ့ ဘဏ္ဍာတော်ကို (၁)နာရီအတွက် သူခိုးယူလိုက်တာ"

ဒါကြောင့်မို့လို့ သီလဝိသုဒ္ဓိဆိုတာ သိပ်ပြီးတော့ အရေးကြီးတယ် အာဇီဝဋ္ဌမကသီလ စောင့်ပါတယ်ဆိုတဲ့ ဒကာကြီးတွေ ဒကာမကြီးတွေ စဉ်းစားဖို့ပေါ့။

ဒကာကြီးတယောက်ကတော့ ညည်းဟယ် တဲ့၊ တပည့်တော်ဘုရား အာဇီဝဋ္ဌမကသီလ စောင့်ပြီးတော့ နေ့မလို့ စိတ်ကူးတာစောင့်လို့ကို မဖြစ်တဲ့ အတွက်ကြောင့်မစောင့်ဘူးလို့ ဆိုသတဲ့၊

အဲဒါတွေ အသေးစိတ်လျှောက်ပြီးတော့ဟိုလိုဒီလိုစဉ်းစား၊ ကိုယ့်ပစ္စည်းကိုယ် ခိုးစားရဘာ တွေရော ဘာတွေရော သူကလျှောက်ပြောတယ်၊ အဲဒါ သူပြောဘာ ဘုန်းကြီးတို့ကတော့ မပြောဘူး။

ဘုန်းကြီးပြောလိုဘာကတော့ အခု အလုပ်ကောင်းကောင်း လုပ်ဖို့ ပြောနေပါတယ်၊ တနေ့ရုံးချိန် (၈)နာရီ တက်ရမယ်၊ အလုပ်လုပ်ရမယ့် (၁)နာရီနောက်ကျပြီးတော့ တက်ယင် အဲဒီ (၁)နာရီအတွက် တိုင်းပြည်ဘဏ္ဍာတော်ကို ဒီပုဂ္ဂိုလ်ခိုးတာပဲ။

တခါတခါကျတော့(၁၀)နာရီ(၁၁)နာရီလဲပဲမရောက်ဘူး၊ နာရီပြန်(၁)ချက် (၂)ချက်နဲ့လဲ မရောက်ပြန်ဘူး၊ညနေလေး

တော်တော်စောင်းသွားတော့နောက်ကျသွားပြီ ဆိုပြီးတော့ အဲဒီ ပုဂ္ဂိုလ်တနေ့လုံး မသွားတော့ဘူးတဲ့၊ အဲဒါဘာဖြစ်တုန်း တိုင်းပြည့်ရဲ့ဘဏ္ဍာတရက်စာ တရက်စာ သူ့အလကား ယူသွားတာ။

ဒေသနာတော်နည်းနဲ့ ကြည့်မယ်ဆိုလို့ ရှိယင် အဒိန္နာဒါနာ သိက္ခာပုဒ်က အဲဒါတွေ မလွယ်ဘူး၊ အာဇီဝဋ္ဌမက သီလသန့်ရှင်းဖို့ခက်တယ်၊ တို့တရားနာ ပရိသတ် မဂ္ဂင်ရှစ်ပါး ပြည့်စုံဖို့ တော်တော်ခက်တယ်၊ သမ္မာကမ္မန္တ မဖြစ်နိုင်ကြပါဘူး။

ဒါကြောင့် မပျင်းကြပါနဲ့၊ ပျင်းရိတဲ့ ပုဂ္ဂိုလ်များရဲ့ ထိခိုက်တတ်ပုံတွေ၊ ပျင်းရိခြင်းနဲ့ ပတ်သက်တဲ့ အပြစ်(၆)ပါးကို တို့ ပရိသတ် မှတ်မိပြီးတော့ ထားလိုက်ကြ။

အိပ်ခြင်းငိုက်ချဉ်းခြင်းနဲ့ ပျင်းရိခြင်း၊အဲဒီလိုသာ တွဲပြီးတော့ မှတ်သိုက်ကြပေတော့။

## စိတ်ကူးယဉ် အိပ်ရာထဲမှာ

ပွဲလမ်းသဘင်မျိုးထူးပျော်ပါးလိုက်စားတဲ့ ပုဂ္ဂိုလ်တယောက် အတွက်လဲပဲ ဘာတွေပျက်စီးသွားသလဲဆိုလို့ရှိယင်ပွဲလမ်းသဘင် ခဏခဏကြည့်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်ဘယောက်အနေနဲ့ စီးပွား ဉစ္စာ ဆုံးရှုံးပျက်စီးတာကို ထားဦး၊ စိဘ်ဓာတ်တွေ ပျက်စီး သွားတယ်။

ပွဲသဘင်၊ ဇာတ်သဘင်၊ ရုပ်ရှင် သဘင်၊ ရုပ်သေး သဘင် ဘာပဲဖြစ်ဖြစ်ပေါ့၊ပွဲသဘင်များဆိုတာမဟုတ်တာတွေကိုအဟုတ် ထင်အောင် လုပ်ပြီးတော့ လှည့်စားပြနေတာတွေ။ အဲဒါတွေ

ဟာအများအားဖြင့်ပေါ့လေ၊ အများဆုံး ဇ ဇရာခိုင်နွန်းလောက်ဟာ မဟုတ်တာတွေကိုချည်း လုပ်ပြနေတာ။

တချို့ တကယ့်အဖြစ်မှန်တွေကို တင်ပြတာလဲပဲ ရှိပါတယ်၊ ဒါကတော့ အလွန်နည်းတယ်ပေါ့၊ အဲဒီလို မဟုတ်တာတွေကို လုပ်ကြံပြီးတော့ ပြနေတယ် ဆိုလို့ရှိယင်၊ ဒေသနာတော်နည်းအရ အဲဒါ ဘယ်ထဲဝင်သွားသလဲ ဆိုလို့ရှိယင် သမ္ဖပ္ပလာပထဲဝင်သွားတယ်။ အဖျင်းတွေလို့ ခေါ်တယ်၊ ကုသိုလ်အနှစ်၊ ပညာအနှစ်၊ ဥစ္စာအနှစ်၊ ဘာအနှစ်မှ မပါတဲ့ အဖျင်းတွေတဲ့၊ အဲဒါတွေဟာ –

ဝတ္ထုစာအုပ်ဖတ်ပြီးတော့ နေကြတာတွေ၊ အဲဒီဝတ္ထုစာအုပ်တွေကနေပြီးတော့ ဇာတ်သိမ်းထွင်ပြီးတော့ ဇာတ်စင်ပေါ်တင်ပြီးတော့ပြတာတွေ၊ အဲဒီအဖျင်းဖြစ်တဲ့ သမ္ဖပ္ပလာပတွေကိုသွားပြီးတော့ ကြည့်နေကြတဲ့ ပုဂ္ဂိုလ်တွေကလဲပဲ ဘယ်အနှစ်ရမလဲ အဖျင်းပဲ ရမယ်။

အဲဒါတွေကြည့်ပြီးပြန်လာတဲ့အခါကျတော့လမ်းတလျှောက်လုံး အဲဒီပုဂ္ဂိုလ်ရဲ့ စိတ်ထဲမှာ အိမ်ပြန်ရောက်တဲ့အသိ ဘာဖြစ်လာသလဲ ဇာတ်စင်ပေါ်က ပိတ်ကားပေါ်က ပြလွှတ်လိုက်တာတွေလို တွေ့ပြီးတော့ ပြန်လာတယ်။

အဲဒီဇာတ်စင်ပေါ်က၊ ဇာတ်ခုံပေါ်က၊ ပိတ်ကားပေါ်က ပြသွားတာတွေ ဥပမာ ဆိုကြပါစို့၊ အလွန်တရာ ချီးကျူးစရာကောင်းတယ်လို့ ဆိုပြီးတော့ အများကသမုတ်ထားတဲ့ ပုဂ္ဂိုလ်တယောက်ရဲ့ လုပ်ရည်ကိုင်ရည်တွေကို ကြည့်ရှုပြီးတော့ ပြန်လာတဲ့ အမျိုးသားအမျိုးသမီးတွေက စိတ်ထဲမှာ အဲဒီ ပုဂ္ဂိုလ်ဟာ

ငါဖြစ်ယင် ကောင်းမှားမှာပဲ ဆိုတဲ့ အတွေးနဲ့ ပြန်လာတတ်တယ်။

အိမ်ပြန်ရောက်ပြီ ဆိုလို့ရှိယင်လဲ ဘော်တော်နဲ့ အိပ်မပျော်ဘူး၊ ဟိုဘက်ခေါင်းလိုက် ဒီဘက်လိမ့်လိုက်နဲ့ အဲဒါခေါင်းအုံးလေးဖက်လိုက်နဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ စိတ်တွေဟာ ဘယ်လိုဖြစ်နေသလဲ ဆိုလို့ရှိယင် ဂယောင်ချောက်ချားနဲ့ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်ဆိုတဲ့၊ မိစ္ဆာဝိတက် သုံးပါး နှိပ်စက်ပြီးတော့၊ အဲဒီပုဂ္ဂိုလ်ဟာ သူတော်ကောင်းတရားတွေကို အကုန်လုံး ဆုတ်ယုတ်ပျက်စီးသွားတယ်။

## သူတော်ကောင်းဥစ္စာ (၇) ပါး

တို့တရားနှာ ပရိသတ်ရဲ့ သန္တာန်မှာ—

သဒ္ဓါဓနံ သီလဓနံ၊ ဟိရိ ဩတ္တပ္ပိယံဓနံ

သုတဓနဉ္စ စာဂေါစ၊ ပညာဝေ သတ္တမံဓနံ၊

ယဿ ဧတေဓနာအတ္ထိ ဣတ္ထိယာဝါ ပုရိသဿ ဝါ

အဒလိဒ္ဒေါတိ တံ အာဟု အမောဃံ တဿဇီဝိတံ။

အဲဒါက အင်္ဂုတ္တိုရ်ပါဠိတော်ကလာတဲ့စကား—

ယဿာဣတ္ထိယာဝါ၊ အကြင်အမျိုးသမီးအား သော်လည်းကောင်း၊ ယဿပုရိသဿဝါ၊ အကြင်အမျိုးသားအား သော်လည်းကောင်း၊ သဒ္ဓါဓနံ၊ သဒ္ဓါတရားဆိုတဲ့ဥစ္စာရတနာသည် လည်းကောင်း။ သီလဓနံ၊ သီလဆိုတဲ့ဥစ္စာရတနာသည် လည်းကောင်း၊ ဟိရိဩတ္တပ္ပိယံဓနံ၊ မကောင်းမှုမှ ရှက်ခြင်း၊ မကောင်းတာတွေကို လုပ်ရမှာ ပြောရမှာကြံရမှာကြောက်ခြင်းဆိုးတဲ့ ဟိရိ

ဩတ္တပ္ပဆိုတဲ့ ဥစ္စာရဲတနာသည် လည်းကောင်း။ အတ္တိ၊ ရှိပါ ပေ၏။

သုတမနဉ္စ၊ သူတော်ကောင်း တရားတွေကို နာကြားပွား များအားထုတ်ပါတယ် ဆိုတဲ့သုတဆိုတဲ့ဥစ္စာရတနာသည်လည်း ကောင်း။ စာဂေါစ၊ ကိလေသာတွေကို စွန့်လွှတ်ခြင်း၊ ပစ္စည်း ဥစ္စာတွေကို စွန့်လွှတ်ခြင်း၊ ဆိုတဲ့ စာဂဆိုတဲ့ ဥစ္စာရတနာသည် လည်းကောင်း။ သတ္တမံ၊ ခုနှစ်ခုမြောက်ဖြစ်သော။ ပညာဓနံ၊ ဝိပဿနာ ဉာဏ်ပညာ သုတမယ ဉာဏ်ပညာ စိန္တာမယ ဉာဏ် ပညာ ဘာဝနာမယ ဉာဏ်ပညာဆိုတဲ့ ပညာတည်း ဟူသော ဥစ္စာရတနာသည် လည်းကောင်း။ အတ္ထိ၊ ရှိပါပေ၏။

"ဘုန်းကြီးတို့ ပရိသတ်များ အခုရွတ်သွားတာ ဘယ်နှစ် ပါးလဲ"

"ခုနှစ်ပါးပါ ဘုရား"

"အေး—သူတော်ကောင်းတို့ရဲ့ ဥစ္စာရတနာ (၇)ပါး"

ယဿေတေ သန္တိ၊ အကြင်အမျိုးသမီးများအတွက် သော် လည်းကောင်း။ ယဿပုရိသဿဝါ၊ အကြင်အမျိုးသားများ အတွက် သော်လည်းကောင်း။ ဧတေဓနာ၊ ထိုဥစ္စာရတနာ တို့ သည်။ အတ္တိသန္တိ၊ ရှိကြလေကုန်၏။

"ဒီကနေ့ဘုန်းကြီးတို့ တရားနာပရိသတ်မှာ၊ အဲဒီသဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ, ဆိုတဲ့ သူတော်ကောင်း တို့၏ ဥစ္စာရတနာ (၇)ပါး ရှိသလား၊ မရှိဘူးလား"

"ရှိပါတယ် ဘုရား"

"သူတော်ကောင်း ဥစ္စာ(၇)ပါး ရှိတယ်"

သဒ္ဓါတရားဆိုတာက၊ တရားတွေလိုက်နာမယ်၊ လှူလိုက်မယ်၊ တန်းလိုက်မယ်၊ သီလဆောက်တည်မယ်၊ ဘာဝနာပွားလိုက်မယ် ဆိုပြီးတော့ စိတ်ထဲကကြည်လင် ရွှင်လန်းနေတဲ့ သဘောလေးကို သဒ္ဓါတရားလို့ ခေါ်တယ်။

အဲဒီလို စိတ်တွေကြည်ပြီးတော့ လှူမယ် တန်းမယ် နာမယ် ကြားမယ် ပွားများမယ် အားထုတ်မယ် ဆိုပြီးဘော့ ကြည်လင် ရွှင်လန်းတက်ကြွနေတဲ့ သဘောက သဒ္ဓါ၊ အဲဒီလို သဒ္ဓါရှိယင် သီလလဲ ဆောက်တည်ဖြစ်တယ်၊ ဒါနလဲ ပြုဖြစ်တယ်၊ တရားလဲ နာဖြစ်တယ်၊ အားလဲအားထုတ်ဖြစ်တယ်။

သဒ္ဓါ သီလ ပြီးတော့သုတ တဲ့၊ ယခုလိုဟောနေတဲ့ ပြော နေတဲ့ တရားပွဲကြီးတွေ နာပြီးတော့ တရားဟော တရားနာမှ ရလာတဲ့တို့ဘရားနာပရိသတ်ရဲ့သန္တာန်မှာဗဟုသုတဆိုတဲ့အကြား အမြင်တွေ—

"တို့ပရိသတ် မရပေဘူးလား"

"ရပါတယ် ဘုရား"

"ရတယ် သုတဆိုတာ အလွန်အဖိုးထိုက်တန်တဲ့ ဥစ္စာရတနာ တခု"

နောက်တခါ စာဂတဲ့၊ စာဂကျတော့ (၂)မျိုး။

(၁) ပစ္စည်းဥစ္စာများကို စွန့်လွှတ်ခြင်းသည်စာဂ

(၂) ကိလေသာတွေကို စွန့်လွှတ်ခြင်းသည်စာဂ လို့

"တို့ပရိသတ် စာဂဘယ်နှစ်ပါး"

"နှစ်ပါးပါ ဘုရား"

အေး—ကိလေသာတွေကို စွန့်လွှတ်တာကလဲ စာဂပဲ၊ ပစ္စည်းဥစ္စာများကို စွန့်တယ်၊ လှူနေတယ်ဆိုတာဟာလဲ စာဂပါပဲလို့ စာဂဟာ (၂)မျိုးရှိခဲ့တယ်၊ အဲဒါစာဂဆိုတဲ့ ဥစ္စာရတနာ။

နောက်တခုက ပညာတဲ့၊ တရားနာတဲ့ အခါကျတော့ ဗဟုသုတတွေပြီး ဉာဏ်ပညာတွေ တိုးလာမယ်၊ အဲဒါ သုတမယဉာဏ်ပညာ၊ နာကြားလို့ရတဲ့ အဲဒီ သုတမယ ပညာကို တဆင့်တက်ပြီး ကြံစည်တဲ့အခါကျတော့ စိန္တာမယဉာဏ်ပညာ၊ အဲဒီသုတ, စိန္တ, နှစ်ပါးအခြေခံပြီးပွားများအားထုတ်ခဲ့မယ် ဆိုလို့ရှိယင်၊ ဘာဝနာမယဉာဏ်ပညာ။

"တို့ပရိသတ် ပညာတရားတွေကော မရှိဘူးလား"

"ရှိပါတယ်ဘုရား"

## လောကပါလတရား (၂)ပါး

ဟိရိ မကောင်းတဲ့ ဒုစရိုက် သူယုတ်မာတရား (၁၀)မျိုးကို ကျင့်သုံးရမှာ ရှက်တယ်။

ဩတ္တပ္ပ အဲဒီလို မကောင်းတဲ့ ဒုစရိုက်တရားတွေကို လုပ်ရမှာ ပြောရမှာ ကြံရမှာကြောက်တယ်။

"အဲဒီ ဟိရိ, ဩတ္တပ္ပတရားနှစ်ပါးကော မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ဟိရိ, ဩတ္တပ္ပဆိုတာ လောကပါလတရား"

"မှန်ပါဘုရား"

ဒွေ မေ ဘိက္ခဝေ သုက္ကမ္မော လောကံ န ပါလေယုံ—

ဘိက္ခဝေ၊ ရဟန်းတော်များ အို—ချစ်သားတို့။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေသုက္ကဓမ္မာ၊ ဤဖြူစင်ကောင်းမြတ်တဲ့ လောကပါလတရားဆိုတဲ့ဟိရီ,ဩတ္တပ္ပတရားနှစ်ပါးတို့သည်။လောကံ၊ ဤလူနေလောကကြီးကို။ နပါလေယုံ၊ မစောင့်ရှောက်ကြကုန်သည် ဖြစ်အံ့။

ဣဓ ဣမသ္မိံ လောကေ၊ ဤလောကကြီး၌။မာတာတိဝါ မိခင်ဟူ၍လည်း။ နပညာယိဿတိ၊ မထင်ရှားတော့ လတံ့။ ပိတာတိဝါ၊ ဖခင်ဟူ၍လည်း။ နပညာယိဿတိ၊မထင်ရှားတော့ လတံ့။

တို့ပရိသတ်များ လောကကြီးမှာ ဒီကနေ့ စောင့်ရှောက်ပြီးတော့ နေတာဟာ ဟိရီ, ဩတ္တပ္ပ, ဒီတရား(၂)ပါးက စောင့်ရှောက်ထားတာ၊ လောကကြီးကို ယဉ်ကျေးသိမ်မွေ့တဲ့ လောကကြီးတခု ဖြစ်လာအောင် ထိန်းသိမ်းထားတာ စောင့်ရှောက်ထားတာ။

တနည်းပြောယင်တော့ အလှန်တရာ သာယာဝပြောကြည်နူးဖွယ်ကောင်းတဲ့ လောကကြီးတခုဖြစ်အောင်စောင့်ရှောက်ထားတယ်ဆိုတာဟာ၊ဘယ်သူကမှစောင့်ရှောက်ထားတာ မဟုတ်ဘူး၊ ဟိရီနဲ့ ဩတ္တပ္ပ တရားနှစ်ပါးက စောင့်ရှောက်ထားတာ။

အဲဒီ ဟိရီ, ဩတ္တပ္ပ, တရား နှစ်ပါးကို သုက္ကဓမ္မ၊ ဖြူစင်ကောင်းမြတ်တဲ့တရားလို့လည်းခေါ်တယ်ဒေဝဓမ္မလို့လည်းခေါ်တယ်၊ ဒေဝဓမ္မ နတ်များကဲ့သို့၊ နတ်များဟာ ဤလောကကို စောင့်သလိုပဲ၊ ဤတရားနှစ်ပါးက စောင့်တယ်။

တနည်းပြောရယင် နတ်တွေစောင့်တယ်တဲ့၊ နတ်ပြည်ရောက်ချင်တဲ့ ပုဂ္ဂိုလ်တွေစောင့်တယ်၊ အဲဒီလိုအဓိပ္ပာယ်တို့ဖြင့် အဲဒီတရားနှစ်ပါးကို ဒေဝဓမ္မခေါ်တယ်။

နတ်တွေစောင့်တဲ့တရား—

နတ်ပြည်ရောက်လိုတဲ့ ပုဂ္ဂိုလ်တွေစောင့်တဲ့တရား—

လောကကြီးကို နတ်များစောင့်သလိုစောင့်ရှောက်တဲ့တရား၊ ဟိရိနဲ့ဩတ္တပ္ပ။

အဲဒီဟိရီ၊ ဩတ္တပ္ပတရားနှစ်ပါး မရှိခဲ့ဘူး ဆိုလို့ရှိယင် ဤလောကကြီးမှာ အမေဆိုတာလဲ မရှိတော့ဘူး၊ အဖေဆိုတာလဲ မရှိတော့ဘူး၊ မိကြီး မိထွေး အစ်ကို အစ်မ နှမဆိုတာတွေအကုန်လုံး ဘာမှ မထင်ရှားတော့ဘူး၊ အဲဒီ တရားနှစ်ပါး မစောင့်ရှောက်ယင် လောကကြီး တသားတည်းဖြစ်သွားပြီ။

တနည်းပြောရလို့ရှိယင် အဲဒီ ဟိရီ၊ဩတ္တပ္ပ တရားနှစ်ပါးမရှိတော့တဲ့နေ့ ဤလောကကြီးဟာ တိရစ္ဆာန်လောကနဲ့ မခြားတော့ဘူး၊ ပျက် တော့ တာ ပဲ လို့ ဒီလိုဆိုတယ်၊ ဒါကြောင့် ဟိရီ၊ ဩတ္တပ္ပ ဆိုတာ ဟာ သိပ်အဖိုးတန်တဲ့ ဥစ္စာရတနာအဖြစ်နဲ့ တို့ပရိသတ်ထိန်းသိမ်းရမယ်။

## လူဆင်းရဲနဲ့ လူချမ်းသာဆိုတာ

ယခုနကပြောခဲ့တဲ့ သဒ္ဓါ၊ သီလ၊သုတ၊ စာဂ၊ ပညာနဲ့၊ဟိရီဩတ္တပ္ပ၊တရားနှစ်ပါး ထည့်ပေါင်းလိုက်ယင် အားလုံး(၇)မျိုးရှိတယ်၊ အဲဒီ(၇)မျိုးသော ဥစ္စာရတနာတို့သည်သူတော်ကောင်း

ဆိုတဲ့ ပုဂ္ဂိုလ်များမှာရှိရမယ့် ရတနာ(၇)ပါး။ သူတော်ကောင်း ဥစ္စာ(၇)ပါး။ အဲဒီတရား(၇)ပါး ရှိခဲ့မယ်ဆိုလို့ရှိယင်—

အဒလိဒ္ဒေါတိ တံ အာဟု အ မောဃံ တဿဇီဝိတံ

တံ၊ ထိုသူတော်ကောင်း ဥစ္စာ(၇)ပါးရှိတဲ့ပုဂ္ဂိုလ်ကို။အဒလိဒ္ဒေါတိ၊ လူဆင်းရဲမဟုတ် လူချမ်းသာဟူ၍။ အာဟု၊ ဆိုကြကုန်ပြီ။

ဒီကနေ့ လောကသမုတိသစ္စာနယ်မှာ လူဆင်းရဲလူချမ်းသာ ဆိုပြီးတော့ သတ်မှတ်ပြီးနေကြတာဟာ ဘာတွေကြည့်ပြီးသတ်မှတ်နေကြသလဲဆိုလို့ရှိယင် စိန်, ရွှေ,ငွေ,ကျောက် သံ,ပတ္တမြား၊ လယ်ယာ,မိုးမြေ,အိုးအိမ်, တိုက်တာ အဲဒါတွေကိုကြည့်ပြီးတော့ လူဆင်းရဲ လူချမ်းသာ ဆိုပြီးတော့သတ်မှတ်တယ်။

မြတ်စွာဘုရားရှင်ရဲ့ ဒေသနာတော်နည်းအရ ဆိုလို့ရှိယင် အဲဒီ စိန်, ရွှေ, ငွေ, ကျောက်သံ, ပတ္တမြားတွေ ဘယ်လောက်ပဲ ပေါများနေနေ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ,ဟိရိ,ဩတ္တပ္ပ ဆိုတဲ့ အဲဒီတရား(၇)ပါး မရှိခဲ့ယင် တိုက်ပေါ်က စိန်ဆင်ထားတဲ့ လူလဲ အဲဒါ လူမွဲပဲ၊ တဲအိုပျက်က ထမင်းရေသောက်နေတဲ့ ပုဂ္ဂိုလ်လဲပဲ အဲဒီသူတော်ကောင်းဥစ္စာ(၇)ပါးရှိနေယင် သူသည် လူချမ်းသာပဲလို့ ဆိုတယ်။

လောကမှာ ဘယ်လောက်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီး တွေပဲ ဖြစ်နေနေ၊ တို့ ပရိသတ် အဲဒါလူဆင်းရဲ လူချမ်းသာ အနေနဲ့ စိစစ်ချင်လို့ရှိယင် ဒီတရား(၇)ပါးနဲ့ စစ်ရတယ်၊ဒီတရား(၇)ပါးမှ လူချမ်းသာ၊ အဲဒီတရား (၇)ပါးမရှိယင်လူမွဲလူဆင်းရဲ ခေါ်တယ်။

အဲဒီ သူတော်ကောင်းဥစ္စာ (၇)ပါး မရှိပဲနဲ့ အသက်ရှင်နေခြင်းသည် အချည်းနှီး အကျိုးမရှိသော အသက်ရှင်ခြင်းတဲ့၊ ထိုပုဂ္ဂိုလ်ရဲ့ အသက်ရှင်ခြင်းကို အကျိုးရှိရှိ အသက်ရှင်ဖို့ရန်အတွက် ဘာလိုအပ်သလဲ၊ သူတော်ကောင်းဥစ္စာ (၇)ပါးရှိဖို့လိုအပ်ပါတယ်။

အဒလိဒ္ဒေါတိ တံ၊ အာဟု အမောဃံ တဿ ဇီဝိတံ

တဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်ရဲ၊ ဇီဝိတံ၊ အသက်ရှင်ခြင်းကို။ အမောဃံ၊ အချည်းအနှီးမဟုတ် အကျိုးရှိတဲ့ အသက်ရှင်ခြင်းဟူ၍။ အာဟု၊ ဆိုကြကုန်၏။

သူတော်ကောင်းဥစ္စာ (၇)ပါး၊ အဲဒါတို့ပရိသတ် ရှေးဦးစွာ နားလည်ထားကြပြီ၊ လူဆင်းရဲနဲ့ လူချမ်းသာလဲ ခွဲတတ်ပြီ။

"သူတော်ကောင်းဥစ္စာ မရှိယင် တို့ပရိသတ် အဲဒီလူဟာ လူဆင်းရဲလား လူချမ်းသာလား"

"လူဆင်းရဲပါ ဘုရား"

"သူတော်ကောင်းဥစ္စာ ရှိခဲ့ယင် ဘာတဲ့တုန်းဗျာ"

"လူချမ်းသာပါ ဘုရား"

"ဒါဖြင့်ယင် ဒီကနေ့ တို့တရားနာ ပရိသတ်သည် ဆင်းရဲနေသလား ချမ်းသာနေသလား"

"ချမ်းသာနေပါတယ် ဘုရား"

"ချမ်းသာနေယင် တို့ပရိသတ်က ဘာပြုလို့ ခဏ ခဏညည်းနေတာလဲ၊ မညည်းကြနဲ့"

"မှန်ပါဘုရား"

"အခုတော့ ညည်းလိုက်တာတခါတည်း ခိုသံပေါက်နေပြီ၊ ခိုသံပေါက်ရုံတင် မကဘူး၊ ခေါင်းလောင်းသံ ခြူသံကို ပါနေပြီ ညည်းနေလိုက်တာနော်"

"မှန်ပါဘုရား"

ဆင်းရဲလိုက်တာ ဆင်းရဲလိုက်တာနဲ့ ညည်းတယ်၊ မညည်းကြနဲ့၊ ကိုယ့်မှာ သဒ္ဓါ သီလ, သုတ, စာဂ, ဟိရီ, ဩတ္တပ္ပရှိတယ်၊ ဒေသနာတော်နည်းအရ ငါတို့ လူချမ်းသာတွေ၊ ဘာမှ မညည်းကြနဲ့၊ အဲဒီ(၇)ပါး မရှိတဲ့နေ့ကျယင်တော့ အဲဒါလူဆင်းရဲပဲ၊ အဲဒီအချိန်ကျယင်တော့ ညည်းပေတော့။

## သီလမညှိုးနွမ်းရလေအောင်

အကျိုးရှိရှိ အသက်ရှင်ဖို့ရန်အတွက် အဲဒီ(၇)ပါးရအောင် မွေးထားပြီးတော့၊ အဲဒီအထဲကနေ တဆင့်တက်ပြီးတော့ ခုနက ပြောလိုက်တဲ့ ဟိရီ, ဩတ္တပ္ပ,တရားနှစ်ပါးဟာ လောကကို စောင့်တယ်ဆိုတော့ ဒီကနေ့ကမ္ဘာလောကကြီး မပျက်စီးစေချင်ယင် ဘုန်းကြီးတို့ ပရိသတ်သည် အဲဒီတရား(၂)ပါးကို ထိန်းသိမ်းပြီးတော့ထားဖို့ပဲ။

သဘာသီလီဆိုတဲ့ အပိုဒ်ကို အသေးအနက် ပြောချင်လို့ပါ၊ ပွဲသဘင် ဇာတ်သဘင် အငြိမ့်သဘင် ရုပ်ရှင်သဘင် ရုပ်သေးသဘင်၊ အဲဒီသဘင်တွေကို ကြည့်လိုက်မယ် ဆိုလို့ရှိယင် တဲ့၊ ထောင်ပေါင်းများစွာသောလူတွေရဲ့ မျက်စိတို့ဖြင့် စူးစူးစိုက်စိုက် အကြည့်ခံပြီးတော့ စင်ပေါ်ကပုဂ္ဂိုလ်တွေဟာ၊

ဟိရီ မကောင်းတာတွေကို ပြောရမှာ ဆိုရမှာ လုပ်ရမှာ ရှက်ခြင်း။

ဩတ္တပ္ပ မကောင်းတာတွေကို ပြောရမှာလုပ်ရမှာ ကြောက်ခြင်း။

အဲဒီ ဟိရီ,ဩတ္တပ္ပတရား(၂)ပါးနဲ့ပတ်သက်တဲ့ အပြောအဆို အလုပ်အကိုင်တွေကို လုပ်ပြတာ ဟုတ်သလား မဟုတ်သလား ဆိုတာ ဘုန်းကြီးတို့ ပရိသတ်နားလည်ပါတယ်။

ဟိရီ, ဩတ္တပ္ပကင်းမဲ့တဲ့ အမူအရာတွေနဲ့ စင်ပေါ်ကတက်ပြီး တော့ပြနေတာကို သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ,ဟိရီ,ဩတ္တပ္ပရှိပါတယ်ဆိုတဲ့ သူတော်ကောင်း ဥစ္စာရှိပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေက အောက်ကနေ ပါးစပ်အဟောင်းသားနဲ့ ငေးပြီးတော့ ကြည့်နေလိုက်ကြတာ၊ အဲဒါဘာလုပ်ကြတာလဲ—

အဲဒီလို ကြည့်ပြီးပြန်လာကျတော့ တို့တရားနာပရိသတ်များ ဘာဖြစ်သွားသတဲ့လဲ၊ မိမိတို့သန္တာန်မှာ ရှိနေတဲ့ သဒ္ဓါတရားတွေ ညှိုးပြီးတော့သွားတယ်၊ အဲဒီအခမ်းအနား ပွဲလမ်းသဘင်က ပြန်လာပြီဆိုလို့ရှိယင် သဒ္ဓါတရားတွေလဲ ညှိုးမှိန်သွားတယ်၊ သီလတရားတွေလဲ ညှိုးမှိန်သွားတယ်။

သီလလဲ ညှိုးသွားတယ်ဗျ၊ သီလတရားတွေညှိုးမှိန်ပြီးတော့ သွားတယ်၊ တို့ပရိသတ်အလေးအနက် စဉ်းစားပါ။

ပျော်ပွဲသဘင်က ပြန်လာကြတဲ့ အမျိုးသားတွေ၊ အမျိုးသမီးတွေရဲ့ သီလဟာညှိုးသွားတယ်၊ ကာယကံမြောက် မကျူးလွန်မိသည်ထားဦး၊ ဝစီကံဖြင့် ကျူးလွန်မိတတ်တယ်၊ ဝစီကံဖြင့် ကျူးလွန်မိသည်ထားဦး၊ မနောကံဖြင့် ကျူးလွန်မိတတ်တယ်၊

အဲဒါမသက်သာဘူး၊ ဟိရိ,ဩတ္တပ္ပကင်းမဲ့တဲ့ အကြံအစည်တွေ ဟာ ဖြစ်တတ်တယ်။ အဲဒါကြောင့် သီလဖြူစင်ဖို့လဲ မလွယ် တော့ဘူး၊ သီလဆိုတဲ့ဥစ္စာရတနာလဲ ကျန်ခဲ့ပြီဗျာ၊ ကုန်သွားပြီ။

ကဲ—ခုနောက်ပြီးတော့ သဒ္ဓါတရား၊ လှူမယ် တန်းမယ် ပေး မယ် ကမ်းမယ် တရားအားထုတ်မယ် ဘုရားရှိခိုးမယ်ဆိုတဲ့ သဒ္ဓါ တရားတွေလဲပဲ ခန်းသွားတယ်။

ဒမြကြီး(၆)ယောက် ရောက်လို့လာ

ဘုန်းကြီးတို့ တရားနာပရိသတ်ရဲ့ ရပ်ကွက်မှာ·ဥပမာ—စေတီ တော်တခုရှိတယ်၊ ဘုရားပွဲဆိုပြီးတော့ အဲဒီဘုရားပတ်ဝန်းကျင် မှာ ပွဲတွေ ဇာတ်တွေထည့်ကြရော၊ ပွဲပြီးသွားတဲ့ မနက်ဖြန် မနက် အဲဒီရပ်ကွက်ကို ဘုန်းကြီးတို့ သံဃာတော်တွေ ဆွမ်းခံလို့ မရဘာတော့ သေချာတယ်။

"ဘုန်းကြီးတို့ပရိသတ် အများအားဖြင့် ဒီလိုလဲ မဟုတ်လား လို့"

"မှန်ပါဘုရား"

ဆွမ်းခံလို့မရဘူး၊ ကန်တော့ဆွမ်းချည်းပဲ၊ ဘာဖြစ်ကုန်သတဲ့ လဲ၊ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရိ,ဩတ္တပ္ပဆိုတဲ့ သူ တော်ကောင်းဥစ္စာ (၇)ပါးမှာနံပါတ်(၁)ဖြစ်တဲ့ သဒ္ဓါတည်း ဟူသော ဥစ္စာရတနာကို ဟော ဟို စင်ပေါ်ကနေပြီး ဒမြတိုက် ယူလိုက်လို့ တို့ပရိသတ် ပေးလိုက်ရပြီ၊ သဒ္ဓါဆိုတဲ့ ရတနာလေး တခု ပါသွားပြီ။

အဲဒါဘယ်သူတွေ ဒမြတိုက်သွားတာလဲ၊ သဘင်သည်တွေ ဒမြတိုက်သွားကြတာ၊ သူတို့ဟာ ဒမြအကြီးစားတွေပဲ၊ ပရမတ္ထ စကားနဲ့ ပြောစမ်းပါရစေ၊ သူတို့လဲ မထိခိုက်ရအောင်—

(၁) ရူပါရုံဆိုတာ ဒမြ
(၂) သဒ္ဒါရုံဆိုတာ ဒမြ
(၃) ဂန္ဓာရုံဆိုတာ ဒမြ
(၄) ရသာရုံဆိုတာ ဒမြ
(၅) ဖောဋ္ဌဗ္ဗာရုံဆိုတာ ဒမြ
(၆) ဓမ္မာရုံဆိုတာ ဒမြ

"တိုပရိသတ် ဒမြဘယ်နှစ်ယောက်လဲ"

"ခြောက်ယောက်ပါဘုရား"

အာသိဝိသောပမ သုတ္တန်ကြီး နာဖူးကြတဲ့ ပရိသတ်တွေ နာဖူးကြမယ်၊ ပြန်ပြီးတော့ စဉ်းစားလိုက်စမ်း။

သုညော ဂါမောတိ ခေါ ဘိက္ခဝေ ဆန္နေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို—ချစ်သားတို့။ သုညောဂါ မောတိ ဧတံဝစနံ၊ ဆိတ်သုဉ်းပြီးတော့နေတဲ့ ရွာပျက်ကြီး ဆိုတဲ့ စကားသည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ အဇ္ဈတ္တိကာနံ အာယတနာနံ၊အတွင်းအာယတန တရားတို့ရဲ့။ အဓိဝစနံ၊အမည် ပါပေတည်း။

ဆိတ်သုဉ်းပြီးတော့ ဘာမှ ယူစရာမရှိတဲ့ ရွာပျက်ကြီးဆိုတာ ဟာ အတွင်းအာယတနခြောက်ပါး၊ စက္ခု, သောတ, ဃာန,

ဇိဝှာ, ကာယ, မန,ရယ်လို့ခြောက်ဌာနသည် ပျက်စီးဆိတ်သုဉ်းနေတဲ့ ရွာပျက်ကြီးတဲ့။

"တို့ပရိသတ် ရွာပျက်ကြီးဆိုတာ ဘာတဲ့တုန်းဗျာ"

"အတွင်းအာယတန ခြောက်ပါးပါဘုရား"

"မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်, ခြောက်ဌာနသည် ဘာတဲ့တုန်းဗျာ"

"ရွာပျက်ကြီးပါဘုရား"

"ဘယ်သူဖျက်လို့ပျက်တာလဲဆိုလို့ ရှိယင်ဒမြခြောက်ယောက်ဝင်မွေသွားလို့ အဲဒီရွာကြီးပျက်နေတာ"

"မှန်ပါဘုရား"

"ဒမြ ခြောက်ယောက်က ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ,ဓမ္မာရုံ,ရယ်လို့ အာရုံဘယ်နှစ်ပါးတုန်းဗျာ"

"ခြောက်ပါးပါဘုရား"

ဒါကြောင့်—

ဆ စောရာနိ ဂါမ ဃာတကာတိ ခေါ ဘိက္ခဝေ ဆန္နေတံ ဗာဟိရာနံ အာယတနာနံ အဓိဝစနံ၊

ဘိက္ခဝေ၊ ရဟန်းတော်များ အို—ချစ်သားတို့။ ဆ စောရာနိ ဂါမ ဃာတကာ တိ ဧတံ ဝစနံ၊ ရွာကိုဖျက်တဲ့ ဒမြကြီးခြောက်ယောက်ဆိုတဲ့စကားသည်။ ဆန္နံ ၊ခြောက်ပါးကုန်သော။ ဗာဟိရာနံအာယတနာနံ၊အပြင်အာယတနတရားတို့ရဲ့။အဓိဝစနံ၊ အမည်ပါပေတည်း။

ရွာကိုဖျက်တဲ့ ဒမြခြောက်ယောက်ဆိုတာဟာ ရူပ,သဒ္ဒ,ဂန္ဓ, ရသ,ဖောဋ္ဌဗ္ဗ,ဓမ္မ,ဆိုတဲ့ အာရုံခြောက်ပါး၊ ဒီကနေ့ တို့တရားနာ

ပရိသတ်ရဲ့ တဲအိုပျက်ခြောက်လုံးသာရှိနေတဲ့ ရွာပျက်ကြီးထဲကို ရူပ, သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ,ဓမ္မ,ဆိုတဲ့ဒမြကြီးခြောက်ယောက်က ဝင်ပြီးတော့ လက်နက်မျိုးစုံနဲ့ဒိကနေဝင်ပြီးတော့ တိုက်နေတယ်၊ ဒမြတိုက်နေတာ။

အဲဒီတဲအိုပျက်ကလေးထဲမှာ တို့တရားနာ ပရိသတ် လှောင်ပြီးတော့ ထားတာက သဒ္ဓါ,သီလ,သုတ,စာဂ, ပညာ, ဟိရီ,ဩတ္တပ္ပ,ရယ်လို့ သူတော်ကောင်းတို့ရဲ့ ဥစ္စာရတနာ—

"တို့ပရိသတ် ဘယ်နှစ်ပါး ထားပါလိမ့်"

"ခုနစ်ပါးထားပါတယ် ဘုရား"

အဲဒီလို သူတော်ကောင်းဥစ္စာ(၇)ပါး ထည့်ပြီးတော့ ထားတဲ့ တဲကလေးတွေ၊ တဲအိုပျက်ကလေးတွေ မခိုင့်တခိုင်နဲ့ ထားလိုက်တဲ့ တဲအိုပျက်ကလေးတွေ ယိုင်နဲ့နေပြီ၊ အဲဒီလိုယိုင်နဲ့နေတဲ့ တဲကလေးတွေကို တို့ပရိသတ်က ခိုင်ခန့်သွားအောင် ကျားကန်ပေးမယ်လို့ စိတ်မကူးဘူး။

ဟိရီ,ဩတ္တပ္ပတရားပယ်ရှားပြီးတော့ လာလာသမျှ ဒမြတွေကို အကုန်လုံးသိမ်းကြုံးပြီးတော့ ကြုပါကြုပါနဲ့ ဖိတ်ခေါ်နေတယ်၊ စောင့်ရှောက်ဝယ်ဆိုတဲ့ ဟိရီ,ဩတ္တပ္ပ တရားကိုအသာလေးဘေးချိတ်ထားလိုက်ပြီးတော့ ဒမြတွေကို ဖိတ်ခေါ်တော့ ဝင်ပြီးတိုက်တာပေါ့။

## ဘုရားပွဲလား—ကာမဂုဏ်ပွဲလား

ဘုရားပွဲဆိုပြီးတော့ ထည့်လိုက်တာ ကာမဂုဏ်ပွဲကြီးဖြစ်နေတယ်၊ ဘုရားပွဲ တဲ့၊ ဘုရားပူဇော်ရအောင် ဆိုပြီးတော့ ထည့်

လိုက်တာကာမဂုဏ်ပွဲကြီး ဖြစ်နေတယ်၊ ဘုရားကိုလဲ မရှိသေတဲ့ အဂါရဝ အမူအရာ—

ပွဲလဲပြီးရော အဲဒီ ဘုရားတပတ်လည် ရေနံဆီလောင်းလို့ကို မပြီးဘူး၊ မစင်ကျင်ကြီး ကျင်ငယ်တွေ အကုန်လုံးသွန်ပြီးတော့ ထားပစ်ခဲ့ကြတယ်၊ သွားလေရော အဲဒါအကုသိုလ်တွေတထွေးကြီး၊ အဲဒီ ဘုရားလူကြီးတွေ တော်တော်ကုသိုလ် ရမယ်နော်၊ အဲဒါ ဘုရားပွဲဆိုပြီး သွန်ပြီးတော့ ပိုက်ဆံထည့်လိုက်တဲ့ လူတွေ လဲတော်တော်ကုသိုလ်ရမယ် စဉ်းစားသာကြည့်—

"ဘာပွဲဖြစ်နေတုန်း တို့ပရိသတ်"

"ကာမဂုဏ်ပွဲ ဖြစ်နေပါတယ်ဘုရား"

ကာမဂုဏ်ပွဲကြီးဖြစ်နေတယ်၊ ရူပါရုံနဲ့ သဒ္ဒါရုံအကြီးအကျယ် မြူးထူးပျော်ပါးတဲ့ ပွဲကြီး တဲ့။

ဘုန်းကြီး ဟိုတနေ့က ဟောခဲ့တဲ့ သဒ္ဒမ္မပဋိရူပကသုတ္တန်မှာ ဝေတုလ္လဂိုဏ်းကြီးအကြောင်းကို ဟောပြောခဲ့တယ်၊ ဝေတုလ္လဝါဒကို လက်ခံပြီးတော့အဲဒီဝေတုလ္လပိဋကတ်ကော်တွေ ရေးထုတ်ထားတဲ့ ဝေတုလ္လကျမ်းတဲ့၊ သူတို့ကျမ်းဂန်မှာ ဘာဆိုသလဲ ဆိုလို့ရှိယင် ဘုန်းကြီးပြောခဲ့ပါတယ်။

ဘုရားရှင်ရဲ့ရှေ့တော်မှာ အမျိုးသားနဲ့ အမျိုးသမီးဖောင်ဒွာရုံနဲ့ ပူဇော်တတ်ဆိုတဲ့ဂိုဏ်းကြီး အဲဒီမှာရှိတယ်၊ဒီကနေ့မြန်မာပြည်ကတော့ ရူပါရုံ၊သဒ္ဒါရုံနဲ့ ပူဇော်ပြီးတော့ နေကြတယ်၊ ရှေ့ဆက်ပြီးတော့ ဘုန်းကြီးတို့ မပြောရဲပါဘူး၊ ဒီလောက်ပဲ ပြောပါရစေတော့—

သသနာတော်ကို ပြုစုစောင့်ရှောက်ပါတယ်ဆိုတဲ့တို့တရားနာ ပရိသတ်သည် ကိုယ့်သာသနာကို ထိန်းဖို့ အရေးကြီးတယ်။

ရုပါရုံရယ် သဒ္ဒါရုံရယ် အဲဒီအာရုံနှစ်ပါးနဲ့ ပူဇော်တယ်၊ အဲဒါလောက်ပဲ ဘုန်းကြီးတို့ပြောပါရစေ၊ ကာမဂုဏ်နဲ့ မြူးထူး ပျော်ပါးတဲ့ ပွဲကြီးတွေပါလားလို့ အဲဒီရုပါရုံ သဒ္ဒါရုံတို့ဖြင့် မြူးထူးပျော်ပါးတဲ့ ပွဲကြီးတွေကျင်းပတော့ အဲဒါကိုသူတော် ကောင်းဥစ္စာ(၇)ပါးလှောင်ထားတဲ့ တဲအိုပျက်ပိုင်ရှင် တို့တရား နာ ပရိသတ်တွေ သွားကြရောတဲ့။

မသွားလဲပဲ ကိုယ့်အိမ်ပေါ်ကနေ မကြားချင်ကြားချင်နဲ့ ဟို ကဆိုတာတွေ ကြားနေရတော့ တညလုံး အိပ်လို့ မပျော်ဘူး၊ ဝါသနာမပါတဲ့ ပုဂ္ဂိုလ်များအတွက်လဲပဲ၊ အိပ်မပျော် နေမထိ ထိုင်မထိ ဖြစ်ပြီးတော့ မနက်ဆွမ်းထချက်ရမယ့် အချိန်ကျတော့ မထဖြစ်တော့ဘူး။

ဘုရားရှိခိုးရမယ့် အချိန် ရှိမခိုးဖြစ်တော့ဘူး၊ တရားအား ထုတ်ရမယ့်အချိန် အားမထုတ်ဖြစ်တော့ဘူး၊ကုသိုလ်တရားတွေ အကုန်လုံးကို ယခုနက ရုပါရုံ,သဒ္ဒါရုံတွေက အကုန်လုံးဒမြတိုက် ယူသွားလို့ကုန်ရော၊ တို့ပရိသတ် ဘာဖြစ်သွားသလဲ မွဲသွားပြီ၊ ရုပါရုံ,သဒ္ဒါရုံ ဒမြတွေတိုက်ကုန်လို့။

နာကြားထားတဲ့ တရားလေးတွေ တခါတည်း နှစ်လုံးသွင်း ပြီးတော့ အားထုတ်မယ်ဆိုပြီးတော့ မှတ်မှတ်သားသားတော့ နာသွားတာပဲ၊ သုံးရက်လေးရက်လောက် ကြာပြီဆိုရော ဘယ် တရားပွဲဘုန်းက ဘယ်ဆရာတော် ဘာဟောခဲ့သလဲလို့ မေးယင် မသိတော့ဘူးတဲ့။

"ဘယ်ဒွါရတိုက်သွားတာလဲ"

"ရူပါရုံ,သဒ္ဒါရုံ, ဒွါရပါဘုရား"

အေး—ရူပါရုံ သဒ္ဒါရုံဆိုတဲ့ အဲဒီအာရုံခြောက်ပါး ကာမဂုဏ် ဆိုတဲ့ ရွာဖျက်တဲ့ဒွါရခြောက်ယောက် တိုက်ပြီးတော့သွားလိုက် တာ၊ တို့တရားနာပရိသတ် ဒီကနေ့တော်တော်လေး မှဲ့နေကြ ပြီ တော်တော်မှဲ့ကုန်ပြီ၊ ဒါကြောင့်မို့လို့ ဘုန်းကြီးတို့ဟော လေသမျှ တရားတွေ ပြန်ပြန်မေး၊ တို့ပရိသတ် မဖြေနိုင်ဘူးတဲ့၊ မဖြေနိုင်ဘူး။

အဲဒီလိုဝင်ရောက်ပြီးတော့ တိုက်ခိုက်နေတဲ့ ဒွါရတွေကို တို့ ပရိသတ်ကာကွယ်ဖို့တော့ လိုအပ်တယ်ပေါ့၊ အဲဒါ သဘာသီလီ ပွဲလမ်းသဘင် မြူးထူးပျော်ပါး လိုက်စားခြင်းကြောင့် အဲဒီလို ဒွါရတိုက်ခံရတယ်၊ သူတော်ကောင်းဥစ္စာတွေ ဆုံးရှုံးပျက်စီး တယ်၊ သိပ်ပြီးတော့ နစ်နာတယ်။

မနက် ဆွမ်းခံချိန်ရောက်လို့ ကိုယ်တော်တွေ ဆွမ်းခံကြွလာ တံခါးပိတ်ပြီးတော့ ထားတယ်၊ ကန်တော့ဆွမ်း ဖြစ်ကုန်တယ်၊ သူတော်ကောင်းဥစ္စာ (၇)ပါးထဲက သဒ္ဒါတရားဆိုတဲ့ ဥစ္စာ ရတနာကို ဒွါရတိုက်ပြီးတော့ ယူသွားတယ်။

လူယဉ်ကျေးတွေ လုပ်နေပြီးတော့ မပြဝံ့တာတွေကို လုပ် ပြီးဘော့ပြနေတာကို ယဉ်ကျေးပါတယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေက အရှက်အကြောက်မဲ့စွာ ကြည့်လိုက်တော့ ဟိရီ, ဩတ္တပ္ပကို ဒွါရ တိုက်သွားတယ်၊ ပါသွားရော၊ သုတ တရားတွေ ဘယ်လောက် ပဲ နာပြီးတော့ထား ထား၊ အဲဒီကာမဂုဏ်တွေနဲ့ တွေ့ပြီဆိုယင် ဤတရားတွေအကုန်လုံး မေ့ပြီးတော့ကုန်တယ်။

## သဘင်သည်တဦးရဲ့အမေး ဗုဒ္ဓရဲ့အဖြေ

အဲဒါကြောင့်သဘာသီလီဆိုတဲ့ပွဲလမ်းသဘင်သည်တို့ပရိသတ်အား ဘယ်လောက် ပျက်စီးစေသလဲ ဆိုလို့ရှိယင် အခုပြောခဲ့တဲ့ သူတော်ကောင်း ဥစ္စာ(၇)ပါး ဆုံးရှုံးတဲ့အထိ ပျက်စီးတတ်တယ်ဆိုတာ မှတ်ပြီးတော့ ထား၊ စာရိတ္တလဲပျက် စိတ်ဓာတ်တွေလဲ ပျက်စီးတတ်တယ်။

အဲဒီလိုသူတော်ကောင်းဥစ္စာ(၇ ပါးပါဆုံးရှုံး၊စီးပွားရေးလဲပျက်၊ အကုန်လုံး ပျက်စီးစေတတ်တဲ့ အတွက်ကြောင့် အဲဒီပွဲလမ်းသဘင် လိုက်စားခြင်းကို မြတ်စွာဘုရားသည် လောကပျက်စီးခြင်းရဲ့ အကြောင်းတပါးအဖြစ်နဲ့ ဤသုတ္တန်မှာ ဟောထားတယ်။

သေရပြီဆိုတဲ့ အခါကျပြန်တော့လဲ အဲဒါ ဘယ်သွားတုန်းဆိုလို့ရှိယင် အဲဒီ ပွဲလမ်းသဘာလိုက်စားတဲ့ ပုဂ္ဂိုလ်များအတွက် သီးခြားငရဲတခုရှိတယ်၊ ပဟာသ ငရဲတဲ့၊ ပဟာသ ငရဲဆိုတာ ပွဲလမ်းသဘင်သမားများ အတွက် သီးခြားဖြစ်နေတဲ့ ငရဲကြီး။

က တဲ့ပုဂ္ဂိုလ်တွေကလဲ ကရက်ပဲ၊ အဲဒါ အောက်က ထိုင်ပြီးတော့ ငေးမောပြီးတော့ ကြည့်နေရတဲ့ ပုဂ္ဂိုလ်များအတွက်လဲပဲ ဟို—တကယ့် ပွဲလမ်းသဘင်ကို ကြည့်နေရတဲ့ အတိုင်းပဲ—

ပဟာသ ငရဲအိုးထဲမှာ ကြည့်လို့ကိုမဆုံးဘူး၊ ကြည့်တဲ့လူတွေက ကြည့်၊ အပေါ်က ကတဲ့လူတွေက ကနဲ့ အဲဒါပဟာသ ငရဲမီးတွေက အောက်ကမြှိုက်လို့၊ ပဟာသ ငရဲဆိုတာ ရှိတယ်။

ဘုရားလက်ထက်က ဇာတ်မင်းသားကြီး တယောက် ဟာ မြတ်စွာဘုရားကို သွားပြီးတော့ မေးတယ်၊ တပည့်တော်တို့ အဲဒီလို ပွဲလမ်းသဘင်များ က လို့ ပြလို့ အပြစ်များ ရှိပါသလား ဘုရား၊ ငရဲများ မကြီးဘူးလားဘုရားလို့ မေးတော့ မြတ်စွာ ဘုရားက အဲဒါဒကာကြီးကို အားနာလို့ ဒကာကြီးမမေးနဲ့ ဒီ စကားမမေးနဲ့လို့ ဘုရားကပယ်ချတယ်။

အပြစ်ရှိသလား၊မရှိသလား၊ မိန့်တော်မူစမ်းပါဘုရား၊ ဒကာ ကြီး မမေးစမ်းပါနဲ့ ထပ်ပြီးတော့ မေးတယ်၊ ဘုရားက ထပ် ပြီးတော့ ပယ်ချတယ်၊ သုံးကြိမ်တိုင်အောင် မေးတော့ဘုရားက ပြောလိုက်တယ်၊ သံယုတ္တနိကာယ်မှာ ပဟာသငရဲနဲ့ ပတ်သက် ပြီးတော့ သုတ္တန်တခု ဟောထားခဲ့တယ်။

ဒကာကြီး မမေးပါနဲ့ဆိုတာ အကြိမ်ကြိမ်ထပ်ပြီးတော့ မေး တယ်၊ ငါပြောမယ်ဆိုပြီးတော့ အဲဒီပဟာသ ငရဲကို မြတ်စွာ ဘုရား အဲဒီမှာဟောပါတယ် တဲ့၊ ဒါကြောင့် ပဟာသ ငရဲရှိ တယ်လို့ ဘုန်းကြီးဟို ပြောနိုင်တာ။

ကတဲ့ပုဂ္ဂိုလ်လဲ ပဟာသငရဲမှာ အကြီးအကျယ်ခံရတယ်၊ ဘာပြုလို့ ခံရတာလဲဆိုယင် ဘုန်းကြီး အခုပြောခဲ့ပြီ၊ သူတော် ကောင်းဥစ္စာ (၇)ပါးကို အကြီးအကျယ် လုယက်ဖျက်ဆီးပစ် တဲ့ ဒမြအကြီးစားတွေ ဖြစ်တဲ့အဘွက်ကြောင့် သိပ်ပြီးတော့ အပြစ်ကြီးတယ်၊ ပဟာသငရဲရောက်တယ်။

ကြည့်တဲ့ပုဂ္ဂိုလ်များကလဲ မိမိတို့သန္တာန်မှာရှိတဲ့ ဟိရိ,ဩတ္တပ္ပ တွေ အကုန်ပျက် ပြီးတော့ သူတော်ကောင်းဥစ္စာ (၇)ပါးကို

မိမိတို့သန္တာန်ကနေပြီး လက်လွတ် ဆုံးရှုံးအောင် လုပ်ကြတဲ့ အတွက်ကြောင့် ဤပုဂ္ဂိုလ်များလဲ အပြစ်ရှိတယ်။

ပြောတဲ့ ဆိုတဲ့ စကားတွေကလည်း သမ္ဖပ္ပလာပဝါစာတွေ ချည်းပဲ၊ အဲဒါကြောင့် ပဟာသရေခံပုတာလို့ မြတ်စွာဘုရားက ဟောလိုက်တော့ အဲဒီဇာတ်မင်းသားဟာ ဘုရားရှေ့မှာ ထိုင်ပြီးတော့ ငိုဘောတာပဲ၊ ဒါကြောင့် ပဟာသ ငရဲရှိတယ်ဆိုတာကို တို့ပရိသတ် မှတ်သားထားကြ။

ပစ္စုပ္ပန်ဘဝအနေနှဲ့ အခုပြောခဲ့တဲ့၊

(၁) သူတော်ကောင်းဥစ္စာ (၇)ပါး ဆုံးရှုံးပျက်စီးခြင်း၊

(၂) စိတ်ဓာတ်များ ပျက်စီးခြင်း၊

(၃) ကိုယ်ကျင့်တရားများ ပျက်စီးခြင်း၊

(၄) ဟိရိ, ဩတ္တပ္ပ ဘေးဆုံးရှုံးပျက်စီးခြင်း၊

ဆိုတဲ့ပျက်စီးခြင်း မျိုးစုံတို့ဖြင့် ပျက်စီးတတ်တဲ့ အတွက်ကြောင့် ပွဲလမ်းသဘင် လိုက်စားခြင်းသည် မကောင်းသော ပရာဘဝ အကြောင်းတရားတခုပဲ ဆိုတာမှတ်ပါ။

အလသနဲ့ နိဒ္ဒါသီလီ အခုနက ပေါင်းပြီးတော့ ပြောလိုက်ပါပြီ၊ ကောပေညာဏောကို ပြောကြရအောင်—

## ဒေါသကြီးယင်လဲ ပျက်စီးတတ်တယ်

ကောပေညာဏော၊ ဒေါသ အမျက် တချောင်း ချောင်း ထွက်တတ်သည်လည်း၊ ဟောတိ၊ ဖြစ်၏။

ဒေါသကြီးခြင်းဟာလဲ ပျက်စီးခြင်းရဲ့ အကြောင်းတရား၊ ဒေါသကြီးတဲ့ ပုဂ္ဂိုလ်လဲပျက်စီးရော။ ဒီတော့ ဒေါသတရား

ဆိုတာဟာ သူတပါးကို မဖျက်စီးခင် မိမိကို ဦးစွာဖျက်စီးပစ်တယ်။

ဒုဿတီတိ ဒေါသော—

ဒုဿတိ၊ ဖျက်စီးတတ်၏။ ဣတိတသ္မာ၊ ထို့ ကြောင့်။ ဒေါသော၊ ဒေါသမည်၏။

ဒေါသရယ် ကောဓရယ် ဆိုပြီးတော့ ဒီလိုလည်းပဲ အဆင့်က (၂)မျိုးရှိသေးတယ်။

သူတပါးကို မဖျက်ဆီးသေးဘူး မပြစ်မှားသေးဘူး၊ မိမိစိတ်ထဲမှာသာလျှင် ဖြစ်နေတာက ကောဓ—

အဲဒီလို မိမိစိတ်ထဲဖြစ်နေတဲ့ စိတ်ဆိုးမှုလုပ်ငန်းကိုဤအတိုင်းမထားပဲနဲ့ ဝစီကံဖြင့် သူတပါးအား ပြောမိဆိုမိပြီ၊ ကာယကံဖြင့် သူတပါးအား လုပ်မိကိုင်မိပြီဆိုယင်အဲဒါကျတော့ ဒေါသ—

ဒါကြောင့် စိတ်ထဲမှာသာလျှင် သူတပါးအား မပြစ်မှားသေးတဲ့ အချိန်မှာ၊ သူတပါးအား မထိခိုက်သေးတဲ့ အချိန်မှာ၊ မပုတ်ခတ်သေးတဲ့အချိန်မှာ သူတပါးကို မဖျက်စီးသေးပဲနဲ့ မိမိစိတ်ကိုသာလျှင် မိမိဖျက်စီးနေတာကျတော့ ကောဓ၊ သူတပါးအား ဖျက်စီးတဲ့အခါရောက်ပြီဆိုတဲ့ အခါကျတော့ ဒေါသ လို့၊

အဲဒီလို ခွဲပြတဲ့ကျမ်းဂန်များရှိတယ်၊ ဒါကြောင့်ကောဓ ဆိုတာ မိမိစိတ်ကိုဖျက်စီးတယ်၊ ဒေါသဆိုတာ သူတပါးကို ဖျက်စီးတဲ့အထိရောက်ယင် အဲဒါကို ဒေါသ။

ပဟာတ အာသီဝိသော ဝိယ ဒုဿတီတိဒေါသော။

ဒုဿီလ၊ မိမိနှင့်သူတပါးကို ဖျက်စီးတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့် ဒေါသော၊ဒေါသမည်၏။ ပဟာတအာသိဝိသောဝိယ၊ ပုတ်ခတ်အပ်သော မြွေဟောက်ကဲ့သို့ ပေတည်း။

မြွေဟောက်တကောင်ကို ခေါင်းတုတ်နဲ့ ခေါက်လိုက်တဲ့ အခါမှာ ရှူးကနဲဆို ပါးပျဉ်းထလာသလိုပဲ အဲဒီ ဒေါသသမား ကလဲပဲ သူ့ကိုထိခိုက်လိုက်ယင်တခါတည်းရှူးရှူးရှဲရှဲနဲ့မျက်လုံး မျှား နီပြီးတော့ အံတကြိတ်ကြိတ်နဲ့ ဖြစ်လာတယ်၊ အဲဒီလို နေရာတကာ ဒေါသ ထွက်တတ်တဲ့ ပုဂ္ဂိုလ်လည်းပဲ ပစ္စုပ္ပန်ရော သံသရာမှာ ဘယ်တော့မှ မကြီးပွားဘူး၊ ပျက်စီးတတ်တယ်တဲ့။

ဒေါသဆိုတာ သိပ်ပြီးတော့ ကြောက်စရာ ကောင်းတယ်၊ အဲဒါဟာ လူမိုက်ရဲ့လက္ခဏာတပါးပဲ။ လူမိုက်ရဲ့လက္ခဏာတွေထဲ မှာ အဲဒီ ဒေါသကြီးခြင်းဟာ လက္ခဏာတပါး ဖြစ်နေတယ်၊ ဘယ်လောက်ပဲ ကောင်းရာ ကောင်းကြောင်း သူပြောနေနေ ကောင်းတာပြောတယ်လို့ကို မထင်ဘူး၊ ဒေါသသမားဟာ သက် သက်မယ့် ငါ့နှိမ်နေတယ်လို့ ထင်တယ်။

## ဒူးနေရာဒူး တော်နေရာတော်

ရှိသေးတယ် ဘုန်းကြီးတို့ကျမ်းဂန်မှာ စကားသုံး ခွန်း—

(၁) အသဒ္ဓဿ သဒ္ဓါကထာ ဒုက္ကထာ

(၂) ဒုဿီလဿ သီလကထာ ဒုက္ကထာ

(၃) ဒုပ္ပညဿ ပညာကထာ ဒုက္ကထာ

(၁) အသဒ္ဓသ၊ သဒ္ဓါတရား မရှိတဲ့ ပုဂ္ဂိုလ်တယောက် အတွက်။ သဒ္ဓါကထာ၊ သဒ္ဓါတရားနဲ့ ပတ်သက်တဲ့စကားသည်။ ဒုက္ကထာ၊ မကောင်းတဲ့စကားမျိုး မည်၏။

သဒ္ဓါတရား မရှိတဲ့လူ လှူချင်တန်းချင်စိတ် မရှိတဲ့ပုဂ္ဂိုလ် တယောက်အတွက် အဲဒါလှူရေး တန်းရေ ပေးရေး ကမ်းရေး တွေသွားပြီးတော့ဘယ်လောက်ပဲ ပြောနေနေ အဲဒါသဒ္ဓါတရား မဖြစ်တဲ့အပြင် သက်သက်မယ့် လှူမှု တန်းမှုနဲ့ ငါ့လာပြီးတော့ နှိပ်စက်နေတယ် စောင်းမြောင်းပြီးတော့ ငါ့ပြောနေတာပဲဆို ပြီးတော့ အဲဒါဒေါသတွေ ဖြစ်လာတတ်တယ်၊ သူ့အတွက် အဲဒါဟာမကောင်းတဲ့ အမင်္ဂလာစကားကြီး တဲ့။

ဒါကြောင့် အသဒ္ဓါနဲ့ သဒ္ဓါဟာဆန့်ကျင်ဘက် လှူမှု တန်းမှု ပေးမှု ကမ်းမှုနဲ့ပတ်သက်ပြီးတော့ သဒ္ဓါတရားနဲ့ ပတ်သက်တဲ့ စကားတွေကို အဲဒီသဒ္ဓါမရှိတဲ့ ပုဂ္ဂိုလ်ရဲ့ အနီးအနားမှာသွား ပြီးတော့ မပြောကြလေနဲ့ မခံနိုင်ဘူး၊ ဒေါသ ဖြစ်တတ်တယ်၊ ဒေါသတရားသည် အဲဒီလောက်ပဲ။

(၂) ဒုဿီလဿ၊ သီလမရှိတဲ့ ပုဂ္ဂိုလ်တယောက် အတွက်။ သီလကထာ၊ သီလနဲ့ ပတ်သက်တဲ့ စကား သည်။ ဒုက္ကထာ၊ မကောင်းတဲ့စကားမျိုးဖြစ်ပါ၏။

ကိုယ်ကျင့်တရား ပျက်စီးနေတဲ့ ပုဂ္ဂိုလ်တယောက်ရဲ့ ရှေ့မှာ ကိုယ်ကျင့်တရားနဲ့ပတ်သက်တဲ့စကားတွေပြောနေမယ်ဆိုလို့ရှိယင် အဲဒါမကောင်းတဲ့စကားတွေ ဖြစ်လာလိမ့်မယ်၊စိတ်ဆိုးလာတတ် တယ်။

ဒီတော့ဗျာ စကားပြောပေမယ့် ဘုန်းကြီးတို့ပရိသတ် ကြည့်ပြီးတော့ပြောကြ၊ နေရာတကာ ကျယ်လောင် ကျယ်လောင်နဲ့ အဲဒါအောင်ကြီးဟစ်ကျယ် မလုပ်ကြနဲ့—

သဒ္ဓါတရားအကြောင်း ပြောလို့ရှိယင် သဒ္ဓါတရားရှိတဲ့ လူ ရှေ့သွားပြောကိစ္စမရှိဘူး၊ အဲဒါအောင်မြင်တယ်၊ သဒ္ဓါတရား လုံးလုံးမရှိတဲ့ ပုဂ္ဂိုလ်ရှေ့သွားပြီးတော့ ပြောနေမိယင် အဲဒါ ရန်လုပ်တတ်တယ်။

သီလပျက်နေတဲ့ ပုဂ္ဂိုလ်ရဲ့ ရှေ့မှာ သီလစကားသွားမပြောနဲ့ သက်သက် ငါ့စောင်းပြောတာဆိုပြီးတော့ရန်ဖြစ်တတ်တယ်။

(၃) ဒုပ္ပညဿ၊ ပညာမရှိတဲ့ ပုဂ္ဂိုလ်တယောက် အတွက်။ ပညာကထာ၊ ပညာနှင့်ပတ်သက်တဲ့ စကားသည်။ ဒုက္ကဘာ၊ မကောင်းတဲ့စကားဖြစ်ပါ၏။

ပညာဉာဏ် နည်းတဲ့ ပုဂ္ဂိုလ် တ ယောက် အတွက် ပညာနဲ့ ပတ်သက်တဲ့ စကားတွေဟာလဲပဲ အဲဒါမကောင်းတဲ့ စကား တွေ ဖြစ်လိမ့်မယ်တဲ့။

ဒီတော့ ဒေါသကြီးတဲ့ ပုဂ္ဂိုလ်တယောက်အတွက် ဘယ် လောက်ပဲ ဒါန အ ကြောင်း၊ သီ လ အ ကြောင်း၊ ဘာဝနာ အကြောင်းသွားပြောနေနေ၊ ဒိပြင် လောကရေးရာကိုဖယ်ထား၊ သူတော်ကောင်းတရားတွေ သူ့ အတွက် ဘယ်လောက်ပဲ သွား ဟောနေနေ၊ သက်သက်မဲ့ ဒါတွေလူကြားထဲ ငါ့အထင်သေး အောင် နှိပ်စက်နေတာပဲဆိုပြီး ဒေါသသမားသည် ဒေါသကို မထိန်းနိုင်တော့ဘူး၊ အဲဒီအခါ ဒေါသဖြစ်လာတယ်။

## လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို

ဒါကြောင့်မို့လို့ ဘုန်းကြီးတို့ အကိတ္တိဇာတ်မှာ ဆိုလို့ရှိယင် အကိတ္တိရှင်ရသေ့ကြီးက အဲဒါ ဆုတောင်းထားတယ်။

ဗာလံ နပဿေ နသုဏေ၊ နစ ဗာလေန သံဝသေ၊
ဗာလေနလ္လာပ သလ္လာပံ၊ နကရေ နစ ရောစယေ။
(ဇာ—၁၊ ၂၆၆)

ဗာလံ၊ ဒုစရိုက်အိုးလူမိုက်မျိုးကို။ နပဿေ၊ ဟောဒီမျက်စိနှစ်လုံးနဲ့ ဘယ်တော့မှ မတွေ့မမြင်ပါရစေနဲ့။

အကိတ္တိ ရှင်ရသေ့ကြီး ဘောင်းထားတဲ့ဆုများ၊

နသုဏေ၊ အဲဒီလူမိုက် ဘယ်နေရာမှာ ရှိတယ် ဆိုတာကို၊ ဟောဒီနားနှစ်ဘက်နှင့်ဘယ်တော့မှ မကြားပါရစေနဲ့။ဗာလေန၊ ဒုစရိုက်အိုး အဲဒီလို မိုက်ရိုင်းတဲ့ လူမိုက်မျိုးနှင့်။ နစသံဝသေ၊ ဘယ်ဘဝ ဘယ်အခါ ဘယ်သောအခါမှ မပေါင်းသင်းမတွေ့ဆုံ မဆုံဆည်းပါရစေနှင့်။

ဗာလေန၊ ဒုစရိုက်အိုး အဲဒီလိုမိုက်ရိုင်းတဲ့လူမျိုးနှင့်။ အလ္လာပ သလ္လာပံ၊ စကားပြောဟော နှီးနှောခြင်းကို။ နကရေ၊ မပြုမလုပ်ရပါလို။

စကားလဲ မပြောချင်ဘူးတဲ့။

နစရောစယေ၊ သူ့စကားကို မနှစ်သက်ပါရစေနှင့်။

အကိတ္တိရသေ့ကြီးတောင်းတဲ့ဆုမျိုး ဘုန်းကြီးတို့ ပရိသတ်တောင်းကြ၊ ကုသိုလ်ကောင်းမှုတခု ပြုပြီဆိုလို့ရှိယင် ဘုန်းကြီးတို့တရားနာပရိသတ် ဆုတောင်းတွေ အမျိုးမျိုး ပေ့လီအောင်

[illegible]ကောင်းကြည့်[illegible] ဒီဆုတောင်းမျိုးတော့ မတောင်းကြဘူး. ပင်ပါတယ်။

[illegible]ကြွန်ကောင်းတဲ့ ဆုတောင်း၊ ဘုန်းကြီးတို့ပရိသတ် အဲဒါ ကျက်ပြီးတော့ထား=

ဗာလံ နပဿေ နသုဏေ၊ နစဗာလေန နသံဝသေ၊

အဲဒီလို မိုက်ရိုင်းတဲ့ လူမျိုးကို ဟောဒီမျက်စိနှစ်လုံးနဲ့ ဘယ် သောအခါမှ မတွေ့မမြင်ပါရစေနှင့်၊ မျက်စိနဲ့အမြင်ကို မမြင် ချင်ဘူး၊ မလွဲသာလို့မြင်ရပြန်ယင်လဲ—

နသုဏေ၊ အဲဒီလူမိုက်ရဲ့ စကားကိုမကြားပါရစေနှင့်။

သူ့စကားကို မကြားချင်ဘူးတဲ့။

မြင်လည်း မြင်နေရတယ်၊ မလွဲသာလို့ သူ့စကားတွေကြား လည်း ကြားနေရတယ်ဆိုလို့ရှိယင် -

နသံဝသေ၊ အတူတကွတော့ ပေါင်းသင်း မနေပါရစေနှင့်။

မလွဲသာလို့ မြင်ချင်မြင်ရပါစေ မျက်စိ မှိတ်ထားလိုက်မယ်၊ မလွဲသာလို့ ကြားချင်ကြားနေရပါစေ နားနှစ်ဘက် ပိတ်ထား လိုက်မယ်။

မပေါင်းသင်း မတွေ့ကြုံ မဆုံဆည်းပါရစေနှင့် အဲဒါလေး လဲထည့်ပြီးတော့ ဆုတောင်းထားလိုက်ဦးတဲ့။

အကယ်၍ မလွဲသာလို့ ပေါင်းသင်းတွေ့ကြုံ ဆုံဆည်းနေရ ပြန်လို့ရှိယင်—

ဗာလေ နလ္လာပ သလ္လာပံ နကရေ၊ အဲဒီလူမိုက်ဆိုတဲ့ ပုဂ္ဂိုလ် နှင့် စကားကိုမပြောပါရစေနှင့်။

အကယ်၍ မလှဲ့သာလို့ ဒီလူမိုက်နဲ့စကားများ ပြောမိယင် လဲပဲ—

နစရောစယေ၊ သူ့စကားကို မနှစ်သက်ပါရစေနှင့် မလိုက်ပါရစေနှင့်။

အဲဒီထိအောင် ပြည့်စုံအောင် ဆုတောင်းကြ။

မတွေ့ပါရစေနဲ့လို့ တောင်းထားပြီး မလှဲ့သာလို့ တွေ့ရယင် သူ့စကားကြားချင်ကြားနေရဦးမယ်၊ ကြားနေရပြန်ယင်လဲ အဲဒီစကားမနှစ်သက်ပါရစေနဲ့ ဆိုတာလေး နောက်ကထည့်တောင်းထား၊ သူ အရေးကြီးဆုံးအချက်။

ဒီတော့ အကိတ္တိရသေ့ကြီးက ဘာယ်မှာဆုတောင်းသလဲဆိုလို့ ရှိယင် နာဂဒီပဆိုတဲ့ ကျွန်းကလေးမှာ ကန်ဗျင်း ရွက် ပြုတ်ကလေးနှင့် စားနေရတဲ့အချိန်—

လူသူမနီးတဲ့ တောကြီးမြိုင်ကြီးထဲ ပင်လယ်ရေတွေ ရစ်ဝိုင်းပြီးတော့ ဆားငန်ရေ တွေနှင့် ဝိုင်းနေတဲ့ တောကြီး ထဲမှာ ကယောက်တည်း ကန်ဗျင်းပင်လေးရဲ့အောက်မှာ ကန်ဗျင်းရွက်လေးပြုတ်ပြီးစားလို့ကျင့်သုံးနေတဲ့ အလောင်းတော် အကိတ္တိရသေ့ကြီး။

## ထောက်လှမ်းရေးသမားကြီး သိကြားမင်း

အဲဒီအချိန်မှာ သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ သွားပြီးပူတော့ သိကြားမင်းကြီးက ကြည့်တယ်၊ "ဟာ — ငါ့ ပဏ္ဍုကမ္ဗလာ ပူပြင်း တင်းသောအခြင်းအရာ ပြတယ်၊ ဘာဖြစ်ပါလိမ့်မလဲ"

သူတော်ကောင်းတွေ အဲဒီလို အကျင့်မြင်းထန်တဲ့ အခါမှာ သိကြားမင်းကြီးရဲ့ ပဏ္ဍုကမ္ဗလာက ပူတယ်ဆိုပဲ၊ တချို့ ပုဂ္ဂိုလ်တွေက နတ်စည်းစိမ်၊ သိကြားစည်းစိမ် လုမယ်ဆိုပြီး ရည်ရွယ်ချက်နဲ့ကျင့်နေယင်လဲ သိကြားမင်းရဲ့ ကဏ္ဍုကမ္ဗလာ ပူတယ်လို့ ပြောတယ်။

ဒီကနေ့တော့ သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာပူတယ်လို့ တခါမှ မကြားဘူးနော်၊ ပူယင်လဲ ဒီသိကြားမင်း နေမှာမဟုတ်ပါဘူး ဆင်းလာမှာ၊ ဒါပေမယ့်သိကြားမင်း ပဏ္ဍုကမ္ဗလာက မပူတော့ ဘယ်နေရာသွားသွားပူလဲတော့ မသိဘူးနော်။

အဲဒီမှာ သိကြားမင်းရဲ့နေရာသိကြားမင်းရဲ့စည်းစိမ်ကိုလုမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင့်သုံးတဲ့ပုဂ္ဂိုလ်တွေ ပေါပေါက်ခဲ့ယင်လဲပဲ ပူတယ်၊ ပဏ္ဍုကမ္ဗလာဟာ ပူပြင်း တင်းသော အခြင်းအရာကိုပြတယ်၊ သိကြားမင်း သေတော့မယ်ဆိုလို့ ရှိပြန်ယင်လဲ ပဏ္ဍုကမ္ဗလာဟာ ပူပြင်းပြီး တင်းသော အခြင်းအရာကိုပြတယ်။

ဒီတော့ သိကြားမင်းရဲ့ပဏ္ဍုကမ္ဗလာ တင်းပြီးတော့ပူပြင်းတဲ့ အခြင်းအရာကိုပြတဲ့အခါမှာသိကြားမင်းကြီးက ဘာကြောင့်လဲလို့ ဆင်ခြင်လိုက်တဲ့အခါကျတော့အကိတ္တိရှင်ရသေ့ကြီး အလွန်ပြင်းထန်တဲ့ အကျင့်ကိုကျင့်ပြီးတော့ နေပါပေါ့တကားလို့သိရော—

ဒီတော့ အလောင်းတော် အကိတ္တိရသေ့ကြီး ရှိနေတဲ့နေရာ သိကြားမင်းဆင်းလာပြီး ပုဏ္ဏားအိုယောင် ဆောင်ပြီးတော့ အဲဒီမှာလာပြီးတော့ အလှူခံတယ်တဲ့၊ သူကျင့်တာ ဘာအတွက်လဲ ငါ့စည်းစိမ်လိုချင်လို့ ကျင်တာလားဟာဆိုပြီးတော့သိကြား

မင်းက စိတ်ထဲသိသယနှင့်လာတယ်နော်၊ စည်းစိမ် လုမှာများ ကျတော့ သိကြားမင်းတောင် ကြောက်တယ်။

အဲဒီလို ဆင်းလာပြီးပုဏ္ဏားအိုယောင်ဆောင်ပြီးတော့အကိတ္တိ ရသေ့ကြီးရဲ့ ကမ္မဋ္ဌာန်းကျောင်းလေး ရှေ့မှာ ဟိုလျှောက် ဒီ လျှောက်နဲ့ အလှူခံပုဏ္ဏားအသွင်ရောက်လာတော့ အကိတ္တိရသေ့ ကြီးက ဝမ်းသာလိုက်တာ။

ယခုလို တောကြီးမျက်မည်းထဲ တယောက်တည်း ကျင့်သုံး နေတဲ့ အချိန်လာတယ်၊ လာတဲ့အလှူခံ ခဲခဲယင်းယင်းပဲ ဆိုပြီး တော့ အဲဒီမှာ သူစားမလို့ ရေနွေးနဲ့ ပြုတ်ဖျော်ထားတဲ့ ကန် ဗျင်းရွက်ပြုတ်ကလေး ဆားမပါဆီမပါပဲနဲ့ အဲဒါလေးလောင်း လှူလိုက်တယ်၊ သူစားဖို့ချန်မထားဘူး အကုန်ပဲ လှူလိုက်တယ် အနဝသေသဒါန။

သိကြားမင်းက စားလိမ့်မယ်မထင်နဲ့ သက်သက်မယ့်လာ ပြီးတော့စမ်းတာ၊ ကန်ဗျင်းရွက်ပြုတ် အလှူခံပြီးတော့ ထွက် သွား၊ နောက်တရက် လာပြန်တယ်၊ နောက်တရက် လာပြန် တယ်၊ သုံးရက်ဆက်ပြီးတော့ အလှူခံတယ်၊ အလောင်းတော် အကိတ္တိရသေ့ကြီးကလဲ လာတိုင်းလောင်းလှူတာပဲ။

လောင်းလှူပြီးယင် နောက်ထပ် ပြုတ်ပြီးတော့ စားလိမ့်ဦး မယ်မမှတ်နဲ့ နောက်ထပ်ပြုတ်ပြီးတော့ မစားတော့ဘူး၊ တနေ့ အတွက်တခါပဲပြုတ်တယ်နှစ်ခါသုံးခါ မလုပ်တော့ဘူး၊ သူတော် ကောင်းတရားအားထုတ်တဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့ ဒီစာရေး သောက်ရေးအတွက် ပလိဗောဓများတဲ့လုပ်ငန်းမျိုး ဘယ်တော့မှ မလုပ်ဘူး၊

တခါပြုတ်ပြီးတော့ထားမယ် အဲဒီဥစ္စာမစားဖြစ်ယင် ဒီကနေ့ အငတ်ခံပြီး နေတော့တာပဲ၊ သုံးရက်မြောက်တဲ့ နေ့ကျတော့ ပုဏ္ဏားအိုယောင် ဆောင်ပြီးတော့လာတဲ့သိကြားမင်းကအကိတ္တိ ရသေ့ကြီးကိုမေးတယ်။

သင်သည် ဤကဲ့သို့ တောကြီးမျက်မည်းထဲမှာ တယောက် တည်းလာပြီးတော့ ကျင့်သုံးနေတာ ဘာအတွက်လဲ ပြောစမ်း ပါ၊ အဲဒီလို မေးတဲ့အခါကျတော့ တိုတိုပြောမယ် ဆိုလို့ရှိယင် ကျွန်ုပ်သည် နတ်စည်းစိမ် သိကြားစည်းစိမ်ကို လိုချင်လို့ကျင့် တာမဟုတ်ဘူး၊ သဗ္ဗညုတဉာဏ်တော်အတွက် ကျင့်တာပါလို့ ပြောလိုက်တယ်၊ တိုတိုပဲ၊ ဘုန်းကြီးလိုယင်းပြောချင်တဲ့ အပိုင်း ရောက်အောင်သွားရအောင်—

ဒီလိုပြောလိုက်တဲ့အခါကျတော့ သိကြားမင်းကြီးက ကျေ နပ်လွန်းလို့ ကျွန်ုပ်သည် သင့်ကို ဆုပေးစမ်းပါရစေ တဲ့၊တော ထဲမှာ ဒီလောက်ဒုက္ခတောင် ခေါင်းခေါင်းပါးပါးကျင့်နေတဲ့ အရှင် ရသေ့အား ဆုပေးချင်ပါတယ် တောင်းစမ်းပါဆိုတော့ အဲဒီ မှာ အကိတ္တိရသေ့က ဆုတွေတောင်းတယ်။

လူမိုက်ဆိုလျှင် မမြင်ရ မတွေ့ရ မကြားပါရစေနဲ့

အကိတ္တိရသေ့ကြီး တောင်းတဲ့ဆုတွေက အခုနက ပြောပြ သွားခဲ့တဲ့—

ဗာလံ နပဿေ နသုဏေ၊ နစ ဗာလေန သံဝသေ
ဗာလေနလ္လာပ သလ္လာပံ၊ န ကရေ နစ ရောစယေ။
(ဇာ—၁၊ ၂၆၇)

အဲဒါ သွားတောင်းတယ်။

နိဗ္ဗာန်ရပါစေ၊ မဂ်ဖိုလ်ရပါရစေ မတောင်းဘူး၊ နိဗ္ဗာန်လို ချင်လို့ ကျင်သုံးနေပါတယ် ဆိုတာတော့ ဟုတ်ပါပြီ၊ သိကြား မင်းက ဆုပေးမယ် တောင်းစမ်းပါလဲဆိုရော—

လူမိုက်ကို မမြင်ပါရစေနဲ့ မတွေ့ပါရစေနဲ့၊ လူမိုက်ရဲ့ ပြော စကား မကြားပါရစေနဲ့၊ လူမိုက်နှင့် စကားမပြောပါရစေနဲ့၊ အဲဒီလူမိုက်ရဲ့ ဩဝါဒတွေကို မနှစ်သက်ပါရစေနဲ့လို့ အဲဒါ တောင်းတယ်။

ဒီတော့ သိကြားမင်းကြီးက မေးတယ်၊ ဒါလောက်တောင် လိုမိုက်မုန်းရတဲ့ အသင်ရသေ့ ဘာပြုလို့ လူမိုက်ကို မုန်းတီးပြီး တော့ နေရသလဲ။

ကိံ နုတေ အကာရံ ဗာလော၊ ပဒကဿပ ကာရဏံ

ကေနကဿပ ဗာလဿ၊ ဒဿနံ နာဘိကခ်သိ။

ဘာကြောင့် အဲဒီလူမိုက်ကို မမြင်ချင် မတွေ့ချင် မကြားချင် ရတာလဲ ပြောစမ်းပါ။

"ဘုန်းကြီးတို့ပရိသတ် ဘယ်သူက မေးတုန်းဗျာ"

"သိကြားမင်းက မေးတာပါဘုရား"

သိကြားမင်းက မေးတယ်၊ ဒီကနေ့ ဘုန်းကြီးတို့ ပရိသတ် ဆုတောင်းနေတုန်းမျှား၊ အဲဒီလို ဆုတောင်းနေတုန်း သိကြား မင်း ကိုယ်ထင်ရှားပြပြီးတော့ လာမေးယင် ဘယ့်နှယ် လုပ်ကြ မလဲ၊ အကိတ္တိရသေ့ကြီးတောင်းတဲ့ ဆုမျိုးတောင်းလို့ သိကြား မင်းကိုယ်ထင်ရှားပြပြီး၊ အဲဒီလို လာမေးခဲ့ယင်—

"ဘုန်းကြီးတို့ပရိသတ် ဘယ့်နှယ် လုပ်ကြမလဲ"

"........"

"မဖြေနိုင်ဘူး ဘုန်းကြီးကဖြေလိုက်မယ် တို့ပရိသတ် မနံ့ကြနဲ့ ကန်တော့ပွဲနဲ့ အိမ်ကို အလုအယက် ပင့်သွားကြလိမ့်မယ် ထင်တယ် နော်"

"မှန်ပါဘုရား"

"သိကြား သိပ်တွေချင် နေတယ်ဆိုကိုး မဟုတ်လား တို့ပရိသတ်"

"မှန်ပါဘုရား"

အေး—သိကြားသိပ်တွေ့ချင်နေတဲ့တို့ပရိသတ်၊ဒါကြောင့် မို့လို့ အလုအယက် ခေါ်သွားကြလိမ့်မယ် ထင်တယ် တဲ့။

အဲဒီတော့ အကိတ္တိရှင်ရသေ့က ဘာပြန်ပြောလိုက်သလဲ ဆိုလို့ရှိယင်၊ အကိတ္တိရသေ့ကြီး ပြောတဲ့စကား—

အနယံ နယတိ ဒုမ္မေဓော၊ အဓုရာယံ နိယုဉ္ဇတိ

ဒုန္နယော သေယျသော ဟောတိ၊ သမ္မာ ဝုတ္တောပကုပ္ပတိ။

(ဇာ—၁၊ ၂၆၇)

ဒေဝါနမိန္ဒ၊ နတ်တို့ကို အစိုးရတဲ့ အို—သိကြားမင်း။

ဒုမ္မေဓော၊ ပညာမဲ့ငြား ထိုကဲ့သို့သော ငမိုက်သားသည်။ အနယံ၊ နည်းမဟုတ်သည်ကို။ နယတိ၊ နည်းဟုတ်တယ်လို့ ဆောင်ရွက်တတ်၏။

လူမိုက်ရဲ့လက္ခဏာတွေ၊ သိကြားမင်းကို အကိတ္တိရသေ့ကြီး ပြန်ပြောနေဘာ။

အဓုရာယံ၊ အာ'မဆုတ်သင့် အားမဆုတ်ထိုက်တဲ့ နေရာ၌။ နိယုဉ္ဇတိ၊လုပ်သာသုပ်ကြကွာလို့ တိုက်တွန်းတတ်၏။

လူမိုက်ဆိုတာ ဒီလိုတဲ့၊ မဟုတ်တဲ့ နည်းလမ်းများ တွေကို ဒီနည်းမှ နည်းကောင်းပဲ ဟ ဆိုပြီးတော့ ဆောင်ရွက်တတ်တယ် တဲ့၊ မတိုက်တွန်းသင့် မတိုက်တွန်းတတ်တဲ့လုပ်ငန်းတွေကို မင်းတို့ ဘတွေလုပ်လိုက်ကြစမ်းကွာဆိုပြီးတော့ အဲဒါ တိုက်တွန်းတတ် တယ် ခိုင်းတတ်တယ် စေတတ်တယ် တဲ့။

ဒုန္နယောသေယျသောဟောတိ၊

ဒုန္နယော၊ လောကပျက်စီးရာ ပျက်စီးကြောင်း နည်းတွေကို သာလျှင်။ သေယျသော၊ အမှန်အမြတ် အားထားတတ်သည်။ ဟောတိ၊ ဖြစ်၏။

လောကပျက်စီးမယ့် နည်းတွေကိုမှဒါအမှန်အမြတ်၊ ဒီနည်းမှ နည်းကောင်းဆိုပြီး ဒီလိုလုပ်တတ်တယ် တဲ့။

သမ္မာ ဝုတ္တော ပကုပ္ပတိ၊

သမ္မာ၊ အကျိုးနှင့်အကြောင်း ကောင်းမွန်စွာ၊ ဝုတ္တော၊ ပြောဆိုခဲ့သည်ရှိသော်။ ပကုပ္ပတိ၊ စိတ်ဆိုးတတ်၏။

ဘုန်းကြီးက အဲဒါလေးပြောချင်တာ၊ ဒါကြောင့် ဒီလောက် တောင် သယ်လာရတာ။

လူမိုက်ဆိုတာ အဲဒီလိုပါတဲ့၊ ဘယ်လောက်ပဲ ကောင်းတာ တွေဟောနေနေ၊ ဘယ်လောက်ပဲ သူ့အတွက်ကောင်းဟဲ့ တရား တွေ ဆုံးမနေနေ ငါ့လိုလူ ပြောရမလား ဟ ဆိုပြီးတော့ အဲဒါ စိတ်ဆိုးတတ်တယ် တဲ့၊ လူမိုက် တဲ့။

သောဝေစ္စသတာဂုဏ်နဲ့ ပြည့်စုံကြပါပေ

တို့ပရိသတ် ဒီကနေ့ တရားနာနေကြတာ လူမိုက်တွေလား လူလိမ္မာတွေလား"

"လူလိမ္မာတွေပါဘုရား"

"အေး—ဘုန်းကြီးတို့ဟောတဲ့ တရားစိတ်မဆိုးကြဘူးနော်"

'မှန်ပါ မဆိုးပါဘုရား"

"အေး အေး—ဒီလိုဆိုယင်တော့ ဆက်ဟောဦးမယ်"

ကြားကြားသမျှ လူအပေါင်းတို့ စိတ်ဆိုးကြနဲ့ဗျာ—

မိုက်တဲ့ဒေါသကြီး ပုဂ္ဂိုလ်ဆိုတာ ဘယ်လောက်ပဲ ကောင်းတာတွေ ပြောဆိုဆုံးမနေနေ ဒေါသသမားဟာ မြွေဟောက် ခေါင်းတုတ်ကလေးနှင့် ခေါက်လိုက်သလို ရှူးကနဲ ထပြီးတော့ လာတတ်တယ်။

သမ္မာ ဝုတ္တော ပကုပ္ပတိ၊

ကောင်းစွာပြောပေမယ့်လို့ စိတ်ဆိုးတတ်တယ်။

အဲဒီလို ကောင်းတာတွေကို ဘယ်လောက်ပဲ ပြောဆိုဆုံးမ နေနေ စိတ်ဆိုးပြီဆိုယင်—

"အဲဒီပုဂ္ဂိုလ်တွေဟာ အဆုံးအမ ကောင်းရပါဦးမလားဗျာ"

"မရတော့ပါဘုရား"

"မရတော့ဘူး တဲ့"

ကောင်းတဲ့နည်းလမ်းတွေကို ပြောဆိုဆုံးမတဲ့အခါမှာ ငါ့ လိုလူ ပြောရမလား ဟု ဆိုပြီးစိတ်ဆိုးခဲ့ယင် အဲဒီပုဂ္ဂိုလ်တွေဟာ ဘယ်တော့မှ အဆုံးအမကောင်း မရတော့ဘူး။

အဆုံးအမကောင်း မရတဲ့ ပုဂ္ဂိုလ်များအတွက်။ ဒီကနေ့ ဆုံးမနေတဲ့ ပုဂ္ဂိုလ်ချယ် အဆုံးအမကိုနားခံတဲ့ပုဂ္ဂိုလ်ရယ် ကြည့်လိုက်ကြစမ်း၊ စိတ်ဆိုးလို့ မဆုံးမဘောဘူးဆိုလို့ရှိယင်—

"ဆုံးမတဲ့ ဆရာတွေမှာ နစ်နာသလား အဆုံးအမ ခံရမယ့် တပည့်တွေမှာ နစ်နာသလား"

"တပည့်တွေ နစ်နာပါတယ်ဘုရား"

"အဲဒါ စိတ်ဆိုးလို့ အဆုံးအမ မရဘောဘူး ဆိုလို့ရှိယင် ကိုယ်ပဲနစ်နာတယ်"

"မှန်ပါဘုရား"

ဘုရားရဲ့သားတော်ကလေး ရာဟုလာဟာ သိကလေးဘွေ ဆုပ်ဆုပ် ဆုပ်ဆုပ်ပြီးတော့ ဤလက်ထဲက သဲမှုန်ကလေးများနဲ့ အမျှ ရှင်သာရိပုတ္တာဆရာထံက အဆုံးအမရပါရစေ၊ ရှင်မောဂ္ဂလာန်ထံမှ အဆုံးအမနေ့စဉ်နဲ့အမျှ ရပါရစေ၊ ပင်ခမည်းတော်ဘုရားထံမှ အဆုံးအမကို ဤသဲမှုန်နဲ့အမျှ နေ့စဉ်ရပါရစေ။

သောဝစဿတာ ဂုဏ်ဆိုတာ အဲဒါမျိုးကို ခေါ်တယ်၊

သောဝစဿတာ ပြောဆိုဆုံးမအပ်တယ် ပြောဆိုဆုံးမလို့ လွယ်ကူတဲ့ လက္ခဏာဆိုတာ သူတော်ကောင်းများမှာ ရှိရမှာပေါ့။

အဲဒီလိုကောင်းကောင်းကြီး ဘယ်လောက်ပဲပြောဆို ဆုံးမနေနေ ဒေါသကြီးလာပြီ ဆိုလို့ရှိယင် မခံဘူးဟ ငါလိုသူ့ပြောရမလားဟဆိုတဲ့ ဒေါသနဲ့ဆိုယင် ဆရာများကလဲ မပြောတော့ဘူး၊ အဲဒီလူကိုပစ်ထားလိုက်ဘောတာပဲ။

အဲဒီလို ဒေါသကြောင့်အပြောခံ အထိုခံ အဆိုးအမမခံလို့ ပစ်ထားပြီဆိုယင် အဲဒီပုဂ္ဂိုလ်တွေ အဆိုးအမ ရတာဟာ အသက်ရှင်လျက်နဲ့ သေနေတာပဲလို့ ဒီလိုဆိုတယ် ကျမ်းဂန်မှာပြတယ်၊ အသက်ရှင်လျက်နဲ့သေတဲ့လူဆိုတာ အဆိုးအမရတာကိုပြောတာ။

ဒီတော့ အသက်ရှင်လျက်နဲ့ မသေချင်ကြဘူး ဆိုလို့ရှိယင် ဘယ်သူက ဘယ်လောက်ပဲ ဆိုးမဆိုးမ ရလေသမျှ အဆိုးအမတွေကို ဝမ်းမြောက်ဝမ်းသာနဲ့ စိတ်မဆိုးပဲနဲ့ လက်ခံရမယ်တဲ့၊ ဒေါသကိုထိန်းပြီးတော့ ထားပေါ့။

ရှင်မဟာကဿပရဲ့ တပည့်ရဟန်းတပါး

ရှင်မဟာကဿပ မထေရ်သူမြတ်ဟာရကျောင်းတကျောင်းမှာ တပည့်ရဟန်းတော်နှစ်ပါးနှင့် သီတင်းသုံးပြီးတော့ နေတဲ့အခါ၊ တပည့်ရဟန်းတော်နှစ်ပါးရဲ့ အလုပ်အကျွေးဖြင့်သီတင်းသုံးနေတယ်။

အဲဒီမှာ ရှင်မဟာကဿပကိုယ်တော်ကြီး ရေပူရေချမ်းကမ်းလှမ်းပြီးတော့ တပည့်ရဟန်းငယ်လေး နှစ်ပါးနှင့် သီတင်းသုံးနေထိုင်တဲ့အခါမှာ ရဟန်းငယ်တပါးက ယခု ပြောထားခဲ့တဲ့အတိုင်း—

အနုဋ္ဌာတာ လုံ့လမရှိဘူး၊

အလသာ ပျင်းတယ်၊

နိဒ္ဒါသီလီ အိပ်တဲ့အလေ့အထရှိတယ်တဲ့။

တပါးသောရဟန်းကလေးကတော့ ဆရာပေါ်မှာ ပြုရမယ့် ဝတ္တရားသိပ်ပြီးတော့ကျေတယ်၊ ဆရာဖြစ်တဲ့ အရှင်မဟာကဿပ မထေရ်ကြီး အိပ်ရာကမထသေးခင် အိပ်ရာကထတယ်၊ ရှင်မဟာ ကဿပမထေရ်ကြီး ကိန်းအောင်းရာ အခန်းက မထွက်သေးခင် အဲဒီတပည့်လေးက ဘာတွေလုပ်ထားသလဲဆိုလို့ရှိယင်—

ဆရာဖြစ်တဲ့ ရှင်မဟာကဿပမထေရ်ကြီး အိပ်ရာက ထလာ လို့ ရှိယင် မျက်နှာသစ်ဖို့ရန် ရေအဆင်သင့် လုပ်ထားတယ်၊ သွားတိုက်ဖို့ရန်ဆား အဆင်သင့်လုပ်ထားတယ်၊ ဝါးဖို့ရန်တံပူ အဆင်သင့် လုပ်ထားတယ်၊ တံပူတို့၊ ရေချမ်းတို့၊ ရေနွေးတို့ အဆင်သင့်လုပ်ထားတယ်။

ဒီတော့ ရာသီအားလျော်စွာပေါ့၊ ရေအေးလိုတဲ့ရာသီဆိုလို့ ရှိယင် ရေအေးပေါ့၊ ရေနွေးလိုတဲ့ ရာသီဆိုလို့ရှိယင် ရေနွေး၊ ဝါးဖို့ရန်တံပူ အဲဒါလေးများ အသင့်ပြင်ပြီးတော့ မျက်နှာသစ် ပြီးတဲ့အခါမှာ မျက်နှာသုတ်ဖို့ရန် မျက်နှာသုတ်ပဝါ စသည် အဆင်သင့်ပြင်ထားတယ်။

အရဏ်တက်ယင် ဆွမ်းခံထွက်ဖို့ရန် ဆိုပြီးတော့ သပိတ်ကို အဆင်သင့်ပြင်၊ နှစ်ထပ်သင်္ကန်းကြီး အဆင်သင့်ခေါက်ပြီးတော့ ထား၊ ရှင်မဟာကဿပကိုယ်တော်ကြီး အိပ်ရာက ထလာတဲ့အခါ ကျပြန်တော့ အိပ်ရာထိုင်ခင်းများ သွားရောက်ပြီးတော့ သုတ် သင်ရှင်းလင်းတယ်။

စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်များပြု၊ စေတီရှိမယ် ဆိုလို့ရှိယင်အဲဒီစေတီပြီးတော့ မိးများပူဇော် ပန်းရေချမ်းဆက် ကပ်၊ စေတီဆိုတာက—

(၁) ဓာတုစေတီ၊
(၂) ဓမ္မစေတီ၊
(၃) ဥဒ္ဒိဿကစေတီ၊
(၄) ပရိဘောဂစေတီ၊
စေတီလေးပါး။

ဘုရားရဲ့ ဓာတ်တော်များက ဓာတုစေတီ။
ပိဋကတ်သုံးပုံသည် ဓမ္မစေတီ။
ရုပ်ပွားတော်များသည် ဥဒ္ဒိဿကစေတီ။
ဘုရားအသုံးအဆောင်တွေက ပရိဘောဂစေတီ။

အဲဒီလိုစေတီများရှိမယ်ဆိုလို့ရှိယင်လည်းပဲစေတီအားပူဇော်တဲ့ဝတ္တရား တွေပြု၊ တံမြက်လှဲလို့ ရေချမ်းများကပ်လို့ ပန်းများဆီမီးများ ပူဇော်လို့ အဲဒီသုံမနက်စောစော ထပြီးတော့ တပည့်ရဟန်းငယ်တပါးက ဝတ္တရားတွေ အကုန်ပြုနေတုန်းမှာ ဟို–ပျင်းတယ်ဆိုတဲ့ တပည့်ရဟန်းတပါးကတော့ အိပ်ရာက မထဘူး အိပ်တုန်းပဲ။

အဲဒီတပည့်က ကောက်ကျစ်တဲ့ စိတ်ကရှိထားတော့ ဘယ်လိုလုပ်သလဲဆိုလို့ရှိယင် ရှင်မဟာဿပ မထေရ်ကြီးရဲ့အရိပ်အကဲ သူကြည့်နေတယ်၊ အိပ်ရာကနိုးနေပေမယ့် ထမလာဘူး။

## အလှူလက်ဖက်နဲ့ မျက်နှာလုပ်ဆိုတာလို

ရှင်မဟာကဿပ မထေရ်သူမြတ် ကိန်းအောင်းရာ အခန်းတံခါးဖွင့်ပြီးတော့ ထွက်လဲလာပြီလဲဆိုရော အဲဒီအိမ်ရာက မထသေးတဲ့ တပည့်ရဟန်းက ရုတ်တရက် အိပ်ရာက ထပြီးတော့

ရှင်မဟာကဿပ မျက်နှာသစ်မယ့်နေရာ သူက ဦးအောင်သွားပြီးတော့—

ဟို—စောစီးစွာ အိပ်ရာကထတဲ့ တပည့်ပြင်ဆင်ထားတဲ့ ရေပူ ရေချမ်း မျက်နှာသစ်တံပူ မျက်နှာသုတ်ပဝါ အဲဒါတွေ သူက အဆင်သင့်ကောက်ယူပြီးတော့ ဤမှာရေနွေးပါဘုရား၊ ဤမှာ ရေအေးပါဘုရား၊ ဤမှာတံပူပါဘုရား၊ ဤမှာဆားပါဘုရား၊ ဤမှာမျက်နှာသုတ်ပဝါပါဘုရား သူကအကုန်လုံးဆီးပြီးတော့ ကပ်တယ်။

အဲဒီလိုလုပ်တော့ ရှင်မဟာကဿပက သိပ်ပြီးတော့ အထင်ကြီးတယ်၊ ဒီကိုယ်တော်ဝတ္တရားတယ်ကျေတာပဲ၊ ဒီကိုယ်တော် သိပ်ပြီးတော့ ဝတ္တရားကျေတဲ့ ကိုယ်တော်ပဲလို့ရှင်မဟာကဿပ ကတော့ ဒီလို မှတ်နေတယ်။

အဲ့ဟို—ဘာကပ်လုပ်ရတဲ့ ကိုယ်တော်ကတော့ ဒီဝတ္တရားတခု လုပ်ပြီးတော့ အဆင်သင့်ထားခဲ့ပြီး ဒိပြင်နေရာသွားပြီး လိုအပ် တဲ့ ဝတ္တရားတွေလုပ်နေတုန်းရေခပ်ခြင်း၊ ကျောင်းတွင်းကျောင်း ပြင် တံမြက်လှဲခြင်း၊ ကျင်ကြီးကျင်ငယ် အိမ်များကို ရေဆေး ခြင်း ရေထည့်ခြင်း ရေဖြည့်ခြင်း အဲဒီဝတ္တရားတွေ လုပ်ကိုင် ဆောင်ရွက်ပြီးတော့ နေတဲ့အချိန်။

ရှင်မဟာကဿပ မျက်နှာသစ်ပြီးတော့ နေတယ် ဆိုယင် နောက်ကျမှ အိပ်ရာကထလာတဲ့ ကိုယ်တော်က ဒါတွေတပည့် တော် ဆောင်ရွက်ထားပါတယ်ဘုရား အရှင်ဘုရား သုံးဆောင် တော်မူပါ၊ သူကအကုန်လုံး သူများလက်ဖက်သုတ် နှမ်းဖြူး ဆိုတဲ့ လူလိုလုပ်တာ၊ အဲဒီလိုချည်း လုပ်ပြီးတော့နေတယ်။

ဆောင်းရာသီများ ရောက်လာတဲ့အခါ ရှင်မဟာ ကဿပ မထေရ်သူမြတ် ရေချိုးမယ်ဆိုလို့ရှိယင် ရေနွေးနှင့်ရေချိုးသုံးသပ် တော့ စောစီးစွာအိပ်ရာကထပြီး ဝတ္တရားကျေတဲ့ ကိုယ်တော် က ရေနွေးတွေဘာတွေ ထပြီးတော့ကျို ရေချိုးအိမ်ထဲမှာသွား ပြီးတော့ ရေချိုးစရာ ဖျင်တွေအင်တွေထဲမှာ ရေနွေးနှင့်ရေအေး ရောစပ်ပြီးတော့ ထည့်ထားတယ်။

ရှင်မဟာကဿပမထေရ်ကြီး ရေချိုးမလို့ ရေချိုးခန်း ဝင် လိုက်တာနှင့်တပြိုင်နက်တည်း ဘာမှမလုပ်ပဲနှင့် နောက်ကျ[illegible]းမှ အိပ်ရာကထလာတဲ့ကိုယ်တော်က ရေသနုတ်ပြာပြာ ပြာပြာနှင့် ဦးအောင်ယူပြီးတော့ ဤမှာ ရေချိုးအိမ်ထဲမှာ တပည့်တော် ရေနွေးများ အဆင်သင့်ကျိုထားပါတယ်ဘုရား၊ ချိုးတော်မူပါ သုံးတော်မူပါ၊ သူကသွားပြီးတော့လုပ်တယ်။

အဲဒီလိုချည်း လုပ်ဖန်များတော့ တကယ့်ဝတ္တရားဆောင်ရွက် တဲ့ကိုယ်တော်က ပုထုဇဉ်ပဲ သူလဲကြာတော့ မခံနိုင်တော့ဘူး၊ တကယ်ဝတ္တရားဆောင်ရွက်ရတာက ငါက ဆောင်ရွက်ရတာ၊ သက်သက်မယ့် နှမ်းဖြူးသွားတာ နောက်မှ အိပ်ရာကထလာတဲ့ ကိုယ်တော်က နှမ်းဖြူးသွားတယ်။

တနေ့တော့ ဒီကိုယ်တော်ကို ငါချောက်ချလိုက်ဦးမယ်ပေါ့၊ အဲဒီလို ကြံစည်ထားပြီးတော့ ဝတ္တရား တကယ်ဆောင်ရွက်တဲ့ ကိုယ်တော်က တနေ့သောအခါ ဘာလုပ်သလဲဆိုလို့ရှိယင်နောက် မှအိပ်ရာကထလာတဲ့ကိုယ်တော် သိကြရောပေါ့ကွာဆိုပြီးတော့၊ တည့်ပတော် နေ့တိုင်းနေ့တိုင်း ဆောင်ရွက်ထားပါတယ် ဆိုတဲ့

အကြောင်း ဆရာဖြစ်သူကို မပြောက်ထားပဲနှင့် သိအောင်ဆို ပြီးဘယ့်နှယ် လုပ်ထားသလဲဆိုတော့။

အိပ်ရာက အစောကြီးထပြီးတော့ ရေနွေးတွေကျို၊ ကျိုပြီး တော့ မျက်နှာသစ်ဖို့ရန် ရေအေးနှင့်ရေနွေး စပ်ပြီးတော့အဆင် သင့်ထည့်ထားတယ်၊ ပြီးတော့ရေချိုးခန်းထဲ သွားပြီးတော့ရေ နွေးမထည့်ဘူး၊ ရေချိုးခန်းထဲကရေတွေ အကုန်လုံး စစ်ပြီးတော့ အခွံကြီးအတိုင်းတည်ထားခဲ့တယ်။

ကျိုပြီးသားရေနွေးတွေကို အိုးတလုံးနှင့် သီးခြားလှယ်ထည့် သွားပြီးတော့ ဟိုအိပ်ရာကနောက်မှ ထလာတဲ့ကိုယ်တော် မသိ အောင်ဆိုပြီးတော့ ဒါပြင်နေရာ သူကသွားပြီးတော့ ဖွက်ထား လိုက်တယ်၊ မီးဖိုမှာတော့ ရေနွေးအိုး တယ်တော့ တယ်ထား တယ်၊ ရေလေးနည်းနည်း လက်နှစ်လုံးလက်သုံးလုံးနှင့်အောက် ကမီးတွေ တအားတိုးထားတယ်။

## တပည့်လူလယ်—ဒုက္ခတွေ

ခပ်ဝေးဝေးက လှမ်းကြည့်လိုက်မယ်ဆိုလို့ရှိယင် အိုးထဲက ရေနွေးငွေ့တွေ ထောင်းထောင်း ထောင်းထောင်းနှင့်ထွက်နေ တယ်ပေါ့၊ အဲဒီတော့ အိပ်ရာကနောက်ကျမှ ထတဲ့ကိုယ်တော် က ရှင်မဟာကဿပလည်း အိပ်ရာကမထသေးဘူး၊ ဟိုကိုယ်တော် ရေနွေးကျိုထားပြီလားလို့ လှမ်းကြည့်တော့ မီးဖိုပေါ်တင်ထား တဲ့ ရေနွေးအိုးက အငွေ့တွေထနေပြီ။

အဲ—ရေနွေးတော့ ကျိုပြီးသား အဆင်သင့်ပဲဆိုပြီး သူက ခေါင်းလေးခြုံပြီး ပြန်အိပ်နေတယ်၊ ရှင်မဟာကဿပက တခါ

ဖွင့်ပြီးထွက်လာသံလည်းကြားရောပြာပြာပြာပြာနှင့် ခပ်မြန်မြန်လေး သုတ်သုတ်ထပြီးတော့ ဒီမှာတပည့်တော်ရေနွေး ကျိုထားပါတယ်ဘုရား ဆိုပြီးတော့ ရေချိုးခန်းဖွင့်ပြီး ရှင်မဟာကဿပ ရေချိုးခန်းပင့်တယ်။

ရေချိုးခန်ထဲလဲရောက်ရော ရေချိုးမယ်လို့ အိုးထဲကြည့်လိုက်တော့ ရေတစက်မှမရှိဘူး၊ အဲဒီတော့မှ ရှင်မဟာကဿပမထေရ်မြတ်က ဘယ်မှာလဲ မင့်ရေနွေးယူခဲ့ဟာဆိုပြီးတော့အဲဒီကိုယ်တော်က ဗျစ်တောက်ဗျစ်တောက်နှင့် ငါ့ရေနွေး ထည့်ထားတယ်မှတ်လို့ ရှင်မဟာကဿပကိုယ်တော်ကြီးဖိတ်မိပါတယ်။ ဒီကိုယ်တော် ရေနွေးမထည့်ထားဘူး။

သက်သက်မယ့် ငါ့ကိုချောက်ချတာပဲ ဘယ်လို ကိုယ်တော်ဘာညာနှင့် တိးတိုးတိုးတိုးနှင့် မြည်တွန်ပြီးတော့ မီးဖိုသွား၊ ရေနွေးရှိပါတယ်ဘုရား ရှိပါတယ် မီးဖိုခေပါ် တပည့်တော်တင်ထားပါတယ် မေ့လို့သည့်မိဘာပါ၊ မီးဖိုပေါ်ကရေနွေးအိုးချလိုက်ပါတယ် အောက်ကမီးဘွေထိုးထားလို့ ရေတွေ ခန်းကုန်ပြီ မရှိတော့ဘူး။

အဲဒီလို ရေမရှိတဲ့ ရေနွေးအိုး တွေ့တဲ့အခါကျတော့မှ သူချောက်ကျတယ် တဲ့၊အဲဒီတော့မှရေတွေခပ်ထည့်ပြီး မြန်မြန်ကြီးမီးပြင်းတိုက်တယ်၊ ရှင်မဟာကဿပက ရေချိုးခန်းကနေ စောင့်လို့ ဟဘာယ်မလဲ ရေနွေးယူခဲ့ပါလဲ ဆိုရော၊ ဒီမှာကျိုထားတုန်းပါဘုရား ပြန်ပြီးတော့အေးသွားလို့ တပည့်တော် နွေးနေပါတယ် ဘုရား၊ သူကဒီလိုလျှောက်တယ်။

အဲဒီလို လျှောက်ထားပြီးတော့ အောက်ကနေ မီးနာနာထိုးပြီးရေနွေးကျိုနေတုန်းမှာစောစောစီးစီးထပြီးတော့ ရေနွေးကျိုဖွက်ထားတဲ့ ယခုနကကိုယ်တော်က သူဖွက်ထားတဲ့ ရေနွေးတွေ ပုံးကြီးနှစ်ပုံးနဲ့ တဘက်တပုံးဆွဲလာပြီးတော့ ရေချိုးခန်းထဲ ဝင်လာတယ်၊ ဒီမှာပါဘုရား တပည့်တော် အစောကြီးထပြီးတော့ ကျိုထားပါတယ် ဘုရား သုံးတော်မူပါ ချိုးတော်မူပါဆိုပြီးတော့ ရေချိုးခန်းထဲ ထည့်ပေးလိုက်တယ်။

အဲဒီမှာ ရှင်မဟာကဿပကိုယ်တော်က မေးတယ် ဘယ်လိုလဲဟ၊ မင်းတို့ခုနကဟိုကိုယ်တော်က ရေနွေးကျိုပြီးပြီလို့ ဆိုတယ် ရေချိုးခန်းဝင်တော့ ရေနွေးမရှိသေးဘူး၊ မီးဖိုသွားပြီး မီးထိုးပြီးတော့ ယခု ရေနွေးကျိုနေတယ်၊ မင်းကလဲ ကျိုချက်ပြီးသားရေနွေးတွေ ယူပြီးတော့လာတယ်၊ အဲဒါ ဘယ်လိုဖြစ်ကြတာလဲလို့မေးတဲ့ အခါကျတော့ အဲဒီ ကိုယ်တော်က အကြောင်းစုံအကုန်လျှောက်လိုက်တယ်။

အဲဒီ ရေချိုးခန်းထဲမှာ နေ့တိုင်း နေ့တိုင်း မျက်နှာသစ်ရေထည့်ထားတာ တပည့်တော်ပါဘုရား၊ နေ့တိုင်းနေ့တိုင်းတံမြက်စီးလှဲတာ တပည့်တော်ပါဘုရား၊ ကျင်ကြီးကျင်ငယ် အိမ်များကို သန့်ရှင်းအောင် သုတ်သင်ရေများ ဖြည့်တာလည်း နေ့တိုင်းတပည့်တော်ပဲ ဆောင်ရွက်ပါတယ်ဘုရား၊ အရှင်ဘုရားရေချိုးရန် ရေနွေးကျိုတာလည်း နေ့တိုင်းနေ့တိုင်း တပည့်တော် ကျိုရပါတယ်ဘုရား။

ဒါပေမယ့်လည်းပဲ ယခုနက ကိုယ်တော်က အိပ်ရာကနောက်ကျပြီးမှ ထ ထလာပြီးတော့တပည့်တော်လုပ်ထားတဲ့ ကိစ္စတွေကို

သူလုပ်သလိုလိုနှင့် နေ့တိုင်း နေ့တိုင်း ငင်ပြီးတော့ ဟန်ဆောင်ပြီးတော့ လျှောက်သွားသွားပါတယ် ဘုရားလို့ အဲဒီလိုလျှောက်လိုက်တယ်။

ဒီတော့မှ ရှင်မဟာကဿပ အကြောင်းစုံသိပြီးဟိုကိုယ်တော်ကို သွားပြီးတော့ ဆုံးမတယ်၊ မင်း ဒီလို ဒီလို လုပ်တယ်ဆိုတာ ဟုတ်ရဲ့လား၊ လိမ်လို့မရဘူး တပည့်နှစ်ယောက် မျက်နှာချင်းဆိုင်ပြီးတော့ မေးတာ၊ ဒီတော့ဘာမှပြန်မပြောနိုင်ဘူး၊ သစ်ငုတ်တိုကြီးကဲ့သို့ ငြိမ်ပြီးတော့ ခံနေတယ်။

အဲဒီတော့မှ ရှင်မဟာကဿပမထေရ်က ဆုံးမတယ်၊ ဆရာ့အပေါ်ပြုရမယ့် ဝတ်ရားတွေကို မပြုပဲနှင့် ငါပြုတယ်လို့ ဟန်ဆောင်တဲ့ပုဂ္ဂိုလ်သည် ဆရာ့အပေါ်မှာလည်း လိမ်ရာရောက်တယ်၊ တပည့်အချင်းချင်းလည်း လိမ်ရာရောက်တယ်၊ မလုပ်ကောင်းဘဲ့အလုပ်တွေကို မလုပ်ပါနှင့် မလုပ်ယင် မလုပ်ဘူးလို့ ရိုးရိုးပဲဝန်ခံပါ။

အကျွန်ုပ် လုပ်ကိုင်ဆောင်ရွက်ပါဘယ် ဆိုသို့ရှိယင်လည်းပဲ လုပ်တာကိုလုပ်တယ်ပြောပါ၊ မလုပ်တာကို မလုပ်ဘူးလို့ ပြောပါ၊ လုပ်ဘာကို မလုပ်ဘူး၊ မလုပ်ဘာကို လုပ်တယ်လို့ မပြောရဘူး၊ ရှင်မဟာကဿပ မထေရ်မြတ် ဂ ဆုံးမတယ်။

## ရှင်မဟာကဿပ နေ့ကောင်းလိုပါ

အဲဒီလို ဆုံးမတော့ ငါ့ဒီလိုပြောရမလားဆိုပြီးတော့ အဲဒီကိုယ်တော်က စိတ်ဆိုးလိုက်တာ တဲ့၊ ရှင်မဟာ ကဿပကိုရေ

ဟိုကိုယ်တော်လေးကိုပါ စိတ်ဆိုးတယ်၊ ဆရာဖြစ်တဲ့ ရှင်မဟာကဿပအပေါ် စိတ်ဆိုးတယ်။

စိတ်ဆိုးတော့ အဲဒီနေ့ ဆွမ်းခံထွက်ပြီလည်းဆိုရော ထိုကိုယ်တော်လေး ဟာ ရှင်မဟာကဿပနှင့်အတူဆွမ်းခံမထွက်တော့ဘူး၊ သူက တခြားခွဲထွက်သွားတယ်၊ရှင်မဟာကဿပနှင့်တွေ့ရာ ကျေ တဲ့ ကိုယ်တော်လေးက တနေရာကြွကြတယ်။

အဲဒီ စိတ်ဆိုးတဲ့ကိုယ်တော်က တနေရာဆွမ်းခံခဲ့ပြီးတော့ကြွ တော့ ရှင်မဟာကဿပကို ကြည်ညိုသိမှတ် ဆည်းကပ်ကိုးကွယ် တဲ့ ဒကာ ဒကာမတွေက အဲဒီကိုယ်တော်ကိုမေးကြတယ်၊အရှင် ဘုရား ဒီကနေ့ တပါးတည်းကြွလာတယ် ဘာပြုလို့လည်း၊ ခါ တိုင်းခါတိုင်းဆို ဆရာဖြစ်သူ ရှင်မဟာကဿပနှင့် အရှင်ဘုရားရဲ ကိုယ်တော်လေးနှင့် အတူ အရှင်ဘုရားကြွတယ် ဒီကနေ့တော့ ဘာဖြစ်လို့တပါးတည်း ကြွလာသလည်းလို့ မေးကြတော့—

အဲဒီမှာ သူကဆက်တိုက်ဘယ်နှယ်လိမ်လိုက်သလည် ဆိုတော့ ရှင်မဟာကဿပ မထေရ်ကြီး မကျန်းမာဖြစ်ပြီးတော့ အိပ်ရာထဲ လဲနေတယ် တဲ့၊ ဒါကြောင့် သူတပါးတည်း လာရပါတယ်၊ ဟိုကိုယ်တော်လေးက အဲဒီမှာ အနီးအနားမှာ ပြုစုပြီးတော့နေ ရပါတယ်၊ ဒါကြောင့်သူတပါးတည်း အဲဒီ ကိုယ်တော်နှစ်ပါး အတွက် ဆွမ်းခံရမှာပါ—

ဟာ—ရှင်မဟာကဿပ နေမကောင်းလို့တဲ့ ဆိုတော့ ဒကာ ဒကာမတွေက လောင်းလှူလိုက်တာတွေ သပိတ်ကိုလျှံသွားတာ ပဲ၊ အဲဒါ ရှင်မဟာကဿပ မထေရ်ကြီးအတွက် ဘယ်ဥစ္စာလေး ကပ်လိုက်ပါဘုရား၊ ဘာလေးဘုဉ်းပေးတော်ပါတယ် တပည့်

တော်များလှလိုက်ပါတယ်ဆိုတဲ့ အကြောင်း လျှောက်ထားပေးပါ သုံ့ပြီးတော့ လှလိုက်တန်းလိုက်တာတွေ အများကြီး။

အဲဒါ ဆက်တိုက် ဘယ်လိုလုပ်ပြီးတော့ မှားသလဲဆိုတော့ ရှင်မဟာကဿပ မထေရ်ကို မကပ်တော့ဘူး၊ လမ်းခုလတ် တောထဲတနေရာမှာ အဲဒါတွေ အကုန်လုံးထိုင်စား၊ ပိုတာတွေ သွန်ပစ်ခဲ့ပြီးတော့ သပိတ်အခွံကြီးပဲယူပြီး ကျောင်းပြန်လာခဲ့တယ်၊ ကျောင်းပြန်ရောက်တဲ့ အခါကျတော့ ရှင်မဟာကဿပ အနားလည်း သူ မကပ်တော့ဘူး၊ ဟိုကိုယ်တော်လေးနှင့်လည်း မျက်နှာချင်းမဆိုင်တော့ဘူး။

နောက်တရက် ဆွမ်းခံထွက်တဲ့ အခါကျတော့ ရှင်မဟာကဿပက နေရာပြောင်းပြောင်း ပြောင်းပြောင်းပြီးတော့ဆွမ်းခံကြတယ်၊ မနေ့က ဟိုကိုယ်တော်လေး လိမ်ပြီးတော့ ဆွမ်းခံကြွသွားတဲ့ပေါ်ကျက်ကို ရှင်မဟာကဿပသွားရော၊ ဟိုကိုယ်တော်က အဲဒီပေါ်ကျက် မထွက်ရဲဘူး ဒီပြင် ပေါ်ကျက်ခွဲထွက်သွားတယ်။

အရပ်က ဒကာ ဒကာမတွေကမေးလျှောက်ကြတယ်၊ ဘယ့်နှယ်ဘုရား၊ မနေ့က အရှင်ဘုရား နေမကောင်းဘူးလို့ တပည့်တော်တို့သတင်းရတယ်၊ ဒီကနေ့အရှင်ဘုရားကြွလာဘယ်၊ ဘယ့်နှယ်လည်း နေကောင်းပါရဲ့လား၊ ကျန်းမာပါပြီလား။

ရှင်မဟာကဿပ မျက်စိလည်သွားတယ်နော်၊ ဒီသတင်း ဘယ်သူ လွှက်လိုက်ပါလိမ့်မလည်း ရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီး မျက်စိလည်သွားပြီ၊ အဲဒီလိုမေးတော့ ရှင်မဟာကဿပ မထေရ်ကြီးက ဘာမှပြန်မဖြေဘူး၊ ဟိုကိုယ်တော်လေးကိုထိခိုက်မှာစိုးလို့ ဘာမှ ပြန်မဖြေဘူး။

ဒကာ ဒကာမတွေက ဘာဆက်လျှောက်ကြပြန်သလည်း ဆို လို့ရှိယင် တပည့်တော်တို့ အရှင်ဘုရား နေမကောင်းဆိုလို့ ဘယ်ခေတ်စာလေးများ လှူလိုက်ပါတယ်ဘုရား၊ ဘယ်လိုသစ် သီးများ လှူလိုက်ပါတယ်ဘုရား၊ ဘုဉ်းပေးရပါရဲ့လား၊ ရှင် မဟာကဿပက မပြောဘူး၊ ပြောယင်ဟိုကိုယ်တော်လေး ထိခိုက် တော့မယ်။

ဆရာဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့မေတ္တာဆိုတာ တပည့်အပေါ်မှာဘယ် လောက်တောင် ညှာတာပြီးတော့ထားသလည်း၊ တပည့်ရဲ့ဂုဏ် သိက္ခာတွေထိခိုက်မှာစိုးလို့ အဲဒါတွေ မပြောပါနှင့် ရှင်မဟာ ကဿပမထေရ် နှုတ်ပိတ်ပြီး ကျောင်းပြန်ကြွလာခဲ့တယ်။

ကျောင်းရောက်တဲ့အခါကျတော့ တပည့်နှစ်ပါး အဲဒီမှာ ဆုံပြီးတော့ မနေ့ကဆွမ်းခံကြွတဲ့ ကိုယ်တော်ကို လှမ်းခေါ်ပြီး တပည့်နှစ်ပါးဆုံရာမှာ မေးတယ်၊ မင်းမနေ့ ငါဆွမ်းခံမကြွ တဲ့ ရပ်ကွက်ကို မင်းတယောက်တည်း ခဲ့ပြီးတော့ကြွတယ်။

အဲဒီ ရပ်ကွက်က ဒကာ ဒကာမတွေလှူလိုက်တဲ့ ဆွမ်းတွေ သစ်သီးတွေနှင့် မုန့်ပဲသားရေစာတွေကို ငါနေမကောင်းဘူးဆို ပြီးတော့ မင်းလိမ်ပြီးတော့ အလှူခံတယ်၊ အလှူခံပြီးတော့ တိတ်တဆိတ် မင်းတယောက်တည်း အဲဒါတွေ ဘုဉ်းပေးဖြစ် တယ် မဟုတ်လား။

## သူတပါးကိုရော မိမိကိုယ်ပါဖျက်စီးတတ်တဲ့ဒေါသ

ဒီတော့ အဲဒီကိုယ်တော်က စိတ်ထဲဒေါသတွေ ဘယ်လောက် ဖြစ်လိုက်လဲဆိုတော့၊ မနေ့တုန်းကလည်းပဲ ရေနွေးလေးတအိုး

မဘည်ဒိသာနှင့် ငါ့ကိုဗျစ်တောက်ဗျစ်တောက်နှင့် ဒီကိုယ်တော်ကြီးဘူးကြိက်ဘာ တဲ့၊ ဒ်ကနေ့လည်းပဲ ငှက်ပျောသီးလေတလုံးသစ်သီးလေးတလုံး ဘုဉ်းပေးမိဘာနှင့် ဆူလိုက်တာ။

ဒီလောက်တောင်မှ ဗျစ်တီးဗျစ်တောက်မြည်တတ်တဲ့ ဆရာတယောက် သိဒ်ရာပေါ့ကွာဆိုပြီးတော့ နက်ဖြန်မနက် ဆွမ်းခံထွက်တဲ့ အခါကျတော့ သူကဆွမ်းခံမထွက်ဘူး ကျောင်းမှာတယောက်ဘည်း ကျန်ရစ်ခဲ့ပြီးတော့ ဘာလုပ်တုန်း ဆိုတော့—

ရှင်မဟာ ကဿပမထေရ်ကြီး ဆွမ်းခံကြွသွားတဲ့ အချိန်မှာရှင်မဟာကဿပမထေရ်ကြီးရဲ့ ကျောင်းသခ်န်းထဲ ဝင်ပြီးတော့ရှိရှိသမျှအသုံးအဆောင် ပရိက္ခရာတွေ ပစ္စည်းတွေ သောက်ရေအိုး သုံးရေအိုးကစပြီးတော့ အဲဒါတွေကို တခုမကျန်အကုန်လုံးထုရိုက်ခွဲချေဖျက်ပစ်လိုက်တယ်။

အကုန်လုံး ဘာမှ မကျန်အောင် ထုရိုက် ခြေမွပြီးတော့မှအကုန်လုံး ကြေမွသျက်စီးသွားပြီ ဆိုတော့မှ ကျန်ရစ်နေတဲ့အဲဒီကမ္ဗဒ္ဒာန်းကျောင်းလေးကိုပါ မီးတင်ပြီးတော့ ရှို့ပစ်လိုက်တယ်တဲ့၊ ဘာမှ မကျန်တော့ဘူး၊ အဲဒီလို လုပ်ပစ်လိုက်တယ်၊အကုန်လုံးပျောက်ပျက်ပြီးတော့ သွားရော။

ပစ္စည်းတွေ ထုချေဖျက်စီး ကျောင်းပါမီးရှို့ပြီးလို့ အားရတော့မှ ကျောင်းက ထွက်လဲသွားရော ကျောင်းဝင်းအပြင်ရောက်ရုံပဲ ရှိသေးတယ် အဲဒီကိုယ်တော်လေး မြေမျိုသွားရောနော်။

ရဟန္တာမထေရ်မြတ်ကြီးအား ပြစ်မှားခဲ့တဲ့ အရိယူပဝါဒကံ ရဟန္တာအား ပြစ်မှားမိတဲ့ ကံကြီးကြောင့် အဲဒီကိုယ်တော်သည် ဘာဖြစ်သွားသလဲဆိုလို့ရှိယင် မြေမျိုသွားရှာတယ်။

ရှင်မဟာ ကဿပမထေရ်ကြီး ပြန်ကြွလာတဲ့ အခါကျတော့ ကျောင်းကလေးကိုပြာပုံအဖြစ်ပဲ တွေ့ရတယ်၊ ဒါကြောင့်တပည့် ခမ္မးလည်း သတိထားပြီးတော့ မေးရတယ်၊ သိပြီး တော့ ကြောက်စရာကောင်းတယ် နော်။

ငါလိုလူ ပြောရရိုးလားဟဲ့ဆိုပြီး အမျက်ဒေါသ ထွက်တတ် တယ်၊ တကယ်ကောင်းကောင်းကြီး ဆုံးမ နေတာကိုပင်လျှင် ဒေါသအမျက် ချောင်းချောင်းထွက်ပြီးတော့ ငါလိုလူ ပြောရ မလားဟဆိုပြီးတော့ ဖျက်စီးတတ်တဲ့ ဒေါသသည် တဲ့။

ရှေ့ဦးစွာ သူ့သန္တာန်မှာ ရှိနေတဲ့ ကောင်းမြတ်တဲ့စိတ်တွေ ကို ဖျက်စီးပြီးတော့ ထိုကိုယ်တော်လေးသန္တာန်မှာ စိတ်ယုတ် မာတွေ ဖြစ်စေခဲ့တယ်။

(၁) သူ့စိတ်ကို သူ့ဟာသူ ဖျက်စီးလိုက်တယ်။

(၂) ဆရာဖြစ်သူ ရှင်မဟာကဿပကိုယ်တော်ကြီးရဲ့အသုံး အဆောင် ပရိဘောဂ ပစ္စည်းများကို ဖျက်စီးလိုက် တယ်။

နောက်ဆုံးတော့ ဘယ်လောက်ထိအောင်ပျက်စီးသွားသလဲ၊ မင်္ဂဉာဏ်ဖိုလ်ဉာဏ်မှာ ပျက်စီးဆုံးရှုံး နတ်ရွာ သုဂတိသမ္ပတ္တိမှ ဆုံးရှုံးပျက်စီးပြီးတော့ မြေမျိုပြီးတော့ အဝီစိငရဲ ကိုရောက်သွား တဲ့အထိပါပဲ။

ဒေါသတရားကြီးလာပြီဆိုမှဖြင့် အဲဒီလိုကောင်းတာဆိုးတာ ဘာမှမသိတော့ဘူး၊ ဒါကြောင့်—

ဒေါသော အတ္ထံ နဇာနာတိ

ဒေါသော အတ္တံ နပဿတိ

ဒေါသော၊ ဒေါသတရားသည်။ အတ္ထံ၊ အကျိုးစီးပွားရှိသည်ကိုလည်း၊ နဇာနာတိ၊ မသိပါလေ။

ဒေါသော၊ ဒေါသတရားသည်။ အတ္တံ၊ အကျိုးစီးပွား ရှိသည်ကိုလည်း။ နပဿတိ၊ မမြင့်တော့ပါ။

ဒေါသတရား ကြီးမားလွှမ်းမိုးလာလို့ရှိယင် အကျိုးတရားဆိုတာ မရှိတာကို မသိမမြင်နိုင်တော့ဘူး။

အန္ဓတမံ တဒါ ဟောတိ၊ ယံ ဒေါသော သဟတေ နရံ (အံ—၂၊ ၄၇၁)

ယံ—ယသ္မိံ ကာလေ၊ အကြင်အခါ၌။ နရံ၊ သတ္တဝါအပေါင်းကို။ ဒေါသော ဒေါသတရားသည်။ သဟတေ၊ နှိပ်စက်၏။ တဒါ—တသ္မိံ ကာလေ၊ ထိုကဲ့သို့ ဒေါသတရား လွှမ်းမိုးနှိပ်စက်လာသောအခါ၌။ အန္ဓတမံ၊ အမိုက်အတိကြသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ဒေါသ လွှမ်းမိုးလာပြီဆိုလို့ရှိယင် တိုပရိသတ် အမိုက်မှောင်ကြီးကျပြီးတော့ ဒါကျေးဇူးရှင်ဆရာပါလား ဟ ဆိုတဲ့ အသိဉာဏ်တောင် ကင်းသွားတယ်၊ ရဟန္တာ မထေရ်ကြီးပါလားဟ မပြစ်မှားသင့် မပြစ်မှားထိုက်တဲ့ အရိယာပုဂ္ဂိုလ်ကြီးပါလား ဟ ဆိုပြီးတော့ မသိတော့ဘူး။

## ဒေါသတရားလွှမ်းမိုးယင် ပျက်စီးတတ်တယ်

ဒေါသလွှမ်းမိုးတဲ့ အတွက်ကြောင့် ထိုပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အမိုက်တိုက်ကြီး ဝင်ရောက်လာတယ်၊ အဲဒီ ပုဂ္ဂိုလ်သည် ပစ္စုပ္ပန် သံသရာပျက်စီးရာ ပျက်စီးကြောင်းပေါ့၊ ဒါ့ကြောင့် တို့တရားနာ ပရိသတ် ပျက်စီးကြောင်းတရားဖြစ်တဲ့ ဒေါသကိုလည်း နှိမ်နင်း ရမယ်။

ပေါင်းသင်းဆက်ဆံရေးအရ ကြည့်ဦးမလား၊ ဒေါသကြီး တဲ့ပုဂ္ဂိုလ်များ ဘယ်တော့မှဆက်ဆံရေးမပြေပြစ်ဘူး၊ မကောင်း ဘူး၊ အရပ်ပြော ပြောယင်တော့စိတ်တိုတယ်ပေါ့၊ ဒေါသကြီး တာကို တနည်းပရိယာယ်နှင့်ပြောတဲ့အခါကျတော့စိတ်တိုတယ်။

နောက်တနည်း ယဉ်ကျေးအောင်လှည့်ပြီးတော့ ပြောပြန်လို့ ရှိယင် ဒီလူက စိတ်မြန်တယ် တဲ့၊ အဲဒါဒေါသရဲ့ ပရိယာယ်ချည်း ပဲ၊ စိတ်မြန်တယ်ဆိုတာရယ်၊ စိတ်တိုတယ် ဆိုတာရယ်၊ မဟုတ် မခံဘူးဆိုတာရယ် အဲဒါတွေအကုန်လုံး ဒေါသမာနရဲ့ သဘော တွေချည်းပဲ။

အဲဒါ ဂုဏ်လုပ်ပြီးတော့ သိပ်ပြောမနေကြနှင့် ငါ သိပ်စိတ် မြန်တာကွ မလုပ်နဲ့၊ အဲဒါ ဒေါသရဲ့လက္ခဏာ၊ ငါမဟုတ်မခံကွ လို့ ဒီလိုမလုပ်လိုက်နဲ့၊ ဟုတ်ဟုတ်မဟုတ်ဟုတ် ခံနိုင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ အဲဒါ ခန္တီဂုဏ်နဲ့ပြည့်စုံတာ၊ ဒီပုဂ္ဂိုလ်ဟာ သူတော် ကောင်းလက္ခဏာနဲ့ ပြည့်စုံလာတယ်ပေါ့လေ၊ မတတ်သာလို့ ခံရခြင်းတော့ မဟုတ်ဘူးပေါ့ဗျာ နော်။

ခန္တီစ၊ မတတ်နိုင်လို့ သည်းခံရခြင်းသည်လည်းကောင်း။

သိုတာမျိုးတော့မဟုတ်ဘူး၊ တကယ့်ကိုတတ်နိုင်နေပါလျက်နှင့်ညှဉ်းဆဲနိုင်တယ်၊ ခုခံနိုင်တယ်၊ ပြန်လှန်နိုင်တယ်၊ အဲဒါကိုပဲ မိမိရဲ့ဒေါသကို ဝစီကံမြောက်မဖြစ်အောင်၊ ကာယကံမြောက် မဖြစ်အောင် ထိန်းသိမ်းထားနိုင်တယ်ဆိုတဲ့ ခန္တီဂုဏ်သည် အဲဒါ သူတော်ကောင်းရဲ့ လက္ခဏာ။

အဲဒါလိုခံနိုင်ယင် ထိုပုဂ္ဂိုလ်အတွက် မပျက်စီးတော့ဘူး၊ မဆုံးရှုံးတော့ဘူး၊ ဒီလိုမှမဟုတ်ပဲနဲ့ ငနရာတကာမှာ ပြေပြဟောက်ပါ ပျဉ်း ဟုတ်နဲ့ရိုက်သလိုဆိုယင်တော့ အဲဒီပုဂ္ဂိုလ်သည်လောကရေး—သံသရာရေး မကြီးပွားတော့ဘူး၊ ဒါကြောင့်—

အာလယော ကောမေ ဉာဏ္ဍကော—

(သုတ္တနိပါတ်—၂၉၅)

ကောမေ ဉာဏ္ဍကော၊ ဒေါသအချက် ချောင်းချောင်းထွက်တယ်ဆိုကဲ့ ပုဂ္ဂိုလ်လည်းပဲ။ ပရာဘဝတော၊ ပျက်စီးခြင်းရဲ့ မိုခံ၊ အကြောင်းတရားပင် ဖြစ်ပါပေ၏။

ဒေါသကြီးတဲ့ ရှင်ဘုရင်တယောက်ရဲ့ပျက်စီးပုံကို၊ ဥရဂသုတ္တန်မှာ ဘုန်းကြီးထည့်ပြီးတော့ ဟောထားတာရှိတယ်၊ နော်မန်ကျောင်းကရေးပွဲတုန်းက ဥရဂသုတ္တန်မှာ—

ယော ဥပ္ပတိတံ ဝိနေတိကောဓံ၊
ဝိသဋံ သပ္ပဝိသံဝ ဩသဓေဟိ၊
သော ဘိက္ခု ဇဟာတိ ဩရပါရံ၊
ဥရဂေါဇိဏ္ဏမိဝ တစံ ပုရာဏံ။
(သုတ္တနိပါတ်—၂၇၉)

ဥရဂသုတ္တန် ဒုတိယပိုင်းအနေနဲ့ အဲဒီမှာ ဘုန်းကြီးထည့်ပြီးတော့ ပြောထားတယ်၊ နာဠိကိုရမင်းရဲ့ ပျက်စီးသွားပုံတွေ တို့ပရိသတ်များ အဲဒီခွေတွေပြန်ဖွင့်ပြီးတော့ နားထောင်ကြည့်၊ ဒေါသလွှမ်းမိုးမိတဲ့ အတွက်ကြောင့် တတိုင်းလုံး တပြည်လုံး အကုန်လုံး သဲဖုံးပြီးတော့ ပျက်စီးသွားတယ်ဆိုတဲ့အကြောင်းကို အဲဒီမှာ နာဠိကိုရဇာတ်မှာ ပြောထားပါတယ်။

ဒါ့ကြောင့် ဒေါသသည် ပျက်စီးခြင်းရဲ့ အကြောင်းတပါး ဆိုတာသိပြီးတော့၊ ကိုင်း....ရှေ့တပိုဒ်သွားကြစို့။

ဣတိဟေတံ ဝိဇာနာမ၊ တတိယော သောပရာဘဝေါ။
စတုတ္ထံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။
(သုတ္တန်နိပါတ်–၂၉၅)

ဂေါတမ၊ ဂေါတမနွယ်ဖွား၊ အို....ရှင်တော်မြတ်ဘုရား ဣတိ၊ ဤသို့။ ယံဘာဿေန အာကာရေန၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားရှင်သည်။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ ပရာဘဝမုခံ၊ ပျက်စီးခြင်းရဲ့ အကြောင်းအရာ တို့ကို။ မယံ၊ ဘုရားတပည့်တော် တို့သည်။ ဝိဇာနာမ၊ သိကြရပါကုန်သည်မြတ်စွာဘုရား။

သော၊ ထိုကဲ့သို့အအိပ်ကြူးခြင်း၊ သဘင်ကြူးခြင်း၊ ပျင်းရိခြင်း၊ ထကြွလုံ့လ မရှိခြင်း၊ ဒေါသကြီးခြင်းတို့တဲ့ အကြောင်းတရားငါးပါးသည်။ တတိယော၊ သုံးခုမြောက် ဖြစ်သော။ ပရာဘဝေါ၊ ပျက်စီးခြင်းပါမြတ်စွာဘုရား။

စတုတ္ထံ၊ လေးခုမြောက်ဖြစ်သော။ ပရာဘဝံ၊ ပျက်စီးခြင်း ကို၊ ဘဂဝါ၊ ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဗြူဟိ၊ ဟော

ကြားတော်မူပါ။ စတုတ္ထသ၊ လေးခုမြောက်ဖြစ်တဲ့။ ပရာဘဝ တော၊ ပျက်စီးခြင်းရဲ့။ မုခံ၊ အကြောင်းတရားသည်ကား။ ကိ၊ အဘယ်တရားပင်ဖြစ်ပါတော့သနည်း အရှင်ဘုရား။

လေးခုမြောက် ပျက်စီးခြင်း၊ လေးဂါထာမြောက် ပျက်စီး ခြင်းကို မိန့်တော်မူပါဦးဘုရား။ အဲဒီအခါမှာ ဘုရားရှင်ကိုယ် တော်မြတ်က—

စတုတ္ထမြောက် ပျက်စီးခြင်း၏အကြောင်းတရား (၁)ပါး

(၄) ယောမာတရံပိတရံဝါ၊ ဇိဏ္ဏကံဂတယောဗ္ဗနံ။
ပဟုသန္တောနဘရတိ၊ တံပရာဘဝတော မုခံ။
(သုတ္တနိပါတ်—၂၉၅)

ဘောဒေဝပုတ္တ၊ အို-နတ်သား။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ပဟုသန္တော၊ မိမိမှာစည်းစိမ် ဥစ္စာတွေ မြောက်မြားစွာ ရှိနေပါလျက်နှင့် ဇိဏ္ဏကံ၊ အိုမင်း၍ နေသော။ ဂတယောဗ္ဗနံ၊ အရွယ်လွန်၍နေသော။ မာတရံဝါ၊ မိခင်ကိုသော် လည်းကောင်း။ ပိတရံဝါ၊ ဖခင်ကိုသော်လည်း ကောင်း။ နဘရတိ၊ ပြုစုလုပ်ကျွေးနိုင်ပါလျက်နှင့် ပြုစုလုပ် ကျွေးခြင်းအလျဉ်းမရှိ။

လေးဂါထာမြောက် ဘုရားမိန့်တယ်၊ အဓိပ္ပာယ်အကျဉ်း ချုပ်ပြီး ပြန်ရမယ်ဆိုလို့ရှိယင်—

အကြင်ပုဂ္ဂိုလ်သည် မိမိမှာ စည်းစိမ်ဥစ္စာတွေ မြောက်မြား စွာရှိနေသည်ဖြစ်ပါလျက်၊ မိမိအသက်မွေးလောက်ရုံသာမကပဲနဲ့ မိဘအား လုပ်ကျွေးနိုင်တဲ့ စည်းစိမ်ဥစ္စာတွေရှိနေသည် ဖြစ်ပါ

လျက်၊ အရွယ်လွန်၍အိုမင်ပြီးတော့ မလုပ်နိုင်မကိုင်နိုင်ဖြစ်နေတဲ့ မိအို ဘအိုများကို မလုပ်ကျွေးဘူး။

အဲဒီလို မိအိုဘအိုများအား လုပ်ကျွေးနိုင်ပါလျက်နဲ့ မလုပ်ကျွေးတဲ့ပုဂ္ဂိုလ်လည်းပဲ ပျက်စီးတတ်ခြင်းရဲ့ အကြောင်းတပါးတဲ့။ မိအိုဘအိုများအား ပြုစုလုပ်ကျွေးခြင်းမရှိတဲ့ပုဂ္ဂိုလ်လည်းပဲ ပစ္စုပ္ပန်ရော သံသရာပါပျက်စီးဆုံးရှုံး တတ်တယ်လို့ အဲဒါ အကြောင်းတပါး။

မင်္ဂလသုတ္တန်မှာတော့ မာတာပိတုဥပဋ္ဌာနံ ဂ်လာအနေနှင့် မြတ်စွာဘုရားဟောခဲ့တယ်။

မာတာပိတုဥပဋ္ဌာနံ၊မိခင်ဘခင်တို့အား လုပ်ကျွေးခြင်းသည်။ မင်္ဂလံ၊ မင်္ဂလာတပါး။

အဲဒီမှာ မင်္ဂလာအနေနဲ့ဟောတယ်။ မိဘကိုလုပ်ကျွေးတာဟာ မင်္ဂလာရှိတယ်၊ အဲဒီလို မိဘကိုလုပ်ကျွေးခြင်းဆိုတဲ့ မင်္ဂလာပျက်စီးသွားတယ်ဆိုဘော့ ပြောင်းပြန် ပြန်လိုက်တော့ အဲဒါ ပရာဘဝခေါ်တယ်။

မိမိမှာ လုပ်ကျွေးနိုင်တဲ့ စည်းစိမ်ဥစ္စာ အပြည့်အစုံ ရှိနေလျက်နဲ့ကိုယ်မိ ကိုယ့်ဘကို မလုပ်ကျွေးဘူးဆိုယင် ထိုပုဂ္ဂိုလ်သည် ပစ္စုပ္ပန်ရော သံသရာပါ ပျက်စီးပြီ။

သိင်္ဂါလသုတ္တန်မှာ သိင်္ဂါလသဋ္ဌေးသားကို မြတ်စွာဘုရားဟောတော့ ယင် ဝတ္တရားတွေအများကြီးပဲ အဲဒီမှာ ဟောလိုက်တာ၊ သားသမီးရဲ့ဝတ္တရားငါးပါး—

"မိဘအပေါ်မှာ ဆောင်ရွက်ရမယ့် သား သမီးတို့ရဲ့ဝတ္တရားသည် တို့ပုရိသတ်·ဘယ်နှစ်ပါးတဲ့"

"ငါးပါးပါဘုရား"
"အေး—ငါးပါးရှိတယ်"

ဘုရားရှင်ကိုယ်တော်မြတ်ကတော့ သိင်္ဂါလသုတ္တန်ပါဠိတော်မှာ ပါဠိတော်အနေနဲ့ ဟောပြီးတော့ ဒီကနေ့ ဘုန်းကြီးတို့တရားနာပရိသတ်ရဲ့ နှုတ်ထဲကျတော့ လက်ာလေးများဖြင့် အဲဒါရောက်နေတယ်။

## ပုတီးကိုချ မြေးကိုမ သောကာ မကင်းပြီ

သိင်္ဂါလ သဌေးသားဆိုတာ ဘုန်းကြီးမနေ့က ပြောခဲ့ပြီ၊နဖူးပွန်းတယ်၊ ဒူးပွန်းတယ်၊ ပုဆိုးနွမ်းတယ်ဆိုတဲ့ အတွေးအခေါ်သမားကြီးပေါ့၊ အဲဒါသိပ္ပံနည်းကျကျ တွေးခေါ်ထားပုံရတယ်နော်၊ ရှိခိုးရတာ နဖူးပွန်းတယ်၊ ဒူးပွန်းတယ်၊ ပုဆိုးနွမ်းတယ်၊ ဒါ့ကြောင့် ဘုရားရှိမခိုးဘူး၊မိအိုဘအိုကိုလည်း ရှိမခိုးဘူး၊ ဆရာသမားနှင့်ရဟန္တာ ဘယ်သူ့ကိုမှ မရှိခိုးဘူး မာန။

မာန မိစ္ဆာ ဒိဋ္ဌိ မိစ္ဆာသက်ပ္ပ လွှမ်းမိုးပြီးတော့ နေခဲ့တာ' မနေ့က ဘုန်းကြီးတင်ပြခဲ့တဲ့ အဇိတကေသကမ္ဗလကြီးရဲ့ မိစ္ဆာဝါဒ သူ့သဏ္ဍာန်ဝင်ရောက်ပြီးတော့ နေခဲ့တာ၊ သူယုတ်မာတို့ရဲ့တရားကို မြတ်နိုးတဲ့ အယူဝါဒကြီးဝင်ပြီးတော့ နေခဲ့တဲ့အတွက်ကြောင့်ဘယ်သူ့ကိုမှ ရှိမခိုးဘူး၊ နေလာလိုက်တာ။

အဲဒါ သေကာနီးပြီဖြစ်တဲ့ အဖေလုပ်သူက ငါ့သားတော့ ဒီအတိုင်းဆိုယင် ဘဝနစ်မွန်းတော့မှာပဲဆိုပြီးတော့ ငါ့သားကို တမင်လှဲ့စားပြီး ပဟေဠိစကားလေးတော့မှာခဲ့ဦးမှ၊ သေကာနီး

ပြိုဖြစ်တဲ့ အဖေအိုကြီးက ငါ့သားအနားလာစမ်းဆိုပြီး မှာပစ်ခဲ့တယ်။

ဆဒ္ဒိသာ နမယ်သိတဗ္ဗာ၊ ငါ့သား ငါ သေသွားလို့ရှိယင် အရပ်ခြောက်မျက်နှာကို ရှိခိုးပြီးတော့ နေခဲ့ပါ။

"ဘုန်းကြီးတို့ပရိသတ်— အရပ်ဘယ်နှစ်မျက်နှာရှိခိုးရမလဲ"

"ခြောက်မျက်နှာပါဘုရား"

သိင်္ဂါလသသူဌေးသားကို သိင်္ဂါလသူဌေးကြီးကမှာခဲ့တယ်၊ ငါ သေသွားယင် မင်းအရပ်ခြောက်မျက်နှာကိုရှိခိုး၊ အဲဒီလိုပြောပြီး မကြာခင် အဖေကြီးကလည်းသေဆုံးသွားရော။

သောကာနိုး အဖေအမေမှာတဲ့ စကားဆိုတာ သားသမီးတွေ ရင်ထဲ နှလုံးထဲ တယ်စွဲတယ်ဆိုပဲ၊ တို့အဖေသောကာနိုး ဒါလေး မှာသွားတယ်၊ တို့အမေသောကာနိုး ဒါလေးမှာသွားတယ်ဆိုပြီး တော့ အဲဒါလေးတွေကျတော့ စွဲနေတယ်။

အသက်ရှင်လျက် ကျန်းမာနေတုန်းက ပြောတာဆိုတာတွေ ကျတော့အခုနက ရှင်မဟာကဿပရဲ့ တပည့်လိုပေါ့၊ အကောင်း ပြောတယ်လို့ တခုမှမထင်ဘူး၊ အဲဒီလို ဘယ်လောက်ပဲကောင်း တာတွေ ပြောနေနေ၊ သမ္မာဂုဏ်တွေပကတ်၊ ဒီလူကြီးဟာ ကွာ တယ်ပြီးတော့ဗျစ်တီး ဗျစ်တောက်နိုင်တာပဲ၊ ဒီအဘွားကြီး တယ်ပြီး ဗျစ်တီးဗျစ်တောက်နိုင်တာပဲ ဒီလိုသာတာ—

ဒီအဘိုးကြီးနဲ့ ဒီအဘွားကြီးကြောင့် သူတို့လူ့လောက ရောက်လာပြီးတော့ လူတလုံး သူတလုံးဖြစ်လာတာ၊ အဲဒါကို တော့ ပြန်မစဉ်းစားဘူး၊ ဒီအဘိုးကြီး ဒီအဘွားကြီးဆိုပြီး တော့ သူတို့အိမ်ထောင်ရက်သားကျပြီး သားတွေ သမီးတွေ

ရပြီဆိုယင် သူတို့မွေးလာတဲ့ သားတွေသမီးတွေကို အဲဒီအဘိုးတွေအဘွားတွေဆီ ပို့ထားပြီးတော့ သူတို့က လူပျိုလုပ်ကြပြန်တယ်—နော်။

အဲဒီအဘိုးတွေ အဘွားတွေကလည်း အဟုတ်ထင်ပြီးတော့ မြေးလေးတွေ မရတယ်၊ တချို့တချို့ပြောပါတယ် ရန်ကုန်တော့ဟုတ်မထင်ပါဘူး။

"ပုတီးကိုချ မြေးကိုမ သောကမကင်းပြီ" ဆိုတာ အဲဒါသူတို့ပဲ—

"သမီးကဆူ မြေးကပူ အယူမဖြောင့်ပြီ"

အဲဒါတွေပဲ၊ အဲဒီလိုနှင့် နေပင်နေရငြားသော်လည်း သားသမီးတွေကျေနပ်အောင် ပုတီးချပြီးတော့ မြေး မနေရတဲ့အဘိုးတွေအဘွားတွေကို အဲဒီသားသမီးတွေက ကျေနပ်ရဲလားလို့ဆိုတော့ ထမင်းလေးတနပ်တောင် ကောင်းကောင်းမကျွေးချင်ဘူးတဲ့၊ ဖြစ်လာတာကနော်။

အဘိုးကြီးအဘွားကြီးတွေ တယ်ချေးများတယ်၊ဗျစ်တီးဗျစ်တောက် တယ်နိုင်တယ်၊ ခဏခဏဆူတယ်ပူတယ် အဲဒီလိုသူတို့က၊ အဲဒါ သေကာနီးပြီဆိုလို့ရှိယင် အမေကယ်ပါ အဖေကယ်ပါ ဖြစ်ကုန်ကြပြီ။

ဒုက္ခနဲ့တွေ့ သေဘေးနဲ့ရင်ဆိုင် အဘက်ဘက်က ဒုက္ခနဲ့ကြုံကြပြီဆိုလို့ရှိယင် အဖေလာပါဦး အမေလာပါဦး ဒီလိုဖြစ်ကုန်ကြတယ်၊ အဲ— သေလုမျောပါး ရောဂါနှိပ်စက်ယင် အဲဒါအမေ့အိမ်ပြန်ကပ်၊ အဖေ့အိမ်ပြန်ကပ်၊ ဒီလိုဖြစ်လာတယ်။

## သိင်္ဂါလသဌေးသား ဗုဒ္ဓနဲ့တွေ့ဆုံခြင်း

ယခု သေကာနီးတော့ သိင်္ဂါလသဌေးကြီးက မှာပြစ်ခဲ့တယ်၊ ငါ့သားအရပ်ခြောက်မျက်နှာ ရှိခိုးဟဆိုတော့ တသက်လုံး အဖေပြောတဲ့စကား နားမထောင်လာခဲ့တာ ယခုမှ အဖေလည်းသေပြီးရော မနက်အစောကြီးထပြီးတော့—

အလွှဝတ္ထော အလ္လကေသော—တဲ့ အဝတ်တွေကလည်း ရေစိုကြီးနဲ့ ဆံပင်တွေကလည်း ရေတွေစိုရွှဲလို့—တဲ့၊ အဲဒါမနက်စောစော နေထွက်ကာစအချိန်လေး— တခါတည်း ကွင်းပြင်ကြီးထွက်ပြီးတော့ အရှေ့လှည့်ရှိခိုးလိုက် အနောက်လှည့်ရှိခိုးလိုက်၊ မြောက်ဘက်လှည့် ရှိခိုးလိုက်၊ အရှေ့အနောက်တောင်မြောက် အရပ်လေးမျက်နှာ ပြီးတော့ ကောင်းကင်မော့ပြီးတော့ ရှိခိုးလိုက်တယ်—

ဥဒ္ဓံ နမဿတိ အဓော နမဿတိ—

ကောင်းကင်မော့ပြီးတော့ ရှိခိုးတယ်၊ အထက်အရပ်ဆိုတော့ နတ်တွေဘာတွေ ရှိချင်ရှိမယ်ပေါ့လေ၊ ဘာရယ်လို့တော့သူမသိဘူး၊ မှန်းရမ်းပြီးတော့ အဖေပြောလို့သာလုပ် နေရတယ် ဘာမှန်းတော့ သူမသိဘူး။

"ကိုင်း— အောက်ငုံ့ပြီး ရှိခိုးတယ် ဆိုတာကျတော့— တို့ပရိသတ်ဘာရည်ရွယ်ချက်လဲဗျာ"

" "

အောက်ငုံ့ပြီး ရှိခိုးတာကျတော့ တော်တော်ခက်မယ်၊ အဖေမှာခဲ့လို့သာ လုပ်ရတာ၊ အဲဒါအောက်ငုံ့ပြီးတော့ အဓော နမဿတိ— တဲ့အောက် ကိုရှိခိုးပြီးတော့နေတယ်—

“အောက်ရှိခိုးတာကတော့ ဒီလိုထင်ပါရဲ့— အဇာတသတ်တို့ အဖွဲ့ကို လှမ်းပြီးရှိခိုးတာနဲ့တူပါတယ်— နော်၊ အဇာတသတ်တို့ အဖွဲ့က အောက်မှာရှိတာ”

အဇာတသတ်တို့ ဒေဝဒတ်တို့ အပေါင်းအသင်း တွေက အောက်မှာ၊ အဖေကိုသတ်သွားပဲ့ လူစုက အောက်မှာရှိတာ၊ အဲဒါလှမ်းရှိခိုးနေပုံရတယ်၊ အောက်ငုံ့ပြီးတော့ သူကရှိခိုးနေ တုန်း မြတ်စွာဘုရားက သုံးလောကကြည့်လိုက်တယ်။

ဒီကနေ့နံနက်တော့ သိင်္ဂါလသဌေးသား ငါ့အုံးမရမှာပဲဟာဆို ပြီးတော့ နံနက်အစောကြီး မြတ်စွာဘုရားဟာပါးတည်း သပိတ် ပိုက်ပြီးတော့ကြွလာတယ်၊ အဲဒီလိုဘုရားရှင်ကြွလာတော့ သိင်္ဂါ လသဌေးသားကလည်း အောက်ငုံ့ပြီးရှိခိုးနေတဲ့အချိန် မြတ်စွာ ဘုရားနောက်နားရောက်နေတာ သူမသိဘူး၊ သူ့ဟာနဲ့သူ အလုပ် ရှုပ်နေတယ်။

ဘုရားကမေးပုံရတယ်၊ ဟေ့— သိင်္ဂါလမင်းသား ဘာလုပ် နေတာလည်း—တဲ့၊ဘုရားကမေးတယ်အဲဒီတော့မှ ငုံ့ပြီးတော့ရှိခိုး နေတုန်း မြတ်စွာဘုရား နောက်နားရောက်နေပါလားဆိုပြီး တ ပည့်တော်အဖေမှာသွားလို့အရပ်ခြောက်မျက်နှာရှိခိုးဆိုလို့တပည့် တော်ရှိခိုးနေတာပါ။

## ဗုဒ္ဓပြောပြတဲ့အရပ် (၆) မျက်နှာဆိုတာ

ဒီတော့မှ ဘုရားရှင်ကိုယ်တော်မြတ်က—
နခေါ ဂဟပတိပုတ္တ အရိယဿဝိနယေဧဝံ
ဆဒိသာ နမဿိတဗ္ဗာ
(ဒီ—၃/၁၄၇)

ဂဟပတိပုတ္တ၊ သိင်္ဂါလ သူဌေးသား။ အရိယဿဝိနယေ၊ ငါဘုရားရဲ့ သာသနာတော်၌။ ဧဝံ၊ ဤသို့။ ဆဒိသာ၊ အရပ်ခြောက်မျက်နှာတို့ကို။ နနမဿိတဗ္ဗာ၊ ရှိခိုးရတယ်ဟုတ်ဘူး။

တို့သာသနာတော်နည်းနဲ့တော့ အရပ်ခြောက်မျက်နှာကို ရှိခိုးတယ်ဆိုတာ ဒီလိုမဟုတ်ဘူးဟ၊ ဒါဖြင့် ဘယ်လိုရှိခိုးရမှာပါလည်းဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်က အရပ်ခြောက်မျက်နှာဆိုတာ ဒီလိုတဲ့၊

(၁) ပုရတ္ထိမာဒိသာ မာတာပိတရောဝေဒိတဗ္ဗာ၊
(၂) ဒက္ခိဏာဒိသာ အာစရိယာ ဝေဒိတဗ္ဗာ၊
(၃) ပစ္ဆိမာဒိသာ ပုတ္တဒါရာ ဝေဒိတဗ္ဗာ၊
(၄) ဥတ္တရာဒိသာ မိတ္တာမစ္စာ ဝေဒိတဗ္ဗာ၊
(၅) ဟေဋ္ဌိမာဒိသာ ဒါသကမ္မကရာ ဝေဒိတဗ္ဗာ၊
(၆) ဥပရိမာဒိသာ သမဏဗြာဟ္မဏာ ဝေဒိတဗ္ဗာ၊
(ဒီ—၃/၁၅၃)

တော ဒိသာ နမဿေယျ၊ အလမတ္တောသကုလေဂိဟီ။
(ဒီ—၃/၁၅၆)

အရပ်ခြောက်မျက်နှာဆိုဟာ ဒီလိုဆိုပြီး ဘုရားရှင်ဟော လိုက်တယ်။

ဂဟပတိပုတ္တ၊ ဟဲ့ — သိင်္ဂါလသဋ္ဌေးသား။

မြတ်စွာဘုရားက ဒီလိုလေး ပါဠိတော်နဲ့ စတင်ချီပြီးဟော လိုက်တော့ မြတ်စွာဘုရားရဲ့ စကားကို နားစွင့်ပြီးတောင်နေ တယ်၊ ဒါပေမယ့် ပါဠိတော်ရော အဋ္ဌကထာရော ဋီကာရော ဘုန်းကြီးတို့ရှာကြည့်တယ်၊ သိင်္ဂါလဘုရားရှိခိုးတယ်လို့မပါဘူး— နော်။

ဘုရားကို ရှိခိုးလိုက်တယ်ဆိုတဲ့အချက် ပါဠိတော်ရော အဋ္ဌကထာရော ဋီကာရော ဘယ်မှမတွေ့ဘူး၊ ဘုရားပြောတဲ့ စကား ကိုတော့ နားထောင်နေတယ်၊ သူ့ရှိခိုးရမှာက အရပ်ခြောက် မျက်နှာပဲ၊ လောကမှာ ဒါကလွဲပြီး ဘာမှသူရှိခိုးစရာမရှိဘူး။

ဂဟပတိပုတ္တ၊ ဟဲ့— သိင်္ဂါလသဋ္ဌေးသား။

(၁) မာတာပိတရော၊ မိဘနှစ်ပါးတို့ကို။ ပုရတ္ထိမာဒိ သာတိ၊ အရှေ့အရပ်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ချစ်သား သိင်္ဂါလမှတ်ထား ငါပြောမယ်၊ အရှေ့အရပ်ဆို တာက မိဘနှစ်ပါးကို ခေါ်တာ၊

(၂) အာစရိယာ၊ ဆရာသခင် ကျေးဇူးရှင်တို့ကို။ ဒက္ခိ ဏာဒိသာတိ၊ တောင်အရပ်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဆရာဆိုတာက တောင်အရပ်လို့မှတ်လိုက်—တဲ့

(၃) ပုတ္တဒါရာ၊ သားမယားတို့ကိုတော့။ ပစ္ဆိမာဒိ သာတိ၊ အနောက်အရပ်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

သားမယားဆိုတာက အနောက်အရပ်။

(၄) မိတ္တာမစ္စာ၊ အဆွေခင်ပွန်းတို့ကိုတော့။ ဥတ္တရာ ဒိသာတိ၊ မြောက်အရပ်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

မြောက်အရပ်ဆိုတာကမိတ်ဆွေ

"တို့ပရိသတ်— အရပ်ဘယ်နှစ်ပါးဖြစ်သွားလဲ"
"လေးပါးပါဘုရား"
"အရှေ့အရပ်ဆိုတာဘာတဲ့လဲ"
"မိဘနှစ်ပါးပါဘုရား"
"တောင်အရပ်ဆိုတာကဘာတဲ့လဲ"
"ဆရာသမားပါဘုရား"
"အနောက်အရပ်ဆိုတာ—"
"သားမယားပါဘုရား"
"မြောက်အရပ်ဆိုတာ"
"မိတ်ဆွေပါဘုရား"

(၅) ဒါသကမ္မကရာ၊ ကျွန်အမှုလုပ်ဆိုတဲ့ ပုဂ္ဂိုလ်တို့ကိုဖြင့်။ ဟေဋ္ဌိမာဒိသာတိ၊ အောက်အရပ်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

အလုပ်သမား အစေအပါးတွေကိုတော့ အောက်အရပ်လို့ မှတ်လိုက်— တဲ့ ။

(၆) သမဏဗြာဟ္မဏာ၊ ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းကျင့်တယ်ဆိုတဲ့သမဏနှင့် မကောင်းမှုတွေကို ခွါရှောင်ပြီးတော့ ကျင့်တယ်ဆိုတဲ့ ဗြာဟ္မဏတွေကိုတော့ဖြင့်။ ဥပရိမာဒိသာတိ၊ အထက်အရပ်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

## သူ့နေရာနှင့်သူရှိပါစေ

အထက်အရပ်ဆိုတာက သမဏ ဗြာဟ္မဏပုဂ္ဂိုလ်တွေ၊ အလုပ်သမား အစေအပါးများကိုတော့ အောက်အရပ်လို့မှတ်လိုက်ပါ၊

"ဘုန်းကြီးတို့ပရိသတ်များ— အလုပ်သမားဆိုတာ ဘယ်အရပ်လဲဗျာ"

"အောက်အရပ်ပါဘုရား"

"သိင်္ဂါလသုတ္တန်ကပြောတာ အလုပ်သမားဆိုတာ အောက်ကတဲ့— နော်"

"မှန်ပါဘုရား"

သိင်္ဂါလောဝါဒ (သိင်္ဂါလ) သုတ္တန်ဒေသနာတော်အရ အလုပ်သမားဟာ အလုပ်သမားနေရာမှာပဲ နေရမယ်၊ အလုပ်ရှင်တွေက အလုပ်ရှင်နေရာမှာ နေရမယ်၊ သူ့နေရာနှင့်သူ အဲဒါ ပြောင်းပြန်လှန်လိုက်ယင် လောကကြီး ပျက်စီးပြီတဲ့— ဗျာ၊ လောကပျက်စီးခြင်းရဲ့အကြောင်းတွေဒီလိုနော်။

ကိုင်း—တို့ပရိသတ်အဲဒီလောက်ထား၊ ရှေ့သွားကြဦးစို့ဗျာ၊ အထက်အရပ်ဆိုသာက သမဏ ဗြာဟ္မဏ

(၁) ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းကျင့်တဲ့ ပုဂ္ဂိုလ်တွေဟာသမဏ၊

(၂) မကောင်းမှု ခွာရှောင်ကျင့်ကဲ့ ရသေ့သူတော်သူမြတ်တွေက ဗြာဟ္မဏ၊

အဲဒီလို ရဟန်းသူတော် သူမြတ်တွေကျတော့ ဥပရိမာဒိသာ— အထက်အရပ်ထား။

"ရဟန်းတော်များ ဘယ်ထားရမတုံး"
"အထက်အရပ်ပါဘုရား"

အေး— မှတ်ထား၊ သိင်္ဂါလောဝါဒ (သိင်္ဂါလ) သုတ္တန်အရ အထက်ဆိုတာ ရသေ့ရဟန်းသူတော်ကောင်းတွေ အထက်ကနေ၊ ဘုရားကအောက် မျှောက်ကအထက်ဆိုတဲ့ မူမျိုးနဲ့။ အဲဒါ သူတော်ကောင်း ရသေ့ရဟန်းတွေ အောက်ကထားခဲ့ပြီ ဆိုယင် လောကကြီးပျက်စီးပြီ— ဟဲ့၊ ပြောင်းပြန်ဖြစ်လာခဲ့ယင် ပျက်ကရော။

အဲဒါတွေလှမ်းကြည့်ကြစမ်းပါ၊ အထက်နဲ့အောက် ဖြစ်ကုန်ကာ၊ အကုန်လုံး ပျက်စီးလိမ့်မယ်သာ မှတ်ထား၊ သိင်္ဂါလောဝါဒ (သိင်္ဂါလ) သုတ္တန်အရ ဒီလိုမှတ်ပြီးတော့ ထားလိုက်ကြ။

မိဘဲဆိုတာ အရှေ့အရပ်၊ ဆရာဆိုတာ တောင်အရပ်၊ သားမယားဆိုတာအနောက်အရပ်၊ မိတ်ဆွေဆိုတာမြောက်အရပ်၊ အလုပ်သမားအစေအပါးဆိုတာက အောက်အရပ်၊ ရဟန်းသူတော်သူမြတ်ဆိုတာက အထက်အရပ်— ရယ်လို့။
"တို့ပရိသတ်— အရပ်ဘယ်နှစ်ပါးရှိ"
"ခြောက်ပါးပါဘုရား"

## လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယမိနှင့်ဖ

အရှေ့ဆိုတဲ့ စကားလုံးကို ပါဠိဘာသာအားဖြင့် ပုဗ္ဗ (ပုရတ္ထိမ) လို့ ခေါ်တယ်၊ မြန်မာလိုပြန်တော့အရှေ့၊ ဘာပြုလို့ မိဘကို အရှေ့လို့ သတ်မှတ်ရပါသလည်းဆိုလို့ရှိယင်—

ဒီကနေ့ ဒီလူ့လောကလူ့ဘဝရောက်လာကြတဲ့ တို့တရားနာ ပရိသတ်များ လူ့လောကကြီးရဲ့ ကောင်းကျိုး ဆိုးပြစ်တွေကို ရှေးဦးစွာဖော်ပြကြတာဟာ—

တနည်းပြောယင် လောကကြီးမှာ ကောင်းစားစေချင်တဲ့ စိတ်နဲ့ အမျိုးသားတွေ အမျိုးသမီးတွေကို ဤလောကကြီး တင်ပြပေးတာဟာ ရှေးဦးစွာ တင်ပြပေးသူသည် ဘယ်သူတုန်းဆိုလို့ရှိယင် မိဘနှစ်ပါး။

ဤကနေ့ ကလေးသူငယ်များအား ဤလောကကြီးကို ရှေးဦးစွာပြပေးတာဟာ မိဘနှစ်ပါး၊ ဒီလောကကြီးရဲ့ ကောင်းတာတွေဟာ ဒီလိုရှိတယ်၊ဒီလိုဆိုလို့ရှိယင် မကောင်းဘူးလို့ ရှေးဦးစွာ ညွှန်ကြားပြသဆုံးမပေးတာဟာ မိဘနှစ်ပါးပဲ။

ဒါကြောင့်မိဘသည် ရှေးဦးစွာ လောကကြီးရဲ့ ကောင်းရာ ကောင်းကြောင်းကို ညွှန်ကြားပြသပေးရာ ဖြစ်ခြင်းကြောင့် အဲဒီမိဘကို အရှေ့လို့ သတ်မှတ်လိုက်။

ဆရာကျတော့ ဒက္ခိဏပုဒ်နဲ့ သုံးလာတယ်၊ တောင်လို့ခေါ်တယ်၊ ဒက္ခိဏဆိုတဲ့ပုဒ်သည် အရပ်ဟောလို့ရှိယင် တောင်အရပ်၊ ပုဂ္ဂိုလ်ခြင်းအနေနဲ့ ယူခဲ့မယ်ဆိုလို့ရှိယင် ဒက္ခိဏ— မြတ်သော

အလှူခံပုဂ္ဂိုလ် ဒီလိုဆိုတယ်၊ ဒက္ခိဏာပုဒ်သည် မြတ်တဲ့အဓိပ္ပါယ်ကိုရတယ်။

လောက ကြီးပွားကြောင်း ပညာသင်ကြားပေးတဲ့ ဆရာ၊ ဘယ်ဆရာပဲဖြစ်ဖြစ် အဲဒီပုဂ္ဂိုလ်များဟာ လောကီပညာ လောကုတ္တရာပညာဆိုတဲ့ ပညာရပ်တွေကို ပေးတဲ့ ကျေးဇူးရှင်များဖြစ်တဲ့အတွက်ကြောင့် သူတို့ကို ဒက္ခိဏာ—မြတ်တဲ့ပုဂ္ဂိုလ်များ အဲဒီလိုသတ်မှတ်ရမယ်။

အဲဒီလို ဒက္ခိဏာ— မြတ်တဲ့ကျေးဇူးရှင် ပညာရှင် ဆရာများဟာ အရိုအသေပြုထိုက်တယ် အလေးအမြတ်ပြုထိုက်တယ် ပူဇော်ထိုက်တယ်ဆိုတဲ့ပုဒ်အရ ဒက္ခိဏာဆိုတဲ့ ပုဒ်အရ သူတို့ကိုတောင် အရပ်လို့ သတ်မှတ်လိုက်—

ဒက္ခိဏ သဒ္ဒါအရပ်ဟောဆိုလို့ရှိယင် တောင်အရပ်၊ ကြိယာဟောမယ်ဆိုလို့ရှိယင် ဒက္ခိဏာပုဒ်အရ ဘာကိုရသလည်း ပူဇော်ထိုက်တယ်၊ လေးစားထိုက်တယ်၊ မြတ်နိုးထိုက်တယ် လှူထိုက်တယ် တန်းထိုက်တယ်ဆိုတဲ့ အဓိပ္ပါယ်ကို ဒက္ခိဏ သဒ္ဒါကဟောတယ်။

မြတ်သောအလှူကို ခံထိုက်တယ်ဆိုတာက ဆရာတွေ၊ ဒါကြောင့် ဆရာဆိုတာ ဒက္ခိဏာပုဒ်အရ တောင်အရပ်လို့ သတ်မှတ်လိုက်ပါ။

နည်းမှားလမ်းမှားကို မလိုက်ကြစေနဲ့

ပစ္ဆိမာဒိသာ ပုတ္တဒါရာ—

ပစ္ဆိမာ(ပစ္ဆာ)ဆိုတဲ့ ပုဒ်သည်အနောက်၊ အဖြတ် မယ်ဆိုလို့ရှိယင်နောက်။

မိဘရယ် ဆရာရယ် ပြီးသွားလို့ရှိယင် အဲဒီမိဘဆရာရဲ့နောက် နားကနေပြီးတော့ မြတ်မြတ်နိုးနိုး လေးလေးစားစား ပေးရ ကမ်းရ ချီးမြှောက်ရမှာက သားမယားရှိတယ်၊ သားမယားဟာ မိဘနှစ်ပါးရဲ့နောက်ဆရာရဲ့နောက်။

"ဒီလိုနော်"

"မှန်ပါဘုရား"

အဲဒါ— ဘုန်းကြီးတို့ပရိသတ်က မိဘနှစ်ပါးကို နောက်မှာ ထား၊ သားမယားကို ရှေ့တင်၊ ။အဲဒီလို ဆိုလို့ရှိယင်တော့ ပြောင်းပြန်ဖြစ်လာရော၊ လောကပြောင်းပြန် ပြန်တယ်ဆိုတာ ဒါမျိုးကို ခေါ်တယ်။

ပစ္ဆာဆိုသော ပုဒ်အရ မြန်မာလိုပြန်တော့နောက်၊ အဲဒီ နောက်မှာဘယ်သူ့ကို အမြတ်တနိုးပြု ဆိုလို့ရှိယင် သားမယား - တဲ့၊ ဒီလိုသာတယ်၊ ဒီကနေ့ခေတ်ကျတော့ ဘယ်ဟုတ်မလည်း စားစရာလေးရှိယင် မယားကအယင် အဖေအမေကနောက် ဒီလို ဖြစ်လာတယ်။

ပေးစရာကမ်းစရာ မွန်မွန်မြတ်မြတ်ကလေး၊ ပြစရာပေးစရာ မွန်မွန်မြတ်မြတ်ကလေး ချီးမြှောက်စရာရှိယင် သားမယားက

ရှေ့၊ မိဘကဆရာသမားက နောက်၊ ဒီတော့ ပါဠိတော်ကို တောင် ပြောင်းပြန်ပြန်ဖို့ကောင်းပြီ ထင်ပါရဲ့—နော်။

သူတို့က ပြောင်းပြန် ပြန်လိုက်ကြတယ်၊ အဖေအမေ ဆိုတာ ကွာ ကျေးဇူး တို့ဆပ်ဖို့မလိုပါဘူး၊ နောက်ကသာ ထားလိုက် ပါ၊အဘိုးကြီးတွေ အဘွားကြီးတွေ—နော်၊ အိုပယ်ဆိုတာ အဲဒါ ပေါ့၊ အဘိုးကြီးတွေ အဘွားကြီးတွေ အိုပြီဆိုယင် ပယ်လိုက်ပြီ၊ အိုပယ်၊ ဂျာမနီက လုပ်တဲ့ မော်တော်ကားမဟုတ်ဘူး။

ကိုင်း—ဒီတော့ ယင်းနောက်မှာထားရမှာရှေ့တင်တယ်၊ ရှေ့ ဘန်းထားရမှာ နောက်ထားတယ်ဆိုယင် အဲဒါ လောကပျက်စီး ကြောင်းရဲ့ အကြောင်းတပါးပဲဆိုတာ မှတ်လိုက်ကြတော့၊ ပျက် ပြီဒီကနေ့ကမ္ဘာလောကပျက်တော့မယ်၊

အနယံ နယတိ ဒုမ္မေဓော၊
(ဇာ—၁—၂၆၇)

ဒုမ္မေဓော၊ ပညာမဲ့ငြား ငမိုက်သားသည်။ အနယံ၊ နည်း မဟုတ်သည်ကို။ နယတိ၊ ဒီနည်းမှကောင်းတယ်လို့ ဆောင် ရွက်တတ်၏။

အသိဉာဏ်နည်း မိုက်တဲ့ပုဂ္ဂိုလ်တွေ အဲဒီလိုလုပ်တတ်တယ်— တဲ့။

ကိုင်း ပုရတ္တိမ (ပုဗ္ဗ) ဒက္ခိဏ ပစ္ဆိမ(ပစ္ဆာ) ဆိုတဲ့ အရပ် သုံးမျက်နှာပြီးသွားတော့ ဥတ္တရ— မြောက်အရပ်။

## မိတ်ကောင်းဆွေကောင်း ရှိဖို့လိုအပ်တယ်

ဥတ္တုရဆိုတဲ့ ပုဒ်ကို အရပ်ဒေသဟောကြခဲ့လို့ရှိယင် မြောက်အရပ်၊ ကြိယာဟောကြခဲ့လို့ရှိယင် ဥတ္တရသည် လွန်မြောက်ခြင်း ဆိုတဲ့ အဓိပ္ပါယ်ရတယ်၊ အခက်အခဲများကို လွန်မြောက်စေတယ်။

အခက်အခဲများကို ကျော်လွန်စေတယ်ဆိုတာ မိတ်ကောင်းဆွေကောင်း များရဲ့ အကူအညီနဲ့ အခက်အခဲများကို ကျော်လွန်ရတယ်၊ ဒီကနေ့လောကမှာ ကြီးပွားရေး စီးပွားရေး လူမှုရေး လုပ်ကိုင်ဆောင်ရွက်နေတဲ့ ဘုန်းကြီးတို့ ပရိသတ်သည် တယောက်တည်းနဲ့ ဘာမှလုပ်လို့မဖြစ်ဘူး၊ မိတ်ကောင်း ဆွေကောင်းရှိမှ အလုပ် လုပ်လို့ကောင်းတယ်။

ယခုလို ဓမ္မသဘင်ပွဲကြီးတွေ ကျင်းပတဲ့ လုပ်ငန်းကို ကြည့်ပါ၊ အနည်းဆုံး လူ လေး ငါး ခြောက်ယောက်တော့ စုပြီးတော့ လုပ်ကြရတယ်၊ အဲဒါ မိတ်ကောင်းဆွေကောင်းတွေ တယောက်နဲ့တယောက်သဘောတူ၊ အကယ်၍များ အခက်အခဲ ကြုံလာပြီ ဆိုလို့ရှိယင် မိတ်ကောင်းဆွေကောင်းများရဲ့ အကူအညီဖြင့် ထို အခက်အခဲကို ကျော်လွန်အောင် အလုပ်လုပ်သွားပါတယ်၊ ဒါ့ကြောင့်—

ဥတ္တရတီတိဥတ္တရော

ဥတ္တရတိ၊ အခက်အခဲတွေကို ကျော်လွှားအောင် လုပ်တတ်၏။ ဣတိ၊ ထို့ကြောင့်၊ ဥတ္တရော၊ ဥတ္တရမည်၏။

အခက်အခဲတွေကို ဘယ်သူက ကျော်လွှားစေသလည်း၊ မိတ်ကောင်းဆွေကောင်းများက ကျော်လွှားစေပါတယ်၊ ဒါ့ကြောင့် ဥတ္တရကိုအရပ်ဟောယူခဲ့ယင် မြောက်အရပ်၊ အခက်အခဲကိုကျော်လွှားစေနိုင်တဲ့ အဓိပ္ပါယ်ယူခဲ့မယ် ဆိုယင် အဲဒါမိတ်ကောင်းဆွေကောင်း။

ဒါ့ကြောင့် မိတ်ကောင်းဆွေကောင်းကို မြောက်အရပ်ထားလိုက်၊ လျှော့ကျပျက်စီးနေတဲ့အချိန် ဘီးတပ်ပြီးတော့ တွန်းချလိုက်မယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးကိုတော့ ဥတ္တရမိတ်ဆွေထဲ မထည့်ရဘူး၊ သူတို့ကိုတော့ ရန်သူထဲထည့်လိုက်။

ဒီတော့— မိတ်ဆွေ၊ မိတ်ဆွေဆိုတိုင်း မိတ်ဆွေတကာအကုန်လုံး ဥတ္တရ ထဲမပါဘူး၊ တကယ့်မိတ်ကောင်း ဆွေကောင်း၊ အခက်အခဲကို ကူညီမယ်ဆိုတဲ့ မိတ်ဆွေမျိုးမှသာလျှင် အဲဒါ မိတ်ကောင်းဆွေကောင်းဥတ္တရထဲပါတယ်။

ဒီတော့ အရပ်ခြောက်မျက်နှာရဲ့ အဓိပ္ပါယ်လေးဒါလောက်ဆိုယင် တို့ပရိသတ်မှတ်မိပြီ၊ ရိပ်စားမိလောက်ပြီ—။

## အလုပ်သမားနဲ့ အလုပ်ရှင်

အောက်အရပ်ဆိုတာ ဘာတဲ့တုံး၊ အခုနကပြောခဲ့ပြီးပြီ ဟေဋ္ဌိမဒိသာကမ္မကရာ— အလုပ်သမား အစေအပါးတွေ၊ လောကမှာဆိုလို့ရှိယင် အလုပ်သမားနဲ့ အလုပ်ရှင်ဆိုတာ ကမ္ဘာဦးကတည်းက ရှိလာတာ ဒီကနေ့လည်းရှိတယ်၊ နောင်လည်း ရှိဦးမှာပဲ။

အလုပ်ရှင်ရဲ့ခိုင်းစေရာကို အလုပ်သမားလုပ်ရမယ်၊ သို့သော်လည်းပဲ ထိုအလုပ်ရှင်သည် မတရားသဖြင့် ခိုင်းရမလားဆိုလို့ရှိယင်တော့ အဲဒီမှာ သိင်္ဂါလောဝါဒ (သိင်္ဂါလ) သုတ္တန်မှာ မြတ်စွာဘုရားဟောထားချက်တွေ အများကြီးရှိတယ်။

အလုပ်ရှင်ရဲ့ ဝတ္တရားတွေ အလုပ်သမားရဲ့ဝတ္တရားတွေဆိုပြီးတော့အလုပ်ရှင်နဲ့အလုပ်သမား ဝတ္တရား၊အောက်အရပ်မှာ လုံလုံခြုံခြုံဖြစ်ဖို့ရန်အတွက် ဝတ္တရားတွေ၊ အပြန်ပြန်အလှန်လှန် စောင့်ထိန်းဖို့တွေ၊ ငါးခုစီ ငါးခုစီ ဘုရားရှင် တာဝန်ပေးထားတာရှိပါတယ်။

အလုပ်ရှင်ကလဲ အလုပ်ရှင်ပီပီ၊ အလုပ်သမားကလဲ အလုပ်သမားပီပီ၊ သူ့တာဝန်နှင့်သူ ငါးခုစီ ငါးခုစီ ဝတ္တရားတွေ ဒီသိင်္ဂါလောဝါဒ (သိင်္ဂါလ)သုတ္တန်မှာ ရှိတယ်၊ ဘုန်းကြီးပြောချင်တာကတော့ သိင်္ဂါလောဝါဒသုတ်ကြီး ဟောနေတာမဟုတ်ဘူး၊ အရပ်ခြောက်မျက်နှာ ရှိပ်စားမိရုံနဲ့ မာတာပိတာ အပိုဒ်ကို ပြောချင်လို့ ဒါလေးတွေတည်ပြီးတော့ထားတာ။

ဒီတော့ အောက်မှာထားရမယ့်ဟာ အထက်တင်၊ အထက်လူက အောက်ရောက်ဆိုယင်တော့ အဲဒါ တို့ပရိသတ်စဉ်းစားသာကြည့်၊ ဘယ်လောက် ပြောင်းပြန်ဖြစ်သွားသလဲ ဆိုတာ၊ အဲဒီလိုပြောင်းပြန်လှန်ပြီဆိုယင် တနေ့ကျ ဒုက္ခတွေ့မယ်။

"တို့ပရိသတ် အထက်အရပ်ဆိုတာ ဘာတဲ့တုန်းဗျာ၊ ခုနက ပြောခဲ့ပြီ"

"ရဟန်း၊ ပုဏ္ဏားပါဘုရား"

"အမယ် ရဟန်းပဲထားစမ်းပါ၊ ပုဏ္ဏားမတင်လိုက်ပါနဲ့ တို့ ပရိုသတ်"

ပုဏ္ဏားရှေ့တန်းတင်တဲ့ အစွဲကလဲ မြန်မာပြည် ရာဇဝင်စက တည်းကစွဲလာတာ၊ ဒီကနေ့ထိ တို့ပရိုသတ်စွဲနေတုန်းပဲ၊ မြန်မာ ရာဇဝင် အဆက်ဆက်ပြန်ကြည့်၊ နန်းတွင်းမှာ ပုဏ္ဏားတွေရှုပ် လို့ ဒုက္ခဖြစ်တာ–နော်။

သာသနာ့သမိုင်းကိုလဲ ပြန်ကြည့် ပုဏ္ဏားတွေရှုပ်လို့ မြတ်စွာ ဘုရား ဘယ်လောက်ဒုက္ခဖြစ်ဆို၊ အဋ္ဌကထာ ဘာရဒွါဇပုဏ္ဏား ကြီးများကြည့်လိုက်စမ်း၊ ဘုရားကိုဆဲလိုက်တာ၊ ဝသလသုတ္တန် တို့များ ပြန်ကြည့်၊ မြတ်စွာဘုရားကြွလာလို့ရှိယင် မြတ်စွာဘုရား ကို လူယုတ်ကြီးလို့ပြောဘယ်၊ သူက မီးပူဇော်နေတယ်ဘုရားက အဲဒီအနားကြွလာတယ်၊ လူယုတ်ကြီးအနားမလာနဲ့ သူက ဒီလို ဆီးပြောတယ်။

## အမျိုးကြီး (၄) ပါး တဲ့

ပုဏ္ဏားတွေ ပုဏ္ဏားတွေ၊အမ္ဗဋ္ဌသုတ္တန်တို့များကြည့်လိုက်စမ်း၊ အမ္ဗဋ္ဌလုလင်က မြတ်စွာဘုရားကို ဘယ်နှယ်ပြောသလဲ၊ မြတ်စွာ ဘုရားဟာမုဏ္ဍကတဲ့၊ခေါင်းတုံးယုတ်တဲ့၊သမဏကတဲ့ရဟန်းယုတ် တဲ့၊ မြတ်စွာဘုရားကို သူဆဲရေးတိုင်းထွာတဲ့စကားတွေ၊ အမ္ဗဋ္ဌက ပြောတာ။

ဘာပြုလို့ ငါ့ကိုယုတ်မာတယ်လို့ ပြောရသလဲလို့ မြတ်စွာ ဘုရားက ပြန်မေးတော့၊ အမ္ဗဋ္ဌက ဘာပြောသလဲဆိုယင်—

ဗြာဟ္မဏာ ဗြဟ္မုနော မုခတော၊ နိက္ခန္တာ၊

ဗြဟ္မာ၊ ပုဏ္ဏားတို့သည်။ ဗြဟ္မာ့နေ၊ ဗြဟ္မာမင်းကြီးရဲ့။ မုခတော၊ ခံတွင်းမှ။ နိက္ခန္တာ၊ ဖွားကြကုန်၏။

အကျနိုပ်တို့ပုဏ္ဏားတွေဆိုတာ ဗြဟ္မာကြီးရဲ့ခံတွင်းကဖွားတာ၊ ကမ္ဘာလောကသတ္တဝါတွေကို ဖန်ဆင်းတော့ ဗြဟ္မာကြီးဖန်ဆင်းတယ်ဆိုတဲ့ ဗြဟ္မာဝါဒအရပေါ့။ ဒီလူတွေကို ဗြဟ္မာကြီးက ဖန်ဆင်းလိုက်တာ။

သူတို့ပုဏ္ဏားမျိုးကျတော့ ပါးစပ်ထဲက ဖွားထုတ်လိုက်တယ်။

ခတ္တိယာဥရတော နိက္ခန္တာ၊ မင်းမျိုးကျတော့ ရင်ဘတ်က ဖွားတယ်။

ဝေဿာနာဘိတော၊ ကုန်သည်မျိုး သဌေးမျိုးတွေကျတော့ ချက်ကဖွားတယ်။

သုဒ္ဒါဇာဏုတော၊ လူဆင်းရဲတွေကျတော့ ဒူးကဖွားတယ်။

"အမျိုးကြီး ဘယ်နှစ်ပါး ဖြစ်တုန်း"

"လေးပါး ပါဘုရား"

"ပုဏ္ဏားကြီးတွေ ဘယ်ကဖွား"

"ပါးစပ်က ဖွားပါတယ်ဘုရား"

"မင်းမျိုးကျတော့ ဘယ်ကဖွား"

"ရင်ဘတ်က ပါဘုရား"

"လူချမ်းသာမျိုးကျတော့"

"ချက်ကပါဘုရား"

"ဆင်းရဲသားမျိုးကျတော့"

"ဒူးကပါဘုရား"

သမဏာ ပိဋ္ဌပါဒတော တဲ့၊ရဟန်းမျိုးတွေကျတော့ ဗြဟ္မာကြီးရဲ့ခြေဖမိုးက ဖွားတယ်၊ အယုတ်ဆုံး အညံ့ဆုံး၊ အဲဒါကြောင့်မို့လို့ သမဏက–အရှင်တို့ဟာ ဗြဟ္မာကြီးရဲ့ခြေဖမိုးက ဖွားခဲ့တာမို့ တယ်ပြီးတော ယုတ်တယ် ညံ့တယ်၊ ဒီလိုပြောလိုက်တယ်။

ဒီတော့ မြတ်စွာဘုရားက ပြန်ပြောတယ်၊မင်းတို့ ဗြဟ္မဏမျိုးတွေ ဗြဟ္မာကြီးရဲ့ခံတွင်းက ဖွားတယ်ဆိုပြီးတော့ ပြောတာထားပါတော့ကွာ၊ ငါမေးစမ်းပါရစေ၊ မင်းတို့ပုဏ္ဏားမလေးတွေနဲ့ ပုဏ္ဏားလေးတွေအိမ်ထောင်ပြုတယ်ဆိုတာမရှိဘူးလားရှိပါတယ်။

ကိုယ်ဝန်လွယ်ခြင်း၊သားဖွားခြင်းဆိုတာကော မရှိဘူး လား၊ ရှိပါတယ်၊ ဒါနဲ့များတောင် မင်းတို့ဗြဟ္မာကြီးရဲ့ ခံတွင်းကဖွားတယ်ဆိုတာကွာ၊ မင်းတို့ ဗြဟ္မာကြီးကို သက်သက် စော်ကားတာ တဲ့။

အဲဒီတော့ အမ္ဗဋ္ဌက စိတ်ဆိုးလိုက်တာ ရှူးရှူးရှဲရှဲနဲ့ဒေါသတွေထလာပြီးတော့ ပုဆိုးကြီးမပြီးတော့ ဘုရားရှင်ရှေ့မှာ တခါတည်း ဟိုလျှောက် ဒီရှောက်နဲ့မတ်တတ်ကြီး စကြံလျှောက်ပြီးတော့ ဘုရားကိုဆဲတယ်၊အဲဒီလို ပုဏ္ဏားတွေကို တို့ပရိသတ်က ဘာပြုလို့ သမဏဗြဟ္မဏ၊ ရဟန်း ပုဏ္ဏားဆိုပြီးတော့ ထိုပ်တန်းတင်ချင်ရတာတုံးလို့

သမဏနဲ့ဗြဟ္မဏပုဂ္ဂိုလ်ဆိုတာ

ကိုင်း....မင်္ဂလသုတ္တန်ထဲမှာလဲ–

သမဏာနံ၊ ရဟန်း ပုဏ္ဏားတို့အား။ ဒဿနဥ္စ၊ ဖူးမြင်ရခြင်းသည်လည်းကောင်း။

ဆိုပြီးတော့ ငယ်ငယ်တုန်းက ကျက်လာရတဲ့ အနက်၊ ဘုန်းကြီးတို့ကြီးလာတဲ့ အခါကျတော့ အဲဒီအနက်ကို မကျေနပ်ဘူး၊ ရဟန်းကို ဖူးရတာ မင်္ဂလာရှိဘယ် ထားပါတော့၊ ဘယ့်နှယ်ဒီလို ပုဏ္ဏားကို ဖူးရတာ ဘယ့်နှယ်လုပ် မင်္ဂလာ ရှိမှာလဲလို့ဘုန်းကြီးတို့တော့ ဘယ်လိုမှ မင်္ဂလာကြည့်လို့မရဘူး၊ မန္တလေးဗောဓိကုန်းရောက်တဲ့အခါ ပုဏ္ဏားတွေ ကြည့် ကြည့်တယ်၊ ဘာမင်္ဂလာမှ မရှိဘူး။

ဒီတော့ ဒီလိုပါ—ဗြဟ္မဏောဆိုတဲ့ ပုဒ်ကို ဘာသာပြန်တဲ့ အခါကျတော့ အိမ်ယာဘည်းဆောင် လူ့ဘောင်မှ ခွါရှောင်ပြီးတော့ ရဟန်းမဝတ်နိုင်ပေမယ့် တောကြီးမျက်မည်းထဲမှာ ရသမျှသစ်သီးဝလံလေးများမှီွပြီးတော့၊ မကောင်းမှုတွေကို ခွါရှောင်ပြီးတော့ ကျင့်နေတဲ့ပုဂ္ဂိုလ်တွေကို ဗြဟ္မဏ၊ ဒီလိုဆိုရမယ်။

ဗာဟိဘပါပ၊ ပါပ ဆိုတာက မကောင်းမှုတွေကို။ဗာဟိတ၊ ပယ်ရှားထားတာ၊ ဗာဟိတပါပ ပုဂ္ဂိုလ်ဆိုတာ မကောင်းမှုတွေကိုပယ်ရှားထားတယ်။ ဗာဟိတကိုသဒ္ဒါနည်းနဲ့ ပြုပြင်လိုက်တဲ့ အခါကျတော့ ဗြဟ္မဏ ဖြစ်လာတယ်၊ အဲဒါကြောင့်မို့လို့ ဗြဟ္မဏ၊ မကောင်းမှုခွါရှောင်ကျင့်နေတဲ့သူတော်ကောင်းတွေလို့ ဒီလိုဆိုကြပါတယ်။

အဲဒါ ယခုနက လည်ပင်းကြိုးမည်းမည်းလေးနဲ့ ကြေးအိုးလေးနဲ့ နဖူးပြာသုတ်ထားတဲ့ ပုဏ္ဏားကို ထည့်ထည့်ပြီးတော့ မသွင်းကြပါနဲ့ တို့ပရိသတ်၊ သမဏ၊ ကိလေသာငြိမ်းကြောင်းအကျင့်ကောင်းကျင့်နေတဲ့ ပုဂ္ဂိုလ်တွေ ရဟန်းတွေ အဲဒါသမဏ၊

အဲဒီလိုသမဏဗြဟ္မဏလို့ခေါ်တဲ့သူတော်ကောင်း များကိုအထက်အရပ်ကထား။

ဘာပြုလို့လဲဆိုလို့ရှိယင် ယခုနက ပြောပြထားခဲ့တဲ့ အရှေ့အရပ်ဆိုတာ မိဘ၊ တောင်အရပ်ဆိုတာ ဆရာသမား၊ အနောက်အရပ်ဆိုတာ သားမယား၊ မြောက် အရပ်ဆိုတာက မိတ်ဆွေ၊ အောက်အရပ်ဆိုတာက အလုပ်သမား၊ အဲဒီပုဂ္ဂိုလ်အားလုံးတို့ထက် သီလဂုဏ် သမာဓိဂုဏ်တို့ ပညာဂုဏ်ဖြင့် မြင့်မြတ်၍နေသောကြောင့် ထိုပုဂ္ဂိုလ် ငါးမျိုးတို့ရဲ့အထက်က အမြဲနေရတယ်၊ အဲဒါကြောင့် ဒီရဟန်းသူတော် သူမြတ်တွေဟာ အထက်အရပ်မည်ပါတယ်တဲ့။

ဟဲ့—သိင်္ဂါလမင်း ရှိခိုးတယ်ဆိုတာ ဘာမှ အဓိပ္ပာယ်မရှိတဲ့ အရပ်တွေကို ရှိခိုးမနေနဲ့ အဲဒီပုဂ္ဂိုလ်တွေ အခုပြောထားခဲ့တဲ့ ခြောက်မျိုးကိုဝတ္တရားတွေအသီးသီးကျေပွန်အောင် ဆောင်ရွက်ခြင်းသည် သာသနာတော်နည်းနဲ့ဆိုယင် အရပ်ခြောက်မျက်နှာကို ရှိခိုးတယ်ခေါ်တယ်။

အဲဒီပုဂ္ဂိုလ်တွေကိုအသီးသီး ဝတ္တရား ကျေပါစေဆိုပြီးတော့ အရှေ့အရပ်ဖြစ်တဲ့မိဘနှင့် သားသမီးအပြန်အလှန် ပြုကျင့်ရတဲ့ ဝတ္တရားငါးပါးစီ၊ ငါးပါးစီ အဲဒီမှာ ဘုရားရှင်ဆက်ပြီးတော့ ဟောတယ်၊ အဲဒါ မိဘဝတ္တရားငါးပါး၊ သားသမီးဝတ္တရား ငါးပါးလို့ အဲဒီမှာ မြတ်စွာဘုရားဟောတယ်။

## အမွေခံထိုက်တဲ့သားသမီးတို့ရဲ့ဝတ္တရား

ဘတော နေသံကရိယာမိ၊ ကိစ္စံ နေသံကရိယာမိ၊ ကုလဝံသံ ဌပေဿာမိ၊ဒါယဇ္ဇံ ပဋိပဇ္ဇာမိ၊ အထ ဝါ ယပန ပေတာနံ ကာလကတာနံ ဒက္ခိဏံအနုပ္ပဒဿာမိတိ။

(၁) ဘတော နေသံ ကရိဿာမိ၊

မိဘများသည် သားသမီးများရဲ့အပေါ်မှာ မျှော်လင့်ချက်တွေထားကြတယ်၊ ကိုုရဲ့သားတွေ သမီးတွေကိုမွေးမြူခဲ့လေပြီ၊ တို့သားသမီးတွေဟာ တနေ့ကျယင် တို့အသက်ကြီးတဲ့အခါကျယင် တို့ကိုပြန်ပြီးတော့ မွေးမြူလိမ့်မယ် စောင့်ရှောက်လိမ့်မယ်လို့မျှော်လင့်ကြတယ်။

(၂) ကိစ္စံ နေသံ ကရိဿာမိ၊

တို့သားသမီးတွေရဲ့ပညာရေးကိစ္စ၊ကြီးပွားရေး၊ စီးပွားရေးကိစ္စတွေကို တို့တတွေ ဆောင်ရွက်ပြီးတော့ လာခဲ့တာဟာ သူတို့အိုးနဲ့ သူတို့အိမ်နဲ့နေ၍ ကိုယ့်ခြေထောက်နဲ့ ကိုယ်ရပ်နိုင်တဲ့အထိ တို့သားသမီးတွေရဲ့ကိစ္စ တို့လုပ်ခဲ့ပြီ။

တို့တွေ ကိုယ့်ကိစ္စကိုယ်မလုပ်နိုင်တော့တဲ့ အရွယ်ကျယင် တို့သားသမီးတွေက တို့ကိစ္စကိုလုပ်ပေးလိမ့်မယ်လို့ မိဘများဟာ သားမီးများရဲ့အပေါ်မှာ မျှော်လင့်ချက်ထားကြတယ်။

(၃) ကုလ ဝံသံ ဌပေဿာမိ၊

တို့ရဲ့ အမျိုးအနွယ်သည် ဘုရားနဲ့ တရားနဲ့ သံဃာနဲ့ဆရာသမားနဲ့ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးနဲ့ အဲဒီလိုနေလာတဲ့ သူတော်ကောင်းတို့ရဲ့ အမျိုးအနွယ် ဖြစ်တယ်၊ ဒါကြောင့်သူတော်

ကောင်း အမျိုးအနွယ်မှ တည်လာတဲ့ တို့တတွေရဲ့ အမျိုးအနွယ်တို့ရဲ့ဓလေ့ထုံးစံကို တို့သားသမီးတွေ ဆက်လက်ပြီးတော့ ထိန်းသိမ်းကြလိမ့်မယ်လို့ မိဘများက သားသမီးများရဲ့အပေါ်မှာ မျှော်လင့်ပါတယ်။

"ဘယ်နှစ်ချက်ရှိသွားပြီလဲ"

"သုံးချက်ပါဘုရား"

(၄) ဒါယဇ္ဇံ ပဋိပဇ္ဇာမိ၊

တို့ရဲ့ကိစ္စကို ဆောင်ရွက်တဲ့သားသမီးတွေ၊ တို့ကို မွေးမြူလုပ်ကျွေးတဲ့ သားသမီးတွေ၊ တို့ရဲ့အမျိုးအနွယ်၊ တို့ရဲ့သူတော်ကောင်းတို့ရဲ့ ဓလေ့ထုံးစံကို မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တဲ့ သားသမီးတွေဟာ တို့ထားခဲ့တဲ့ အမွေတွေကိုလဲပဲ ဆက်လက် ထိန်းသိမ်းပြီးတော့ မပျက်မစီးရအောင် ခံယူတတ်ကြလိမ့်မယ်။

"ဘယ်နှစ်ချက်ရှိသွားပြီလဲ"

"လေးချက်ရှိသွားပါဘုရာ"

မိဘရဲ့အမွေကိုခံတယ်ဆိုတာ မိဘပေးတဲ့ပစ္စည်းယူရုံနဲ့ အဲဒါ အမွေခံမခေါ်ဘူး၊အဲဒီလိုမိဘပေးတဲ့အမွေကိုခံထိုက်တယ်ဆိုတဲ့ သားသမီးဟာ ရှေ့နားမှာ ပြောပြထားခဲ့တဲ့သုံးချက်ကကျေပွန်ရမယ် ဘာတွေတဲ့လည်း—

(၁) မိဘကိုပြုစုခြင်း၊ လုပ်ကျွေးခြင်း

(၂) မိဘရဲ့ အလုပ်ကိစ္စများကို မညည်းမညူ ဆောင်ရွက်ပေးခြင်း

(၃) မိဘတို့ရဲ့အမျိုးအနွယ်ဓလေ့ထုံးစံတွေကိုမပျက်မစီး ရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း။

မိဘက ကျောင်းဒကာဖြစ်တယ်။ အဲဒီကျောင်းရဲ့ဝတ္တရား တွေကိုမိဘသည် အမြဲမပြတ်ဆောင်ရွက်နေယင် ထိုသားသမီး လည်း မိဘကျောင်းဒကာများအိပ်သွားတဲ့ဝတ္တရားများမပျက် အောင်ဆက်ပြီးတော့လုပ်၊ အဲဒီအချက်(၃)ချက်နဲ့ညီညွတ်တဲ့ သားသမီးသည် မိဘအမွေကိုခံထိုက်ပြီ ရထိုက်ပြီ။

ဝတ္တရားနဲ့ပျော်လင့်ချက်

မိဘကိုလည်း မလုပ်ကျွေးဘူး၊ မိဘကိစ္စကိုလည်း မဆောင် ရွက်ဘူး၊ မိဘအမျိုးအနွယ်ဓလေ့ထုံးစံကိုလည်းအကုန်ဖျက်ဆီး ပြစ်တဲ့သား သမီးဆိုယင် မိဘအမွေကိုမရထိုက်ဘူး။

အဖေအမေများကတော့ ရှာလိုက်ဖွေလိုက်ရတာ စီးပွား ဥစ္စာစည်းစိမ် ရွှေငွေတွေ သားသမီးတွေကို ခွဲဝေပေးလိုက် တော့ သားသမီးလက်ထဲရောက်ပြီလည်းဆိုရော လပိုင်း ရက်ပိုင်း အတွင်း အဲဒီစီးပွား ဥစ္စာတွေ အကုန်ဖျက်ဆီး ဆုံးရှုံးဖြုန်းတီး လို့ကုန်ပြီဆိုယင် အဲဒါ မိဘအမွေကိုခံထိုက်တဲ့သား သမီး မ ဟုတ်ဘူး၊ မိဘအမွေကိုဖျက်ဆီးပြစ်တဲ့သား သမီးခေါ်တယ်တဲ့။

အဲဒါ အရေးကြီးတယ်၊ အမွေခံဆိုတာဟာ ရရုံနှင့်ပြီးတာ မဟုတ်ဘူး၊ ရပြီသား စည်းစိမ်ကို မိဘရှိသေသလို ထိန်းသိမ်း ရမယ်၊ အဲဒီလိုအမွေရပြီတဲ့အခါကျပြန်တော့ အမေအဖေများ ဘဝကူးသွားပြီဆိုတဲ့အခါကျယင် ဘာလုပ်ရမလည်း—

အထဝေါပန ပေတာနံ ကာလက်တာနံ
ဒက္ခိဏံအနုပ္ပဒဿာမိ။

ပေတာနံကာလကတာနံ၊ ဘဝတပါး ပြောင်းသွားကြကုန်သော မိဘများအတွက်၊ ဒက္ခိဏံ၊ အလှူကို။ အနုပ္ပဒဿာမိ၊ ပြုလုပ်၍ပေးဝေကြလိမ့်မယ်။

တို့သားတွေ သမီးတွေ တို့ဘဝကပါး ပြောင်းသွားယင်တော့ တို့ပေးထားခဲ့တဲ့ အမွေတွေယူပြီးတော့ ဒါန သီလ ဘာဝနာ ကောင်းမှုတွေပြုပြီး တို့ကိုအမျှအတန်းပေးဝေမှာပဲလို့ အဖေအမေများ ဘဝကူးကာနီး သား သမီးတွေရဲ့အပေါ်မှာ အဲဒီ မျှော်လင့်ချက်ထားတယ် တဲ့။

"ဘယ်နှစ်ချက်ရှိသွားပြီလဲ"
"ငါးချက်ပါဘုရား"

အဲဒီငါးချက်ကို လုပ်ကိုင်ဆောင်ရွက်ပေးယင်း မိဘအပေါ်မှာ ဆောင်ရွက်ရမယ့် သားသမီးရဲ့ ဝတ္တရားငါးပါး ကျေတယ်လို့ခေါ်တယ်၊ အဲဒါသားသမီး ဝတ္တရားငါးပါး ကျေတယ်လို့ခေါ်တယ်၊ အဲဒါ သားသမီးဝတ္တရားငါးပါးရယ်လို့ ဒီကနေ့ စာအုပ်ကလေးတွေရဲ့ နောက်ကျောအဖုံးမှာ လင်္ကာလေးတွေ ရေးပြီးတော့ထားတယ်—

အဲဒီလောက် နက်နဲတဲ့ သိင်္ဂါလောဝါဒ (သိင်္ဂါလသုတ္တန်) ပါဠိတော်ကြီးက လာတဲ့ လင်္ကာ၊ ရေးချင်ရာရှောက်ပြီးရေး လွှတ်လိုက်တာမဟုတ်ဘူး—နော်၊ ဘယ်လိုရေးထားတုံးဆိုယင်—
ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊

လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်
ဘွယ်သားတို့တာ၊

သားသမီးဝတ္တရားငါးပါး၊ မိဘများက သားသမီးတွေရဲ့ အပေါ်မှာ ပြုရမယ့်ဝတ္တရားကလည်းငါးပါးပဲ၊ အရှေ့အရပ်မှာ လုပ်ရမယ့်၊ နေရမယ့်၊ ချထားရမယ့်စည်းကမ်းတွေ။

ဘုန်းကြီးတို့ ပရိသတ် အိမ်ကြီးတလုံး ဆောက်တဲ့အခါကျ တော့ ကြည့်လိုက်စမ်း—

"အရပ်လေးမျက်နှာက နံရံကြီးတွေမပိတ်ဘူးလား"

ပိတ်ပါတယ်ဘုရား"

အရပ်လေးမျက်နှာ နံရံတွေပိတ်၊ တံခါးတွေပိတ်၊ အရပ် လေးမျက်နှာကလည်း အကာအရံနဲ့၊ အထက်နဲ့အောက်ကလည်း အထက်ကအမိုး၊ အောက်အရပ်က အခင်းတွေခင်း အိမ်တလုံး မှာ အကာအရံအရပ်ခြောက်မျက်နှာ ပြည့်ပြည့်စုံစုံ ကာထား သလို တို့တရားနာပရိသတ် ဒီကနေ့ လူနေမှုစနစ်ကြီးမှာလည်း ပဲ အဲဒီခြောက်မျက်နှာက ကာထားရတယ်။

ပဆုံးမ လျှင် မိဘတလည်ရန်သူမည်၏

အရှေ့အရပ်မှာ ယခုအကာအရံစည်းရိုးကြီးတွေ တပ်လိုက် တယ်၊ မိဘများရဲ့အပေါ်မှာ သားသမီးတွေက ပြုကျင့်ရမယ့် ဝတ္တရားငါးခုဖြင့် အရှေ့အရပ်က ခြံစည်းရိုးကြီး ကာလိုက်ပြီ၊ အရှေ့အရပ်က နံရံကြီးပါ ပိတ်လိုက်ပြီ—

"တို့ပရိသတ်—လုံကြပြီလား"

" "

"အဲ— မလုံဘူး၊ သူတို့မပြောနိုင်ကြဘူး.... အရှေ့အရပ် တော်တော်ပေါက်နေပုံရတယ်— နေဉ်"

သားသမီးတွေရဲ့အပေါ်မှာ မိဘကလုပ်ရမယ့် ဝတ္တရားတွေ ကလည်းဘာတဲ့လဲ—

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

ပါပါနိဝါရေန္တိ၊ ကလျာဏေနိဝေသေန္တိ — အစရှိသဖြင့် ပါဠိတော်များကတော့ ဒီလိုလာဘယ်၊ မြန်မာလိုကတော့ မကောင်းမြစ်တား- မကောင်းတာထားပေး၊ သားသမီးတွေ မကောင်းတာလုပ်နေတာမြင်ယင် အဖေအမေကတားပေး။

မတားယင် အဲဒီအဖေအမေသည် သားသမီးရဲ့ ရန်သူခေါ်တယ်၊ တားဆီးလို့ သားသမီးကရန်လုပ်တာတော့ လုပ်ချင်လုပ်ပါစေ အဲဒါရန်မဟုတ်ဘူး၊ သားသမီးက မိုက်လို့လုပ်တာ၊ ဒေသနာတော်နည်းအရကတော့ သားသမီးတွေ မကောင်းတာ လုပ်နေရက်နဲ့ ဒီအတိုင်းကြည့်ပြီးတော့ ခွင့်ပြုထားယင် အဲဒီ မိဘသည် သားသမီးရဲ့ရန်သူပဲ—

ကောင်းရာညွှန်လတ်— ကောင်းတာ ကျပြန်တော့လည်း ညွှန်ကြားပြီးတော့ပေးပါ။

အတတ်သင်စေ— အတတ်ပညာကိုလည်း တတ်အောင်သင် ပြီးတော့ပေးပါ။

ပေးဝေနှီးရင်း— အရွယ်ရောက်လာယင်လည်း အရင်းအနှီး ကလေးများ ထုတ်ပေးပြီးတော့ ထိမ်းမြားခြင်းလျှင်— ထိမ်း

မြားသင့်တဲ့ အချိန်ကျယင်လည်း ထိမ်းမြားပြီးတော့ ပေးလိုက်လို့–

သားသမီးများရဲ့အပေါ်မှာ မိဘများက ပြုလုပ်ရမယ့်ကျင့်စဉ်က ငါးရပ်လို့ အရှေ့အရပ်နံရံကြီးကို လုံအောင် ကာကြမယ်ဆိုယင် အဲဒီဝတ္တရားအပြန်ပြန် အလှန်လှန် ငါးခုစီအားလုံးကျေကြရမယ်။ အရှေ့ဘက် နံရံကြီး၊ အဲဒီ စည်းကမ်းချက်ငါးခုစီ အပြန်အလှန် ကျေပွန်ပြီးတော့ ကာထားလိုက်ကြ။

တောင်အရပ်ကိုလည်း အဲဒီအတိုင်းပဲ ဆရာတပည့်ကျင့်ဝတ်တွေ၊ အနောက်အရပ်က ဘာတဲ့သည်း သားမယားရဲ့ ကျင့်ဝတ်တွေ၊ မြောက်အရပ်က မိတ်ဆွေအချင်းချင်းရဲ့ ကျင့်ဝတ်တွေ၊ အထက်အရပ်ကလည်းပဲ ရဟန်းတော်တွေနဲ့ ဒကာဒကာမတွေရဲ့ကျင့်ဝတ်တွေ။ အောက်အရပ်ကလည်းအလုပ်ရှင်နှင့်အလုပ်သမားရဲ့ကျင့်ဝတ်တွေ–

"အရပ်ခြောက်မျက်နှာ အသီးသီး အဲဒီလို ဝတ္တရားတွေကျေကြယင်– တို့တရားနာပရိသတ်ရဲ့ အိမ်ကြီးအရပ်ခြောက်မျက်နှာလုံး ခြုံရေးမရဘူးလား"

"ရပါဘုရား"

ဝေမဿ သောဒိသာ ပဋ္ဋိစ္ဆန္နာဟောတိ

ခေမာ အပ္ပဋိဘယာ၊

သိင်္ဂါလ၊ သိင်္ဂါလသူဌေးသား။ ငါ၊ ငါသို့ကာထားခဲ့မယ်ဆိုလို့ရှိယင်။ သောဒိသာ၊ ထိုအရပ်ခြောက်မျက်နှာတို့သည်။ ပဋိစ္ဆန္နာ၊ လုံခြုံရေးရသည်။ ခေမာ၊ ဘေးကင်းသည်။ အပ္ပဋိဘယာ၊ ဘေးရန်မရှိတော့သည်။ ဟောတိ၊ ဖြစ်ရပေတော့၏။

## လုံခြုံမှုအပြည့်အဝရှိကြရဲ့လား

အဲဒီလို အရပ်ခြောက်မျက်နှာ စည်းကမ်းတွေ ဝတ္တရားတွေ ကျေကျေပွန်ပွန်လုပ်ကိုင်ဆောင်ရွက်နေလို့ရှိယင် အရပ်ခြောက် မျက်နှာလုံခြုံရေးရပြီ— တဲ့၊ ဘေးရန်ကင်းပြီ၊ အပေါက်မရှိ တော့ဘူး–တဲ့၊

ဒေသနာတော်ကတော့ ပြောတာပဲ။

ဒီကနေ့ တို့ဒကာဒကာမတွေရဲ့ အိမ်ကြီးကို ကြည့်လိုက်မယ် ဆိုလို့ရှိယင် အရှေ့ဘက်ကလည်း အပေါက်တွေနဲ့ တောင် ဘက်ကလည်း အပေါက်တွေနဲ့ အနောက်ကလည်း အပေါက် တွေနဲ့ မြောက်အရပ်ကလည်း အပေါက်တွေနဲ့ အထက်ကလည်း မိုးတွေယိုလို့ အောက်ကကြမ်းတွေကလည်း ကျိုးလို့ဆိုယင်–

"အရပ်ခြောက်မျက်နှာ— တို့ပရိသတ်-- ဒီကနေ့လုံခြုံရေး ရသေးရဲ့လား"

"မရတော့ပါဘုရား"

ဒါ့ကြောင့် ဒီကနေ့မချမ်းသာကြဘူး၊ လောကကြီး ပျက် စီးတယ်ဆိုတာဒါတွေပဲ၊ အရပ်ခြောက်မျက်နှာ အကုန်ပေါက် နေတာ-- တဲ့၊ ဒီကနေ့လောကကြီးမှာတော့ လုံခြုံရေးဘယ် ကမှမရှိဘူး။

အလုပ်သမားနဲ့ အလုပ်ရှင်ကလည်း လာလိုက်မှဖြင့် တခါ တည်း အပေါက်နဲ့ အပြဲချည်းပဲ၊ ဆရာနဲ့ဒကာကိုလည်း ကြည့် လိုက်ဦး၊ မိုးတွေက တဖြောဖြောယိုနေတယ်၊ အဲဒီလိုအထက် ကယိုနေတဲ့မိုးတွေကို အောက်ကလည်းမပိတ်ဘူး၊ ဒီအတိုင်းပဲ

ယိုချင်တိုင်းယို ဖွင့်ထားတယ်၊ မိဘနဲ့သားသမီးဒီအတိုင်းပဲ အရှေ့အရပ်က လုံခြုံရေးမရဘူး၊ ဒီတော့--

ယောမာတရံ ပိတရံဝါ၊ ဇိဏ္ဏကံ ဂတယောဗ္ဗနံ။
ပဟုသန္တော န ဘရတိ၊ တံပရာ ဘဝတော မုခံ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ပဟုသန္တော၊ များစွာသော စည်းစိမ်တွေ့ရှိနေသည် ဖြစ်ပါလျက်နှင့်။ ဇိဏ္ဏကံ၊ အိုမင်း၍ နေသော။ ဂတယောဗ္ဗနံ၊ အရွယ်လွန်၍ နေသော။ မာတရံဝါ၊ မိခင်ကိုသော်လည်းကောင်း။ ပိတရံဝါ၊ ဖခင်ကိုသော်လည်းကောင်း။ နဘရတိ၊ မလုပ်ကျွေးဘူး။

"အရှေ့အရပ်က အပေါက်ကြီးဖြစ်နေတယ် နော်"

"မှန်ပါ့ဘုရား"

အဲဒီလို မိမိမှာ စီးပွားဥစ္စာမြောက်မြားစွာရှိ၍ နေသည်ဖြစ်ပါလျက်နဲ့ မလုပ်မကျွေးပဲနဲ့ အရှေ့အရပ်ကို အပေါက်ကြီးဖြစ်အောင် လုပ်ပြီးတော့ ထားခဲ့မယ်ဆိုယင် အဲဒီအိမ် ဘယ်တော့မှ မချမ်းသာဘူး တဲ့။

ဝတ္တရားမကျေတဲ့ သားသမီးတွေရဲ့အပေါ်မှာ မိဘကလည်း မကျေနပ်၊ ဝတ္တရားမကျေတဲ့ မိဘတွေရဲ့အပေါ်မှာ သားသမီးတွေကလည်း မကျေနပ်နဲ့မိဘနှင့် သားသမီး အပြန်အလှန် မကျေနပ်မှုတွေဖြစ်ကြပြီဆိုယင် အဲဒီအိမ်ကြီးအရှေ့အရပ်က လုံခြုံရေးမရတော့ဘူး၊ ရန်သူတွေဝင်လာပြီ။

အဲဒါ ပျက်စီးတော့တာပါပဲလို့ ဘုရားရှင်က ဤသိင်္ဂါလောဝါဒ(သိင်္ဂါလ)သုတ္တန်နဲ့ ပရာဘဝသုတ္တန်မှာ အဲဒီလိုပြတယ်။

ဒီတော့ ဒီနေရာမှာ တို့တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ ရှင်မဟာမောဂ္ဂလန် ကိုယ်တော်ကြီးရဲ့ ပရိနိဗ္ဗာန်စံရပုံကို လှမ်းပြီးတော့ ကြည့်လိုက်စမ်း။

"ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီး ဘာကြောင့် ပရိနိဗ္ဗာန်စံရတာလဲ....တို့ပရိသတ်သိလား"

"ခိုးသား ငါးရာရိုက်လို့ ပရိနိဗ္ဗာန်စံရတာပါဘုရား"

"အေး လူဆိုး ဒမြ ငါးရာဝိုင်းရိုက်လို့ ရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်စံရဘယ်"

ရှင်မောဂ္ဂလာန်ကို တိတ္ထိတို့ ရန်ညှိုးဖွဲ့ခြင်းအကြောင်းရင်း

ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းမှာ ဘုရားရှင်ကိုယ်တော်မြတ်ကိန်းအောင်းမွေ့လျော် နေပျော်တော်မူတဲ့အချိန်၊ ကာဠသိလာလို့ခေါ်သော ဣသိဂိလိတောင်နဘေးက ကျောက်ဖျာကြီးပေါ်မှာ ရှင်မောဂ္ဂလာန်ဟာ ကျောင်းလေးတကျောင်းနှင့် နေဘယ်။

အဲဒီအချိန်မှာ ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးအား မိစ္ဆာဒိဋ္ဌိတက္ကတွန်းတွေက စေလွှတ်လိုက်တဲ့ လူဆိုး ငါးရာ ဝိုင်းပြီးတော့ ရိုက်ကြဘယ်၊ဘာပြုလို့ ရိုက်ကြရသလည်း၊ တိတ္ထိတွေက ဘာပြုလို့ လွှတ်လိုက်ရသလဲဆိုတော့ ဒီလို....

ရှင်မောဂ္ဂလာန်က တန်ခိုးတေဒဂ်ရ ကိုယ်တော်ကြီး ဆိုတော့ ဘခါတခါ နတ်ပြည်ကြွသွားပြီးတော့ နတ်သား နတ်သမီးလေးတွေ တွေ့တိုင်း တွေ့တိုင်း မေးတယ်၊နင်တို့ဒီစည်းစိမ် ဘယ်ကောင်းမှုကြောင့် ရသလဲဟ၊ ပြောစမ်းလို့မေးတယ်။

အဲဒီလိုမေးတော့ နတ်သမီးလေးတွေက ဖြေကြတယ်၊ တပည့်တော်မျှားဘယ်ကောင်းမှု ဘယ်ကုသိုလ်ကြောင့် ဒီလိုစည်းစိမ်တွေ ရပါတယ်ဘုရား၊ အဲဒါတွေမှတ်သားလာ၊ လူ့ပြည်ပြန်ရောက်တော့ မြတ်စွာဘုရားပြန်လျှောက်၊ လူဒကာ ဒတာမတွေကို ြန်ပြီးတော့ ဟော၊ နတ်ဗိမာန်နတ်စည်းစိမ်တွေရဲ့အကြောင်းပြန်ဟော၊ ဒီကနေ့တော့ အဲဒါ "ဝိမာနဝတ္ထု" ဆိုပြီးတော့ ဖြစ်လာတယ်၊ ရှင်မောဂ္ဂလာန်ရဲ့ကျေးဇူး—

ဒီတော့-လူ့ပြည်လောက ကနေကုသိုလ်ကောင်းမှုတွေ အားတက်ပြီးတော့ပြုကြ၊ဘယ်နတ်သမီး ဘယ်နတ်သား ဘယ်ကောင်းမှုကြောင့် နတ်ပြည်ရောက်တယ်လို့ ရှင်မောဂ္ဂလာန်ပြောတယ် ဟတ္တိကြိုးစားကြစို့ ဆိုပြီးတော့ နတ်ပြည်ရောက်တဲ့လူတွေမနည်းဘူး-

တခါတခါတော့ ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးဟာ ဘယ်သွားလဲဆိုလို့ရှိယင် ပြိတ္တာဘုံသွားတယ်၊ ပြိတ္တာကြီးတွေတွေ့တဲ့အခါကျတော့ သင်တို့တတွေ ဘယ်မကောင်းမှု ဘယ်အကုသိုလ်တွေကြောင့် ဒီလိုပြိတ္တာဖြစ်ရသလဲလို့ မေးတယ်။

အဲဒီတော့ ပြိတ္တာကြီးတွေက ပြန်ဖြေတယ်၊ တပည့်တော်တို့ဘယ်လိုတွေဖြစ်ခဲ့လို့ ဘယ်လိုလွန်ကျူးခဲ့လို့ ဘယ်လိုပြစ်မှားခဲ့လို့ တပည့်တော်တို့ ဒီလိုဖြစ်ရပါတယ်ဘုရားလို့ ပြန်ဖြေကြတယ်။

အဲဒါ ရှင်မောဂ္ဂလာန်က မှတ်သားလေ့လာ၊ လူ့ပြည်ပြန်ရောက်တော့ အဲဒါပြန်ဟော၊အဲဒီပြိတ္တာဖြစ်တဲ့ပုဂ္ဂိုလ်တွေအမျှားဆုံးကတော့ တိတ္ထိတက္ကဒွန်းတွေချည်းပဲ။

အဲဒီလို ရှင်မောဂ္ဂလာန်က တိတ္ထိတက္ကဒွန်းတွေ ပြိတ္တာဖြစ်တဲ့အကြောင်း ပြန်ဟောတဲ့အသံတွေကို တိတ္ထိတက္ကဒွန်းက ကြား

လည်းကြားရော ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးဟာသက်သက်မဲ့ ကိုတိတ္ထိအဖွဲ့အစည်းကို ဂုဏ်သိက္ခာကျအောင် ဟောနေတယ်ဆိုပြီး ရန်ငြိုးထားကြတယ်။

"တရားဟောရတာလဲ မလွယ်ဘူး နော်၊ တို့ပရိသတ် ခပ်မြန်မြန်သိမ်းမှထင်ပါ"

ရှင်မောဂ္ဂလာန် ဒီလို ပြောရမလားဆိုပြီးတော့ ရန်ငြိုးထား ကြတယ်။ ရန်ငြိုးထားပြီးတော့၊ ကိုင်း....ဒီ ကိုယ်တော်ကြီးသတ် ပစ်တာကောင်းပါတယ်ကွာ ဆိုပြီးတော့ လူဆိုး ငါးရာ ပိုက်ဆံ ပေးပြီး တိတ္ထိတွေက လွှတ်လိုက်ကြတယ်။

ရှင်မောဂ္ဂလာန်က တန်ခိုးတေဒဂ်ရ ကိုယ်တော်ပဲ၊ လူလေးငါး ရာ ကျောင်းကိုဝိုင်းနေပြီလည်းဆိုရော တန်ခိုးနဲ့ကျောင်းခေါင်မိုး ဖောက်ပြီးတော့ ကောင်းကင်က ထွက်သွားတယ်၊ လူဆိုးတွေ မမိလိုက်ဘူး၊ တကြိမ်ထွက်သွားတယ်၊ နှစ်ကြိမ်ထွက်သွားတယ်၊ သုံးကြိမ်ထွက်သွားတယ်။

## ရှေးဝဋ်ကြွေးကံ ပြေးမလွတ်အောင်ဖန်

လေးကြိမ်မြောက်ကျတော့ ထွက်လို့ကို မရတော့ဘူး၊ ဘာ တန်ခိုးတွေ ဘာအဘိညာဉ်တွေ ဘယ်လောက် ဝင်စားနေနေ၊ နေရာကထလို့ကိုမရတော့ဘူး၊ ရှင်မောဂ္ဂလာန် အဲဒီမှာ ငုတ် တုတ်ကြီး အမိခံလိုက်ရတယ်။

ဝိပါက်ဟူသည်၊ ကြာမရှည်ခင်၊ ပြန်လည်တတ်မျိုး၊ မ ကောင်းကျိုးဖြင့်၊ နောက်ပိုးလိုက်ဘက်၊ သူ့ကိုဖျက်က၊ ကိုယ်ပျက်တတ်စွာ၊ ဤလူ့ရွာဝယ်၊ ဓမ္မဘာရိုး၊ ပမာနိုး

မူ၊ ခါးမျိုးချိုမျိုး၊ စေ့စိုက်ပျိုးက၊ ထိုပျိုးအလား၊ အခြားတူပြီ၊ ခါးချိုသီးသို့၊ သားကြီးမင်းပျို၊ မှတ်ပိုက်သိလေ့။

ကမ္မနိယာမ မဆိုတာရှောင်လို့မရဘူး။

(၁) ဗီဇနိယာမ

(၂) ဥတုနိယာမ

(၃) ဓမ္မနိယာမ

(၄) စိတ္တနိယာမ

(၅) ကမ္မနိယာမ လို နိယာမတရားဟာ(၅)ပါးရှိတယ်။

(၁) မျိုးစေ့တို့ရဲ့ သဘောအခါး ပိုက်ယင် အခါးသီးတာပဲ၊ အချိုစိုက်ယင် အချိုသီးတာပဲ အဲဒါဗီဇနိယာမ—

(၂) မိုးရာသီမှာ မိုး ရွာကိုရွာရမှာပဲ မရွာယင် အဲဒါ တခုခုဖြစ်ပြီသာမှတ်၊ အဲဒါမရွာသင့်တဲ့အခါမှာလည်း သွားမရွာနဲ့ပေါ့၊ ဆောင်းပြီးယင်နွေလာမယ်၊ နွေပြီးယင် မိုးလာမယ်၊ ဥတုဟာ သူ့အစဉ်အတိုင်းလည်ပြီးတော့ သွားတယ်၊ သဘာဝ အတိုင်းဖြစ်ကိုဖြစ်ရမယ်၊ ရှောင်လို့မရဘူး၊ အဲဒါဥတုနိယာမ။

(၃) ဓမ္မနိယာမဆိုတာ ဘုရားအလောင်းတော်ကြီးများ မိခင်ဝမ်းဝင်တဲ့အခါ မြေလှုပ်ကိုလှုပ်ရမယ်၊ ဖွားတဲ့အခါ မြေလှုပ်ရမယ်၊ တောထွက်တဲ့အခါ၊ ဓမ္မစကြာဟောတဲ့အခါ၊ ဘုရားဖြစ်တဲ့အခါ၊ မြေကြီးလှုပ်ခြင်း၊ အဲဒါတွေဟာ ဓမ္မနိယာမခေါ်တယ်။

(၄) စိတ္တနိယာမ-- စိတ်တို့၏ ဖြစ်ရိုးစဉ်လာ ဓမ္မတာသဘော။

စိတ်တို့၏ ဖြစ်ရိုးစဉ်လာခမ္မတာ သဘောဆိုတာက အဘိ ဓမ္မာသင်ကြားထားတဲ့ ပုဂ္ဂိုလ်များအနေနဲ့ ဆိုလို့ရှိယင် ဝီထိရဲ့ အစဉ်များ လှမ်းပြီးတော့ကြည့်လိုက်စမ်း၊ ပဉ္စဒွါရပြီးယင် သမ္ပဋိစ္ဆိုင်းပဲ၊ သမ္ပဋိစ္ဆိုင်းပြီးယင် သန္တီရဏပဲ အဲဒီအစဉ် အတိုင်းပဲ လွဲကိုမလွဲဘူး ဖြစ်ရမယ်၊ ဒါပြီးယင် ဒါဆိုတာတန်း နေတယ်၊ စိတ်တို့ရဲ့ဖြစ်ရိုးစဉ်လာဓမ္မတာ--

(၅) ကမ္မနိယာမဆိုတာ အကုသိုလ်ကံတို့၏ သဘော သည် မကောင်းကျိုးပေးရမယ်ဆိုတဲ့ ဥစ္စာဟာ မြဲကိုမြဲတယ်၊ အဲဒါကို ရှောင်လွဲလို့မရဘူး၊ ကုသိုလ်ကံတို့ရဲ့ သဘောသည် ကောင်းကျိုးပေးရမယ်၊ အနုဝဇ္ဇသုခဝိပါက လက္ခဏာ-- အပြစ် ကင်းခြင်း၊ ချမ်းသာပေးခြင်း၊ အဲဒါရှိရမယ်၊ ဒါ— ကမ္မနိယာမ။

အခါးစိုက်ယင် အခါးသီးတယ်ဆိုတဲ့ ဗီဇနိယာမမျိုးလိုပဲ၊ အချိုမျိုးစေ့စိုက်ယင် အချိုသီးသီးတယ်ဆိုတဲ့ ဗီဇနိယာမကဲ့သို့ မကောင်းကံ ကောင်းကံ နှစ်မျိုးတို့လည်း မကောင်းကျိုး ကောင်းကျိုးနှစ်မျိုးလာရမှာ အဲဒါကို--

> ဝိပါက်ဟူသည်၊ ကြာမရှည်ခင်၊ ပြန်လည်ဘတ်မျိုး၊ မကောင်းကျိုးပြင့်၊ နောက်ပိုးလိုက်ဘက်၊ သူ့ကိုဖျက် က၊ ကိုယ်ပျက်တတ်စွာ၊ ဤလူ့ရွာဝယ်၊ ဓမ္မတာအရိုး၊ ပမာနိုးမူ၊ ခါးမျိုးချိုမျိုး၊ စေ့စိုက်ပျိုးက၊ ထိုမျို၊ အလား၊ မခြားတူပြီ၊ ခါးချိုသီးသို့၊ သားကြီးမင်းပျိုး မှတ်ပိုက်သိုလော့၊ သူ့ကိုသရမ်း၊ မကျော့ကြမ်းနှင့်၊ လူ့ နှမ်းကိစ္စ၊ ကျိုးမလှဘူး၊ နိယာမမျိုး၊ ကောင်းအဆိုး

တည့်၊ ဖြစ်ကျိုးနှစ်ပါး၊ ဖြစ်တတ်ပြွားက၊ ဘုရားသော်မှ မလွှတ်ရဘူး။

(မဃဒေဝ)

## ဗုဒ္ဓကိုနောက်ဆုံး ဖူးမျှော်ကန်တော့ခြင်း

ဘုရားတောင်မှ ရှောင်လို့မရတာ ရှင်မောဂ္ဂလာန် ဘာကြောင့် ရှောင်လို့ရ ရမှာလည်း၊ တန့်ခိုးနဲ့ဘယ်လောက်ပဲ ပျံတက်နေနေ တန်ခိုးတွေအသုံးချလို့မရတော့ဘူး၊ အဲဒီအချိန် ရှင်မောဂ္ဂလာန်ရဲ့ တန်ခိုးတွေ အကုန်လုံး ပျောက်ကွယ်သွားပြီ။

ကောင်းကင်ပျံတက်လို့ မရတော့ဘူး၊ ခေါင်မိုးဖေါက်ထွက်လို့လည်း မရတော့ဘူး၊ တံခါးပေါက်တွေ ဖေါက်ထွက်လို့လည်း မရတော့ဘူး၊ သံခေါက်ကထွက်လို့လည်း မရတော့ဘူး၊ နံရံကြားကနေ ဖေါက်ထွက်လို့လည်း မရတော့ဘူး။

အကုသိုလ်ကံကြီးက ဆွဲပြီးတော့ထားလိုက်တာ၊ ရှင်မောဂ္ဂလာန် ဒီအတိုင်း ငုတ်တုတ်ခံလိုက်ရတယ်၊ လူဆိုးငါးရာဝိုင်းပြီးတော့ တုတ်တွေနဲ့ရိုက်လိုက်ကြတာ၊ ငါးရာရိုက်တယ်ဆိုတော့ တယောက်တချက်ပဲရိုက်ဦး၊ အချက်ပေါင်းငါးရာ နည်းတာမဟုတ်ဘူး။

ခန္ဓာကိုယ်ထဲက အရိုးတွေ စိစိညက်ညက် ကြေသွားလိုက်တာ ဇကွဲလောက် ကျန်တော့တယ်ဆိုပဲ၊ ကြေကုန်တယ်၊ ဒါတောင် ရှင်မောဂ္ဂလာန် သေသလားဆိုတော့ မသေဘူး၊ ဘာပြုလို့ မသေသေးသလည်း ဖလသမာပတ်နဲ့ တခါတည်း အာယုသင်္ခါရ ထိန်ထားလိုက်တယ်။

မြတ်စွာဘုရားကို မဖူးမျှော် မကန်တော့ရသေးပဲနဲ့နောက်ဆုံးဖူးခြင်းဖြင့် မဖူးရသေးပဲနဲ့ ငါ့ရဲ့ သီတင်းသုံးဖော် သံဃာတော်များအား နှုတ်မဆက်ရသေးပဲနဲ့ ငါသည် ပရိနိဗ္ဗာန်မစံရဘူးဟု ဆိုပြီး စိတ်ကိုတင်းပြီ တော့ ထားလိုက်တာ လူဆိုးတွေရိုက်တာ မသေဘူး၊ ဒါပေမယ့် ဆန်အိုတ်ကြီးလိုဖြစ်နေတယ်။

ဒီတော့မှ လူဆိုးတွေက သေပြီထင်ပြီးတော့ ရှင်မောဂ္ဂလာန် အလောင်းကြီးဟု ဆိုပြီး ချုံထဲဆွဲပြီးတော့ ပြစ်ထားခဲ့ကြတယ်၊ လူဆိုးသွေလည်း သွားရော ရှင်မောဂ္ဂလာန် ချုံထဲကနေထလာပြီးတော့ ဝေဠုဝန်ကျောင်း မြတ်စွာဘုရားထံ သွားပြီးတော့ ကန်တော့တယ်။

အယံ ပစ္ဆိမဒဿနာ၊ အယံ ပစ္ဆိမဝန္ဒနာ။

နောက်ဆုံးကန်တော့ခြင်း၊ နောက်ဆုံး ရှိခိုးခြင်းပါဘုရားလို့ ဖူးမျှော်ကန်တော့ပြီး ထန်း (၇) ဆင့် အမြင့်ထိအောင်တက်၊ တန်ခိုးတွေပြ၊ ညီတော် နောင်တော် များအား တရားဟောပြီးတော့ အဲဒီကျောက်ဖျာကြီးပေါ်ပြန်လာပြီး ရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်စံသွားတယ်။

အဲဒါ အကျဉ်းချုံးပြီးပြောတာ၊ တို့ပရိသတ် လွမ်းအောင် ဟောယင် အဲဒါသုံးနာရီလောက် ကြာလိမ့်ဦးမယ်။

အဲဒီလို ပရိနိဗ္ဗာန်စံပြီးတော့ သွားတာဟာ ဘာပြုလို့ ဒီလူဆိုးတွေ အရိုက်ခံပြီး ပရိနိဗ္ဗာန်စံရတာလည်းဆိုတော့ အကုသိုလ်ဝင်ကြွေးပါလာတယ်၊ ဘဝတခုတုန်းက ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးသည် စောစောက ပြောခဲ့တဲ့ ရှေ့ထားရမှာနောက်၊ နောက်ထားရမှာရှေ့၊ သူ လုပ်ခဲ့တယ်။

ပုထုဇဉ်ဘဝ နှစ်ဥအခါကုန်းက မျက်မမြင်မိအိုဘအိုများအား လုပ်ကျွေးပြီးတော့ နေယင်းနဲ့မိဘများက "ချစ်သား မင်းအရွယ်ရောက်လည်း လာပြီကွယ် အိမ်ထောင်ပြု" ဆိုပြီး အမျိုးသမီးတယောက်နဲ့ ထိမ်းမြားပေးလိုက်တယ်။

ပယား စကာ၊ နာ့ယောင်မိလို့

အဲဒီ အမေအိုအဖေအိုဆိုတာကလည်း တယ်ပြီးတော့ချေးထူပုံရပါတယ်၊ အိမ်ရောက်လာတဲ့ ချွေးမက တခါတည်း တနေ့မှ မကြည်ဖြူဘူး၊ ဒီ မျက်မမြင်အမေအိုအဖေအိုကို လုပ်ကျွေးရတာ မကြည်ဖြူတော့ယင် အဲဒီ ရှင်မောင်လာန်ရဲ့အလောင်းလျာဖြစ်ကဲ့ လင်ဖြစ်သူ အမျိုးသားကိုတညည်းညည်းတညူညူနဲ့တပူပူတစာစာ အဘိုးတွေအဘွားတွေနဲ့မနေချင်ဘူးလို့တာ ပြောလာတယ်။

အဲဒီလိုပြောတဲ့အခါကျတော့ "ကိုင်းကွာ...မင်း စိတ်ညစ်ယင်လည်း ဒီအဘိုးကြီးနဲ့အဘွားကြီးကို ငါ အပျော်ရှင်းပေးမယ်" ဆိုပြီးတော့ လှည်းလေးနဲ့တင်ပြီးတော့ တောထဲခေါ်သွားတယ်၊ တောထဲရောက်တဲ့အခါကျတော့ လူဆိုးတွေ ဒမြတွေလာပြီလို့ အော်ပြီးတော့ သူ့အဖေနဲ့အမေကို အဲဒီမှာ သူရိုက်တာ။

သူ့အဖေနဲ့အမေကို လူဆိုးတွေ ဒမြတွေလာပြီလို့ အော်ပြီးတော့ သူကိုယ်တိုင်ရိုက်တယ်၊ ရိုက်တဲ့အခါကျတော့ အမေနဲ့အဖေက ငါ့သား-လူဆိုးတွေနဲ့ဝေးရာကို လွတ်အောင်ပြေးတော့ သူဆိုးတွေနဲ့လွတ်အောင် ပြေးတော့၊ တို့ကတော့ အိုပြီဖြစ်လို့ သေချင် သေပါစေတော့လို့ပြောတယ်။

တို့ကတော့ သေချင်သေပါစေ၊ ငါ့သားသာ လွတ်အောင် ပြေးဆိုပြီးတော့ အဖေနဲ့အမေက အဲဒီအချိန်ကြီးမှာတောင်မှ သားအပေါ်မှာ မေတ္တာမပျက်နိုင်ဘူးတဲ့။ ပုတ္တနေသိဟ—သားတို့ အပေါ်ချစ်ခြင်းဖြင့် သားအား ဘေး ဒုက္ခတွေမှာစိုးလို့ ဒီလို ပြောကြတယ်။

အဲဒီအခါကျတော့မှ ရှင်မောဂ္ဂလာန်ဖြစ်လာမယ့် အဲ့ဒီသား ဖြစ်သူဟာ သံဝေဂဖြစ်တယ်။ ဩော်-ငါ့အမေ အဖေဒါလောက် တောင် ငါ့အပေါ်မေတ္တာကြီးမားတဲ့ အဖေအမေကို ငါသည် သတ်ခြင်းငှာ မတော်ဘူးဆိုပြီတော့ ရိုက်နှက်ပြီးတော့မှ အဲဒါ လှည်းပေါ်တင်ပြီး အိမ်ခေါ်လာတယ်။

အဲဒီလို မိဘများအား ရိုက်နှက်ခဲ့တဲ့ အကုသိုလ်ဝဋ်ကြွေးတဲ့ ဗျာ၊ တို့တရားနာပရိသတ်များ ယခုနက လူဆိုးငါးရာအရိုက်ခံရ တယ်ဆိုတာ မှတ်ပြီးတော့ထား၊ မယားစကား နားယောင်ပြီး အမေအဖေကို ရိုက်နှက်ခဲ့ဟဲ့ အကုသိုလ်ကံကြီးသည် လူဆိုးငါးရာ ရိုက်ပြီး ပရိနိဗ္ဗာန်ရေတယ်ဆိုတဲ့ နောက်ဆုံးအကုသိုလ်၏အကျိုး ပေးခြင်းဖြင့် ပေးလိုက်ပါတယ်။

ဒါ့ကြောင့် အရှေ့အရှပ်ဆိုတဲ့ မိဘကို ပြုစုလုပ်ကျွေးရမယ်၊ ပြုစုလုပ်ကျွေးရုံတင်မကပဲနဲ့ အရိုအသေပြု အလေးအမြတ်ထား ပြုစုလုပ်ကျွေးရုံတင်မကပဲနဲ့မစော်ကားရဘူးဆိုတာလည်း အရေး ကြီးတဲ့အကြောင်းဆိုတာမှတ်ပြီးတော့ထား။

ဒီတော့ ဒီကနေ့ခေတ်တော့ ဘယ်လိုဖြစ်လာသလဲဆိုလို့ရှိယင် တချို့တချို့ မလုပ်ကျွေးရုံတင်မကပဲနဲ့ အဲဒီ ရှင်မောဂ္ဂလာန်ရဲ့ အလောင်းတို့လို ရိုက်နှက်ပြီးတော့ မသတ်ယင် ကံကောင်းပဲ တဲ့။

အဇာတသတ်လက်သစ်၊ အဇာတသတ်သင်တန်းဆိုပြီးတော့ လွန်ခဲ့တဲ့နှစ်တော်တော်ကြာလေးတုန်းက ဘုန်းကြီးတို့ပရိသတ်မကြားလိုက်ဘူးလားလို့။

ဟို....ပြည်မြို့ရဲ့ အရှေ့ဘက်နားက တောကြီးထဲက ထွက်လာတဲ့အသံဟသံလေ၊ အဇာတသတ်သင်တန်း တဲ့၊ လုပ်လိုတ်ကြတာ အကုန်လုံးပျက်စီးကုန်လို့ ဒီကနေ့မကျန်တော့ဘူးနော်၊ ပရာဘဝ - ပျက်စီးခြင်းရဲ့ အကြောင်းဆိုတာ ဘယ်လောက်မှန်လိုက်သလည်းဆိုတာကြည့်၊မြတ်စွာဘုရားရဲ့ဒေသနာတော်တွေဟာမလွဲပါဘူး။

' ဒါကြောင့် မိအိုဘအိုများကို လုပ်ကျွေးရမယ်၊ ရိုရိုသေသေ လုပ်ကျွေးခြင်းသည် လောကကြီးပွားကြောင်း ကောင်းမြတ်တဲ့ မင်္ဂလာတရားတပါး၊ အဲဒီလိုမလုပ်ကျွေးဘူးဆိုလို့ရှိယင် လောကပျက်စီးကြောင်း သံသရာမှာလည်း ပျက်စီးကြောင်း....

ရှင်မောဂ္ဂလာန်ကြီးကဲ့သို့ နောက်ဆုံး ဘဝရဟန္တာကြီးဖြစ် နိဗ္ဗာန်ဝင်တဲ့ နေ့မှာတောင်မှ အဲဒီလိုကြားလို မကောင်းအောင် လူဆိုးတွေ အရိုက်ခံရတဲ့ဒုက္ခမျိုးဖြင့် ဖြစ်ဘတ်တယ်လို့ အဲဒါကို နှလုံးသွင်းပြီးတော့ထား။

ဘုန်းကြီးတို့တရားနာပရိသတ်များအနေနဲ့ မိဘလုပ်ကျွေးဖို့ကို ဘုန်းကြီးတို့ဟောရမယ်ဆိုလို့ရှိယင် ဒါလဲ တခမ်းတနားကြီးပါပဲ၊ ယခုနက သိင်္ဂါလောဝါဒကြီးတွေသွင်းပြီးတော့ ကူးထားတယ်၊ သံယုတ္တနိကာယ်က ပရိဇိန္နဗြာဟ္မဏဝတ္ထုဆိုပြီးတော့ အဲဒီမှာသုတ္တန်ကြီးတခုရှိတယ်၊ အဲဒါသွင်းလိုက်ဦးမယ်လို့ စိတ်ကူးတော့ထားတာပဲ။

ကိုင်း....ဘယ်လို ဖြစ်သွားသလည်းဆိုတော့ အိုဗာတိုင်းမှာ ဘနာရီကို အိုဗာတိုင်းဖြစ်သွားတယ် နေ့၊ ဆယ်နာရီခွဲပြီ နဲ့နဲ့ပဲလို့ တွေ့တယ်။

# တတိယပိုင်း

## ပဌမမြောက် ဂါထာကို ဟောတော်မူ၏

ဒီကနေ့ ဘုရားဟော ပါဠိတော်အနေနှင့် ပဌမဂါထာပုဒ် စမယ်၊ အဲဒီပဌမဂါထာပုဒ်ရဲ့ ရှေ့နားမှာ နတ်သားကလေးက မြတ်စွာဘုရားအား လျှောက်ထားတဲ့ ဂါထာတပုဒ် ကြားထဲမှာ ပါလာတယ်။

ဘုရားဟောပါဠိတော်ပုဒ်ပြီးတိုင်းပြီးတိုင်း သိကြားမင်း စေလွှတ်အပ်သော ထိုနတ်သားကဒီပရာဘဝမုခတွေနောက်ယပ်ရှိပါ သေးသလား ဘုရား ရှိသေးယင်မိန့်တော်မူပါဦးဘုရားလို့ တပုဒ် ဆုံးယင်တခါဝင်လျှောက်ယင်းတပုဒ်ဆုံးယင်းတခါဝင်လျှောက် ယင်း၊ လျှောက်တယ်၊ အဲဒီလိုလျှောက်တဲ့စကားရပ်များကို—

ဣတိဟေတံ ဝိဇာနာမ၊ စတုတ္ထော သောပရာဘဝေါ။
ပဉ္စမံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတောမုခံ။

လို့ ပါဠိတော်မှာ သင်္ဂါယနာတင်ထားတယ်။

ဘန္တေ၊ ဘုန်းတော်ကြောင့် စုံဘုန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ရှင်တော်မြတ်ဘုရား။ ကုတော်၊ ဤသို့။ ယထာဃေနအာကာရေန၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ဘဂဝါ၊ ဘုရားရှင်ကိုယ်တော်မြတ်သည်။ တေပရာဘဝမုခံ၊ ထိုမိအိုဘအိုများကို မလုပ်ကျွေးခြင်းဆိုတာ ပျက်စီးခြင်းဆိုတဲ့အကြောင်း တရားကိုဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်ပါ၏။ ဘဂဝါ၊ ဘုရားရှင်သည်။ အာဟ၊ ဟောတော်မူခဲ့ပါပေ၏။

တေပရာဘဝမုခံ၊ ထို မိအိုဘအိုတို့ကို မလုပ်ကျွေးခြင်း ဆိုတာ ပျက်စီးခြင်းရဲ့အကြောင်းပါပဲဆိုတဲ့အကြောင်းကို။ မယံ၊ ဘုရားတပည့်တော်တို့သည်။ တထာတေနအာကာရေန၊ ဟိုရှင်တော်ဘုရားတော်မူခဲ့သည့်အတိုင်း။ ဝိဇာနာမ၊ ငင်းစွဲထင်ထင် သိမြင်ကြရပါကုန်သည်မြတ်စွာဘုရား။

သော၊ ထိုမိအိုဖအိုများအား မလုပ်ကျွေးခြင်းသည်။ စတုတ္ထော၊ လေးခုမြောက်သော။ ပရာဘဝေါ၊ ပျက်စီးခြင်းပါမြတ်စွာဘုရား။

ပဉ္စမံဘဂဝါဗြူဟိ၊ ကိံပရာဘဝတောမုခံ။

ဘဂဝါ၊ ရှင်တော်မြတ်ဘုရားသည်။ ပဉ္စမံ၊ ငါးခုမြောက်ဖြစ်သော။ ပရာဘဝတောမုခံ၊ ပျက်စီးခြင်းရဲ့အကြောင်းကို။ ဗြူဟိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူပါတော့သည် အရှင်ဘုရား။

ပဉ္စမံ၊ ငါးခုမြောက်ဖြစ်တဲ့၊ ပရာဘဝတော၊ ပျက်စီးခြင်းရဲ့။ မုခံ၊ အကြောင်းတရားသည်ကား။ ကိံ၊ အဘယ်တရားပင် ဖြစ်ပါတော့သည်၊ အရှင်ဘုရား။

ဣတိ၊ ဤသို့။ ဒေဝပုတ္တော၊ သိကြားမင်းစေလွှတ်တိုက်တွန်း အပ်တဲ့နတ်သားကလေးသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက် ပါး သခင်ဘုရားရှင်ကို။ ဂါထာယ၊ ဂါထာပုဒ်ဖြင့်။ အဇ္ဈဘာသိ၊ ရှေ့နားတော်ကြားအောင် လျှောက်ထားရှာလေတော့သတည်း။

"သာဓု....သ.ဓု—သာဓုပါဘုရား"

စတုတ္ထမြောက်ဂါထာပုဒ်ဖြင့်မိအိုဘအိုများအား မလုပ်ကျွေး ခြင်းဆိုတာ ပျက်စီးခြင်းအကြောင်းတရားပါပဲဆိုတာ ဘုရား တပည့်တော်များသိရပါပြီ မြတ်စွာဘုရား၊ ပဉ္စမမြောက်ပျက်စီး ခြင်းရဲ့ အကြောင်းတရားသည်ကား အဘယ်တရား ဖြစ်ပါတော့ သနည်း မြတ်စွာဘုရား။

ဤသို့လျှောက်ထားတဲ့အခါမှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က—

ပဉ္စမမြောက်ပျက်စီးခြင်း အကြောင်းတရား (၁)ပါး

(၅) ယောဗြာဟ္မဏံ သမဏံဝါ၊ အညံဝါပိ ဝနိဗ္ဗကံ။

မုသာဝါဒေန ဝဉ္စေတိ၊ တံပရာဘဝတောမုခံ။လို့ ပဉ္စမ မြောက်ဂါထာကိုဘုရားရှင်ကိုယ်တော်မြတ်မိန့်တော်မူလိုက်တယ်။

ဒေဝပုတ္တ၊ အို--နတ်သား။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဗြာဟ္မဏံဝါ၊ မကောင်းမှု မှုန်သာ ၊တို့ကို ခွါရှောင်ပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ် နေတဲ့ သူတော်ကောင်းကိုလည်းကောင်း။ သမဏံဝါ၊ ကိလေ သာငြိမ်းကြောင်း အကျင့်ကောင်းကို ကျင့်ကြံကြိုးကုတ် အား ထုတ်နေတဲ့ ရဟန်းတော်ကိုလည်းကောင်း။ အညံ၊ အဲဒီသမဏ ဗြာဟ္မဏမှတပါးသော။ ဝနိဗ္ဗကံဝါပိ၊ အလှူခံပြီးတော့ စား

ပါတယ်ဆိုတဲ့ ပုန်းတောင်းယာစကာ ပုဂ္ဂိုလ်မျိုးကိုလည်းကောင်း။

မုသာဝါဒေန၊ မုသာဝါဒဆိုတဲ့ လိမ်လည်လှည့်ဖြားသောစကားဖြင့်။ ဝဉ္စေတိ၊ လှည့်ပတ်၏။ တံ၊ ထိုသမဏ ဗြာဟ္မဏ ပုန်းတောင်ယာစကာဆိုတဲ့ ပုဂ္ဂိုလ်အပေါင်းတို့အား မုသာဝါဒဖြင့် လိမ်လည်လှည့်ဖြားခြင်းသည်လည်း။ ပရာဘဝတော၊ ပျက်စီးခြင်းရဲ့။ မုခံ၊ အကြောင်းတရားပါပေတည်း။

ဣတိ၊ ဤသို့။ ပဉ္စမံ၊ ငါးခုမြောက်ဖြစ်သော။ ပရာဘဝမုခံ၊ ပျက်စီးခြင်းရဲ့အကြောင်းတရားကို။ ဘဂဝါ၊ ဘုရားရှင်ကိုယ်တော်မြတ်သည်။ အဘာသိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါဘုရား"

ပဉ္စမမြောက် ပျက်စီးခြင်းရဲ့ အကြောင်းတရား—

(၁) ဗြာဟ္မဏံဝါ

(၂) သမဏံဝါ

(၃) အညံဝါပိ ဝနိဗ္ဗကံ— ရယ်လို့ သချပ်သုံးခုထုတ်တယ်။

အဲဒီ ဗြာဟ္မဏပုဂ္ဂိုလ် သမဏပုဂ္ဂိုလ် ထိုသမဏ ဗြာဟ္မဏမှတပါး ဖြစ်တဲ့အလှူခံသွားတဲ့ ပုဂ္ဂိုလ်အမျိုးအစားတွေကိုလိမ်လည်တဲ့စကား ဖြင့် သူဟာ လှည့်ပတ်တယ်၊ လိမ်လည်တဲ့စကားဖြင့် ဘယ်နှယ်လှည့်ပတ်သလည်းဆိုလို့ရှိယင် အဋ္ဌကထာကဖွင့်တာ—

"ဝဒတဘန္တေ ပစ္စယေန"

ဒကာကသွားပြီးတော့လျှောက်တယ်၊ အဲဒီသမဏ ဗြာဟ္မဏ ဝန်ဗ္ဗကဆိုတဲ့ ပုဂ္ဂိုလ်သုံးမျိုးကို။

သမဏဆိုတာ ဘုန်းကြီးတို့ တရားပွဲများမှာ မကြာမကြာ ပြောဘူးပါတယ်၊ သမဏဆိုတာ ကိလေသာငြိမ်းကြောင်း၊ သီလသမာဓိပညာ သိက္ခာသုံးပါး ကျင့်နေတဲ့ သာသနာတော်တွင်း ရဟန်းတော်များ၊ အဲဒါတိုက်ရိုက်အားဖြင့် ဒီလိုပဲ ယူရမယ်။

ဗြာဟ္မဏကျတော့ သူက အဓိပ္ပါယ်အမျိုးမျိုး ရသွားတယ်၊ ဝေဒကျမ်းတွေကို သင်ကြားပို့ချနေပြီးတော့ ဗြဟ္မာကြီးက ဆင်းသက်လာတဲ့ သူတို့ကိုသူတို့ ဗြာဟ္မဏဆိုပြီးတော့ ယူနေတဲ့ ပုဏ္ဏားမျိုးတွေကလည်း သူတို့က ဗြာဟ္မဏပဲ၊ ဗြဟ္မာကြီးက ဆင်းသက်လာလို့--

ဗြဟ္မာကြီးက ဘယ်နှယ်ဆင်းသက်လာသလည်း၊ ကမ္ဘာဦး လူတွေကို ဗြဟ္မာကြီးက ဖန်ဆင်းတဲ့အခါကျတော့ အဲဒီပုဏ္ဏား မျိုးတွေကို ဗြဟ္မာမင်းကြီးက ခံတွင်းကနေပြီးတော့ ဖန်ဆင်း လွှတ်လိုက်တယ်-- တဲ့။

အယူဝါဒတမျိုးစီ တခြားစီ

ဗြာဟ္မဏာ ဗြဟ္မုနော မုခတော နိက္ခန္တာ

ပုဏ္ဏားတွေဟာ သူတို့ရဲ့ မဟာဗြဟ္မာမင်းကြီးကနေပြီးတော့ လောကလူသားစတင်ဖန်ဆင်းတဲ့အချိန်မှာ ဗြဟ္မာမင်းကြီးရဲ့ ခံတွင်းထဲက ပါးစပ်ထဲကနေပြီးတော့ ပုဏ္ဏားမျိုးကို ဖန်ဆင်း လွှတ်လိုက်တယ်--တဲ့၊ အထက်တန်းကျတယ်ပေါ့။

မင်းမျိုးတွေကျတော့ ဘယ်ကဖန်ဆင်းထုတ်သလည်းဆိုယင် ရင်ဘတ်ကနေ ဖန်ဆင်းပြီးတော့ ထုတ်တယ်၊ ကုန်သည် လယ်လုပ်အမျိုးတွေကျတော့ ချက်ကနေ ဖန်ဆင်းပြီးတော့ ထုတ်တယ်၊ ခုဒ္ဒါစာရလို့ ခေါ်တဲ့ သေးသိမ်တဲ့ အလုပ်တွေကို လုပ်ရတဲ့ လူဆင်းရဲမျိုးကျတော့ ဒူးခေါင်းက ဖန်ဆင်းထုတ်တယ်၊ တဖြည်းဖြည်း အောက်ဆင်းသွားပါတယ်။

ဘုန်းကြီးတို့ သာသနာတော်က ဂေါတမဘုရားရဲ့ တပည့်ရဟန်းတော်တွေကျတော့ ဗြဟ္မာကြီးက ခြေဖမိုးက ထုတ်လိုက်တာလို့ အဲဒါ ဗြာဟ္မဏဝါဒရဲ့ အယူအဆလေးပေါ့၊ ဒါကြောင့် ကမ္ဘာလောကမှာ သူတို့ဗြဟ္မာကြီးက ဖြစ်လာတယ်ဆိုတဲ့ သူ့လောက၊ သူကတော့ တော်သေးတယ်၊ ဒီကနေ့လူတွေ ဘယ်ကဖြစ်လာတုံး ဆိုလို့ရှိယင် ဗြာဟ္မဏဝါဒအရပြောယင် ဗြဟ္မာကြီးက ဖြစ်လာတာ၊ ဗြဟ္မာကြီး ဖန်ဆင်းလွှတ်လိုက်လို့ဖြစ်ပေါ်လာတာ၊ တော်သေးတယ်။

ခရစ်ယာန်ဝါဒအရ ဆိုလို့ရှိယင်လည်းပဲ သူတို့ရဲ့ထာဝရဘုရားသခင်က ဖန်ဆင်းလို့ ဒေဝဥယျာဉ်ကြီးထဲမှာ ဖန်ဆင်းလိုက်တယ်ဆိုတဲ့ အကြောင်းတွေ ဒါတွေက ဘုန်းကြီးတို့ပရိသတ်အသိများတယ်၊ သိပ်မဆိုးသေးဘူး တော်သေးတယ်၊ ဒါဝင်တို့ကျတော့ လူဘယ်ကဖြစ်လာလည်းဆိုတော့ တိရစ္ဆာန်ကနေ ဖြစ်လာတာ၊ မျောက်ကနေဖြစ်လာတာ။

ဒီတော့-- ဘုန်းကြီးတို့ပရိသတ် ဒီကနေ့ တရားနာနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဒါဝင်သီအိုရီကို လက်ခံမယ်ဆိုလို့ရှိယင် တို့ဟာ

မျောက်ကနေ၊ တိရစ္ဆာန်ကနေဖြစ်လာတာလို့ အဲဒီလိုတိရစ္ဆာန်မျိုးတွေဆိုတဲ့ စကားကို လက်ခံချင်လည်း လက်ခံကြပေါ့။

ဒီတော့— လူဖြစ်ပုံကို ကြံစည်ကြတာ တွေးတောကြတာ တွေ့ဟာ ဟုတ်တာမဟုတ်တာထား၊ ဗြဟ္မာက ဖန်ဆင်းတယ်ဆိုတာက နည်းနည်းတော်သေးတယ်၊ သူကအထက်တန်းကျတယ်၊ ယာဝေ ဘုရားသခင်က ဖန်ဆင်းလွှတ်လိုက်တယ် ဆိုတာလည်း သိပ်မဆိုးသေးဘူး တော်သေးတယ်။ အစ္စလာမ်ဘာသာအရ ဆိုလို့ရှိယင် အလ္လာအရှင်မြတ်က ဖန်ဆင်းလွှတ်လိုက်တာ ဒါလည်း မဆိုးသေးဘူး တော်သေးတယ်။

အဲဒါ တိရစ္ဆာန်က ဖြစ်လာပြီးတော့မှ တဖြည်းဖြည်း အမျိုးတွေကို သွားပြီးတော့လူဖြစ်လာတယ်ဆိုတာ အဲဒါမှဆိုးတာ၊ အဲဒါ ကမ္ဘာ့ဒေကျူးဖူးရှင်ကြီး--တဲ့၊ အဲဒီပုဂ္ဂိုလ်ကြီးကို ဒီကနေ့ ကမ္ဘာက အမွန်းတင်သေးတယ်။

ဒါတွေနှင့် ပတ်သက်ပြီးတော့ ပြန်ပြောရယင်တော့ ဟိုတနေ့ ကျည်တော်ပွဲမှာ ဟောခဲ့တဲ့အတိုင်းပဲ အသန္တသညပိယာဟောန္တိ၊ ဒီအထဲသွားမှာပေါ့၊ အသန္တလို့ခေါ်တဲ့ ယုတ်မာတဲ့ ပုဂ္ဂိုလ်တွေကို တယ်ပြီးတော့ အမြတ်တနိုး ထိပ်တန်းတင်တဲ့ လောကဆိုတာ ဒီအတိုင်းဖြစ်နေတယ်။

## သမဏ ဗြာဟ္မဏ အစိပ္ပါယ်

ဒီတော့ ယင်သားပါအော့၊ ဗြာဟ္မဏ အမျိုးဆိုတာဟာ ယခုပြောခဲ့တဲ့ သမုတိဗြာဟ္မဏ၊ ယခုပြောခဲ့တဲ့ ဗြာဟ္မဏ မျိုးသည် အဲဒါသမုတ်ဗြာဟ္မဏ သူတို့ကိုသူတို့ဗြာဟ္မဏလို့၊ သမုတ်ထားတဲ့ အတွက်ကြောင့် အဲဒါ ဗြာဟ္မဏမျိုးခေါ်တာ။

အရိယာဇာတ်ကို ဝင်ရောက်လာတဲ့ အရိယာ ဗြာဟ္မဏမျိုး ကျတော့ ဒီလိုမဟုတ်ဘူး၊ ဗြာဟ္မဏဆိုတာ—

ဗာဟိတပါပေါ ယသ္မာတိဗြာဟ္မဏော

အဓိပ္ပါယ်ဘာပြောတုံးဆိုလို့ရှိယင်--

ခွါရှောင်ထားတဲ့၊ ပယ်ထားတဲ့ မကောင်းမှုတွေရှိတယ်။ အဲဒါက သဒ္ဒါဝါကျကို ဟောက်လျှောက် ဘာသာပြန်တော့ နားလည်ရန် ခက်သွားပြန်တယ်။

ပယ်ထားတဲ့ မကောင်းမှုရှိတယ်၊ ရှင်းရှင်းပြောရယင် မကောင်းမှုတွေကို အကုန်ပယ်ထားတဲ့ ပုဂ္ဂိုလ်ဟာ ဗြာဟ္မဏ—

ဗာဟိတဆိုတာက ပယ်ထားတာ

ပါပဆိုတာက မကောင်းမှု

အဲဒီဗာဟိတ ပါပပုဂ္ဂိုလ် ဗြာဟ္မဏဖြစ်အောင် သဒ္ဒါနည်းနှင့် ဘုန်းကြီးတို့စာပေနယ်ရဲ့ အတွေးအခေါ် အကြံအစည်လေ၊ ဗာဟိတ ပါပဆိုတဲ့ ပုဂ္ဂိုလ်ဗြာဟ္မဏဖြစ်အောင် လုပ်လိုက်ပြီးတော့ အဓိပ္ပါယ်ဖော်တဲ့ အခါကျတော့ မကောင်းမှုတွေကို ခွာရှောင်တဲ့ ပုဂ္ဂိုလ်ဟာ ဗြာဟ္မဏ၊ အဲဒါအရိယာ ဗြာဟ္မဏ။

ဘုန်းကြီးတို့ ဒီကနေ့ တရားနာပရိသတ်လည်းပဲ အကယ်၍ ဒုစရိုက် ဆယ်ပါး မကောင်းတရားတွေကို ခွာရှောင်ပြီးတော့ နေကြမယ်ဆိုလို့ရှိယင် ကိုယ့်ကိုကိုယ် ဗြာဟ္မဏလို့ အဲဒါ လက်ခမောင်းခတ်နိုင်တယ်--

အဲဒီမကောင်းမှုတွေကို ရှောင်နေရုံနှင့် မပြီးသေးဘူးတဲ့၊ ကိလေသာဘာဆိုးတွေကို ငြိမ်းသွားအောင် ကျင့်မယ်ဆိုယင်

"သမဏ" စာရင်းကို ဝင်သွားမယ်။ ဗြာဟ္မဏနှင့် သမဏ အဓိပ္ပါယ်က ဒီလိုသွားတယ်။

မကောင်းတဲ့ ဒုစရိုက်တရားတွေကို ခွါရှောင်နေရုံနှင့်တော့ တို့မပြီးသေးဘူး၊ တို့ရဲ့သံသရာတခွင်လုံးကပါလာတဲ့ ကိလေသာ တရားတွေကို ငြိမ်းအောင် ကျင့်ဦးမှပဲဆိုပြီးတော့ အဲဒီကိလေသာ ဆယ်ပါးတရားတို့ကို ငြိမ်းအောင် ကျင့်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကျတော့ သမဏ၊

ကိလေသာသမေတီတိသမဏော

ကိလေသာ ငြိမ်းအောင်ကျင့်တဲ့ ပုဂ္ဂိုလ်သည်သမဏ—တဲ့

ဒီတော့ယင် ဒီကနေ့တို့တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် မကောင်းမှုကိုလည်း ခွာရှောင်ကြမယ်၊ ကိလေသာတွေကိုလည်း ငြိမ်းအောင် ကျင့်ကြမယ်ဆိုယင် ဗြာဟ္မဏ အမည် (၂) မျိုးရနိုင်တယ်။

ဘုန်းတော်ခြောက်ပါး သခင်ဘုရားရှင် ကိုယ်တော်မြတ်ကတော့ သာသနာတော်ထမ်း ရဟန်းတော်တွေဟာ သီလသိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းပြီးတော့ နေကြမယ်ဆိုယင် မကောင်းတာတွေ အကုန်လုံး ကင်းရှင်းပြီးတော့ နေတဲ့အတွက်ကြောင့် အဓိသီလသိက္ခာ ဖြည့်ကျင့်ပြီးတော့နေကြတဲ့ ရဟန်းတော်တွေဟာ ဗြာဟ္မဏ—

အဝိစိတ္တာဆိုတဲ့ သမာဓိလုပ်ငန်း အဓိပညာဆိုတဲ့ ဝိပဿနာလုပ်ငန်း၊ အဲဒီသီလ သမာဓိ ပညာဆိုတဲ့ သိက္ခာသုံးပါး အကျင့်တရားတို့သည် သီလကို ကျင်သုံးယင်မကောင်းတာတွေ ရှင်းသွားပြီ—တဲ့၊ ဗြာဟ္မဏစာရင်းဝင်တယ်၊ သမာဓိပညာကို ကျင့်

မယ်ဆိုယင် နိဝရဏ ငါးပါးနှင့် ကိလေသာ ဆယ်ပါးချုပ်ငြိမ်းတဲ့ အကျင့်ဖြစ်ခြင်းကြောင့် အဲဒါက သမထစာရင်းဝင်တယ်။

## ပုဂ္ဂိုလ် (၃) မျိုးကို လိမ်လည်လှည့်စားယင်

ဒီတော့— သိက္ခာသုံးပါးကို ကြည့်မယ်ဆိုယင် သီလဟာ ဒုစရိုက်တွေကို မကောင်းတာတွေကို ချုပ်ငြိမ်းစေတဲ့ အကျင့်၊ ကာယဒုစရိုက် ဝစီဒုစရိုက်လို့တဲ့ အဲဒီကာယ ဝစီနှစ်ပါးမှာဖြစ်တဲ့ ဒုစရိုက်တွေကို ရှောင်ထားတာ ရှောင်ထားတာ ပယ်ထားတာဟာ ဗြဟ္မစရိယ့်ရဲ့အလုပ်၊ အဲဒါတွေကို သီလနှင့်ပယ်ရမယ်၊ စိတ်ထဲမှာဖြစ်နေတဲ့ ကိလေသာ တရားတွေကျတော့ သမာဓိ ပညာနှစ်ပါးနှင့် တိုက်ရားနာရသတ် အဲဒါပယ်ရမယ်။

ဒါကြောင့်– ဒုစရိုက်ဆယ်ပါးကို ရှောင်နေတဲ့ ပုဂ္ဂိုလ်သည် ဗြဟ္မစာရီ၊ စိတ်မှာဖြစ်နေတဲ့ ကိလေသာ တရားတွေကို ငြိမ်းသွားအောင် သမာဓိ ပညာကျင့်နေတဲ့ ပုဂ္ဂိုလ်တွေဟာ သမထ— လို့ ဒီလိုမှတ်လိုက်၊ အဲဒီသမထ ဗြဟ္မစရိယ စာရင်းဝင်သည်ဖြစ်စေ၊ ပဝင်သည်ဖြစ်စေ သူတပါးထံ အလှူခံပြီးတော့ စားနေတဲ့ပုဂ္ဂိုလ်တွေကိုတော့ ဝနိဗ္ဗက၊

သမထစာရင်းဝင်နေတဲ့ ပုဂ္ဂိုလ်လည်းပဲ အလှူခံစားတာရှိတယ်၊ ဗြဟ္မစာရင်းဝင်တဲ့ ပုဂ္ဂိုလ်တွေလည်းပဲ အလှူခံစားတာရှိတယ်၊ အဲဒီလို သမထ ဗြဟ္မစာရင်းဝင်ပြီးတော့ အလှူခံစားတဲ့ ပုဂ္ဂိုလ်ကျတော့ ဝနိဗ္ဗကလို့ သီးခြား အမည်မတပ်တော့ဘူး၊ မြင့်မြတ်တဲ့ သမထ ဗြဟ္မစာဆိုတဲ့ ဝေါဟာရနှင့် သူတို့ကို ခေါ်တယ်၊ အဲဒီသမထ ဗြဟ္မစာရင်းမှ အ

လွတ်ဖြစ်တဲ့ အလှူခံပြီးတော့ စားသုံးကြတဲ့ ပုဂ္ဂိုလ်များကြ တော့ စာပေက ဝနိဗ္ဗကလို့ခေါ်တယ်။

အဲဒီလို ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းကို ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ သမဏဆိုတဲ့ ရဟန်းတော်များ၊ မကောင်းမှုတွေကို ခွါရှောင်ပြီးတော့နေကြတဲ့ ပုဂ္ဂိုလ်များ၊ သူတပါးထံမှာ အလှူခံပြီးတော့ စားရတဲ့ဒကာ ဒကာမတို့ရဲ့ ပစ္စည်းလေးဖြာကို မှီပြီးတော့ နေရတဲ့ သူတော်ကောင်းများ၊ အဲဒီပုဂ္ဂိုလ်(၃)မျိုးကို—

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ မှသာဝါဒေန၊ မုသာဝါဒ စကားဖြင့်။ ဝဥ္စေတိ၊ လိမ်လည်လှည့်ဖြားတတ်၏ (ဝါ) လှည့်ပတ်တတ်၏။

ကောင်းတဲ့အကျင့်ကို ကျင့်သုံးနေကြတဲ့ ပုဂ္ဂိုလ်တွေကို ခဏခဏ လိမ်တတ်တဲ့ ပုဂ္ဂိုလ်များဟာ ပျက်စီးတတ်တယ်၊ လိမ်တယ်ဆိုတာ တို့တရားနာ ပရိသတ်များ မိုက်တဲ့လူအချင်းချင်း လိမ်နေတာက တော်သေးတယ်၊ သူတော်ကောင်းကို လိမ်ယင် အဲဒီပုဂ္ဂိုလ်သိပ်အပြစ်ကြီးတယ်၊ ဒီလိုဆိုလိုပါတယ်။

## ပစ္စုပ္ပန်အခြေအနေကိုပြပြီးလှည့်ဖြား

လိမ်တာက ဘယ်နှယ်လိမ်သလည်း ဆိုလို့ရှိယင်တော့ ဘုန်းကြီးဒီစကားသိပ်တော့မပြောချင်ပါဘူး၊ ဘာပြုလို့လည်း ဆိုတော့ ပစ္စည်းလေးပါးနှင့် ပတ်သက်တဲ့ စကားဖြစ်နေတယ်၊ စာပေရှိတဲ့အတိုင်းတော့ ပြောရမယ်ပေါ့လေ။

"ဝဒ ဘန္တေ ပစ္စယေန"

ဘန္တေ၊ အရှင်ဘုရား။ ပစ္စယေန၊ လေးပါးဖြင့်။ ဝဒ၊အလိုရှိတဲ့အခါမှာ မိန့်တော်မူပါဘုရား။

ပစ္စည်းလေးပါး အလိုရှိယင် တပည့်တော်ကို တောင်းပါဘုရား၊ အဲဒီလို ဖိတ်ကြားထားတာ အဲဒီလို ဖိတ်ကြားပြီးတော့ထားတယ်။

ခုနက သမဏ ဗြာဟ္မဏ ဝနိဗ္ဗကဆိုတဲ့ ပုဂ္ဂိုလ်များကို၊ အလှူခံစာတဲ့ ပုဂ္ဂိုလ်များကို ပစ္စည်းလေးပါးအလိုရှိ တောင်းတော်မူပါဘုရားလို့ ဖိတ်ကြားထားပြီးတော့၊ တကယ်သွားတောင်းပြီ ဆိုတဲ့အခါကျတော့ ဟိုလှည့်ဒီလှည့်နှင့် အဲဒါမလှူတော့ဘူး၊ အဲဒါစာပေရှိတဲ့သူ့ အငြိပါယ်ပဲ။

## ပစ္စုပ္ပန္နေသု ဗျသနံ ဒဿေတိ

ပစ္စုပ္ပန္နေသု၊ ပစ္စုပ္ပန်လက်ငင်းဖြစ်၍ နေကြကုန်သော။ ကိစ္စေသု၊လူမှုကိစ္စတို့၌။ ဗျသနံ၊ပျက်စီးနေဘာကို။ ဒဿေတိ၊ပြ၏။

စောစောတုန်းကတော့ လောကွတ်လုပ်ပြီးတော့ ဖိတ်လိုက်တာပဲ၊ လှူပါမယ်ဘုရား၊ အလိုရှိတာ တောင်းတော်မူပါဆိုပြီးတော့ ဖိတ်လိုက်ကာ၊ ဖိတ်လိုက်ပြီးတော့ တကယ်သွားတောင်းပြီ၊ အလှူခံပြီဆိုတဲ့ အခါကျတော့ ပစ္စုပ္ပန် လောလောလတ်လတ် ပျက်စီးနေတာတွေကို သူကပြောတယ်—တဲ့ ။

မလှူနိုင်ဘူးလို့ မပြောသေးတောင်မှ တပည့်တော် စီးပွားရေးတွေက ဘယ်လိုဖြစ်နေလို့ သားတွေက ဘယ့်နှယ်ကြောင့်၊ သမီးတွေက ဘယ့်နှယ်ကြောင့် သား ကျောင်း ထား ရတာက ဘယ်လောက်ကုန်တယ်၊ သမီး ကျောင်း ထား ရ တာ က ဘယ်

လောက်ကုန်တယ်၊ အိမ်တွင်းရေးကိစ္စတွေကြောင့် ပိုက်ဆံတွေက ဘယ်၍ဘယ်မျှကုန်သွားတယ်။

လယ်သမား တယောက်ဆိုလို့ရှိယင်လည်း ဒီနှစ်လယ်တွေက ပျက်လို့စပါးတွေကမရဘူး၊စီးပွားရေးတွေ မဖြစ်ဘူးစသည်ဖြင့် အဲဒီလို လောလောလတ်လတ် ဆုံးရှုံးပျက်စီးပြီးတော့ စီးပွား မဖြစ်တာတွေ တညည်းညည်းတညူညူနဲ့ အဲဒီအလှူခံပုဂ္ဂိုလ် ရှေ့ပြောလွတ်တယ်။

**စောစောကတော့** လှူပါ့မယ် ဘုရားလို့ဖိတ်တယ်၊ အဲဒီလို ညည်းပြီးလွှတ်ဘော့ဟိုက အလှူခံပုဂ္ဂိုလ်ရဲ့ စိတ်ထဲထိခိုက်ပြီးတော့ ငါလာမိတာ မှားလေခြင်းဟ ဆိုပြီးတော့ စိတ်မချမ်းလာပဲနဲ့ ပြန်သွားရရှာတယ်။ အဲဒါ—

ပဋိပ္ပန္နေသု ကိစ္စေသု ဗျသနံဒဿေတိ၊

အဲဒီလို လိမ်တယ်ညာတယ်ဆိုလို့ရှိယင်—

မုသာဝါဒေန၊ မုသာဝါဒစကားဖြင့်။ ဝဋ္ဋေတိ၊ လှည့်ပတ်၏။

တကယ်ပျက်စီးနေလို့ မလှူနိုင်လို့လျှောက်သားတာကို မဆို လိုဘူး၊အပြစ်မရှိဘူး အဲဒါက ပလှူချင်မတန်းချင်တဲ့ အတွက် ကြောင့် သက်သက်မဲ့ အဲဒါလိမ်လွှတ်လိုက်တာဆိုယင် အပြစ်ရှိ တယ်—ဘဲ့၊ အဲဒီပုဂ္ဂိုလ်ဟာ ဒီလောက မကြီးပွားတော့ဘူး၊ သူတော်ကောင်းတို့ရဲ့ အာသာဆန္ဒကို လှဲချော်စေတဲ့အတွက် ကြောင့် ထိုပုဂ္ဂိုလ် ထိုဘဝမှာ မကြီးပွါးတော့ဘူးဆိုပဲ—

အတိတ်နဲ့ အနာဂတ်အခြေအနေကိုပြပြီး လှည့်ဖြား

အတီတေန ပဋိသန္တရတိ
အနာဂတေန ပဋိသန္တရတိ—

ဟိုပြီးလာသေးတယ်

အတီတေန၊ အတိတ်ကကြီးပွါးတိုးတက်နေတဲ့ ပစ္စည်းလေးပါးဖြင့်လည်း။ ပဋိသန္တရတိ၊ စကားစပ်၍ပြော၏။

ဘယ်နှယ်ပြောတုန်းဆိုလိုရှိယင် ကတိုက်တုန်းက လွန်လေပြီးတဲ့ အခြေအနေတုံးက ရှိခဲ့တာကို ပြန်ညွှန်ပြီးတော့ အဲဒီပုဂ္ဂိုလ်ကို မလှူပြစ်မတန်းဖြစ်အောင် လှည့်ပတ်ပြီးတော့ လွှတ်လိုက်တယ်။

ဥပမာ— ဘယ့်နှယ်တုံးဆိုလို့ရှိယင်၊ အလိုရှိတဲ့အခါ တပည့်တော်ထံ အရှင်ဘုရား လာပြီးတော့ အလှူခံပါဘုရား၊ ဥပမာ— သင်္ကန်းဖြစ်ယင် သင်္ကန်းပေါ့ သင်္ကန်းများ အလိုရှိတဲ့အခါပိတ်ကြွားထား။

သင်္ကန်းအလိုရှိပါဘယ်လို့သွားပြီးတော့ ဟောင်းတဲ့အခါကျတော့ ဘယ့်နှယ်ပြောသလည်း၊ မနှစ်တုံးကဘုရား— တပည့်တော်အိမ် သင်္ကန်းဘော့ဝယ်ထားတာ အများကြီး၊ အရှင်ဘုရားတိုလို အလှူငွေပုဂ္ဂိုလ်တွေကို လှူဖို့လို့၊ အဲဒီတုံးကမှ အရှင်ဘုရားကြွမလာ။

ဟို— ညွှန်ပြဲတဲ့ (၇) ရက်လောက်ကတပည့်တော်အိမ်သင်္ကန်းဘော့အသင့်ရှိတယ်ဘုရား၊ ထိုးတွေ အဆင်သင့်ရှိတယ်၊ အဲဒီတုံးကတော့ အရှင်ဘုရားမလာဘူး၊ အဲဒီထိုးတွေ ဖိနပ်တွေ

ဘယ်သူ့ကို လှူလိုက်ပြီ၊ အဲဒါခုတော့ မရှိတော့ဘူး၊ နောင် အဆင်သင့်တဲ့အခါ လှူတာပေါ့ဘုရား။

အဲဒီလို အတီတေန ပဋိသန္တရတိ— အတိတ်က ကြီးပွါးတိုးတက်တာ၊ ရှိဘာနဲ့ပြန်ညွှန်းပြီးတော့ အဲဒီလို လှည့်ပတ်ပြီးတော့ လွှတ်လိုက်တယ်—တဲ့။

အနာဂတေန ပဋိသန္ထရတိ

အနာဂတေန၊ အနာဂတ်စကားဖြင့်လည်း။ ပဋိသန္တရတိ၊ ဆက်စပ်၍ပြော၏။

အနာဂတ်နဲ့ ဆက်စပ်တယ်ဆိုတာက၊ အရှင်ဘုရား— အရှင်ဘုရားအခုရောက်လာတဲ့အိမ်က လှူတော့လှူချင်ပါရဲ့ အိမ်မှာ အခုအဆင်သင့်မရှိသေးဘူး၊ ဘယ်လ ဘယ်ရက်ကျမှ လှူမယ်ဘုရား၊ နောက်နှစ်လ လောက်ကြာယင် ကြွခဲ့ပါ၊ ခြောက်လ လောက်ကြာယင် ကြွခဲ့ပါ၊ သီတင်းကျွတ်ယင် ကြွခဲ့ပါ၊ တန်ဆောင်မုန်းကျယင် ကြွခဲ့ပါ စသည်ဖြင့် အဲဒီလို အနာဂတ်မရောက်သေးတာကို မျှော်ညွှန်ပြီးတော့ အဲဒီကျမှ လှူမယ်ဆိုပြီး ဒီလိုလှည့်လွှဲတယ်။

အတိတ်ပြန်ညွှန်း၍ လှည့်ပတ်ခြင်း၊ အနာဂတ်ကို ညွှန်း၍ လှည့်ပတ်ခြင်း ပလ္လပနံ ပျက်စီးနေသောတွေကို ဖော်ပြ၍ မလှူကြအောင် လှည့်ပတ်ခြင်း၊ အဲဒီလို လှည့်ပတ်ခြင်း အမျိုးမျိုး တို့ဖြင့်—

ဝဍ္ဎေတိ၊ ယခုနက အလှူခံ ပုဂ္ဂိုလ်များအား လှည့်ပတ် လိမ်ညာတတ်၏။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်ရဲ့။ တံ ဝဍ္ဎနံ၊

ထိုကဲ့သို့ မုသာဝါဒဖြင့် လှည့်ပတ်ခြင်းသည်။ ပရာဘဝတော၊ ပျက်စီးခြင်းရဲ့။ မုခ်၊ အကြောင်းတရားပါပေတည်း။

ဘုန်းကြီတို့ တရားနာ ပရိသတ်များ အဲဒါ ပျက်စီးတတ်တယ်—ကဲ့၊ အဲဒါနဲ့ပက်သက်ပြီးတော့ ဘုန်းကြီးတို့ဒါ လောက်ပဲ ပြောချင်တယ်ပေါ့လေ၊ အမိပ္ပါယ် အကျယ် သာစကတွေနဲ့ ရှေ့သွားကြစို့။

ပျက်စီးခြင်းရဲ့ အကြောင်းတရားတပါးပြီးပြီဆိုကြပါစို့ဗျာ ဘာကြောင့်လည်းဆိုလို့ရှိယင် နှစ်ညနဲ့ အပြီးဟောရမှာဆိုတော့ သိပ်ပြီးတော့ အသေးမစိတ်သင့်တဲ့ နေရာ မိတ်နေပြန်ယင်လည်းပဲ ဒါဟာအချိန်တွေ မကြာသင့်ပဲနဲ့ကြာပြီးတော့ တော်တော်ကြာ မကုန်ပဲ ဖြစ်နေပြီးကြေးကျန်နေဦးမယ်။

သမဏ၊ ကိလေသာငြိမ်းအောင် ကျင့်တဲ့ပုဂ္ဂိုလ်များ။

ဗြာဟ္မဏ၊ မကောင်းမှုတွေကို ခွာရှောင်ပြီးတော့ နေတဲ့ သူတော်ကောင်းများ

ဝနိဗ္ဗက၊ အလှူခံပြီးတော့ စားရပါတယ်ဆိုတဲ့ပုဂ္ဂိုလ်အမျိုးမျိုး

အဲဒီလို အလှူခံပုဂ္ဂိုလ်အမျိုးမျိုးအား လှူပါမယ်၊တန်းပါမယ် ကတိပေးသွားပြီးမှ နည်းအမျိုးမျိုးတို့ဖြင့် လှည့်ပတ်ပြီးတော့ မလှူပဲ မတန်းပဲ နေခဲ့ယင် ထိုသူတော်ကောင်း အရှင်မြတ်တို့၏ စိတ်ကိုထိခိုက်အောင် လုပ်တာဖြစ်ခြင်းကြောင့် ထိုပုဂ္ဂိုလ်သည် ဒီဘဝမကြီးပွားတော့ဘူး တဲ့။

မိမိကိုယ်လည်းပဲ အဲဒီလို ပစ္စည်းလေးဖြာ စားရေး ဝတ်ရေး နေရေးနဲ့ ပတ်သက်ပြီးတော့ သူတပါးရဲ့ အလှည့်အပတ်ကိုခံရပြီး

တော့ ဆင်းရဲတတ်တယ်လို့ အဲဒါ ပျက်စီးခြင်းအကြောင်းတပါး အနေနဲ့ရှေးဦးစွာ မှတ်ကြ။

ဆဋ္ဌမမြောက် ပရာဘဝကို ဟောတော်မူပါ

ဣတိဟေတံ ဝိဇာနာမ၊ ပဉ္စမောသော ပရာဘဝေါ။

ဆဋ္ဌမံဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဣတိ ဤသို့။ ယထာယောနအာကာ ရေန၊ အကြောင် သို့သောအချင်း အရာအားဖြင့်၊ ဘဂဝါ၊ ဘုရားရှင်ဘော်ကိုမြတ်သည်။ တံပရာ ဘဝမုခံ၊ ထို သူဘော်ကောင်းတို့အား လိမ်လည်လှည့်ဖြားခြင်း သည် ပျက်စီးခြင်းဆိုတဲ့အကြောင်းတရားကိုဖြင့်။ ဝုတ္တံ၊ ဟော တော်မူအပ်ပါ၏။ ဘဂဝါ၊ ဘုရားရှင်သည်။ အာဟ၊ ဟော တော်မူခဲ့ပါပေ၏။

တံပရာဘဝ မုခံ၊ ထို သူတော်ကောင်းတို့အား လိမ်လည် လှည့်ဖြားခြင်းဆိုတာ ပျက်စီးခြင်းရဲ့ အကြောင်းကို။ မယံ၊ ဘုရားတပည့်တော်တို့သည်။ တထာ တေနအာကာရေန၊ ထိုရှင် တော်ဘုရားဟောတော်မူခဲ့သည့်အတိုင်း။ ဝိဇာနာမ၊ ကောင်းစွာ ထင်ထင်သိမြင်ကြရပါကုန်သည်မြတ်စွာဘုရား။

သော၊ ထို သူတော်ကောင်းတို့အား လိမ်လည်လှည့်ဖြားခြင်း သည်။ ပဉ္စမော၊ ငါးခုမြောက်သော။ ပရာဘဝေါ၊ ပျက်စီး ခြင်းပါမြတ်စွာဘုရား။

ဆဋ္ဌမံဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။

ဘဂဝါ၊ ရှင်တော်မြတ်ဘုရားသည်။ ဆဋ္ဌမံ၊ ခြောက်ခုမြောက် ဖြစ်သော။ ပရာဘဝံ၊ ပျက်စီးခြင်းကို။ ဗြူဟိ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူပါတော့ မြတ်စွာဘုရား။

ဆဋ္ဌမံ၊ ခြောက်ခုမြောက်ဖြစ်တဲ့။ ပရာဘဝံ၊ ပျက်စီး ခြင်းရဲ့။ မုခံ၊ အကြောင်းတရားသည်ကား။ ကိံ၊ အဘယ် တရားပင်ဖြစ်ပါတော့သနည်း အရှင်ဘုရား။

ဣတိ၊ ဤသို့။ ဒေဝပုတ္တော၊ သိကြားမင်းလျှောက်ထိုက် တွန်းအပ်တဲ့နတ်သားကလေးသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက် ပါးသခင်ဘုရားရှင်ကို။ ဂါထာယ၊ ဂါထာပုဒ်ဖြင့်။ အဇ္ဈဘာသိ၊ ရှေးနှုတ်တော်ကြားအောင်လျှောက်ထားလေတော့သတည်း။

"သာဓု...သာဓု...သာဓု ပါဘုရား"

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ငါးခုမြောက် ပျက်စီးခြင်းရဲ့အကြောင်းတရားကို တပည့်တော်များ သိရပါပြီ၊ ဆဋ္ဌမမြောက် ပျက်စီးခြင်းရဲ့အကြောင်းတရားကို ဘုန်းတော် ခြောက်ပါးသခင်ဘုရားရှင် မိန့်တော်မူပါဦးဘုရား။

## ဆဋ္ဌမမြောက် ပျက်စီးခြင်းအကြောင်းတရား (၁) ပါး

ဒီတခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က—

(၆) ပဟူတဝိတ္တော ပုရိသော၊ သဟိရညော သဘောဇနော။
ဧကော ဘုဉ္ဇတိ သာဒူနိ၊ တံ ပရာဘဝတော မုခံ။
ဒေဝပုတ္တ၊ အို—နတ်သား။

ယော၊ ရှိသော၊ အကြင်ယောက်ျားသည်။ ပဟူတဝိတ္တော၊ များစွာသော စည်းစိမ်ဥစ္စာရှိသည်ဖြစ်ပါလျက်။ သဟိရညော၊

များစွာသော ရွှေ ငွေ ရှိသည်ဖြစ်ပါလျက်။ သဘောဇနော၊ မြောက်မြားစွာသော မိမိ၏သုံးဆောင်စရာ ဥစ္စာရှိနေသည်ဖြစ်ပါလျက်။

သာဒုနိ၊ ကောင်းမြတ်တဲ့ သုံးဆောင်စရာတို့ကို။ ဧကော၊ တယောက်တည်းတည်း။ ဘုဥ္စတိ၊ သုံးဆောင်၏။ တံပိ၊ ထိုကဲ့သို့ မိမိမှာ စားဖွယ် ခဲဖွယ် သုံးဆောင်ဖွယ် မြောက်မြားစွာရှိနေသည်ဖြစ်ပါလျက်နှင့်သူတပါးအား မဝေငှ မပေးကမ်းပဲနှင့် မခွဲမဝေပဲနှင့် တယောက်တည်း ကြိတ်၍ သုံးဆောင်ခြင်းသည်လည်း။ ပရာဘဝတော၊ ပျက်စီးခြင်းရဲ့။ မုခံ၊ အကြောင်းတရားပင် ဖြစ်ပါတော့၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင်ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဆဋ္ဌမံ၊ ခြောက်ခုမြောက် ဖြစ်သော။ ပရာဘဝ မုခံ၊ ပျက်စီးခြင်းရဲ့ အကြောင်းတရားကို။ အဘာသိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓု ပါဘုရား"

ဆဋ္ဌမမြောက်ဂါထာမှာ ပဟူတဝိတ္တော၊ မိမိမှာ စည်းစိမ်ဥစ္စာတွေ အများကြီးရှိတယ်။ အဲဒိ စည်းစိမ် ဥစ္စာတွေက ဘာတွေတုန်းဆိုလို့ ရှိယင်—

သဟိရညော၊ ရွှေတွေ ငွေတွေ အများကြီးရှိတယ်။

သဘောဇနော၊ ရွှေ ငွေမှတပါး ဒိပြင် အသုံးအဆောင် စားဖွယ်သောက်ဖွယ်တွေ အများကြီးရှိတယ်။

ကိုယ့်မှာ သုံးလို့လဲမကုန်ဘူး၊ ကိုယ့်ရှိတဲ့စည်းစိမ်နှင့်ကိုယ့်အိမ်ရှိတဲ့လူနှင့်ချိန်ပြီးတော့ ကြည့်လိုက်မယ်ဆိုလို့ရှိယင် သုံးလို့မကုန်စွဲလို့မကုန်အောင် စည်းစိမ်တွေရှိနေပါလျက်နှင့်—

ဇကောဘုဥတိ သာဒုနိ တဲ့

အဲဒီလို ကောင်းတဲ့ အသုံးအဆောင်များ စားပြီ၊သုံးပြီ ဆိုလို့ရှိယင်။ ကောဘုဥတိ၊ တယောက်တည်းစားတယ်။

ဒီတော့ ဒီနေရာမှာ ကောဘုဥတိသာ ဒုနိဆိုတဲ့အပိုဒ်ဟာဘာကြောင့်ထည့်ရသလဲ—

နှစ်သက်စရာ ထုံးတမ်းလေးတခု

မြန်မာ့ထုံးတမ်းစဉ်လာတခုရှိတယ်၊ "အိမ်နီးချင်း၊ဟင်းတခွက်ကမ်း" ဆိုတဲ့ စကားလေးတခုရှိတယ်။ မိမိတို့အိမ်မှာ မွန်မြတ်ဝဲဟင်းကောင်း ဟင်းရလေးများ ချက်ပြီဆိုလို့ရှိယင် ယာဘက်ကအိမ်၊ ဝဲဘက်ကအိမ်။

ဘုန်းကြီးတို့ ကျေးရွာတွေမှာဆိုလို့ရှိယင် အိမ်ကမျက်နှာချင်းဆိုင် အတန်းလိုက်ကြီးတွေ ဆောက်ကြတာများတော့ ဝဲဘက်တအိမ်၊ ယာဘက်တအိမ်၊ မျက်နှာချင်းဆိုင်မှာ တအိမ်ရှိတယ်၊ နောက်ကျောဘက်တော့ အိမ်မရှိဘူး။

အဲဒီလိုဝဲဘက် ယာဘက် မျက်နှာချင်းဆိုင်အနီးအပါးရှိကြတဲ့ အိမ်နီးချင်းများကိုမိမိတို့အိမ်မှာ မွန်မြတ်တဲ့ဟင်းလျာကလေးတွေချက်တဲ့အခါကျတော့ တအိမ်တခွက်စီသွားပြီးတော့ပေးကြတယ်ပို့ကြတယ်။

ရှေးရိုးစဉ်လာ မြန်မာ့အစဉ်အလာအ သိပ်ကောင်းတဲ့အစဉ်အလာအပေးကမ်းကြတယ်၊တို့အိမ်မှာဟင်းကောင်းချက်တယ်ဟေ့ ညည်းတို့အိမ် ဒီဟင်းလေးပေးစမ်းပါရစေ၊ စမ်းကြည့်စမ်းပါ၊ မြိုးကြည့်စမ်းတို့ချက်သားတာ ဘယ်လောက်ကောင်းတုန်းဆိုပြီး တော့သွားပေးလိုက်ပို့လိုက်တယ်။

ဒါတွင်မဟုတ်သေးဘူး၊မိမိတို့ခြံထဲက အသီးအနှံလေးများထွက်လာတဲ့အခါ၊ သရက် ဩဇာ မာလကာမည်သည့်အသီးအနှံပဲ ဖြစ်ဖြစ်ကိုယ့်ခြံထဲက ထူးထူးဆန်းဆန်း မွန်မြတ်တဲ့အသီးလေးတွေများ သီးလာလို့ရှိယင် မိမိတို့ ကြည်ညိုသိမှတ်ဆည်းကပ်ကိုးကွယ်တဲ့ကျောင်းကန်ဆရာသမားများထံ ဦးဦးဖျားဖျားပို့ပြီးတော့ အိမ်နီးချင်းဝေငှပြီးတော့မှ စားကြတယ်။

ဘယ်လောက်ကောင်းတဲ့မြန်မာ့ဓလေ့ထုံးစံလည်းဆိုတာ။ မြန်မာပြည်မှာ မြန်မာလူမျိုးရယ်လို့ရှိလာတဲ့အချိန်ကစပြီးတော့ အဲဒီဓလေ့ထုံးစံဟာရှိလာတာပါ။ အဲဒါကိုအခုမှနာမည်အမျိုးမျိုးတပ်ပြီးတော့အဲဒီစနစ်တွေဟာ မြန်မာပြည်မှာအကုန်ရှိတယ်။

အိမ်တအိမ်ပျက်လို့ပြင်တော့မယ်ဟေ့ ဆိုလို့ရှိယင် ဘုန်းကြီးတို့ကျေးရွာတွေများလယ်သမား ဘယ်ငှားနေရမလည်း ရွာထဲမှာ လုပ်တတ်ကိုင်တတ်တဲ့လူတွေ တအိမ်တယောက်လျှောက်ခေါ် ထမင်းချက်ကျွေးပြီးတော့ ဝိုင်းပြင်လိုက်ကြတာ ပြီးသွားတယ်။

အိမ်လေးတလုံးဆောက်ဖို့ တာဝန်မကြီးဘူး၊ ဓနိတို့ ဖက်တို့သက်ကယ်တို့အဲဒါတွေ မိုးပြီးတော့နေတဲ့အရပ်များဆိုလို့ရှိယင်

(၂)နှစ်တကြိမ် (၃)နှစ်တကြိမ် အိမ်အမိုးဟောင်းတွေ ခွာပြီးတော့ အသစ်မိုးကြရတယ်။

အဲဒါဘယ်ငှားနေရမလည်းအိမ်ခေါင်းမို အသစ်မိုးချင်ယင်ဟိုတယောက် ဒီတယောက်ခေါ်ပြီးတော့ မုန့်ဟင်းခါးလေးကျွေး၊ ကောက်ညှင်းပေါင်းလေးတွေကျွေးပြီးတော့ အဲဒါမိုးလိုက်ကြတာပဲ၊ တနံနက်လောက်မိုးရုံနှင့် အိမ်တလုံးပြီးသွားရော။

ညီလို အကိုလိုတမိတဖထဲကဖွားလာကြတဲ့ပုဂ္ဂိုလ်တွေလိုကျေးရွာတွေမှာဆိုလို့ရှိယင် နေလာကြတဲ့စနစ်တွေ အဲဒီလိုတယောက်နှင့်တယောက်ယဉ်ကျေးမှုအရဖြစ်စေ၊ဘာသာရေးသဘောအရပဲပြောပြောပေါ့လေ၊ အဲဒါဟာ မေတ္တာရှိသဘော တဲ့၊ သူတပါးရဲ့ ကောင်းကျိုးကို လိုလားတဲ့စိတ်၊ သူတပါးအကျိုးကိုဆောင်ရွက်ချင်တဲ့စိတ် တဲ့။

"အဲဒါကို တို့ပရိသတ်ကြပ်ကြပ်မွေးရမယ် နော်"

"မှန်ပါ့ဘုရား"

## ဒါနဥ္စ မင်္ဂလာနဲ့ လည်း ပြည့်စုံတယ်

အဲဒီလို သူတပါး ကောင်းကျိုးစီးပွား လိုလားတဲ့ စိတ်ကြပ်ကြပ်မွေးလို့ရှိယင် ဤလောကကြီးဟာ သိပ်ကောင်းမှာ သိပ်ချမ်းသာမှာ သူတပါး ကောင်းကျိုးဖြစ်စေချင်တဲ့ စိတ်မမွေးသမျှ ကာလပတ်လုံး ဒီ လောက ဘယ်တော့မှ မကောင်းဘူးဆိုတာ တို့ပရိသတ်မှတ်ပြီးတော့ထား။

မေတ္တာရဲ့သဘောဟာ ဒီလိုလာတယ်။ ဗြဟ္မစရိယ— မြတ်တဲ့ပုဂ္ဂိုလ်တွေကျင့်တဲ့အကျင့်၊ သူတပါး ကောင်းကျိုးကို ဆောင်ရွက်ပေးရဘယ်၊ အဲဒါ မေတ္တာရဲ့သဘော။

မင်္ဂလာ တရားတော်အနေနဲ့ ပြန်ပြီးတော့ ကြည့်လိုက်စမ်းပါ—

ဒါနဥ္စမင်္ဂလာ— ပေးကမ်းဝေငှ လှူတန်းခြင်းဆိုတဲ့ ဒါနဥ္စမင်္ဂလာ

အဲဒီလိုဘယောက်နဲ့တယောက် ပေးကမ်းဝေငှ ပြီးနေဆိုင်လာကြတော့ တယောက်နဲ့တယောက် အချစ်မေတ္တာဓာတ်တွေ တိုးပြီးတော့ သူ့ကူညီချင်တယ်၊ ငါ့စောင့်ရှောက်ချင်တယ် ဆိုတဲ့ စိတ်တွေတိုးဘက်လာတယ်။

အခက်အခဲနဲ့ ကြုံပြီဆိုတဲ့ နေ့ကျယင် ပတ်ဝန်းကျင်က အကုန်လုံး အကူအညီရတယ်၊ သူခိုးဟ— သူခိုးဟ ဆိုလို့ရှိယင် ဝိုင်းလိုက်မယ့် ပုဂ္ဂိုလ်တွေဟာ အလိုလိုရောက်လာဘယ်၊ ဘုန်းကြီးတို့ ရန်ကုန်မြို့တော့ အထက်ထပ် သူခိုးခိုးနေယင် အောက်ထပ်က ကြည့်နေတာပဲ၊ ဟိုဘက်ခန်း ဒမြဘိုက်နေယင် ဒီဘက်ခန်းက အသာလေးကြည့်နေလိုက်တာပဲ၊ ဗြဟ္မစရိယလို့ ခေါ်တဲ့ မြတ်တဲ့အကျင့်တွေ ကင်းပြီးတော့ နေကြဘဲ့သဘော ဒါကြောင့်မို့လို့။

ယောပုရိသော၊ အကြင်ယောကျ်ားသည်။ ပဟူတဝိတ္တော၊ မြောက်မြားစွာသော စည်းစိမ်ဥစ္စာ ရှိနေသည်ဖြစ်ပါလျက်နှင့်။ သဟိရညော၊ မြောက်မြားစွာသော ရွှေငွေတော့ရှိနေသည် ဖြစ်ပါလျက်နှင့်။ သဘောဇနော၊ မြောက်မြားစွာသော စားဖွယ်

သောက်ဖွယ်တွေ ရှိနေသည် ဖြစ်ပါလျက်နှင့်။ ကောတ ယောက်ထည်းထည်း၊ ဘုဠ္ဌတိ၊ ကြိတ်၍စားတတ်၏။

အိမ်နီးချင်းတွေကို မပေးချင်ဘူး၊ မိတ်ဆွေသင်္ဂဟများကို။ ဝေငှပေးကမ်းခြင်းဆိုတဲ့ သံဝိဘာဂ လုပ်ငန်းကို မလုပ်ချင်ဘူး။

အဲဒီလို ဒါနဥမင်္ဂလာဆိုတဲ့ သံဝိဘာဂ— ဝေငှပေးကမ်းခြင်း မင်္ဂလာခေါင်းပါးသွားတဲ့ အခါကျတော့ တယောက်နဲ့ တယောက် ပေးကမ်းခြင်းဆိုတာတွေ ခေါင်းပါးသွားပြီ ဆိုလို့ ရှိယင်—

သူတို့အိမ်ရှိတုံးကတို့ကို ပေးမှုမပေးပဲ၊ လိုအိမ်ပျိုလည်း ဘာ ပေးစရာလိုလည်း ဆိုတော့ကော-- မေတ္တာကို ဘယ်သူလွမ်းမိုး သွားသလည်းဆိုလို့ ရှိယင် ဒေါသရယ်မစ္ဆရိယရယ်အဲဒါလွှမ်းမိုး သွားတယ်။

သူတို့ခြံထဲက သစ်သီးကလေးများ ထွက်လာတုံးက သ ရက် ဩဇာ မာလကာသီးများ ထွက်သာတုံးက တို့အိမ်များ ဘလုံးလေးတောင်မှ ပေးဖော်မရဘူး၊ ရလာတာတွေ သီးသမျှ အကုန်လုံး သူတို့ချည်းကြိတ်စားပြီးဘော့ ဈေးထဲသွားရောင်း ပစ်လိုက်တယ်။

အိမ်နီးနားချင်းတွေက တလုံးမှုစားကိုမစားရဘူးဆိုပြီးတော့ အဲဒါအိမ်နီးနားချင်းတွေက နောက်တော့မခံနိုင်တော့ ဘာဖြစ် လာသလည်း၊ ကလေးတွေမြှောက်ပေးလိုပေး၊ ကာလသား လေးတွေကို မြှောက်ပေးလိုပေးနဲ့ အဲဒါသရက်ပင် မာလကာပင် မခံနိုင်ဘူး အကုန်လုံးလေးနဲ့ပစ်ခဲနဲ့ပစ်ဘာဖြုန်းဖြုန်းတဒိုင်းဒိုင်းနဲ့ ဒီလိုဖြစ်ကုန်ကြတယ်။

အဲဒါ လောကပျက်စီးခြင်းရဲ့ အကြောင်းတရား ဆိုတာမပေး တာက စပြီးတော့ ဖြစ်လာတယ် တဲ့၊ ပေးမယ်ဆိုလို့ရှိယင် အိမ်နီးနားချင်းတွေက ကိုယ့်အပေါ်စိတ်တွေညွတ်ပြီးတော့ မေတ္တာ ခာတ်တွေလွှမ်းမိုးပြီးတော့။

ပေးကမ်းခြင်းသည် အောင်မြင်ရာ

အဒန္တဒ မနံဒါနံ၊ ဒါနံသဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိနမန္တိစ။
(ဓိ၊ ၄၊ ၃၊ ၂၂၇)-ယကျူပါ" ဓိသုဒ္ဓိ-၁-၃၀၀"ရ

ဆိုတဲ့ အတိုင်း
ဒါနံ၊ ဒါနသည်။ အဒန္တံ၊ မယဉ်ကျေးတဲ့လူကို။ ဒမနံ၊ ယဉ်ကျေးအောင် ဆုံးမနိုင်၏။
ဆိုးဆိုးဝါးဝါးကိုက်တတ် ဟောင်းတတ်တဲ့ ခွေးတကောင်ကို စားစရာလေး ခဏခဏပစ်ပစ်ပြီးတော့ ကျွေးကြည့်၊နောက်တော့ အဲဒီလူသာယင် အမြီးကလေးနံ့နေတယ်။မဟောင်တော့ဘူး၊ မယဉ်ကျေးတဲ့သတ္တဝါကို ဒါနဆိုတဲ့ ပေးကမ်းဝေငှခြင်းသည် ယဉ်ကျေးစေတယ်။

ဒါနသဗ္ဗတ္ထသာဓကံ

ဒါနံ၊ ပေးကမ်းခြင်းသည်။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောအရာဌာနတို့၌။ သာဓကံ၊ အလိုရှိတဲ့ကိစ္စအားလုံးကိုပြီးစီးစေတတ်၏။
တို့တရားနာပရိသတ် အဲဒါလက်တွေ့ကျင့်သုံး ကြည့်ကြစမ်းပါ။ဘုရားရဲ့ညွှန်ကြားချက်။ဒါနံသဗ္ဗတ္ထသာဓကံ၊ဘယ်လောက်ကောင်းသလည်းဆိုတာ တို့တရားနာပရိသတ် ကိစ္စအထွေထွေ

အောင်မြင်ခြင်း ပြီးစီးခြင်းလို့ရှိယင် ပေးသာ ပေးလိုက်ကြ တဲ့ဗျာ ဒါနမှုပြုလိုက်ကြ။

ဒီကနေ့ တို့တရားနာပရိသတ်များ ဘုရားဟောဒေသနာ တော်ကိုလက်တွေ့ကျင့်သုံးနေပုံရတယ်၊ အဲ့ဒီ ဒါနမျိုးကိုပြုလုပ် နေပုံရတယ်။ တမလွန်လောက ကောင်းကျိုးအတွက် ရည်မျှော် ပြီးတော့ ခုနက သူတော်ကောင်းများအား လှူတဲ့ဒါနကလည်း တမျိုးပေါ့၊ အဲဒီဒါနံသဗ္ဗတ္ထသာဓကံဆိုတဲ့ ကိစ္စအားလုံးအောင် မြင်စေအောင်ဆိုပြီးပေးတဲ့ဒါနကလည်းတမျိုးပေါ့လေ။

အဲ့ဒါကတော့ တို့တရားနာပရိသတ်များလက်တွေ့ပဲ၊ ပေး လိုက်တယ်ဆိုလို့ရှိယင် အောင်မြင်သွားတာပဲ၊ ဘယ်နေရာ ကြည့်လိုက်ကြည့်လိုက် ပေးလိုက်ယင် အကုန်အောင်မြင်တယ်၊ မပေးယင်တော့ အဲဒါ ဟိုကယက်ကထစ်နဲ့ အဲဒီသိုဖြစ်နေတတ် တယ်၊ ပေးလိုက်ပြီဆိုလို့ရှိယင် လျှောကနဲပဲ လိုချင်တာ အကုန် ထွက်လာတာဘယ်။ ဒါသဗ္ဗတ္ထသာဓကံ။

အဲဒါ အပြစ်တင်နေတာမဟုတ်ပါဘူး၊ ဘုရားဟောနဲ့ညီနေ တယ်လို့ကိုယ်က ပြောနေတာပါ။ ပေးရုံနဲ့မပြီးသေးဘူး တဲ့။ နောက်နားက တချက်လာသေးတယ်။

## ချစ်ခင်ဖွယ်ရာစကားများကိုလည်းသုံးပါ

ဒါနေန ပိယဝါစာယ—

ဒါနေနစ၊ ပေးကမ်းခြင်းဖြင့်လည်းကောင်း။ ပိယဝါစာ ယစ၊ ချစ်ဖွယ်သောစကားကိုပြောကြားခြင်းဖြင့်လည်းကောင်း။

အဲဒါလေးလည်း တို့ပရိသတ်ကျင့်သုံးကြဗျာ၊ ဆရာတန် ယင်ဆရာ၊ ဦးကြီးတန်ယင်ဦးကြီး၊ အကိုကြီးတန်ယင်အကိုကြီး ခေါ်ပြီး ဖိနပ်ကလေးချွတ်၊ ဦးထုပ်ကလေး ချွတ်ပြီးတော့ အလေးပြုတန်ပြု၊ အဲဒါပိယဝါစာ၊ ချစ်ခင်ဖွယ်ရာသောစကား ဘာဘာညာညာပြောပေးရတယ်၊ မြှောက်တန်မြှောက်ပေါ့။

အဲဒီလိုပေးကမ်းစွန့်ကြဲခြင်း ချစ်ခင်ဖွယ်ရာစကားပြောကြား ခြင်းဆိုတာပြုပေးရမယ်၊ သူတပါးစိတ်ထိခိုက်အောင်မဆိုရဘူး။ ချစ်ခင်ဖွယ်ရာ ကိုယ့်အပေါ်မေတ္တာဓာတ် သက်ဝင်လာအောင် ကရုဏာဓာတ်သက်ဝင်လာအောင် ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာ ဖြစ်ပြီးတော့လာအောင် နူးညံ့သောစကား သိမ်မွေ့သော စကားလေးများပြောပေးမယ်ဆိုလို့ရှိယင်—

အဲဒီလိုပေးလည်းပေးမယ်၊ နူးညံ့သိမ်မွေ့တဲ့စကားလေးနဲ့ လည်း သူ့ကိုဆက်ဆံမယ်ဆိုယင် ဘယ်သူ့ကိုပဲဖြစ်ဖြစ်ပေါ့လေ။ "သူ့ကို" ဆိုတာကို တို့ပရိသတ်တွေးချင်တာတွေး အဲဒီလိုပေး လည်း ပေးမယ် ချစ်ခင်ဖွယ်ရာစကားနဲ့လည်း ဆက်ဆံမယ်ဆိုယင် အရာရာအောင်မြင်ပါတယ် တဲ့။ ဒါနဲ့မင်္ဂလာဟာ လူမှုရေး အရလည်း တို့ပရိသတ်အသုံးချလို့ရတယ်ဆိုတဲ့ အကြောင်းကို နားလည်ထားကြ။

ဒါကြောင့် ကိုယ့်ရှိယင် ကြိတ်ကြိတ်-ကြိတ်ကြိတ်ပြီး သုံးမယ် ဆိုတဲ့မှုကို အဲဒါမကျင့်သုံးကြနဲ့ပေးလည်းပေး၊ ဝေလည်းဝေ ကမ်းလည်းကမ်းငှလည်းငှ ဒီလိုလုပ်ရမယ် တဲ့။

အဲဒီ ဒါနရဲ့ပေးကမ်းခြင်းရဲ့ဆန့်ကျင်ဘက်ဟာလည်း မပေးဘူးဆိုတဲ့ မစ္ဆရိယဟာ ဒါနရဲ့ဆန့်ကျင်ဘက်ပဲ၊ မပေးဘူးဆိုတဲ့ မစ္ဆရိယတရားလွှမ်းမိုးလာယင် အဲဒါပျက်စီးရော။

ပစ္စုပ္ပန်မှာလည်း ပေါင်းသင်းဆက်ဆံရေး လူမှုရေးအရ အဲဒါအကုန်ပျက်စီး သံသရာကျပြန်ယင်လည်း ကောင်းကျိုးချမ်းသာ ကောင်းတဲ့သုဂတိဘဝ အဲဒီ မစ္ဆရိယအားကြီးတဲ့ ပုဂ္ဂိုလ်တွေ ဘယ်တော့မှမရောက်တော့ဘူး။ မစ္ဆရိယတရားလို့ ခေါ်တဲ့ ဝန်တိုတဲ့တရားအားကြီးတဲ့ ပုဂ္ဂိုလ်တွေကောင်းတဲ့ သုဂတိဘဝဘယ်တော့မှမရောက်ဘူး။ မစ္ဆရိယကြောင့် အပါယ်လေးပါးပဲ ရောက်တယ်။

သူတော်ကောင်းတရား အားထုတ်တဲ့အခါမှာလည်းပဲအဲဒီ ဝန်တိုခြင်းခေါ်တဲ့ မစ္ဆရိယတရားလွှမ်းမိုးယင် သူတော်ကောင်းတရားများလည်း အရန္နေနေတတ်တယ်။ ဒီတော့ ပေးတယ်ဆိုတဲ့ တရားရဲ့ဆန့်ကျင်ဘက်သည် မပေးဘူးဆိုတဲ့ မစ္ဆရိယ။

အဲဒီလို မစ္ဆရိတရားလွှမ်းမိုးခဲ့ယင် တို့တရားနာ-ရှိသတ်များဘာဖြစ်သလည်း ပစ္စုပ္ပန်မှာလည်း လူမှုရေးအရ အဘက်ဘက်က ကျဆင်းတတ်တယ်။ သံသရာမှာလည်းပဲ သုဂတိကို မရောက်နိုင်ပဲနဲ့ဖြစ်တတ်တယ်။ မစ္ဆရိယကြောင့် ဒုဂ္ဂတိကိုသာလျှင် သွားတတ်တယ်။

အဲဒီမစ္ဆရိယတရားလို့ခေါ်တဲ ဝန်တိုခြင်းသဘောတရားတွေ လွှမ်းမိုးပြီးတော့လာခဲ့မယ်ဆိုယင် သူတော်ကောင်းတရားအားထုတ်တာ တောင်မှ သူတော်ကောင်းတရားတွေဟာ မစ္ဆရိယကြောင့် ပျောက်ကွယ်ပြီးတော့ နေတတ်တယ်။

## လောကကြီးကို ပိတ်ဖုံးထားတဲ့တရား

ကေနဿဲနိဝုတော လောကော၊
ကေနဿ နပ္ပကာသတိ။

ကေန၊အဘယ့်ကြောင့်။ လောကော၊ ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဉ်, ဆိုတဲ့ ဤသင်္ခါရလောကကြီးကို။ ကေန၊ အဘယ်တရားသည်။ နိဝုတော၊ ပိတ်ဖုံး၍ထားပါသနည်း။

ကေန၊ အဘယ်တရားကြောင့်။ လောကော၊ ရုပ်,ဝေဒနာ သည် သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ဤသင်္ခါရ လောကကြီးသည်။ နပ္ပကာသတိ၊ ယောဂီပုဂ္ဂိုလ်တွေရဲ့ဉာဏ်ထဲမှာ မထင်ရှားပဲရှိပါ သနည်း။

အဇိတရသေ့က မြတ်စွာဘုရားအား မေးတယ်။

အဘယ်တရားသည် ဤသင်္ခါရလောကကြီးကိုပိတ်ဖုံးပြီတော့ ထားပါသလည်း၊ အဘယ်တရားတွေ ပိတ်ဖုံးထားတဲ့အတွက် ကြောင့် သင်္ခါရလောကကြီးဟာ တပည့်တော်တို့ယောဂီများရဲ့ ဉာဏ်ထဲမှာမထင်ပါသလည်းမြတ်စွာဘုရားလို့မေးတယ်။

ဘုန်းကြီးတို့ တရားနာပရိသတ်များ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းတယ်ဆိုတာဟာ ဘယ်လောကကို ကြည့်လာလဲလို့စိစစ် ကြည့်ရအောင်။ လောကသုံးပါးရှိတယ် တို့ပရိသတ်။

(၁) ဩကာသ လောက
(၂) သတ္တ လောက
(၃) သင်္ခါရ လောက

"လော်ာက ဘယ်နှစ်ပါးလဲ"

"သုံးပါးပါဘုရား"

ဩကာသလောကဆိုတာ ရေ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဆိုတဲ့ အပါယ်လေးဘုံ၊ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်ဆိုတဲ့ အဲဒီ ဘုံဌာနဘာဝအရပ်ဒေသတွေကို ဩကာသလောကလို့ခေါ်တယ်။

ယခု ထိုင်ပြီးတော့ တရားနာနေကြတဲ့ တို့တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့ရဲ့ နေထိုင်ရာဖြစ်တဲ့ ဟောဒီ ဓမ္မ ပါလ ဓမ္မရုံကြီးသည် ဩကာသ အရပ်ဌာနတို့ တည်ရာနေရာ ဩကာသ အရပ်ကြီးသည် ဩကာသလောက။

အဲဒီဩကာသလောကလို့ခေါ်တဲ့ ဤဓမ္မရုံအတွင်းမှာ ရောက် လာကြတဲ့တို့ဘုရားနာပရိသတ်ယောကျ်ား မိန်းမပုဂ္ဂိုလ်သတ္တဝါ၊ အဲဒီသတ္တဝါတွေပုဂ္ဂိုလ်တွေ ယောကျ်ားတွေ မိန်းမတွေက ဘာ တဲ့လည်းဆိုယင် သတ္တလောက။

အဲဒီသတ္တဝါတွေရဲ့ ခန္ဓာအစဉ်မှာ ဖြစ်ပြီးတော့နေတဲ့ တလံမျှ လောက်သော ခန္ဓာအတွင်းမှာ ဖြစ်ပြီးတော့နေတဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ဆိုတဲ့ အဲဒီတရားတို့ရဲ့ ဖြစ်နေတဲ့အစဉ် အတန်းကြီးက သင်္ခါရလောက လို့။

"လောက ဘယ်နှစ်ပါးလဲ"

"သုံးပါးပါဘုရား"

ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းတယ်ဆိုတာ ဩကာသလောကနဲ့ သတ္တလောကကို မကြည့်ပဲနဲ့သင်္ခါရလောကကိုကြည့်တယ်—

"ဝိပဿနာတရား ပွားတယ်ဆိုတာ ဘယ်လောကကို ကြည့် ရမလဲ"

"သင်္ခါရလောက ကို ကြည့်ရမှာပါဘုရား"

"ရုပ် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ အဲဒီသင်္ခါရ လောကရဲ့ဖြစ်စဉ် ပျက်စဉ်ကြီးကိုကြည့်လာဟာ ဝိပဿနာ"

"မှန်ပါဘုရား"

အဲဒီသင်္ခါရလောကဆိုတဲ့ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဉ် ဆိုတဲ့ ပရမတ္ထတရားတို့ရဲ့ ဖြစ်စဉ် ပျက်စဉ်ကြီးသည် တပည့်တော် တို့ရဲ့ဉာဏ်ထဲမှာ ဘာကြောင့် မထင်ပါသလည်း မြတ်စွာဘုရား၊ အဇိတရသေ့က မေးတယ်။

တရားအားထုတ်တာ တခါတခါ အဲဒီသင်္ခါရကြည့်လို့မရဘူး၊ သင်္ခါရလောကရှာလို့မတွေ့ဘူး၊ ရုပ်ကလေးတလုံးမိအောင် ဖမ်း မယ်ဆိုပြီး ဖမ်းလို့မရဘူး၊ ဝေဒနာကိုစမ်းမယ်၊ သညာသင်္ခါရ ဝိညာဉ်ကိုရှာမယ်၊ ရှာလို့မတွေ့ဘူး၊ အဲဒါတွေကွယ်နေတယ်။

အဲဒီ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ရဲ့ ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ ဥပ္ပါဒဝယကို ရှာတယ် ရှာလို့မရဘူး၊ ဘာပြုလို့ ရှာမရပါသလည်း မြတ်စွာဘုရားလို့ အဇိတရသေ့က ဘုရားရှင်ကို မေးတဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က ဤသို့ပဲ ပြောပါရ စေတော့—

## မြတ်ဗုဒ္ဓ၏အဖြေ

အဝိဇ္ဇာယ နိဝုတောလောကော၊
ဝေဝိစ္ဆာ ပမာဒါ နပ္ပကာသတိ တဲ့.

အဝိဇ္ဇာယ၊ အဲဒီသင်္ခါရတရားတွေရဲ့ ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ လက္ခဏာတွေကိုမသိအောင် ပိတ်ဖုံးကာကွယ်ခြင်းဆိုတဲ့ မောဟ

တည်းဟူသော အဝိဇ္ဇာတရားသည်။ လောကော၊ အဲဒီသင်္ခါရ လောကကြီးကို။ နိဝုတော၊ ဖုံးကွယ်ထား၏။

ဒီသင်္ခါရလောကကြီးကို အဝိဇ္ဇာဆိုတဲ့ မောဟတရားက ဖုံးကွယ်ထားတယ်၊ အဲဒါတချက်၊ နောက်တခါ—

ဝေဝိစ္ဆာ ပမာဒါ နပ္ပကာသတိ

ဝေဝိစ္ဆာ၊ မနာလိုခြင်း ဝန်တိုခြင်းဆိုတဲ့ ဣဿာ၊ မစ္ဆရိယ တရားနှစ်ပါးကြောင့်။ ပမာဒါ၊ မေ့လျော့ခြင်းတည်းဟူသော ပမာဒတရားကြောင့်။ လောကော၊ အဲဒီ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ သတ္တလောကကြီးသည်။ နပ္ပကာသတိ၊ တို့ယောဂီများရဲ့ဉာဏ်ထဲမှာ မထင်ရှားပါ။

(၁) အဝိဇ္ဇာဆိုတဲ့မောဟတရားက ဖုံးထားလို့လည်းပဲ ဤသင်္ခါရကို ရှာမတွေ့ဘူး။

(၂) မနာလိုခြင်း၊ ဝန်တိုခြင်းဆိုတဲ့ ဣဿာ ၊ မစ္ဆရိယ တရားတွေ သောင်းကျန်းနေတဲ့အတွက်ကြောင့်လည်းပဲ ဤသင်္ခါရ ရုပ်နာမ်ကြီးကို ရှာမတွေ့ဘူး။

(၃) မေ့လျော့ခြင်းဆိုတဲ့ ပမာဒတရား လွှမ်းမိုးလို့လည်းပဲ ဤရုပ် နာမ်သင်္ခါရကို ရှာမတွေ့ဘူးလို့ မြတ်စွာဘုရား ဒီလိုဖြေထားတယ်။

ဘုန်းကြီးတို့ပရိသတ်များ အဲဒီ အဖြေသုံးချက်ထဲမှာ ကြည့်လိုက်စမ်း၊ ဝေဝိစ္ဆာဆိုတာဟာ နိဒ္ဒေသပါဠိတော်က အဲဒါကို ဝန်တိုတယ်လို့ခေါ်တဲ့ မစ္ဆရိယလို့ဖွင့်ပြတယ်၊ နေတ္တိပါဠိတော်ကတော့တမျိုးဖွင့်တယ် ဝေဝိစ္ဆာဆိုတာ ဝိစိကိစ္ဆာလို့ဖွင့်တယ်။

နေတ္တိပါဠိတော် အဖွင့်ကတမျိုး၊ စူဠနိဒ္ဒေသ ပါဠိတော်က တော့ ဘယ့်နှယ်ဖွင့်ထားသလည်းဆိုယင် ဝေဝိစ္ဆာကို မစ္ဆရိယတဲ့ ဝန်တိုတဲ့တရား။

အဲဒီဝန်တိုခြင်းလို့ခေါ်တဲ့ မစ္ဆရိယတရား လွှမ်းမိုးယင် တို့ တရားနာပရိသတ်တရားအားထုတ်လို့မဖြစ်ဘူး၊ ဤသခင်တကိုရှာ လိုက်ကိုမတွေ့ပဲဖြစ်တတ်တယ်၊ အဲဒီပါဠိတော်ရှိနေတဲ့အတွက်ကြောင့် ပေးမယ်ဆိုတရားရဲ့ ဆန့်ကျင်ဘက် မပေးနိုင်ဘူးဆိုတဲ့ မစ္ဆရိယ အားကြီးခဲ့ယင် တရားအားထုတ်တာတောင်မှ တို့ပရိသတ်အခက် အခဲဖြစ်တတ်တယ်။

ဒီအခမ်းပွဲယ်ကို ဒီပါဠိတော်က ဖော်ပြတယ်၊ အဲဒါတွေကို သဘောပေါက်ရမယ်ဆိုလို့ရှိယင် ဇမ္ဗူကတို့နှင့်တင်လိုက်လို့ရှိယင် တို့ပရိသတ် ရှင်းသွားမယ်၊ ဒါကတော့ ဘုန်းကြီးတို့ ဟောထားတဲ့ သက္ကပဉ္စသုတ္တန်မှာ ဒီအခမ်းပွဲယ်တွေအကုန်လုံးရှိပြီးသား ဤသာ၊ မစ္ဆရိယနဲ့ပတ်သက်လို့သိကြားမင်းကြီးရဲ့အမေး၊ မြတ်စွာဘုရား ဖြေထားလို့ သက္ကပဉ္စသုတ်မှာ အဲဒါတွေ အပြည့်အစုံရှိပြီးသား။

## မစ္ဆရိယတရား ခေါင်းပါးကြပါစေ

ဒီတော့ယင် ပေးမယ်ဆိုတဲ့တရားရဲ့ ယန့်ကျင်ဘက်၊ ဘာပဲ ဖြစ်ဖြစ် အိမ်နီးနားချင်း ကိုယ့်ခြံထဲက ရေတွင်းရေလာခပ်တာ တောင်မှ ကိုယ့်စိတ်က မနှစ်မြို့နိုင်ပါဘူးဆိုလို့ရှိယင် အဲဒီလောက် ဝန်တိုတဲ့တရားအားကြီးနေတဲ့ပုဂ္ဂိုလ်ဟာ တရားအားထုတ်ကြည့် စမ်းပါ၊ ကိုယ့်စည်းစိမ်လေးကို စိတ်မချတာနဲ့ကိုပဲ အဲဒီပုဂ္ဂိုလ်ရဲ့

သန္တာန်မှာ တရားတွေ တက်ကိုမတက်တော့ဘူး ဒီလိုဖြစ်လာတယ်။

အဲဒီ မစ္ဆရိယတရားသည် အခုပြောထားခဲ့တဲ့ အတိုင်းပါပဲ ဇမ္ဗူကဝတ္ထုနဲ့ ကြည့်မယ်ဆိုလို့ရှိယင်လည်းပဲ၊ ကဿပရှင်တော်ဘုရားရဲ့လက်ထက်တော် အခါတုန်းက—

အနှစ်(၂)သောင်း အားထုတ်ထားတဲ့ကိုယ်တော်အရှင်မြတ်သည် ထိုဘဝမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်ပါလျက်နဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရပဲနဲ့ ရဟန္တာကြီးအား မစ္ဆရိယတရားဖြင့် ပြစ်မှားမိခဲ့တဲ့အတွက်ကြောင့် အနှစ်(၂)သောင်းအားထုတ်ထားတဲ့ တရားတွေ ငုပ်လျှိုးသွားပြီးတော့ အဲဒီမှာ ငရဲကျသွားတယ်။

ငရဲက လွတ်တဲ့အခါ ကျပြန်တော့လည်းပဲ ဖြစ်လေရာရာဘဝမှာ မစင်တွေစား၊ ကိုယ်တုံးလုံးကြီးနဲ့ နေရပြီးတော့ ဂေါတမဘုရားပွင့်လာတဲ့အခါကျပြန်တော့လည်း နှစ်ပေါင်း(၅၀)တိတိ အဲဒီမှာ ဒုက္ခ ဖြစ်ပြီးတော့နေတယ်ဆိုတဲ့ ဇမ္ဗုကတို့ရဲ့ အတ္ထုပ္ပတ္တိဖြင့် တို့ရဲ့သဘောထင်ရှားပါတယ်။

ဒါ့ကြောင့် မပေးဘူးဆိုတဲ့ မစ္ဆရိယ တရားအဆိုးကြီးယင် လောက လူမှုရေးအရလည်းပဲ အိမ်နီးနားချင်းတွေကလည်း မကျေနပ်ဘူး၊ ပတ်ဝန်းကျင်ရပ်ကွက်ကလည်း မကျေနပ်ဘူး။

ဘာလုပ်မလို့လည်း၊ ဘုရားပွဲကျင်းပမလို့၊ တရားပွဲကျင်းပမလို့ ငွေလေးနဲ့စာရွက်ကလေး ခဲတံကလေးကိုင်ပြီးတော့သွားကြပြီတဲ့၊ အလှူခံပုဂ္ဂိုလ်လူကြီးတွေ၊ အဲဒါ ငါးပြား ဆယ်ပြား ထည့် တည့်လှူပါကြရမယ်ဆိုလို့ရှိယင် အဲဒီ အကျွန်ုပ်ဟဲ့လူကြီးတွေက နှုတ်ခမ်းစူပြီးတော့ ထွက်သွားတယ်၊ မကျေနပ်ကြဘူး။

မော်တော်ကားတော့ စီးတယ်ကွာ၊ ထည့်လိုက်တော့ ငါး ပြားဆယ်ပြား၊ အဲဒီလူကြီးတွေ မကျေနပ်ဘူးဆိုလို့ ရှိယင် အဲဒီ အခမ်းအနားကို အဲဒီလူရောက်လာတဲ့အချိန်မှာ ဒီလူကြီးတွေက နေရာ ကောင်းကောင်း မပေးချင်ဘူး ဆိုတာက၊ စပြီးတော့ ညီညွတ်ရေးပျက်တော့တာပဲ၊ လောကပျက်စီးတယ်ဆိုတာ တို့ ပရိသတ်အသေးစိတ် လျှောက်ပြောယင် မဆုံးနိုင်ဘူး၊ အဲဒီလို သွားတယ်။

ဒါ့ကြောင့် တို့တရားနာပရိသတ်များ သံဝိဘာဂ၊ ခွဲခြမ်း ဝေငှ ပေးကမ်းခြင်းဆိုတဲ့ မင်္ဂလာတရားမရှိခဲ့ယင် လောကပျက် တယ် မှတ်ထား။

## တိုက်(၇)ထပ်ပေါ်က မုန့်ဆီကြော်

ဘုန်းတော်ခြောက်ပါး သခင်ဘုရားရှင် ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ရွှေကျောင်းမှာ ကိန်းအောင်းစံပျော် မွေ့လျော်တော်မူတဲ့အခါမှာ—

တို့တရားနာပရိသတ်များ၊ မစ္ဆရိယကောသိယ သဌေး တဲ့၊ တိုက်(၇)ထပ်တက်ပြီးတော့ မုန့်ဆီကြော် ကြော်တဲ့သဌေးလေး မုန့်ဆီကြော်စားချင်တာနဲ့အိမ်ရှိတဲ့လူတွေလည်းပဲ မကျွေးနိုင်ဘူး၊ ပတ်ဝန်းကျင်ရပ်ကွက်ကရှိတဲ့ လူတွေကိုလည်း မကျွေးနိုင်ဘူး၊ သူ့ဇနီးတောင်မှ သူ မကျွေးချင်ဘူး။

ငါ တယောက်တည်း စားဖို့ကြော်ဟ ဆိုပြီးတော့ ဆီတွေ ရော။ အိုးတွေရော မီးဖိုတွေရော (၇)ထပ်တိုက် ဟို—ထိပ်ဆုံး တက်ပြီးတော့ လှေကား (၇)ထစ်၊ တံခါး (၇)ပေါက်အကုန်

ငိုတ်၊ အိမ်ပေါ်မှာရှိတဲ့ ပြတင်းပေါက်တွေ အကုန်ပိတ်ပြီးတော့ တိတ်တိတ်ကလေးတတ်ပြီးတော့ မုန့်ဆီကြော် ကြော်ဆိုတဲ့သဒ္ဒေး အကြောင်း တို့ပရိသတ်ကြားဘူးမှာပေါ့။

အဲဒီလိုတိုက်(၇)ထပ် တက်ပြီးတော့ မုန့်ဆီကြော်ကြော်တယ် ဆိုတာ စဉ်းစားကြည့်စမ်း၊ မုန့်ဆီကြော်ဟာ ဒီသဒ္ဒေးစည်းစိမ် နဲ့ဒီမုန့်ဆီကြော် ယှဉ်ကြည့်လို့ရှိယင် ဘာမှမဖြစ်လောက်ဘူး၊ ဝယ် စားလိုက်လည်း အလွယ်ကလေးပဲ ဝယ်မစားဘူး၊ လမ်းက ပြန် အလာညှော်နံ့လေးရတော့စားချင်တဲ့စိတ် ပေါက်လာတယ်။

အိမ်ပြန်ရောက်လာတဲ့အခါကျတော့ တခါတည်း မအိပ်နိုင် မစားနိုင် တမှိုင်မှိုင်ဘာတွေတွေနဲ့အိပ်ရာထဲ လှဲပြီးတော့နေတယ်။ သူ့ဒကာမကြီးက အနားကနေပြီးတော့မေးတယ် ''မောင် ဘာဖြစ်လာတာလဲ''ပေါ့ အဲဒီလိုမေးတော့''မမေးပါနဲ့ကွာ—ငါ့ အဖြစ်ကို မင်း မသိချင်ပါနဲ့''

ထပ်တလဲလဲ မေးပါများတဲ့အခါကျတော့မှ ပြောတယ်''မုန့် ဆီကြော်စားချင်လို့''တဲ၊ ဒါများ အိပ်ရာ လှဲနေပြီးတော့နေရ သလား၊ စောစောကပြောယင် ကြော်ပေးမှာပေါ့ဆိုပြီးတော့ အဲဒီမှာ မုန့်ဆီကြော်ကြော်မလို့ အိုးတွေခွက်တွေပြင်၊ ထောပတ် တွေဆီတွေ ပုန်တွေ ပျားရည်တင်လဲတွေနဲ့ ပြင်ဆင်ပြီးတော့ လုပ်တော့တာပဲ။

အဲဒီလိုစီမံလုပ်ကိုင်နေတုန်း အဘိုးကြီးက သွားကြည့်တဲ့အခါ ကျတော့၊ဟာ—မင့်ဉစ္စာတွေကများလှချည်းလား ဒယ်အိုးကြီးက လည်း အကြီးကြီး၊ မုန့်ရည်တွေကလဲဇလုံကြီးနဲ့တလုံး ဘယ်လို လိုလုပ်မလဲ၊ အိမ်နီးနားချင်းတွေကိုလည်း ပေးကမ်းရအောင်၊

သံဝိဘာဂလုပ်မလို့ ဝေငှပေးကမ်းမလို့၊ ဒါနဥ္စမင်္ဂလာလုပ်မလို့ပေါ့။

ငါ့တယောက်တည်း စားချင်တဲ့ဥစ္စာ ဘာပြုလို့အိမ်နီးနားချင်းတွေ ဝေနေရမှာလည်း မပေးနဲ့အိမ်နီးနားချင်း ဘယ်သူ့မှမပေးနဲ့ ဆိုတော့၊ အိမ်နီးနားချင်းမပေးချင်ယင်လည်း အိမ်ရှိတဲ့သားတွေ သမီးတွေ ကလေးတွေ အောက်လက်ငယ်သားတွေ စားရအောင်ကျွေးဦးမှပေါ့။

ဟာ လက်အောက်ငယ်သား၊ အိမ်နီးနားချင်း၊ သားသမီး ဘယ်သူ့မှမပေးနဲ့ ငါ့အတွက်သာကျွေး၊ ကျုပ်အတွက်ကော မပါဘူးလားဆိုတော့မင့် အတွက်လည်း မပါဘူး တဲ့၊တော်တော်ဝန်တိုတဲ့အဘိုးကြီး သူ့ဇနီးတောင်မှ သူ မကျွေးချင်ဘူး။

ဒါဖြင့်ယင် ရှင့်အတွက်ပဲကျွေးပါ့မယ်ဆိုပြီး တိုက်(၇)ထပ်တက်သွားတယ်။ ဟို အပေါ်ဆုံးမှာ လူသိမှာစိုးလို့ ညှော်နံ့တွေ တခြားထွက်မှာစိုးလို့တံခါးတွေ အကုန်ပိတ်ပြီး အဲဒီမှာကျွေးကြရော။

## မုန့်ဆီကြော်အလှူခံရန် ရှင်မောဂ္ဂလာန်ကြွလာပြီ

မီးလေးမွှေးပြီးတော့နေတုံး ဇေတဝန်ရွှေကျောင်းမှာရှိတဲ့ မြတ်စွာဘုရားက လှမ်းပြီးတော့ ကြည့်လိုက်တယ်၊ ဒီ သဌေးတော့ မုန့်ဆီကြော်လေးတချပ်ကြော်တာ ဟို တိုက်(၇)ထပ်ပေါ်တက်ပြီးတော့ကြော်တယ်၊ "ဟဲ့—ငါ့သား ရှင်မောဂ္ဂလာန်သွားစမ်း၊ အဲဒီမုန့်ဆီကြော်ရအောင် အလှူခံခဲ့၊ ဒီကနေ့ ငါ ဘုရားဆွမ်းခံ မထွက်ဘူးဟေ့"

ဘုရားကလည်းပဲ ဒီသဌေးမုန့်ဆီကြော်မှ စားချင်တယ် သံဃာတော်ငါးရာနဲ့တကွ ဘုရားရှင် ကိုယ်တော်မြတ်ကလည်း ဇေတဝန်ကျောင်းတိုက်က နေပြီးတော့ စောင့်တော်မူခဲ့တယ် ဒီကနေ့ ဘုရားနဲ့တကွသံဃာတော်ငါးရာဆွမ်းခံမကြွပဲ ဇေတဝန် ကျောင်းတိုက်က ဆွမ်းစားကျောင်းမှာ သပိတ်တွေနဲ့အသီးသီး ထိုင်ပြီးတော့စောင့်နေကြတယ်။

ရှင်မောဂ္ဂလာန်ကို တာဝန်ပေးလိုက်တော့ တန်ခိုးတေဒဂ်ရ ကိုယ်တော်ဆိုတော့ ရာဇဂြိုဟ်နဲ့သာဝတ္ထိ(၄၅)ယူဇနာကွာတယ်၊ တမဟုတ်ချင်းကောင်းကင်ကနေ ပျံပြီးတော့ ကြွသွားလိုက်တာ ခုနက (၇)ထပ် တိုက်ထိပ်ဆုံးတံခါးတွေ အကုန်ပိတ်ထားလို့ တော်တော်ကြာတော့ သူတို့ဟာနဲ့ သူတို့ ဘယ့်နှယ်ဒုက္ခဖြစ်လာ သလည်းဆိုတော့ မီးဖိုးတွေအထဲမှာ လှောင်ပြီးတော့ မျက်လုံး တွေ စပ်တာနှင့်အဘိုးကြီးက တံခါးလေးဖွင့်လိုက်တယ်။

ပြတင်းပေါက်ဖြတ်ကနဲဖွင့်လိုက်ပါတယ်၊ အဲ့ဒီပြတင်းပေါက် နား ရှင်မောဂ္ဂလာန်ကိုသွားကနဲတွေ့ပါလေရော၊ ငါက သူများ မကျွေးချင်လို့ လူမသိအောင် မုန့်ဆီကြော်ကို ဖုံးပြီးတော့ကြော် ပါတယ်၊ ဒီသွမ်းခံတဲ့ ကိုယ်တော် ကြုံကြုံဖန်ဖန် (၇)ထပ် တိုက် ပေါ်တက်လာရမလားလို့ပြီးတော့ အဲဒီ ပြတင်းပေါက်ကနေပြီး ရှင်မောဂ္ဂလာန်ကို မှန်ပြောတယ်—

"ကိုယ်တော်တို့တန်ခိုးကြီးလို့များ ဟောဒီပြတင်းပေါက်နား ကောင်းကင်မှာ လူးလာတုံ့ ခေါက်တမနက်လုံး ကြွလျှောက် ပြီးတော့နေချင်နေ၊ ကိုယ်တော့် လိုမှကိုလ် တပည့်တော် မုန့်ဆီ ကြော်လှူကိုမလှူဘူး" သူက ဒီလိုပြောတယ်။

ဒီနား စကြံ့လျှောက်ချင်လျှောက်နေဆိုတဲ့ စကားလေးက ပါသွားတော့ ရှင်မောဂ္ဂလာန်က အဲဒီ ပြတင်းပေါက်နားက ကောင်းကင်မှာ စင်္ကြံ့ချည်းကြွနေတော့တာပဲ၊ အဲဒီပြတင်း ပေါက်နား ဟိုဘက်ဖြတ် လိုက် ဒီဘက်ဖြတ်လိုက်နဲ့ စင်္ကြံကြွနေ တယ်။ ဒကာမကြီးကလည်း မုန့်ဆီကြော်ကြော်လို့မပြီးသေးဘူး။

သဌေးအဘိုးကြီးက အဲဒီရှင်မောဂ္ဂလာန်ကို ကြည့်ပြီးတော့ ရင်ထဲပူလှပြီ၊ မစ္ဆရိယဘာရား ဘယ်လောက်လွှမ်းမိုးထားသလည်း ဆိုတာ ရင်ထဲပူပြီးနေတော့ ရှင်မောဂ္ဂလာန်ကို လှမ်းပြီးတော့ ပြောပြန်ဟယ်။ "ကိုယ်တော် စွမ်းနိုင်လို့အိမ်ထဲဝင်ထိုင်နေ၊ တနေ့ လုံးထိုင်နေကိုယ်တော်၊ တပည့်တော် ပေးလိမ့်မယ်မှတ်သလား"

အဲဒီလိုပြောလိုက်တော့ အဲဒါခွင့်ပြုပြီးသားဖြစ်နေတယ် တဲ့၊ ရှင်မောဂ္ဂလာန်ဟာ ဖြတ်ကနဲအိမ်ထဲဝင်လာပြီးတော့ တင်ပျဉ်ခွေ ထိုင်တယ်။

တို့ပရိသတ်များ စကားပြောယင် ကြည့်ပြီးတော့ ပြောကြ နော်၊ ကြည့်ပြီးတော့ပြောကြ။

## ခုံတော်မောင်ကျဘမ်းနဲ့ ရှင်ဥတ္တမကျော်

အင်းဝခေတ်က အဖြစ်အပျက် တခုလည်းရှိသေးတယ်၊ ရှင် ဥတ္တမကျော်နဲ့ ခုံတော်မောင်ကျဘမ်းတို့အဖြစ်အပျက် "ကဝိ သေနင်္ဂဗျူဟာ" ဆိုတဲ့ကျမ်းမှာပါတယ်။

ခုံတော်မောင်ကျဘမ်းဆိုတာက စကားတတ်၊ ဘယ်ဘုန်းကြီး နဲ့မှမတဲ့ဘူးတဲ့ ကပ်သီကပ်သပ်စာတတ် ပေတတ်လူတယောက်လို့ အင်းဝနေပြည်တော်မှာ ကျော်ကြားတယ်။

ရှင်ဥတ္တမကျော်ကလည်းပဲ နေပြည်တော်ကို တက်သွားတာ၊ ရှင်ဥတ္တမကျော်ဆိုလို့—

"တို့ပရိသတ်များ၊ ကျောက်ပန်းတောင်က ရှင်ဥတ္တမကျော် မဟုတ်ဘူး နော်"

"မှန်ပါဘုရား"

တောင်တွင်းကြီးက ရှင်ဥတ္တမကျော်တဲ့၊ အဲဒီရှင်ဥတ္တမကျော် ဆိုတဲ့ ကိုယ်တော်အရှင်မြတ်ကလည်းပဲ အင်းဝနေပြည်တော်ကို တက်ပြီးတော့ သွားတဲ့အချိန် ဘုရားတန်ဆောင်းဘုရားနားမှာ ဒကာကြီးတယောက်တံမြက်လှဲနေတာတွေ့တယ်။

အဲဒီလိုတွေ့တော့အချိန်ကလည်း နံနက် ဆွမ်းခံချိန်ဆိုတော့ အဲဒီဒကာကြီးကို ရှင်ဥတ္တမကျော်က သွားပြီးတော့ မေးတယ် "ဒကာကြီး-ဒီရွာမှာဆွမ်းလေးဘာလေးများခံလို့သွယ်ပါရဲ့လား ဒကာကြီး" ဆိုတော့—

"အောင်မယ်—ကိုယ်တော်ရယ် တပည့်တော်တို့ ရွာလာပြီး တော့ ဆွမ်းခံလို့လွယ်ပါ့မလားလို့မေးမှမေးတတ်ပါရဲ့ ဘယ်အိမ် တက်သွားသွား ဆွမ်းလေးတနပ်လောက်တော့ ပါးရိုက်ဖိတ် တောင်ရတယ်ကိုယ်တော်" လို့ သူက ပြောလိုက်တာ—

အဲဒီတော့ ရှင်ဥတ္တမကျော်ရွာထဲ ဝင်သွားပြီးတော့ လူ တယောက်တွေ့တော့ မေးကြည့်တယ်၊ ဟောဟို ဘုရားနားမှာ တံမြက်လှဲနေတဲ့ ဒကာကြီးရဲ့အိမ် ဘယ်အိမ်လည်းလို့ မေးတော့ ဘယ်အိမ်ပါဘုရားလို ညွှန်လိုက်တာနဲ့အိမ်ပေါ်တက်သွား၊ မီးဖို ချောင်းမှာ ထမင်းချက်နေတဲ့ဒကာမလည်းတွေ့ရော ပါးကိုဖြန်း ကနဲရိုက်လိုက်ပြီးတော့ "ချက်စမ်းဟာ ဆွမ်းတပွဲ" လို့ ဆိုသတဲ့။

အဲဒီတော့ ဒကာမကလည်း အိမ်ပေါ် တက်လာပြီးတော့ ရက်ရက်စက်စက် ပါးရိုက်ပြီးကော့ ဆွမ်းချက်ခိုင်းတဲ့ ဘုန်းကြီး ဘယ်လိုဘုန်းကြီးပါလိမ့်မလည်းလို့ တွေးပြီး ဘာမှလည်း မပြော ရဲဘူး၊ မျက်ရည်လေးသုတ်ယင် တရှုံ့ရှုံ့နဲ့ဆွမ်းချက်နေရတယ်။

ဒူးနဲ့မျက်ရည်သုတ်ပြီးတော့ ဆွမ်းချက်နေတုံး ခုနက ဒကာ ကြီးက တံမြက်စည်းထမ်းပြီးတော့ပြန်လဲလာရောအိမ်ထဲဝင်လိုက် တာနဲ့တပြိုင်နက်ထည်း အိမ်ရှေ့ခေါင်းရင်းခန်းမှာ တင်ပျဉ်ခွေ ရက်အငေါ့သားထိုင့်နေတဲ့ကိုယ်တော်ကြီးကိုတွေ့သွားပါရော။

ခုနက ရှင်မောဂ္ဂလာန်နဲ့ မုန့်ဆိကြော်သဌေး အိမ်ထဲဝင်ထိုင် သလိုပေါ့ ရှင်ဥတ္တမကျော်ကိုယ်တော်ကြီးကိုတွေ့လည်းသွားရော ဘုရားနားတုံးက ငါ ပြောလိုက်တဲ့ ကိုယ်တော်ကြီးတော့ ငါ့ အိမ်ထဲရောက်နေမှုပဲဆိုပြီးတော့ အိမ်ပေါ် ဘက်သွားတယ်။

ရှင်ဥတ္တမကျော်ကို ဦးတောင်မချသေးဘူး မီးပိုချောင်လှမ်း ကြည့်လိုက်တော့ ဒကာမက မျက်ရည်ကျပြီး ငိုနေတယ်၊ "ဟာ— ဘာဖြစ်တာလဲဟ" "ဟောဟိုမှာ အိမ်ရှေ့ခန်းထိုင်နေတဲ့ ကိုယ် တော်ကြီးမတွေ့ဘူးလား၊ ပါးရိုက်ပြီးတော့ ဆွမ်းတပွဲချက်လိုက် စမ်းဆိုလို့ချက်နေရတယ်"

အဲဒီတော့ သိသွားပြီ ဒါငါ နှုတ်လွန်သွားတဲ့ လက်ချက်ပဲ၊ ငါ နှုတ်လွန်သွားတဲ့လက်ချက်ကြောင့် ငါ့ဒကာမခံနေရပြီဆိုတာ သိတော့မှ အဲဒီမှာ သူကလည်း စိတ်ဆိုးသိုးနဲ့ပြောလိုက်တယ်တဲ့၊ ချက်သိုက်ဟ နင့်ခင်ပွန်း(လင်)ဖို့လို့ဆိုသတဲ့။

## ရှင်ဥတ္တမကျော်ကို ရုံးတင်တရားစွဲပြီ

စာသဲမှာတော့ ဒီအတိုင်းမဟုတ်ဘူး၊ ယဉ်ကျေးအောင် ဘုန်းကြီးက လှည့်ပြောတာ၊ ချက်လိုက်ဟ နင့် ခင်ပွန်းဖို့ဘိုတော့ ဒကာမကလည်း ချက်ရတာပေါ့လေ။ အဲဒီ "နင့် ခင်ပွန်းဖို့" ဆိုတဲ့စကားကို ရှင်ဥတ္တမကျော်က မှတ်ထားတယ်။

ခုံတော်မောင်ကျာဘမ်းဆိုတာ အင်းဝနေပြည်တော်မှာ ဘယ်ဘုန်းကြီးမှ မခံနိုင်အောင် ကပ်ကပ်သပ်သပ်လုပ်နေတဲ့ဒကာ ဘဲဟဆိုပြီးတော့ အဲဒါနှိမ်နင်းဖို့ ရောက်လာတာပေါ့—

နင့် ခင်ပွန်းဖို့ချက်လိုက်ဟဆိုတဲ့စကားကို မှတ်ထားပြီး ဆွမ်းတွေဘာတွေ ချက်ပြုတ်ပြင်ဆင်ပြီးတော့၊ ကဲ—ဆွမ်းကပ်ရေဗျာ၊ ဆွမ်းဘုဉ်းပေးလည်းပြီးရော၊ အဲဒီရှင်ဥတ္တမကျော်က အဲဒီအမျိုးသမီးကို လက်ဆွဲပြီးတော့ လာလိုက်ခဲ့ဆိုပြီး ခေါ်ပြီးတော့ အိမ်ပေါ်ကဆင်းသတဲ့။

လာလိုက်ခဲ့ဆိုပြီး လက်ဆွဲပြီးတော့ အိမ်ပေါ်ကဆင်းတော့ အဲဒီမှာ ရှင်ဥတ္တမကျော်တို့ရုံးတင်တရားစွဲတော့တာပဲ "ကျွန်တော်မျိုးရဲ့ဒကာမကိုအိမ်ပေါ်တက်ပြီးတော့ ပါးလည်းရိုက်ပါတယ်၊ လက်ဆွဲပြီးတော့လည်း အတင်းဆင်းပါတယ်၊ လူမှုရေးဥပဒေအရလည်း အပြစ်ရှိတယ်၊ သံဃာတော်တွေရဲ့ ဝိနည်းဥပဒေအရလည်း ဒကာမလက်ဆွဲတာ အပြစ်ရှိတယ်ဆိုပြီး ရုံးတင်တရားစွဲရော။

ရုံးရောက်တဲ့အခါကျတော့ရှင်ဥတ္တမကျော်ကအနိုင်ရတာယ်တဲ့၊

ဘာပြုလို့ ရှင်ဥတ္တမကျော်အနိုင်ရသလည်းဆိုတော့ သူ ကိုယ်တိုင်ပဲပြောတာ ပါးရိုက်ပြီးတော့ ဆွမ်းတပွဲလောက် ချက်လိုက်စမ်းပါလို့ ဖိတ်လိုက်ယင် ဒီရွာဟာ မခဲယဉ်းပါဘူး ဆိုတဲ့အတွက်ကြောင့် သူ့စကားအတိုင်း သူ့အခွင့်ပြုချက်အရ သူ့အိမ်တက်ပြီးတော့ ရိုက်တာ ဘာအပြစ်မှ မရှိပါဘူး၊ အဲဒီအပြစ်မှလည်း လွတ်တယ်။

ချက်လိုက်ဟ နှင့် ခင်ပွန်းဖို့လို့ဆိုတဲ့ စကားအရ အဲဒါ သူ့ဒကာမကို ဒီ ရှင်ဥတ္တမကျော်နဲ့အလိုလိုပေးစားပြီးသား လျှုပြီးသားဖြစ်နေပြီ တဲ့၊ အဲဒါကြောင့်မို့လို့ သူပိုင်နေတဲ့ဒကာမ သူ့ဟာသူ လက်ဆွဲပြီးတော့ ဆင်းသွားတာ ဘာဖြစ်မှမရှိပါဘူး၊ လူမှုရေးအပြစ် ဘာမှမရှိပါဘူး။

ဝိနည်းသိက္ခာပုဒ်အပြစ်အနေနဲ့ကြည့်ဦးမလား၊ အဲဒါလည်း သာယာတဲ့စိတ်ရယ်လို့ တချက်မှမရှိနဲ့ သက်သက်မဲ့ ဒီခုံတော်မောင်ကျဘမ်းဆိုတဲ့ပုဂ္ဂိုလ်ကို နှိမ်ရအောင်ဆိုပြီးတော့ လုပ်လိုက်တာဖြစ်တဲ့အတွက်ကြောင့်၊ သာယာတဲ့စိတ်နဲ့ကိုင်တာမဟုတ်ခြင်းကြောင့် ဝိနည်းသိက္ခာပုဒ်အရလည်း အပြစ်မရှိပါဘူးဆိုပြီးတော့ ရုံးတော်မှာ လျှောက်လဲတယ်။

"အဲဒီမှာရှင်ဥတ္တမကျော်တရားနိုင်တယ်တဲ့၊ တို့ပရိသတ်နော်"

"မှန်ပါဘုရား"

ခုံတော်မောင်ကျဘမ်းဟာမှသာဝါဒဖြင့်လှည့်ပတ်တဲ့အချက်တချက်မှ မပါဘူး၊ ပါးရိုက်ဖိတ်တာ၊ သူ့ဇနီးကိုလည်း အဲဒီရှင်ဥတ္တမကျော်နှင့်ပေးစားပြီးတော့ လွှတ်လိုက်တာ အကုန်လုံးပဲ

အဲဒီဥစ္စာတွေဟာ သူပြောတဲ့စကားအတိုင်း ရှင်ဥတ္တမကျော်ကလည်း ကျင့်သုံးခဲ့တယ်။

ရှင်မောဂ္ဂလာန်တန်ခိုးနဲ့ မုန့်ဆီကြော် နှစ်ဆတိုး

ဒီတော့ တို့တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ စကားပြောတယ်ဆိုတာ ကြည့်ပြီ တော့ပြောရတယ်၊ ကိုင်း— ရှင်မောဂ္ဂလာန်နဲ့ ပုန်ဆီကြော်သဌေးတို့ တွေ့တဲ့နေရာ ကြည့်စမ်းပါ၊

"ကိုယ်တော်တန်ခိုးရှိလို့ အိမ်ထဲဝင်ထိုင်နေတောင်မပေးဘူး" ဆိုတော့ ရှင်မောဂ္ဂလာန်အိမ်ထဲဝင်ထိုင်နေတယ်၊ အဲဒီလိုထိုင်နေတော့ တော်တော်ကြာ ဘာပြောပြန်လလည်းဆိုတော့ "ကိုယ်တော့အိမ်ထဲဝင်ဆိုင်နေရုံမကလို့ ဟောဟို မီးဖိုက မီးခိုးတွေထွက်နေသလို ကိုယ်တော်တန်ခိုးတွေလွှတ်ပြီးတော့ တန်ခိုးပြနေတာတောင် တပည့်တော်မပေးလှူဘူး"

အဲဒီတော့ရှင်ဂ္ဂလာန်က မီးဖိုကအခိုးလောက် ဘယ်ကမလည်း မီးဖိုဆယ်ဖိုလောက် ဖိုထားတဲ့အခိုးတွေလို တအိမ်လုံးလွှတ်လိုက်တာမီးခိုးတွေဟာမျက်ရည်ယိုဖုံးပေါက်ဘာထက် ဆိုးသွားတယ်၊ အိမ်ထဲမှာ ရှင်မောဂ္ဂလာန်လွှတ်တဲ့ အခိုးတွေကြောင့် အဘိုးကြီးနဲ့အဘွားကြီးမျက်ရည်ဖြိုင်ဖြိုင်ကျပြီးတော့ ဒုက္ခတွေဖြစ်ကြတယ်။

အဲဒီလိုဒုက္ခဖြစ်ပြီးနေတော့ အဘိုးကြီးဟာ တော်တော်ကြာတော့ စိတ်ညစ်လာတယ်၊ အဘွားကြီးကလည်း ကြော်ရတာ အဆင်မပြေ ရှေ့ဆက်ပြီးတော့ ဒီ အဘိုးကြီးမပြောရဲ တော့ဘူး "အရှင်ဘုရားတန်ခိုးလို့စွမ်းနိုင်မယ်ဆိုယင် မီးတွေလွှတ်တောင်မှ

တပည့်တော်မလှူဘူး” သူ ဒီလိုမပြောရဲတော့ဘူး၊ အဲဒါသာ ပြောလိုက်ယင် တအိမ်လုံးမီးလောင်တော့မှာပဲ။

ဒီတော့မှ အဘိုးကြီးက စိတ်ညစ်လာပြီး ကိုင်းကွာ၊ မုန့်ဆီကြော်နည်းနည်းလောက် ကြော်ပေးလိုက်စမ်း၊ ဘယ်လောက် ကြော်ရမလည်းလို့ မေးတော့ ဆီရွက်လောက် ကြော်ပေးလိုက်ပါတဲ့။

ဆီရွက်လောက်ကလေး မုန့်ဆီကြော်လေး ကြော်ပြီးတော့ အဲဒီကိုယ်တော် သပိတ်ထဲထည့် လိုက်စမ်းပါဆိုတော့ ဒကာမကြီးက မုန့်ရည်ခပ်တဲ့ အိုးမှုတ်ကလေးဆိုဘာ ဖင်လေးကအချွန်လေးကို အဲဒါဖင်အချွန်လေးနဲ့ မုန့်ရည်ထဲနှစ်ပြီးတော့ အိုးမှုတ်ဖင်အချွန်လေးကပ်ပါလာတဲ့ မုန့်ရည်လေး တစက်လောက် ဒယ်အိုးထဲချလိုက်ပါတယ်၊ ဒယ်တအိုးလုံး မုန့်ဆီကြော်အချပ်ကြီးပြည့်ပြီးတော့ပိတ်သွားတယ်။

ရှင်မောဂ္ဂလာန်တန်ခိုးနဲ့ လုပ်လိုက်တာ အဲဒီအဘွားကြီးက တော်တော်ကြာတော့ မုန့်ဆီကြော်ကြီး ပြည့်နေတာဆယ်ပြီးတော့ အနားမှာရှိတဲ့ တောင်းကြီးထဲထည့်လိုက်ပဲ နောက်တခါ ကြော်လိုက် ဒီလိုပဲ ဒယ်အိုးကြီးပြည့်နေလိုက် တောင်းထဲထည့်လိုက်နှင့်ကြော်လို့ကိုမပြီးနိုင်ဘူး။

ဒီတော့ အဘိုးကြီးက မေးပြန်တယ် တဲ့၊ ကြော်လို့မပြီးသေးဘူးလားဆိုတော့ ကြော်လိုက်တိုင်း ကြော်လိုက်တိုင်း ဒယ်အိုးပြည့်ပြည့်နေတယ် အဲဒါဘယ့်နှယ်လုပ်ရမလည်း၊ မင်း လက်ဖွားတဲ့ဒကာမပဲတဲ့၊ ဘယ်လက်ဖွားတဲ့ဒကာမ၊ လက်ဖွားလို့ဖြစ်ပါလိမ့်မယ်၊ ကိုင်း—ငါလာပြီးတော့ ငါ ကိုယ်တိုင်ကြော်

မယ်ဆိုပြီးတော့ သူ့ကျတော့လည်း ဒီအတိုင်းပဲ အစက်အပေါက် ကလေးချလိုက်ပါတယ် ဒယ်အိုးတအိုးလုံးပြည့်နေတယ်။

ဒယ်အိုးတအိုးလုံးပြည့်ပြီးနေတော့ စိတ်ညစ်လာတယ်၊တော် တော်ကြာတော့ အဘိုးကြီးက ကိုင်းကွာ ဒီသောက်တောင်ရှိလှ တာ အဲဒီကြော်ပြီးသားထဲက နည်းနည်းလေးလောက်ဖဲ့ပြီးတော့ ဒီကိုယ်တော်ကြီး သပိတ်ထဲလှူလိုက်လို့ဆိုတော့ အဘွားကြီးက မုန့်ဆီကြော်ကို ဖဲ့တာမဲ့လို့ကိုမရဘူး။

## မြတ်စွာဘုရားကို ပူးချင်လိုက်တာ

ဖဲ့လို့မရတော့ အဘိုးကြီးဖဲ့တာလည်းဖဲ့လို့မရဘူး၊အဘိုး ကြီးရော၊ အဘွားကြီးရော ဖဲ့လို့မရတော့ မုန့်ဆီကြော်အချပ် ကြီးဘေ့ကိုင်ပြီးတော့ အဲဒီမှာအဘိုးကြီးနဲ့အဘွားကြီးတယောက် နဲ့တယောက် ခြေကန်ပြီးတော့ ဆွဲလိုက်ကြတာ တန်နက်လုံးချွေး တွေတလုံးလုံးနဲ့ပေါ့။

တော်တော်ကြာတော့ မောပြီးတော့ အဘိုးကြီးက ကိုင်းကွာ ဒါသောက်ဘောင်ရှိလှတဲ့ မုန့်ဆီကြော် ငါလည်းမစားချင်တော့ ပါဘူး အကုန်သာ လှူလိုက်ပါတော့လို့ဆိုပြီး ကြော်ထားပြီး သမျှ မုန့်ဆီကြော်တွေကို ရှင်မောဂ္ဂလာန် သပိတ်ထဲအကုန်ထည့် ပြီးတော့ ရှင်မောဂ္ဂလာန်ရဲ့ခြေရင်း နဖူးကချွေးလေး ဘာလေး များသုတ်ပြီးတော့ အဲဒီမှာ ထိုင်လိုက်ကြတယ်။

အဲဒီလို ထိုင်ကြတော့ ရှင်မောဂ္ဂလာန်က သူတို့ ကို တရားဟော တယ်၊ အဘိုးကြီးက ဘာပြုလို့များပေးခြင်းကမ်းခြင်းလှူခြင်း ဆိုတဲ့ ဒါနမှု ဒါသောက်ဘောင် မပြုချင်ပဲနဲ့ မစ္ဆရိယအားကြီး

နေရပါသလည်းဆိုပြီးတော့ နှမြောတွန့်တိုခြင်းဆိုတဲ့ မစ္ဆရိယရဲ့ အပြစ်များ ပေးကမ်းခြင်း ဒါနတရားရဲ့အကျိုးများကို အဲဒီမှာ ရှင်မောဂ္ဂလာန်ဟောပြတယ်။

အဲဒီတော့မှ အဘိုးကြီးက စိတ်တွေ ဘာတွေပြေပြီးတော့ မြတ်စွာ ဘုရားနဲ့ သံဃာတော် ငါးရာ တို့ က လည်း ဇေတဝန် ကျောင်းထဲက မုန့်ဆီကြော်စားဖို့ရန် စောင့် နေ ကြ တယ် ဆိုတဲ့ အကြောင်း ရှင်မောဂ္ဂလာန်ပြောပြတော့မှ သူ့စိတ်တွေဘာ တွေ တော်တော်ကြည်လာတယ်။

"တပည့်တော် မြတ်စွာဘုရားကို ဖူးချင်လိုက်တာ ဘုရား၊ တပည့်တော် မုန့်ဆီကြော်တွေ မြတ်စွာဘုရား ဘုဉ်းပေးတာ တပည့်တော် ကြည့်ချင်လိုက်တာ" "ဒကာကြီး ကြည့်ချင်ယင် ဇေတဝန်ကျောင်းလိုက်ခဲ့" "ဘယ်နှယ်လိုလိုက်မလည်း အရှင်ဘုရားတို့က တန်ခိုးနဲ့ကောင်းကင်ကပျံပြီးတော့သွားမှာ တပည့်တော်က ခြေလျင်လျှောက်ရမှာ" "လိုက်ချင်တဲ့စိတ်ကလေးသာ ဖြစ်ပစေ၊ ဒကာကြီးနောက်နားကနေလိုက်လာ"

အဲဒီလိုပြောပြီးတော့ အဘိုးကြီးနဲ့အဘွားကြီးကို ရှင်မောဂ္ဂလာန်က ခေါ်ပြီးတော့ အိမ်ပေါ်ကနေဆင်းချသွားလိုက်တာ လှေကား အောက်ဆုံးထစ်ဆုံးလှေကားတံခါးမုခ်ထွက်လည်း ထွက်လိုက်ရော ဇေတဝန်ကျောင်းတံခါးမုခ် တခါတည်းရောက် နေကြတယ်တဲ့၊ ရှင်မောဂ္ဂလာန်တန်ခိုးနဲ့ မြေကြောရှုံ့လိုက် တာ။

အဲဒီတော့မှ ဇေတဝန်ကျောင်းတိုက်မှာ ဘုရားနဲ့တကွ သံဃာ တော်တွေကလည်း စောင့်ဆိုင်းပြီးတော့နေတုံး အဲဒီမှာ ရှင်

မောဂ္ဂလာန်ပါလာတဲ့ မှန်ဆီကြော်တွေကို သံဃာတော်ငါးရာနဲ့မြတ်စွာဘုရားအကုန်လုံးကပ်တယ်၊ ဘုရားအမှူးရှိတဲ့ သံဃာတော်ငါးရာ ဘုဉ်းပေးလို့ အဲဒီမုန့်ဆီကြော်တွေ မကုန်ဘူး တဲ့ မကုန်ဘူး။

အဘိုးကြီးနဲ့အဘွားကြီးကကြည်ညိုလိုက်တာဆီးရှက်လောက်ကြော်တဲ့ မုန့်ဆီကြော်သံဃာငါးရာဘုဉ်းပေးလို့မကုန်ပဲ ဖြစ်နေတယ်၊ အဲဒီလိုကြည်ညိုလို့မဆုံး ဝမ်းသာလို့မဆုံးဖြစ်ပြီး ဇေဝစောက မဇ္ဈိမပဋိပဒာတရားတွေ ဝန်တိုခြင်းတွေ အကုန်ပျောက်ပြီး သောမနဿတွေဖြစ်လို့ မြတ်စွာဘုရားတရားဟော အဲဒီမှာ အဘိုးကြီးနဲ့အဘွားကြီး သောတာပတ္တိမဂ်ဉာဏ်ကိုရကြတယ်။

## မစ္ဆရိယကို အနိုင်ရအောင်ယူ

ကြွင်းကျန်လို့စားမကုန်တဲ့ မုန့်ဆီကြော်တွေကို အဲဒီဇေတဝန်ကျောင်းတိုက်ရဲ့အပေါက်နားက ချောက်ကြီးထဲမှာ သွန်ပစ်လိုက်တယ်တဲ့၊ အဲဒီချောက်ကိုမုန့်ဆီကြော်ချောက်လို့ ဒီလိုခေါ်တယ်၊ ယာဝဇ္ဇတနာ၊ ဒီကနေ့တိုင်အောင် ခေါ်တယ်လို့ဆိုတာပဲ။

ဒီတော့ မစ္ဆရိယ တရား ဆိုတာဟာ အလွန် ကြောက်စရာကောင်းတဲ့ တရားပါ၊ ဇနီးခင်ပွန်းနှစ်ယောက်ရှိရာမှာ ခင်ပွန်းသည်ကလည်း ဇနီးကို မပေးချင်၊ ဇနီးသည်ကလည်း ခင်ပွန်းသည်ကိုမပေးချင်၊ အိမ်နီးနားချင်းတွေကိုလည်း မပေးချင်၊ ဘုရားနဲ့တကွ သံဃာတော်မြတ် အရိယာအပေါင်း သူတော်ကောင်းတွေကိုလည်း မပေးချင် မလှူချင်၊ အဲဒီ မစ္ဆရိယတရား

အားကြီးလို့မပေးချင်ယင် ပစ္စုပ္ပန်ရော သံသရာရော ပျက်စီး တတ်တယ်။

ရှင်မောဂ္ဂလာန်က တန်ခိုးနဲ့အမျိုးမျိုး ဖျောင်းဖျပြီးတော့ အလှူခံလိုက်တဲ့အဘွက်ကြောင့် အလွန်ဝန်တိုနှမြောဘဲ့ ဒီအဘိုး ကြီးနဲ့အဘွားကြီးဟာ လှူဖြစ်သွားတယ်၊ အဲဒီလို လှူဖြစ်တဲ့ အတွက်ကြောင့် ဘာဖြစ်သလည်းဆိုတော့ ဘုရားနဲ့တကွ သံဃာ တော်များကို ဒါနကောင်းမှုပြုဖြစ်သွားတယ်၊

ဇေတဝန်ကျောင်းကို ရောက်ရဘယ်၊ မြတ်စွာဘုရားဟော တဲ့ တရားကိုနာကြားရဘယ်၊ သောတာပတ္တိမဂ်ဉာဏ်ကို ရကြ တယ်၊ အဲဒီလိုအကျိုးတွေ အဆက်ဆက်ရပြီးတော့ သွားတာ ဟာ ဘာဖြစ်လို့လည်း မစ္ဆရိယာကိုအနိုင်ရအောင် လှူဖြစ်လို့၊ ဒါ့ကြောင့်—

ယောပဟူဘဝိတ္တော ပုရိသော၊ သဟိရညောသဘောဇနော။

ဧကော ဘုဉ္ဇတိ သာဒူနိ၊ တံပရာဘဝတောမုခံ။

ယောပုရိသော၊ အကြင် ယောကျ်ားသည်။ ပဟူဝဝိတ္တော၊ မိမိမှာ စည်းစိမ်ဥစ္စာတွေ မြောက်မြားစွာ ရှိနေသည်ဖြစ်ပါ လျက်၊ သဟိရညော၊ မိမိမှာ ရွှေ ငွေတွေ မြောက်မြားစွာရှိနေ သည်ဖြစ်ပါလျက်။ သဘောဇနော၊ မိမိမှာ စားသုံးစရာတွေ မြောက်မြားစွာရှိနေသည်ဖြစ်ပါလျက်။

သာဒူနိ၊ ကောင်းတဲ့အရသာတွေကို။ ဧကော၊ တယောက် တည်းတည်း။ ဘုဉ္ဇတိ၊ မုန့်ဆီကြော်သရေကွဲ့သို့တိုက်(၇)ထပ် မှာတက်ပြီးတော့ ပုန်း၍စားတတ်၏။ တံပိ၊ ထိုကဲ့သို့တယောက်

တည်းကြိုက်၍ သုံးဆောင်ခြင်းသည်လည်း ပရာဘဝတော၊ ပျက်စီးခြင်း၏ မုခ်၊ အကြောင်းတရားပင်ဖြစ်ပါပေ၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ အဘာသိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူလိုက်ပါပေသတည်း။

"သာဓု...သာဓု သာဓုပါဘုရား"

သတ္တမမြောက်ပျက်စီးခြင်းအကြောင်းတရား (၇) ပါး

တို့တရားနာပရိသတ်များ မြတ်စွာဘုရားဟောတဲ့ ပရာဘဝ မုခ်ဂါထာ ဘယ်နှစ်ပုဒ်ပြီးသွားသလည်း ကြည့်လိုက်ပေမ်း၊ ခြောက် ဂါထာပြီးသွားတယ်ခြောက်ခုမြောက်ပရာဘဝပုဒ်ပြီးသွားတော့ နတ်သားကလေးက ဆက်ပြီးတော့ လျှောက်ထားပြန်တယ်။

ဣတိ ဟေတံ ဝိဇာနမ၊ ဆဋ္ဌမော သော ပရာဘဝေါ။
သတ္တမံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။

ဘောဂေါတမ၊ ဂေါတမနွယ်ဖွားဒို့ ရှင်တော်မြတ်ဘုရား။

ဣတိ၊ ဤသို့။ ယထာ ယနအာကာရေန၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ဘဂဝါ၊ ဘုရားရှင် ကိုယ်တော်မြတ် သည်။ တော်ပရာဘဝမုခ်၊ ပိမိမှာ ညည်းစိမ်ဥစ္စာစားသုံးရာတွေ မြောက်မြားစွာ ရှိမနေသည်ဖြစ်ပါလျက်။ သူတပါးတို့အား ပေး ကမ်းဝေငှခြင်း မပြုဘူးဆိုတဲ့ အကြောင်းတရားကိုဖြင့်။ ဝုတ္တော၊ ဟောတော်မူအပ်ပါ၏။

တော၊ ဟိုသူ ပေးကမ်းဝေငှခြင်းမပြုပဲ တယောက်တည်း ကြိုက်၍သုံးဆောင်ခြင်းဆိုတာ လောကပျက်စီးခြင်း၏အကြောင်း

ဆိုတာကို။ မယံ၊ ဘုရားတပည့်တော်တို့သည်။ ဝိဇာနာမ၊ ကောင်းစွာထင်ထင် သိမြင်ရပါကုန်သည် မြတ်စွာဘုရား။

သော၊ ထိုကဲ့သို့ပေးကမ်းဝေငှမှု မပြုခြင်းသည်။ ဆဋ္ဌမော၊ ခြောက်ခုမြောက်ဖြစ်သော။ ပရာဘဝေါ၊ ပျက်စီးခြင်းပါမြတ်စွာဘုရား၊

ဘဂဝါ၊ ရှင်တော်ဘုရားသည်။ သတ္တမံ၊ ခုနစ်ခုမြောက်ဖြစ်သော။ ပရာဘဝတော မုခံ၊ ပျက်စီးခြင်းရဲ့အကြောင်းတရားကို။ ဗြူဟိ၊ ကရုဏာဝံရှေ့ရှု ဟောကြားတော်မူပါဦး မြတ်စွာဘုရား။

မိမိမှာ စည်းစိမ် ဥစ္စာသုံးဆောင်စရာ မြောက်မြားစွာ ရှိနေပါလျက် သူတပါးတို့အား ပေးကမ်းဝေငှခြင်း မပြုခြင်းသည်။ ဆဋ္ဌမ မြောက်လောကပျက်စီးခြင်း တရားလို့သိရပါပြီ၊ ခုနစ်ခုမြောက် ပျက်စီးကြောင်း တရားကို ဟောဘော်မူပါဦး ဘုရားဆိုတော့—

ဒီအခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က—

(၇) ဇာတိတ္ထဒ္ဓေါ ဓနတ္ထဒ္ဓေါ၊ ဂေါတ္တတ္ထဒ္ဓေါစ ယောနရော။
သညာတိံ အတိမညေတိ၊ တံ ပရာဘဝတောမုခံ။

ဘောဒေဝပုတ္တ၊ အို—နတ်သား။

ယောနရော၊ အကြင်ပုဂ္ဂိုလ်သည်၊ ဇာတိတ္ထဒ္ဓေါစ၊ အမျိုးဇာတ်အားဖြင့်လည်း မာန်မာနခက်ထန်၏။ ဓနတ္ထဒ္ဓေါစ၊ ဥစ္စာစည်းစိမ်များတဲ့ အတွက်ကြောင့်လည်း မာန်မာန ခက်ထန်၏။ ဂေါတ္တတ္ထ ဒ္ဓေါစ၊ အနွယ်အားဖြင့် မြတ်သောကြောင့်လည်း မာန်မာနခက်ထန်၏။

သောနရော၊ ထိုကဲ့သို့ဇာတိတ္ထဒ္ဓ၊ အမျိုးမာန် ခက်ထန်သော မနတ္ထဒ္ဓ ဥစ္စာမာန်ထန်သော ဂေါတ္တတ္ထဒ္ဓ၊ အနွယ်မာန်ခက်ထန်သော ပုဂ္ဂိုလ်သည်။ သညာတိ ၊မိမိရဲ့ဆွေတွေမျိုးတွေကို။ အတိမညေတိ၊ မထီမဲ့မြင်ပြု၏။ တံ၊ ထိုကဲ့သို့ မာန်မာနခက်ထန်ပြီးတော့ မိမိရဲ့ဆွေအပေါင်းမျိုးအပေါင်းတို့ကို မထီမဲ့မြင်ပြုခြင်းသည်။ ပရာဘဝတော၊ ပျက်စီးခြင်းရဲ့။ မုခံ၊ အကြောင်းတရားပင် ဖြစ်ပါပေ၏။

နောက်-ပရာဘဝခံ=ပျက်စီးခြင်းရဲ့အကြောင်းတရား(၇)ခုမြောက်ဂါထာမှာ ဇာတိတ္ထဒ္ဓ၊ အမျိုးအားဖြင့် မာန်မာန ခက်ထန်တဲ့ပုဂ္ဂိုလ်တွေ တို့က ဘယ်အမျိုးက ဆင်းသက်လာတာအမျိုးဇာထ်အားဖြင့် မာန်မာနခက်ထန်တယ်။

ယခုနက ဘုန်းကြီးပြောခဲ့တဲ့ အမျိုးကြီး(၄)ပါး—

(၁) ဗြာဟ္မဏမျိုး
(၂) ခတ္တိယမျိုး
(၃) ဝဿမျိုး
(၄) သုဒ္ဒမျိုး

ဆိုပြီးတော့ အမျိုးကြီး(၄)ပါး။

ဗြာဟ္မဏ မျိုးဆိုတာ ပုဏ္ဏား၊ ခတ္တိယ မျိုးဆိုတာ မင်းမျိုး၊ အာဏာရှိတဲ့ အမျိုးပေါ့၊ ဝဿမျိုးဆိုတာက ာငွေး သူကြွယ်ကုန်သည်မျိုး၊ သုဒ္ဒမျိုးဆိုတာက ဆင်းရဲသားမျိုး၊ အဲဒါကမ္ဘာဦးအခါတုံးကတော့ယင် အဲဒီအမျိုးကြီး လေးပါးလို့ဆိုပြီးတော့ ဒီလိုအမျိုးခွဲပြီးတော့လာခဲ့တယ်။

အဲဒါပညာတတ် လူတန်းစားတွေ—တဲ့။

ဗြာဟ္မဏမျိုးကို တနည်း ဘာသာပြန်မယ်ဆိုလို့ရှိယင် ပညာတတ် လူတန်းစားမျိုးပေါ့၊ အဲဒီဗြာဟ္မဏဆိုတဲ့ ပုဏ္ဏားတွေ ဘာပညာတတ်သလဲဆိုတော့—

(၁) ဣရု
(၂) ယဇု
(၃) သာမ
(၄) အာထဗ္ဗဏ

ဆိုတဲ့ ဝေဒကျမ်း(၄)ခုကို သူတို့တတ်တယ်၊ အဲဒီဝေဒကျမ်းတွေဟာ ဗြဟ္မာကြီးတွေက ထုတ်လာတဲ့ကျမ်းတွေဖြစ်တဲ့အတွက်ကြောင့် သူတို့အမျိုးတွေသာလျှင် တတ်ထိုက်တယ်ဆိုပြီးတော့ အဲဒါတွေကိုလျှို့ဝှက်ပြီးတော့ သူတို့ချည်းသင်ကြတယ်၊ ကျန်တဲ့လူတွေကို သင်မပေးကြဘူး။

အထူးလျှို့ဝှက်တဲ့ ဝေဒကျမ်းကလာတဲ့ အတတ်ပညာတွေသူတို့ချည်း တတ်အောင်သင်ထား၊ ရှင်ဘုရင်နန်းတတ်တဲ့ အခါတောင်မှ အဲဒါပုဏ္ဏားတွေမပါပဲနဲ့ ရှင်ဘုရင်နန်းတက်လို့မဖြစ်ဘူး မပြီးဘူး ကိစ္စမပြီးဘူး၊ ဗြာဟ္မဏဝါဒ။

ဒီကနေ့ ဘုန်းကြီးတို့မြန်မာပြည်သူပြည်သားတွေ အိမ်တလုံးဆောက်မယ်ဆိုလို့ရှိယင် အဲဒီဗြာဟ္မဏဝါဒအငွေ့အသက်မကုန်သေးဘူး၊ ဒီကနေ့ထိပါနေသေးတယ်။ မြေခံရွေးရတာနဲ့ရက်ရာဇာရွေးရတာနဲ့ဘာနဲ့ညာနဲ့အုန်းသီးဆွဲရတာနဲ့အမျိုးမျိုးပဲ။

ဒီတော့ယင် အဲဒီလိုလော်က လူမှုရေးအရ အသုံးချတဲ့ ခုနက ဣရု, ယဇု, သာမ, အာထဗ္ဗဏ ဆိုတဲ့ ဝေဒကျမ်းကလာတဲ့ပညာရပ်တွေကို ကြိတ်ပြီးတော့ သင်နေကြတာ လျှို့ဝှက်ပြီးတော့ သင်နေကြတာ ဗြာဟ္မဏမျိုးတွေ ပညာတတ်လူတန်းစားပေါ့၊ ဝေဒကျမ်းတတ်တဲ့ လူတန်းစားပေါ့။ ခတ္တိယ မျိုးဆိုတာက မင်းမျိုး၊ အာဏာရှိတဲ့ အမျိုးအနွယ်ကဆင်းသက်လာခဲ့တဲ့အမျိုး၊ ဝဿမျိုးဆိုတာက သဌေးမျိုး၊ ကုန်သည်မျိုး၊ လူချမ်းသာမျိုး။

ပညာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ၊ ရာထူးအာဏာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ စည်းစိမ် ဥစ္စာများတယ်ဆိုတဲ့ ပုဂ္ဂိုလ်ကလည်း ကိုယ့်စည်းစိမ်နဲ့ကိုယ် မာန်တတ်တာပဲ ပညာတတ်တဲ့ပုဂ္ဂိုလ်တွေကလည်း ပညာအကြောင်းပြုပြီးတော့ မာန်မာနခက်ထန်ကြတာပဲ၊ အာဏာရှိတဲ့ပုဂ္ဂိုလ်တွေကလည်း မိမိတို့ ရရှိထားတဲ့ အာဏာကို အကြောင်းပြုပြီးတော့ မာန်မာနတွေတယ်ပြီးတော့ ခက်ထန်ကြတယ်။

ဇာတ်စနစ်ကြောင့် သားကောင်းရတနာများရှုံးခဲ့

ယောနရော၊ အကြင်ပုဂ္ဂိုလ်သည်။ ဇာတိတ္တဒေါ၊ အမျိုးဇာတ်အားဖြင့် မာန်မာနခက်ထန်သည်ဖြစ်၍။

ပုဏ္ဏားမျိုးတွေ မာနကြီးလိုက်ပုံတော့ ပြောမနေနဲ့တော့သူတို့အမျိုးထဲက အမျိုးသမီးဖြစ်စေ အမျိုးသားဖြစ်စေ၊ဒိပြင်အမျိုးနဲ့ဆက်ဆံခြင်း ထိမ်းမြားပေါင်းသင်းခြင်းကို လုပ်ကိုမလုပ်ရဘူး၊ ရေအိုးထဲတောင်မှ သူတို့ကအတူတူ မသောက်ရဘူး၊အဲဒီလောက်

မာန်မာနကြီးတဲ့လူမျိုးတွေ အဲဒါဇာတ်ကြီးတယ်လို့ ဒီကနေ့ခေတ်တော့ခေါ်ကြတယ်။

အဲဒီဇာတ်ဆိုတဲ့စနစ်ဟာ အိန္ဒိယပြည်မှာ အဆိုးဆုံးပဲ၊ ဟိုအမျိုးနဲ့ ဒီအမျိုး မပေါင်းသင်းရဘူး၊ တမျိုးနဲ့ဘမျိုး မဆက်ဆံရဘူး၊ ရေတအိုးထဲတောင်အတူတူ မသောက်ရဘူး၊ ရထားစီးသွားတာတောင်မှ ထိုင်ခုံဘခုံထဲမထိုင်ရဘူး ဆိုပြီးတော့ ဒီလိုတယောက်နဲ့တယောက်အထင်သေး အထင်ကြီးပြီးတော့ မာန်မာနခက်ထန်ကြတဲ့ဝါဒဟာ အဲဒါဘာဖြစ်သလည်း ပျက်စီးခြင်းရဲ့အကြောင်းတရားပဲ။

အမျိုး မြတ်တယ်ဆိုဟဲ ပုဂ္ဂိုလ်တွေက ယုတ်နိမ့်တယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေကို အထင်သေး၊ အဲဒီအထင်သေးခံရတဲ့ပုဂ္ဂိုလ်တွေ ရှုံ့ချခံရတဲ့ ပုဂ္ဂိုလ်တွေက မခံနိုင်လို့ တုံ့ပြန်တဲ့ တနေ့ကျယင် အဲဒါသွေးချောင်းစီးတဲ့ ပွဲကြီးတွေ ဖြစ်တော့တာပဲ၊ လူမျိုးရေးစစ်ပွဲတွေဟာ အဲဒီကစတာပဲ။

ဒါကြောင့်မို့လို့ အိန္ဒိယပြည်မှာ အနီးဆုံးပြန်ကြည့်မယ်ဆိုလို့ရှိယင် ဘုန်းကြီးတို့ ပရိသတ်ဂန္ဒီကြီးသေရတာအဲဒါပဲ၊ မဟတ္တမဂန္ဒီကြီးသေသွားရတာဟာ အဲဒီဇာတ်စနစ်ကိုမပျက်ပျက်အောင်လုပ်မယ်ဟာဆိုပြီးတော့ လုပ်ခဲ့တဲ့အတွက်ကြောင့် ဇာတ်ဝါဒသန်တဲ့ ပုဂ္ဂိုလ်တွေကဂန္ဒီကြီးကိုသတ်ပစ်လိုက်ကြတယ်၊ဂမ္ဘာ့အတွက်အဖိုးတန်တဲ့ ခေါင်းဆောင်ကြီးတယောက်ဟာ အဲဒီဇာတ်စနစ်ကြောင့် ဆုံးရှုံးပျက်စီးသွားတယ်။

မာန်မာန ခက်ထန်၊ရာထူး၊မာန်အာဏာ မာန်ခက်ထန်တဲ့ အတွက်ကြောင့် လည်းပဲ အဖိုးတန်တဲ့ ပုဂ္ဂိုလ်တွေ ဆုံးရှုံးခဲ့တာ

ကမ္ဘာ့သမိုင်း မြန်မာ့သမိုင်းပြန်ကြည့်လို့ရှိယင် တို့ပရိသတ်တွေ ရလိမ့်မယ်၊ ရာထူးမာန် အာဏာမာန် ဆိုတဲ့ အဲဒီမာန်မာနတွေ ကြောင့် ပျက်စီးကြတယ်—တဲ့။

ဒါ့ကြောင့် မာန်မာနတရားဆိုတာဟာ ပစ္စုပ္ပန်မှာလည်းပဲ အဲဒ်လိုသွေးချောင်းစီးတဲ့ပွဲကြီးတွေ အသီးသီးဖြစ်၊ အာဖရိက တိုက်ရဲ့ဘောင်ပိုင်းဒီကနေ့ ရိုဒီးရှားဆိုတဲ့ နိုင်ငံတခုကို ကြည့်စမ်း အသားရောင် ဖြူတဲ့ပုဂ္ဂိုလ်တွေကလွှမ်းမိုးတယ်၊ အသားမည်းတဲ့ ပုဂ္ဂိုလ်တွေက မခံမရပ်နိုင် ဖြစ်နေကြတယ်။

အဲဒီ အသားမည်းတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကို နေရာတကာမှာ အခွင့်အရေးတယ်မပေးဘူး၊ သူတို့တွေက အကုန်လုံး ချုပ်ချယ် ထား၊ မြူနီစပါယ်က မစင်အညစ်အကြေးသိမ်းတဲ့နေရာမျိုးတို့ အဲဒီလို အောက်တန်းကျတဲ့အလုပ်မျိုးကိုသာလျှင်အဲဒ်လိုအသား မည်းတဲ့ပုဂ္ဂိုလ်တွေပေးပြီးတော့အဆက်တန်းကျတဲ့နေရာမျိုးတွေ မှာ သူတို့မျက်နှာဖြူတွေချည်း ယူထားကြတယ်။

ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီကဆိုလို့ရှိယင် မြန်မာပြည်မှာ လည်း ဒီအတိုင်းပဲ၊ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းကျတော့ မှ အဲဒါတွေဟာ ပျောက်ပြီးတော့သွားတယ်၊ ဒါကြောင့် အဲဒီလိုဇာတ်ကိုအကြောင်းပြုပြီး အမျိုးကိုအကြောင်းပြုပြီးခက် ထန်တဲ့မာနတရားဟာ မာန်မာန ခက်ထန်တဲ့ ပုဂ္ဂိုလ်တွေဟာ တနေ့ပျက်စီးတယ် ကျဆုံးတယ်ဆိုတာကို တို့ပရိသတ် ရာဇဝင် အရ သမိုင်းအရ ပြန်ကြည့်၊ဒါကြောင့်—

မာန်ခက်ထန်ခြင်းကြောင့်လည်း ပျက်စီးတတ်တယ်

ဇာတိတ္ထဒ္ဓေါစ၊ ဇာတ်အားဖြင့်မာန်မာန ခက်ထန်ခြင်းသည်လည်းကောင်း။ ဓနတ္ထဒ္ဓေါစ၊ ဥစ္စာများတယ်ဆိုပြီး မာန်မာနခက်ထန်ခြင်းသည်လည်းကောင်း၊ ဂေါတ္တတ္ထဒ္ဓေါစ၊ အမျိုးအနွယ်မြတ်တယ် ဆိုပြီးတော့ မာန်မာန ခက်ထန်ခြင်းသည်လည်းကောင်း။

အဲဒီလိုမာန်မာနခက်ထန်းတယ်ဆိုလို့ရှိယင်—

သညာတိ၊ မိမိရဲ့ ဆွေမျိုးတွေကိုပင်လျှင်။ အတိမညေတိ၊ မထီမဲ့မြင် လုပ်တတ်ပါ၏။

ကိုယ့်အမျိုး အဆွေတွေကိုတောင်မှ အဲဒါအထင်သေးသွားရော၊ တချို့တချို့ တောရွာတွေကနေ မြို့တက် ပညာသင်၊ တတ္တသိုလ် တွေဘာတွေရောက် ဘွဲ့တွေဘာတွေ ရပြီးတော့ရာထူးအာဏာ တွေရပြီးတော့ နေတဲ့ပုဂ္ဂိုလ်တွေ သူတို့နေတဲ့ ပုဂ္ဂိုလ်တွေ သူတို့နေထိုင်ခဲ့တဲ့ ကျေးလက်ဒေသပြန်ပြီးတော့သွားပြီဆိုလို့ရှိယင် အဲဒီရွာထဲရှိတဲ့ လူအကုန်လုံး တယောက်မှ လူမထင်ဘူး၊ အဲဒီလိုလူတွေဟာ အများကြီးရှိတယ်။

အဲဒီအခါကျပြီဆိုလို့ရှိယင် အဲဒီရွာထဲက လူတွေက အဲဒီအကောင်ပြန်လာလို့ရှိယင် ဘယ်သူကမှလည်း ခရီးဦး မကြိုချင်ဘူး၊ ဘယ်အိမ်ကမှလည်း ပင့်ဖိတ်ပြီးတော့ တို့အိမ်လာပြီးတော့ ထမင်းလေး စားပါဦးကွာ၊ ဘယ်သင်္ဘောသီးလေးအပြန် လက်ဆောင်ယူသွားပါဦးကွာလို့ ဘယ်သူကမှ ပေးချင်တဲ့စိတ် မရှိတော့ဘူးဖြစ်လာတယ်။

ဒီလိုမာန်မာန မရှိပဲနဲ့ မြို့တက်ပြီးတော့ ကြီးပွားချမ်းသာနေနေ ကျေးလက်တောရွာ ပြန်သွားလို့ ဟို-- ငယ်ငယ်တုံးက ငယ်ပေါင်း၊ ကြီးဖော်ဆိုတဲ့ အပေါင်းအသင်း ရောင်းရင်းတွေကို ငယ်ငယ်တုံးက အတိုင်းပဲ ဖက်လှဲတကင်း သွားသွားလာလာ စားလားသောက်လား ပြောဆိုဝင်ထွက်ပြီးတော့ အဲဒါတောက ပြန်လာပြီဆိုယင် တို့ပရိသတ်လက်တွေ့ပဲ--တဲ့၊ လက်ဆောင်ပစ္စည်းတွေ တပုံကြီး တပင်ကြီး သယ်လို့ကို မပြီးနိုင်ဘူး--နော်။

ဒါကြောင့် မာန်မာနကြီးခြင်းဟာ လောက လူမှုရေးအရကြည့်မယ်ဆိုပြန်တော့လည်း ပျက်စီးခြင်းရဲ့ အကြောင်းတရား၊ တရားတော်အနေနဲ့ ကြည့်မယ်ဆိုလို့ရှိယင်လည်းပဲ မာန်မာနကြီးပြီ၊ မာန်မာနဝင်ခဲ့ပြီဆိုလို့ရှိယင် မိမိဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းတဲ့အခါမှာလည်း ထိုမာန်မာနက တရားကို တားဆီးပြီးတော့ထားတတ်တယ်၊ မာန်ဟာ တရားကိုတားတယ်။

## ဒိဗ္ဗစက္ခုအဘိညာဉ် တေဒင်္ဂရှင်အနုရုဒ္ဓါ

ရှင်အနုရုဒ္ဓါမထေရ်မြတ်တရားအားထုတ်တယ်၊ ပုထုဇဉ်ဘဝနဲ့ ဒိဗ္ဗစက္ခု အဘိညာဉ်ကို သူကရထားတာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုတေဒင်္ဂဘဲ့အနေနဲ့ကို ရထားတာ၊ လောကဓာတ်တသောင်းကိုရုတ်ချည်းဖြတ်ချည်း တခါတည်း မြင်စွမ်းနိုင်တဲ့ ဒိဗ္ဗစက္ခု အဘိညာဉ်ကို ဘုရားသာသနာမှာ ရှင်အနုရုဒ္ဓါတပါးတည်းပဲ ရှိတယ်။

ဒီတော့—ရှင်အနုရုဒ္ဓါက ငါလိုလူ ဇမ္ဗူမရှိဘူးပေါ့၊ ပုထုဇဥ်ဘဝနဲ့ရထားတဲ့ အဘိညာဉ်ဆိုတော့ သံပ်ပြီးတော့မာန တရားတွေကကြီး၊ ဒီလို အဘိညာဉ်ရထားတဲ့ ငါလိုပုဂ္ဂိုလ် တယောက်ဝိပဿနာကမ္မဋ္ဌာန်းများ စီးဖြန်းလိုက်ရယင် အရဟတ္တမဂ်တော့ ဘာခက်မှာလည်းဟာဆိုပြီးတော့ အားထုတ်လိုက်တာ—

အားတုတ်ယင်း အားထုတ်ယင်းနဲ့ အဲဒီအဘိညာဉ်လေးအားကိုးပြီးတော့ အားထုတ်လိုက်တာ အနုလောမ ဉာဏ်လောက်ရောက်ယင်း နောက်ပြန်ဆင်းသွားယင်း၊ အနုလောမဉာဏ်လောက်ရောက်ပြီဆိုယင်း နောက်ပြန်ဆင်းသွားယင်းပဲ၊ မဂ်ဇောကျကိုမကျဘူး၊ ဒီလိုဖြစ်နေတယ်။

အဲဒီလိုဇောတွေမကျပဲ နောက်ကို ပြန်ပြန်ဆင်းနေတဲ့အခါကျတော့ အားထုတ်ယင်း အားထုတ်ယင်းနဲ့ ရှင်အနုရုဒ္ဓါမထေရ်သူမြတ်စိတ်ထဲမှာ သံသယတွေ ဖြစ်လာတယ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်အရာမှာ တေဒဂ်ရတဲ့ ငါ့လိုလူတယောက်က ဝိပဿနာအားထုတ်တာဘာပြုလို့များ ဒီလောက်တောင် ခက်ခဲနေရသလည်း၊ ဒီလိုအတွေးလေးပေါက်လာတယ်။

တို့ပရိသတ် စဉ်းစားလိုက်စမ်း၊ အဲဒီလိုတွေး ခေါ်မှုလေးဟာ အားထုတ်နေတဲ့လမ်းစဉ်ထဲမှာ ဝင်သွားခြင်းသည်ပင်လျှင်အဲဒါ ဥဒ္ဒစ္စလို့ခေါ်တယ်၊ မူလကမ္မဋ္ဌာန်း လမ်းကြောင်းပေါ်ကနေသူ့စိတ်ဟာ တခြားကို ပြောင်းသွားပြီ၊ မူလသခ်ါရတရားတွေကို ရှုမှတ်နေတဲ့ စိတ်တွေဟာ ပျောက်ပျက်သွားပြီးတော့ သူတို့ရဲ့ ဒိဗ္ဗစက္ခုအဘိညာဉ် အပေါ်အာရုံရောက်ပြီး အတွေးတွေ အမျိုးမျိုးပေါက်သွားတယ် ဆိုတဲ့ဥဒ္ဒစ္စ ဝင်လာတယ်။

အဲဒီလိုဥဒ္ဒစ္စ—ပျံ့လွင့်တဲ့ သဘောဝင်ရောက် လာပြီးလည်း ဆိုရောနောက်ထပ် ကုက္ကုစ္စဆိုတဲ့ ပူပန်မှုက ဆက်တိုက်ဝင်လာတယ်၊ အနုရုဒ္ဓါမှာ၊ ကုက္ကုစ္စဆိုတဲ့ပူပန်မှု ဘယ်နှယ်ဝင်လာသလည်း၊ငါဟာ ဒီဘဝမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရမှရပါဦးမလား။ ငါဘာပြုလို့ ဒီလောက်တောင် ခက်နေရသလဲလို့ ပူပန်မှုလေး ဝင်လည်းလာရော အဲဒီမှာစိတ်တွေဟာ မချမ်းမသာဖြစ်လာတယ်။ မရနိုင်လွန်းတော့ လိုချင်တာကို ရေယင်စိတ်ဆင်းရဲတယ်ဆိုတာဟာ ခံမှုစကြာမှာ ဘုရားဟောပြီးသား။

## ယံပိစ္ဆံနလဘတိ တံပိဒုက္ခံ

အဲဒီလိုဖြစ်ကရော၊ ကုက္ကုစ္စ ပူပန်မှုဖြစ်လာတယ်၊ ဥဒ္ဒစ္စစိတ်တွေဟာ ပျံ့လွင့်လာတယ်၊ အဲဒီမှာနီဝရဏတရားတွေ ဝင်ရောက်ပြီးတော့ ရှင်အနုရုဒ္ဓါမထေရ်မြတ်ရဲ့ ဉာဏ်စဉ်တွေအာကုန်လုံးပြန်ဆင်းသွားတယ်၊ ပျက်စီးပြီးတော့ သွားတယ်၊ အဲဒီလိုချည်းဖြစ်နေတယ်။

ဘာကြောင့် ဒီလိုဖြစ်ရတာလည်းဆိုယင် ဒိဗ္ဗစက္ခုအဘိညာဉ်ကိုအမှီပြုပြီးတော့ တက်လာတဲ့မာနကြောင့် သူဒီလိုဖြစ်သွားရတာ၊ အဲဒီတော့မှ စိတ်ပျက်လက်ပျက်နဲ့ ရှင်အနုရုဒ္ဓါမထေရ်သူမြတ်ဟာကမ္မဋ္ဌာန်းကျောင်း ကဆင်းပြီးတော့ ရှင်သာရိပုတ္တရာဆီသွားတယ်။

"နောင်တော်ကြီးဘုရား—ဘုရားတပြည့်တော် ဒီလိုဒီလိုဖြစ်နေပါတယ်၊ တပြည့်တော်ဥဒ္ဒစ္စ၊ ကုက္ကုစ္စတွေ ဖြစ်ပြီးတော့ တပြည့်တော် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မဆိုက်နိုင်ပဲ ရှိနေရပါတယ်ဘု

ရား၊ တပြည့်တော်ကို လမ်းမှန်အောင်ညွှန်ကြားတော်မူပါဘုရား လို့”လျှောက်ထားတဲ့အခါကျတော့ ရှင်သာရိပုတ္တရာကိုယ်တော် မြတ်က—

ရှင်အနုရုဒ္ဓါ သောင်တင်နေတာ— တဲ့

“ငါ့ညီ— မင်းဟာဒိဗ္ဗစက္ခု အဘိညာဉ်ကိုအမှီပြုပြီးတော့ တက်နေတဲ့မာနရှိတယ်၊ အဲဒီမာနလေးကြောင့် မင်းဟာသောင် တင်နေတာ”—တဲ့။

ဒါရုက္ခန္ဓောပမာသုတ္တန် စကားနဲ့ပြော မယ်ဆိုလို့ရှိယင် သောင်ပေါ်တင်နေတာ၊ ရှင်အနုရုဒ္ဓါသောင်ပေါ်တင်နေတာ၊ ဂင်္ဂါမြစ်ထဲ မျောလာတဲ့သစ်တုံးကြီးသောင်ပေါ်တင်နေတဲ့အခါ ကျတော့ အဲ့ဒီဂင်္ဂါမြစ်ရေလို့ခေါ်တဲ့ မဂ္ဂင်(၈)ပါးနဲ့ ထို သစ်တုံးတဲခြားစီဖြစ်သွားတယ်။

အဲဒါကြောင့်မို့လို့ ရှင်အနုရုဒ္ဓါမဒေထရ်မြတ် မဂ်ဉာဏ်ဖို ဉာဏ်မဆိုက်တာပဲလို့ ရှင်သာရိပုတ္တရာကညွှန်ကြားတဲ့ အခါကျ တော့မှ “ဒါဖြင့် တပည့်တော်ဘယ်လိုလုပ် အားထုတ်ရမှာလဲ” “မင်းရဲ့ဒိဗ္ဗစက္ခုအဘိညာဉ်ကို လုံးဝနှလုံးမသွင်းနဲ့ အဲဒီအဘိ ညာဉ်ကို အမှီပြုပြီးတော့ တတ်တဲ့မာန်မာနကြောင့် မင်းအာ နှောက်အယှက် ဖြစ်နေတာ အဲဒီအဘိညာဉ်က နိဗ္ဗာန်သွားတဲ့ လမ်းခရီးအတွက် အထောက်အကူမပြုဘူး”

“အဘိညာဉ်ကို ငါ့ညီအနုရုဒ္ဓါ ဘာမှအားမကိုးပါလေနဲ့ နိဗ္ဗာန်ကို တကယ် တန်းတန်း မတ်မတ် ဖြောင့်ဖြောင့် တန်းတန်း သွားတယ်ဆိုတာက ဝိပဿနာဉာဏ်၊ အဲဒီကနေ မဂ်ဉာဏ်

ဖိုလ်ဉာဏ်ဆိုတဲ့ အဲဒီဉာဏ်တွေကသာလျှင် သင့်ကို နိဗ္ဗာန် တိုင်အောင်ပို့မှာ၊ အဘိညာဉ်တွေရနေပေမယ့် ငါ့ညီမာနတွေ တက်ပြီးတော့ ကျေနပ်မနေနဲ့၊ အဘိညာဉ်ဆိုတာက သာသနာ ပမိစ္ဆာဒိဋ္ဌိတွေကောင်ရဘာပဲ"

အဲဒီတော့မှ ရှင်သာရိပုတ္တာရာမထေရ်မြတ် ညွှန်ကြားချက်အ ရ ကမ္မဋ္ဌာန်းကျောင်းဝင်ပြီးတော့ ပြန်အားထုတ်တယ်၊ နောက် တော့ မကြာခင်မှာပဲ ရှင်အနုရုဒ္ဓါဟာ အာသဝေါကင်းပြီးတော့ ရဟန္တာ ဖြစ်ခဲ့ပါတယ်-တဲ့။

ဒါကြောင့် မာနတရားဆိုတာဟာ သောင်ပေါ်တင်တယ်ဆို တဲ့ ဿစ်တုံးကဲ့သို့ ရှင်အနုရုဒ္ဓါမထေရ်သူမြတ် အဘိညာဉ်ကို အကြောင်းပြုပြီးတော့ တက်တဲ့မာနကြောင့် မဂ်ဉာဏ် ဖိုလ် ဉာဏ် ပရပဲနဲ့ နှောင့်နှေးနေခဲ့တယ်၊ ဥဒ္ဒစ္စနဲ့ ကုက္ကုစ္စဝင်ခဲ့တယ် ဆိုဟာ အဲဒါအာရုံပြုလိုက်။

ဒါ့ကြောင့် မာနကြီးပြီဆိုယင် တို့တရားနာပရိသတ်၊ လော ကုတ္တရာအကြီးအပွား မှာလည်း ဆုံးရှုံးတတ်တယ်၊ ပျက်စီးတတ် တယ်၊ လောကီအစီးအပွါးမှာလည်း ဆုံးရှုံးတတ်တယ်၊ ပျက် စီးတတ်တယ်။

လောကီအစီးအပွား ဆုံးရှုံးရာ ပျက်စီးကြောင်းနှင့် ပတ် သက်တဲ့ မာန်မာနတရားကိုတော့ ဇာတ်တ္ထဒ္ဓ- ဇာတ်ကို အ ကြောင်းပြုပြီးတော့ တက်တဲ့မာန်မာန၊ ဂေါတ္တတ္ထဒ္ဓ- အနွယ် ကို အကြောင်းပြုပြီးတော့ တက်တဲ့မာန်မာန၊ ဓနတ္ထဒ္ဓ ဥစ္စာ ကို အကြောင်းပြုပြီးတော့ တက်တဲ့မာန်မာန၊ ရာထူး အာ ဏာကို အကြောင်းပြုပြီးတော့ တက်တဲ့မာန်မာနရယ်လို့တော့

ဒီအထဲပါမလာဘူး၊ သို့သော်လည်းပဲ အဲဒါပါ ထည့်ပြီးတော့ ယူ—တဲ့၊ မာနဆိုတာဟာ ဘာအကြောင်းပြုပြီးတော့မှ မတက်စေနဲ့။

## ဗုဒ္ဓနဲ့အလွန်ရင်းနှီးချင်တဲ့ ကောသလဘုရင်ကြီး

သာကီဝင် မင်းမျိုးတွေ တမျိုးလုံး အကုန်မျိုးပြုတ်ပြီးတော့ သွားတယ်ဆိုတာ တို့ဖရိုသတ်ကြားဖူးလိမ့်မယ်၊ မြတ်စွာဘုရားရဲ့ ဆွေတော် မျိုးတော်တွေ သာကီဝင်မင်းမျိုးတွေ အကုန်လုံး ပြုတ်သွားတယ်၊ ဘာပြုလို့ ပြုတ်သွားတာလည်းဆိုတော့ ဝိဋူဍဘလို့ခေါ်တဲ့ ကောသလမင်းကြီးရဲ့သားတော်က အကုန်လုံး သတ်ပစ်လိုက်လို့ ကောသလမင်းကြီးရဲ့ သားတော်က သတ်ပစ်တော့ သာကီဝင်မင်းတွေ တယောက်မကျန်အကုန်သေကုန်တယ်၊ အဲဒါဘာကြောင့် အသတ်ခံရသလည်းဆိုတော့ မာနကြီးလို့ အသတ်ခံကြရတာ၊ သာကီဝင်မင်းမျိုးတွေက ကောသလဘုရင်ကြီးနဲ့ ပတ်သက်ပြီးတော့ အဲဒီမှာ ဘာဖြစ်ကြသလည်း ဆိုလို့ရှိယင်—

ဒီနေရာမှာ ဘုန်းကြီးနည်းနည်း ပြောချင်သေးတယ်ပေါ့လေ။

ကောသလဘုရင်ကြီးကလည်း အလွန်ဉာဏ်နည်းတဲ့ရှင်ဘုရင်ကြီး၊ အဲဒီဉာဏ်နည်းတဲ့ရှင်ဘုရင်ကြီး သာဝတ္ထိမြို့မှာနေတဲ့အခိုက်—

သာဝတ္ထိမြို့တော်ထဲက အနာထပိဏ်တို့ ဝိသာခါတို့ သုပ္ပဝါသာတို့ စူဠအနာထပိဏ်တို့ အဲဒီလိုဘုရားရဲ့ဥပသကာ ဥပသကီ

ဒါယကာ ဒါယိကာမတွေ့ရဲ့အိမ်မှာ နေ့စဉ်မပြတ် သံဃာတော်တွေ ဝင်ထွက်သွားလာ စားသောက်နေတာ သံဃာတော်တွေ့ရဲ့ သက်နိုးရောင်ဖြင့် တပြောင်ပြောင် ထွန်းလင်းတောက်နေတာ မြင်တဲ့အခါကျတော့ ကော သ လ ဘု ရင် ကြီး ကလည်း အားကျတယ်။

အေး-- ငါ့နန်းတော်ထဲမှာလည်း အဲဒီလို သံဃာတော်တွေ ဝင်ထွက်သွားလာနေယင် ကောင်းမှာပဲလို့ ဘုရားနှင့်တကွ သံဃာတော်တွေနဲ့ ရင်းနှီးချင်တဲ့ စိတ်တွေ ပေါ်ပေါက်လာတယ်။ အဲဒီလို ရင်းနှီးချင်တဲ့စိတ်တွေပေါ်လာ၊ နန်းတော်ထဲ သံဃာတော်တွေ ဝင်ထွက် သွားလာစေချင်တဲ့ စိတ်တွေပေါ်လာဘယ်။

အဲဒီလို စိတ်တွေဖြစ်လာခဲ့တဲ့ အတွက်ကြောင့် ဇေတဝန်ကျောင်းသွားပြီးတော့ မြတ်စွာဘုရားကို လျှောက်တယ်၊ 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား-- ဘုရားတပည့်တော်ရဲ့ ရွှေနန်းတော်ကို အရှင်ဘုရားနဲ့တကွ သံဃာတော်တွေ နေ့စဉ်မပြတ် နံနက်နေ့အမြဲဘန်း ဆွမ်းဘုဉ်းပေးကြွတော်မူပါ ဘုရား၊ တပည့်တော်ကလွဲပြီးတော့ တခြားဘယ်ကိုမှ မကြွပါနဲ့ဘုရား" ကောသလဘုရင်က ဘုရားကို အပိုင်စီးတယ်။

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က "တို့မြတ်စွာဘုရားနဲ့ သံဃာတော်တွေဆိုတာဟာ ရေအိုးစင်ကြီးလိုပဲ" တဲ့ အယုတ်အလတ်အမြတ်မရွေး မည်သူမဆို ခပ်ပြီးတော့ သောက်နိုင်တဲ့ ရေအိုးစင်ကြီးလိုပဲ" ဘယ်သူပင့်ပင့် တို့သံဃာတော်များနဲ့ ဘုရားဆိုဟာ ကြွရမှာပဲ၊ ဒကာတော်မင်းတရားနဲ့ နန်းတော်

ကိုသာလျှင် ကြွရမယ်ဆိုယင် တခြားပုဂ္ဂိုလ်တွေ ကုသိုလ်ကောင်းမှုမှ ဆုတ်ယုတ်ကုန်လိမ့်မယ်”

“ဒီလိုဆိုယင်ဘုရား— အရှင်ဘုရား အမြဲတန်း မကြွနိုင်တောင်မှ သံဃာတော်ငါးရာလောက် တပည့်တော်ရဲ့ နန်းတော်ထဲ အမြဲတန်းကြွဖို့ စီစဉ်ပေးတော်မူပါ၊ အရှင်ဘုရားကတော့ နယ်လှည့်ပြီး ဒေသစာရီ ကြွပြီးတော့ တရားဟောမယ်ဆိုလို့ ရှိယင်ဟောတော်မူပါ၊ တကြိမ်တော့ တပည့်တော်ရဲ့ နန်းတော်ထဲကြွပြီးတော့ ခေါင်းဆောင်သံဃာတပါးနဲ့ သံဃာငါးရာ နန်းတော်ထဲ ကြွဖို့ရန် စီမံပေးတော်မူပါဘုရား” အဲဒါကို ဘုရားက လက်ခံလိုက်တယ်။

လက်ခံပြီလည်းဆိုရော ကောသလဘုရင်နန်းတော်ထဲပြန်သွားပြီ၊ မနက်ဖြန် ဘုရားနဲ့တကွ သံဃာတော်ငါးရာ ကြွလိမ့်မယ်ဟေ့၊ ဆွမ်းများပြင်ဆင်ကြပါဟ ပြီးတော့ အဲဒါ သူ့ကိုယ်တိုင် ဘုရားနဲ့တကွ သံဃာတော်တွေ ဆွမ်းဘုဉ်းပေးဖို့ရန် နေရာများ ခင်းကျင်းပြင်ဆင်၊ ဆွမ်းပွဲတွေအတွက် လျာထားလုပ်ကိုင်ပြီးတော့ နံနက်ကျတော့ ဆိုကြပါစို့၊ ဘုရားနဲ့တကွ သံဃာတော်ငါးရာကြွလာ၊ ရှင်အာနန္ဒာလည်းပါတယ်၊ ဆွမ်းဘုန်းပေးပြီးတော့ ပြန်ကြွသွား။

နောက်ရက်ကျတော့ ဘုရားရှင်ကိုယ်တော်မြတ်က ရှင်အာနန္ဒာကို လွှတ်ထားခဲ့တယ်၊ “ချစ်သားအာနန္ဒာ သံဃာငါးရာကို ခေါင်းဆောင်ပြီးသော့ ကောသလဘုရင့်နန်းတော် မင်းနေတိုင်း ကြွလိုက်စမ်းပါကွာ” အဲဒီလိုလွှဲလိုက်တော့ ရှင်အာနန္ဒာ ကိုယ်

တော်မြတ်နဲ့ သံဃာတော်ငါးရာ နေ့တိုင်း နေ့တိုင်း ရွှေနန်းဘောင်ကိုကြွပြီးတော့ ဆွမ်းဘုန်းပေးကြတယ်။

## ဆွမ်းလုပ်ကျွေးပူပြုရန် မေ့နေတဲ့ ကောသလဘုရင်ကြီး

ရှင်အာနန္ဒာကြွလာတဲ့ ဒုတိယနေ့မှာ ကောသလဘုရင်ကြီးကိုယ်တိုင် လုပ်ကျွေးပြုစုတယ်၊ တတိယနေ့မှာလည်းသူကိုယ်တိုင်ပြုစုလုပ်ကျွေးသေးတယ်၊ စတုတ္ထရက်လည်းကျရော ကောသလဘုရင်ကြီးဟာ ရှင်အာနန္ဒာအမှူးရှိတဲ့ သံဃာငါးရာ နန်းတော်ကြွပြီးတော့ ဆွမ်းဘုန်းပေးလိမ့်မယ်ဆိုတာကို သတိလုံးဝ မရတော့ဘူး၊ သူ့စည်းစိမ်နဲ့သူ ယစ်မူးပြီးတော့ အဲဒါမေ့နေတယ်။

မေ့နေပြီးတော့ မင်းမိမ့်ဖြစ်တော့ဘူး၊ ဆွမ်းဘယ်လိုချက်ကြပေ့၊ ဘယ်လိုပြင်ဆင်ကြပေ့၊ ဘယ်လိုကပ်ကြ ဘာဟင်းတွေလုပ်ကြလို့ စိမ့်ခန့်ခွဲမှု ဘာတခုမှ သူမပေးမိတော့ဘူး ဖြစ်နေတယ်၊ ဘုရင်ရဲ့ စိမ်ခန့်ခွဲမှု ဘာမှမရဘူးဆိုလို့ရှိယင် လုပ်တဲ့ကိုင်တဲ့ စိမ်ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်တွေကလည်းပဲ အဲဒါသပ်သပ် ရပ်ရပ် ခန့်ခန့်ညားညား ဘာမှ ဘယ်သူမှ မလုပ်ကြတော့ဘူး။

ဘုရင်ကိုယ်တိုင်က မေ့နေပြီဆိုမှဖြင့်ယင် ရှင်ဘုရင်ကိုယ်တိုင်ရဲ့ စိမ်ခန့်ခွဲဖို့ရန် အမိန့်မရဘူးဆိုမှဖြင့်ယင် ကျန်တဲ့ ပုဂ္ဂိုလ်တွေကလည်းပဲ အထက်က အမိန့်မရသေးဘူးဆိုပြီး ဘယ်သူမှမလုပ်ကြဘူး၊ အဲဒီလိုဖြစ်နေတုံး သံဃာတော်တွေက ကြွလည်လာရောနေရာထိုင်ခင်းကလည်းမခင်းရသေး၊ ဆွမ်းတွေကလည်းမပြီးသေးဘူး၊ အဲဒီလို ရှုန်းရင်းဆန်ခတ် ဖြစ်နေကြတယ်။

ရှင်အာနန္ဒာကတော့ ဘုရားအမိန့်နဲ့ဆိုတော့ သီးခံပြီးတော့ ရှိတဲ့နေရာလေးမှာထိုင်တယ်၊ ကျန်တဲ့ကိုယ်တော်တွေကတော့ အဲ ဒီကလောင်းလှူလိုက်တဲ့ ဆွမ်းတချို့ကို အလှူခံသွားတယ်၊ တချို့ ကလည်း သပိတ်ကိုဒီအတိုင်းပိတ်ပြီးတော့ပြန်ထွက်သွားကြတယ်၊ နေရာလေးတောင် ကောင်းကောင်းခင်းမပေးတဲ့ ရှင်ဘုရင့်နန်း တော် ဘာပြုလို့ဆွမ်းခံရမှာလည်းဆိုပြီးတော့ တချို့ပုထုဇဉ်ကိုယ် တော်တွေ နန်းတော်ထဲက ထွက်သွားကြတယ်။

နီးစပ်ရာ နီးစပ်ရာ ရပ်ကွက်သွားပြီးတော့ ဆွမ်းခံ၊ နီးစပ်ရာ ဒကာ ဒကာမမျှားအိမ်ကြွပြီး ဘုဉ်းပေးလို့ အဲဒီလိုဖြစ်နေတယ်၊ နောက် တော်တော်လေးကြာတော့ ရှင်ဘုရင်မှာ မွန်မြတ်တဲ့ စားဖွယ်တခုလက်ဆောင်ရလာတယ်၊ ရလာပြီလည်းဆိုရော ကော သလဘုရင်က ဟာ ငါ့နန်းတော်ထဲ သံဃာငါးရာ ဆွမ်းလုပ် ကျွေးဖို့ စီမံထားတာပဲ၊ ငါရလာတဲ့ စားဖွယ်လက်ဆောင်ကို သံဃာငါးရာအားမေးပြီးတော့ လှူလိုက်တန်းလိုက်ရ ကောင်း မှာပဲဆိုပြီး လက်ဆောင်ပစ္စည်းယူပြီး ဆွမ်းစားခန်းထဲ ဝင်လာ တယ်။

ဝင်လည်းလာရော ရှင်အာနန္ဒာတပါးတည်းသာတွေ့ရတယ်၊ သံဃာတော်ငါးရာ တပါးမှမတွေ့ရတော့ဘူး၊ မရှိကြတော့ဘူး။ အဲဒီတော့မှ ရှင်ဘုရင်ကြီးက ဆွမ်းပွဲပြင်ဆင်တဲ့ ပုဂ္ဂိုလ်တွေကို မေးတယ်၊ သံဃာတော်တွေ ဘယ်ကြွကုန်သလဲဆိုတော့ မလာ ကြတော့ဘူး—တဲ့၊ ရှင်အာနန္ဒာတပါးတည်းပဲ ကြွတယ်၊ ကျန် တဲ့သံဃာတော်တွေ မလာကြတော့ဘူး။

ဒီမှာဆွမ်းထွေ ဟင်းတွေချက်မထားဘူးလားဆိုတော့ ချက်ထားပါတယ်၊ ချက်ထားရက်သားနဲ့ ဒီကိုယ်တော်တွေမလာဘူး ဆိုလို့ရှိယင် တို့ကစတော့ ဆွမ်းတွေကျွေးမယ်လို့ ချက်ထားတယ်၊ သက်သက်မယ့် ဒီကိုယ်တော်တွေက ကြွမလာကြတော့ဘူး၊ အဲဒီတော့ ကောသလဘုရင်ကြီးစိတ်ဆိုးပြီးတော့ မြတ်စွာဘုရားဆီ သွားလျှောက်တယ်။

"အရှင်ဘုရား—တပည့်တော်က ဆွမ်းကျွေးမယ်လို့ပင့်ဖိတ်ပြီး လုပ်ကိုင်ပြင်ဆင်ထားပါတယ်၊ အရှင်ဘုရားရဲ့တပည့် သာဝကတွေက နန်းတော်ထဲ ဆွမ်းစားမကြွကြဘူး ဘုရား၊ ချက်ပြုတ်ထားတာတွေ အကုန်လုံး အချည်းနှီး ဖြစ်ကုန်တယ်။"

အဲဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်က "ဒကာတော်မင်းကြီး ငါဘုရားပြောမယ်၊ ဒကာတော်မင်းကြီးရဲ့ နန်းတော်ကို ဒီကိုယ်တော်တွေ မကြွကြဘူးဆိုတာဟာ အခြားအကြောင်းကြောင့် မဟုတ်ဘူး၊ အကြောင်းကိုးချက်ရှိတယ်ဒကာတော်မင်းကြီး"

သံဃာတော်များ မကြွလိုတဲ့ အကြောင်း (၉) ချက်

နမနာပေပစ္စုဋ္ဌေန္တိ—မြတ်မြတ်နိုးနိုး ရိုရိုသေသေ ခရီးဦး ကြိုဆိုခြင်း မပြုကြဘူးဆိုယင်လည်းပဲအဲဒီနေရာကို ကိုယ်တော်တွေမ သွားချင်ကြဘူး။—

ကောသလဘုရင်ကြီးကို ဘုရားရှင်မိန့်တော်မူတဲ့စကား။

"တို့ပရိသတ်—မှတ်ထားနော်"

"မှန်ပါဘုရား"

(၁) မြတ်မြတ်နိုးနိုးနဲ့ ရိုရိုသေသေ ခရီးဦးကြိုဆိုခြင်းမလုပ်ကြဘူးဆိုယင်လည်းပဲအဲဒီနေရာကိုကိုယ်တော်တွေ မသွားချင်ကြဘူး—တဲ့။

နမနာပေနအာသနံဒေန္တိ၊

(၂) မြတ်မြတ်နိုးနိုးနဲ့ ခရီးဦးကြိုဆိုခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ရောက်လာတဲ့အခါကျပြန်တော့ နေရာထိုင်ခင်းကို မွန်မွန်မြတ်မြတ် လေးလေးစားစား နေရာမပေးကြဘူး ဆိုယင်လည်းပဲ အဲဒီနေရာကို ကိုယ်တော်တွေမကြွလိုကြဘူး။

နမနာပေနအာဘိဝါဒေန္တိ၊

(၃) ကြွလာတဲ့ကိုယ်တော်တွေကို ခရီးဦးကြိုဆိုခြင်း၊ နေရာပေးခြင်းလုပ်ပင်လုပ်ငြားသော်လည်းပဲအဲဒီ ကိုယ်တော်တွေကို ရိုသေစွာ လက်အုပ်ချီမိုး ရှိခိုးခြင်းတောင် မပြုနိုင်ကြဘူးဆိုယင် အဲဒီနေရာကို မသွားချင်ကြဘူး။

ကြွလာတဲ့ကိုယ်တော်တွေကို အရိုအသေလေးတောင်မှ မပြုဘူးဆိုယင် ဒီနေရာမျိုးဟာ မသွားထိုက်ဘူး၊ နေရာမပေးဘူးဆိုယင် ဒီနေရာမျိုး မသွားထိုက်ဘူး၊ မြတ်စွာဘုရား မိန့်တော်မူတဲ့စကား သိပ်ပြီးတော့ ဘုန်းကြီးတို့အတွက် ကျင့်သုံးစရာကောင်းတဲ့အချက်တွေ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေအနေနဲ့လည်းပဲ မှတ်သားစရာသိပ်ပြီးတော့ကောင်းတဲ့ အချက်တွေပေါ့။

သန္တုမဿဝရိဂ္ဂဟန္တံ၊

(၄) မြတ်မြတ်နိုးနိုးနဲ့ နေရာထိုင်ခင်း မပေးဘူး၊ ခရီးဦး မကြိုဆိုဘူး၊ မြတ်မြတ်နိုးနိုးနဲ့ လက်အုပ်ချီမိုး ရှိခိုးခြင်းမပြုဘူး။ အရိုအသေမပေးဘူးဆိုယင် အဲဒီလိုနေရာမျိုးကို မ သွား တိုက် ဘူး ဒကာတော်မင်းကြီး။

ဗဟုကမ္မိယထောကံဒေန္တံ၊

(၅) အဲဒီနေရာမှာ မြတ်မြတ်နိုးနိုး လက်အုပ်ချီမိုး ရှိခိုးပြီး တော့ မွန်မြတ်တဲ့ပစ္စည်းရှိပါလျက်နဲ့ မွန်မြတ်တာကို မလှူပဲ ညံ့တာကိုမှ ရွေးပြီးတော့လှူတယ်ဆိုယင်လည်းပဲ အဲဒီနေရာမျိုး ကို မသွားထိုက်ဘူး ဒကာတော်မင်းကြီး။

ပဏီတံပိလူခံဒေန္တံ၊

(၆) မြောက်မြားစွာရှိသည်ဖြစ်ပါလျက်နဲ့ မြောက်မြားစွာ ပေးနိုင်ကမ်းနိုင် လှူတန်းနိုင်သည်ဖြစ်ပါလျက်နဲ့ သက်သက်မဲ့ အနည်းငယ်မျှသာထုတ်ပြီးတော့ပေးခဲ့မယ်လှူခဲ့မယ်ဆိုယင်လည်း ပဲ အဲဒီနေရာမျိုးကို မသွားထိုက်ဘူး ဒကာတော်မင်းကြီး။

ဘုရားရှင်ကိုယ်တော်မြတ်က ကောသလမင်းကြီးကို မိန့်တော် မူတယ်။

အသက္ကစ္စံဒေန္တံနောသက္ကစ္စံ၊

(၇) အဲဒီလို လှူပြီး တန်းပြီးပြီဆိုတဲ့ အခါကျပြန်တော့ တရားနာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အနီးအပါး ချဉ်းကပ်ပြီး

တော့ မသိုင်ကြဘူးဆိုယင်လည်းပဲ အဲဒီနေရာမျိုးကို သံဃာတော်များမသွားထိုက်ဘူး ဒကာတော်မင်းကြီး။

ကိုင်း—ပရိတ်ရွတ်ကြစို့၊ ပရိတ်ရွတ်ကြစို့ဆိုလို့ရှိယင် ဩကာသ—ဩကာသ—ဩကာသဆိုပြီးတော့ ဘုန်းကြီးတွေက သမန္တာလည်း ဆိုရော ဖြုတ်ဖြုတ် —ဖြုတ်ဖြုတ်နဲ့ နောက်နားက တယောက်ထ နှစ်ယောက်ထနဲ့ ဘုန်းကြီးရှေ့ တယောက်မှ မရှိတော့ဘူး၊ အဲဒီလိုဆိုလို့ရှိယင် အဲဒီလိုနေရာမျိုးမှာ ဒီပရိတ် ရွတ်ကိုမရွတ်ထိုက်ဘူး—တဲ့

"တို့ပရိသတ် မှတ်ထားကြ"

"မှန်ပါဘုရား"

နဥပနိသီဒန္တိ ဝမ္မဿ ဝနာဃ၊

(ဂ) နာကြားကြတဲ့စိတ်မှမရှိပဲနဲ့ မီးဖိုချောင်မသိမ်းရသေးဘူးတို့ ဘာတို့ညာတို့ဆိုတဲ့အကြောင်း ဆင်ခြေတွေနဲ့ တခါတည်းဟိုထသွား ဒီထသွား စကားတပြောပြောလုပ်နေယင် မရှိမသေအဂါဝရလုပ်နေယင် အဲဒါမရွတ်ဖတ်ရဘူး၊ အဲဒီလိုဆိုလို့ရှိယင်လည်းပဲ ဒီလိုနေရာမျိုးကို မကြွထိုက်ဘူး ဒကာတော်မင်းကြီး။

ဘာသိတ မဿနသုဿူသန္တိ၊

(ဃ) အဲဒီဟောကြားနေတဲ့ ရွတ်ဖတ်နေတဲ့ ပရိတ်တရားကို ရိုသေစွာနာကြားမှုမရှိဘူးဆိုလို့ရှိယင်လည်းပဲ ဒီလိုနေရာမျိုးကို မဟောထိုက် မကြွထိုက်ဘူး ဒကာဘော်မင်းကြီး။

မြတ်စွာဘုရား အချက် (၄) ချက် ဒီနေရာမှာဟောတယ်၊ ဒကာတော်မင်းကြီးရဲ့ နန်းတော်ထဲ သံဃာတော်ငါးရာမကြွဘူးဆိုတာ အဲဒါကြောင့် မကြွတာ တဲ့။

သန္တမဿပရိဂ္ဂဟာနန္တ ိ၊

(၄) မြတ်မြတ်နိုးနိုးနဲ့ နေရာထိုင်ခင်း မပေးဘူး၊ ခရီးဦး မကြိုဆိုဘူး၊ မြတ်မြတ်နိုးနိုးနဲ့ လက်အုပ်ချီမိုး ရှိခိုးခြင်းမပြုဘူး။ အရိုအသေမပေးဘူးဆိုယင် အဲဒီလိုနေရာမျိုးကို မ သွား တိုက် ဘူး ဒကာတော်မင်းကြီး။

ဗဟုကမ္ပိဃောသကံဒေန္တ ိ၊

(၅) အဲဒီနေရာမှာ မြတ်မြတ်နိုးနိုး လက်အုပ်ချီမိုး ရှိခိုးပြီး တော့ မွန်မြတ်တဲ့ပစ္စည်းရှိပါလျက်နဲ့ မွန်မြတ်တာကို မလှူပဲ ညံ့တာကိုမှ ရွေးပြီးတော့လှူတယ်ဆိုယင်လည်းပဲ အဲဒီနေရာမျိုး ကို မသွားထိုက်ဘူး ဒကာတော်မင်းကြီး။

ပဏီတံပိလူခံဒေန္တ ိ၊

(၆) မြောက်မြားစွာရှိသည်ဖြစ်ပါလျက်နဲ့ မြောက်မြားစွာ ပေးနိုင်ကမ်းနိုင် လှူတန်းနိုင်သည်ဖြစ်ပါလျက်နဲ့ သက်သက်မဲ့ အနည်းငယ်မျှသာထုတ်ပြီးတော့ပေးခဲ့မယ်လှူခဲ့မယ်ဆိုယင်လည်း ပဲ အဲဒီနေရာမျိုးကို မသွားထိုက်ဘူး ဒကာတော်မင်းကြီး။

ဘုရားရှင်ကိုယ်တော်မြတ်က ကောသလမင်းကြီးကို မိန့်တော် မူတယ်။

အသက္ကစ္စံဒေန္တ ိနောသက္ကစ္စံ၊

(၇) အဲဒီလို လှူပြီး တန်းပြီးပြီဆိုတဲ့ အခါကျပြန်တော့ တရားနာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အနီးအပါး ချဉ်းကပ်ပြီး

တော့ မသိုင်ကြဘူးဆိုယင်လည်းပဲ အဲဒီနေရာမျိုးကို သံဃာတော်များမသွားထိုက်ဘူး ဒကာတော်မင်းကြီး။

ကိုင်း—ပရိတ်ရွတ်ကြစို့၊ ပရိတ်ရွတ်ကြစို့ဆိုလို့ရှိယင် ဩကာသ—ဩကာသ—ဩကာသဆိုပြီးတော့ဘုန်းကြီးတွေက သမန္တာလည်း ဆိုရော ဖြုတ်ဖြုတ် —ဖြုတ်ဖြုတ်နဲ့ နောက်နားက တယောက်ထ နှစ်ယောက်ထနဲ့ ဘုန်းကြီးရှေ့ တယောက်မှ မရှိတော့ဘူး၊ အဲဒီလိုဆိုလို့ရှိယင် အဲဒီလိုနေရာမျိုးမှာ ဒီပရိတ် ရွတ်ကိုမရွတ်ထိုက်ဘူး—တဲ့

"တို့ပရိသတ် မှတ်ထားကြ"

"မှန်ပါဘုရား"

နဥပနိသိဒန္တိ ဓမ္မဿဝနာယ၊

(၈) နားကြားကြတဲ့စိတ်မှမရှိပဲနဲ့ မီးဖိုချောင်မသိမ်းရသေးဘူးတို့ ဘာတို့ညာတို့ဆိုတဲ့အကြောင်း ဆင်ခြေတွေနဲ့ တခါတည်းဟိုထသွား ဒီထသွား စကားတပြောပြောလုပ်နေယင် မရှိမသေအဂါရဝရလုပ်နေယင် အဲဒါမရွတ်ဖတ်ရဘူး၊ အဲဒီလိုဆိုလို့ရှိယင်လည်းပဲ ဒီလိုနေရာမျိုးကို မကြွထိုက်ဘူး ဒကာတော်မင်းကြီး။

ဘာသိတ မဿနသုဿူသန္တိ၊

(၉) အဲဒီဟောကြားနေတဲ့ ရွတ်ဖတ်နေတဲ့ ပရိတ်တရားကို ရိုသေစွာနာကြားမှုမရှိဘူးဆိုလို့ရှိယင်လည်းပဲ ဒီလိုနေရာမျိုးကို မဟောထိုက် မကြွထိုက်ဘူး ဒကာဘော်မင်းကြီး။

မြတ်စွာဘုရား အချက် (၉) ချက် ဒီနေရာမှာဟောတယ်၊ ဒကာတော်မင်းကြီးရဲ့ နန်းတော်ထဲ သံဃာတော်ငါးရာမကြွဘူးဆိုတာ အဲဒါကြောင့် မကြွတာ တဲ့။

ဒကာတော်မင်းကြီးက ဆွမ်းဘုဉ်းပေးကြွပါလို့ ပင့်တော့ပင့် ထားရက်နဲ့ မင်းကြီးကမေ့နေတယ်၊ စိမ့်ခံနိုင်ခဲ့ဖို့ရန် ဘာမှအမိန့် ကလည်းထုတ်မထားတော့ လက်အောက်ငယ်သားတွေက ကိုယ် တော်တွေကို ဧရိယာဦးလည်းမကြိုဆို၊ နေရာထိုင်ခင်းလည်းမပေး၊ ကပ္ပိယကြည်ညိုပြီးလှူဒါန်းဖို့ မရှိမသေ အခါဝရလုပ်ကြတော့ ကိုယ် တော်တွေမှေးပြုကြတယ်။

အကြောင်းထိုးသောအရသာ ဝေးသုံးနိုင်ဖို့ရန်

အဲဒါ ကိုယ်တော်တွေရဲ့အပြစ် မဟုတ်ဘူး ဒကာတော်မင်း ကြီးရဲ့အပြစ်ပဲလို့ ဒါပေမဲ့ဒီနေရာမှာ ဘုရားရှင် ကိုယ်တော်မြတ်က "ကေသဝဇာတ်တော်ကြီး" ထုတ်ပြီးတော့ဟောလိုက်သေးတယ်။

"တို့ပရိသတ် ကေသဝဇာတ်တော့ထားခဲ့"

"မှန်ပါဘုရား"

အဲဒီလို ကေသဝဇာတ်တော်ကြီး ထုတ်ပြီးတော့ဟောတော့ ရှေးတုံးကလည်းပဲ ဒီလိုပဲ ဝိဿာသရသလို့ခေါ်တဲ့ အကျွမ်းတ ဝင် ချစ်ခင်ရင်းနှီးမှုဆိုတဲ့အရသာကို မရတဲ့အတွက်ကြောင့် မင်း ကြီးရဲ့နန်းတော်မှာ စားရတဲ့ ဟင်းကောင်းအရသာကိုစားပြီးတော့ နေ ပင်နေရကြွားသော်လည်းပဲ အကျွမ်းတဝင်ချစ်ခင်ရင်းနှီးတဲ့ ပြုစု လုပ်ကျွေးမှုကို မရတဲ့အတွက်ကြောင့် ရှေးသူတော်ကောင်းတို့ သည် ဆေးဘယ်ပြုကြီးထဲကြွပြီးတော့ ဆားမပါတဲ့ဟင်းရွက် ပြုတ်ကို ဘုဉ်းပေးခဲ့ဖူးပြီလို့၊ အဲဒီလို ကေသဝဇာတ်ကို ပြန်ပြီး တော့ဟောတယ်။

ဒီတော့ ဒီနေရာမှာဘာလည်း

ဝိဿာသာပရမာရသာ

ချစ်ခင်ရင်းနှီးမှု၊ အကျွမ်းတဝင်ပြုစုမှုဆိုတဲ့ အရသာသည် အကောင်းဆုံး တဲ့ဗျာ။

ဟင်းရွက်ပြုတ်နဲ့ ငါးပိရည်ပဲ ကျွေးကျွေး ချစ်ခင်ရင်းနှီးမှုနဲ့ အကျွမ်းတဝင် လုပ်ကျွေးခြင်းသည် အဲဒါ အကောင်းဆုံး အရသာ၊ ဘယ်လောက်ပဲ မွန်မြတ်တဲ့ ခဲဘွယ်ဘောဇဉ်တွေ ကျွေး နေနေအကျွမ်းတဝင် ချစ်ခင် ရင်းနှီးမှုမရှိယင် အဲဒီအရသာဟာ ဘာမှမကောင်းတဲ့အရသာ ခေါ်တယ်။

ဒါ့ကြောင့် ဒကာတော် မင်းကြီးရဲ့ နန်းတော်ထဲကို ကိုယ်တော်တွေ မကြွတော့ပဲနဲ့ ထွက်သွားကြတာ ဖြစ်ပါလိမ့်မယ်လို့ ဘုရားရှင် ကိုယ်တော်မြတ် မိန့်တော်မူတဲ့ အတွက်ကြောင့် ကောသလဘုရင်ကြီးက ဘုရားနဲ့တကွ သံဃာတော်များနဲ့ ငါ ရင်းနှီးအောင် ဘယ်လိုလုပ်ရမလဲလို့ အကြံထုတ်တယ်။

ဘုရားရှင်က နည်းလမ်းပေးထားသားနဲ့ ဒီနည်းတော့ မကျင့်သုံးပဲ ဉာဏ်နည်းတဲ့ရှင်ဘုရင်ကြီး ဘာသွားလုပ်သလဲ ဆိုတော့ ဘုရားရဲ့ ဆွေထဲမျိုးထဲက သာကီဝင် မင်းသမီးတယောက်ကို ငါ့ နန်းတော်ထဲခေါ်ပြီးတော့ မိဖုရားမြှောက်ရယင် ကောင်းမယ်တဲ့၊ အဲဒီလိုဖြစ်လာတယ်။

ကောသလဘုရင် ဉာဏ်နည်းလိုက်ပုံ၊ ဘုရားဆွေမျိုးထဲက အမျိုးသမီးတယောက်ကို သူက မိဖုရား မြှောက်ချင်တဲ့ စိတ် ပေါက်လာတယ်။ အဲဒီစိတ် ပေါက်လာ ခြင်းသည် ပင်လျှင် ဒီဘုရင်ကြီး ပျက်စီးဖို့ စတင်လာတယ်ဆိုတာ တို့ပရိသတ်ကြွတင် ပြီးတော့ မှတ်ထားလိုက်ကြ။

## နည်းလွဲနည်းမှားကြီးကို ကျင့်သုံးတဲ့အခါ

ကမ္မပရာမဲသတ္တာနံ၊ ဝိနာသေဟစ္စုပဋ္ဌိတေ။
အနယောနယရူပေန၊ ဝုဍ္ဍိမက္ကမ္မတိဋ္ဌတိ။

ကမ္မပရာမသတ္တာနံ၊ အကုသိုလ်ကံနှိပ်စက်၍ ပျက်စီးချိန်ရောက်လာကြကုန်သော သတ္တဝါတို့၏။ ဝိနာသေ၊ ပျက်စီးဖို့ရန်သည်။ ပစ္စုပဋ္ဌိတေ၊ ရောက်တော့မည်ဟု ရှေ့ရှုတည်တတ်သည်ရှိသော်။

အနယော၊ နည်းလွဲနည်းမှားကြီးသည်။ နယရူပေန၊ နည်းမှန် လမ်းမှန်ဆိုတဲ့အနေအားဖြင့်။ ဝုဍ္ဍိ၊ ကြီးပွားချမ်းသာမယ့်နည်းလမ်းတွေကို။ အက္ကမ္မ၊ နင်းနယ်ဖျက်စီး၍။ တိဋ္ဌတိ၊ စိတ်မှာတင်မှတ်တည်ချပ် လာလေတော့၏။

အကုသိုလ်ကံတွေ ဝင်ရောက်လာလို့ ဖျက်စီးတော့မယ်ဆိုလို့ရှိယင် မဟုတ်တဲ့နည်းမှားတွေ၊ ဒီနည်းမှ ကြီးပွား ချမ်းသာကြောင်းဆိုပြီးတော့ ဒီလိုလုပ်တတ်တယ်။

ကောသလဘုရင်ကြီး မောဟဝင်တော့ ဒီလို ဖြစ်လာတယ်၊ အဲဒါ ဘုရားဆွေမျိုး မိဖုရားမြောက်ရအောင်လုပ်မယ်၊ ကိုင်း–ဒီတော့ သင်ဘာတွေလုပ်သလည်း တမန်တော်များ လွှတ်တယ်။ ကပိလဝတ်နေပြည်တော်ကို တမန်တော်လွှတ်ပြီးတော့ ဘုရား၏ဆွေတော်မျိုးတော်ထဲက သာကီဝင် မင်းသမီး တယောက်ကို မိဖုရားမြောက်မယ်၊ ဒါကြောင့် သာကီဝင် မင်းသမီးတယောက်နန်းတော်ရောက်အောင် ဆက်ရမယ်။

သာကီဝင် မင်းသမီး တယောက် နန်းတော်ရေးက်အောင် မဆက်ဘူးဆိုလို့ရှိယင် စစ်ချီမယ်လို့ ကောသလဘုရင်ကြီး အဲဒီ အမိန့်ထုတ်ပြီး တမန်တော်တွေ ကပိလဝတ် ပြည်သို့ လွှတ်လိုက် တယ်။ ဘုရား၏ ဆွေတော်မျိုးတွေက ကောသလဘုရင်ကြီး၏ အဲဒီ အာဏာသံလည်းရရော စုဝေးတိုင်ပင်ကြတယ်။

ဒီကောသလ ဘုရင်ကြီးကို သာကီဝင် မင်းသမီးတယောက် မပေးဘူးဆိုပြန်ယင်လည်းပဲ စစ်ပွဲမှာ တို့တတိုင်းလုံး တပြည်လုံး အကုန်လုံး သေဆုံးပျက်စီးကြလိမ့်မယ် မင်းသမီး မဆက်ယင် လည်းပဲစစ်ပွဲကဖြစ်မယ်၊ သာကီဝင် မင်းသမီးတယောက် ပေး လိုက်ပြန်ယင်လည်းပဲဘာဖြစ်မလည်းအမျိုးပျက်တော့မယ်၊ဇာတိ မာန်က တယ်ကြီးတာကိုး။

ကောသလဘုရင်က သာကီယဇာတ်မှ မဟုတ်ပဲ၊ သူတို့သာကီ ယဇာတ်တွေ အမျိုးတွေ ပျက်စီးမှာ စိုးရိမ်တဲ့အတွက်ကြောင့် တို့မင်းမျိုးမင်းနွယ် သာကီဝင် မင်းသမီးထဲက အမျိုးကိုဆက် မယ်ဆိုယင် အမျိုးပျက်လိမ့်မယ်၊ မဆက်ယင်လည်းပဲ စစ်ပွဲဆင်နွှဲ ရလိမ့်မယ် ကိုင်း—တို့တတွေ ဘယ်လိုလုပ်ကြမလည်းလို့ သာကီ ဝင်မင်းတွေ တိုင်ပင်ဆွေးနွေးကြတဲ့အချိန်ကျတော့။

ဇတိတ္ထဒ္ဒနော်၊ စဉ်းစားကြည့်၊ ကောသလ ဘုရင်ကလည်း နည်းလွဲကို ကြံစည်ခဲ့တယ်၊ အမျိုးမာန်ခက်ထန်ပြီးတော့ အမျိုး ပျက်မှာ ကြောက်တဲ့ သာကီဝင် မင်းတွေကလည်းပဲ အဲဒ်နေရာ မှာ ဘယ်လိုအကြံရသလဲဆိုလို့ရှိယင် မဟာနန်မင်းသားကြီးက သူ့နန်းတော်မှာ စေခိုင်းထားဟဲ့ ကျွန်မကလေး တယောက်နှင့် ဖောက်ပြန်ပြီးတော့ သမီးကလေးတယောက် ရထားတယ်။

အခုဖြစ်သူ မဟာနန် မင်းထားကြီးကတော့ သာကီဝင်မင်းမျိုး၊ အမေဘက်ကြည့်လိုက်တော့ ကျွန်မျိုး၊ အဲဒီကျွန်မကလေးနဲ့ မှားယွင်းပြီးတော့ ဖွားမြင်ထားတဲ့ သမီးကလေးတယောက်၊ နာမည်ကတော့ "ဝါသဘခတ္တိယ" လို့ ခေါ်တယ်။ ဂုဏ်းကျွန်—အဲဒီ ကျွန်မကဖွားတာတဲ့ "ဝါသဘခတ္တိယ" ကို သာကီဝင်မင်းသမီးလို့ပြီ၊ ပုံသွင်းပြီးတော့ ကောသလဘုရင်ကြီး နန်းတော်ကို ပို့လိုက်ကြတယ်၊ သာကီဝင်မင်းတွေ ကြံစည်ကြတယ်။

အဲဒါလည်း မှားယွင်းတဲ့နည်းပဲ၊ သာကီဝင်ပေါ်တဲ့နေ့ ဒုက္ခဖြစ်တာပဲ၊ ပုဿဝါဒဆိုတာ မပေါ်သင့်တာ ပေါ်ပေါင်းတာ၊ ပေါ်ပြီဆိုယင် အဲဒါ အကုန်လုံး အရှက်ရတဲ့ ဒုက္ခဖြစ်တာပဲ၊ အဲဒီမှာ ထိုတိုပြောရယင် ကျွန်မ သမီးကို သာကီဝင် မင်းသမီးလို့ လိမ်ပြီးတော့ ကောသလဘုရင်ကြီးရဲ့ နန်းတော်ကို ပို့လိုက်ရော။

နန်းတော်ထဲရောက်တော့ ကောသလ ဘုရင်ကြီးကလည်း သာကီဝင်မင်းသမီးတယောက်ကို ငါ့မိဖုရား မြှောက်ရပြီဟ ဆိုပြီးတော့ အဲဒီမှာ သွေးနှယ်ရောက်ပြီး လက်ယာရံ မိဖုရားခေါင်ကြီးအရာပေး၊ ဘုရားဆွေမျိုး မိဖုရား ဖြစ်ပြီဆိုပြီးတော့ သူကလည်း စိတ်ကြီးတွေဝင်လို့ပေါ့။

အဲဒီလိုလုပ်တာနဲ့များ ဘုရားနဲ့ ရင်းနှီးပြီလို့ ဟဲ့ပရိသတ် မမှတ်ကြနဲ့၊ ခုနကပြောခဲ့တဲ့ ဘုရားကို ရင်းနှီးချင်ယင် ရင်းရင်းနှီးနှီး ပြုစု လုပ်ကျွေးရမယ့် အင်္ဂါရပ်တွေကို သေသေချာချာ ပြုစုလုပ်ကျွေးယင် အဲဒါ ဘုရားနဲ့ရင်းနှီးတာပါပဲ။

## ဝိဋ္ဋဋ္ဌူဘ မင်းသားကလေး

အဲဒီလိုနေလာလိုက်တာများ မကြာခင် ဝါသဘခတ္တိယက နေမင်းသားလေး တယောက် ဖွားမြင်လာတယ်၊ အဲဒီအခါမှာ ဝါသဘခတ္တိယက နေမင်းသားလေး တယောက် ဖွားပါပြီ၊ ဝမ်းသာဖို့ရန် သတင်းကောင်း ပါးပါတယ်ဆိုပြီးတော့ သာကီဝင်မင်းတွေထံ သတင်းပို့ အမတ်တယောက်ကို စေလွှတ်လိုက်တယ်။

အဲဒီသတင်း သွားပို့တဲ့ သဝဏ်လွှာ ယူသွားတဲ့ အမတ်က နားထိုင်းနေတဲ့ အမတ်၊ အဲဒီနားထိုင်းအမတ်က သွားတော့ သဝဏ္ဏလွှာလည်းပို့ရော ဟို—သာကီဝင်မင်းတွေက ဘာပြောသလဲဆိုတော့—

ဝလ္လဘာ ဘဝိဿတိ—တဲ့

ကောသလ ဘုရင်ကြီး ဟာ ဝါသဘခတ္တိယကို သိပ်ပြီးတော့ မြတ်မြတ်နိုးနိုးထားတယ်၊ အမြတ်တနိုးထားတဲ့ ဝါသဘခတ္တိယ က ဖွားလာတဲ့ သားကလေးဖြစ်ခြင်းကြောင့် အဲဒီသားကလေး ဟာ ကောသလဘုရင်ကြီးနှင့် သိပ်ပြီးတော့ အကျွမ်းတဝင် ချစ်ခင် ရင်းနှီးမှု ရှိလိမ့်မယ်ဆိုတဲ့စကား "ဝလ္လဘာ ဘဝိဿတိ" လို့ ပြောလိုက်တာ။

အဲဒီ"ဝလ္လဘာ ဘဝိဿတိ-ဝလ္လဘာဘဝိဿတိ"ဆိုတဲ့စကား ကို ခုနက နားထိုင်းအမတ်က "ဝိဋ္ဋဋ္ဌူဘောဘ ဝိဿတိ" လို့ကြား လိုက်သတဲ့၊ အဲဒါ "ဝိဋ္ဋဋ္ဌူဘ" လို့ နာမည်ပေးတယ်ထင်ပြီးတော့ သူတ ကောသလ ဘုရင်ကြီး နန်းတော်လည်း ပြန်ရောက်သွား

ရော"ဝိဋ္ဋဋ္ဋမှုဘ"လို့ နာမည်ပေးလိုက်ပါတယ် ဆိုပြီးတော့ သံ တော်ဦးတင်တယ်၊ ဒီလိုအမတ်မျိုးများလည်း ကောသလဘုရင် နန်းတော်မှာ ရှိတယ်ဆိုတော့ ဒီကောသလဘုရင် မပျက်စီးပဲ ဘယ်ခံနိုင်တော့မှာလည်း—

"ဝိဋ္ဋဋ္ဋမှုဘော ဘဝိဿတိ"လည်းဆိုရောကောသလဘုရင်ကြီး က "ဟာ—ငါ့သားတော်ကို "ဝိဋ္ဋဋ္ဋမှုဘ"လို့ နာမည်ပေးလိုက် သတဲ့လား"ဆိုတော့ "ဟုတ်ပါတယ်"ဆိုတော့ ဒီကနေ့ကစပြီး တော့"ဝိဋ္ဋဋ္ဋမှုဘ"လို့ ခေါ်စေ၊ နားထိုင်းအမတ်ကြောင့် ဝလ္လ ဘာကနေ ဝိဋ္ဋဋ္ဋမှုဘ ဖြစ်သွားရော။

အဲဒီဝိဋ္ဋဋ္ဋမှုဘ မင်းသားလေးဟာ (၁၆) နှစ် သား အရွယ် ရောက်လည်းလာရော ဆွေမျိုးများထံ အလည်သွားချင်တယ်လို့ အမေ့ထံခွင့်ပန်၊ အမေကလည်း ငါ့သား မသွားချင်နဲ့ တို့ဆွေ တွေမျိုးတွေဟာ အဝေးကြီးမှာ ရှိတာယ် သွားလို့ မတော်ဘူး ငါ့သားသွားယင် ပင်ပန်းလိမ့်မယ်၊ အလွန်ဝေးတဲ့ တိုင်းတော် ပြည်တော်မှာ ရှိတယ်။

တခြားတခြားသော မင်းသားတွေဆိကို သူတို့ဆွေမျိုးတွေ ထံက လက်ဆောင် ပစ္စည်းတွေပို့ကျတယ်၊ ကျွန်တော့်ထံကို တော့ ဘယ်ကမှလက်ဆောင်ပစ္စည်းမလာပါလား၊ ဘာကြောင့် မလာပါသလည်း အမေ၊ဘယ်ပို့မလည်း"ကျွန်မ"သားဆိုတော့ သာကီဝင်မင်းတွေက ဘာပစ္စည်းမှလက်ဆောင်မပေးဘူး။

အဲဒါကို ဝိဋ္ဋဋ္ဋမှုဘ မင်းသားလေးက မသိတော့ မေးတယ်၊ အမေကလှည့်ပတ်၊ နောက်တော့ ဘယ်လိုမှလှည့်ပတ်လို့မရတော့ ဘူး၊ ဆွေမျိုးများထံ သွားချင်ပါတယ်ဆိုတာ နားပူနားဆာ

တိုက်လွှန်းတော့။ ကိုင်း....သွားချင်လည်း သွားတော့ဆိုပြီး လွှတ်လိုက်တယ်တဲ့။

## လည့်ချောင်းသွေးနဲ့ဆေးမယ်

ဝိဋ္ဋဋ္ဋူဘလည်းလိမ်မယ်လည်းဆိုရော ကပိလဝတ်ရွှေနန်းတော်မှာရှိကြတဲ့ သာကီဝင်မင်းတွေက ဘာလုပ်ကြသလည်း၊ (၁၆) နှစ်အရွယ်ရှိတဲ့ ဝိဋ္ဋဋ္ဋူဘအောက်ငယ်တဲ့သာကီဝင်မင်းသားလေးတွေ မင်းသမီးလေးတွေကို နန်းတော်ထဲမှာ တယောက်မှမထားဘူး၊ အကုန်လုံးတောကိုပို့ထားလိုက်တယ်၊ဝိဋ္ဋဋ္ဋူဘထက်အသက်ကြီးတဲ့ပုဂ္ဂိုလ်တွေကို နန်းတော်အကုန်စုပြီးတော့ စောင့်နေကြတယ်။

ပိဋ္ဋဋ္ဋူဘမင်းသားလေး နန်းတော်ထဲဝင်လည်း ဓင်လာရော သူ ရှိခိုးဖို့ အရိုအသေပြုဖို့လက်အုပ်ချီဖို့တနန်းတော်လုံး ဖြစ်နေတယ်၊ သူကချည်းအရိုအသေပေးနေရတယ်၊ သူ့ထက်ကြီးတဲ့လူတွေကိုး၊ သူ့အောက်ငယ်တဲ့သူတွေက သူ့ကို ဘယ်သူကမျှ အရိုအသေပေးမလည်းလို့ ရှာလိုက်တာတယောက်မှ အရိုအသေပေးတဲ့သူ မရှိဘူး၊

"သာကီဝင်မင်းမျိုးတွေရဲ့ဇာတိမာန်–နော်"

"မှန်ပါဘုရား"

တို့အမျိုးမြတ်တယ်ဆိုတဲ့မာန်မာန၊ တို့သာလျှင် မြတ်တယ်ဆိုတဲ့မာန်မာနဖြစ်လာတယ်၊ သာကီဝင်မင်းမျိုးတွေက ကျွန်မသားကို အရိုအသေမပေးချင်ဘူးဆိုတဲ့မာန်မာန၊ အဲဒီမာန်မာန

တရားကြောင့် ဒီလိုလုပ်လိုက်တဲ့အခါကျတော့ ဝိဋူဍဘစိတ်ထဲက မကျေနပ်ဘူး။

အဲဒီလိုနဲ့ပြောဆိုဆွေးနွေးတိုင်ပင်လို့ နန်းတော်ကပြန်တဲ့အခါ ကျတော့ ဝိဋူဍဘစစ်တပ်က စစ်သားတယောက်ဟာ သာကီဝင် မင်းတို့ရဲ့နန်းတော်မှာ လက်နက်တခုမေ့ကျန်ရစ်ခဲ့တယ်၊ စစ်သား လုပ်ပြီးတော့ လက်နက်မေ့ကျန်ရစ်တယ်ဆိုတဲ့စစ်သားမျိုးကလည်း ကောသလသူရင်ကြီးရဲ့စစ်တပ်ထဲမှာရှိသေးတယ်။

အဲဒီမှာ လက်နက်တခု မေ့ပြီးတော့ ကျန်ခဲ့တယ်ဆိုတော့ အဲဒီစစ်သားဟာ- ငါ့လက်နက် ကျန်ခဲ့ပြီ ပြန်ယူဦးမှဟဆိုပြီး ပြန် လည်းယူရော ကျွန်မသားလေး ဝိဋူဍဘ ထိုင်သွားတဲ့ နေရာကို နန်းတော်သဲရှိကြတဲ့ ကျွန်မတွေ ကျွန်ယောက်ျားတွေ အကုန်လုံး အဲဒီမှာ နွားနို့တွေနဲ့ ရောပြီး ရေဆေးနေကြတာကို တွေ့သွားတယ်၊ သာကီဝင်မင်းတွေက ကျွန်မသား ထိုင်သွားတဲ့နေရာ ရေဆေး ကြဟ ဆိုတော့ နွားနို့နဲ့ ရောပြီးတော့ ဆေးကြတယ်။

လက်နက်ပြန်သွားယူတဲ့ စစ်သား ... ဘာလုပ်ကြတာပါလိမ့် မလည်းဆိုပြီး ကြည့်လိုက်တော့ဝိဋူဍဘထိုင်တဲ့နေရာကို ရေဆေး နေကြတယ်။ အဲဒီကျွန်ယောက်ျားတွေ ကျွန်မတွေရဲ့ပါးစပ်ကလည်း ဖျစ်ဖျစ်နဲ့ မြည်တွန်တောက်တီးနေကြသေးတယ်။ ဒီကျွန်မသားလာအလုပ် ရှုပ်တာနဲ့ တို့တတွေတခါတည်း ဒီမှာ ရေခလောင်းပြီးဆေးနေရ တယ်၊ ကျွန်မသား ဘာဖြစ်စေညာဖြစ်စေပေါ့လေ ဖျစ်ဖျစ်နဲ့ ကျိန်နေကြတယ်။

အဲဒီစကားကိုခုနကလက်နက်မေ့ကျန်ရစ်တဲ့စစ်သားကကြား သွားတော့ဟာတို့ရဲ့အရှင့်သားဟာ ကျွန်မသားတဲ့လား၊လို့စိတ်ထဲ

မချမ်းမသာဖြစ်ပြီး ကြားသွားတယ်။ အဲ့ဒီလို သတင်းမျိုးများ တော့လည်း တိုးတိုး–တိုးတိုးနဲ့ တယ်ပြောချင်ပုံရတယ်နော်၊ ပြန်လည်းသွားရော ငါ မင်းမို့လို့ပြောတာ တို့ရဲ့အရှင့်သားဟာ ကျွန်မသားဆိုပဲ၊ ဘယ်သူ့မှ လျှောက်မပြောနဲ့ဆိုပြီး လျှောက် ပြောလိုက်တာ စစ်ဘပ်ဘတပ်လုံးနှံ့သွားတာပဲ။

ကောသလဘုရင်ကြီးရဲ့နန်းတော်မှာ အိမ်ရှေ့ဥပရာဇာဖြစ်နေ ပေမယ့် သာကီဝင်မင်းသမီးက ဖွားလာတဲ့သားလို့ ဆိုပြီးတော့ သူတို့က လုပ်နေတယ်၊ ငါ မင်းမို့လို့ပြောတာ အဲ့ဒါကျွန်မသား တဲ့ဟဆိုပြီး သူက လျှောက်ပြောတာနှံ့ရော၊ အဲ့ဒီလိုတတပ်လုံး နှံ့လည်းသွားရော တော်တော်ကြာတော့ ဝိဋူဋဘနားပေါက် သွားတယ်။

အဲ့ဒီအခါမှာ ဝိဋူဋဘက ကြိမ်းတယ်၊ "သာကီဝင်မင်းမျိုးတွေ ငါ့ထိုင်တဲ့နေရာကို နွားနို့နဲ့ဆေးတယ်ဆိုလို့ရှိယင် ငါ့ရဲ့ခြေထောက် ကို သူတို့ လည်ချောင်းသွေးနဲ့ ဆေးလိုက်မယ်"လို့ ကြိမ်းတယ်၊ ပျက်စီးဖို့ ဖြစ်ပြီးတော့လာခဲ့တယ်ဆိုဘာ စဉ်းစားကြည့်ပါ့ဟော့သာ ကြည့်၊ မာနတရားကြောက်စရာ–နော်။

## စစ်သူကြီးမဟာဗန္ဓုလလုပ်ကြံခံရပြီ

ကောသလဘုရင်ကြီးဟာ ဘုရားနဲ့ရင်းနှီးအောင် လုပ်တာ ကိုင်ဘာနည်း ပမ်းလှဲ ဘာကနေစခဲ့ဘာနော်၊ အဲ့ဒီလိုဖြစ်လာ ခဲ့တော့ တနေ့သောအခါကျတော့ ကောသလဘုရင်ကြီးရဲ့ နန်း တော်ထဲမှာ အရေးအခင်းတခု ဘာပေါ်လာပြန်သလည် ဆိုလို့ ရှိယင် ဗန္ဓုလစစ်သူကြီးဆိုဘာ ရာထူးကျသွားတယ်။

နန်းတော်ထဲရှိတဲ့ဝန်ကြီးတွေက တရားစီရင်ခန့်ခွဲတဲ့နေရာမှာ ဗန္ဓုလစစ်သူကြီးက သွားပြီးကြည့်တဲ့အခါကျတော့ အဲဒီတရား စီရင်ခန့်ခွဲနေတဲ့ တရားသူကြီးတွေက မတရားသဖြင့် စီရင်နေတဲ့ မတရားသူကြီးတွေက လာဘ်စားပြီးတော့ လုပ်နေကြတာ တွေ့ တော့ ဗန္ဓုလစစ်သူကြီးက အဲဒါဘုရင့်ထံ ခွင့်ပန်သူဝင်ပြီးတော့ တရားသဖြင့်စီမံ၊ တရားသဖြင့်စီမံတော့ ခုနကမတရားတဲ့တရား သူကြီးတွေက ဗန္ဓုလအပေါ် မကျေမနပ်ကြဘူး ၊ ရှင်ဘုရင်ကို တိုက်တာပေါ့ဗျာ။

ဗန္ဓုလဟာ ၊ တပ်ထောင်တာဗိုလ်တွေနဲ့ လူစုပြီးတော့ နန်းကို လုမလို့ကြံစည်နေတယ်—တဲ့၊ ဗန္ဓုလက လူစုနေတယ်ဆိုတာက လည်း တခြားမဟုတ်ဘူး၊ ဗန္ဓုလမှာသား(၃၂)ယောက်ရှိတယ်၊ ဗန္ဓုလရဲ့ မိဖုရားခေါင်းကြီး မလ္လိကာကမွေး ဖွားပြီးတော့ထား လိုက်တဲ့သားတွေ(၃၂)ယောက်၊အဲဒီ(၃၂)ယောက်သောသား တွေက ဗန္ဓုလရဲ့ဆီမှာ ဖခင်ရဲ့စစ်ပညာတွေသင်ကြားပြီးတော့ နေကြတယ်၊

အဲဒီလိုသင်ကြားပြီးတော့နေတုံးသားအဘတွေ ကရှိန်းရှိန်းနဲ့ အဲဒီမှာ လေးအတတ် ဆင်အတတ် မြင်းအတတ် အတတ်ပညာ တွေ သင်ကြားပြီးတော့ နေတာကို ပြင်ဝန်ကြီးတွေကတွေ့မြင် ရတော့ **ကောသလဘုရင်**ကြီးဆီသွားပြီးတော့ ဗန္ဓုလဟာ နန်း လုမလို့သူ့သားတွေနဲ့တရှိန်းရှိန်း သင်တန်းတက်နေကြတယ်ဆိုပြီး တိုင်ကြတယ်၊ အဲဒါကိုကောသလဘုရင်ကြီးကလည်း ယုံသွား တယ်။

အဲဒါနဲ့ကောသလဘုရင်ကြီးက တိုင်းပြည်နယ်စပ်မှာ သူပုန်ထနေတယ်၊ သွားတိုက်ချေပြီဆိုပြီးတော့ ဗန္ဓုလစစ်သူကြီးကိုနယ်စပ်သူပုန်နှိမ်နင်းဖို့လွှတ်လိုက်တုံး နောက်ထပ် ဒီကစစ်တပ်လွှတ်ပြီးတော့ ဗန္ဓုလကိုနယ်စပ်မှာ အသေသတ်လိုက်တယ်။ အဲဒီမှာ ဗန္ဓုလစစ်သူကြီးကျဆုံးသွားရော သား(၃၂)ယောက် အကုန်လုံးအသတ်ခံလိုက်ကြရတယ်။

အဲဒ်လိုအသတ်ခံသည်းခံရရော မလ္လိကာမိဖုရားကြီးက ရှင်သာရိပုတ္တရာ အမှူးရှိတဲ့သံဃာတော်တွေကို အိမ်မှာ ဆွမ်းကပ်ပြီးတော့နေတုံး၊ အဲဒီမှာ ထောပတ်အိုးတွေကျကွဲလိုက်ကွဲ၊ ပန်းကန်တွေကျလိုကျ တဂွမ်ဂွမ်နဲ့ဒီလိုဖြစ်နေတယ်၊ အဲဒီအခါမှာ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက—

ဘေဒနဓမ္မံဘိန္နံ

မိဖုရားကြီး ဘာမှစိတ်ထဲမှာ မချမ်းမသာမဖြစ်နဲ့ပျက်စီးတတ်တဲ့သဘောဟာ ပျက်စီးမှာပဲ ဒီတော့မှ မလ္လိကာမိဖုရားက သူရထားတဲ့သဝဏ်လွှာကိုထုတ်ပြပြီးတော့ လျှောက်တယ်။

"အရှင်ဘုရား—ဘုရားတပည့်တော်မသည် ဘာမှ စိုးရိမ်ခြင်းမဖြစ်ပါဘုရား၊ ပန်းကန်ကွဲတာလောက်၊ ထောပတ် အိုးကွဲတာလောက်တော့ မဆိုထားပါနဲ့ဘပည့်တော်မရဲ့ခင်ပွန်းနှင့်သားတွေနယ်စပ်မှာ အကုန်လုံးအသတ်ခံရတာတောင်မှ တပည့်တော်မရဲ့စိတ်ထဲမှာ မချမ်းမသာမဖြစ်ပါ၊ မပူပန်ပါဘုရား" လို့ အဲဒီမှာလျှောက်တယ်။

## အာဃာတသိမ်းကြပြီ

အဲဒီတော့ ဗန္ဓုလ စစ်သူကြီးနဲ့ သူ့သားတွေ အကုန်လုံး သေဆုံးပြီလည်းဆိုရော ဗန္ဓုလစစ်သူကြီးရဲ့ရာထူးကို ကောသလ ဘုရင်ကြီးက ဘယ်သူ့ပေးသလည်းဆိုတော့ ဗန္ဓုလစစ်သူကြီး၏ တူတော်ဖြစ်တဲ့ "ဒီဃကာရာယန" ဆိုတဲ့ မင်းသားလေးကို ပေးလို့ အဲဒီမှာ သူက စစ်သူကြီးအရာထား၊ ဝိဋ္ဋူဘဆိုတဲ့ မင်းသား ကလေးကလည်း အဲဒီ စစ်သူကြီးရဲ့ လက်အောက်မှာ သူက အိမ်ရှေ့ ဥပရာဇာ ဖြစ်လာတယ်။

အဲဒီလို နေကြတဲ့အခိုက်မှာ တနေ့တော့ ကောသလ ဘုရင် ကြီးက ဘာဖြစ်တုံးဆိုတော့ ဗန္ဓုလ စစ်သူကြီးသတ်ပြီးတဲ့နေ့က စပြီးတော့ အဖိုးတန်စစ်သူကြီးတယောက်ကို ငါသည် သတ်မိ လေခြင်း ဟဆိုပြီး နောင်တသံဝေဂတွေ ဖြစ်ပြီး မသက်မသာမှု တွေ ဖြစ်နေတယ်၊ အဲဒီလို ဖြစ်နေတော့ ဘုရားကို သွားပြီး တော့ ဖူးရအောင်ဆိုပြီး ဘုရားရှိရာကို သူသွားတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ကျေးရွာလေး တရွာ က တောကျောင်းလေးတကျောင်းမှာ တပါးတည်း သွားပြီး တော့ ချမ်းချမ်းသာသာ ကိန်းအောင်းပြီး နေတဲ့အချိန်မှာ ကောသလဘုရင်ကြီး ဘုရားဖူးရအောင် သွားတယ်၊ ဒီဃကာရာ ယန စစ်သူကြီးရယ် သူ့ရဲ့သားတော်ဖြစ်တဲ့ ဝိဋ္ဋူဘ မင်းသား လေးရယ် စစ်တပ်ကြီးရယ်၊ ဘုရားဖူးရအောင် တောရကျောင်း ကလေး သွားကြတယ်။

အဲဒီလို သွားကြတော့ ဘုရားရှင် ကိုယ်တော်မြတ် သီတင်းသုံးရာဖြစ်တဲ့ တောကျောင်းရဲ့ ကျောင်းပေါက်ဝကို ရောက်ပြီလည်းဆိုရော ကောသလဘုရင်ကြီးကသူ့မှာ:ပါပြီဆိုပြီးတော့ သူဝတ်လာတဲ့ မင်းမြောက်တန်ဆာငါးပါးကိုအကုန်လုံးချွတ်တယ်၊ ဘုရားကို သွားပြီးတော့ ဖူးတယ်ဆိုတာ မင်းမြောက်တန်ဆာတွေနဲ့ သွားပြီးဖူးမယ်ဆိုယင် မရိုမသေ အဂါရဝပြုရာ ကျလိမ့်မယ်။

ဒါ့ကြောင့် မင်းမြောက်တန်ဆာတွေချွတ်ပြီးတော့ သွားမှပဲလို့ မင်းမြောက်တန်ဆာ ငါးပါး အကုန်ချွတ်ပြီးတော့ အဲဒီကျောင်းပေါက်ဝမှာ ဒီဃကာရာယနကို အစောင့်ထားပြီး အဲဒီမင်းမြောက်တန်ဆာတွေကို အကုန်လုံးပေးပြီးတော့ ထားခဲ့တယ်၊ ဉာဏ်နည်းတဲ့ ရှင်ဘုရင်—နော်၊ ၁ ခိုးခါးရိုးကမ်းဆိုတာဒါမျိုးပေါ့။

"ဒီဃကာရာယနကဲ— ဗန္ဓုလစစ်သူကြီးရဲ့ တူတော်နော်"

"မှန်ပါ ဘုရား"

ဗန္ဓုလရဲ့ တူဖြစ်တဲ့ ဒီဃကာရာယနက ငါ့ရဲ့ ဦးကြီးကိုသတ်ပစ်တဲ့ ဒီရှင်ဘုရင်ကို တနေ့လက်စားချေလိုက်မယ်တဲ့ဟာဆိုတဲ့အာဃာတသူကလည်းရှိတယ်၊ဝိဋ္ဋူဘ မင်းသားကလည်းသာကီဝင် မင်းသားတွေအားလုံးသတ်ပြီးတော့ လည်ချောင်းသွေးနဲ့ခြေဆေးမယ်ဆိုတဲ့ အာဃာတက သူ့မှာလည်းရှိတယ်။

အဲဒါ အခုတော့ အခွင့်ကောင်းရတယ်၊ ကောသလဘုရင်ကြီးက သာမန်အဝတ် အစားလေးနဲ့ ဘုရား သီတင်း သုံးတဲ့ကျောင်းထဲဝင်သွားတော့ စစ်တပ်ကြီးကဲ့ ကျောင်းပေါက်ဝ၏

နေ စောင့်နေရတယ်၊ အဲဒီအခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ထံမှောက် ကောသလ ဘုရင်ကြီးရောက်ပြီးတော့ သွားတဲ့အချိန်—

ကျောင်းပေါက်ဝစောင့်နေတဲ့ ဒီဃကာရာယန၊ ယခုနက ပြောခဲ့တဲ့ စစ်သူကြီး ဗန္ဓုလရဲ့ တူတော်ကလေးက သူရထားတဲ့ မင်းမြောက်တန်ဆာငါးပါးကို ဝိဋ္ဋူဘမင်းသားအား အကုန်လုံးဆင်မြန်းပေးလိုက်ပြီးတော့ “မင်း—ရှင်ဘုရင် လုပ်ကွာ ငါက စစ်သူကြီးလုပ်မယ်” ဆိုပြီးတော့ အဲဒီမှာ ရာထူးဝေလိုက်ကြတယ်၊ အာဏာသိမ်းကြံတာပေါ့ဗျာ၊ အဲဒီလို လုပ်လိုက်ကြတယ်။

သမုဒ္ဒရာထက် ခဏတက်သည့် ရေပွက်ပမာ

အဲဒီလိုလုပ်လည်းပြီးရော ကောသလ ဘုရင်ကြီးက ဘုရားထံမှောက်ရောက်ပြီးတော့ တရားနာနေတုံးမှာ သူတို့ကစစ်တပ်ကြီး သိမ်းပြီးတော့ အကုန်လုံး သာဝတ္ထိရွှေနန်းကို ပြန်ပြီးတော့ လာကြတယ်၊ ကောသလဘုရင်ကြီးကတော့ ဘုရားထံမှာ တရားနာလို့၊ အဲဒီမှာ“ဓမ္မစေတီယသုတ္တန်”တဲ့ မဇ္ဈိမနိကာယ်မှာ လာတဲ့ သုတ္တန်ကြီးတခု ထယောက်တည်း တရားနာနေတယ်။

ဒီဃကာရာယနနဲ့ ဝိဋ္ဋူဘတို့က ကောသလ ဘုရင်ကြီး အတွက် ဘာထားပစ်ခဲ့သလည်းဆိုတော့ ကျောင်းပေါက်ဝမှာ မြင်းကလေးတကောင်ရယ်၊ လုပ်ကျွေးပြုစုဖို့ဆိုပြီးတော့ ကျွန်မကလေးတယောက်ရယ် အဲဒါထားပစ်ခဲ့တယ်၊ ဘုရင်ကြီး ထွက်လာလို့ရှိယင် အဲဒီမြင်းကိုစီးပြီး သွားချင်ရာ သွားပါစေ၊ ကျွန်မ

လေးကလည်း အဲဒါဘုရင်ကြီး ခေါ်ရာ လိုက်ပြီးတော့သွား၊ ဘုရင်ကြီးကိုပြုစု လုပ်ကျွေးလိုက်ပါ။

အဲဒီလို ပြောဆိုမှာထားခဲ့ပြီးတော့ ဒီဃကာရာယနရယ် စိဋ္ဌဋ္ဌူဘုရယ် တခါတည်း အဲဒီစစ်တပ်ကို သိမ်းပြီးတော့ ရွှေနန်းတော် ပြန်ကြတယ်။ ငါရှင်ဘုရင် ဖြစ်ပြီဆိုပြီးတော့ အဲဒီမှာ ကြေငြာကြတာပဲ၊ ရှင်ဘုရင်ဖြစ်ပြီလို့ ကြေငြာတော့ ကောသလဘုရင်ကြီးကလည်း ဘုရားရဲ့ တရားတော်ကို နာကြားပြီးလို့ ကျောင်းအပြင် ပြန်ထွက်လာရော ကျောင်းပေါက်ဝမှာ မြင်းလေးတကောင်နဲ့ ကျွန်မလေးတယောက်ပဲ တွေ့ရတယ်။

အဲဒီမှာ အဖြစ်မှန်လည်း သိသွားရော တခါတည်း ရင်ကွဲပက်လက်ဖြစ်ပြီးတော့ ရင်ထုမနာပေါ့၊ အားကိုးရာမဲ့ပြီးတော့ သာမန် အညတရဆင်းရဲသား တယောက်လို ဖြစ်သွားတယ်၊ အနန္တသူရိယအမတ်ကြီး ရေးခဲ့တာ ဘာတဲ့လည်း—

"ရွှေအိမ်နန်းနှင့်၊ ကျင့်နန်းလည်းခံ၊ မတ်ပေါင်းရံ
လျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်း
သာကား၊ သမုဒ္ဒရာ ရေမျက်နှာထက်၊ ခဏတက်
သည့် ရေပွက်ပမာ၊ တသက်လျှာတည်း။"

မင်းစည်းစိမ်ဆိုတာ ရေပွက်ကလေး တပွက်လောက်ပဲ ကြာတယ်၊ ဘာမှမကြာလိုက်ဘူး၊ ကောသလဘုရင်ကြီးဟာ ဆင်းရဲသားကလေးဖြစ်သွားတယ်၊ အဲဒါ မြင်းကလေးတကောင် စီးပြီးတော့ အဲဒီကျွန်မကလေးနှင့်ဘယ်သွားရ ကောင်းပါ့မလည်းလို့ အကြံထုတ်တော့ ရာဇဂြိုဟ်ပြည်က အဇာတသတ်ရှင်ဘုရင်ကို သွားပြီးတော့အမှတ်ရတယ်။

အဇာတသတ်ချင်ဘုရင်က သူ့ရဲ့တူ၊ ဗိမ္ဗိသာရဘုရင်နဲ့ ကောသလဘုရင်တို့ဆိုတာက မောင်လှယ်နှမလှယ်တွေ ဖြစ်တဲ့အတွက်ကြောင့် အဇာတသတ်မင်းသားဟာ သူ့နှမကမွေးထားတာဖြစ်တဲ့အတွက်ကြောင့် သူ့တူအရင်း၊ ငါ့တူဆီသွားပြီးတော့ အကူအညီတောင်းမှပဲဆိုပြီးတော့ သွားရော။

ရာသီအားဖြင့် အဲဒါ မိုးဦးကျစ၊ နွေကလည်း မကုန်သေးဘူး၊ ပုတုံး အိုက်တုံး မိုးကကောင်းကောင်းမရွာသေး၊ ဖုန်တွေကလည်း တထောင်းထောင်းနဲ့ အဲဒီလို ရာသီကြီးမှာ အခုလို နယုန်ဝါဆိုရာသီကြီးပေါ့လေ၊ မြင်းကလေးစီးပြီး ကျွန်မလေး နောက်ကတင်ပြီးတော့ အဇာတသတ်ရှင်ဘုရင်ကို အားကိုးရအောင်ဟာ ဆိုပြီးတော့ ရာဇဂြိုဟ်သွားလိုက်တာရာဇဂြိုဟ်မြို့ပေါက်ဝလည်းရောက်ကရောတဲ့၊ အချိန်ကုန်ပြီဆိုပြီးတော့ရာဇဂြိုဟ်မြို့ တံခါး ပိတ်လိုက်တယ်၊ ကောသလဘုရင်ကြီး မြို့ထဲဝင်ခွင့် မရဘူး။

ဇရပ်သို့ပြေးရပေ ခွေးသေသို့သေရဌြား

ငါ ကောသလမင်းကြီးပါ၊ တံခါးဖွင့်ပါဟာဆိုတော့ တို့ဗရိသတ် ဘယ်ဖွင့်မှာလည်းလို့ ကောသလဘုရင်က ဒီလိုမြင်းလေး တကောင်နဲ့ ကျွန်မလေးတယောက်နဲ့ လာပါ့မလားလို့ အဲဒါမယုံဘူး မြို့စောင့်တပ်က ဘယ်သူမှ ဖွင့်မပေးဘူး၊ မြို့ပေါက်ဝက ဇရပ်ကလေးပေါ်မှာတက်ပြီးတော့ နေရပြီး စိတ်ကလဲ ဆင်းရဲလိုက်တာ အဲဒီနေ့ ညနေစာတောင် မစားလိုက်ရဘူး။

မိုးထဲ ရေထဲ နေပူထဲ ဖုန်တွေထဲမှာ တခါတည်း ပင်ပန်းဆင်းရဲစွာ ခရီးကြမ်းကြီးကလည်းလာခဲ့ရ၊ ရွှေနန်းတော်တုံးက တော့ မြေကြီးခြေမကျ နူးနူးနယ်နယ်လေးနေရတဲ့ ရှင်ဘုရင် အခုတော့ ဆင်းဆင်းရဲရဲ၊ ရာသီဥတုရဲ့ ကြမ်းတမ်းတဲ့ ဒဏ်တွေကို ခံစားရ၊ စိတ်ဓာတ်ရဲ့ ဆင်းရဲတဲ့ ဒဏ်တွေကို ခံစားရ၊ အားကိုးရာမရှိဖြစ်ပြီးတော့ အနာထ—အားကိုးရာမဲ့ဘဝကို ရောက်ရတယ်။

အားကိုးရာမဲ့ပြီးတော့ အဲဒီမြို့ပေါက်ဝက ဇရပ်ပျက်ကလေးပေါ်မှာ ညသန်းခေါင်လည်းကျော်ရော ကောသလဘုရင်ကြီးဟာ မထင်မရှား သူတောင်းစားကလေးတယောက်လို အဲဒီမှာ သေသွားရှာတယ် တဲ့၊ ဒါကြောင့်မို့လို့ ဘုန်းကြီးတို့ကို စလေဦးပုညရေးထားတဲ့ စာကလေးတခုရှိတယ်မဟုတ်လား။

"ကောသလရယ်လို့ လောကမှာ အသရေလျှမ်းပါဘိ၊ ရွှေနန်းစံရာ နရိန်တို့တောင်မှ ခါချိန်တန်ပျက်စမြဲဟာမို့ စွဲမိသံဝေ၊ အကုသိုလ်ဃာတကရယ်က အခုလိုလာ၍ ဖြတ်သောကြောင့်၊ ဇရပ်သို့ပြေးရပေ ခွေးသေသို့ သေရငြား—"

စလေဦးပုညရေးခဲ့တာ၊ အကုသိုလ် ဥပဃာတကကံနှိပ်စက်တဲ့အတွက်ကြောင့် ဇရပ်ပေါ်တက်ပြီး ခွေးကလေးတကောင်လို သေရတယ် တဲ့၊ သံဝေဂဖြစ်စရာ သိပ်ပြီးတော့ကောင်းတယ်။

ဒါကြောင့် တို့ပရိသတ်များ မာနမကြီးကြနဲ့ ဘာကိုမှ အကြောင်းပြုပြီးတော့ မာန်မာနဆိုတာ မရှိသင့်ဘူး၊ အဲဒီမာန်မာ

နကြီးတဲ့ပုဂ္ဂိုလ်တွေ တနေ့ ပျက်စီးပြီဆိုတဲ့အခါကျတော့ ကောသလဘုရင်ရဲ့ ပျက်ပုံမျိုး ပျက်တတ်တယ်၊ သတိထား။

"အကုသိုလ် ဃာတကရယ်က အခုလိုလာ၍ ဖြတ်သောကြောင့် ဇရပ်သို့ပြေးရပေ ခွေးသေသို့ သေရငြား၊ သိလျက်နှင့်ပင် စိပါက်ကြမ္မာငှင်တော့ ရွှေနန်းရှင်မစေခဲ့နိုင်ဘူးကွယ် ပွဲတော်အမှား" တဲ့။

စလေဦးပုည ရေးခဲ့တာ၊ အဲဒီအပိုင်းတော့ ကိုယ့်ပရိသတ်ဆက်သခစဉ်းစားကြရော့၊ အဲဒီလို ကောသလဘုရင် အနာထ—ကိုးကွယ်ရာမရှိ ဆင်းရဲသားလေးတယောက်ကဲ့သို့ ဇရပ်ပေါ်သေသွားတဲ့အချိန်မှာ ဝိဋူဋ္ဌဘကတော့ ရွှေနန်းမှာ ပျော်တပြုံးပြုံးဖြစ်နေကြတယ်၊ ဝိဋူဋ္ဌဘက ငါရှင်ဘုရင်ဖြစ်ပြီ၊ ဒီဃကာရာယနကလည်း ငါစစ်သူကြီးဖြစ်ပြီ၊ ကောသလဘုရင်ကြီးကို နန်းချရတဲ့အတွက်ကြောင့် ဒီဃကာရာယနကလည်း ကျေနပ်နေတယ်။

ဝိဋူဋ္ဌဘကတော့ လက်စားချေဖို့ ကျန်သေးတယ်၊ ကိုင်း အပြင်းချီတက်ပါဟဆိုပြီး စစ်တပ်ကိုအမိန့်ထုတ်၊ ကပိလဝတ်ကို စစ်တပ်ကြီးချီတက်ပြီ တဲ့၊ သာကီဝင်မင်းမျိုးတွေကို သတ်မလို့ အဲဒီမှာချီတက်ပြီးတော့သွားကြတယ်။

## သာကီယမျိုးဆိုတာ

သာကီဝင်မင်းတွေနဲ့ ဝိဋူဋ္ဌဘရဲ့ စစ်တပ်ကြီးနဲ့ရင်ဆိုင်ကြတဲ့အခါကျတော့ ဘုရားရဲ့ဆွေမျိုး သာကီဝင်မင်းမျိုးတွေဆိုတာ လူကိုမသတ်ကြဘူး၊ ပိုးမွှားကလေးတောင်မှ မသတ်ဘူး၊ ရာဘုး

ဆေ့မျိုးဆိုတာ ကိုယ်သာအသေခံမယ် သူ့တပါးအသက်ကိုမသတ်ဘူး၊ စစ်တိုက်တယ်ဆိုတာတောင် တကယ်မှန်အောင် မပစ်ဘူး၊ ချော်ပြီးတော့ပစ်တာ။

အဲဒီတော့ ဝိဋူဍဘ စစ်တပ်က အသာရ အနိုင်ရပြီးတော့ သာကီဝင် မင်းမျိုးတွေ တမျိုးလုံး ကလေးရော လူကြီးရော၊ ယောကျ်ားရော မိန်းမရော၊ အဘိုးအို အဘွားအိုပါ တယောက်မကျန် အကုန်လုံးချင်းနှင်း ဝင်ရောက် တိုက်ခိုက်ပြီးတော့ လည်ပင်းဖြတ်ပြီး အကုန်သတ်ပစ်ကြတယ်၊ သာကီဝင်မင်းမျိုးတွေ သွေးချောင်းစီး တတိုင်းလုံးတပြည်လုံး အကုန်ပြုတ်တာပဲ။

အဲဒီမှာဆိုယင် တချို့များ ကြောက်လွန်လွန်းလို့ မြက်ပင်လေးတွေ တခါတည်းဖက်ပြီးတော့ အကြိတ်ပြီးတော့ ခံကြရတယ်၊ သင်သာကီဝင်လားလို့ မေးယင် အကျွန်ုပ်သည် သာကီဝင် မဟုတ်ဘူး။

သာကီယဆိုတာက၊ သာကဆိုတဲ့ပုဒ်သည် တို့တရားနာ ပရိသတ်များ သိအောင် ပြောရယင် ကျွန်းပင်ကို ဟောတယ်၊ကျွန်းတောကြီးထဲနေတဲ့အတွက်ကြောင့် သာကီယမျိုးလို့ ဒီလိုပဲခေါ်ယင် အဓိပ္ပာယ်ရပါတယ်။

ကျွန်းတောထဲ နေတဲ့ သာကီယမျိုးလားလို့ မေးယင် မြက်ပင်ကလေးကိုင်ပြီးတော့ အကျွန်ုပ်သည် တိဏသာကီ- မြက်မျိုးပါ၊ ကျူပင်ကလေး ကိုင်ပြီးတော့ ကျူမျိုးပါ၊ အဲဒီလို ကြောက်ကြောက်လန့်လန့် ဖြေကြားရတဲ့ ဘဝမျိုး ရောက်ခဲ့ရတယ်။

အဲဒါဗျာ—မြန်မာရာဇဝင်ကတော့ရေးတယ်၊အဲဒီကနေ ဆင်းသက်ပြေးလာလို့အဘိရာဇာတို့ တကောင်းရာဇာတို့ မြန်မာပြည်ရောက်လာပြီးတော့အဲဒါ မြန်မာပြည်တကောင်းပြည်ကြီးထူထောင်လာလိုက်တာ ဒီကနေ့ မြန်မာမျိုးတမျိုးလုံး အကုန်လုံးသာကီယမျိုးတွေလို့ မြန်မာရာဇဝင်ကတော့ တယ်ပြီးတော့ မြင့်တင်ပြီးတော့ရေးထုတ်လိုက်တာ။

"ဘယ့်နှယ်လဲ တို့ပရိသတ်—သာကီယမျိုးတွေတဲ့ ယုံကြရဲ့လား"

" .... .... .... .... .... "

"ဟိုက ဘုရားရဲ့အမျိုး— သာကီယမျိုးတွေကနေ၁— စစ်တိုက်တာတောင်မှ သေအောင်မလုပ်ဘူး"

"မှန်ပါဘုရား"

ဒီကနေ့ သာကီယမျိုးတွေ ဝိဋူဋဘရဲ့ ဘေးကြောင့် ပြေးလာတဲ့ အဘိရာဇာ ဓဇရာဇာတို့ကနေ တကောင်းပြည်ကြီးတည်ထောင်၊ ရောက်လာတဲ့ သာကီယမျိုးတွေကတော့ ဘယ်လိုလည်းယှဉ်ကြည့်ပေါ့။

တနည်းပြောယင်တော့ ဟို— အမရပူရ နန်းတော်ကနေပြီးတော့ ဘိုးတော်ဦးဝိုင်းရဲ့ လက်ထက်တုန်းက အမတ်ကြီး ဦးပေါ်ဦး ပြောသလို သာကီယမျိုးဆို ကီသာကီ လိုက်ကြကိစ္စမရှိဘူး၊ အရှုံးမရှိဘူး၊ တို့အမျိုး ဘာမျိုးလည်း ဘုရားမျိုးဆိုလို့ရှိယင် အဲဒါအမြတ်။

ဘိုးတော်ဦးဝိုင်းလက်ထက်က အမတ်ကြီး ပေါ်ဦးကို မေးတယ်၊ "ဟ—ပေါ်ဦး ဘုရားဟာ ကုလားမျိုးလား၊ မြန်မာမျိုး

လား”လို့ ဆိုတော့ ဒါရှင်းရှင်းပဲ သာကီယတွေ ဘာတွေ သုံးမနေဘူး ပေါ်ဦးက ဘယ့်နှယ် ဖြေလိုက်လည်းဆိုယင် “မှန် လှပါ ဘုန်းတော်ကြောင့် မြန်မာအစစ်ပါ”လို့ ဖြေလိုက်တယ်။

“ဘုရားဟာ မြန်မာအစစ်ပါလို့ မင်းဘာကြောင့် ပြောနိုင် ရတာလဲ”လို့ မေးပြန်တော့ “မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော် မူမယ်ဆိုတဲ့ ကဆုန်လပြည့်နေ့က စုန္ဒရွှေပန်းထိမ်သည် ဆက် ကပ်လှူဒါန်းတဲ့ ဝက်သားဆွမ်းကို ဘုဉ်းပေးပြီးတော့ ပရိနိဗ္ဗာန် စံတယ်လို့ ဆိုပါတယ်ဘုရား”

ပေါ်ဦးရဲ့ ဖြတ်ထုံး ဘယ်လောက် ကောင်းသလည်းလို့—“ဒါကြောင့်မို့လို့ ကုလားဟာ ဝက်သားမစားပါဘူး၊ ဝက် သားစားပြီး ပရိနိဗ္ဗာန်စံတာကိုကြည့်ခြင်း အားဖြင့် မြတ်စွာ ဘုရားသည် မြန်မာအစစ်ပါပဲ”တဲ့။

ဒီတော့ တို့ပရိသတ် မြတ်စွာဘုရားတောင်မှ မြန်မာဖြစ်သေး တာ တို့တိုင်းပြည်ရှိတဲ့ အမျိုးတွေလည်း သာကီယမျိုးတွေ ဆိုယင် ကီသာကီလိုက်ကြ အရှုံးမရှိဘူး အေး — ပေါ်ဦး ဖြတ်ထုံးအတိုင်းပေါ့၊ အဲဒါမြန်မာရာဇဝင်နဲ့ ပေါ်ဦးဖြတ်ထုံး နဲ့ညှိပြီးတော့ အဲဒါယူလိုက်ကြ၊ ကိစ္စမရှိဘူး။

## မဟာနန်မင်းကြီးရဲ့—ဇာတိမာန်

ကိုင်း—ဒီတော့ ယင်းသာကီယမျိုးတွေ ကုန်ပြီ ဘယ်သူသာ လျှင် ကျန်သလည်းလို့ ဆိုတော့ ဝိဋ္ဋူဘရဲ့ အဘိုး၊ အမေရဲ့ အဖေဆိုတော့ အဘိုးပေါ့၊ ဘယ်သူတုံးဆိုတော့ မဟာနန် မင်းကြီး—တဲ့၊ သူတယောက်ပဲ ကျန်တယ်၊ ကျွန်မလေးနဲ့ မွား

ယှဉ်းပြီးတော့ ဖြစ်လာခဲ့တဲ့ မဟာနန်မင်းကြီး၊ အဲဒီ မဟာနန်မင်းကြီးတယောက်ပဲ ချန်ထား၊ ငါ့အဘိုး တယောက်တော့ ချန်ထားဟ၊ မသတ်ကြနှင့်ဆိုတော့ ကျန်ရစ်ခဲ့တယ်။

မဟာနန်မင်းကြီး ချန်ထားပြီးတော့ ကျန်တဲ့လူတွေ အကုန်လုံး သတ်ပြီးတော့ သွေးချောင်းစီးလို့၊ သာကီယမျိုးတွေ မာန်မာနထောင်တဲ့အတွက်ကြောင့် အဲဒီမှာအကုန်လုံး သေကြရတယ်၊ တိုက်ခိုက်ပြီးလို့ တိုင်းပြည်ပြန်ကြစို့ဆိုပြီးတော့ ကျန်တဲ့ အဘိုးတယောက် ခေါ်ပြီးတော့ ပြန်လာကြတယ်။

ပြန်လာကြတော့ လမ်းခုလတ်တနေရာ ရေကန်ကြီး တခုရဲ့ ကန်ဘောင်ရိုးမှာ ဝိဋူဍူဘက ကိုင်း— တိုက်ရခိုက်ရတာလည်း မောလှပြီ ထမင်းစားကြစို့ကွာ ဆိုပြီးတော့ ကန်ဘောင်ရိုးမှာ ထမင်းစား၊ ပွဲတော်အုပ်တည်၊ အဘိုးနဲ့အတူတူ ထမင်းစားမယ် ဆိုပြီး ထမင်းပွဲပြင်တယ်၊ အဘိုးကလည်းပဲ အဲဒီ ကျွန်မသားနဲ့ တော့ ထမင်းအတူမစားဘူး အသေသာခံမယ်။

ဒီတော့ အဘိုးဖြစ်သူ မဟာနန်မင်းကြီးက ကိုင်းကွယ်—ငါက မင်းတော့စားတာပေါ့ရေလေး ဘာလေး ဆင်းချိုးလိုက်ဦးမယ်ဆိုပြီးတော့ ရေကန်ထဲဆင်းပြီးတော့ ရေချိုး၊ ရေကန်ထဲ လည်းရောက်ရော ခေါင်းကဆံပင်ဖြေ၊ အဖျားကနေ ထုံးပြီးတော့ အဲဒီထုံးထားတဲ့ ဆံပင် ဟိုဘက်ဒီဘက် ခွဲလိုက်တော့ ကြိုးထုံးလေးလိုဖြစ်နေတာပေါ့၊ ဆံပင်ထဲကို ခြေရော လက်ရောထည့်ပြီးတော့ သူ့ကိုယ်သူ အသေသတ် ပစ်လိုက်တယ်—တဲ့။

မဟာနန်မင်းကြီးက ကျွန်မသားနဲ့အတူ ထမင်းတောင်မစားဘူး မာနနေ၁် အသေခံတယ်၊ ဒီတော့ ဝိဋူဋဘကလည်း ကမ်းပေါ်ကနေ ငါ့အဘိုး ရေချိုးဆင်းသွားတာ မလာဘူး ဆိုပြီး တော့ ရှာလိုက်တာ တော်တော်ကြာတော့ ဘာမှမတွေ့ဘူး၊ အလောင်းတောင် မတွေ့ဘူး၊ ရေအောက် မြုပ်ပြီးတော့နေ တယ်၊ အဲဒီကနေ ဝိဋူဋဘကလည်း တိုင်းပြည်ပြန်တယ်၊ လမ်းမှာ အစိရဝတီ မြစ်ကမ်းကို ရောက်ကြတယ်။

ညဉ့်ဦးယံအချိန်မှာ အစိရဝတီမြစ်ကမ်းကို ရောက်ပြီဆိုတဲ့ အခါကျတော့ ကိုင်း—တို့တပ် မောလည်းမောပြီကွယ်-တဲ့၊ဒီမြစ်ကမ်းမှာ စစ်တပ်အနားချပြီးတော့ တညလောက် အပန်းဖြေကြစို့ဆိုပြီးတော့ မြစ်ကမ်းမှာအနားယူ၊ သဲသောင်ပြင်ပေါ် အိပ်တဲ့ တပ်သားတွေကအိပ်၊ ကုန်းပေါ်မှာအိပ်တဲ့ တပ်သားတွေက အိပ်လို့ အနားယူလိုက်ကြတယ်။

ညဉ့်သန်းခေါင် ရောက်လည်းလာရော မိုးကရွာချင်လာတော့ အိုက်စပ်စပ်ဖြစ်လာတာ မြေကြီးထဲက ပိုးကောင်တွေ ထွက်လာတယ်၊ သောင်ပေါ်က ပိုးကောင်တွေထွက်၊ အဲဒီလိုထွက်လာတဲ့ ပိုးကောင်တွေက ကုန်းပေါ်မှာ သောင်ပေါ်မှာ အိပ်နေကြတဲ့ စစ်သားတွေကို ဟိုကတက် ဒီကတက်နဲ့ မနေနိုင်မထိုင်နိုင်ဖြစ်ကြတယ်၊ အဲဒီအခါမှာ နေရာပြောင်းပြီးတော့ ဟိုက ဒီပြောင်း၊ ဒီကဟိုပြောင်းနဲ့ ရွှေ့လိုက်ကြတာ သောင်ပေါ်က စစ်သားတချို့ ကုန်းပေါ်တက်တယ်၊ ကုန်းပေါ်က စစ်သားတချို့ သောင်ပေါ်ဆင်းတယ်။

## ပျက်စီးချိန် ရောက်ပြီ

ဝိဋူဍဘက သောင်ပေါ်ရောက်သွားတယ်၊ အဲဒီလို လူ (၂) စုကို အလိုလိုခွဲပြီးသားဖြစ်သွားတယ်၊ သန်းကောင်ကျော်တဲ့ အချိန်မှာ မိုးကြီးသည်းထန်စွာ ရွာချလိုက်တယ်၊ တောင်ပေါ်မှာရော ကွင်းပြင်မှာရော ရွာချလိုက်တော့ တောင်ကျရေတွေ ဒလဟော လှိမ့်ပြီးတော့ ဆင်းလာတာ သောင်ပေါ်အိပ်နေတဲ့ စစ်သားတွေ တယောက်မှ မပြေးနိုင်ဘူး၊ အကုန်လုံးရေထဲမျော ပြီး ငါးစာလိပ်စာဖြစ်ပြီးတော့ ဆောကုန်ကြတယ်။

ဝိဋူဍဘလည်း အဲဒီ ရေထဲမျောလို့ ပြုတ်ကရော၊ ဘာကျန် သေးသလည်း၊ ကောသလဘုရင်ကြီးလည်းပြုတ်၊ ဝိဋူဍဘ လည်းပြုတ်၊ သာကီဝင်မင်းကြီးတွေလည်း အကုန်လုံးပြုတ် တယ်—တဲ့၊ ဘာမှမကျန်တော့ဘူး၊ မာနကနေစတာ။ ကော သလဘုရင်ကြီး ဉာဏ်နည်းတာကနေ စပြီးတော့ လာခဲ့တာ၊ ဒါကြောင့်—

ဇာတိတ္ထဒ္ဓေါ မနတ္ထဒ္ဓေါ၊
ဂေါတ္တတ္ထဒ္ဓေါစ ယောနရော။
သဉာတိံ အတိမညေတိ၊ တံ ပရာဘဝတော မုခံ။
ဘောဒင ပုတ္တာ၊ အို—နတ်သား။

ယောနရော၊ အကြင်ပုဂ္ဂိုလ်သည်။ ဇာတိတဒ္ဓေါစ၊ တို့အမျိုး သာလျှင် မြတ်တယ်ဆိုတဲ့ အမျိုးဇာတ်အားဖြင့်လည်း မာန်မာန ခက်ထန်၏။ မနတ္ထဒ္ဓေါစ၊ ငါသာလျှင် ဥစ္စာစီးပွား ရှိတယ် ချမ်းသာတယ်ဆိုပြီးတော့လည်း မာန်မာနခက်ထန်၏။ ဂေါတ္တတ္ထ

ဒွေ့ဘစ၊ တို့ရှဲအနွယ်က မြတ်တယ်ဆိုပြီးတော့လည်း မာန်မာန ခက်ထန်၏။

သောနရော၊ ထိုပုဂ္ဂိုလ်သည်။ သညာတိ°၊ မိမိရှဲ အမျိုးတွေ အဆွေတွေကို။ အတိမညေတိ၊ မထီမဲ့မြင်ပြု၏။ တံ၊ ထိုကဲ့သို့ ငါသာလျှင် မြတ်တယ်ဆိုပြီးတော့ မိမိရှဲ အဆွေအမျိုးတွေကို မထီမဲ့မြင် ပြုလုပ်ခြင်းသည်။ ပရာဘဝတော၊ ပျက်စီးခြင်းရှဲ၊ မုခံ၊ အကြောင်းတရားပင် ဖြစ်ပါပေ၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင်ဘုရားရှင် ကိုယ်တော်မြတ်သည်။ သတ္တမံ၊ ခုနစ်မုမြောက်ဖြစ်သော၊ ဂါထာပုဒ်၊ ပရာဘဝမုခတွေကို ဖော်ပြတဲ့ ဂါထာ ပုဒ်ကို။ ဒေသေသိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါဘုရား"

# စတုတ္ထပိုင်း

ဒီကနေ့တော့ အပြီးသတ်မှ ဖြစ်တော့မယ် မပြီးယင် ဟိုဘက်ဆောင်းရာသီ—နွေရာသီရောက်ရမလို ဖြစ်နေတယ်၊ မပြီးချင်သေးဘူးဆိုယင်လည်းရတာပါပဲ—

"ဘယ်လိုတုံး ဘုန်းကြီးတို့ ပရိသတ်—ပြီးရမှာလား....မပြီးပဲ ထားခဲ့ရမှာလား"

"မပြီးပဲ ထားခဲ့ပါဘုရား"

"အဲ—မပြီးပဲ ထားခဲ့ပါတဲ့—နော်"

ပရာဘဝသုတ္တန်ကို မပြီးပဲထားလည်းရတယ်၊ ဘုန်းကြီးတို့ကျေးဇူးရှင် (အဂ္ဂမဟာပဏ္ဍိတ-အနီးစခန်းဆရာတော်) ပြောသလိုပဲ သပြေခက်ကလေးများ ဝေ့လည်ဝေ့လည် လုပ်နေယင် မပြီးဘူး အဲဒါ။

မင်းညီမင်းသားတွေ တိုင်းတော်ပြည်တော်ကနေ တွက်ပြီး တက္ကသိုလ်ပညာတော်သင် သွားလိုက်ကြတာ၊ ရုပ်သေးစင်ပေါ်မှာ ဒီဘက်နားက ဗာရာဏသီပြည် ဟိုဘက်နားက တက္ကသိုလ်ပြည်၊ အလယ်ခေါင်ကတော့ တောအုပ်ကြီး ဘယ်လိုလည်းဆိုတော့ သပြေခက်ကလေး နှစ်ခက်သုံးခက် ခွဲထားတယ် အဲဒါ တောအုပ်ကြီး။

အဲဒါ ပညာသင်သွားပြီး ပြန်လာတဲ့အခါကျတော့တိုင်းပြည်မရောက်သေးဘူး အဲဒီတောအုပ်ထဲမှာ ဘယ်လောက်ကြာနေသလည်း ဆိုလို့ရှိယင် လေးလလောက် ကြာတယ်"ရွှေပဟိုရ်စည်သံမျှား မကြားရတာရှည်ပြီ လေးလတဲ့မှ ရာသီ" ဆိုပြီးတော့ သီချင်းလေးတကျော်ကျော်နဲ့ မင်းသားတွေ တိုင်းပြည် မရောက်နိုင်ပဲနှင့်—

"ဘယ်လောက်ကြာနေသတုံး--တို့ပရှိသတ်"

"လေးလပါ ဘုရား"

"လေးလ—ဘယ်မှာ ကြာနေသလဲ"

"တောထဲမှာပါဘုရား"

"ဟုတ်ရဲ့လား—စင်ပေါ်တွင်ကြာနေတာ"

အဲဒီ ရုပ်သေးစင်ပေါ် သပြေခက် နံ့ားတွင် ဝေ့လည်ဝေ့လည်နဲ့ ကြာနေတားလေးလ၊ ကဲ—တိုင်းတော်ပြည်တော် ရောက်စေဗျာ စည်တော်သံကြား နန်းပါးဝင်စေဆိုတော့လည်း သပြေခက်ကလေးလှန်လိုက် ရောက်သွားတာပဲ။

ဒီတော့ ဘုန်းကြီးတို့လည်း ဒကာမကြီးတယောက် အခုနကပြောတဲ့ အဲဒီ ဥစ္စာကို ဒီလေးလလောက် ထားလိုက်ပါဦးဆိုတဲ့

အခိပ္ပါယ်ပေါ့၊ လေးလမကဘူး ထားမယ်ဆိုလို့ရှိယင် ဟိုဘက်နေ့ရာသီ ထိအောင် ထားရမှာ၊ ဒီတော့စည်တော်သံကြားနန်းပါးရောက်စေ သပြေခက်သာ ခပ်မြန်မြန် လှန်မှုဖြစ်မယ် ဒီကနေ့ညတော့။

မြတ်စွာဘုရား ဟောဖော် ပါဠိတော် (၇)ဂါထာ ပြီးသွားတယ် ဘယ်နှစ်ဂါထာ ကျန်သေးသလည်းဆိုယင် (၅) ဂါထာ ကျန်သေးတယ်၊ အဲဒီကျန်တဲ့ (၅) ဂါတာကို ဒီညရှိတဲ့အချိန်အတွင်း ဒါ—ပြီးအောင် ဟောရမယ်။

ကုတိဟေတံဝိဇာနာမ၊ သတ္တမောသောပရာဘဝေါ။
အင့်မံ ဘဂဝါဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။
ဘောဂေါတမ၊ ဂေါတမနွယ်ဖွား အို—ရှင်တော်
မြတ်ဘုရား။

ဣတံ၊ ဤသို့။ ယထာယေနအာကာရေန၊ အကြင်သို့သော အချင်းအရာအားဖြင့်။ ' ဘဂဝါ၊ ဘုရားရှင်ကိုယ်တော်မြတ်သည်။ မာနတ္တတာလက္ခဏံ၊ မာန်ခက်ထန်ခြင်းဆိုတဲ့ လက္ခဏာကို။ ပရာဘဝမုခံ၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာ ပျက်စီးခြင်းရဲ့အကြောင်းဟူ၍။ အာဟ၊ ဟောတော်မူခဲ့ပါ၏ အရှင်ဘုရား။

မာနခက်ထန်ခြင်း၊ မာန်မာနခက်ထန်ခြင်းဆိုတာဟာ လောက သံသရာပျက်စီးကြောင်းလို့ အရှင်ဘုရား ဟောတော်မူခဲ့ပါတယ်ဘုရား။

တေံ၊ ထိုမာနခက်ထန်ခြင်းဆိုတာ လောက ပျက်စီးခြင်းရဲ့အကြောင်းကို။ မယံ၊ ဘုရားတပည့်တော်တို့သည်။ တထာတေနအာကာရေန၊ ထိုကဲ့သို့ အရှင်ဘုရား ဟောတော်မူသော အချင်း

အရာအားဖြင့်သာလျှင်။ ဝိဇာနာမ၊ ကောင်းစွာထင်ထင် သိမြင်ရပါကုန်သည် မြတ်စွာဘုရား။

သောမာနတ္ထတာ လက္ခဏော၊ ထိုမာနခက်ထန်တယ်ဆိုတဲ့ လက္ခဏာသည်။ သတ္တမော၊ ခုနစ်ခုမြောက် ဖြစ်သော။ ပရာဘဝေါ၊ ပျက်စီးခြင်းပါ မြတ်စွာဘုရား။

အဋ္ဌမံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။

ဘန္တေ၊ ဘုန်းတော် ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား။ အဋ္ဌမံ၊ ရှစ်ခုမြောက် ဖြစ်တဲ့။ ပရာဘဝတောမုခံ၊ ပျက်စီးခြင်းရဲ့ အကြောင်းတရားကို။ ဗြူဟိ၊ ကရုဏာ ရှေ့ရှုဟောကြားတော်မူပါဦး မြတ်စွာဘုရား။

## မာနခက်ထန်ခြင်း၏ အကြောင်း(၃)ရပ်

မာနတ္ထတာလက္ခဏာ—မာန်မာနခက်ထန်တယ်ဆိုတာ ပစ္စုပ္ပန်ရော သံသရာပါ ပျက်စီးကြောင်းလို့ အရှင်ဘုရား ဟောတော်မူလို့ ဘုရားတပည့်တော်များ သိရပါပြီ—

မာနခက်ထန်ခြင်း၊ မာနထန်တာနှင့် ပတ်သက်လို့ မနေ့က ပရာဘဝသုတ်မှာ အချက်(၃)ချက် ပြထားတယ်နော်။

(၁) ဇာတိတ္ထဒ္ဓ— ဇာတ်ကို အကြောင်းပြုပြီးတော့ မာန်မာနကြီးတာ။

(၂) ဓနတ္ထဒ္ဓ— ဥစ္စာများတာကို အကြောင်းပြုပြီးတော့ မာန်မာနကြီးတာ။

(၃) ဂေါတ္တ တ္ထဒ္ဓ — အမျိုး အနွယ် မြတ် တာ ကို အကြောင်းပြုပြီးတော့ မာန်မာနကြီးတာ။

ဘယ်အကြောင်းကြောင့်ပဲဖြစ်ဖြစ် မာန်မာနကြီးခဲ့ပြီ ဆိုလို့ရှိယင် မာနကြီးတဲ့ပုဂ္ဂိုလ်တွေဟာ—

သညာတိံ အတိမညေတိ

သညာတိံ၊ မိမိရဲ့ ဆွေမျိုးများကိုတောင်မှ။ အတိမညေတိ၊ မထီမဲ့မြင် လုပ်တတ်တယ်။

ဝိဋဋူဘနှင့်သာကီဝင်မင်းမျိုးတွေဟာ လှမ်းကြည့်လိုက်စမ်းပါ၊ ဆွေမျိုးတွေပဲ၊ ဝိဋဋူဘရဲ့အမေဖြစ်တဲ့ ဝါသဘခတ္တိယဆိုတာ အဖေဘက်ကကြည့်ယင် သာကီဝင်မင်းမျိုး၊ အမေဘက်ကကြည့်ယင်တော့ ကျွန်မျိုး။

လောကမှာ အမျိုးကိုရေတွက်တဲ့အခါမှာ အမေမျိုးနဲ့ အဖေမျိုးကြည့်လိုက်တဲ့အခါကျတော့ယင် အဖေမျိုးကို ပဓာနထားပြီးတော့ ရေတွက်ကြတယ်။ မင်းဟာ ဘာမျိုးလည်းဆိုလို့ရှိယင် အဖေ့ဘက်ကြည့်ပြီးတော့ ဒါ—အဖေမျိုး၊ ရှေးတုံးကအဖေမျိုးသာလျှင် ပဓာန၊ ဖခင်ဘက်ကအမျိုးသည် ပဓာန ဖြစ်ခြင်းကြောင့် ဝါသဘခတ္တိယဆိုတဲ့ ကောသလဘုရင်ကြီးရဲ့ မိဖုရားကလေးဟာ အဲဒါ မင်းမျိုးပါပဲ—တဲ့၊ သာကီယအမျိုးကနေဖွားလာတာသူလည်း မင်းမျိုးပဲ။

ဝိဋဋူဘကလည်းပဲ အဲဒီမဟာနန်မင်းကြီးရဲ့သမီး ဝါသဘခတ္တိယနဲ့ ကောသလဘုရင်ကြီးဆိုတဲ့ မင်းမျိုးရှင်ဘုရင်ကြီး အဲဒီမင်းမျိုး(၂)ဦးတို့မှဖောက်ဖွားလာတာဖြစ်ခြင်းကြောင့်သူလည်း မင်းသားပါပဲ၊ ဝိဋဋူဘဆိုလို့ရှိယင် အဖေ (ကောသလဘုရင်) ဘက်ကကြည့်လိုက်ယင်လည်း မင်းမျိုး၊ အမေဘက်ကကြည့်ပြန်

တော့လည်းပဲ သူ့ရဲ့မိခင်ဖြစ်တဲ့ ဝါသဘခတ္တိယဟာ မဟာနန်မင်း ကြီးရဲ့သမီးပါလား—လို့။

ဒီတော့ အမေကလည်း မင်းမျိုး၊ အဖေကလည်းမင်းမျိုးဖြစ် နေတဲ့ ဝိဋူဍ္ဍဘကိုအဖေရောအမေပါမင်းမျိုးဖြစ်နေတဲ့ဝိဋူဍ္ဍဘ ကို သာကီဝင်မင်းမျိုးတွေက မထီမဲ့မြင် လုပ်လိုက်ကြဘာ "ဒီ ကျွန်မသားထိုင်သွားတဲ့နေရာ နွားနို့နဲ့ဆေးဟ"ဆိုတော့ ကြား လည်းကြားသွားရော"မင်းတို့က ငါထိုင်တဲ့နေရာ နွားနို့နဲ့ဆေး ယင် ငါ့ ခြေထောက်ကို နင်တို့ လည်ချောင်းသွေးနဲ့ ဆေးမယ်" ဆိုပြီးတော့ ဒီလိုဖြစ်လာတာ၊အမျိုးတူခြင်းဇာတ်တူခြင်း အဲဒါ မာန် မာန ခက်ထန်မိတဲ့ အတွက်ကြောင့် အကုန်ပျက်စီးသွား ကြတာ။

အဲဒီ မာနတ္ထဒ္ဓတာ လက္ခဏာဟာ ပရာဘဝမုခ ပါပဲဆိုတဲ့ အ ကြောင်း၊ တပည့်တော်တို့ သိရပါပြီ မြတ်စွာဘုရား၊ သတ္တမ မြောက် ပရာဘဝဂါထာပြီးလို့ အဋ္ဌမ ရှစ်ခုမြောက်တဲ့ ပရာဘဝ မုခပျက်စီးခြင်းရဲ့အကြောင်း မိန့်တော်မူပါဦး မြတ်စွာဘုရားလို့ လျှောက်ထားတဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်က—

အဋ္ဌမမြောက် ပျက်စီးခြင်းအကြောင်းတရား (၃)ပါး

(၈) ဣတ္ထိဓုတ္တော သုရာဓုတ္တော၊ အက္ခဓုတ္တောစယောနရော။
လဒ္ဓံ လဒ္ဓံ ဝိနာသေတိ၊ တံပရာဘဝတောမုခံ။

ထပ်ပြီးတော့ လျှောက်ယင် လျှောက်တိုင်း မြတ်စွာဘုရားရဲ့ ရွှေနှုတ်တော်ကလည်း ထွက်လာတာပဲ၊ နောယ်ထပ်ဟောပါဦး လို့ဆိုယင် ထွက်လာပြန်တာပဲ။

ဘော ဒေဝပုတ္တ၊ အို—နတ်သား

ယောနရော၊ အကြင်ပုဂ္ဂိုလ်သည်။ ဣတ္ထိဓုတ္တောစ၊ အမျိုးသမီးတို့၌ လိုက်စားလွန်ကြူးမိုက်မှား သည်လည်း။ ဟောတိ၊ ဖြစ်၏။ သုရာဓုတ္တောစ၊ သေအရက်စသည်တို့၌ သောက်စားလွန်ကြူးမိုက်မှားသည်လည်း။ ဟောတိ ဖြစ်၏။ အက္ခဓုတ္တောစ၊ လောင်းကစားခြင်း၌ လိုက်စားလွန်ကြူး မိုက်မှားခြင်း သည်လည်း၊ ဟောတိ၊ ဖြစ်၏။

ဓုတ္တဆိုပြီးတော့ ဟောလိုက်တာ—

"ဘုန်းကြီးတို့ပရိသတ်များ ဘယ်နှစ်ချက်ပါလိမ့်မလဲ"

"သုံးချက်ပါဘုရား"

(၁) ဣတ္ထိဓုတ္တ

(၂) သုရာဓုတ္တ

(၃) အက္ခဓုတ္တ—ရယ်လို့

"ဘယ်နှစ်ဓုတ်တုံးဗျာ"

"သုံးဓုတ်ပါဘုရား"

"အဲ-ဓုတ်သုံးဓုတ်တဲ့ မှတ်ပြီးတော့ထားကြ"

အဲဒီ ဓုတ်သုံးချောင်းကိုင်ဆွဲထားတဲ့ ပုဂ္ဂိုလ်သည်ဟိုဘဝဒီဘဝ ဘယ်တော့မှ မကြီးပွားတော့ဘူး၊

ယောနရော၊ အကြင်ပုဂ္ဂိုလ်သည်၊ ဣတ္ထိဓုတ္တောစ၊ အမျိုးသမီးတို့၌သောက်စားလွန်ကြူးမိုက်မှားသည်လည်း။ ဟောတိ၊ ဖြစ်၏။ အက္ခဓုတ္တောစ၊ လောင်းကစားခြင်း၌လိုက်စားလွန်ကြူး မိုက်မှားခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။

ကောသလဘုရင်ကြီးရဲ့ဂုဏ်ပုဒ်—ပဿေနဒီ ဆိုတာ

သောပုဂ္ဂလော၊ ထို ကဲ့သို့ ဓုတ္တသုံးပါး၌ လိုက်စားလွန်ကြူး မိုက်မှားဆိုတဲ့ ပုဂ္ဂိုလ်သည်။ ပရာဘဝတော၊ ပျက်စီးခြင်းရဲ့။ မုခံ၊ အကြောင်းတရားပါပေတည်း။ တာဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်ရဲ့။ မုခံ၊ အကြောင်းတရားပင်ဖြစ်ပါပေ၏။

အကြောင်းသုံးချက်မြတ်စွာဘုရားပြပြန်တယ်။

(၁) ဣတ္ထိဓုတ္တ
(၂) သုရာဓုတ္တ
(၃) အက္ခဓုတ္တ

ဆိုပြီးတော့ (၃) မျိုး

(၁) ဣတ္ထိဓုတ္တ— မိမိမှာရှိတဲ့ ကာမဝတ္ထုနှင့် မဘင်းတိမ် နိုင်ဘူး။

ကာမဝတ္ထုဆိုတာ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ၊ အဲဒီငါးခု စလုံးဟာ ကာမဝတ္ထု—တဲ့၊ တည့်တည့် ပြောရယင်တော့ မိမိ အမျိုးသမီး၌ မိမိမတင်းတိမ်နိုင်ဘူးပေါ့၊ မိမိပိုင်ဆိုင်တဲ့ အမျိုး သမီးတို့၌ မိမိမတင်းတိမ်ပါပဲနဲ့ မည်သည့် အမျိုးသမီးမဆို အ ကုန်လုံး ရလေသမျှ လိုက်စားလွန်ကြူး မိုက်မှားနေတဲ့ ပုဂ္ဂိုလ် တယောက်ဟာ ဤဘဝ နောင်ဘဝ ဘယ်ဘဝမှာမှ ကြီးပွား ချမ်းသာမှု မရှိနိုင်ဘူးလို့—

အဲဒါဘပါးပဲ၊ မြတ်စွာဘုရားပြတယ်၊ အဲဒီဣတ္ထိဓုတ္တနဲ့ ပတ် သက်လို့ သာသနာတော် သမိုင်းရှောက်ပြီးတော့ ကြည့်လိုက် ပြန်ယင်လည်း ဘုန်းကြီးတို့ မနေ့က ပြောခဲ့တဲ့ ကောသလဘုရင်

ကြီးဟာ ဒီကိစ္စမှာ တော်တော် ဒုက္ခဖြစ်တယ်၊ အဲဒီကောသလ ဘုရင်ကြီးဟာ အစားလည်း တယ်ပြီးတော့ ကြီးတယ်၊ အသိဉာဏ်ကလည်း တယ်ပြီးတော့နည်းတယ်၊ ကာမဂုဏ် ခံစားတဲ့ နေရာကျပြန်တော့လည်း သူများထက် လွန်ကဲတယ်။

အစားကလည်းကြီးလိုက်တာ၊ ဆန်များတစိတ်ချက်လောက် စားတယ်၊ လူတွေရဲ့ နှုတ်မှာတော့ 'ဆန်တစိတ် ဆိတ်တကောင်' နီလိုတွင်နေတယ်၊ ဒီကနေ့ပဲ ဘုန်းကြီးစာပြန်ပြီးတော့ ကြည့်လိုက်တယ်၊ ဆိတ်တကောင်ဆိုတာ ပါရဲ့လားလို့ ကြည့်လိုက်တော့ ဆိတ်တကောင်းတော့မပါဘူး၊ ဆန်တစိတ်ကုန်တယ် ဆိုတာတော့ ဟုတ်တယ်။

အဲဒီလောက် ဆန်တစိတ် ကုန်အောင်စား၊ သူနဲ့ လျော်ညီတဲ့ ဟင်းတွေစား၊ ထမင်းပွဲပြင်ပြီဆိုလို့ရှိယင် ရှေ့တည့်တည့်မှာ လည်း စားဖွယ်ခဲဖွယ် အမျိုးမျိုး ပြင်ထားတယ်၊ အဲဒါရှေ့တည့်တည့်မှာ ပြင်ဆင်ထားရုံနဲ့ မပြီးဘူး— တဲ့၊ ညာဘက်ဘေး ဗယ်ဘက်ဘေး အဲဒီဘေးအရပ်တွေမှာပါ ဝိုင်းပြီးတော့ ပြင်ဆင်ချထားပေးရတယ်။

ဟိုဘက် နံပါး ဒီဘက်နံပါးတွေမှာပါ ပြင်ဆင်ချထားပြီးတော့ ပေးရတဲ့အတွက်ကြောင့် သူစားနေတဲ့ ပွဲတော်အုပ်တယ် နေတဲ့ အချိန်သွားပြီးတော့ ကြည့်ယင် အရပ်သုံးမျက်နှာမှာ စားဖွယ် ခဲဖွယ် ထမင်းပွဲ ဟင်းပွဲတွေ အကုန်လုံး ပြည့်နေအောင် ပြင်ဆင်ထားတယ်၊ အဲဒီလောက် အစားကြီးတဲ့ ကောသလဘုရင်ကြီး၊ အဲဒါကြောင့် သူ့ကို ပသေနဒီ—

ပသေနဒိယတီတိ ပသေနဒီ—လို့

ဒီလိုကြံထားတာ။

ပသေနနံ နံဘေးဖြင့်။ ဒီယတိ၊ စားစရာတွေကို ပေးယင်း။ ဣတိ၊ ထို့ကြောင့်။ ပသေနဒိ၊ ပသေနဒိမည်၏။

ရှေ့တည့်တည့်ကလည်း ပေးရတယ်၊ ဘေးကလည်း ပေးရတယ်၊ နောက်ကပေးလို့တော့ မဖြစ်ဘူးပေါ့လေ လှမ်းယူလို့မှမဖြစ်ပဲ၊ အဲဒီလိုဘေးနှစ်ဘက်ရော ရှေ့တည့်တည့် ရော စားဖွယ်ခဲဖွယ်တွေ ဝိုင်းနေအောင်ချပြီး တော့ပေး၊ အဲဒီလို စားလည်းရှင်ဘုရင်ကြီး ဖြစ်ခြင်းကြောင့် သူ့ကိုပသေနဒိ။

ဒါကြောင့် ဒီကနေ့လည်းပဲ ပြောကြတာပေါ့၊ ဝိုင်းဝိုင်းလည်အောင် ထမင်းပွဲတွေ ဟင်းပွဲတွေ ဖြစ်နေယင် "ဒီကနေ့တော့ ပသေနဒိပဲဟေ့" ဒီလိုဖြစ်တယ်၊ ဒါ— သူ့ဂုဏ်တက်အောင်ကြံမယ်ဆိုလို့ ရှိယင်တော့—

ပရသေနံ ဇိနာတီတိ ပသေနိဒိ

အဲဒီလိုကြံယင်တော့ ဒီဘုရင်ကြီး ဂုဏ်ရှိသွားတယ်။

ပရသေနံ၊ သူတပါးတို့၏စစ်တပ်ကို။ ဇိနာတိ၊ အောင်တတ်၏။ ဣတိ၊ ထိုကြောင့်။ ပသေနဒိ၊ သူတပါးတို့ရဲ့ စစ်သည်ဗိုလ်ပါတွေကို အောင်မြင်တတ်တဲ့ အတွက်ကြောင့် ပသေနဒိ။

အဲဒါကလည်းတမျိုးပေါ့

## မြင်လျှင်မြင်ခြင်း တပ်မက်ခြင်း

အဲဒီလိုပသေနဒိအမည်ရတဲ့ ကောသလဘုရင်မင်းတရားသည် တနေ့သောအခါမှာ နက္ခတ်သဘင်ပွဲ ဆင်ယင် ကျင်းပနေတုန်း ဆင်စီးပြီး အဲဒီပွဲ သဘင်ရှုစားဖို့ရန်ထွက်တော့ ဆင်စီးပြီးတော့

လှည့်လည်သွားလာယင်း အိမ်တအိမ်ရဲ့ တံခါးပေါက်ကနေဖွင့် ကြည့်လိုက်တဲ့ အမျိုးသမီးတယောက်ရဲ့ မျက်နှာကိုသူ ရုတ်တရက် မြင်လိုက်ရတယ်။

အမျိုးသမီးလေး တယောက်ကလည်းပဲ ကျကျနနပြင်ဆင် ဖြီးလိမ်းပြီးတော့ ပွဲလမ်းသဘင် မြူးတူးပျော်ပါး ရန်ထွက်မယ် ဆိုပြီးတော့ ပြင်ဆင်ထားတုံး ဘုရင်ကြီးထွက်တော်မူ လာတာ ကြည့်ချင်တာနဲ့ တံခါးလေး ဖွင့်ပြီးတော့ ကြည့်လိုက်တယ်၊ ဘုရင်ကြီးကလည်းပဲ အဲဒါ ဟိုကြည့် ဒီကြည့် လှမ်းကြည့်ယင်းနဲ့ထို အိမ်ရဲ့ လေသာပြတင်းကို ဘုရင်ကြီး မျက်စိကလည်း ရောက်သွားတယ်။

ကောသလမင်းကြီး ထိုအမျိုးသမီးနဲ့ မျက်နှာချင်းဆုံလိုက်မိတယ်ဆိုယင်ပဲ အဲဒီမိန်းကလေးကလည်းပဲ ဘုရင်ကြီးမျက်နှာရဲရဲ မကြည့်ရဲလို့ သူကလည်း တံခါးပိတ်ပြီးတော့ အထဲဝင်သွားတယ်၊ ကောသလမင်းကြီး စိတ်ထဲဘယ့်နှယ်ဖြစ်သွားသလည်းဆိုတော့ ဖြုန်းကနဲ လမင်းကြီး ထွက်လာပြီးတော့ ထွက်လာတဲ့လမင်းကြီးကို တိမ်တွေဖြုန်းကနဲ ဖုံးသွားသကဲ့သို့ အဲဒီလိုထင်လိုက်မိတယ်—တဲ့။

ထိုကဲ့သို့ရုတ်တရက်မြင်လိုက်ရတဲ့ မိန်းကလေးရဲ့ မျက်နှာလေး ဆိုစွဲပြီးတော့ ကောသလဘုရင်ကြီးမနေနိုင်မထိုင်နိုင်ဖြစ်ပြီးတော့ အဲဒါပူလောင်တဲ့ရာဂမီးတွေနှိပ်စက်ပြီးတော့ နန်းတော်ပြန်လာခဲ့ရတယ်။ နန်းတော်ထဲရောက်တဲ့ အခါကျတော့ အမတ်ကြီးတွေကိုမေးတယ်။ "ဟေ့—ငါလမ်းမှာ မိန်းကလေးတယောက် အိမ်ပေါ်မှာ လှမ်းပြီးတော့မြင်လိုက်တယ်ကွ၊ အဲဒါသွားစုံစမ်း

စမ်း၊ သ သာမိကလား၊ အ သာမိကလား၊ ခင်ပွန်းယောကျ်ား ရှိမရှိသွားစုံစမ်းချေဟ''ဆိုတော့ ခင်ပွန်းယောကျ်ား ရှိနေတယ်။

ခင်ပွန်းယောကျ်ားကလည်း ရှိနေတော့ ဒီမိန်းကလေးကို သူကလည်း မိဖုရားမြှောက်ချင်တယ်၊ မိဖုရားမြှောက်ရအောင် ဘယ်လိုလုပ်ရပါမလည်းလို့ သူကြံပြီးတော့ ''အဲဒီမိန်းကလေးရဲ ခင်ပွန်းသည်ကို နန်းတော်ထဲဘုရင့်အမိန့်နဲ့ခေါ်ခဲ့ဟ ဆိုတော့ ခေါ်လာတယ်၊ ရွှေနန်းတော်ရောက်ပြီဆိုတဲ့ အခါကျတော့ဘုရင် မင်းကြီးက ထိုမိန်းကလေးရဲ့ခင်ပွန်းသည်ကိုမေးတယ်။

''မင်း ဘာများလုပ်ကိုင်စားသောက်သလဲ'' ''ကျွန်တော်မျိုး ဘာပဲလုပ်ကိုင် စားသောက်ပါတယ်'' မင်း အဲဒီလို လုပ်ကိုင်စား သောက်ရတာ ဆင်းရဲပါတယ်ကွာ၊ မင်းကို ငါချီးမြှောက်ချင် လို့ နန်းတော်ထဲမှာ ဘုရင့်ထံခစားပြီးတော့ မင်းမှုထမ်းပါ''ဟဲ့၊ ဘုရင်ကြီးက အဲဒီမိန်းကလေးကို ရာဂဖြင့် တပ်မက်ပြီးတော့ နေတဲ့အတွက်ကြောင့် ထိုမိန်းကလေးရဲခင်ပွန်း သည်ဟာ နန်း တော်မှာ ရာထူးဖြင့်ချီးမြှောက်ပြီးတော့ မင်းမှုထမ်းစား မင်း ခစားလုပ်ခိုင်းပါတယ်။

အကောင်းမဟုတ်ဘူး၊ အကြံနဲ့လုပ်ခိုင်းတာ၊ ဒီတော့ အဲဒီ ပုဂ္ဂိုလ်ကလည်းသိဘာယ်၊ ဒီရှင်ဘုရင်ကြီးတော့ငါ့ကိုသက်သက်မဲ့ ဒါဏ်ညှဉ်းဆဲမလို့ကြံဘာနဲ့တူတယ်။ ''အမှုမထမ်းပါရစေနဲ့လုပ်ပြီး တော့ မင်းကြီးကိုအခွန်တော်များ၊ ထိုက်သင့်သည် အားလျော်စွာ အမြဲဘ်တော်ကြေးပေး၍မင်းကြီးကျေနပ်တော်မူပါ''

## သူ့မယားလိုချင်

အမြတ်တော်ကြေးများ အခွန်တော်ကြေးများ ထိုက်သင့်သည့်အားလျော်စွာ ပေးဆပ်မည်ဆိုယင် မင်းကြီးကျေနပ်တော်မူပါ၊ နန်းတော်မှာဖြင့် ကျွန်ဘော်မျိုး အမှုမထမ်းပါရစေနဲ့လို့ ဘယ်လိုပဲ တောင်းပန်တောင်ပန်လို့မရဘူး၊ "ထမ်းရမယ်ကွာ မထမ်းယင် မင်းတော့ ဒုက္ခဖြစ်သွားလိမ့်မယ်ဆိုတော့ "ထမ်းပါ့မယ်"အဲဒါနဲ့ရာထူးတခုအပ်လိုက်တယ် တဲ့။

ဘာရာထူးရယ်လို့မပါဘူး၊ အဲဒီမှာ သူ့ကိုချပ်တို့မိန်ညိုတို့ လက်နက်တို့ အကုန်လုံးပေးတယ် ဆိုတာပဲ၊ ချပ်ဝတ်မိန်ညိုလက်နက်ဘန်ဆာတွေ သူ့ကို ပြင်ဆင်ပေးထားပြီးတော့ ဘုရင်ကြီးက ကြံစည်ပြန်တာပဲ၊ တနေ့သောအခါ သူ့ကိုဘယ့်နှယ်လုပ်လိုက်သလည်းဆိုတော့ အဲဒီအမျိုးသားကိုခေါ်ပြီးတော့—

"ဟေ့ – ငါဒီကနေ့ညနေ ရေချိုးမင်္ဂလာ ခေါင်းလျှော်တဲ့မင်္ဂလာပြုမယ်၊ အဲဒီရေချိုးတဲ့ ခေါင်းလျှော်တဲ့ မင်္ဂလာအပြီးမှာ ကြာနီပန်းများ ပန်ဆင်ခြင်တယ်" ခေါင်းဆေးမင်္ဂလာ ရေချိုးမင်္ဂလာ ပြုပြီးတော့အခါကျယင် ကြာနီပန်းများ ပန်ဆင်မယ် "ရေချိုးတဲ့အခါမှာလည်းပဲ အရုဏာမတက်ကာ – နေအရောက်ရောင်ကဲ့သို့သော နီရဲနေသော မြေညက်ဖြင့် အဲဒါပွတ်တိုက်ပြီးတော့ ငါရေချိုးမယ်"

"အေး—ရေချိုးပြီးတဲ့အခါ ကြာနီပန်းပန်ဆင်ပြီးတော့ ငါမင်္ဂလာယူမယ်၊ ဒါကြောင့်ဟောဒီသာဝတ္ထိမြို့ရဲ့ တောင်တံခါးကနေထွက်ပြီးတော့သွားမနီးမဝေး၊တနေရာမှာ မြစ်တခုရှိတယ်၊

အဲဒီမြစ်ကိုမင်းအရောက်သွားပြီးတော့ အဲဒီမြစ်ထဲက ကြာနီပန်းနဲ့ မြေနီညက်ကို ရအောင်မင်းရှာပြီးတော့ယူခဲ့” ရေချိုးမင်္ဂလာရဲ့ အချိန်မီပေါ့လေ” ရေချိုးမင်္ဂလာ မပြီးခင်အချိန်မီ မင်းရောက် အောင်ဆက်ရမယ် မဆက်နိုင်ယင်တော့ မင်းသေဒဏ်”

အဲဒီလိုဆိုတော့ခုနက အမျိုးသားကသိတယ် ဒီရှင်ဘုရင် သက်သက် ငါ့သတ်မလို့လုပ်တာ၊ ငါ့အမျိုးသမီးသူယူချင်တာနဲ့ ငါ့သတ်မလို့လုပ်တာ၊ ဣတ္တိဓုတ္တရှင် ဘုရင်ကြီး၊ ဣတ္တိဓုတ္တ— မိမိနန်းတော်မှာလည်းမိဖုရားတွေအများကြီး၊ ဒါနဲ့လည်းမကျေ နပ်နိုင်ဘူး သူတပါးသားမယားကို သူလိုချင်သေးတယ်။

အဲဒါနဲ့ပဲကောသလဘုရင်ကြီး ကထိုကဲ့သို့အမိန့်ချတဲ့အခါကျ တော့ မင်းမှုထမ်းစားဖြစ်တဲ့ ထိုအမျိုးကောင်းသားသည် အိမ် ခပ်မြန်မြန် ပြန်သွားပြီတော့ အိမ်ရှင်မအား “ငါ့အတွက်ထ မင်း ချက်ပြီးပြီလား” မပြီးသေးဘူးတဲ့ထမင်းအိုးမီးဖိုပေါ်တယ် ထားတုန်းပဲ ငှဲ့ဘောင်မငှဲ့ရသေးဘူးဆိုတော့ “ကိုင်းကွာခပ်မြန် မြန်လုပ် ငါတော့ဒီဘုရင်ကြီး အမိန့်ချလိုက်ပြီ၊ ငါတော့သေ ရလိမ့်မယ်ထင်တယ်”

“အဲဒီအချိန်မီသွားပြီးတော့ အဲဒီကြာနီပန်းနဲ့ မြေနီညက်ကို မဆက်နိုင်ယင်တော့ ငါ့ကိုဒီရှင်ဘုရင် သတ်တော့မှာပဲ ဒါ ကြောင့် ထမင်းခပ်မြန်မြန် ချက်စမ်းပါ”တော်တော်ကြာတော့ ထမင်းကျက်အောင်တောင် မစောင့်နိုင်တော့ဘူး၊ ထမင်းအိုး ထဲက ထမင်းရေတွေ ငှဲ့ထုတ်ပြီးတော့ အဲဒီမနှပ်သေးတဲ့ ထမင်း တွေကိုဇွန်းကြီးနဲ့ ကော်ကော်ပြီးတော့ ဖက်နဲ့ထုပ်လိုက်တယ်။

ဖက်နဲ့ထုတ်ပြီးတော့ သူနဲ့လျော်တဲ့ စားဖွယ်ဟင်းလျာများ တိုယူပြီးတော့ ထမင်းထုပ် ဟင်းထုပ်ကလေးနဲ့ အဲဒီသာဝတ္ထိမြို့ တံခါးကနေ ထွက်ပြီးတော့ အပြေးအလွှား ကလေးပဲ သွားလိုက်ရတယ်၊ လမ်းမှာပဲထိုကဲ့သို့သော ထမင်းအိုးထဲကဆယ်ထုတ်ထားတဲ့ မနပ်သေးတဲ့ ထမင်းတွေဟာဖက်နဲ့ ကျစ်နေအောင်ထုပ်ထားတော့ သူ့အပူငွေ့နဲ့ သူဟာသူအလိုလို လမ်းမှာပဲနပ်သွားတယ်။

အားကိုး စရာတော့ရှာမှ

အဲဒီထမင်းနပ်ပြီဆိုတော့ လမ်းခုလတ်တနေရာမှာ မိမိစားမီ ထမင်းထုပ်ထဲက အနည်းငယ်မျှသော ထမင်းနဲ့ ဟင်းကိုခွဲပြီးတော့ ဖယ်ထားလိုက်တယ်၊ ဘာလုပ်ဖို့လည်းဆိုတော့ လမ်းမှာတွေ့တဲ့လူများကို အလှူလုပ်မလို့၊ သူ့လိုပဲ ခရီးပန်းပြီးတော့ ခရီးသွားတဲ့ ပုဂ္ဂိုလ်တယောက်တွေ့တော့ အဲဒီခွဲထားတဲ့ ထမင်းနဲ့ဟင်းကို အလှူလုပ်တယ်၊ ကုသိုလ်ကောင်းမှုပြု ထမင်းပေး ခွဲဝေပေးလိုက်ပြီးတော့မှ ကျန်တဲ့ထမင်းနဲ့ ဟင်းကိုသူစားတယ်။

ထမင်းစားပြီးတော့ အနည်းငယ်မျှ ချန်ထားလိုက်သေးတယ်၊ ချန်ထားပြီးတော့မှမြစ်ကိုအရောက်သွား၊ မြစ်နားရောက်ပြီလည်းဆိုရော ကြည့်လိုက်ပါတော့ မြစ်ထဲဘာယ်ရှိမှာလည်းလို့ ကြာနီပင်ဆိုတာ မြစ်ထဲဘယ်ရှိမှာလည်း၊ ရှင်ဘုရင်သက်သက်လုပ်ကြံလိုက်တာ၊ အဲဒီမြစ်နားလည်းရောက်ရော စောစောကသူ ခွဲပြီးတော့

ချန်ထားတဲ့ ထမင်းတွေ ဟင်းတွေထဲက အနည်းငယ်မျှသော ထမင်း ဟင်းကိုမြစ်ထဲကြဲလိုက်တယ်။

ကြဲလိုက်ပြီးတော့ မြစ်ထဲမှာရှိနေတဲ့ငါးတွေ လိပ်တွေကို ထမင်း ဟင်းဖြင့်အစာကျွေး၊ လမ်းမှာတွေ့တဲ့ ခရီးသွားပုဂ္ဂိုလ် တယောက်အား ခွဲထားတဲ့ ထမင်းဟင်းဖြင့် အစာကျွေး၊ အဲဒီလို ကြွေးပြီးတဲ့ အခါကျတော့မှ သူဟာသစ္စာအဓိဋ္ဌာန်ဆိုလိုက်တယ် —တဲ့၊ သူပြုပြုသမျှ ဤကဲ့သို့ ကျွေးမွေးရတဲ့ ဒါနကောင်းမှုကို ကြားလေသမျှသော နတ်တွေ နဂါးတွေ ဂဠုန်တွေ ဂုမ္ဘာဏ် ယက္ခ ဂြိုဟ် ဂန္ဓဗ္ဗ အကာသစိုးင်း ဘုမ္မစိုးင်း ရှိရှိသမျှနတ်အပေါင်း တို့အား ဤကုသိုလ်ကောင်းမှု အဖို့ကိုအမျှပေးဝေပါ၏၊ ဝမ်းမြောက်ဝမ်းသာသာဓု သာခေါ်တော်မူကြပါ။

အမျှပေးဝေလိုက်တယ်၊ အဲဒီလိုအမျှပေးဝေပြီးတဲ့ အခါကျတော့မှ သူ့ရဲ့အခက်အခဲကို အဲဒီမြစ်ကမ်းပါးမှာ အော်ဟစ်ပြီး တော့ တိုင်တည်လိုက်တယ် "အကျွန်ုပ်၏ဇနီးကိုလိုချင်တဲ့အတွက် ကြောင့် ရင်ဘုရင်သက်သက်မဲ့ လိဆယ်ပြီးတော့ ဘာမှမရှိတဲ့ ဤမြစ်ထဲကို မြေနီညက်နဲ့ ကြာနီပန်းယူခိုင်းလိုက်ပါတယ်"

အကျွန်ုပ်နဲ့ ကုသိုလ်ကောင်းမှုကိုယူ၍ ဝမ်းမြောက် ဝမ်းသာ သာဓု အနုမောဒနာခေါ်ဆိုကြပါတယ်ဆိုတဲ့ ဤမြစ်မှာစောင့် ရှောက်ပြီးတော့ နေကြတဲ့မြစ်စောင့် နတ်အပေါင်း တို့သည် အကျွန်ုပ်အားသနားသောအားဖြင့် ကူညီစောင့်ရှောက် တော်မူ ကြပါ" အားကိုးစရာ ဒါပဲရှိတော့တယ်။

အဲဒီလိုအဓိဋ္ဌာန် ပြုလိုက်ယ်ဆိုယင် မြစ်ထဲက နေပြီးတော့ နတ်မျိုးမှာ ပါဝင်နေတဲ့ နတ်နဂါးကြီး တကောင် ပေါ်

လာပြီးတော့သူလိုချင်တဲ့ ကြာနီပန်းနဲ့ မြေနီမြေညက်ကိုသူအား ပေးလိုက်တယ်၊ ဟာ–ဒီတော့မှ ဟန်ကျပြီဆိုပြီးတော့အားရပါး ရ အဲဒီမြေနီညက်နဲ့ ကြာနီပန်းဆွဲပြီးတော့ မြစ်ကမ်းကနေပြီး ဖြည်းဖြည်းတောင် မဟုတ်ဘူး၊ တအားကုန် ခြေကုန်သုတ်ပြီး တော့တခါတည်းပြေးလာတာ။

အလာကောင်းသော်လဲ

ညနေကလည်း စောင်းနေပြီ၊ မြို့တံခါး ပိတ်သွားလို့ရှိယင် ဒုက္ခပဲ၊ နန်းတော်မှာကျန်နေတဲ့ ဘုရင်ကြီးကလည်း ဘယ်နှယ် စိတ်ကူး နေသလည်းဆိုတော့ "ဟိုကောင် – မရှိတဲ့ဥစ္စာကိုငါ ကြံဖန်ပြီးတော့ သက်သက်ယူခိုင်းလိုက်တာ ကြံကြံဖန်ဖန် သူက ကောင်းထောက်မလို့ အဲဒီမြေနီညက်နဲ့ကြာနီပန်းရလာခဲ့လို့ရှိယင် တော့ သူ့ဇနီးငါရတော့မှာ မဟုတ်ဘူး၊ ဒီတော့ကိုင်း– မထူး ဘူး၊ လုပ်မယ့်လုပ် ကိစ္စတုန်းအောင်လုပ်မှပဲ"ဆိုပြီးတော့မြို့တံခါး တွေ အချိန်မကျသေးပဲနဲ့ အဲဒီနေ့ဘုရင်အမိန့်နဲ့အကုန်လုံးပိတ်ခိုင်း လိုက်တယ်။

အချိန်မကျသေးပဲနဲ့ မြို့တံခါးတော့ အကုန်ပိတ်၊ မြို့ထဲကို ဘုရင့် အမှုထမ်းပါး တမာန်ဘော်ပါ မင်းတာဝန်နဲ့လာတာပါ လို့ ဘယ်သူကဘယ်လိုပဲခွင့် တောင်းနေနေ ဘယ်သူ့ကိုမှဖွင့်မ ပေးရဆိုပြီး တခါဘည်းအမိန့်ချပြီးတော့ တံခါးတွေအကုန် ပိတ်ထားတယ်၊ တံခါးပိတ်ပြီလည်းဆိုရော ခုနကကြာနီပန်းနဲ့မြေ နီညက်ယူလာတဲ့ မင်းမှုထမ်း ယောကျ်ားဟာ မြို့တံခါးတခါ တည်း ဆိုက်ကပ်လာတယ်။

တံခါးဖွင့်ပေးပါလို့ ပြောတော့ အဲဒီမြို့စောင့်တပ်သားတွေဟာ ဘယ်သူ့မှဖွင့်မပေးဘူး၊ သူဟာမင်းတာဝန်နဲ့ ပြန်လာတဲ့ပုဂ္ဂိုလ်တယောက်ဖြစ်ပါတယ်၊ မင်းတာဝန်နဲ့ပြန်လာတဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်ခြင်းကြောင့် မင်းပိတ်ထားတဲ့ မြို့တံခါးကို ဖွင့်ပေးသင့်ပါတယ်၊ ဘယ်လိုပဲတောင်းပန်ပင်တောင်းပန်ငြားသော်လည်း တယောက်မှ ဖွင့်မပေးကြဘူး၊ ဘုရင့်အမိန့် ဒီလိုရှိတယ် ဘယ်သူလာ တာမှဖွင့်မပေးနဲ့လို့ဆိုထားတယ် ဒါကြောင့်မဖွင့်နိုင်ဘူး။

ဒီသို့လည်းဆိုရော အဲဒီအမျိုးကောင်းသားဟာ ဘယ်လိုလုပ်သလည်းဆိုလို့ရှိယင် ကြာနီပန်းကို မြို့တံခါးကြားအသာညှပ်ပြီးတော့စိုက်၊ မြေနီညက်တွေကို တံခါးပေါက် ကျော်ပြီးတော့ မြို့ထဲကိုပစ်လိုက်တယ်၊ပစ်ပြီးတော့ အဲဒီမှာသူကအော်လိုက်တယ်—တဲ့။

"အကျွန်ုပ်သည် ရှင်ဘုရင်ခိုင်းတဲ့အတွက်ကြောင့် ရှင်ဘုရင်တာဝန် ကျေပွန်အောင် ထမ်းပင်ထမ်းငြား သော်လည်းပဲ ရှင်ဘုရင်သည် မတရားသဖြင့် အကာရဏ – အကြောင်းမဲ့ သက်သက်အကျွန်ုပ်ကို သတ်ဖို့ရန်ကြံစည်ခြင်း ဖြစ်ပါ၏။ မြို့သူမြို့သားလူအပေါင်းတို့နှင့်တကွ ဤမြို့ကိုစောင့်ကြပ်နေကြတဲ့ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည် အကျွန်ုပ်ကတရားသလား၊ ကောသလမင်းကြီးက မတရားဘူးလား ဆိုတာကိုအားလုံးပဲသိပါတယ်" လို့

အဲဒီလိုအော်ဟစ် ကြေငြာပြီးတော့မှ ကိုင်း—ဒီနေ့ညတော့ ငါမြို့ထဲဝင့်ခွင့် မရတော့ဘူး ဘယ်နှယ်လုပ်ရပါ့မလဲ ဘယ်နေရာ

သွားပြီးတော့ အိုဖ်ရပါ့မလဲ မင်းပြစ်ဒဏ်မှလွတ်အောင်ငါဘယ် နေရာသွားပြီးတော့ ပုန်းရပါ့မလဲလို့ ကြံစည်ပြီးတော့ စိတ်ကူး တဲ့ အကြံလေးတခု ဘာရသလည်းဆိုယင်—

ဆင်းရဲလေလေ သံဝေဂရရှ

ဘိက္ခုနာမ မုဒု ဟဒယာ

ဘိက္ခုနာမ၊ ရဟန်းတော်တို့ မည်သည်ကား။ မုဒုဟဒယာ၊ နူးညံ့တဲ့ စိတ်နှလုံး ရှိကြလေကုန်၏။

ဒုက္ခဖြစ်လာတော့ အမှတ်ဖြစ်လာတယ်။

ဘိက္ခုနံ၊ ရဟန်းတော်တို့ရဲ့။ သန္တိကာ၊ အထံသို့။ ဂန္တွာ၊ သွား၍။ အဇ္ဈေကရတ္တိံ၊ ယနေ့တညတို့ကာလပတ်လုံး။ အဟံ၊ ငါသည်။ နိပ္ပဇ္ဇိဿာမိ၊ အိပ်စေတော့အံ့၊ ဣတိ၊ ဤသို့။ သန္နိဋ္ဌံ၊ ဆုံးဖြတ်ခြင်းကို။ အကာသိ၊ ပြုခဲ့လေပြီ။

ဇေတဝန် ရွှေကျောင်းကိန်းအောင်းစံပျော်မွေ့လျော်တော် မူကြတဲ့ ဘုရားနှင့်တကွ သံဃာတော် အရှင်မြတ်တွေဟာအလွန် နူးညံ့တဲ့စိတ်နှလုံး ရှိတော်မူကြတယ်၊ သနားတတ်တဲ့စိတ်နှလုံး ရှိတော်မူကြတယ်၊ နူးညံ့ပြောင်းပြောင်းတဲ့ စိတ်နှလုံးသနား တတ်တဲ့ စိတ်နှလုံးရှိတော်မူကြတဲ့ သံဃာတော်တွေရဲ့ အထံ ငါသွားပြီးတော့ ဒီကနေ့တညလောက် အိပ်ရယင်ချမ်းသာလိမ့် မယ် ဒီလိုတွေးမိတယ်။

အဲဒီနေရာမှာ အဋ္ဌကထာ ဆရာတော်ကြီးက မှတ်ချက်က လေး တည်လိုက်တယ်၊ ဘယ့်နှယ်တည့်လိုက်သလည်းဆိုတော့— ဣမေဟိနာမသတ္တာ သုခိတကာလေ ဘိက္ခုနံအတ္ထိ ဘာဝံပိ

နဇာနန္တိ၊ ဒုက္ခိတ ကာလေပန ဘိက္ခုနံ သန္တိကံဂန္တုကာမာ ဟောန္တိ၊

( )

ကောင်းလိုက်တဲ့ အဋ္ဌကထာစကား

ဟိသစ္စံ၊ မှန်၏။ ဣမေဟိနာမသတ္တာ၊ ဤသတ္တဝါတို့မည်သည်။ သုခိတကာလေ၊ စီပွားဉစ္စာတွေ ပြည့်ပြည့်စုံစုံဖြစ်ပြီး တော့ ချမ်းချမ်းသာသာ ရှိနေတဲ့အခါ၌။ ဘိက္ခုနံ၊ ရဟန်း တော်တို့၏။ အတ္တိဘာဝံ ပိ၊ ရှိသည့်အဖြစ်ကိုလည်း။ နဇာနန္တိ၊ မသိကြလေကုန်။

လူတွေဟာ ချမ်းချမ်းသာသာနဲ့ သားရေးသမီးရေးစီးပွား ရေး အကုန်လုံး အဘက်ဘက်က ပြည့်စုံနေတဲ့ အချိန် သံဃာ တော်တွေရှိတယ်ဆိုတာကို အမှတ်တောင် မရကြဘူး--တဲ့၊ အဋ္ဌ ကထာဆရာတော်ကြီးက ဆက်ပြီး ပြောသေးတယ်။

ဒုက္ခိတကာလေပန၊ ဆင်းရဲဒုက္ခရောက်လာတဲ့ အခါ၌ကား။ ဘိက္ခုနံ ရဟန်းတော်တို့ရဲ့။ သန္တိကံ၊ အထံသို့။ ဂန္တုကာမာ၊ သွားခြင်းငှာ အလိုရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်တော့ ၏။

ဆင်းရဲဒုက္ခ ဖြစ်လာပြီဆိုလို့ရှိယင် ကျောင်းသွားချင်စိတ် ပေါက်လာတယ်၊ ရိပ်သာသွားချင်စိတ် ပေါက်လာတယ်၊ တောထွက်ချင်တဲ့စိတ်ပေါက်လာတယ်၊ တရားဟောတရားပြဘုန်းကြီး တွေရဲ့ နောက်က သက်န်းဆွဲလိုက်ချင်စိတ် ပေါက်လာတယ် ဆိုတာဟာ အဲဒါ ဒုက္ခဖြစ်လာတဲ့ အချိန်အများဆုံး ဒီလိုပဲ— တဲ့။

အခုလည်းကြည့်ပေါ့ မင်းပြစ်ဒဏ်သင့်လို့ သေကာနီး ဖြစ်လာတဲ့အချိန်ကျတော့မှ ဇေတဝန်ကျောင်း သွားအိပ်ရယင်ကောင်းမယ်လို့ ဒီလူ အမှတ်ရတယ်၊ ကိုယ့်ဟာကိုယ် စီးပွားရေး၊ သားရေး သမီးရေးနဲ့ ကြွယ်ဝချမ်းသာပြီးတော့ အဘက်ဘက်ကပြည့်စုံနေတဲ့ ကာမဝတ္ထုတွေနဲ့ ပျော်နေတဲ့ အချိန်တော့ ဘုရားလည်း အမှတ်မရချင်ဘူး၊ တရားလည်းအမှတ်မရချင်ဘူး၊ သံဃာလည်း အမှတ်မရချင်ဘူး။

ဒါ့ကြောင့် မြန်မာစကားလည်း ရှိတယ် "ဆင်းရဲလေလေ သံဝေဂ ရရ" ဆိုတဲ့စကား၊ စီးပွားရေးတွေ သိပ်ရှာလို့ ဖွေလို့ကောင်းလို့ သိပ်တိုးတက်နေတဲ့ အချိန်မျာ: ဆိုလို့ရှိယင် တရားနဲ့ ဝေးပြီးတော့ နေတတ်တယ်၊ အဘက်ဘက်က ဆင်းရဲလာပြီ ဗျသနတွေနဲ့ ကြုံလာရပြီ ဆိုလို့ရှိယင် ဉာတိဗျသန—ဆွေမျိုးတွေ ပျက်တဲ့ဘေး၊ ဘောဂဗျသန—စည်းစိမ်တွေပျက်တဲ့ဘေး၊ ရောဂါဗျသန — အနာရောဂါ နှိပ်စက်ကျန်းမာရေး ပျက်တဲ့ဘေး။

ကွန်းခိုရိပ်သာ ကျောင်းတော်မှာ

အဲဒီလို ပျက်စီးမှုတွေနဲ့ ကြုံလာပြီဆိုတဲ့ အခါကျယင်ဖြင့် ကျောင်းကိုအမှတ်ရတယ်၊ သံဃာတော်တွေကို အမှတ်ရတယ်၊ တရားအားထုတ်ဖို့အမှတ်ရတယ်၊ လူ့ဓမ္မတာဟာ ဒီအတိုင်းပဲ၊ မြန်မာပြည်အနေနဲ့ ပြန်ပြီးတော့ ကြည့်၊ မြန်မာပြည်ရဲ့ သမိုင်းတလျှောက်ပြန်ပြီးတော့ ကြည့်စမ်းပါ။

မြန်မာပြည်ကို အဘက်ဘက်ကနေပြီးတော့ စောင့်ရှောက်ပြီးတော့လာခဲ့တာကို—ပုဂံခေတ် ဘုန်းကြီးတို့မှတ်တဲ့ မှတ်တမ်းအနေအားဖြင့် ဖတ်လို့မှတ်လို့မီတဲ့ သမိုင်းကြောင်းအရ ရှာဖွေလေ့လာလို့မီတဲ့ အတိတ်သမိုင်းကို ပြန်ပြီးတော့ ကြည့်လိုက်စမ်းပါ၊

ပုဂံခေတ်ကစပြီးတော့ ဒီကနေ့ခေတ်အထိ ဒုက္ခဖြစ်ကြတယ်၊ ဒုက္ခဖြစ်ကြတယ်၊ အဘက်ဘက်က အခရးကြုံကြတယ်ဆိုလို့ရှိယင် စီးပွားရေးသမားရော၊ နိုင်ငံရေးသမားရောအကုန်လုံး ဘုန်းကြီးကျောင်း ကပ်ကြတာပဲ၊ အဘက်ဘက်က ဒုက္ခသုက္ခတွေ ကြုံလို့ဘေးဆိုက်လာတဲ့ အချိန်ကျတော့ ကျောင်းကန်ဘုရားများဝင်ကပ်မှီခိုပြီးတော့ နေကြရတယ်။

အဲဒီလို ဘေးဒုက္ခတွေက လှတ်လို့ အထွတ်အထိပ် ရောက်လာပြီလည်းဆိုတဲ့ နေ့ကျတော့ အဲဒီ ကျောင်းတွေ ကန်တွေ ဘုရားတွေနဲ့ တခြားစီ တခြားစီ ဒီလိုဖြစ်လာတယ်။ ယခုလည်းမဲ ကြည့်ပေါ့၊ ဒုက္ခဖြစ်နေတယ် မင်းပြစ် မင်းဒဏ်သင့် သေတော့မယ်လည်းဆိုရော တခါတည်း ကျောင်းသွားအိပ်ရ ကောင်းမယ်—တဲ့။

အဲဒီလို စိတ်ကူးပြီးတော့ ဇေတဝန် ကျောင်းတိုက်ထဲ ဝင်သွားပြီးတော့ ဘုရားနဲ့နီးတဲ့နေရာ ကျောင်းတိုက်ရဲ့ ချောင်ကျကျ ဟနေရာမှာ အဲဒီအမျိုးသား ကပ်ပြီးတော့ ထိုညအိပ်ရတယ်။ အဲဒီလို ထိုအမျိုးသားဟာ ဇေတဝန် ကျောင်းတိုက်ထဲ ဝင်ရောက်ပြီးတော့ ဘုရားနဲ့တကွ သံဃာတော်တွေကို အမှီပြုပြီးတော့ အိပ်ရတယ်။

အဲဒီလို အိပ်စက်ပြီးတော့ နေတဲ့အချိန်မှာ တညလုံး သူကလည်း အိပ်မပျော်ဘူး။ နံနက်ကျယင်တော့ ငါသေတော့မှာပဲ။ နံနက်မိုးသောက် အလင်းရောက်ယင်တော့ ငါသေရတော့မှာပဲ။ ငါ့ရဲ့ အသက်နဲ့ ခန္ဓာကိုယ်သည် တညတာမျှသာ ရှိတော့တယ်။ ဒီလိုတွေးပြီး သူကလည်း အိပ်မပျော်ဘူး။

စောစောက မြို့တံခါးမပိတ်ခင် ရောက်အောင် သွားမယ် ဆိုပြီးတော့ မြစ်ကမ်းကနေပြီး မြို့တံခါးအရောက် လာလိုက်ရတာကလည်း ကြည့်စမ်းပါ၊ ဘာမှ မဝေးဘူး။ တယူဇနာလောက်ပဲ ဝေးတယ် ဒီခရီးဟာ၊ အဲဒီခရီးကို တံခါးမပိတ်မီ အမီရောက်အောင်ဟ ဆိုပြီးတော့ အပြေးအလွှား လာရတာ။ ထိုခရီးကသည်း သူ့အဘွက် ရှည်လိုက်တာ၊ ရောက်ခဲလိုက်တာ။

အခုလည်းပဲ ဇေတဝန် ကျောင်းတိုက်ထဲ ဝင်ပြီးတော့ အိပ်နေတယ်၊ တညလုံး သောကတွေ ပူလောင်လွန်းလို့ အိမ်လို့ကို မပျော်ဘူး။ နံနက်ကျယင်တော့ ငါ ဒုက္ခ ဖြစ်တော့မယ်။ ငါ့ဇနီးကို ကောသလ ဘုရင်မင်းကြီး သိမ်းတော့မယ်။ စိတ်ပူနေတယ်။ ကောသလဘုရင်ကြီးကလည်း အိပ်ရာထဲ တလူးလူး တလိမ့်လိမ့်နဲ့ အိပ်မပျော်ဘူး။

ဒီအကောင်ကို မိုးလင်းယင် သတ်မှ၊ ဒီကောင်ကို မိုးလင်းယင် အမှုဆင် သတ်ပစ်ပြီးတော့ ဒီကောင်ရဲ့ ဇနီးကို ရွှေနန်းတော် အရောက် ငါ ခေါ်မှဖြစ်မယ် ဆိုပြီးတော့ ထို အမျိုးသမီးဆီ စိတ်ရောက်ပြီး ရာဂဖြင့် ပူလောင်နေတာနဲ့ပဲ ကောသလမင်းကြီး လည်း တလူးလူးတလိမ့်လိမ့်နဲ့ တညလုံး အိပ်မပျော်ဘူး ဖြစ်နေတယ်။

ကာမရာဂေန ဒယှာမိ—ဆိုတဲ့ အတိုင်း ကာမရာဂ ဆိုတဲ့ မီး လောင်ပြီးတော့လာတာ ဣတ္ထိဝိုတ္တနေ၁်၊ ဣတ္ထိဝိုတ္တ—အမျိုး သမီးတို့၌ လိုက်စားကြူးလွန်တဲ့ ရှင်ဘုရင်ကြီးရဲ့ ဒုက္ခဖြစ်နေပုံ တည်လုံး အိပ်မပျော်ဘူး။ အဲဒီတော့ ဓမ္မပဒမှာလည်း ရှိတယ်။

## ကာမတရား (၂)မျိုး

ကာမတော ဇာယတိသောကော၊ ကာမတော ဇာယတိဘယံ။

ကာမတော၊ ကာမတရားကြောင့်။ သောကော၊ စိုးရိမ် ပူဆွေး ငိုကြွေးရတယ်ဆိုတဲ့ သောကတရားသည်။ ဇာယတိ၊ ဖြစ်ပေါ်လာတတ်၏။ ကာမတော၊ လိုချင်တပ်မက်ခြင်း ဆိုတဲ့ လောဘတရားကြောင့်။ ဘယံ၊ ဘေးသည်။ ဇာယတိ၊ ဖြစ်ပေါ် လာ၏။

• ကာမတော ဝိပ္ပမုတ္တဿ၊ နတ္ထိသောကော ကုတောဘယံ။

ကာမတော၊ ကာမတရားမှ။ ဝိပ္ပမုတ္တဿ၊ လွတ်မြောက်၍ လာသော ပုဂ္ဂိုလ်အား။ ဘယံ၊ ဘေးသည်။ နတ္ထိ၊ မရှိ။ ကာမတော၊ ကာမတရားမှ။ ဝိပ္ပမုတ္တဿ၊ လွတ်မြောက်သော ပုဂ္ဂိုလ်အား။ သောကော၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း ဆိုတဲ့ သောကတရားသည်။ ကုတော၊ အတ္ထိ၊ ဘယ်မှာရှိပါအံ့နည်း။

ဘုန်းကြီးတို့ ဟောခဲ့တဲ့ ကာမသုတ္တန်ကိုလည်း ပြန်ပြီးတော့ ကြည့်လိုက်စမ်းပါ။ ကာမ တရားတွေဆိုတာ တယ် ပြီး တော့ ကြောက်စရာကောင်းတယ်။

ရူပါရုံကို မက်မောတဲ့ကာမ၊ သဒ္ဒါရုံကို မက်မောတဲ့ ကာမ၊ ဂန္ဓာရုံကို မက်မောတဲ့ ကာမ၊ ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အဲဒီ

ဝတ္ထုကာမ ငါးခုသော တရားတွေကို မက်မောပြီးတော့၊ တွယ်တာပြီးတော့ တပ်မက်နေပါတယ်ဆိုတဲ့ ကိလေသာကာမ၊ ကာမတရားသည်–

(၁) ဝတ္ထုကာမ
(၂) ကိလေသာကာမ

ဆိုပြီးတော့ နှစ်မျိုး

"တို့ ပရိသတ်–ဘာနဲ့ ဘာတဲ့လဲ"

"ဝတ္ထုကာမနဲ့ ကိလေသာကာမပါ ဘုရား"

ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ ဆိုတဲ့အာရုံငါးပါးက လိုချင်စရာ ကာမဝတ္ထု ရုပ်အစု ဖြစ်၍နေခြင်းကြောင့် အဲဒါက ဝတ္ထုကာမ။

အဲဒီ ကာမတရား ငါးပါးကို ဝတ္ထုကာမတရား ငါးပါးကို တပ်မက်နေတယ်ဆိုတဲ့ လောဘတဏှာက ကိလေသာကာမ။

ဝတ္ထုကာမ တွေနဲ့ ဘယ်လောက်တွေ့တွေ့ ကိလေသာ ကာမ မဖြစ်အောင်ထိန်းနိုင်တဲ့ပုဂ္ဂိုလ်၊ အဲဒါက အပူပန်သက်သာတယ်။ ဝတ္ထုကာမ ငါးခုနဲ့ ဆုံလိုက်တိုင်း ဆုံလိုက်တိုင်း ကိလေသာကာမ တွေဟာ ပွားပွားလာတယ် ဆိုလို့ရှိယင် "ဇာယတိသောကော၊ ဇာယတိဘယံ"ဆိုတဲ့ ခုနက ဓမ္မပဒအတိုင်း ဘေးရော သောက ရော တခါတည်း ကြုံရတယ်။

ဒါကြောင့် အဲဒီ ဝတ္ထုကာမအစု ငါးခုနဲ့ တွေ့တဲ့အခါမှာ ကိလေသာကာမ မဖြစ်အောင် ထိန်းနိုင်ဖို့သည် အရေးကြီးပါတယ်။ ယခု ကောသလဘုရင်ကြီး အိမ်တအိမ်ရဲ့ အပေါ်ထပ်က

နေပြီး အမျိုးသမီးရဲ့ မျက်နှာလေးကို ရုတ်တရက် မြင်လိုက်ရတာနဲ့ ထိုမျက်နှာကို စွဲပြီးတော့သွားတယ်။

ထိုအမျိုးသမီးရဲ့ မျက်နှာကလေးက ဘာတဲ့ ဆိုလို့ရှိယင် ဝတ္ထုကာမ၊ အဲဒါကို မြင်လိုက်ရတဲ့ အတွက်ကြောင့် "ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ" သူမ လုပ်နိုင်ခဲ့တဲ့ အတွက်ကြောင့် ဘာဖြစ်သွားသလည်းကိလေသာကာမ ကူးသွားတယ်၊ မြင်တယ် မြင်တဲ့စိတ်မှာ သူ မရပ်နိုင်ဘူး။

## ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ မလုပ်နိုင်ခဲ့ဘူး

မရပ်နိုင်ဘူးဆိုတာက အဲဒီ မြင်သိစိတ်ကလေး စက္ခုဝိညာဉ်စိတ်ကလေး ပေါ်လာတဲ့ အခိုက်မှာ ထို စက္ခု ဝိညာဉ် စိတ်ကို ဝိညာဉ်ရဲ့ သဘော၊ ထိုဝိညာဉ်ရဲ့ အနိစ္စ သဘော ဝိပရိနာမ သဘောကို မရှုလိုက်နိုင်ဘူး။ အဲဒါကို "ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ" ပြောပါတယ်။

ကဲ....မြင်သိစိတ်မှာတော့ မရှုလိုက်နိုင်ဘူး။ ထို မြင်သိစိတ်ဆိုတဲ့ ဝိညာဉ်ရဲ့နောက်နားက ထိုမြင်ရတဲ့ ရူပါရုံဆိုတဲ့ လမင်းကဲ့သို့ ကြည်လင်တဲ့ မျက်နှာလေးကို မြင်လိုက်ရတဲ့ ရူပါရုံ၊ ထိုရူပါရုံတည်းဟူသော ဝတ္ထုကာမကို လက်ခံတယ်ဆိုတဲ့ စိတ်ကလေး ကသမ္ပဋိစ္ဆိုင်း ပေါ်လာတယ်။

အဲဒီ လက်ခံတယ်ဆိုတဲ့ စိတ်အခိုက်မှာလည်းပဲ ကြည့်လိုက်စမ်းပါ၊ ဒါတွေဟာ အဟိတ်စိတ်တွေ၊ လောဘ ဒေါသ မောဟ ဘာမှမရှိသေးဘူး။ အလောဘ၊ အဒေါသ၊ အမောဟ ဆိုတဲ့ ကုသိုလ်စိတ်တွေကလည်း ဘာမှ မယှဉ်တဲ့ အဟိတ်စိတ်တွေ

အခိုက်မှာ အကုသိုလ်လည်း မဖြစ်သေးဘူး။ ကုသိုလ်လည်း မဖြစ်သေးဘူး၊ "မြင်ကာမတ္တ"ဆိုတာ ဒါကို ပြောတာ။

ဝေဒနာအားဖြင့် ကြည့်မယ်ဆိုလို့ရှိယင်လည်း အဲဒီ ဝိညာဉ် ငါးပါး သမ္ပဋိစ္ဆိုင်း-သန္တီရဏ-ဝုဋ္ဌောဆိုတာတွေဟာ ဥပေက္ခာ ဝေဒနာတွေ၊ အဲဒီလို ဥပေက္ခာ အားကောင်းပြီးတော့ နေတဲ့ လက်ခံသော သမ္ပဋိစ္ဆိုင်း အခိုက်မှာလည်းပဲ ထိုစိတ်ကို သူဟာ ဝိပဿနာတင်ပြီးတော့ မရှုလိုက်နိုင်ဘူးပေါ့။ လက်ခံပြီးယင် ထိုအာရုံကို စုံစမ်းတဲ့စိတ် သန္တီရဏဟာ နောက် နား က လာတယ်။

အေး....ငါ မြင်လိုက်ရတဲ့ မျက်နှာလေးဟာ ဣဋ္ဌလို့ ခေါ်တဲ့ လိုချင်စဖွယ် ကောင်းတဲ့ အာရုံလားဟ ဆိုပြီးတော့ စုံစမ်း ဆင်ခြင်သော သန္တီရဏ နောက်နားကပေါ်လာတယ်။ သူလည်း ဥပေက္ခာပဲ၊ "ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ" မလုပ်လိုက်နိုင်ဘူး။ စုံစမ်း ဆင်ခြင်ပြီးပြီဆိုပြန်တော့ ဣဋ္ဌ—လိုချင်စရာကောင်းတဲ့ အဆင်း၊ အနိဋ္ဌ—လိုချင်စရာ မကောင်းတဲ့ အဆင်းလို့ ဆုံးဖြတ်ချက်ချတဲ့ ဝုဋ္ဌောဆိုတဲ့စိတ်၊ အဲဒီ စိတ်အခိုက်မှာလည်းပဲ သူသည် ဘာမှ မတားဆီးလိုက်နိုင်ဘူး။ဘာမှ မတတ်လိုက်နိုင်ဘူး။ ဒါကြောင့်—

ဒိဋ္ဌေ၊ အဲဒီရူပါရုံကို မြင်သည်ရှိသော်။ ဒိဋ္ဌမတ္တံ၊ ထိုရူပါရုံ ကို မြင်တဲ့ စက္ခုဝိညာဉ်နှင့် အ လား တူ သော သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌောလို့ ခေါ်တဲ့ ဥပေက္ခာဝေဒနာနှင့် ယှဉ်ပြီးတော့ နေတဲ့ ဥပေက္ခာဝေဒနာ လွှမ်းမိုးနေတဲ့ စိတ်သုံးလုံးမျှအတိုင်း အရှည်ရှိသည်။ ဘဝိဿတိ၊ ဖြစ်ရပေလိမ့်မည်။ ဣတိ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

ဗာဟိယကို ဘုရားဟောတာ၊
အဲဒါမလုပ်နိုင်ဘူး မြင်တဲ့ဥစ္စာ ဒီအတိုင်းမြင်ကာမျှ မထားနိုင်ဘူး။ လက်ခံကာမျှ မထားနိုင်ဘူး။ စုံစမ်းကာမျှနဲ့လည်း မပြီးဘူး၊ ဆုံးဖြတ်ချက်ချရုံနဲ့လည်း မပြီးဘူး။ လိုချင်တယ်ဆိုတဲ့ ရာဂစိတ်က နောက်နားက (၇)လုံးလောက်လာတယ်။ လိုချင်တာကို မရဘူးဆိုပြန်တော့ ဒေါသတွေက နောက်က ဆက်တိုက်လာတယ်။

## အိပ်လို့ မပျော်နိုင်ကြတော့ပြီ

အဲဒါကြောင့် ကောသလဘုရင်ကြီး ဆက်ပြီးတော့ ကြံလိုက်တာ....တဲ့။ ထိုအမျိုးသမီးကို လိုချင်တဲ့ ရာဂ၊ အဲဒီ ရာဂကနေပြီး တာဖြစ်သွားသလည်း၊ ကိုအမျိုးသမီးရဲ့ ခင်ပွန်းကို သတ်လိုက်မယ်ဘာဆိုတဲ့ ဒေါသ၊ စက္ခုပိဉာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဆိုတဲ့ စိတ်လေးလုံးကို လွန်ပြီးတော့ တခါတည်း ဇောတိုင်အောင်သွားလို့ အဲဒီလို ဖြစ်တာ။
ဒါကြောင့် ဘုန်းကြီးတို့ ရွှေကျင် ဆရာတော် ဘုရားကြီး ဆုံးမတဲ့ စာဇလေး တခုရှိတယ်။
“ခေါ်ကျယ်၊ ပြောကျယ်၊ အသန်းကျယ်၊ အရယ်ကျယ်”
တယောက်နဲ့တယောက် ခေါ်တဲ့ အခါမှာလည်းပဲ ကြားသောက်ရုံ တိုးတိုးပဲပြောရတယ်။ စကားပြောတဲ့ အခါမှာလည်း တိုးတိုးပဲပြောရတယ်၊ ကျယ်ကျယ် မပြောရဘူး၊ ကျယ်ကျယ် မခေါ်ရဘူး။ ရယ်မောတဲ့ အခါမှာလည်း ကျယ် ကျယ် ကြီး တကိုယ်လုံး ယိမ်းထိုးပြီးတော့ ဒီလို မရယ်ရဘူး။ သန်းတဲ့အခါ

မှာလည်း အကျယ်ကြီး ပရိသတ်ထဲမှာ တခါတည်း အဲဒီလို အော်ပြီးတော့ မသန်းလိုက်ရဘူး ဆိုပြီးတော့ အဲဒီ အကျယ် တွေကို ရှောင်ရမယ်လို့ ဆုံးမထားတာ ရှိတယ်။

ဘုန်းကြီးတို့ ပရိသတ်များ မှတ်ထားကြ။

ကိုင်း=ဒီတော့ ဒုက္ခဖြစ်လိုက်ကြတာ ကြည့်စမ်း၊ ရာဂမီး တောက်ပြီးတဲ့နောက်မှာ သောကမီး ဆက်ပြီးတော့လောင်နေတဲ့ ကောသလဘုရင်ကြီး တညလုံးအိပ်မပျော်ဘူး။ဟိုအမျိုးကောင်း သားကလည်း ဇေတဝန်ကျောင်းတိုက်ထဲသွားပြီးတော့ အိပ်နေ တာက တညလုံး သူလည်း အိပ်မပျော်ဘူး။

အဲဒီလို အိပ်ရာထဲမှာ တလူးလူး တလိမ့်လိမ့်နဲ့ အိပ်သော ကောသလဘုရင်ကြီးသည်–တဲ့။ အိပ်ရာထဲကနေပြီးတော့ အသံ ကြီး လေးခု သူ ကြားလိုက်တယ်။ အိပ်ရာထဲကနေပြီး အသံကြီး လေးသံ ကြားတယ်။ အက္ခရာလေးလုံးပေါ့။ အိပ်ရာထဲ အိပ် နေယင်း ပထမ ဘာကြားလိုက်တုံးဆိုလို့ရှိယင်–

သန်းခေါင်ကျော် အိပ်ရာထဲ အိပ်နေယင်းနဲ့ တလူး လူး တလိမ့်လိမ့်နဲ့ သူက မိုးလင်းခဲလိုက်တာ၊ မိုးလင်းခဲလိုက်တာ ဒီလို ဖြစ်နေတာ၊ အိပ်မပျော်တဲ့ ပုဂ္ဂိုလ်ဆိုတာ အဲဒါ မိုးလင်းဖို့ပဲ မျှော်နေတယ်။ သိပ်ပြီးတော့ အိပ်ကောင်းတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိယင် လည်း မိုးလင်းတာ တယ်မြန်တယ် ဒီလိုပေါ့။

အဆီအစိမ့်တွေ သိပ်ပြီးတော့ စား၊ မွန်မြတ်တဲ့ ပဏီတ ဘောဇဉ်ဆိုတဲ့ အစားအစာတွေ၊ အသားတွေ နင်းကန်ပြီး တော့ စားတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိယင်လည်း အိပ်ရတာ ဝကို မဝ နိုင်ဘူး။ နေဝင်ကနေ မိုးလင်းတဲ့အထိ အိပ်နေ လိုက်တာ

နေသာထွက်လာတယ် အဲဒီပုဂ္ဂိုလ် အိပ်ရာထဲက မထချင်ဘူးတဲ့၊ မိုးလင်းသွားတာ တယ်မြန်တယ်လို့ သူ့စိတ်ထဲ ထင်မိတယ်။

အိပ်မပျော်လို့ တလူးလူးတလိမ့်လိမ့် ဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေ၊ ကမ္မဋ္ဌာန်း အားထုတ် နေတဲ့ ပုဂ္ဂိုလ်တွေ၊ ဥပမာ အားဖြင့် ဘုန်းကြီးတို့ တရားဟောနေတဲ့ ပုဂ္ဂိုလ်တွေ၊ တရားနာနေတဲ့ ပုဂ္ဂိုလ်တွေ အဲ့ဒီလိုဆိုလို့ရှိယင်လည်း ဒီကမ္မဋ္ဌာန်းအာရုံဆိုတာက အလွန်ငြိုးငွေ့စရာ ကောင်းတာကလား။

## ကောသလဘုရင်ကြီး ကြားရတဲ့ အသံကြီး (၄)မျိုး

ဒီတော့ ဘယ်လိုဖြစ်နေသလဲဆိုလို့ရှိယင် မိုးလင်းခဲလိုက်တာ၊ မိုးလင်းခဲလိုက်တာ ဒီလိုပဲ တောင့်တ တယ်။ အိပ်မပျော်တဲ့ ပုဂ္ဂိုလ်တယောက်အတွက် မိုးလင်းခဲနေတော့ ကောသလဘုရင်ကြီးလည်း ဒီအတိုင်း မိုးလင်းခဲတဲ့အထိ ပါသွားတော့ တလူးလူး တလိမ့်လိမ့်နေယင်း အသံကြီးတခု ကြားလိုက်ရတယ်။

"ဒု"ဆိုတဲ့ အသံကြီးတသံဟာ လောကဓာတ် တခွင်လုံးကို ဟိန်းပြီးတော့ သွားလောက်အောင် သူ ကြားလိုက်ရတယ်။ အဲဒါ သူ လန့်သွားတယ်။ နောက်ထပ်အသံကြီးတခု ဘာကြားရ ပြန်တုံး ဆိုလို့ရှိယင် တနန်းတော်လုံး ဘယ်သူမှ မကြားဘူး။ သူ တယောက်တည်း ကြားရတာ၊ နောက်တချက် "သ" ဆိုတဲ့ အသံ ကြားရတယ်၊ နောက် "န"ဆိုတဲ့ အသံ ကြား ရ တယ်၊ အဲဒီနောက် "သော"ဆိုတဲ့ အသံ ကြားရတယ်။

"တို့ပရိသတ်—အသံကြီး ဘယ်နှစ်သံ ကြားလိုက်ပါသလဲ"

"လေးသံပါ ဘုရား"
"ဒု-သ-န-သော ဘယ်နှစ်သံလဲ"
"လေးသံပါ ဘုရား"
"ဘာတွေတဲ့လဲ"
"ဒု-သ-န-သော ပါ ဘုရား"

အေး—ကောသလမင်းကြီး အိပ်ရာထဲကနေ ကာမဝိတက်တွေဖြင့် မူလောင်ပြီးတော့နေတဲ့အခိုက် အိပ်မပျော်လို့ တလူးလူး တလိမ့်လိမ့် ဖြစ်နေတဲ့အချိန် ကြားလိုက်ရတဲ့ အသံကြီး လေးခု၊ ဒု-သ-န-သော ဆိုပြီးတော့ အသံကြီး လေးသံ အိပ်ရာထဲကနေ ကြားလိုက်ရတော့ လန့်သွားတယ်၊ အဲဒီအခါမှာ ပိုပြီးတော့ အိပ်လို့ကို မပျော်တော့ဘူး လန့်နေတယ်။

ဘယ့်နှယ်လဲ၊ ဘာသံကြီးတွေပါလိမ့်မလဲ၊ အသံကြီးတွေကလည်း အသံနက်ကြီးတွေနဲ့ အော်လိုက်တာ၊ ဘယ်ကလာတဲ့ အသံကြီးတွေပါလိမ့်မလဲ၊ ကောင်းကျိုးဖြစ်မှာလား၊ မကောင်းကျိုး ဖြစ်မှာလား၊ ဘယ်လိုဖြစ်မှာလဲ တွေး တော ပြီး တော့ အပူတွေ ကပ်ဆင်လာတဲ့ ဘုရင်ကြီး အိပ်မပျော်ဘူး။

အဲဒီလိုနဲ့ပဲ တိုတိုပြောကြပါစို့ မိုးလင်းသွားရော၊ မိုးလင်းသွားတော့ နန်းတော်ထဲ ဝေဒကျမ်း တဘက်ကမ်းတတ်တဲ့ ပုဏ္ဏားတွေခေါ်ပြီးတော့ ညတုန်းက တညလုံး အိပ်မပျော်လို့ ကြားရတဲ့ အသံကြီးလေးသံ ပြောပြပြီး အဲဒါတွေ တွက်ချက်စမ်းပါဦးဟ၊ ငါ့ဘာများဖြစ်မလို့လဲ၊ ကောင်းကျိုး ဖြစ်မှာလား၊ မကောင်းကျိုးဖြစ်မှာလား—

သ တောကိစ္စော၊ အ တောကိစ္စော၊

ကုစားလို့ရနိုင်တဲ့ အသံတွေလား၊ ကုစားလို့မရနိုင်တဲ့ အသံတွေလား။

ပြောစမ်းပါဦး ဆိုတော့ ခုနက ပုဏ္ဏားတွေက တွက်ကြ ချက်ကြ ဘယ်လိုမှ တွက်ချက်လို့မရဘူး။ ဘာဖြစ်မှန်းမသိဘူး။ ပုဏ္ဏားတွေ စဉ်းစားလို့ကို မပေါ်ဘူး။ ဘယ်လိုမှ စဉ်းစားလို့ကို မပေါ်တော့ ကျွန်ုပ်တို့မသိပါဘူးလို့ ပြောရယင်လည်းပဲ သူတို့တတ်ထားတဲ့ ပညာတွေ အလကားဖြစ်ကုန်တော့မယ်။

ဒီတော့ ပုဏ္ဏားတွေက မသိတာကို မသိဘူးလို့ မပြောကြဘူး။ ဘုရင်ကြီးကို ညာလိုက်ကြတယ်။ လာဘသက္ကာရ သိလောက ဆုတ်ယုတ် ပျက်စီးသွားမှာ ကြောက်တဲ့ အတွက်ကြောင့် "ဟာ—ဒီအသံတွေဟာ အလွန် ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ အသံတွေဖြစ်တယ်။ အလွန်ဆိုးရွားတဲ့၊ မကောင်းတဲ့ အသံတွေဖြစ်တယ်"

"အလွန်ဆိုးတဲ့၊ မကောင်းတဲ့ အသံတွေ ဖြစ်လို့ရှိယင် သ တောကိစ္စာ—ကုစားလို့ ရသလား၊ အ တောကိစ္စာ— ကုစားလို့ မရဘူးလား" ကုစားလို့ရပါတယ် မင်းတရားကြီး မကုစားပဲနဲ့ ထိုအသံတွေကို ကြားနေရတဲ့ မင်းကြီး သည်၊ ဤအတိုင်း နေခဲ့မယ်ဆိုယင် မင်းကြီးမှာ ကြီးမားတဲ့ အန္တရာယ် ဖြစ်တယ်။ မင်းကြီးရဲ့ အသက်အန္တရာယ်တောင်မှ ရှိနိုင်ပါတယ်"

## အခြံအရံပရိသတ် (၄)မျိုး

မဟုတ်တာတွေကို ဝိုင်းပြီးတော့သံတော်ဦးတင်လိုက်ကြတာ၊ သူတို့လည်း ဘာမှသိတာ မဟုတ်ဘူး။ အဲဒီလို ဘာမှဉာဏ်မရှိတဲ့

ပုဂ္ဂိုလ်တွေ ဝိုင်းပြီးနေဟဲ့ ရှင်ဘုရင် သူကိုယ်တိုင်က်လည်း မန္ဒဒုဗ္ဗတ္တိ—အသိဉာဏ်မရှိ၊ သူ့ အနားမှာ ဆို လို့ ရှိ ယင် လည်း မလ္လိကာ မိဖုရားကြီးကလွဲပြီး ကျန်တဲ့ပုဂ္ဂိုလ်တွေဟာ သူ့လိုပဲ မန္ဒ ဒုဗ္ဗတ္တိတွေချည်းပဲ။

ဒါကြောင့်....

(၁) အနှစ်ကို အနှစ်ရံသော ပရိသတ်

(၂) အနှစ်ကို အကာရံသော ပရိသတ်

(၃) အကာကို အနှစ်ရံသော ပရိသတ်

(၄) အကာကို အကာရံသော ပရိသတ်....ရယ်လို့ ပရိသတ် လေးမျိုး ရှိတယ်။

(၁) သာရောသာရ ပရိဝါရော

အနှစ်ရှိတဲ့ ပုဂ္ဂိုလ်က ခေါင်းဆောင်ပြီးတော့ ထိုကဲ့သို့ အနှစ်ရှိသော ပုဂ္ဂိုလ်ရဲ့ နောက်ကနေပြီး ဝိုင်းရံပြီးတော့ လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေကလည်း အနှစ်ရှိတဲ့ ပုဂ္ဂိုလ်တွေမှသာဖြင့် အဲဒါ ကြီးပွားတိုးတက်မယ်၊ အရာရာကောင်းမယ်။

(၂) သာရောဖေဂ္ဂုပရိဝါရော

ခေါင်းဆောင်လုပ်သူက ဘယ်လောက်ပဲ အနှစ် ရှိနေနေ သူ့အနား ဝိုင်းရံနေတဲ့ ပုဂ္ဂိုလ်တွေက အကာအဖျင်းတွေချည်းပဲ ဆိုယင်လည်း အဲဒါ မကောင်းပြန်ဘူး။

(၃) ဖေဂ္ဂုသာရ ပရိဝါရော

ခေါင်းဆောင်လုပ်တဲ့လူက အကာကြီး ဘာအနှစ်မှမရှိဘူး၊ သူ့အနား ဝိုင်းရံပြီးတော့ လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေက အနှစ် ရှိကြတယ်—တဲ့။

အဲဒီ အာကာအဖျဉ်းကြီးကို အနှစ်တွေ ဝိုင်းရံပြီးတော့နေလို့ ရှိယင် ထိုအာကာအဖျဉ်းဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးက ပြုပြင်လို့ ထိန်းလို့ ကျောင်းလို့ ရမယ်ဆိုယင် အနှစ်ရှိတဲ့ ပုဂ္ဂိုလ်များ ဝိုင်းရံနေတဲ့ အတွက်ကြောင့် အဲဒါ တော်သေးတယ်။

ထိုအာကာအဖျဉ်းဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးက ခေါင်းဆောင် နေပြီးတော့ ဘေးနားက အနှစ်ရှိတဲ့ ပုဂ္ဂိုလ်တွေ ဘယ်လိုပင် ဝိုင်းရံပြီးတော့ နေပင်နေငြားသော်လည်းပဲ ထိုကဲ့သို့ အာကာ အဖျဉ်းခေါင်းဆောင်ကြီးကို အနှစ်ရှိတဲ့ ပုဂ္ဂိုလ်တွေက ပြုပြင်လို့ မရအောင် ခက်ထန်နေပြီ ဆိုလို့ရှိယင်လည်းပဲ အဲဒီ ဘေးက ဝိုင်းရံနေတဲ့ အနှစ်ရှိတဲ့ ပုဂ္ဂိုလ်တွေလည်း အချည်းနှီးဖြစ်ကုန် တော့တာပဲ။

(၄)—ဓဇဂ္ဂ ဖေဂ္ဂုပရိဝါရော

အကာကိုအကာရံတဲ့ပရိသတ်ဆိုယင်တော့ ဘာမှကိုမကောင်း တော့ဘူး အဲဒါပျက်စီးဖို့။

ယခုကောသလဘုရင်ကြီးရဲ့ နန်းတော်မှာပညာရှိ ပုဏ္ဏားအ ဖစ်တွေကို ကြည့်လိုက်စမ်း အကုန်လုံးအကာတွေချည်းပဲ ဘာ အနှစ်မှ မရှိဘူး၊ ဘုရင်ကြီးကလည်း အနှစ်မရှိအာကာအဖျဉ်း ကြီး၊ မလ္လိကာမိဖုရားကြီး တယောက်သာ နန်းဆောင်ထဲမှာ ပညာရှိပုဂ္ဂိုလ်တယောက်ထည်းရှိတယ်။

အဲဒီတော့ ပုဏ္ဏားတွေကပြောလိုက်ကြတာ ဘုရင်ကြီးအ သက်ကို သေသွားနိုင်တဲ့အန္တရာယ်ကြီး မကြာခင်ကြုံရတော့မှာ ဒါကုစားမှဖြစ်မယ်၊ ဘယ်နှယ်ကုစားမလည်းဆိုတော့ သဗ္ဗသတိ ကယဇ်ပွဲကြီး ဆင်နွဲရမယ်၊ သဗ္ဗသတိက ယစ်ပူဇော်ရမယ်—တဲ့

သဗ္ဗသတိကဆိုတာက သတ္တဝါအားလုံး၊ တရာ တရာအဲဒါတွေစု ပြီးတော့ လည်ပင်းဖြတ်လည်ချောင်းသွေးနဲ့ ယဇ်ပူဇော်ရမယ်။

## ယဇ်ပူဇော်ရန် ပြင်ကြပြီ

ဆင်တရာ မြင်းတရာ ကျွဲတရာ နွားတရာ ဆိတ်တရာ ဝက် တရာ ကြက်တရာ၊ ယောကျ်ားတရာ မိန်းမတရာ၊ အဲဒီလိုရာ ပေါင်းများစွာ၊ တရာ တရာရှိသော သတ္တဝါတွေကိုလည်ပင်း ဖြတ်ပြီးတော့ လည်ချောင်းသွေးနဲ့ အဲဒါယဇ်ပူဇော်ရမယ်၊ အဲ ဒီလိုလုပ်မှသာလျှင် အရှင်မင်းကြီးရဲ့ ကောင်းကျိုးစီးပွား ဖြစ်ပြီး တော့ အသက်ဘေးမှ လွတ်ပါလိမ့်မယ်ဆိုတော့—

"ဟာ— ငါ့အသက်သာ သေဘေးမှလွတ်မယ်၊ ငါ့အသက် ကို ဒီယဇ်ပူဇော်တဲ့ ကောင်းမှုက ကယ်တင်နိုင်မည် ဆိုလို့ရှိယင် ငါချမ်းသာပြီးရော သတ္တဝါတွေဘယ်နှစ်ရာပဲသေသေ လုပ်သာ လုပ်ဟ" ထောသလဘုရင် ဒီအတိုင်းအမိန့်ချတယ်။

အဲဒီတော့ပုဏ္ဏားတွေက အခွင့်အရေးရသွားတာပေါ့၊ သူ တို့ကစားချင်နေတဲ့ ပုဏ္ဏားတွေ၊ နန်းဘော်ထဲပုဏ္ဏားတွေ ဝင် လိုက်ထွက်လိုက်နဲ့ ယဇ်တိုင်တွေစိုက်၊ ယဇ်တွင်းတွေတူး၊ ဒါး တွေ လှံတွေ လေးတွေ မြားတွေစုံဟ။ နန်းတော်ထဲကတပ်သား တွေခေါ်ပြီးတော့ မြို့ထဲရှိတဲ့ ကြက်တွေဆွဲ၊ ဝက်တွေဆွဲ၊ နွား တွေဆွဲ၊ ဆင်တွေဆွဲ၊ မြင်းတွေဆွဲ၊ တွေ့လေရာအကုန်ဖမ်းဆွဲတ ရာမပြည့်ပြည့်အောင်။

ဘုရင့်အမိန့်ဆိုပြီးတော့ စည်းပျက်ကမ်းပျက် တိုင်းပြည်ပျက် တဲ့အတိုင်းပဲ လုပ်ချင်တိုင်းလုပ်ကုန်ကြတာ၊ အဲဒီမှာအမျိုးသား

ထရာ၊ အမျိုးသမီးထရာ ကလည်းပေါ့အုံးမယ်ဆိုတော့ အဲဒါ တွေလေသမျှ အမျိုးသားတွေ အမျိုးသမီးတွေဖမ်း၊ တရာမ ပြည့်ပြည့်အောင်၊ တမြို့လုံးအုံးအုံး ကျက်ကျက်နဲ့ ငိုပွဲကြီးဆင် နွဲပြီးတော့ နန်းတော်ထဲပုဏ္ဏားတွေ ခြေရှုပ်ပြီးတော့ အဲဒီမှာ အ ထုပ်လုပ်နေကြတယ်။

ကောသလဘုရင်ကြီး ဥာဏ်နည်းလို့ဖြစ်ရတဲ့ ဒုက္ခ၊ ဘယ်က စခဲ့တာလည်း ဆုတပါးမယားကို တပ်မက်တဲ့ကာမရာဂ တွေ ကစလာတဲ့ မီး၊ အဲဒါမနွဒုဗ္ဗတ္တိ ရှင်ဘုရင်ကြီးလုပ်ပုံ၊ အဲဒီလို ဖြစ်ပြီးတော့နေတုံး ကောသလဘုရင်ကြီးကလည်း အဲဒီပုဏ္ဏား တွေကို အမိန့်အပြည့်အစုံပေးပြီးတော့ ထားတယ်။

ဆင်တရာ မြင်းတရာ ကျွဲတရာ နွားတရာ ကြက်တရာ ဝက် တရာ အဲဒီတရာတရာသော သတ္တဝါတွေ မရရအောင်သင်တို့ ကြိုက်လယ်သာစုဆောင်းကြပါ၊ ခပ်မြန်မြန်လေး၊ အဲဒီယဇ်နတ် ပူဇော်ပြီးတော့ သူ့အသက်ဘေးမှ လွတ်အောင်လုပ်ပေးကြပါ၊ အဲဒီလိုအလုပ်ရှုပ်ပြီး နေကြတော့ ငိုသံကြွေးသံအော်သံဟစ်သံ တွေကလည်း သာဝတ္ထိမြို့ထဲမှာ ဆူညံနေပြီ။

ယောကျ်ားတရာ၊ မိန်းမတရာဆိုတော့ စဉ်းစားကြည့်ပေါ့၊ လူမေါင်းနှစ်ရာ ဆွဲပြီးတော့ ဒီယဇ်တိုင်မှာသတ်မှာ အဲဒီထရာ တရာသော အမျိုးသားတွေ အမျိုးသမီးတွေရဲ့ ဆွေတွေမျိုးတွေ ဟာ ငိုပွဲဆင်ပြီးတော့ မျက်ရည် လည်ရွဲဖြစ်နေကြတဲ့အချိန်ကော သလဘုရင်ကြီးကလည်း တုန်တုန်ရီရီနဲ့ ပူပူလောင်လောင်နဲ့ "အ ရှင်သခင်ပုဏ္ဏားတို့ ခပ်မြန်မြန်လုပ်ကြပါ၊ အကျွန်ုပ်၏အသက် ကို ကယ်ထင်စောင့်ရှောက်ဖို့ ခပ်မြန်မြန် ဆောင်ရွက်ကြပါ"

ပုဏ္ဏားတွေကလည်း ဘာမှန်းတော့မသိဘူး၊ ရမ်းသန်းပြီး တော့ သူတို့စားချင်တာနဲ့ လုပ်လိုက်ကြတာပဲ၊ အဲဒီလိုဖြစ်နေတုန်းမှာ မလ္လိကာမိဖုရားကြီးက လှမ်းပြီးတော့ ကြားတယ်။ နန်းတော်ရှေ့မှာ ဆူဆူညံညံအော်နေတဲ့ အသံတွေ ငိုနေတဲ့ အသံတွေ များလှချည်လား၊ ဘာတွေဖြစ်နေတာပါလိမ့်မလည်း ဆိုပြီး ထွက်ပြီးကြည့်လိုက်တဲ့ အခါကျတော့ တင်တူးတဲ့လူတွေ တူးလို့၊ တိုင်စိုက်တဲ့လူတွေကစိုက်၊ မြေညှိတဲ့လူတွေကညှိလို့ ဒါးတွေ လှံတွေသွေးတဲ့လူကသွေးလို့ အဲဒီမှာတရှုန်းရှုန်းနဲ့ အလုပ်ရှုပ်နေကြတာ တွေ့ရတယ်။

## ဗုဒ္ဓရဲ့ချစ်သမီး မလ္လိကာ

အဲဒီလိုအလုပ်ရှုပ်နေကြတုန်း လူတွေဆွဲ နွားတွေဆွဲ ကျွဲတွေဆွဲနဲ့ တရုန်းရုန်းဖြစ်နေကြတာ မြင်တဲ့အခါကျတော့မှ မလ္လိကာမိဖုရားက ကောသလမင်းကြီးထံ ချဉ်းကပ်ပြီးတော့ အဲဒီမှာမေးတယ်—တဲ့။ "မင်းကြီး— ဘာတွေ ဖြစ်နေတာလဲ နန်းတော်ရှေ့မှာ လဲဆူဆူ—ဆူဆူနဲ့ ငိုသံရယ်သံတွေနဲ့ လူတွေဆွဲ ကျွဲတွေ နွားတွေဆွဲ၊ မြင်းတွေဆွဲပြီးတော့ ယင်ပူဇော်မယ်လို့ ပြင်ဆင်နေကြတာလည်း တွေ့ရပါတယ်။ အဲဒါဘာလုပ်ဖို့လဲ"

ဒီတော့မှရှင်ဘုရင်ကြီးက ဘာပြောသလည်းဆိုတော့ "မလ္လိကာ—ငါ့ရဲ့နားရွက်နားကပ်ပြီးတော့ မွေဟောက်ကြီး ဖြတ်သွားတာ မင်းမသိလိုက်ဘူး"တဲ့၊ အကြောင်းစုံကိုပြန်ပြီးတော့ ပြောပြတယ်၊ "ညဘက်ကကြားရတဲ့ ဒု—သ—န သောဆိုတဲ့ အသံကြီး

လေးခုကိုလည်း ကြားရတယ်—ဒါကြောင့်ညက ငါတညလုံးအိပ် မပျော်ဘူးမိုးလင်းလို့ ပုဏ္ဏား တွေကိုမေးတော့ အဲဒါယင်ပူဇော် ရမယ်ဆိုလို့ ငါအခုအဲဒါစီမံနေတာ”

“ဒီအသံကြီး လေးသံဟာ ဘာအဓိပ္ပါယ်ဆိုတာကို မင်းကြီး သိပြီးပြီလား” “ပုဏ္ဏားတွေကတော့ အသက်သေနိုင်တယ်လို့ ဆိုတာပဲ ဘာရယ်လို့တော့ အဓိပ္ပါယ် ငါမသိပါဘူး”၊ “မသိပဲနဲ့ မင်းကြီးဘာပူလို့ ရမ်းလုပ်ရသလဲ”

သမုတိဗြဟ္မဏ—လောကကသူတို့ကို ဗြဟ္မဏလို့ သမုတ်ထား တဲ့အတွက်ကြောင့် သူတို့ကိုဗြဟ္မဏလို့ ခေါ်နေတာ၊ တကယ် တော့ မကောင်းတဲ့ အမူရှောင်နေတဲ့ ပုဂ္ဂိုလ်တွေမှ မဟုတ် ပဲနဲ့၊ ဘုန်းကြီးတို့ပရိသတ် စဉ်းစားပြီးတော့ ကြည့်နော်၊ ဗြ ဟ္မဏလို့ခေါ်တဲ့ အဲဒီအမျိုး မြတ်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ ဗြဟ္မဏပဏ္ဍိတ် မျိုးတွေဟာ သယ်လိုလည်းကြည့်စမ်း။

နိပါတ်တွေ ဇာတ်တော်တွေမှာ ပြန်ပြီးတော့ဖတ်၊ ပုဏ္ဏား တွေဟိုတုံးက ဘာလုပ်ခဲ့ကြသလဲဆိုလို့ ရှိယင် အဲဒီလိုသတ္တဝါ တွေကို အများကြီးသတ်သတ် —သတ်သတ်ပြီးတော့ ယင် နတ်ပူဇော်၊ အဲဒီသတ္တဝါတွေရဲ့ အသားစားတဲ့ လူမျိုးတွေသူ တို့က၊ ဒီကနေ့တော့ သူတို့မှအသားစား ရှောင်တယ်တို့ဘာတို့ ဒီလိုဖြစ်လာပြန်တယ်။

အသားစားချင်လို့ ယက်သက်စီမံကြတာတဲ့၊ ဒီပုဏ္ဏားတွေ ဒု—သ—န သော ဘာမှန်းလည်းမသိပဲနဲ့၊ တကယ့်ကိုလောကမှာ အကြွင်းအကျန်မရှိ အကုန်လုံးသိတဲ့ ဒီသဗ္ဗညု ဖြစ်တော်မူတဲ့ အရိယဗြဟ္မဏစင်စစ် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား သာဝတ္ထိမှာ

ရှိလျက်နဲ့အရိယာမဖြစ်ဘဲ ဘုရားတော့ဘာပြုလို့ မမေးပဲထားရသလဲ၊ ဘုရားသွားမေးမှပေါ့—

မလ္လိကာ မိဖုရားကြီးကအဲဒီလို အကြံပေးတဲ့အခါကျတော့ မှကောသလဘုရင်ကြီးဟာ မလ္လိကာမိဖုရားကြီးနဲ့ အတူစစ်တပ်ခြံရံပြီးတော့ ခပ်မြန်မြန်ထွက်ပြီးတော့ ဇေတဝန်ကျောင်းတိုက်သွား ဘုရားရှင်ကိုယ်တော်မြတ်အား ပြန်ပြောင်းလျှောက်ထားတဲ့ အခါကျတော့မှ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က—

## ဗုဒ္ဓရှင်တော်မြတ် ဟောပြောရှင်းပြ

"ဒကာတော်မင်းကြီး— အဲဒီ ဒု—သ—န—သော ဆိုတဲ့အသံကြီးလေးခုဟာ တခြားမဟုတ်ဘူး၊ ကဿပရှင်တော်ဘုရားလက်ထက်တော် အခါတုံးက သူဌေးသားလေးယောက် ဆိုတာရှိတယ် ဒကာတော်မင်းကြီး၊ အဲဒီလေးယောက်သော သူဌေးသားတို့သည်—

ကဿပဘုရား ပွင့်တော်မူတဲ့ခေတ် သာသနာတော်မှာ ကြည်ညို သိမှတ်ဆည်းကပ်ပြီးတော့ နေကြတဲ့ ဒကာဒကာမတွေက ဒါနပြုတဲ့လူတွေကပြုကြ၊ သီလဆောက်တည်တဲ့လူတွေက ဆောက်တည်ကြ၊ ဘာဝနာပွါးတဲ့လူတွေက ပွါးကြနဲ့ ကုသိုလ်ကောင်းမှု ပြုနေတုံးကငွေ (၄၀)ချမ်းသာတဲ့ ထိုသူဌေးသား လေးယောက်တို့က တနေရာမှာစုပြီးတော့ တိုင်ပင်ကြတယ်။

"သူများတွေက ဒါန–သီလ–ဘာဝနာ လုပ်ကြတယ် တို့တော့ကွာအဲဒီဒါန သီလ ဘာဝနာတွေမလုပ်ကြဘူး၊ ဒါဖြင့် ဘာလုပ်ကြမလဲ" တယောက် အကြံပေးတယ် "အာလွန်ထက်မြက်တဲ့ သေအရက်တွေကို သောက်ပြီးတော့ အလွန်ကောင်းတဲ့ အသားတွေစားပြီးပျော်နေရယင် ကောင်းမယ်အကြံပေးတယ်။

တယောက်ကလည်းပဲ သလေးဆန်တွေကို ကျည်ထဲမှာနံ့သာနဲ့ သုံးနှစ်လောက်ဓလှောင်ထား ၊ အဲဒီလိုလှောင်ထားတဲ့ သလေးဆန်တွေကို နံ့သာမှုန်တို့ဖြင့် မွှေးကြိုင်ပြီးနေတော့ အဲဒီ သလေဆန် ထုတ်ပြီးတော့ ထောပတ် ပျား ဆီ တင်လဲတို့နဲ့ အကောင်းဆုံး ချက်ပြီးတော့ စားနေရယင်ကေားမယ်။

တယောက်သော ပုဂ္ဂိုလ်ကတော့ ဘာပြောပြန်သလဲ၊ တို့ကုဋေလေးဆယ်သော စည်းစိမ်တွေအများကြီးရှိတာပဲ၊ အဲဒီ မြောက်မြားလှစွာသော စည်းစိမ်တွေထဲက ရွှေ ငွေ ကျောက် သံပတ္တမြားတွေနဲ့ ပေးကမ်းချီးမြင့် ဖြားယောင်းပြီးတော့ လှပချောမွေ့တဲ့ အမျိုးသမီးတွေနဲ့ တို့ကာမဂုဏ်ပျော်ပါး ရယင်ကောင်းမယ်၊ ပစ္စည်းပေးယင် ဘယ်မှာလာပြီး မရပဲရှိပါ့မလည်းပေါ့

အဲဒီလိုကြံကြတယ်၊ ကိုင်း –ဒီအကြံ ကောင်းတယ်ဟာဆိုပြီးတော့ အဲဒီမှာသူဌေးသားလေယောက် သူတို့ရှိတဲ့စည်းစိမ်တွေနဲ့ ဖြားယောင်းပြီးတော့ အမျိုးသမီးတွေ ရသလော**က်** အဲဒီမှာ သူတို့ ပျော်ပါးပြီးတော့ နေကြတယ်၊ ပရဒါရကံ–တဲ့၊ ကာမေသုမိစ္ဆာစာရ အမှုနဲ့ နေပြီးတော့ လာလိုက်တာ–

ကဿပဘုရားရဲ့ သာသနာမှာ အဲဒီပုဂ္ဂိုလ် လေးယောက် ဒါန်မှုလည်းမပြုဘူး၊သီလလည်းမဆောက်တည်ဘူး၊ဘာဝနလည်း မပွားဘူး၊ သူတို့ရှိတဲ့စည်းစိမ်တွေနဲ့ အဲဒါအမျိုးသမီးတွေဖြား ယောင်းပြီးတော့ ကာမဂုဏ်ပဲ ခံစားပြီးတော့ နေလာကြတယ်၊ အဲဒီလေးယောက်ဟာ ပုဂ္ဂိုလ်တွေသေတဲ့အခါကြတော့ဘဝ ရောက်တုံးဆိုလို့ရှိယင် အဝီစိငရဲကို အကုန်လုံး တန်းပြီးတော့ ဆင်းသွားကြတယ်။

ကဿပဘုရားနဲ့ ဂေါတမဘုရား သာသနာကြားကာလ ဗုဒ္ဓန္တရ တခေတ်လုံး အဝီစိငရဲမှာ နေကြရတယ်၊ အဝီစိငရဲကြီး ကနေလွတ်ပြီးတော့ လာတဲ့အခါ ဂေါတမ မြတ်စွာဘုရားပွင့် လာတဲ့အချိန်မှာ လောဟကုမ္ဘီ ငရဲကိုတက်ပြီးတော့ အကြံရ တယ်၊ လောဟကုမ္ဘီငရဲ—သံရေပူငရဲ။

သံရေတွေပူပြီးတော့ ကျွက်ကျွက်ဆူနေတဲ့အထဲမှာ ဒေါ ငါ ယံ အိုးနှုတ်ခမ်းကနေပြီးတော့ ဟို—အောက်အိုးဖင်ထိ ငုပ် ပြီးတော့ သွားလိုက်တာ အနှစ်သုံးသောင်းအောက်က အိုးရဲ့ ဖင်နဲ့ခေါင်းနဲ့ တိုက်ပြီးတော့ အပေါ်ပြန်တက်လာတာက အ နှစ်သုံးသောင်း။

အဲဒီလို ခံရတဲ့ဘဝ ရောက်ပြီးတော့နေတဲ့ ငရဲသား လေး ယောက်တို့ဟာ ငရဲအိုးထဲကနေ ဘွားကနဲ ခေါင်း က လေး ပေါ်လာလိုက်တဲ့အချိန်မှာ သူတို့ ခံစားရတဲ့ဒုက္ခကို မချိလွန်းလို့ ညည်းတွား အော်ဟစ် ချင်တဲ့ အ တွက် ကြောင့် တယောက် တယောက်လျှင် ဂါထာတပုဒ်စီ တပုဒ်စီ ငရဲအိုးထဲကနေ ခေါင်း ကလေး ပေါ်လာတဲ့အခိုက် အော်ကြတာ။

အဲဒီ အောင်တဲ့အသံကို ကောသလဘုရင်ကြီး နန်းတော်ကနေ ကြားတယ်။ မြတ်စွာဘုရားက အဲဒါတွေ အကုန်ပြန်ရှင်းပြတယ်၊ (၃၂)လုံး (၄)ပါဒရှိတဲ့ ဂါထာတပုဒ်ကို အောင်သွားတဲ့ ငရဲသားဟာ (၃၂)လုံး (၄)ပါဒလုံး မရွတ်နိုင်ပဲနဲ့ တလုံးတည်းပဲ ရွတ်ပြီးတော့ ပြန်မြုပ်သွားတယ်။

"ဒု"ဆိုတဲ့အသံရဲ့ အဓိပ္ပာယ်

ပထမဆုံးပေါ်လာတဲ့ ငရဲသားတယောက်က...
ဒုဇ္ဇီဝိတ မဇီဝိမှာ၊ ယေ သံနော န ဒဒမှသေ။
ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံနာကမှ အတ္တနော။
လို့ အဲဒီဂါထာကို ရွတ်လိုက်တာ။

ဒုဇ္ဇီဝိတ မဇီဝိမှာ အဲဒီလို ရွတ်မယ်လို့ ကြံတုန်းရှိသေးတယ် "ဒု"ဆိုတဲ့ အက္ခရာလေးတလုံးပဲ ရွတ်လိုက်ရတယ် ပြန်မြုပ်သွားတယ်။ အဲဒါကို ကောသလဘုရင်ကြီး နန်းတော်ကနေ ကြားလိုက်တယ်။

ယေ သံနော၊ အကြင် ငါတို့လေးယောက်တို့အား၊

ဘောဂသု၊ ဥစ္စာ ရတနာ တို့သည်။ ဝိဇ္ဇမာနေသု ထင်ရှားရှိကြကုန်သည်ဖြစ်ပါလျက်နှင့်။ နဒဒမှသေ၊ မပေးမလှူခဲ့ကြလေကုန်။ ဒုဇ္ဇီဝိတံ၊ မကောင်း စုတ်ချာ ယုတ်မာသော အသက်မွေးခြင်းကို။ အဇီဝိမှ၊ မွေးမိကြလေကုန်ပြီ။ မယံ၊ ငါတို့သည်။ အတ္တနော၊ မိမိ—မိမိက။ ဒီပံ၊ အားကိုးရာကို။ နာကမှ၊ မပြုခဲ့ကြရလေကုန်စွတကား။

အဲဒီလို ညည်းတယ်၊ စီးပွားဥစ္စာ ကုဋေလေးဆယ်လောက် ရှိလျက်နဲ့ဒါနကောင်းမှုမှ တို့ မပြုခဲ့ရလေခြင်း။ တို့ရဲ့ အားကိုရာ ထောက်ရာတည်ရာမှီရာဆိုတဲ့ ဒါနမှု မပြုခဲ့ရလေခြင်းတကားလို့ ငရဲအိုးထဲက နေပြီး ညည်းတွားတဲ့ အသံဖြင့် အဲဒီ ဂါထာပုဒ်ကို ရွတ်လိုက်တာ "ဒု"ဆိုတဲ့ တလုံးသာဆိုနိုင်ပြီး သူ ပြန်မြုပ် သွားရော။

အဲဒါ မြတ်စွာဘုရားက ပြန်ပြီးတော့ ဖော်ပြောတယ်။ "ဒကာတော်မင်းကြီး တခြား မဟုတ်ဘူး။ အဲဒီ ငရဲအိုးထဲက ပရဒါရကံ--ကာမေသုမိစ္ဆာစာရ--သူတပါး သားမယား ပစ်မှား ပြီးတော့ မိန်းမ လိုက်စား လွန်ကြူးတဲ့ ပုဂ္ဂိုလ်တွေ ငရဲအိုး ထဲက အော်တဲ့ အသံပါ ဒကာတော် မင်းကြီး"

## "သ"ဆိုတဲ့အသံရဲ့ အဓိပ္ပာယ်

"သ"ဆိုတာက ဘာတဲ့လည်း ဆိုလို့ရှိယင် –

သဋ္ဌိဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။

နိရယေ ပစ္စမာနာနံ၊ ကဒါအန္တော ဘဝိဿတိ။

နိရယေ၊ လောဟကုမ္ဘိငရဲအိုး၌။ ပစ္စမာနာနံ၊ ကျက်၍ နေကြကုန်သော။ အမှာကံ၊ ငါတို့ လေးယောက်တို့အား။ သဗ္ဗသော၊ ခပ်သိမ်းဥဿုံ အလုံးစုံသောအားဖြင့်။ သဋ္ဌိဝဿ သဟဿာနိ၊ အနှစ်ခြောက်သောင်းတို့သည်။ ပရိပုဏ္ဏာနိ၊ နှစ် လ တာရှည် ပြည့်စုံခဲ့ရလေပြီ။ ကဒါ၊ အဘယ် နံရော အခါ၌။ အန္တော၊ ငရဲမှ အဆုံးသတ် ကျွတ်ထွက်မည့် လွတ်ရက်သည်။ ဘဝိဿတိ၊ ဖြစ်ပါတော့အံ့နည်း။

ဒုတိယတယောက်က အဲဒီလို ညည်းတယ်၊ ဟောဒီ လောဟကုမ္ဘီ ငရဲအိုးထဲမှာ အနှစ် ခြောက်သောင်းတိုင်တိုင် ခံရမယ့် တို့အတွက် ဒီငရဲမှ လွတ်မယ့် လွတ်ရက်ဆိုတာ ဘယ် တော့မှ ကြုံရပါ့မလည်း၊ မြုပ်သွားတာက, အနှစ်သုံးသောင်း ပြန်ပေါ် လာတာက အနှစ်သုံးသောင်း။

အဲဒီလို ဆင်းလိုက် တက်လိုက်နဲ့ ခံရမယ့် ပုဂ္ဂိုလ်တွေ၊ ဒီငရဲ အိုးထဲက ဘယ်တော့မျှ၊ တို့လွတ်ပါ့မလဲလို့ သဋ္ဌိဝဿ သဟဿာနိ အဲဒီ ဂါထာမှာ "သ" ဆိုတဲ့ အက္ခရာ တလုံးသာ ရွတ်ပြီးတော့ သူလည်းပဲ ရှေ့ဆက်မရွတ်ဆိုနိုင်တော့ဘူး၊ ပြန် မြုပ်သွားတယ်။

## "န" ဆိုတဲ့အသံရဲ့ အဓိပ္ပာယ်

နောက်တခါ တတိယလူ အော်လိုက်တဲ့ အသံက "န" အဲ့ဒါက —

နတ္ထိ အန္တော ကုတော အန္တော၊ နအန္တော ပဋိဒိဿတိ။
တဒါ ဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသ။

တတိယပုဂ္ဂိုလ်က ရွတ်လိုက်တယ်။

မာရိသ၊ အို—အချင်းတို့၊ ဣမသ္မိံ လောဟကုမ္ဘိနိရယသ္မိံ၊ ဤလောဟကုမ္ဘီ ငရဲကြီး၏။ အန္တော၊ အဆုံးသည်။ နတ္ထိ၊ မရှိလေစွတကား။ အန္တော၊ အဆုံးသည်။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိပါတော့အံ့နည်း။ အန္တော၊ အဆုံးသည်။ နပဋိဒိဿတိ၊ မထင်လေစွတကား။

ဟောဒီ လောဟကုမ္ဘိ ငရဲအိုးကြီးရဲ့အဆုံးဟာ မထင်နိုင်ဘူး။ ဘယ်တော့မှ ဒီလောဟကုမ္ဘိ ငရဲက တို့ဘယ်တော့ ဆုံးပါ့မလည်း၊ လွတ်မြောက်ပါ့မလည်း။

ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ယသ္မာ၊ အကြင်ကြောင့် မမစ၊ ငါ၏လည်းကောင်း (ဝါ) ငါသည် လည်းကောင်း။ တုယှဉ္စ၊ သင်၏လည်း ကောင်း (ဝါ) သင်တို့၏ လည်းကောင်း။ တဒါ၊ ထိုတချိန်တခါတုံးက။ ပါပံ၊ မကောင်းမှု ကာမေသုမိစ္ဆာစာရဆိုတဲ့ အမှုကို။ ကတံ၊ ပြုခဲ့မိကြလေပြီ။ တသ္မာ၊ ထိုကြောင့်။ အန္တော၊ ဟောဒီ လောဟကုမ္ဘိ ငရဲရဲ့အဆုံးသည်။ နပဋိဒိဿတိ၊ မထင်လေစွတကား။

လောဟကုမ္ဘိ ငရဲကြီး ဘယ်တော့မှ ဆုံးပါ့မလည်း ငါတို့ တတွေဤလောဟကုမ္ဘိငရဲမှာ ခံပြီးတော့ နေရတာ ကာမေသု မိစ္ဆာစာရကံဆိုတဲ့ ယုတ်မာတဲ့ ကံကြီးကို လွန်ကြူးခဲ့မိလို့ ဤကဲ့သို့ ငါတို့တတွေခံရချေ၏တကား၊ ဘယ်တော့မှ ဤငရဲမှလွတ်ပါ့မလည်းလို့ တတိယ ပုဂ္ဂိုလ်ကညည်းတယ်။

သူညည်းတဲ့ဂါထာကနတ္တိ အန္တော၊ ‘န’ အက္ခရာနဲ့စလိုက်တယ် အဲဒီမှာ ‘န’ အက္ခရာလေးတလုံးသာ ရွတ်နိုင်ပြီးတော့ သူလည်း ပဲ သံရည်ပူထဲ ပြန်မြုပ်သွားလို့ ကျန်တဲ့အက္ခရာ (၃၁) လုံး မရွတ်နိုင်ရှာဘူး၊ အဲဒါကို မြတ်စွာဘုရားက အပြည့်အစုံ ဖော် ပြီးတော့ ကောသလဘုရင်ကြီးကို ပြန်ဟောပြတယ်။

## 'သော' ဆိုတဲ့အသံရဲ့ အဓိပ္ပါယ်

နောက်တခါ စတုတ္ထလူက—

သောဟံ နုန္နကုလတော ဂန္တွာ၊ ယောနိံလဒ္ဓါန မာနုသိံ။

ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။

သောဟံ- သောအဟံ၊ ထိုငါသည်။ ဣတော၊ ဤလော့ဟကုမ္ဘိငရဲအိုးမှ။ ဂန္တွာ၊ လူ့ရွာ၊ လူ့ပြည်သို့သွား၍ ဝါကျွတ်လွတ်ခဲ့သည်ဖြစ်၍ ယောနိံလဒ္ဓါနမာနုသိံ၊ လူ့ဘဝကို တဖန်ပြန်၍ ရသည့်ရှိသော။ ဝဒညူ၊ ဆရာသမားတို့ဆိုဆုံးမသောစကားကို၊ သိကြား နား၊လည်သူဖြစ်၍။ သီလသမ္ပန္နော။ သီလနှင့် ပြည့်စုံသည်ဖြစ်၍။ ဗဟုံ၊ များစွာသော။ ကုသလံ၊ ဒါန၊ သီလစသော ကုသိုလ်ကောင်းမှုတို။ ကာဟာမိ၊ ကေန်မုချပြုလေတော့အံ့။

သူကတော့ သံဝေဂဖြစ်လွန်းလို့ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်အောင် ငါကြိုးစားတော့မယ်၊ ကုသိုလ်ကောင်းမှုတွေ များစွာငါပြုတော့မယ် လို့ အဲဒီစတုတ္ထပုဂ္ဂိုလ်ကနေပြီးတော့ စတုတ္ထ ဂါထာပုဒ်ဖြင့် သော ဟံ နုန္နကုလတော ဂန္တွာ— အဲဒါရွတ်ပြီးတော့ အိုးထဲကနေ ညည်းလိုက်တယ်— တဲ့

ဒီတော့ ဒုဇ္ဇီဝိတမဇီဝိမှာဆိုတဲ့ ပုဂ္ဂိုလ်က ဘာတဲ့လဲ 'ဒု' အက္ခရာတလုံးပဲဆိုနိုင်တယ်၊ သဋ္ဌိဝဿသဟဿာနိ ဆိုတဲ့ ဒုတိယဂါထာရွတ်တဲ့ ရဲသားကလည်းပဲ 'သ' အက္ခရာတလုံးသာရွတ်နိုင်ခဲ့တယ်၊ နတ္ထိအန္တောကုတောအန္တော ဆိုတဲ့တတိယ

ဂါထာ ရွတ်တဲ့ ငရဲသားကလည်း 'န' အက္ခရာ တလုံးသာ ရွတ်နိုင်ခဲ့တယ်၊ သောဟံနူန က္ခတောဂစ္ဆာဆိုတဲ့ စတုတ္ထဂါထာ ရွတ်တဲ့ ငရဲသားကလည်း 'သော' အက္ခရာ တလုံးသာ ရွတ်နိုင်ခဲ့တယ်။

အဲဒါ ဒု--သ--န--သော၊ အဲဒီလို အက္ခရာလေးလုံး ရွတ်ပြီးတော့ သွားကြတဲ့ ငရဲသားတွေဟာ ကာမေသုမိစ္ဆာစာရကံကြောင့် သူတပါးမယားကို ပြစ်မှားခဲ့တဲ့ ကံကြောင့် ဒီကနေ့ လောဟကုမ္ဘီငရဲမှာ ခံနေကြရတယ်၊ ဒကာတော်မင်းကြီး၊ အဲဒါဟာ ဒကာတော်မင်းကြီးနဲ့ ဘာမှမဆိုင်ဘူး၊ ဒကာတော်မင်းကြီးရဲ့ အသက်ဘေး၊ ထီး၊ နန်း၊ စည်းစိမ်ပျက်စီးမယ့်ဘေး၊ တိုင်းပြည်ပျက်စီးမယ့်ဘေးနဲ့ဘာမှမဆိုင်ဘူး။

## ကလျာဏမိတ္တသမ္ပဒါရဲ့ကျေးဇူး

ဒကာတော်မင်းကြီး-- သူတပါးရဲ့အသက်ကို သတ်ပြီးတော့မှ ကိုယ့်အသက်ကို ချမ်းသာအောင် လုပ်မယ်ဆိုတာ သက်သက်မတရားတဲ့ အလုပ်ပါလား၊ ဒကာတော် မင်းကြီးဉာဏ်နည်းလိုက်လေခြင်း၊ အဲဒီတော့မှ ကောသလဘုရင်ကြီးဟာ တခါတည်း နန်းတော်ကို ခပ်မြန်မြန်လေးပြန်ပြီးတော့ အမိန့်ထုတ်လိုက်ရတယ်။

စောစောက သတ်မယ်ဆိုပြီးတော့ ယဇ်တိုင်မှာချည်ထားတဲ့ ဆင်တရာ၊ မြင်းတရာ၊ ကြက်တရာ၊ ဝက်တရာ၊ ကျွဲတရာ၊ နွားတရာ၊ အဲဒီလို တရာတရာနဲ့ ရာစပေါင်းများစွာ စုဝေးချီနှောင်ထားတဲ့ချီ သတ္တဝါတွေ အကုန်လုံးလွှတ်၊ အဲဒီတော့မှ သတ္တ

ဝါတွေ အသက်ချမ်းသာရာ ရတယ်၊ ဒါဘယ်သူ့ ကျေးဇူး လည်းဆိုယင် မလ္လိကာရဲ့ ကျေးဇူး၊ ဒုက္ခဖြစ်လာတဲ့အချိန် ကလျာဏမိတ္တဆိုတာ သိပ်ပြီးတော့ အရေးကြီးတယ်၊ ဒါကြောင့်—

မိတ္တသမ္ဘဒမာဂမ္မ၊ ယောနိသော ဝေပယုဥ္စတော။

ဝိဇ္ဇာ၊ ဝိမုတ္တိ၊ ဝသီဘာဝေ၊ သဗ္ဗမေတေန လဗ္ဘတိ။

မိတ္တသမ္ဘဒံ၊ ကလျာဏမိတ္တသမ္ဘဒါဆိုတဲ့ ပညာရှိ သူတော်ကောင်းကို။ အာဂမ္မ၊ အကြောင်းပြု၍။ ဝေ၊ စင်စစ်။ ယောနိသော၊ သင့်တင့်လျောက်ပတ်ကောင်း၊ မြတ်သောအားဖြင့်။ ပယုဥ္စတော၊ အားထုတ်ခဲ့သည်ရှိသော်။ ဝိဇ္ဇာဝိမုတ္တိဝသီဘာဝေ၊ ဝိဇ္ဇာဉာဏ်၊ ဝိမုတ္တိဉာဏ်၊ ဝသီဘော် ငါးတန်ဆိုတဲ့ အကျိုးတရားတွေကို။ ဧတေန၊ ဤဒါန သီလ ဘာဝနာဆိုတဲ့ အနုဂါမိက ဥစ္စာဖြင့်။ လဗ္ဘတိ၊ မုချပိုင်ပိုင်ရအပ်ရနိုင်ရကောင်း၏။

နိမိကဏ္ဍသုတ်မှာ ဘုရားဟောထားတယ်၊ ဝိဇ္ဇာဉာဏ် ဝိမုတ္တိဉာဏ်ဆိုတဲ့ အဲဒီဉာဏ်တွေရဖို့ရန်လည်းပဲ ကလျာဏမိတ္တ–လမ်းကောင်းကို ညွှန်ကြားမယ့် မိတ်ကောင်း ဆွေကောင်းဆိုတာ တကယ့်အချက်ကျတော့ လိုလာတယ်။

အခုလည်းပဲ အကြီးအကျယ် ပျက်စီးတော့မယ့် ဘေးကြီး ကြုံတော့မယ့် ကောသလဘုရင်ကြီး၊ ဘယ်လောက် ပျက်စီးတော့မလည်း ကြည့်စမ်း သူတပါးသားမယားကို ပြစ်မှားတယ်ဆိုတဲ့ ပရဒါရကံကြီးလည်း ဘူလွန်ကြူးတော့မယ်၊ အဲဒီ အမျိုးသမီးတယောက်ရဖို့အရေးအတွက် ကြည့်စမ်း၊ ထိုအမျိုးသမီးရဲ့ ခင်ပွန်းသည် ယောကျ်ားကိုလည်း သူသတ်ဦးမယ်။

ဒါတင်မကသေးဘူး ဒု–သ–န–သော ဆိုတဲ့ အသံလေးခု ကြားရတာ ပုဏ္ဏားတွေ ခေါ်မေးပြီးတော့ ပုဏ္ဏားတွေပြော တာနဲ့ ယုံပြီးတော့ ဆုပေါင်းများစွာသော သတ္တဝါတွေကို သူသတ်လိမ့်ဦးမယ်၊ အဲဒီလောက် မကောင်းကျိုးတွေကို ဆက် တိုက် လုပ်မယ်ဆိုတာဟာ ဘယ်ကစလာတာလည်း၊ ဣတ္ထိဓုတ္တ ကစခဲ့တယ်ဆိုတာကို တို့ပရိသတ်မှမေ့ကြနဲ့။

ဣတ္ထိဓုတ္တော၊ အမျိုးသမီးတို့၌လိုက်စားလွန်ကြူး မိုက်မှား ခြင်းသည်။ ပရာဘဝတော၊ ပျက်စီးခြင်းရဲ့။ မုခံ၊ အကြောင်း တရားပါပေတည်း။

အဲဒါကြပ်ကြပ်လိုက်စားယင် ပျက်စီးတော့တာပဲ၊ ကောသ လဘုရင်ကြီးကြည့်ပါလား ထင်ရာတွေ အကုန်ရှောက်ပြီးလုပ် တယ်၊ ဆက်တိုက်အမှားတွေချည်းပဲ ဖြစ်တော့တာ၊ ဣတ္ထိဓုတ္တ နဲ့ပတ်သက်လို့ အဲဒီလောက်ဆိုယင် တို့ပရိသတ် နားလည်ပြီ ပေါ့၊ ကိုင်း-- ရှေ့တဆင့်သွားကြရအောင်--

### သေရည်သေရက် သောက်စားခြင်းမှ ရရှိသော အကျိုးတရား

သုရာဓုတ္တောစ၊ သေအရက် သောက်စားခြင်းသည်လည်း။ ပရာဘဝတော၊ ပျက်စီးခြင်းရဲ့။ မုခံ၊ အကြောင်းတရားပါပေ တည်း။

သေအရက် သောက်စားတာလည်း ပျက်စီးခြင်းရဲ့ အ ကြောင်းဆိုတာ၊ သေရည်သေရက် သောက်စားတာနဲ့ ပတ်သက် လို့-- ဟို သိင်္ဂါလောဝါဒ (သိင်္ဂါလ) သုတ္တန်မှာ —

ဆ ဓေါမေ ဂဟပတိပုတ္တ အာဒီနဝါ

သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာနုယောဂေ၊

ဂဟာပတိပုတ္တ၊ အို—သိင်္ဂါလ သူဌေးသား။ သုရာမေရ ယမဇ္ဇပ္ပမာဒ ဋ္ဌာနာနုယောဂ၊ သေအရက်ကို သောက်စားခြင်း ဆိုတဲ့လုပ်ငန်း၌။ အာဒီနဝါ၊ အပြစ်တို့သည်ကား။ ဣမေဆ၊ ဤခြောက်ပါးတို့ပါပေတည်း။

သေရည်သေရက် သောက်စားတဲ့ပုဂ္ဂိုလ်၊ မူးယစ်စေတတ်တဲ့ အရာဝတ္ထုမျိုးတဲ့ ပုဂ္ဂိုလ်အတွက် မကောင်းကျိုး (၆) ပါး၊ ဒါက သိင်္ဂါလော့ဝါဒ သုတ္တန်ကထုတ်နှုတ်ပြီးတော့ လှမ်းပြီး ထော့ပြောမယ်၊ မကောင်းကျိုး (၆) ပါးဟာ ဘာတွေသည်း ဆိုလို့ရှိယင်—

(၁) သန္ဒိဋ္ဌိကာ ဓနဇာနိ
ဤလက်တွေ့ဘဝမှာပဲ စီးပွားဉစ္စာများ ထုတ် ယုတ်ပျက်စီးခြင်းဆိုတဲ့ အကျိုးတပါး။

(၂) ကလဟပ္ပဝဍ္ဍနီ၊
ခိုက်ရန်ပွားခြင်းဆိုတဲ့ အကျိုးတပါး။

သေရည်သေရက်သောက်စားလို့ မူးလာပြီဆိုမှဖြင့်ယင် အဲဒီ ပုဂ္ဂိုလ်ဟာ လူတကာနဲ့ရန်ဖြစ်၊ ဝတ်ဝန်းကျင် ရပ်ကွက် အရပ်ထဲ ကလူတွေနဲ့ ရန်မဖြစ်ရဲတဲ့ အမူးသမားဆိုလို့ရှိယင် အနည်းဆုံး ကိုယ့်အိမ်က ဇနီးနဲ့ရန်ဖြစ်ရမှ အိပ်ပျော်တယ် ဆဲ့ဗီည၊ ဗီလိုဖြစ် တယ်။

အိမ်က ဇနီးနဲ့ ရန်ဖြစ်စရာမရှိဘူးဆိုလို့ရှိယင် အနည်းဆုံး အိမ် ပေါ်မှာ တွေ့တဲ့အိုးခွက်ပန်းကန်တွေတော့ခြေထောက်နဲ့ကန်လိုက်

ရမှ သူကနေလို့ဖြစ်တယ်၊ ဘာမှမရှိဘူး ဆိုလို့ရှိယင် အနီးရှိတဲ့ ကြောင်ကလေး ခွေးကလေးတွေကိုလည်း ရိုက်လိုက်ရမှ သူကဒီလို၊ ခိုက်ရန်များခြင်းဆိုတဲ့ အကျိုးတပါး၊ မကောင်းကျိုး ဒီလိုဖြစ်လာတယ်။

ဘုန်းကြီးတို့ရွာမှာ ကိုထွေးမထွေးဆိုတဲ့ ဇနီးမောင်နှံ နှစ်ယောက်ရှိတယ်၊ ဆင်းရဲကိုက်တာ ဆန်စက်ထဲစပါးအိတ်ထမ်း၊ မထွေးက မနက်စောစော ပဲပြုတ်ရောင်း၊ ကိုထွေးကစပါးအိတ်ထမ်းလို့ တနေ့ငါးကျပ် ခြောက်ကျပ်— ခုနစ်ကျပ် ရှစ်ကျပ်ရ၊ ညနေစောင်းလို့ အိမ်ပြန်လာပြီဆိုယင် အဲဒါအကုန်လုံးအရက်သောက်ပြီးမှ ပြန်လာတယ်။

အိမ်ရောက်တော့ သူ့ဇနီးရှာတဲ့ ပဲပြုတ်ဖိုးကလေးနဲ့ အဲဒါ ထမင်းစား ဟင်းမကောင်းဘူးဆိုယင် မီးဖိုချောင်ထဲရှိတဲ့ အိုးခွက်ပန်းကန်အကုန်ရိုက်ခွဲ၊ အဲဒီလိုနေတယ်၊ မထွေးဆိုတဲ့သူ့ဇနီးကလည်းသိပ်ပြီးတော့ သဘောကောင်းတယ်၊ သူ့ခင်ပွန်းသည် ပြန်လာတဲ့အချိန်ကျယင် ထမင်းဟင်းကတော့ အဆင်သင့်သူပဲပြုတ် ရောင်းလို့ရသမျှလေနဲ့ အဲဒါချက်ပြုတ်ပြင်ဆင်ထားတာပဲ။

အဲဒါဟင်းမကောင်းရကောင်းလားဆိုပြီးတော့ အိုးခွက်ပန်းကန်ရိုက်ခွဲလို့ခွဲ၊ ဒကာမကိုရိုက်လို့ရိုက်နဲ့ နောက်တော့ ခဏခဏ ရိုက်ပါများတော့ ဇနီးသည်ကလည်း ဘယ်လိုလုပ်တုံးဆိုလို့ရှိယင် ထမင်းပွဲပြင်ပြီးတော့ ဒီအထိုင်းထားပစ်ခဲ့တယ်၊ သူ့ယောက်ျား ပြန်မဲ့အချိန်ကျပြီ ဆိုလို့ရှိယင် အိမ်မှာမနေတော့ဘူး၊ တခြားအိမ်သွားနေတယ်။

သူတို့ဇနီးမောင်နှံ ထမင်းစားပြီးပြီဆိုလို့ရှိယင် အိမ်မှာ ခွေးကြီးတကောင် မွေးထားတာကလည်းရှိတော့ စားပြီးသား ထမင်းကျန် ဟင်းကျန်များကို သူတို့ကအဲဒီခွေးကြီးကို ကျွေးနေကြ၊ အဲဒါကိုထွေးစားပြီးသား ကျန်တဲ့အကြွင်းအကျန်လေး တွေခွေးကြီးသွားကြွေးပြီဆိုမှဖြင့် ထမင်းပွဲလည်းချလည်းပေးပြီး ရော အဲ့ဒီခွေးကြီးကို တခါတည်းသူက ရိုက်လိုက်ထေးတယ်။

နောက်တော့ဘယ်လို ဖြစ်လာသလည်း၊ အိမ်ပေါ်မှာ ဆူဆူ ဆူဆူနဲ့ ဇနီးမောင်နှံ နှစ်ယောက် ရန်ဖြစ်ပြီဆိုလို့ရှိယင် အိမ်အောက်က ခွေးကြီးဟာ ပြေးတော့တာပဲ၊ အိုးခွက်ပန်းကန် ရိုက်ခွဲသံတကျုံးကျုံးတဗိုင်းဗိုင်းနဲ့ ဆဲသံဆိုသံကြားယင် အိမ်အောက်ကခွေးကြီးဟာ တခါတည်း ပြေးတော့တာပဲ မလာတော့ဘူး၊ သူ့တော့ရိုက်တော့မှာပဲ သူသိတယ်။

ကလဟပဝဇ္ဇနီ–တဲ့ တယ်ပြီးတော့ ရန်ဖြစ်တယ်၊ စိပ္ပါးဥစ္စာ ဆုတ်ယုတ် ပျက်စီးတာတော့ မပြောနဲ့တော့ အဲဒီမူးရှုးသောက်စားနေတဲ့ ပုဂ္ဂိုလ်ရဲ့ စီးပွါးရေးဟာ အကုန်လုံး တနေ့တခြား ပျက်စီးလာတာပဲ များတယ် တိုးတက်တာတယ်လို့မရှိဘူး။

## တိန်းစဝ်မှု သည်ဟိုးရိုး အင်းစစ် သို

နောက်တခါ တတိယ မကောင်းကျိုးက—

(၃) ရောဂါနံ့ အာယတန

ရောဂါနံ၊ ရောဂါတို့ရဲ့။ အာယတနံ၊ တိုးပွါးခြင်းရဲ့ အာကြောင်းပါ။

ဘတိယ မကောင်းကျိုးက ရောဂါတိုးပွားထဲ့အကြောင်း။

သေရည်သေရက် သောက်စား၊ ဒါတင်မဟုတ်ပါဘူး၊ မူးတက်တဲ့ အရာဝတ္ထု ဆိုလို့ရှိယင် ဘာပဲလုပ်လုပ် အဲဒီပုဂ္ဂိုလ်တွေဟာ ရောဂါများတယ်။

ဒီကနေ့ ဘုန်းကြီးတို့ တရားနာပရိသတ်အသိပဲ၊ ဟိုးရှေးအင်းနံပါတ်ဖိုးဆိုတဲ့ ဥစ္စာများကြည့်စမ်းပါ၊ ဘယ်လောက်ရောဂါများသလည်း၊ အဲဒါစွဲသွားတဲ့ ပုဂ္ဂိုလ်တွေဟာ လူစဉ်မမှီတော့ဘူး၊ လူ့လောက လူ့ဘဝဆုံးရှုံးတော့တာပဲ အမျိုးသားပဲဖြစ်ဖြစ် အမျိုးသမီးပဲဖြစ်ဖြစ်၊ မူးယစ်စေတတ်တဲ့ အရာဝတ္ထုဆိုရှာမှာ အဲဒီအခဲရော အမှုန့်ရော အရည်ရော အကုန်ပေါ့။

အဲဒီအရက်သောက်တဲ့ ပုဂ္ဂိုလ်တွေလည်း ထပြည့်ပြည်းနဲ့ ဘာဖြစ်လာသလည်း၊ လက်ကလေးတုန်တုန်—တုန်တုန်နဲ့ ခြေလေးတွေ တုန်တုန်—တုန်တုန်နဲ့ နံနက်မိုးလင်းလို့ အိပ်ရာကထလာယင် ရင်တွေတုန်လွန်းလို့ သူတို့အိပ်ရာက မထနိုင်ဘူး၊ ထိုဟာလေး တခွက်လောက် သောက်လိုက်ရမှ ရင်ထဲငြိမ်းသွားတယ်၊ အသက်အရွယ်လေး ကြီးပြီးတော့ လာပြီလည်းဆိုရော အဲဒီပုဂ္ဂိုလ်ဟာ ရောဂါအများဆုံး အထူးဆုံးပဲ၊ ခြေမသန် လက်မသန် ဇီလိုဖြစ်လာတာ။

ဒီကနေ့ ကမ္ဘာအရပ်ရပ်မှာ ဘုန်းကြီးတို့ ပရိသတ် စဉ်းစားပြီးတော့ကြည့် ကျူးကျော်ရေး စစ်ပွဲတွေ ဆင်နွှဲနေတာဟာ အလွန်နူးညံ့ သိမ်မွေ့ထဲ့ စစ်တိုက်နည်းတွေနဲ့ ဒီကနေ့ကမ္ဘာမှာ စစ်တိုက်နေကြတယ်၊ သေနတ်လက်နက်တွေ လေ

ယာဉ်ပျံတွေ ဗုံးတွေ အမြောက်တွေနဲ့ ဝင်ပြီးတော့မတိုက်တော့ဘူး၊ အဲဒီဟိုးရိုးအင်းနဲ့တိုက်တယ်။

မိမိတို့မလိုလာ၊တဲ့ တိုင်းပြည်တပြည်ကို အဲဒါတွေခပ်နာနာလွှင်းပေး လိုက်တယ်ဆိုပဲ ထိုတိုင်းပြည်ကလူတွေက အဲဒါတွေကို အမူးမူးအရူးရူး ရှုကြရှိုက်ကြတော့ ဘယ်လိုဖြစ်လာကြမလည်း ကြည့်လိုက်စမ်း ထိုတိုင်းပြည်ရဲ့ အညွန့်အညောင့်ဖြစ်တဲ့ အမျိုးကောင်း သားလေးတွေ အမျိုးသမီးလေးတွေ။

နောင် ၁၅–နှစ် အနှစ် ၂၀–မှာ တိုင်းပြည်လူကြီးလုပ်ရမယ့် ခလေးလေးတွေဟာ အဲဒီနံပါတ်ဖိုးတို့ ဟိုးရိုးအင်းတို့ရဲ့သွားတာနဲ့ လူကြီးလုပ်ရမယ့် ဘဝကို လှမ်းပြီးတော့ ကြည့်လိုက်စမ်းပါ၊ ဘယ်လိုလူကြီးတွေ ဘယ်လိုခေါင်းဆောင်တွေဖြစ်လာမယ်ဆိုတာ၊ တိုင်းပြည်ကို ဦးမဆောင်နိုင်တော့တဲ့ ဘဝကိုရောက်သွားမှာ။

## တရုတ်ပြည် ဘိန်းစစ်ပွဲ

အရေးကြုံလို့ တတိုင်းပြည်နဲ့ တတိုင်းပြည် အကြိတ်အနယ်နဲ့ကြစို့ဟ ဆိုလို့ရှိယင်၊ အဲဒီပုဂ္ဂိုလ်တွေဟာ ဘာမှမတက်နိုင်တော့ဘူး၊ ခံကြပဲ၊ ဒါကြောင့်ကမ္ဘာ့သမိုင်းကို ပြန်ပြီးတော့ကြည့်၊ တရုတ်ပြည်ကြီးမှာ ယခုကွန်မြူနစ် အစိုးရမတက်ခင်၊ ဟိုးဘက်တခေတ်တုန်းက ချန်ကေရှိတ်တို့ လက်ထက်တုန်းက ချန်ကေရှိတ်တို့ရဲ့ ဟိုဘက် ခေတ် ကိုလည်း ပြန်ပြီးတော့ကြည့်ပေါ့လေ။

တရုတ်ပြည် တပြည်လုံးဟာ ဘတ်လိုတုံးဆိုလို့ ရှိယင်ဘိန်း စားတွေချည်းပဲ၊ အဲဒီဘိန်း ဘယ်ကသွင်းသလည်း အမေရိကန်က သွင်းတယ်၊ သွင်းလိုက်တဲ့ဘိန်းတွေ တရုတ်ပြည်ရောက်တော့ တရုတ်တွေ ဘိန်းတွေစားပြီးတော့ တရုတ်ပြည် တပြည်လုံး ဟာ ဘာဖြစ်ကုန်သလဲ၊ ဂျပန်ကရှိတ်နဲ့ အမေရိကန်ပေါင်းပြီး တော့ တရုတ်ပြည်ကြီးကို ကြိုက်သလို သုတ်ခဲ့မွေကြတာ။

အဲဒီအခါကျတော့မှ မခံနိုင်တဲ့သူတွေက ထပြီးတော့ ဝါဒ တခုထောင်၊ ကွန်မြူနစ် ဝါဒဆိုပြီးတော့ ဆေးတော်လှန်လိုက် တာ တိုင်းပြည်ကြီးဒီကနေ့တော့ ကွန်မြူနစ် ဖြစ်သွားတယ်၊ အဲဒီဘိန်းကစသွားတာ၊ ဒီတော့ "ဘိန်းစစ်ပွဲ"တဲ့၊ ဒီကနေ့ တော့ ကမ္ဘာ့အရပ်ရပ်မှာ ဘိန်းနဲ့စစ်တိုက်နေကြတယ်၊ တိုင်း ပြည်တပြည်ကို လူညွှန့်တုံးအောင် လုပ်နေတယ်ဆိုတာဟာ ဒါပဲ။

အဲဒီဥစ္စာတွေ လွှမ်းမိုးသွားခံရတဲ့ တိုင်းပြည်ဟာ နောင် မကြာခင် ဆောကာလမှာ သူတပါးလက်အောက်မှာ သူတ ပါး ထင်သလို ပြုခံရတဲ့ ဘဝအခြေအနေကို ရောက်သွားနိုင် တယ်၊ ဘုန်းကြီးတို့ပရိသတ် အဲဒါကို အလေးအနက်နိုင်ငံ ရေးအရရော၊ ဆမ္ဘာ့လူမှုရေးအရရော ဘာသာရေးအရမစဉ်း စားပါနဲ့အုံး၊ လူမှုရေး နိုင်ငံရေးနဲ့ပဲ စဉ်းစားပြီးတော့ ကြည့် ဘယ်လောက် ကြောက်စရာကောင်းသလဲဆိုတာ။

ပစ္စုန်ပ္ပန်စရာ သံသရာပါ ပျက်စီးစေတတ်အယ်ဆိုတော့ သံ သရာပျက်စီးမှု ဆိုတာကို မစဉ်းစားပါနဲ့အုံး၊ ယောဒီပစ္စက္ခ ဘဝမှာမှာပဲ လူညွန့်တုံးစေတတ်တဲ့ အရာဝတ္ထုတွေမို့လို့ ရှောင်

ကြွဦးစရာ သိပ်ပြီးတော့ကောင်းပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားရှင်ဟောတဲ့ ဒေသနာတော်တွေဟာ ဘုန်းကြီးတို့ပရိသတ် လူမှုရေးအတွက် အသုံးချခြင်တဲ့ နေရာအကုန်လုံးရတယ်။

နောက်တခါ စတုတ္ထ မကောင်းကျိုး ဘာတဲ့လဲ—

(၄) အကိတ္တိသဒ္ဒနိ—ဆုံ

မကောင်းသတင်း ကျော်စောပြီးတော့ထွက်ခြင်း။

အဲဒီပုဂ္ဂိုလ်ရဲ့ သတင်းဟာ မကောင်းသတင်းပဲထွက်တယ် ကောင်းတဲ့သတင်းမထွက်ဘူး။

(၅) ကောပိနန္ဒိ ဓံသနိ

အရှက်အကြောက်ကို ဖျက်စီးပြစ်ခြင်း။

ပဉ္စမ မကောင်းကျိုးက အရှက်အကြောက်ကို ဖျက်စီးပြီးတော့ ပြစ်တယ်ဆိုတဲ့ မကောင်းကျိုး။

မူးယစ်စေတတ်တဲ့ အရက်ကို ရူထားလို့ မျိုထားလို့ သောက်ထားလို့ မူးနေပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ အရှက်ကုန်တော့တာပဲ၊ လူ့ယဉ်ကျေးဘိုတဲ့ ပုဂ္ဂိုလ်တွေဟာ အဝတ်အစားမရှိပဲနဲ့ လမ်းထဲမှာမလျှောက်ရဲဘူး၊ အရပ်ထဲမလျှောက်ရဲဘူး၊ မှတားရဲဘူး၊ လူတကာနင့် သွားတဲ့လမ်းဘေး မြေနင်းဖတ်မှာ မအိပ်ရဲဘူး

မူးလာတဲ့ ပုဂ္ဂိုလ်တယောက် ဆိုလို့ရှိယင် မြေနင်းဖတ်မှာလည်းအိပ်တာပဲ၊ လမ်းဘေးမှာလည်းအိပ်တာပဲ၊ တိုက်နံရံဘေးမှာလည်းမှီပြီးတော့ အိပ်တာပဲ၊ ခါးရှိတဲ့အဝတ်တွေ အကုန်ချွတ်ပြီးတော့လည်းပဲ အရပ်ထဲလျှောက်ရဲလာတယ်၊ ကောပိနန္ဒိ ဓံသနိ— အရှက်အကြောက်ကို ဖျက်စီးပြစ်တယ်။

## ဥယျာဉ်ထဲမှာ မိန်းကလေးတွေ အရက်သောက်နေကြတယ်

ဝိသာခါ ကျောင်းအမကြီး ဥယျာဉ်ထဲတနေ့ အလယ်သွားတဲ့အခါကျတော့ အမျိုးသမီး တော်တော်များများ အဲဒီဥယျာဉ်ကြီးထဲမှာ ဘာလုပ်နေကြတာ တွေ့သလည်းဆိုတော့ အရက်တွေ သောက်နေကြတာတွေ့တယ်၊ ဘုရားလက်ထက်ကမိန်းကလေးတွေ အရက်သောက်ကြတာ။

ဒီကနေ့ခေတ်တော့ တယ်သောက်ပုံ မရပါဘူးနော်။

အဲဒီဥယျာဉ်ထဲမှာ အရက်သောက်နေကြတဲ့ မိန်းကလေးတွေ တွေ့တဲ့အခါကျတော့ အဲဒီမိန်းကလေးတွေ သောက်နေတဲ့ နေ့ကလည်း ဥပုသ်နေ့ကြီး၊ ဝိသာခါ ကျောင်းအမကြီးက "ဟာ—ဥပုသ်နေ့ သူတပါးတွေ ဥပုသ်စောင့်နေကြတာ၊ ဘုရားကျောင်း သွားပြီးတော့ ဥပုသ်စောင့် တရားနာနေကြတယ်၊ နင်တို့က ဥယျာဉ်ထဲ လာပြီးဘာပြုလို့ အရက်သောက်နေကြတာလဲ၊ လာထိုက်မဲ့ကြ ဘုရားဆီ ခေါ်သွားမယ်၊ တရားနာရအောင်" ဆိုပြီးတော့ အဲဒီအရက်မူးနေတဲ့ မိန်းကလေးတွေကို ပုပ္ပါရုံကျောင်းခေါ်သွား ဘုရားဆီပို့တယ်။

"ဒီမိန်းကလေးတွေ ဘုရား— ဥယျာဉ်ထဲမှာ အရက်သောက်နေကြတာ တပည့်တော်တွေ့လို့ ခေါ်ခဲ့ပါတယ်၊ တရားဟောတော်မူပါ" ဘုရားရှေ့ပို့လိုက်ပြီးတော့— "မြတ်စွာဘုရားကို ဦးချ၊ ဒါမြတ်စွာဘုရား" လည်းဆိုရော ဆယ်ဦးချမလဲ၊ ဘုရားရှေ့လှဲအိပ်ပြီးတော့ တခါတည်း မြတ်စွာဘုရားဘက် ခြေ

ထောက်တွေပစ်လို့ မိန်ကလေးတွေ ဏောပိန်နိဒ သနီ—တဲ့၊ အရှက်အကြောက် ဟိရိဩတ္တပ္ပတွေ အကုန်လုံး ကုန်သွားတယ်။

(၆) ပညာယဒုဗ္ဗ လိကရဏိတွေ၀ ဆင္ဃ ပဒ ဘာ၀တို့၊

အသိဥဏ်ပညာကိုလည်း၊ အားနည်းအောင် လုပ်တတ်ခြင်း၊ ဆင္ဃမမြောက်မြောက်ခုမြောက် မကောင်းကျိုး။

မူးယစ်စေတတ်တာ တွေကိုကြာကြာ သောက်တယ် သုံးတယ် မျိုတယ်ဆိုတဲ့ ပုဂ္ဂိုလ်သည် ပညာယဒုဗ္ဗလိကရဏီ—တဲ့၊ အသိဉာဏ်လည်းတယ်ပြီးတော့ ခေါင်းပါးသွားတယ်၊ ဉာဏ်ထိုင်းသွားတယ်၊ လူကောင်းစင်စစ်က အရူးဖြစ်သွားတယ်ဆိုတော့ အဲဒီပုဂ္ဂိုလ်မှာ အသိဉာဏ်တွေ အကုန်လုံးကုန်ရော။

ဗုဒ္ဓဘာသာ ဖြစ်လျက်နဲ့ ဘုရားရှေ့သွားပြီးတော့ တခါတည်းလှဲအိပ်ပြီးဘုရားဘက် ခြေတောက်ကြီးတွေ ဖြစ်ကြတယ်ဆိုတာဟာ အသိဉာဏ်မရှိကြတော့လို့ ဒါကြောင့်သေရည်သေရက် သောက်စားခြင်းဟာ အဲဒီလိုမကောင်းကျိုး (၆)ပါးရှိတယ်ဆိုတာကို တို့ပရိသတ်မှတ်ပြီးတော့ ထားလိုက်။

(၁)ဆက်တွေ စီးပွါးဥစ္စာ ပျက်စီး ဆုတ်ယုတ်ခြင်း

(၂)ခိုက်ရန်များခြင်း

(၃)ရောဂါတိုးပွားခြင်း

(၄)မကောင်းသတင်း ကျော်စောတတ်ခြင်း

(၅)အရှက်အကြောက်တွေ ကုန်ခန်းစေတတ်ခြင်း

(၆)အသိဉာဏ်တွေခန်းခြောက်စေတတ်ခြင်း။

"မကောင်းကျိုး ဘယ်နှစ်ပါးလဲ"

"ခြောက်ပါးပါဘုရား"

အဲဒီလို မကောင်းကျိုး (၆)မျိုးကို ဖြစ်ပွါးစေတတ်တဲ့သေ ရည်သေရက် သောက်စားခြင်းကို ဘုရားရှင် ကိုယ်တော်မြတ်က မကောင်းပါဘူးလို့ ဟောထားပါလျက်နဲ့ ဒီကနေ့ကမ္ဘာ အရပ်ရပ်မှာတော့ အဲဒါကိုသောက်မှသာလျှင် ထိပ်တန်းရောက်တယ်ဆိုတော့ ကမ္ဘာလောကကြီးဟာ ပျက်စီးဖို့ဖြစ်လာတယ်ဆိုတာ တွေ့ပရိသတ် စဉ်းစားကြပေတော့ ကမ္ဘာကြီးပျက်ဖို့ဖြစ်လာတာ။

ဒီဥစ္စာ သောက်မှလူရာဝင်တယ်၊ ဒီဥစ္စာမျိုးမှရှမှ လူရာဝင်တယ်ဆိုလို့ရှိယင် ပျက်စီးခြင်း အကြောင်းတရား တွေကိုရှေ့တန်းတင်ပြီးတော့ လာခြင်းပဲ ကမ္ဘာလောကကြီးဟာ တယ်ပြီးတော့ ကောင်းဖို့မရှိပါဘူး ကိုင်း— ရှေ့ဆက်ပြီးတော့ သွားကြပါစို့။

## လောင်းကစား လိုက်စားခြင်းမှ ရရှိသော အကျိုး တရားများ

အက္ခဓုတ္တော စ၊ လောင်းကစားလွန်ကြူး လိုက်စားခြင်းသည်လည်းကောင်း။

အလောင်းကစား လွန်ကြူးလိုက်စားတဲ့ ပုဂ္ဂိုလ်လည်းပဲပျက်စီးတတ်တယ်၊ အလောင်းအစား လိုက်စားတာနဲ့ပတ်သက်လို့လည်းပဲ ဒီလိုပဲသိင်္ဂါလောဝါဒ (သိင်္ဂါလ) သုတ္တန်မှာ ဘုရားရှင်ကိုယ်တော်မြတ်က မကောင်းကျိုး (၆) ပါးထုတ်ပြတယ်။

ဇယံ ဝေရံ ပ သ ဝ တိ၊ ဇိ နော ဝိတ္တ မ နု သောစတိ၊ သန္ဒိဋ္ဌိကာ ဓနဇာနိ၊ သဘာဂတဿ၊ ဝစနံ န ရူဟတိ၊ မိတ္တမစ္စာနံ

ပရိဘူတော ဟောတီ၊ အာဝေါဟ ဝိဝေါဟ ကာနံ အပတ္တိတော ဟေ့ာကို။ အက္ခာဝူဖွေ့ာ အဖော် ပုရိသပုဂ္ဂလော နာလံ ဒေါ ရာဘရဏာယာတို။

(၁)ဇယံဝေရံပသဝတိ

ဇယံ — ဇယန္တော၊ နိုင်ခဲ့သည် အောင်ခဲ့သည် ရှိသော်။ ဝေရံ၊ ရန်ကို။ ပသဝတိ တိုးပွားစေ၏။

လောင်းကစား လုပ်ငန်းလုပ်လို့နိစ်တော့မြို့ ဆိုလို့ရှိယင်ဖဲဒါ နိုင်တဲ့ပုဂ္ဂိုလ်ဟာ ရန်သူတွေ ဝိုင်းလိုက်တာပ်၊ ရှုံးတဲ့ လူတွေက အဲဒီလူကို သတ်ဖို့သော့ချာတော့ထာပဲ၊ ဖဲဝိုင်းက မောနဲ့ထိုးကြ တယ်ဆိုလို့ရှိယင် အဲဒါနိုင်တဲ့လူ အထိုးခံရတယ်၊ ကြက်ဝိုင်းကဓားနဲ့ထိုးကြတယ် ဆိုလို့ရှိယင် နိုင်တဲ့လူအဆိုးခံရတာပဲ။

ဒါကြောင့်ဇယံဝေရံ ပသဝတိ—တဲ့၊ အနိုင်နဲ့ပိုင်းထားတ ကြည့်ပါလား ရှုံးတဲ့လူ အပေါင်းက ဗီလူကိုအသေသတ်ဖို့ပဲ ဒါကြောင့် နိုင်ပြန်ယင်လည်း ဘာဖြစ်တုံး၊ နိုင်တဲ့လူအတွက် ရန်များတယ်၊ မှတ်ထာလိုက်ကြ၊

"နိုင်တော့ ဘာဖြစ်တုံး"

"ရန်များပါတယ် ဘုရား"

(၂)ဇိနောဝိတ္တမနု သောစတိ၊

ဇိနော၊ ရှုံးခဲ့သည်ရှိသော်။ ဝိတ္တံ၊ ဆိမ်ရှုံးသွားသော ပစ္စည်းအကျက်။ အနုသောစတိ၊ တွေးလိုက်တိုင်း တွေးလိုက် တိုင်း ပူပန်၍နေ့ရရှာ၏။

ရှုံးပြန်ယင်လည်းပဲ အဲဒီရှုံးသွားတဲ့ ပစ္စည်းတွေကို စွေး ပြီးတော့ စိတ်ထဲပူရတယ်—တဲ့၊ ရှုံးလို့ရှိယင် စိတ်ထဲမှာ ပူပန် ရခြင်းဆိုတဲ့ မကောင်းကျိုး။

"ရှုံးယင်စိတ်ထဲဘာဖြစ်"
"ပူပန်ရပါတယ်ဘုရား"
"ပူပန်ရတဲ့အကျိုး"

(၃)သန္ဒိဋ္ဌိကာ ဓနဇာနိ

သန္ဒိဋ္ဌိကာ၊ ကိုယ်ပိုင်လက်ရှိဖြစ်သော။ ဓနဇာနိ၊ စီးပွား ဥစ္စာ ပျက်စီးရခြင်းသည်။ ဟောတိ၊ ဖြစ်ရလေတော့၏။

လက်တွေ့ စီးပွားဥစ္စာ ပျက်စီးဆုံးရှုံးခြင်းဆိုတဲ့ တတိယ မကောင်းကျိုး။

(၄)သဘာဂတဿ ဝစနံ နရူဟတိ၊

သဘာဂတဿ၊ မွဲအသင်အလယ်သို့ ရောက်၍ လာသော (ဝါ) လူကြီးလူကောင်း ပရိသတ်အလယ်သို့ ရောက်၍လာ သော။ တဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ ဝစနံ၊ စကားသည်။ နရူဟတိ၊ မသက်ရောက်တော့ပါ (ဝါ) အကျိုးမများတော့ ပါ (ဝါ)မအောင်မြင်တော့ပါ။

သဘာဂဆိုတာက လူကြီးလူကောင်းပွဲသဘင်ပရိသတ်အခမ်း အနားကြီး ရောက်လာပြီဆိုလို့ရှိယင် အဲဒီလောင်းကစားတဲ့ ပုဂ္ဂိုလ် သေရည်သေရက် သောက်စားတဲ့ ပုဂ္ဂိုလ်တွေဟာ တကယ့်အခမ်းအနား စင်မြင့်ပေါ်တက်ပြီး မိန့်ခွန်းတွေ ဘယ် လောက်ပဲ ချွေနေချွေ အောက်က နားထောင်တဲ့ လူတွေကို

သူဘာတွေပဲပြောပြောကွာ၊ သူကပဲသမားကြီးပေါ့ ဒီလိုဖြစ်လာတာ။

ပွဲသဘင်အလယ်မှာ ထိုကဲ့သို့သော ပုဂ္ဂိုလ်များရဲ့ စကားသည် မတင့်တယ်တော့ဘူး၊ ဘယ်သူမှ မလေးစားတော့ဘူးအဲဒါမလဲ့သလို မတတ်သလိုအာ ကြောက်လို့အာ ထိုင်ပြီးတော့နားထောင်နေရသာ ဖြစ်ခြင်းဖြစ်မယ် စိတ်ထဲကတော့ အဲဒီသူစကားတွေကို ဘယ်သူကမှ မလေးစားသူးတဲ့။

ဝုတ်သုံးဝုတ်ကို ရှောင်ပါလေ

နောက်တခါ ဘာသာပြန်ထုန်း ဆိုတော့–

(၅)မိတ္တာမစ္စာနံ ပရိဘူတော ဟောတိ၊

မိတ္တာမိစ္စာနံ၊ မိတ်ဆွေ ခင်ပွန်းတို့၏။ ပရိဘူတော၊ ပျက်ရယ်ပြုခြင်းကိုခံရသည်။ ဟောတိ၊ ဖြစ်၏။

မိတ်ဆွေ သင်္ဂဟတွေက အဲဒီဂ္ဂိုလ်ကို မြင်လိုက်တိုင်း ပျက်ရယ်ပြုကြတယ်၊ ပြောင်လှောင်ကြတယ်၊ အလောင်းအစားလိုက်စားတဲ့ ပုဂ္ဂိုလ်ကို သူငယ်ချင်းများက မြင်လို့ရှိယင်ပေါ့–ဟိုမှာ သမားကြီး၊ အရက်သမားကြီးလာပြီဟေ့ စသည်ဖြင့်အဲဒီလို လှောင်တဲ့ ပြောင်တဲ့ စကားတို့ဖြင့် ပျက်ရယ်အပြုခံရတတ်တယ်။

(၆)အဝါဟ ဝိဝါဟကာနံ အပတ္ထိတော ဟောတိ အက္ခရတ္ထ၊

အဝါဟဝိဝါဟကာနံ၊ သမီးရှင်တို့၏။ အပတ္ထိတော၊ တောင့်တမှုကို မရသည်။ ဟောတိ၊ ဖြစ်၏။]

အဲ့ဒီလောင်းကစား လိုက်စားလွန်ကြူးတဲ့ ပုဂ္ဂိုလ်အားလက်ထပ်ထိမ်းမြားဖို့ရန် အမျိုးသမီး ရှာတဲ့အခါကျပြန်တော့လည်းပဲ အမျိုးသမီးရှင်များက ကြည့်လိုက်တယ် ဒီအမျိုးသားဟာဘယ်လိုလည်းဟာ၊ သေရည်သေရက် သောက်စားမှုကင်းရဲ့လား၊ လောင်းကစား လိုက်စားမှုကင်းရဲ့လားလို့ စိစစ်လိုက်တဲ့အခါကျတော့ အလောင်းသမား တယောက်ဖြစ်နေခဲ့ယင်—

အက္ခဓုတ္တော အယံ ပုရိသပုဂ္ဂလော နာလံ ဒါရဲဘရဏာယ။

အယံ ပုရိသပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ အက္ခဓုတ္တော၊ အလောင်းအစား ကစားသမားတည်း။ ဒါရဘရဏာယ၊ သားမယားကို ကျွေးမွေးဖို့ရန်။ နာလံ၊ မစွမ်းနိုင်။ ဣတိ၊ ဤသို့။ အပတ္တိတော၊ မလိုလားတော့သည်။ ဟောတိ၊ ဖြစ်လေတော့၏။

ဒီလူကွာ သားမယားလုပ်ကျွေးဖို့ စွမ်းနိုင်တဲ့လူတယောက်မဟုတ်ပါဘူး၊ ဖဲရိုက်လောင်းကစားမယ့် လူပါပဲလို့ သမီးရှင်များက ရှောင်သွားတတ်တယ်၊ အဲဒီလို လောင်းကစားတဲ့ပုဂ္ဂိုလ်အားလည်းပဲ မကောင်းကျိုး(၆)ပါး ရှိတယ်လို့သိင်္ဂါလောဝါဒ(သိင်္ဂါလ) ဒေသနာအရ တို့ပရိသတ်မှတ်ထား။

ဒါကြောင့်မို့လို့ လောကသံသရာ နှစ်ဖြာမှာ ပျက်စီးတယ်ဆိုဘာဟာ ဒါပါပဲတဲ့၊ အခုတော့ သိင်္ဂါလောဝါဒ(သိင်္ဂါလ)ဒေသနာနဲ့ ဤပရာဘဝသုတ္တန် ဒေသနာမှာ လောင်းကစားလိုက်စားခြင်းနဲ့ သေအရက် သောက်စားခြင်းတို့အတွက်ပစ္စက္ခပျက်စီး ထာတွေကိုချည်း ဘုရားရှင် ရှောက်ပြတယ်၊အဲဒီမှာသံသရာအတွက် မပြောဘူး။

ဒီတော့—ဘုန်းကြီး အခုပြောပြီးတော့ သွားတာစိတ်သုံး ခုတ်။

(၁) ဣတ္တိစိတ္တ— မိန်းမလိုက်စားခြင်း
(၂) သုရာစိတ္တ—သေအရက် သောက်စားလွန်ကြူးခြင်း
(၃) အက္ခစိတ္တ— လောင်းကစား လိုက်စားလွန်ကြူး ခြင်း

အဲဒီစိတ်သုံးခုတ် လိုက်စားလွန်ကြူးခြင်းသည် ပရာဘဝမု ခ၊ ပျက် စီး ခြင်းရဲ့ အကြောင်း၊ ဟိုဘဝ ဒီဘဝ ဘယ်တော့မှ မချမ်းသာဘူး။

အဲဒါ (ဂ) ခုမြောက် ဂါထာရဲ့အဓိပ္ပါယ်၊ မြတ်စွာဘုရား အဲဒီလိုဟောတော့ နတ်သားလေးက (၉) ခုမြောက် မိန့်တော် မူပါဦးဆိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က—

နဝမမြောက် ပျက်စီးခြင်း အကြောင်းတရား (၁) ပါး

(၉) သေဟိ ဒါရေဟိ အသန္တုဋ္ဌော၊
ဝေသိယာသုပဒုဿတိ၊
ဒုဿတိ ပရဒါရေသု၊
တံပရာဘဝတော မုခံ။
ဘောဒေဝပုတ္တ၊ အို— နတ်သား။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ သေဟိဒါရေဟိ၊ မိမိရဲ့ဇနီး မယားတို့နှင့်။ အသန္တုဋ္ဌော၊ မရောင့်ရဲမတင်းတိမ်းနိုင်သည်ဖြစ် ၍။ ဝေသိယာသု၊ ပြည့်တန်ဆာမတို့၌။ ပဒုဿတိ၊ ပြစ်မှားလွန် ကြူး၏။

တံဝေသိယာပဒုဿနံ၊ ထိုကဲ့သို့ ပြည့်တန်ဆာမတို့၌ လွန်ကြူးလိုက်စားခြင်း လည်းပဲ။ ပရာဘဝတော၊ ပျက်စီးခြင်း၏ မုခံ၊အကြောင်းတရားပါပေတည်း။

ဘယ်လောက်မြင်တော်မူတဲ့ မြတ်စွာဘုရားလည်းဆိုတာ၊ မိမိ သားမယားနဲ့ အားမရ တင်းမတိမ် နိုင်ပဲနဲ့ ပြည့်တန်ဆာမတွေ လိုက်စားလွန်ကြူးတဲ့ ပုဂ္ဂိုလ်ဟာလည်းပဲ အဲဒါပျက်စီးတတ် ပါတယ်— တဲ့။

အဲဒီလို ပျက်စီးခြင်းရဲ့ အကြောင်းတရားတွေကျတော့ ဤ သုတ္တန်မှာလည်း အကျယ်မပြဘူး၊ သိင်္ဂါလောဝါဒ (သိင်္ဂါလ) သုတ္တန်မှာလည်း အကျယ်မပြဘူး၊ ထင်ရှားလွန်းလို့ အဲဒါ ကျတော့ ဘုရားက အကျယ်မပြောတော့ဘူး။

ပြည့်တန်ဆာမတို့၌ လိုက်စားလွန်ကြူးခြင်းသည် ဘယ်လိုပဲ ကြည့်ကြည့် လောကလူမှုရေးအရ၊ ကျန်းမာရေးအရပဲကြည့် ကြည့်၊ ကြည့်ချင်တာနဲ့ကြည့် ဘယ်ဘက်ကမှ မကောင်းတဲ့ ဥစ္စာ၊ အဲဒါတို့ ဘုရားရှင်ကိုယ်တော်မြတ်က အသေးစိတ်မပြော တော့တဲ့အတွက်ကြောင့် ဘုန်းကြီးတို့ အဓနနဲ့လည်း ပရိသတ် သိလောက်ပြီဖြစ်၍ ရှေ့သာသွားကြစို့။

ဒသမမြောက် ပျက်စီးခြင်း အကြောင်းတရား(၁)ပါး

ကိုင်း— နောက်တဂါထာဆက်ပြီးတော့ ဟောတော်မူပါဦး ဘုရားဆိုတော့၊ ဘုရားရှင်ကိုယ်တော်မြတ်က ဘာပြောသလည်း-

(၁၀) အတီတယောဗ္ဗနော ပေါသော၊
အာနေတိ တိမ္ဗရုတ္ထနိံ ။

တဿာ ဣဿာ နသုပတိ၊
တံပရာဘဝတောမုခံ။

ခေဘာဒေဝပုတ္တ၊ အို—နတ်သား
အတိတယောဗ္ဗနော၊ အရွယ်လွန်၍ အိုမင်းနေသော။ ပေါသော၊ ယောကျ်ားသည်။ တိမ္ဗရုတ္ထနိံ၊ အလွန်ငယ်ရွယ်၍နေသော(ဝါ)တည်သီးအရွယ်သားမြတ်ငယ်ရှိသောအမျိုးသမီးကို။ အာနေတိ၊ ယူဆောင် သိမ်းပိုက်၏။
တံပိ၊ ဆိုကဲ့သို့ အရွယ်လွန်ပြီးတဲ့ အမျိုးသားကြီးက အလွန်နုနယ် ငယ်ရွယ်တဲ့ မိန်းကလေးကို ဇနီးအဖြစ်နဲ့ ယူဆောင်သိမ်းပိုက်ခြင်းလည်းပဲ။ ပရာဘဝတော၊ ပျက်စီးခြင်းရဲ့။ မုခံ၊ အကြောင်းတရားပါပေတည်း။
ကြည့်စမ်း—အရွယ်လွန်ပြီးတော့ ၆၀၊ ၇၀၊ ၈၀ အရွယ်ရောက်နေတဲ့ အဘိုးကြီးတွေက ၁၃နှစ်၊ ၁၄နှစ်၊ ၁၅နှစ်၊ ၁၆နှစ်၊ အရွယ် မိန်းကလေးတွေကို ဇနီးအဖြစ်နဲ့ ယူပြီးတော့ ထားမယ်ဆိုယင်လည်း အဲဒီပုဂ္ဂိုလ်ကြီးအတွက် ထိုအဘိုးကြီးအတွက် ပျက်စီးခြင်းရဲ့ အကြောင်းပဲတဲ့ဗျာ၊ ဘာပြုလို့လည်း။

တဿာဒုဿာနသုပတိ၊

တဿ၊ ထို အမျိုးသမီး၌။ ဣဿာ၊ စိတ်မချရတဲ့အတွက်ကြောင့်။ နသုပတိ၊ နေ့ရောညပါ အိပ်လို့မပျော်ပဲ ရှိတတ်၏။
အိပ်မပျော် စားမဝင် ဒီလိုရှိရတယ်၊ သူကအရွယ်လွန်နေပြီ၊ မိန်းကလေးက အရွယ်ငယ်ငယ်ပဲ ရှိသေးတယ်၊ ငယ်ရွယ်သူများဆိုတာ ငယ်ရွယ်သူများကိုသာလျှင် တောင့်တတဲ့ သဘာဝရှိတတ်သောကြောင့် ထိုကဲ့သို့ အရွယ်လွန်နေသော အဘိုးအို

ကြီးအား ငယ်ရွယ်သော မိန်းကလေးသည် တနေကုန် ထိုင်ပြီး တော့ ကြည့်ပင်ကြည့်ငြားသော်လည်းပဲ ကိလေသာ စိတ်ဆို တာ ဖြစ်ချင်မှ ဖြစ်လိမ့်မယ်။

ဒါ့ကြောင့် ထိုကဲ့သို့ ငယ်ရွယ်သော မိန်းကလေးဟာ ငါ့ကို ပစ်ထားမှာပြီးတော့ငယ်ရွယ်သော ယောကျ်ားနဲ့များ လိုက်သွား လေမလားဟာဆိုပြီးတော့ စိတ်မချရတဲ့အတွက်ကြောင့်။ဒုသာ၊ စိတ်မချရတဲ့ အတွက် ကြောင့်၊ နသုပတိ၊ အိပ်လို့တောင်မှ မပျော်ပဲဖြစ်တတ်တယ်၊ အဲဒါဟာ ပျက်စီးတယ်၊ ဘယ်တော့မှ မချမ်းသာဘူး၊ မြတ်စွာဘုရားမြင်တော်မူတယ်။

ဒီတော့ အရွယ်ကြီးတဲ့ ယောကျ်ားက အရွယ်ငယ်တဲ့ မိန်းကလေးအား လက်ထပ်ခြင်းကို သာလျှင် ဒီမှာဟောတော့ အရွယ်ကြီးတဲ့ အမျိုးသမီးများက အရွယ်ငယ်သော ယောကျ်ား လေးများနဲ့ လက်ထပ်ထိမ်းမြားခြင်းကြတော့ကော မပျက်စီး ဘူးလားဆိုတော့သူလည်းပဲပျက်စီးခြင်းရဲ့အကြောင်းပဲ။

အရွယ်ကြီးပြီးတော့နေတဲ့ ဒကာ်မကြီးများကလည်းအရွယ် ငယ်တဲ့ ယောကျ်ားလေးများနဲ့ ဒီလိုပဲ အိမ်ထောင်ပြုခဲ့မယ် ဆိုလို့ရှိယင်ပဲ အဲဒါစိတ်မချရတဲ့အတွက်ကြောင့် နေ့ရောညပါ အိပ်မပျော် စားမဝင်ဖြစ်ပြီးတော့ အဲဒါတွေဟာ စိတ်ဆင်းရဲ ပြီးတော့ နေတဲ့အတွက်ကြောင့် သူလည်းပဲ ပျက်စီးခြင်းရဲ့ အကြောင်းတာပါ၊၊ တော်တော်ကြာပစ်သွားပြီဆိုလို့ရှိယင် အဲဒါ အကုန်လုံး ဒုက္ခဖြစ်တတ်ကြတယ်—တဲ့။

အဲဒါကို ပရာဘဝမုခတပါးရယ်လို့ တို့ပရိသတ်မှတ်လိုက်ကြ။

ကောဒဿမမြောက် ပျက်စီးခြင်း
အကြောင်းတရား (၁)ပါး

(၁၁) ဣတ္ထိံ သောဏ္ဍိံ ဝိကိရဏိံ၊ ပုရိသံဝါ ပိတာဒိသံ။
ဣဿရိယသ္မိံ ဌပေသိ၊ တံပရာဘဝတော မုခံ။

ဘော့ဒေဝပုတ္တ၊ အို—နတ်သား။

သောဏ္ဍိံ၊ အသားစားကြူးသော။ ဝိကိရဏိံ၊ စီးပွား ဥစ္စာတွေကို ဖရိုဖရဲကျဲအောင် လုပ်တတ်သော။ ဣတ္ထိံ ဝါ၊ မိန်းမကို လည်းကောင်း။ ပုရိသံဝါ၊ ယောကျ်ားကိုလည်း ကောင်း။ ဣဿရိယသ္မိံ၊ အိမ်ထောင်ဦးစီးအရာ၌။ ဌပေသိ၊ ထား၏။

တံ၊ ထိုကဲ့သို့ စီးပွါးဥစ္စာတွေကို ဖရိုဖရဲကြဲအောင် လုပ်တတ် တဲ့မိန်းမ ယောကျ်ားကို အိမ်ထောင်ဦးစီးအရာမှာ ထားခြင်း လည်းပဲ။ ပရာဘဝတော၊ ပျက်စီးခြင်းရဲ့။ မုခံ၊ အကြောင်း တရားပါပေတည်း။

အိမ့်တွင်းရေးရောက်လာပြီ။
အမျိုးသမီးတို့ရဲ့ ဝတ္တရား—

"အိမ်တွင်းမှုလုပ်၊ သိမ်းထုတ်သေချာ၊ မိတ္တာကျဉ်ရှောင်၊ လျှော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ"

အိမ်တွင်းမှုလုပ်— အိမ်တွင်းမှုလုပ်ငန်းကို အမျိုးသမီးတွေ ကျော့ကျော့ပွန်ပွန်— တတ်တတ်ကျွမ်းကျွမ်း ရှိရမယ်၊ ထထကြွ

ကြွရှိရမယ်၊ နိုးနိုးကြားကြား သိမ်းထုတ်သေချာ— သိမ်းသိမ်းဆည်းဆည်းပေါ့။

ဒါ သိင်္ဂါလောဝါဒ (သိင်္ဂါလ) သုတ္တန်ကလာခဲ့တဲ့ ဒေသနာ၊ ယခု ပရာဘဝသုတ္တန်ကျတော့ အဲဒါကို ပြောင်ပြန်ပြန်လိုက်စမ်းပါ၊ အိမ်တွင်းမှုလုပ်ငန်းကို ကျစ်ကျစ်လျစ်လျစ် သိမ်းသိမ်းဆည်းဆည်း၊ သိုသိုသိပ်သိပ် မလုပ်တတ်တဲ့ မသိမ်းဆည်းတတ်တဲ့ ယောကျ်ား မိန်းမ ထိုအိမ်ထောင်မှာ အကြီးအမှူး ဖြစ်ခဲ့ပြီဆိုယင် အဲဒီအိမ်ဟာ ဘယ်တော့မှ မကြီးပွားဘူး ပျက်စီးပါတယ်တဲ့။

အဝတ်လှမ်းတဲ့ အခန်းသွားကြည့်ဦးမလား၊ အဝတ်တွေထားတဲ့ နေရာသွားကြည့်ဦးမလား၊ ဖရိုဖရဲကြဲလို့ တခါတည်းစောင်ရော၊ လုံချည်ရော၊ အင်္ကျီရော၊ ထဘီရော ဖရိုဖရဲကြဲပြီး ခုတင်ခြေရင်းမှာ ပုံလို့၊ သနပ်ခါးသွေးတဲ့ နေရာသွားကြည့်ဦးမလား ကျောက်ပျဉ်တွေ သနပ်ခါးတုံးတွေ ပိုးလိုးပက်လက် ပေပေကျံ ကျံနဲ့ မှန်ကိုကြည့်ဦးမလား ပေကျံ နေတာပဲ၊ နံရံရော ဘာရော အကုန်လုံး ရွှံတွေမှုန်ထားတဲ့အတိုင်းပဲ၊ ဟုတ်လား အဲဒီလိုဖရိုဖရဲပေါ့၊

မီးဖိုထဲ ထမင်းအိုးချောင် သွားကြည့်ဦးမလား၊ စားပွဲပေါ်မှာစားပြီးသားက တချို့တဝက် ကြောင်အိမ်ထဲမှာ တဝက်အိုးထဲမှာလည်း တချို့တဝက်၊ ဒီကနေ့ညနေ ချက်ပြီးတဲ့ဟာအကုန်စားလို့ မကုန်ချန်ထား၊ မနက်ကျသိုး အကုန်သွန်ပစ်လိုက်၊ အဲဒီလို

အိမ်မှာ လူနှစ်ယောက်ရှိယင် ဆိုကြပါစို့၊ နို့ဆီဗူး နှစ်လုံး ချက်လို့ရှိယင် ဒီအိမ်လူနှစ်ယောက် စားလို့လောက်တယ်၊ အဲဒါ မဟုတ်ဘူး သုံးလုံး လေးလုံး ချိန်ချိန်ဆဆမဟုတ်ဘူး၊ နှင်းကမ် ချက်လိုက်တယ်၊ အဲဒါပိုတဲ့ ဥစ္စာတွေ နံနက်ကြ မစားချင်တော့ ဘူးဆိုပြီး သွန်ပစ်လိုက်တယ်၊ ဒီလိုပေါ့။

ရေတ်သီးနဲ့ ကြက်သွန်ရော၊ တခါတည်းပဲနဲ့ ရောလိုရော အဲဒီလိုကိုးရိုးကားရားတွေ၊ ဆားအိုးထဲက ဆားနှိုက်ပြီးတော့ ခပ် ဟင်းအိုးထဲထည့်၊ တော်ရုံထည့်ပြီး ပိုတဲ့ဆား မီးဖိုထောင့် ပက်ပစ်လိုက်၊ ဟုတ်လား၊ အဲအခုလို မိုးဦးလေကျလာလို့ မိုး လေးက စိုသာပြီဆိုလို့ရှိယင် အဲဒီမီးဖိုထောင့်မှာ တခါတည်း စိုပြီးအငိုပြန်နေတာပဲ။

အဲဒီလို ဖရိုဖရဲကြဲအောင်လုပ်တတ်တဲ့ဧကာဖြစ်စေဒကာမဖြစ် စေ၊ ထိုအိမ်ထောင်အကြီးအမှူးဆိုယင် ရှာချင်တိုင်းရှာ အဲဒါ မလောက်တော့ဘူး၊ဆင်ရဲးဖို့ဖြစ်တယ်၊ဝိကိရနိ ဖရိုဖရဲကြဲတယ်ဆို တာ အဲဒါကို ပြောတာ။

ကလေးတွေကို ကြည့်လိုက်ဦးမလား မီး ဖို ချောင် ထဲ မှာ စားချင်တဲ့လူက တယောက်ဝင် တယောက်ထွက် တယောက်ဝင် တယောက်နဲ့ ဘယ်သူပဲဖြစ်ဖြစ် စားချင်တဲ့ ဥစ္စာအိမ်ရှိလူကုန် စည်းမရှိ ကမ်းမရှိ အကုန်ဝင်နှိုက်ပြီးတော့ ဝင်တလုပ် ထွက်တ လုပ် ဒီလိုစားနေကြတယ်၊

## စည်းမဲ့ရှိ ကမ်းမရှိ

တချို့အိမ်များမှာ အဲဒါကလေးတွေကို စည်းနဲ့ကမ်းနဲ့ထိန်းလို့ကျောင်းလို့ သူ့အချိန်နဲ့ သူစားလို့ ဒီလိုမဟုတ်ဘူး၊ သူကနိုက်စားလိုက် ငါကနိုက်စားလိုက် ဒီလိုဖြစ်နေတယ်။ မော်လမြိုင်မြို့က အိမ်တအိမ်မှာ ဘုန်းကြီးတွေ့ခဲ့တယ်၊ ဘယ့်နှယ်တွေ့သလည်းဆိုတော့ ဘုန်းကြီးတို့ ကိစ္စတခုနဲ့ အဲဒီအိမ် ရောက်သွားပြီး၊ ဒကာကြီးတွေ ဒကာမကြီးတွေနဲ့ အိမ်ရှေ့ထိုင်ပြီး စကားပြောနေကြတယ်။

စကားပြောနေတုံး ဒကာမကြီးက ဈေးကပြန်လာတယ်၊ ပုစွန်တုပ်ကြီးတွေ ဈေးကဝယ်လာတယ်၊ ဘုန်းကြီးရောက်လာတယ်ဆိုတော့ မီးဖိုထဲ လက်ဆွဲခြင်းလေးချထားပြီးတော့ လာပြီးတော့ စကားပြောနေတုံး အိမ်ထဲရှိတဲ့ကလေး သုံးယောက်ကအဲဒီ ပုစွန်တုပ် တွေကို အကုန် ထုတ်ပြီးတော့ မီးဖိုထဲ ဖုတ်ပြီးစားနေကြတယ်။

အဲဒီပုစွန်တုပ်နဲ့ ဘုန်းကြီးကို ဆွမ်းကပ်ရမယ် ဆိုပြီးတော့ ဒကာမကြီးက ဆွမ်းချက်ဖို့ မီးဖိုထဲဝင်သွားတော့ အဲဒီ ကလေးတွေ မီးဖုတ်စားထားလို့ ပုစွန်တုပ်ဟာ အခွံပဲကျန်တော့တယ်၊ အဲဒီလို မိမိရဲ့သားသမီးတွေကို မထိန်းနိုင် မသိမ်းနိုင်ယင်လည်းပဲ ဒီသားသမီးတွေကို မမွေးနဲ့ဟုတ်လား၊ ဝိကိရဏံ ဆိုတာ အဲဒီလို ဖရိုဖရဲကြဲပြီးတော့ နေတာကို ပြောတာ။

ဝိကိရဏံ ဖရိုဖရဲကြဲအောင် လုပ်တတ်ပေသော။
သောဏ္ဍံ၊ အသောက်အစားကြူးပေသော။

ဘယ်တော့ပဲဖြစ်ဖြစ် အသားဟင်းလေးတခွက် မပါယင် စားလို့မဖြစ်ဘူးဆိုယင် အဲဒါသောဏ္ဍ°၊ အသားစားကြူး တယ်လို့ခေါ်တယ်၊ လောကနီတိဆရာကတော့—

မံသ ဘက္ခောကုတောဒယာ

လို့ဆိုထားတာ ဘုန်းကြီးတို့ငယ်ငယ်က သင်ထားတာလေး သွားပြီးတော့ အမှတ်ရတယ်။

မံသဘက္ခော၊ အသားစားကြူးသောသူသည်။ ကုတော ဒယာ၊ အဘယ်မှာ သနားခြင်းရှိအံ့နည်း။

အဲ—ပြီးတော့ ဘာတဲ့လည်း၊ ဆက်တိုက် လာသေးတယ်။

လုဒ္ဓိမိဿော ကုတောသီလံ

လုဒ္ဓိမိဿော၊ မိန်းမနှင့်ရောနှောသော။ ဘိက္ခု၊ ရဟန်း သည်။ ကုတောသီလံ၊ အဘယ်မှာသီလရှိအံ့နည်း။

လုဒ္ဓိမိဿော ကုတောသီလံ၊
မံသဘက္ခော ကုတောဒယံ၊

အဲဒီလောကနီတိစကား။

အသားစားကြူးတဲ့ သူဟာသူတပါးကို သနားခြင်းဆို တာ မရှိနိုင်ဘူးလို့ လောကနီတိကဆိုတယ်။

အဲဒါတွေကို ထားပါတော့၊ အသားစား ပြဿနာတွေကို ရှောက်ပြီးတော့ ရှင်းနေလို့ရှိယင်လည်း မပြီးတော့ဘူး၊ ဆိုလို တာက စီးပွါးရေးနဲ့ ပတ်သက်လို့ ဒီကနေ့ဘုန်းကြီးတို့တရား နဲ့ပရိသတ်သိပြီးသားပါ၊အသားတွေနဲ့ ပတ်သက်လို့ ဘယ်ဥစ္စာ ဘယ်လောက် ဈေးဆိုတာ ဘုန်းကြီးတို့ ပြောစရာမလိုဘူး၊

အဲဒီလောက်ဈေးနှာတွေကြီးနေတဲ့ ခေတ်ကြီးမှာ အသားမပါ ယင် ထမင်းမစားဘူးဟာ ဆိုခဲ့လို့ရှိယင် အဲဒါပျက်စီးဖို့ပဲ—တဲ့။

အသားစား ကြူးခြင်းဟာ စီးပွါးဥစ္စာတွေကို ဖရိုဖရဲကြဲ အောင် လုပ်ခြင်းဟာ ပျက်စီးခြင်းရဲ့အကြောင်း၊ အဲဒီလိုဖရို ဖရဲကြဲ၊ အသားစားကြူး၊ အကောင်းမှု သိပ်စားတတ်တဲ့ ပုဂ္ဂိုလ်တွေ အိမ်ထောင်ဦးစီး ဖြစ်လာခဲ့ယင် ထိုအိမ်ထောင်သည် မကြီးပွါးတော့ဘူး၊ ဒီလိုပြောပါတယ်။

ဘုန်းကြီးတို့ စကားလေးတခုရတယ်၊ အညာသားစကား ပါပဲ။

"ပစ္စည်းကလဲ မဖြစ်စလောက်၊ ကလေးကလဲ တနှစ် တ ယောက်" "အိမ်က တိုင် လေးကလဲ ဝါးဘိုးဝါး၊ အိမ်က အမျိုးသမီးကလဲ ငါးပဏ်ကွင်းမှ စားလိုက်ချင်တယ်" ဆိုတဲ့ အညာစကားလေးရှိတယ်။

အဲဒီလိုပေါ့လေ။ ဣတ္ထိ'သောဏ္ဍ°'ဝိကိရဏိ'ဆိုတဲ့ ဤသုတ္တန် ဂါထာကို အဓိပ္ပါယ်ပြန်ယင် အဲဒီလိုပဲ ပြန်ကြစို့ပေါ့၊ အဲဒီလို ဖြစ်နေပြီဆိုယင် မကြီးပွားတော့ဘူး၊ ကြီးပွားဖရေး စီးပွားရေး နဲ့ ပတ်သက်လို့ သိင်္ဂါလောဝါဒ (သိင်္ဂါလ) ဒေသနာတို့ မင်္ဂလသုတ္တန် ဒေသနာတို့ အခုပရာဘဝသုတ္တန် ဒေသနာတို့ အဲ ဒါဘုန်းကြီးတို့ ပရိသတ်အတွက် အလွန်အဖိုးတန်တဲ့ တရား တွေလို့ မှတ်ပြီးတော့ထားလိုက်။

ဣတ္ထိံ သောဏ္ဍိံ ဝိကိရဏိံ--

သောဏ္ဍိံ၊ အသားမပါယင် မစားပါဘူး ဆိုပြီးတော့ အသားစားကြူးသော။ ဝိကိရဏိံ၊ စီးပွားဥစ္စာတွေကို ဖရိုဖရဲ ကြဲအောင် လုပ်တတ်သော။ ဣတ္ထိံဝါ၊ အမျိုးသမီးကိုလည်းကောင်း။ ပုရိသံဝါ၊ အမျိုးသားကိုလည်းကောင်း။ ဒုဿရှိယသို့၊ အိမ်ထောင်ဦးစီးအရာ၌။ ဌပေသိ၊ ထား၏။

တချို့များ ဘုရားဆွမ်းတော်တင်ထားတာ နံနက်နဲ့ ညနေဆက်သွားတယ်၊ နံနက်ဆွမ်းတော်တင်ထား ညနေကျတောင် မသိမ်းရသေးဘူး၊ အဲဒါပရွက်ဆိတ်တွေကတက်လို့ ညနေစောင်းကြတော့မှ ဘုရားမီးထွန်းမယ် ကြံတော့မှ သွားကြည့်လိုက်တော့ ဟာနံနက်က ဆွမ်းတော်တင် မစွန့်ရသေးဘူး ဆိုပြီး ဒီတော့မှ စွန့်ရတယ်၊ အဲဒီလိုပေါ့။

ဘုရားပန်းအိုးကြည့်လိုက်မှဖြင့် ယင်လည်း အဲဒါပန်းတွေက ပုပ်ဆွေးလို့ အဲဒီထဲမှာ ခြင်တွေက တလောင်လောင်း၊ အဲဒီလိုဟာထေ့က ကြီးပွါးရေးနဲ့ ပတ်သက်လို့ရှိယင် သိပ်ဆန့်ကျင်တဲ့ ပရာဘဝတရားတွေဆိုတာ ဘုန်းကြီးတို့ပရိသတ် အလေးအနက် ကျယ်ကျယ်ပြန့်ပြန့်သာ စဉ်းစားကြပေတော့။

ဒီတော့သယ်နှစ်ဂါထာ ရောက်သွားပြီလည်းဆိုတာ ဘုန်းကြီးတို့ပရိသတ် စဉ်းစားမိကြရဲ့လား၊ မြတ်စွာဘုရားမိန့်တော်မူလိုက်တာ (၁၁) ဂါထာပြီးသွားပြီ၊ ဒီတော့ယင် (၁၁) ခုမြောက် ဂါထာပြီးလို့ပရာဘဝတရား တွေကိုအသိရပါပြီ ပျက်စီးကြောင်းတရားတွေကို သိရပါပြီ၊ (၁၂) ခုမြောက်ထပ်

ဟောပါဦး တုရားလို့ လာပြန်သေးတယ်၊ ဒီနတ်သားက လည်းနော်—

ဒွါဒသမမြောက် ပျက်စီးခြင်း အကြောင်းတရား (၁) ပါး ဒီတော့ဘုရားရှင် ကိုယ်တော်မြတ်က—

(၁၂) အပ္ပဘောဂေါ မဟာတဏှော၊ ခတ္တိယေ ဇာယတေ ကုလေ။

သောစ ရဇ္ဇံ ပတ္ထယတိ၊ တံပရာဘဝတောမုခံ။

ဘောဒေဝပုတ္တ၊ အို—နတ်သား။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အပ္ပဘောဂေါ၊ စည်းစိမ်ဥစ္စာအနည်းငယ် ရှိသည်ဖြစ်ပါလျက်နှင့်၊ မဟာတဏှော။တဏှာရမက်ငမ်းငမ်းတက်၍ နေသည်ဖြစ်၍။

ကြည့်လိုက်စမ်း အချက်(၂)ချက်ပြထားတယ်။

(၁) အပ္ပဘောဂ—စည်းစိမ်နည်း

(၂) မဟာတဏှော— တဏှာကြီးတယ်

စည်းစိမ်က နည်းပြီးတော့ တဏှာက သိပ်အားကြီးတယ်၊ တဏှာဆိုတာက--

(၁) ရူပတဏှာ

(၂) သဒ္ဒတဏှာ

(၃) ဂန္ဓတဏှာ

(၄) ရသတဏှာ

(၅) ဖေါဋ္ဌဗ္ဗတဏှာ

အကုန်းပေါ့၊ ရူပါရုံကိုလည်း သူကသူများထက်ပိုပြီးတော့ ကြည့်ချင်တယ်၊ ကိုယ့်မှာဖြင့် ဘာမှမရှိဘူး၊ သဒ္ဒါရုံကြပြန်

တော့လည်း သူများထက်ပိုပြီးတော့ နားထောင်ချင်တယ်၊ ကိုယ့်အိမ်မှာတော့ စားစရာမရှိဘူး၊ စောစောကပြောခဲ့သလိုပဲ အိမ်လေးကလည်း မခိုင့်တခိုင် ဝါးဘိုးဝါးနဲ့ ဆောက်ထားတာ ပစ္စည်းကလည်း မဖြစ်စလောက် အဲဒါငါးပတ်ကွင်းမှ စားလိုက်ချင်တယ်ဆိုပြီးတော့ ဒီလိုရသတဏှာ ငမ်းငမ်းတက်ပြီးတော့နေတယ်။

သဒ္ဒတဏှာနဲ့ ပတ်သက်လို့လည်းပဲ ဒီကနေ့ခေတ် လူတိုင်းလူတိုင်း သုံးစွဲနေတဲ့ အသံနဲ့ပတ်သက်တဲ့ ပစ္စည်းတွေ ဒါ ဘုန်းကြီးတို့ အထူးပြောဖို့ မလိုဘူး၊ ဒါမျိုးလည်းပဲ လိုချင်ရမက် ငမ်းငမ်းတက်နေတယ် သဒ္ဒတဏှာ၊ ဂန္ဓတဏှာ ကြမြန်တော့လည်း ရေမွှေးနှစ်ရာတန်သုံးရာတန်မှ သုံးချင်တယ်ဆိုကြပါစို့။

ဖေါဋ္ဌဗ္ဗတဏှာ— အတွေ့အထိကြပြန်တော့လည်း ကောင်းပေဆိုတဲ့ အဝတ်တထည် ချုပ်လိုက်လို့ရှိယင် ရာနဲ့ချီပြီးတော့တန်တဲ့အဝတ်မျိုး အဲဒီလို၊ မိမိမှာ စီးပွားဥစ္စာလေးက ဘာမှ မဖြစ်လောက်ဘူး လစာအနေနဲ့ ပြောယင် တရာ့ငါးဆယ်နှစ်ရာ သုံးရာ၊ ကိုယ်သုံးချင်စွဲ ချင်နေတာက တလတထောင်ဖိုးလောက် သုံးချင်နေတယ်။

အဲဒါမျိုးကို—

အပ္ပဘောဂေါ၊ စည်းစိမ်ဥစ္စာ နည်းပြီးတော့။ မဟာတဏှာ၊ အလိုရမက်တဏှာ ငမ်းငမ်းတက်ပြီးတော့ လာတဲ့ပုဂ္ဂိုလ်သည်။

ဘာဖြစ်လာသလည်းဆိုတော့--

သောစရဋ္ဌေ ပတ္တယတိ

သောစ၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည်ကား။ ရင္ဇ ၊ မင်းအဖြစ်ကို ပတ္တယတိ၊ တောင်းတတတ်၏။

ကိုယ့်မှာ ခံစားစရာက ဘာမှမရှိ၊ ခံစားချင်တဲ့တဏှာတွေက ငမ်းငမ်းတက်ဖြစ်လာတဲ့အချိန်ကြတော့ မင်းအဖြစ်တောင်းတတဲ့ ဘဝမျိုးရောက်သွားတယ်။

ငါဒီလို ဒီဘဝ ဒီအခြေအနေမျိုးနဲ့တော့ ဒီလိုကာမဂုဏ်တွေခံစားရမှာ မဟုတ်တော့ပါဘူး၊ ရှင်ဘုရင်ဖြစ်မှ ငါခံစားရတော့မှာပါပဲ၊ ဒီတော့ ရှင်ဘုရင်ဖြစ်အောင် ငါလုပ်မယ်ဟာ ဆိုပြီးတော့ အဲ့ဒီအချိန်မှာ ကြံမိကြံရာတွေ လျှောက်ကြံတော့တာပဲ၊ ဘာဖြစ်လို့လည်း အလိုရမ်မက် ငမ်းငမ်းတက်မိလို့ အကြံမှားတာ၊ ဘုရင့်ရာထူး တက်ကြံစည်တဲ့ ဘဝမျိုး ရောက်ရော။

မာန်မာန မခက်ထန် မဆောင်လွှားကြပါနဲ့

ခတ္တိယေဇာယတေကုလေ။

ခတ္တိယေကုလေ၊ မင်းမျိုး၌။ ဇာယတေ၊ ဖြစ်တယ်။

သူက သူ့ကိုယ်သူ မင်းအဖြစ်တက်ပြီးတော့ ကြံတယ်ဆိုတာ တဘက်က အားကိုးလေးကလည်းရှိတယ်၊ ငါဟာမင်းမျိုး မင်းနွယ်ကလာတာ အာဏာရှိတဲ့ အမျိုးအနွယ်က ဆင်းသက်လာတာ၊ ဒါပေမယ့် အခုတော့ စီးပွားဥစ္စာတွေ ဆုတ်ယုတ် ပျက်စီးဆင်းရဲပြီးတော့ အောက်တမ်းကျနေတဲ့ဘဝ၊ အမျိုးအနွယ်ကတော့ တယ်ပြီးတော့ မညံ့ဘူး အာဏာရှိတဲ့ အမျိုးကလာတာ။

အာဃာရှိတဲ့အမျိုးကလာတဲ့ ပုဂ္ဂိုလ် ဆင်းရဲပြီးတော့ နေ ကြပြီ ဆိုလို့ရှိယင် သိပ်ပြီးတော့ အထက်တန်းကို လှမ်းလှမ်း– လှမ်းလှမ်းပြီးတော့ မျှော်ကြတယ်၊ အဲ့ဒီအခါမှာ မင်းစည်း စိမ်ကို တောင်းတတဲ့အဖြစ် ရောက်သွားပြီးတော့ အကြံမှား၊ အလုပ်မှား အပြောမှားတွေ မှားပြီဆိုမှဖြင့် ယင်းအဲ့ဒီပုဂ္ဂိုလ် များလည်းပဲ မကြံသင့်တာ တက်ကြံတဲ့အတွက်ကြောင့် ပျက် စီးပြီ–တဲ့။

ဘုန်းကြီးတို့ ပရိသတ်များ အဲဒါကြပ်ကြပ် စဉ်းစားကြ၊ အပွဘောဂေါ– ကိုယ့်မှာစည်းစိမ်က အနည်းကလေး၊ မဟာ တဏှာ၊ တဏှာက သိပ်ပြီးတော့ မကြီးကြလေနဲ့၊ ကိုယ် စည်းစိမ်နဲ့ကိုယ်နဲ့ တန်ရုံပဲ ခံစားချင်ထဲ့စိတ်ကိုမွေး။

ငါဟာ ဘယ်လိုပုဂ္ဂိုလ်တွေနဲ့ ရင်းနှီးတာပဲ၊ ငါဟာမည် သည့်ပုဂ္ဂိုလ်ကြီးတွေနဲ့ သိတယ်ကျွမ်းတယ် ရင်းနှီးတယ်၊ ငါ ဘယ်အမျိုးအနွယ်က လာတယ်ဆိုပြီးတော့ အဲ့ဒါမာန်မာန တွေ ဆောင်ပြီးတော့ မင်းစည်းစိမ်မမှန်းကြနဲ့၊ရာထူးကြီးတဲ့ဘဝ တို့ ဩဇာအာဏာရှိတဲ့ အဖြစ်မျိုးတို့ အဲ့ဒါကိုယ်နဲ့မတန်တာ လှမ်းပြီးတော့ မမျှော်လေနဲ့ မမှန်းလေနဲ့ အဲ့ဒါ ပျက်စီး တတ်တယ် ဆုံးရှုံးတတ်တယ် ဒုက္ခဖြစ်တတ်တယ်လို့ မြတ်စွာ ဘုရား အဲဒီမှာပြတယ်။

အဲဒါနဲ့ ပတ်သက်လို့တော့ ဘုန်းကြီးတို့သာဝကတွေ အထူး ထုတ်ဖို့ မလိုတော့ဘူး၊ မနေ့ကပြောခဲ့တဲ့ အထဲမှာ ပျက်စီး ပြီး တော့ သွားတဲ့ ဝိဋဋူဘတို့ဖြစ်ရပ်ကိုသာ ပြန်ကြည့်ကြ

ရော့၊ မင်းအဖြစ် မျှော်မှန်းခဲ့တဲ့ အတွက်ကြောင့် အကုန်လုံး ပျက်စီး၊ ဒုက္ခတွေဖြစ်ကြတယ်။

ဒီကနေ့ ကမ္ဘာလောကမှာပဲကြည့်ကြည့်၊ မြန်မာ့သမိုင်းကို ပြန်ပြီးတော့ ကြည့်ကြည့် ကိုယ်နဲ့ မတန်တာတွေ တက်တက် မှန်ပြီးတော့ ကြံစည်ခဲ့လို့ ပျက်စီး သွားတဲ့ ပုဂ္ဂိုလ်တွေဟာ မနည်းဘူး ရှိကြတယ်၊ ဒါကြောင့် တဏှာရမက်ငမ်းငမ်းတက်ပြီး တော့ ဘုန်းကြီးတို့ပရိသတ် အကြံမမှားကြလေနဲ့။

အပ္ပဘောဂေါ၊ စည်းစိမ်ဥစ္စာ အနည်းငယ်ရှိသည် ဖြစ်ပါ လျက်နှင့်။ မဟာတဏှော၊ တဏှာရမက် ငမ်းငမ်းတက်၍နေ သည်ဖြစ်၍။ ခတ္တိယေဇာယ တေကုလေ၊ မင်းမျိုး၌ဖြစ်သော ပုဂ္ဂိုလ်သည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ပတ္တယတိ၊ တောင့်တ၏။ တံ၊ ထိုကဲ့သို့ မတန်ရာတက်ပြီးတော့ တောင့်တခြင်းသည်။ ပရာဘဝတော၊ ပျက်စီးချင်းရဲ့။ မုခံ၊ အကြောင်းတရားပါ ပေတည်း။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဒေဝသာသိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူလိုက်ပါပေသတည်း။

"သာဓု—သာဓု—သာဓုပါဘုရား"

## နတ်သားကလေး ဆက်လက် မလျှောက်ထားနိုင်တော့ပြီ

၁၂—ခုမြောက် ဂါထာဖြင့် ပျက်စီးခြင်းရဲ့ အကြောင်း တပါးဟောလိုက်တော့ ဘုန်းကြီးတို့ပရိသတ် နတ်သားလေး ဟာ ဆက်ပြီးတော့ မလျှောက်တော့ဘူး၊ အခါတည်း

ငြိမ်သွားတယ်၊ သိကြားမင်းနှင့်တကွ စကြဝဠာတိုက်တသောင်း
က နတ်ဗြဟ္မာတွေလည်း အကုန်လုံး ငြိမ်ပြီးတော့ မှိုင်နေကြ
တယ် ဘာမှမပြောကြဘူး။

ဟောတော်မူပါဦးဘုရား— ဟောတော်မူပါဦးဘုရားဆိုတဲ့
အဲဒီနတ်သားလေးလည်း ရှေ့ဆက်ပြီးတော့ ဘာမှမလျှောက်
တော့ဘူး၊ သူလည်း ငြိမ်ပြီးတော့ တခါတည်း သောကဖြစ်ပြီး
တော့ စိတ်ထဲမှာ မချမ်းမသာကြီးနဲ့ အဲဒီမှာထိုင်ပြီးတော့ မှိုင်
သွားတယ်။

စိတ်ထဲမချမ်းမသာ ဖြစ်သွားတာက လောကပျက်စီးတတ်တဲ့
အကြောင်းတွေက တယ်များပါလား၊ ဒီလောကကြီး အဲဒီ
ပျက်စီးတတ်တဲ့ဘေးတွေမှ လွတ်ပြီးတော့ ကြီးပွားချမ်းသာ
အောင် ဘယ်လိုလုပ်ရပါ့မလဲ၊ အဲဒါတွေးတောပြီးတော့ ထို
ကဲ့သို့ လာရောက်ပြီးတော့ ပရာဘဝသုတ္တန်ကြီးကို လျှောက်
ထားတဲ့ နတ်သားလေးလည်း ရှေ့ဆက်ဘာမှမလျှောက်တော့
ဘူး၊ မှိုင်ပြီးတော့ သူလည်းငြိမ်သွားတယ်၊ စိတ်ထဲမချမ်းသာ
လွန်းလို့ မှိုင်သွားတယ်။

ဒီကနေ့ ဘုန်းကြီးတို့တရားနာပရိသတ်ရဲ့ လောကကြီးမှာ
ပျက်စီးတတ်တဲ့ အကြောင်းတွေ အဲဒီလောက်များတဲ့အတွက်
ကြောင့် ဒီပရာဘဝအကြောင်းလာမေးတဲ့ နတ်သားလေးဟာ
စိတ်ညစ်သွားတယ်ဗျ။

"ဘုန်းကြီးတို့ ပရိသတ်ကောဘယ်လိုလဲ— စိတ်မညစ်သေး
ဘူးလား"

" "

"သိပ်ပြီးတော့ စိတ်ညစ်သွားပုံ မရသေးဘူးနော်— အရ ၁၂· ဂါထာပဲ ဟောရသေးတယ်၊ နောက်တခါ ၂၄— ဂါထာလောက်၊ ၄၈— ဂါထာ လောက် ဟောင်ယင်တော့ စိတ် ညစ်လာမလား၊ မသိဘူး"

မြတ်စွာဘုရားရဲ့ ပရာဘဝသုတ်တော် ဘုရားဟော ပါဠိ တော်ကတော့ ဒီမှာကုန်သွားတယ်၊ နတ်သားလေးက ဆက် ပြီးတော့ မလျှောက်တော့ဘူး၊ ငြိမ်သွားတယ်၊ အကယ်၍သာ အဲဒီ နတ်သားလေးက ဆက်လျှောက်ဦးမယ်ဆိုယင် မြတ်စွာ ဘုရားဟောဦးမှာပဲ။

နောက်ထပ် ပရာဘဝတွေ ကျန်သေးလား၊ မိန့်တော်မူပါ ဦးဘုရားလို့ ကိုနတ်သား လျှောက်ခဲ့မယ်ဆိုယင် ဘုရားရှင်ဟာ ဟောစရာတွေ ပြောစရာတွေအဆင်သင့် ဘုရားရဲ့ ဉာဏ်တော် မှာ အဆင်သင့်ဘုရားရဲ့ဉာဏ်တော်မှာ အဆင်သင့်ပေါ်ပြီးထား၊ ဆက်ပြီးတော့မလျှောက်တော့တဲ့အတွက်ကြောင့်မြတ်စွာဘုရား သည် မဟောတော့ပဲနဲ့ ငြိမ်သွားတယ်။

အဲဒီမှာ တရားဒေသနာ ၁၂— ဂါထာရဲ့ အဆုံးမှာတဲ့၊ အဲ့ဒီပရာဘဝမုခ်— လောက ပျက်စီးခြင်းရဲ့ အကြောင်းတရား တွေကို နာကြားကြရတဲ့ ကုဋေပေါင်း မြောက်မြားစွာသော နတ်သား နတ်သမီးတွေဟာ သောတာပတ္တိမဂ်ဉာဏ်ရတဲ့ နတ် သား နတ်သမီးတွေ၊ သကဒါဂါမိ မဂ်ဉာဏ်၊ အနာဂါမိမဂ် ဉာဏ်ကို ရသွားကြတဲ့ နတ်သား နတ်သမီးတွေလို အောက်မဂ် အောက်ဖိုလ်ကို တည်ပြီးအော့ သွားကြတဲ့ နတ်သား နတ်သမီး တွေဟာ မနည်းဘူး၊ အဲဒီမှာ မခရနိုင်မတွက်နိုင်ဘူး။

မင်္ဂလသုတ္တန်တို့ ရတနသုတ္တန်တို့ ခဲမ္မစက္ကပဝတ္တန သုတ္တန်တို့ အနတ္တလက္ခဏ သုတ္တန်တို့ မဟာသမယသုတ္တန်တို့ အဲဒီသုတ္တန်တွေ ဟောတုန်းက ကုဋေနဲ့ချီပြီးတော့ နတ်တွေကျွတ်တန်းဝင်ကြသလိုပဲ ဤပရာဘဝသုတ္တန်ကြီး ဟောတဲ့အချိန်မှာလည်းပဲ ဇေတဝန်ကျောင်း တိုက်လာကြတဲ့ စကြဝဠာ တိုက်တသောင်းက နတ်တွေ ကျွတ်တန်းဝင်ပြီးတော့ သွားလိုက်ကြတာ ကုဋေနဲ့ ချီပြီးတော့ ကျွတ်ကြတယ်လို့ အဋ္ဌကထာက အစိပ္ပါယ်ဖွင့်တယ်။

ယခု နကနတ်သားလေးကလည်း ဘုရားကို ဆက်ပြီးတော့ မလျှောက်တော့တဲ့ အတွက်ကြောင့် မြတ်စွာဘုရားကလည်းသန်း ခေါင်ကျော်နေပြီ ဖြစ်တဲ့အတွက်ကြောင့် ရှေ့ဆက်ပြီးတော့ တရားဟောမယ်ဆိုလို့ရှိယင်တော့ ဟောနိုင်သေးတယ်၊ တောင်းပန် လျှောက်ထားတဲ့ ပုဂ္ဂိုလ် မရှိတော့လို့ မြတ်စွာဘုရားက မဟောတော့ဘူး ငြိမ်သွားတယ်။

ငြိမ်သွားတော့ အဲဒီမှာ နတ်သား လေးကလည်း မြတ်စွာ ဘုရားကို ရိုသေစွာ လက်အုပ်ချီမိုးပြီးတော့ သကြားမင်းနဲ့ တကွ နတ်ပရိသတ်၊ တာဝတိံသာက နတ်ပရိသတ်က တာဝတိံသာ နတ်ပြည်ကိုပြန်မယ်၊ စတုမဟာရာဇ် နတ်ပရိသတ် က စတုမဟာရာဇ် နတ်ပြည်ကိုပြန်မယ်၊ ယာမာ တုသိတာ နိမ္မာနရတိ ပရနိမ္မိတ ဝသဝတ္တီ နတ်ပြည် ခြောက်ထပ်အသီးသီး၊ သူတို့ရဲ့နတ်ရပ် သူတို့ပြန်ကြ၊ ဗြဟ္မာတွေကလည်း ဗြဟ္မာပြည်ကို ပြန်ကြတယ်၊

## ပရာဘဝတရားနဲ့ မင်္ဂလာတရား အပြန်အလှန် ကျေးဇူးပြု

ဒီတော့ယင်— ဒီကနေ့ည ပရာဘဝသုတ္တန်ကြီး ပြီးသွားပြီ ဆိုတဲ့ အခါကျတော့ ပရာဘဝတရား နာကြားကြရတဲ့ ဘုန်းကြီးတို့ပရိသတ် အပေါင်း သူတော်ကောင်းတို့ကလည်း လောကပျက်စီးခြင်းရဲ့ အကြောင်းတရားတွေ ဤမျှများပြားလှချေ၏ တကားလို့စိတ်ထဲမှာ အလေးအနက် ဆင်ခြင်စဉ်းစားပြီးတော့—

လောကကြီး မပျက်စီးစေချင်းယင်၊ မိမိတို့ရဲ့အိမ်ရာ တည်ထောင်လူ့ဘောင်မှာ စီးပွားချမ်းသာတွေ မပျက်စီးစေချင်ယင်ကြီးပွားတိုးတက် လိုပါတယ်ဆိုယင် အဲဒီပရာဘဝတရား ၂၂—ပါးကို လွတ်အောင်ရှောင်ရှား နိုင်ကြလို့ရှိယင် ပြောင်းပြန်က ဘယ်ရောက်သွားသလည်း ဆိုလို့ရှိယင် မင်္ဂလာတရား ထဲရောက်သွားတယ်။

သေသေချာချာဝမြန်ပြီးတော့ စဉ်းစားကြ၊ လောကပျက်စီးကြောင်း တရားဒီ၂၂— ပါးကို ရှောင်ကြဉ်ပြီးတော့ သွားတဲ့ပုဂ္ဂိုလ်တွေဟာ ဟိုမင်္ဂလာတရားတော်ထဲ အကုန်ပြန်ပြီးတော့ သွားတယ်၊ မင်္ဂလာတရားတော်က လောကကြီးပွားချမ်းသာကြောင်းတရား၊ ဤပရာဘဝသုတ္တန်က လောကပျက်စီးကြောင်းတရား၊ ပျက်စီးကြောင်း တရားတွေကို ရှောင်ကြဉ်နိုင်တဲ့ပုဂ္ဂိုလ်တွေဟာ ကြီးပွား ကြောင်းဆိုတဲ့ မင်္ဂလာထဲ ဝင်သွားကြတယ်။

မင်္ဂလာတရား ကျင့်သုံးနေနိုင်ယင်လည်းပဲ ပရာဘဝတရား တွေဟာအလိုလို ရှောင်ပြီးသား ဖြစ်ပါတယ်၊ ဒါကြောင့် မင်္ဂလ သုတ္တန်နဲ့ ပရာဘဝ သုတ္တန်တို့သည် – တဲ့၊ ပထမည်မှာ မင်္ဂလသုတ္တန် ဟောပြီးတော့ ဒုတိယညမှာ ပရာဘဝသုတ္တန်ကို ဟောတာ ဖြစ်ခြင်းကြောင့် အဲဒါ ခွင်းဆက် ကျေးဇူးပြုနေ တဲ့ တရားဒေသနာတွေ ဖြစ်ပါတယ်၊ ဒါ့ကြောင့် မင်္ဂလသုတ္တန် ဆိုတာလည်းပဲ ဘုန်းကြီးတို့ ပရိသတ် အထင် မသေး ကြနဲ့ နိဗ္ဗာန်တိုင်းကြီးပွားမယ့်တရား။

ဤပရာဘဝသုတ္တန် ဆိုတာဟာလည်း ဤပစ္စက္ခပျက်စီး ကြောင်းသာလျှင် မဟုတ်ပဲနဲ့ သံသရာ ပျက်စီးကြောင်းကိုပါ ပြတဲ့ တရားဖြစ်ခြင်းကြောင့် ပစ္စုပ္ပန်သံသရာနှစ်ဖြာ ကြီးပွား လိုကြသောဘုန်းကြီးတို့ တရားနာပရိသတ်အပေါင်း သူတော် ကောင်းတို့သည် ထိုပရာဘဝတရား ၂၂-- ပါးမှ လွတ်အောင် ရှောင်ရှားနိုင်ကြပါစေကုန်သတည်း။ ထိုပရာဘဝတရား ၂၂– ပါး လွတ်အောင် ရှောင်ရှားနိုင်ကြကုန်သဖြင့်–

ဤပရာဘဝ သုတ္တန် တရားဒေသနာ နာကြားရတဲ့ စကြ ဝဠာတိုက်တသောင်းက နတ် ဗြဟ္မာအပေါင်းတို့ ရရှိတဲ့ သော တာပတ္တိမဂ်ချမ်းသာ ဖိုလ်ချမ်းသာ၊ သ ဒါဂါမိ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊အနာဂါမိ မဂ်ချမ်းသာ ဖိုတ်ချမ်းသာဆိုတဲ့ မဂ် ချမ်းသာ ဖိုလ်ချမ်းသာမျိုးကို မပင်မပန်း ချမ်းသာလွယ်ကူတဲ့ အကျင့်မြတ်ပဋိပတ်လျှင် မြန်တဲ့အသိဉာဏ် ရည်သန်တောင့်တ အပ်သော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တ ဖိုလ်ပေါက် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

ထိုသို့လျှင် အရဟတ္တဖိုလ်ပေါက်မျက်မှောက်ပြုရသည့် ကိုယ်နောက်ဆုံးပစ္ဆိမ ဘဝပရိနိဗ္ဗာန် စုတိ၏ အခြားမဲ့ နောက်ကာလ၌ တစုံတခုသော ဘဝယောနိဂတိ သတ္တဝါသဝိညာဏဋ္ဌိတိမှာ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဝဋ်မီးဇာတရားတို့၏ တဖန်မဖြစ်သော ချုပ်ခြင်းဟု ဆိုအပ်သော အနုပါဒိ သေသပရိနိဗ္ဗာန်ကိုယ်စီစံနိုင်ကြပါစေကုန်သတည်း။

ထိုသို့လျှင် အနုပါဒိသေသ ပရိနိဗ္ဗာန် ကိုယ်စီ စံကြရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက်မီးလျှံ မီးပုံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

"သာဓု—သာဓု--သာဓုပါ ဘုရား"

ဧတေ ပဏ္ဍာဘဝေ လောကေ၊
ပဏ္ဍိတော သမဝေက္ခိယ။
အရိယော ဒဿနေ သမ္ပန္နော၊
သလောကံဘဇေတသိဝံ။

လောကေ၊ လူ့ပြည်နတ်ရပ်လောကခေတ်အတွင်း၌။ ဧတေ ပရာဘဝေ၊ ထိုပျက်စီးခြင်း အကြောင်းတရား ၂၂-- ပါးတို့ကို။ ပဏ္ဍိတော ကြောင်းကျိုးသိမြင်ပညာရှင် ဖြစ်တဲ့ ပုဂ္ဂိုလ်တို့သည်။ သမဝေက္ခိယ၊ ကောင်းစွာဆင်ခြင် သိမြင်ကြကုန်သည်ဖြစ်၍။

အရိယော၊ မြတ်သော။ ဒဿနသမ္ပန္နော၊ ပညာဉာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်။ သလောကံ၊ မိမိရဲ့လောကကြီးကို။

ဘုန်းကြီးတို့ ပရိသတ်များ လောကဆိုတာဟာ မိမိတို့အိမ်ထောင်စု ကလေးတစုဟာလည်းပဲ၊ မိမိတို့ရဲ့ ဤပစ္စက္ခဘဝကြီးဟာလည်း လောကတခုပဲ၊ သတ္တဝါတယောက်စီ တယောက်စီဟာလည်းပဲ လောကတခုပဲ၊ ဒါကြောင့်--

သလောကံ၊ မိမိရဲ့ လောကကို (ဝါ) သသောပဂ္ဂလော၊ ထိုကဲ့သို့ ပရာဘဝတရား ၂၂–ပါးတို့ကို ဆင်ခြင်သုံးသပ်နိုင်တယ်ဆိုတဲ့ပုဂ္ဂိုလ်သည်။ သိဝံ၊ အေးချမ်းလှစွာသော။ လောကံ၊ လောကကြီးကို(ဝါ)နတ်လောက ပြဟ္မာ့လောကကို။ ဘဇတေ၊ ကောင်းစွာမသွေ ချဉ်းကပ်နိုင်ပါပေ၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင်ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဣမံ ပရာဘဝသုတ္တံ၊ ဤပရာဘဝသုတ္တန်ဆိုတဲ့ တရားဒေသနာတော်ကို။ ဒေသေသိ၊ ကရုဏာရှေ့ထား၊ မေတ္တာအားဖြင့်ဟောကြားတော်မူခဲ့ပါပေသတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

## တရားသိမ်းနိဂုံးဂါထာ

သဒ္ဓိတံ မေမဟာပုညံ၊ ဓမ္မဒေသကသဒ္ဓိတံ။
တေနသဗ္ဗေသုခါယန္တု၊ ဇနာဣစ္ဆသမိဂ္ဂိနော။

မေမယာ၊ ဒေသကဖြစ်သောတရားဟောဆရာငါသည်။ ဓမ္မ

ဒေသကာသဥ္စ ိတံ၊ ပရာဘဝသုတ္တန်ကို ထုတ်ပြန်ကာ ဟောဆိုရခြင်းနှင့် စပ်ယှဉ်သော။ ယံမဟာပုညံ၊ အကြွင်းမဲ့ဒါနဘာဝနာ မယပုညကြိယာ ကုသိုလ်ထူးကို။ သဥ္စ ိတံ၊ တရားလိုလားတဲ့ အမျိုးကောင်းသားသမီးတို့ အတွက်ကောင်းစွာမသွေ ဆည်းပူး လိုက်ရပါပေပြီ။

တုမှေဟိပိ၊ တရားချစ်ခင် စိတ်ကောင်းဝင် ကြကုန်သော ညင်သူတော်စင် ပရိသတ်အပေါင်းတို့သည်လည်း။ ယံမဟာပုညံ၊ အကြွင်းမဲ့သဝန— တရားနာရခြင်းဆိုတဲ့ ဘာဝနာမယပုညကြိယာကုသိုလ်ထူးကို။ သဥ္စ ိတံ၊ ကောင်းစွာမသွေ ဆည်းပူးမိကြပါပေပြီ။

တေန၊ ထိုသို့ဆည်းပူးမှုဒါန ဓမ္မသဝနဘာဝနာမယပုည ကြိယာကုသိုလ်ထူးကြောင့်။ သဗ္ဗေ၊ လူအရပ်ရပ်နတ်အဖြာဖြာ ပြဟ္မာမကြွင်းခပင်းဥဿု အလုံးစုံကုန်သော။ ဇနာ၊ တရားနာ ပရိသတ်နှင့် တကွ နတ်လူပြဟ္မာပေါင်း များစွာတို့သည်။ ဣဋ္ဌ သမဂ္ဂိနော၊ မိမိတို့ လိုလားတောင်းတအပ်သော ဣဋ္ဌအတွေ့တွေ့ ကျက်သရေမင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြကုန်သည် ဖြစ်၍။ သုခါယန္တု၊ ယနေ့ကစနိဗ္ဗာန်ရသည့် ဘဝတိုင်အောင် စိတ်ရွှင် လန်း၍ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိတော်မူကြပါစေ ကုန်သတည်း။

"သာဓု—သာဓု—သာဓုပါဘုရား"

# ပရာဘဝသုတ္တ

ဧဝံမေသုတံ—ဧကံသမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ အထခေါ အည တရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တ ဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေနဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာခေါ သာဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

“ပရာဘဝန္တံ ပုရိသံ၊ မယံ ပုစ္ဆာမ ဂေါတမံ။
ဘဝန္တံ ပုဋ္ဌုမာဂမ္မ၊ ကိံ ပရာဘဝတော မုခံ။ (၁)
သုဝိဇာနော ဘဝံ ဟောတိ၊ သုဝိဇာနော ပရာဘဝေါ
ဓမ္မကာမော ဘဝံ ဟောတိ၊ ဓမ္မဒေဿီ ပရာဘဝေါ။ (၂)
ဣတိ ဟေတံ ဝိဇာနာမ၊ ပဌမော သော ပရာဘဝေါ။
ဒုတိယံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။ (၃)
အသန္တဿ ပိယာ ဟောန္တိ၊ သန္တေ န ကုရုတေ ပိယံ။
အသတံ ဓမ္မံ ရောစေတိ၊ တံ ပရာဘဝတော မုခံ။ (၄)
ဣတိ ဟေတံ ဝိဇာနာမ၊ ဒုတိယော သော ပရာဘဝေါ။
တတိယံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။ (၅)
နိဒ္ဒါသီလီ သဘာသီလီ၊ အနုဋ္ဌာတာ စ ယော နရော။
အလသော ကောဓပညာဏော၊ တံ ပရာဘဝတော မုခံ။ (၆)
ဣတိ ဟေတံ ဝိဇာနာမ၊ တတိယော သော ပရာဘဝေါ။
စတုတ္ထံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။ (၇)
ယော မာတရံ ပိတရံ ဝါ၊ ဇိဏ္ဏကံ ဂတယောဗ္ဗနံ။

ပဟုသန္တော နဘရတိ၊ တံ ပရာဘဝတော မုခံ။ (၈)
ဣတိ ဟေတံ ဝိဇာနာမ၊ စတုတ္ထော သော ပရာဘဝေါ။
ပဉ္စမံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။ (၉)
ယော ဗြာဟ္မဏံ[5] သမဏံ ဝါ၊ အညံ ဝါပိ ဝနိဗ္ဗကံ။
မုသာဝါဒေန ဝဉ္စေတိ၊ တံ ပရာဘဝတော မုခံ။ (၁၀)
ဣတိ ဟေတံ ဝိဇာနာမ၊ ပဉ္စမော သော ပရာဘဝေါ။
ဆဋ္ဌမံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။ (၁၁)
ပဟူတဝိတ္တော ပုရိသော၊ သဟိရညော သဘောဇနော။
ဧကော ဘုဉ္ဇတိ သာဒူနိ၊ တံ ပရာဘဝတော မုခံ။ (၁၂)

၁—ဂေါတမံ (သီယျာ) ၂—ဘဝန္တံ (သျာ၊ က) ၃—ဒုဝိ
ဇာနော (သျာ၊ က) ၄—ယောမာတရံ ဝါ (သီ၊ သျာ၊ ကံ၊
ဣ) ၅—ယော ဗြာဟ္မဏံ ဝါ (သီ၊ သျာ၊ ကံ၊ ဣ)

ဣတိ ဟေတံ ဝိဇာနာမ၊ ဆဋ္ဌမော သော ပရာဘဝေါ။
သတ္တမံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။ (၁၃)
ဇာတိတ္ထဒ္ဓေါ၊ ဂေါတ္တတ္ထဒ္ဓေါ စ ယော နရော။
သညာတိံ အတိမညေတိ၊ တံ ပရာဘဝတော မုခံ။ (၁၄)
ဣတိ ဟေတံ ဝိဇာနာမ၊ သတ္တမော သော ပရာဘဝေါ။
အဋ္ဌမံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။ (၁၅)
ဣတ္ထိဓုတ္တော သုရာဓုတ္တော၊ အက္ခဓုတ္တော စ ယော နရော။
လဒ္ဓံ လဒ္ဓံ ဝိနာသေတိ၊ တံ ပရာဘဝတော မုခံ။ (၁၆)
ဣတိ ဟေတံ ဝိဇာနာမ၊ အဋ္ဌမော သော ပရာဘဝေါ။
နဝမံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။ (၁၇)
သေဟိ ဒါရေဟိ အသန္တုဋ္ဌော၊ ဝေသိယာသု ပဒုဿတိ။

ဒုဿတိ[၃] ပရဒါရေသု၊ တံ ပရာဘဝတော မုခံ။ (၁၈)
ဣတိ ဟေတံ ဝိဇာနာမ၊ နဝမော သော ပရာဘဝေါ။
ဒသမံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။ (၁၉)
အတီတယောဗ္ဗနော ပေါသော၊ အာနေတိ တိမ္ဗရုတ္ထနိံ။
တဿာ ဣဿာ န သုပတိ၊ တံ ပရာဘဝတော မုခံ။ (၂၀)
ဣတိ ဟေတံ ဝိဇာနာမ၊ ဒသမော သော ပရာဘဝေါ။
ဧကာဒသမံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။ (၂၁)
ဣတ္ထိံ သောဏ္ဍိံ ဝိကိရဏိံ၊ ပုရိသံ ဝါပိ တာဒိသံ။
ဣဿရိယသ္မိံ ဌပေတိ၊ တံ ပရာဘဝတော မုခံ။ (၂၂)
ဣတိ ဟေတံ ဝိဇာနာမ၊ ဧကာဒသမော သော ပရာဘဝေါ။
ဒွါဒသမံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။ (၂၃)
အပ္ပဘောဂေါ မဟာတဏှော၊ ခတ္တိယေ ဇာယတေ ကုလေ။
သော စ ရဇ္ဇံ ပတ္ထယတိ၊ တံ ပရာဘဝတော မုခံ။ (၂၄)
ဧတေ ပရာဘဝေ လောကေ၊ ပဏ္ဍိတော သမဝေက္ခိယ။
အရိယော ဒဿနသမ္ပန္နော၊ သ လောကံ ဘဇတေ သိဝ”န္တိ။ (၂၅)

ပရာဘဝသုတ္တန်ဆင့်။

၁—ဒါရေယျအသန္တုဋ္ဌော (က)
၂—ပဒိဿတိ (သီ)
၃—ဒိဿတိ (သီ၊ ဣ)
၄—ဌာပေတိ (သီ၊ ဣ) ထပေတိ (က)

## ပိတောက် စာပေတိုက်၌
## အသင့်ရနိုင်သော စာအုပ်များ

၁။ ပရာဘဝသုတ္တန်တရားတော် တအုပ် ( ကျပ်)
[သဲကုန်းဆရာတော် အရှင်ဉာဏိဿရ(သပိတ်အိုင်)]
၂။ ဗုဒ္ဓဓမ္မပြဿနာများ(၆)တေဒဂ် အရှင်ပညာဇောတ
တအုပ် (၁၅–ကျပ်)
၃။ ။ (၅)တေဒဂ် အရှင်ပညာဇောတ
တအုပ် (၁၅–ကျပ်)
၄။ ။ (၄)တေဒဂ် အရှင်ပညာဇောတ
တအုပ် (၁၄–ကျပ်)
၅။ ။ (၃)တေဒဂ်အရှင်ပညာဇောတ
တအုပ် (၁၂ ကျပ်)
၆။ အယူဝါဒရှင်းတမ်း (တေဒဂ် အရှင်ပညာဇောတ)
တအုပ် (၁၂ ကျပ်)
၇။ ဗုဒ္ဓသက်သတ်လွတ် (တေဒဂ် အရှင်ပညာဇောတ)
တအုပ် (၁၄ ကျပ်)

၈။ ရှင်လော်င်းသင်ရှင်ကျင့်ဝတ်(တေဒဂ်အရှင်ပညာဓဇာတ)
တအုပ် (၅ ကျပ်)
၉။ ဘာဝနာဝတ္ထု (တေဒဂ်အရှင်ပညာဓဇာတ မှ အမည်ပြောင်းလိုက်သော ဓမ္မဒူတ-အရှင်ပညာဓဇာတ)
၂၀—ကျပ်
၁၀။ ဓာတ်ကမ္မဋ္ဌာန်းကျမ်း (ဆရာတော်ဦးကိတ္တိ-အပိတ်အိုင်)
၁၂—ကျပ်
၁၁။ မြတ်မင်္ဂလာ (ဆရာကြီး ဦးသော်ဇင်)
၁၅—ကျပ်
၁၂။ ဓမ္မစကြာ (ဓမ္မာစရိယ-ဦးထင်မြင့်) ၈—ကျပ်

အမြတ်ဆုံးဒါန

ဤပရာဘဝသုတ္တန်တရားတော်စာအုပ်ကို
ဦးတောက်စာချပ ဒေါ်တင်မေက
မှတည်ထားသောအလှူတော်ငွေဖြင့်
ရိုက်ထုတ်၍ ဤစာအုပ်မှဖြစ်ပေါ်လာသော
ဓမ္မပူဇာများကိုသီတဂူရေအလှူတော်၌
ပါဝင် လှူဒါန်းမည် ဖြစ်ပါသည်။

သီတဂူ စာအုပ်အမှတ်စဉ် (၁၇)